# ခေတ်မီ ၀၅၀၃ ဝတ္ထုတော်ကြီး

ဒုတိယတွဲ

ခေတ်မီ ၀၅၀၃ ဝတ္ထုတော်ကြီး

ဒုတိယတွဲ

ခေတ်မီ ၀၅၀၃ ဝတ္ထုတော်ကြီး

ဦးခုခင်၊ ဆန်းညွှန့်ဦး၊ ပြုစုသည် ဒုတိယတွဲ

၁၄၀၂၂

ဦးလှခင် (ဆန်းညွှန့်ဦး)

(အရှင်းဆုံးနှင့် ဖတ်ရမှတ်ရ အလွယ်ဆုံး)

# ခေတ်မီ ဗေဒင

# ဝတ္ထုတော်ကြီး

(ဒုတိယတွဲ)

ဘာသာရေးဆိုင်ရာ စာမူပုံနှိပ်ထုတ်ဝေခွင့်အမှတ် (၂၇၂)
မျက်နှာဖုံး ပုံနှိပ်ထုတ်ဝေခွင့်ပြုအမှတ် (၅၀၈)


| | |
|---|---|
| အကြိမ် | ပထမအကြိမ် |
| အုပ်ရေ | ၂၀၀၀ |
| ထုတ်ဝေနှစ် | ၁၉၇၉-ခု၊ ဇွန်လ |
| တန်ဖိုး | ၁၅ ကျပ် |
| ရောင်းဈေး | ၁၈ |

ဦးလှခင် (ဆန်းညွန့်ဦး ပုံနှိပ်တိုက်နှင့် စာအုပ်တိုက်)
အမှတ် ၁၃၃ ၁၃၅၊ ဗိုလ်ချုပ်လမ်း ရန်ကုန်မြို့။
(၀၁၂၀၅ မြဲ) ဖြင့် ထုတ်ဝေ၍
(၀၁၀၂၀ မြဲ) ဖြင့် ပုံနှိပ်ပါသည်။


---

## ကျေးဇူးအထူး


ဤဒုတိယတွဲ ရေးသားပြုစုရာတွင် နေ့ညမဟူ၊ မညည်းမညူ၊ စေတနာအပြည့်အဝ အကူအညီရရှိသာမက၊ တိုင်ပင်ညှိနှိုင်းမှုပါပြုခဲ့ရသော "မြေလတ်သိန်းလွင်" (ဦးသိန်းလွင် ဓမ္မာစရိယ) အား ကျေးဇူး အထူးတင်ရှိပါသည်။

နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ

# ဝန္ဒနာ

ဘုရားတရားသံဃာ ရတနာမြတ်သုံးပါး ဦးထိပ်ထားလျက် ကျေးဇူးတော်ရှင် ဟင်္သာတမြို့ ဒုတိယ လယ်တီဆရာတော်ဘုရားကြီးနှင့် အဆင့်ဆင့်သော ဆရာအသျှင်တို့ထံမှ သင်ကြားနာယူခဲ့ရသော ဂုဏ်ကျေးဇူးတော်တို့ကိုရှင်း....။

ဟင်္သာတမြို့ သဲပြေပင် ကျောင်းတိုက် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသောဘဏထေရ်အသျှင်မြတ်၏ ညွှန်ကြားပြသ် သြဝါဒ အရပ်ရပ် တို့ကို နာခံမှတ်သားခဲ့ရသော ကျေးဇူးတော် တို့ကိုရှင်း....။

လောကဓာတ်ကျောင်းသညာပြောင်းသည့် အမက၊အလက၊ အထက ကျောင်းအသီးသီးမှ ငယ်ဆရာ အပေါင်းတို့နှင့်တကွ၊ သင်ဆရာ ကြားဆရာ မြင်ဆရာအပေါင်းတို့ကိုရှင်း....။

· မကောင်းမြစ်တား၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ ဤလူ့မြေတွင် ရပ်တည်နိုင်ရေး၊ ပြုစုပဲ့ပြင်၊ မွေးကျေးဇူးရှင်၊ ကျွေးကျေးဇူးရှင် မိဘများကိုရှင်း....။

လေး မြတ် ဝ န္ဒ နာ ရှိ ခိုး ကန် တော့ ပါ ၏။ ။

# မာတိကာ


၁။ နိဒါန်း ၁

၂။ ဓမ္မပဒနှင့် ပတ်သက်၍ သိမှတ်ဖွယ်ရာများ၊ ၄

**၃။ စိတ္တဝဂ် (စိတ်တရား အစုများ)။ ၉**

၁။ စိတ်တခုနိုင် တရားပိုင်။ ၁၁
**အရှင်မေဃိယမထေရ်ဝတ္ထု၊**

၂။ စိတ်တခုထိန်း အားလုံးငြိမ်း။ ၁၄
**အညတြရဟန်းနှင့် မာတိကမာတာဝတ္ထု၊**

၃။ သုံးတန်ချမ်းသာရောက်ဖို့ရာ
စိတ်သာနိုင်အောင်ထိန်း။ ၂၃
**ငြိုငြင်သော ရဟန်းတပါးဝတ္ထု၊**

၄။ ကိလေသာမာန် အောင်နိုင်ရန်။ ၂၆
**သံဃရက္ခိတမထေရ်၏ တူအရင် ဝတ္ထု၊**

၅။ ကိလေသာဘေး ကင်းစင်ရေး။ ၃၀
**စိတ္တဟတ္ထမထေရ်ဝတ္ထုနှင့် ကုဒ္ဒါလပဏ္ဍိတ အတိတ်ဇာတ်**

၆။ မြေအိုးပမာ ဤခန္ဓာ။ ၃၇
**ရဟန်းငါးရာတို့အကြောင်းနှင့် မေတ္တာသုတ်၏ တန်ခိုးတော်**

၇။ အသုံးမကျ ဤကာယ။ ၄၁
**ပူတိဂတ္တတိဿမထေရ်နှင့် ဘုရားရှင်ကိုယ်တိုင် ဂိလာနရဟန်းကိုပြုစုတော်မူခြင်းနှင့် ငှက်မုဆိုးဘဝ အတိတ်ဇာတ်**

## မာ တိ ကာ


၈။ အတွင်းစိတ်သာ ကြောက်စရာ။ ၄၅

**နန္ဒဂေါပါလက ဝတ္ထု**

၉။ ကိုယ့်ကိုယ်တွင်းမှာ ချမ်းသာရှာ။ ၄၇

**သောရေယျသဌေးသားဝတ္ထု**

**၄။ ပုပ္ဖဝဂ်(ပန်းဥပမာတရားစု)။ ၅၃**

၁။ ဝေဖန်ရွေးချယ် ပန်းကောင်းနွယ်။ ၅၅

**မြေကြီးအကြောင်းနှင့် ရဟန်းငါးရာဝတ္ထု**

၂။ မာရ်နတ်၏ပန်း ပယ်ဖြတ်လှမ်း။ ၅၇

**တံလှပ်ကမ္မဋ္ဌာန်းကိုရှုသော မထေရ်ဝတ္ထု**

၃။ ပန်းမြိုင်လယ် ပျော်ဘွယ်ထင်မိမှား။ ၆၀

**ဝိဋူဋဘဝတ္ထု ဗန္ဓုလနှင့် မလ္လိကာတို့ဇာတ်သိမ်း ကောသလမင်းကြီး သာကီဝင်တို့နှင့် ဝိဋူဋဘတို့၏ ဇာတ်သိမ်း၊**

၄။ ကာမပန်းကုံး ရွေးချယ်သုံး မဆုံးမီပင် သေမင်းငင်။ ၈၇

**ပတိပူဇိကာဝတ္ထု**

၅။ ပျားပိတုံးနွယ် ကျင့်ကြံရှယ်။ ၉၃

**မစ္ဆရိယကောသိယဝတ္ထုနှင့်ဣလ္လိသအတိတ်ဇာတ်**

၆။ ကိုယ့်ကိုယ်ကိုသာ ဆင်ခြင်ပါ။ ၁၀၇

**ပါဝေယျကအာဇီဝကဝတ္ထု**

၇။ ကြိုက်ရာရွေးချယ် လမ်းနှစ်သွယ်။ ၁၁၀

**ဆတ္တပါဏိဥပါသကာဝတ္ထု**

၈။ ဒါနပန်းကုံး ပန်ဆင်သုံး။ ၁၁၆
မိဂါရမာတာဝိသာခါဝတ္ထု၊
ပုပ္ဖါရုံကျောင်းအရှုတော်ကြီး၊နှင့်
ရှေးဆုတောင်းအထိ
၉။ ဘယ်ပန်းသာလို့မွှေး။ ၁၅၁
ရှင်အာနန္ဒာ၏ အမေးပုစ္ဆာဝတ္ထု၊
၁၀။ သီလရနံ့ နတ်ပြည်နှံ့။ ၁၅၃
သိကြားမင်း၏ ဆွမ်းအလှူ
၁၁။ မာရ်နတ်မျက်စိလည်ခြင်း။ ၁၅၉
ဃောဓိကမထေရ်ဝတ္ထု၊
၁၂။ မိုးကျိုးတွင်းမှ ကြာပဒုံ။ ၁၆၃
သိရိဂုတ္တသူကြွယ်၊ ဂရဟဒိန္နသူကြွယ် ဝတ္ထု၊နှင့်
အတိတ်ဇာတ်

၅။ ဗာလဝဂ်(လူမိုက်တရားစု)။ ၁၇၄

၁။ အိပ်မပျော်သောည ၁၇၆
ကောသလမင်းကြီးနှင့် အညတရယောကျ်ားဝတ္ထု၊
ဒုသနသော သဌေးသားလေးယောက်
အတိတ်ဇာတ်နှင့် မလ္လိကာမိဖုရား၏
အတိတ်ဇာတ် ဓမ္မဒိန္နာဝတ္ထု၊
၂။ လူမိုက်ကိုရှောင်ပါ။ ၁၉၃
ရှင်မဟာကဿပမထေရ်ကြီးဝတ္ထု။ သိင်္ဂါလဇာတ်
အတိတ်ဇာတ်
၃။ ကိုယ်ပိုင်ဥစ္စာဘယ်မှာရှိနတ္ထိ။ ၁၉၈
အာနန္ဒာသဌေးကြီးဝတ္ထု၊

## မာတိကာ


၄။ အမြင်မတူသော သူခိုးနှစ်ယောက်။ ၂၀၂
**နိုးသူနှစ်ယောက်ဝတ္ထု**
၅။ ယောက်မသည် ဟင်းအရသာကိုမသိနိုင်။ ၂၀၄
**အရှင်ဥဒါယီမထေရ်ဝတ္ထု**
၆။ လျှာသည် ဟင်းအရသာကို ချက်ချင်းသိ၏။ ၂၀၅
**ဘဒ္ဒဝဂ္ဂီသုံးကျိပ်ဝတ္ထု**
၇။ မိမိသည်ပင် မိမိရန်သူ ၂၀၈
**သုပ္ပဗုဒ္ဓလူနုဝတ္ထုနှင့် အတိတ်ဇာတ်**
၈။ အဆိပ်ကိုကိုင်မိသော လယ်ထွန်ယောကျ်ား။ ၂၁၄
၉။ အသက်ကိုရင်း၍ လှူဒါန်းသူ။ ၂၁၈
**သုမနပန်းသည်ဝတ္ထု**
၁၀။ ခါးသွားပေါ်က ပျားသကာ ၂၂၄
**ဥပ္ပလဝဏ္ဏာထေရီမဝတ္ထု**
၁၁။ တိတ္ထိချွတ်ခန်း။ ၂၂၇
**ဇမ္ဗုကအာဇီဝကဝတ္ထုနှင့် အတိတ်ဇာတ်**
၁၂။ မကောင်းမှုကံ ခါးစည်းခံ။ ၂၃၇
**မြွေပြိတ္တာဝတ္ထု**
၁၃။ သံတူခြောက်သောင်း ဦးခေါင်းတူထု။ ၂၄၀
**ဦးခေါင်း တူထုခံပြိတ္တာဝတ္ထုနှင့်**
**ကျောက်စရစ်ပစ်ဝိဇ္ဇာ ငဆွံ့ အတိတ်ဇာတ်**
၁၄။ ရဟန်းတို့ကျင့်ဖွယ်နှင့် စိတ္တသူကြွယ်။ ၂၄၅
**သုဓမ္မမထေရ်နှင့် စိတ္တသူကြွယ်**
၁၅။ လာဘ်ကိုခင်မလား နိဗ္ဗာန်ဝင်မလား။ ၂၅၈
**တိဿသာမဏေဝတ္ထု**

၆။ ပဏ္ဍိတဝဂ်(ပညာရှိတရားစု) ၂၇၄

၁။ အမုန်းမဖက် အပြုံးမပျက်စေနှင့် ၂၇၅
**ရာဇမထေရ်ဝတ္ထုနှင့် အလီနစိတ္တဆင်မင်း အတိတ်ဇာတ်**

၂။ ဆုံးမသူကို မြတ်နိုးရာ၏။ ၂၈၇
**အဿဇိပုနဗ္ဗသုကတို့ဝတ္ထု။**

၃။ ကလျာဏမိတ္တ ဆည်းကပ်ကြ။ ၂၈၉
**ဆန္နမထေရ်ဝတ္ထု။**

၄။ ပညာရှိဟူသည်ကား။ ၂၉၂
**မဟာကပ္ပိနမထေရ်ဝတ္ထု။**

၅။ ကိုယ့်အလုပ်ကိုယ်လုပ် ၃၀၃
**ပဏ္ဍိတသာမဏေဝတ္ထုနှင့် မဟာဒုတ် အတိတ်ဇာတ်**

၆။ ပညာရှိသည်မတုန်လှုပ်တတ်။ ၃၁၉
**လကုဏ္ဍကဘဒ္ဒိယမထေရ်ဝတ္ထု**

၇။ ပညာရှိနှင့် တရားစကား။ ၃၂၁
**ကာဏမာတာဝတ္ထုနှင့် ဥစ္စာစောင့်ကြွက်မ အတိတ်ဇာတ်**

၈။ တည်ငြိမ်လေဘိ ပညာရှိ။ ၃၂၉
**စားကြွင်းစားငါးရာဝတ္ထု**

၉။ ပညာရှိတို့၏ သဘောကား။ ၃၃၃
**ဓမ္မိကမထေရ်ဝတ္ထု**

၁၀။ သံသရာမှာအနန္တ နိဗ္ဗာန်သို့ကား နည်းပါးလှ။ ၃၃၆
**တရားနာပုဂ္ဂိုလ်တို့ဝတ္ထု။**

၁၁။ ပညာရှိတို့၏ နောက်ဆုံးစခန်း။ ၃၃၈
**အာဂန္တုက ရဟန်းငါးရာဝတ္ထု**

ဒုတိယတွဲနိဂုံး။ ၃၄၀

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

# ခေတ်မီဓမ္မပဒဝတ္ထုတော်ကြီး
# ဒုတိယတွဲ

## နိဒါန်း

ရတနာမြတ်သုံးပါးနှင့်တကွ မိဘဆရာသမားတို့၏ဂုဏ်တော်ကျေးဇူးတော်မြတ်တို့ကို အာရုံပြုလျက် မိမိလေ့လာဆည်းပူးခဲ့ရာ အရပ်ရပ်သောပညာဗဟုသုတတို့မှတသက်တာစာ ဓမ္မဒါန ဖြစ်စိမ့်သောငှါ မနောပုဗ္ဗင်္ဂမာ စေတနာလျှင် ရှေ့သွားပြု၍ ဓမ္မပဒဝတ္ထုတော်ကြီးကို ခေတ်လူတို့ လွယ်လင့်တကူဖတ်ရှုကာ ကုသိုလ်စိတ် သဒ္ဓါစိတ်တိုးပွားကြစေရန်အလို့ငှာ ခေတ်အရေးအသားဖြင့် မူလ အဋ္ဌကထာ ဆရာမြတ်၏ လိုရင်းအာဘော်ကိုလည်း မလွတ်စေရ၊ အဘိုးနည်းဝန်ပါ အလွယ်တကူ ဝယ်ယူဖတ်ရှုနိုင်ကြစေရန် အပတ်တကုတ် အားထုတ် ကြိုးပမ်းခဲ့ရာမှ ပထမတွဲသည် အောင်မြင်ပြီးစီး ထုတ်ဝေနိုင်ခဲ့ပြီးနောက် ယခုတဖန် ဒုတိယတွဲအဖြစ် ဆက်လက်ထုတ်ဝေနိုင်ခဲ့ပြန်ပါပြီ။

**ဤဒုတိယတွဲတွင်-**

(၁) စိတ္တဝဂ် (စိတ်တရားစု) မှာ ဂါထာတော်ပေါင်း တဆယ့်တပုဒ်နှင့် ဝတ္ထုဇာတ်ကြောင်း ကိုးပုဒ်ပါဝင်ပါသည်။

(၂) ပုပ္ဖဝဂ်(ပန်းဥပမာတရားစု)တွင် ဂါထာတော်ပေါင်း တဆယ့်ခြောက်ပုဒ်နှင့် ဝတ္ထုဇာတ်ကြောင်းတဆယ့်နှစ်ပုဒ်ပါရှိပါသည်။

(၃) ဗာလဝဂ်(လူမိုက်တရားစု)တွင် ဂါထာတော်ပေါင်း တဆယ့်လေးပုဒ်နှင့် ဝတ္ထုဇာတ်ကြောင်း တဆယ့်ငါးပုဒ် ပါရှိပါသည်။

(၄) ပဏ္ဍိတဝဂ်(ပညာရှိတရားစု)တွင် ဂါထာတော်ပေါင်း တဆယ့်လေးပုဒ်နှင့် ဝတ္ထုဇာတ်ကြောင်း တဆယ့်တပုဒ် ပါရှိပါသည်။

စုစုပေါင်း ဂါထာတော် တဆယ့်ခုနစ်ပုဒ်နှင့် ဝတ္ထုဇာတ်ကြောင်း လေးဆယ့်ခုနစ်ပုဒ်ပါရှိပါသည်။ အတိတ်ဇာတ်တော်များလည်း ပါရှိပါသည်။

ဤနိဒါန်းတွင် ရှည်လျားခြင်း မဖြစ်စေရန် သက်ဆိုင်ရာ ဝဂ္ဂတိုင်း၏အစတွင် ထိုတရားစုများနှင့် ဇာတ်ကြောင်းတို့ကို ရှင်းလင်းဖော်ပြထားပါသည်။

ဗုဒ္ဓခေတ် လေးဆယ့်ငါးဝါမျှသော ကာလအတွင်း တကယ့်အဖြစ်အပျက်များဖြစ်သဖြင့် စိတ်ဝင်စားဖွယ်ရာ ဗဟုသုတ ပွားများဖွယ် ကုသိုလ်တရား တိုးပွား၍ နိဗ္ဗာန်သို့တိုင် ပေါက်မြောက်နိုင်သော လမ်းညွှန်တရားစုများ ဖြစ်ပါ၍

တန်ဖိုးမဖြတ်နိုင်သော (ဓမ္မစေတီကြီး)အဖြစ် ကိုးကွယ်ရာ ဆည်းကပ်ရာသော ဤဓမ္မပဒကျမ်းကြီးကို အဘိုးနည်းဝန်ပါ ရေးသားပြုစုနိုင်ခြင်းဖြင့် ဤဘဝ ဤခန္ဓာဖြင့် ကြီးမြတ်သော ကုသိုလ်အမှုကိုပြုနိုင်ခဲ့ပြီဟု ကျေနပ်အားရ ဝမ်းမြောက်မိပါသည်။

စာရှုသူတို့အနေနှင့်လည်း ဤ (ခေတ်မီ ဓမ္မပဒဝတ္ထုတော်ကြီး)ကို ဖတ်ရှုဆဲကာလ ဖတ်ရှုပြီး ကာလများတွင် ဗဟုသုတ အရာမျှသာမက ကုသိုလ်စိတ်တို့ အဖန်ဖန်ပွားများရသဖြင့် လောကီချမ်းသာ လောကုတ္တရာချမ်းသာ နှစ်ပါးစလုံးရရှိနိုင်ကြပါလိမ့်မည်။

## ဆုတောင်းပတ္ထနာ

ဤသို့ စေတနာလျှင် ရှေ့သွားပြု၍ လုံ့လဝါယမဖြင့် ပြုစုရသော ကုသိုလ်ကြောင့် နိဗ္ဗာန်ကို ရက်တိုတိုနှင့် လျှင်မြန်ထုတ်ချောက် ကူးမြောက်နိုင်ရပါလို၏။

**ဒုတိယတွဲ** **လှခင် (ဆန်းညွန့်ဦး)**

ကျမ်းပြုနှစ် ၁၉၆၉ ဒီဇင်ဘာလ

ကျမ်းပြီးနှစ် ၁၉၇၀ ဒီဇင်ဘာလ။

# ဓမ္မပဒနှင့် ပတ်သက်၍ သိမှတ်ဖွယ်ရာများ

**ဓမ္မပဒဟူသည်ကား**

ဓမ္မ = တရား
ပဒ = ခြေရာ၊ အခြေခံ၊ လမ်းကြောင်း၊ ဂါထာအစု
ဓမ္မ+ပဒ = အခြေခံ+တရား၊
ဓမ္မ+ပဒ = ဘာသာတရား၏+လမ်းကြောင်း၊
= ဘာသာတရား၏+ကျင့်စဉ်၊
ဓမ္မပဒ = တရား (ဂါထာ)အစု၊ တရားညွန့်ပေါင်း။

ဟူ၍ဖြစ်သည်။

**ဓမ္မပဒဟူသည်ကား**

ဘုရားရှင်၏ ၄၅ ဝါအတွင်း ဟောကြားတော်မူခဲ့သော ဒေသနာ(ဂါထာတော်) အစုစုကို တူညီရာ ပေါင်းစပ်သီကုံးထားခြင်းဖြစ်သည်။

တရားတော်၏ နိဗ္ဗာန်ပေါက် အဆီအနှစ်များပင် ဖြစ်သည်။

**ဓမ္မပဒဟူသည်ကား**

၄၅ ဝါသောကာလပတ်လုံး ဘုရားရှင်၏ ကိုယ်တော်တိုင်တွေ့ဆုံကြုံကြိုက် ဖြစ်ပျက်ခဲ့ရသော နှစ်ပေါင်း ၂၅၀၀ ကျော်ဘုရားရှင်လက်ထက်တော်တွင် တကယ်ဖြစ်ပျက်ခဲ့သောတကယ့် အဖြစ်အပျက် ဇာတ်လမ်းများဖြစ်သည်။

ကျွတ်ထိုက်သူတို့အား ကိုယ်တော်တိုင် ခွေ့ချွတ် ဆုမ္မတော်မူသော နိဗ္ဗာန်ပေါက် တရားအနှစ်များဖြစ်သည်။

ငါးရာ့ငါးဆယ် နိပါတ်တော်များသည် လေးသင်္ချေနှင့် ကမ္ဘာတသိန်းကာလပတ်လုံး ဖြစ်တော်စဉ်များကို ဟောကြား တော်မူသည့် ဝတ္ထုဇာတ်လမ်း (ဇာတက)များ ဖြစ်သည်။

ဓမ္မပဒသည် တကယ့် အဖြစ်အပျက်များ ဖြစ်၍ အတိတ် ဇာတ်လမ်းများကိုပါ နိဗ္ဗာန်ပေါက်တရားနှင့်ယှဉ်တွဲ ဟောကြား တော်မူထားသည်များ ဖြစ်သည်။

**ဓမ္မပဒကျမ်းသည်**

နိဗ္ဗာန်ပေါက်တရားတော်များဖြစ်သည်။

**ဓမ္မပဒကျမ်းသည်**

ခုဒ္ဒကနိကာယ်၏ ဒုတိယကျမ်းဖြစ်သည်၊ ဂါထာများကိုသာ စုဆောင်း စီစဉ်ထားခြင်းဖြစ်သည်။

**ဓမ္မပဒကျမ်းသည်**

အဋ္ဌကထာ(အဖွင့်)ကို သီဟိုဠ် ကျွန်း၌ သီဟိုဠ် ဘာသာဖြင့်သာ ရှိခဲ့ရာမှ အရှင်ဗုဒ္ဓဃောသမထေရ်သည် ပါဠိ ဘာသာသို့ ပြန်ဆိုတော်မူခဲ့သည်။

ထိုသို့ပြန်ဆိုရာ၌ သီဟိုဠ်ဘာသာ အဋ္ဌကထာဟောင်းမှ ကျယ်ဝန်းသော စကားအစဉ်ကိုလည်းချုံး၍ မဖွင့်ရသေးသော ပုဒ်ဝါကျတို့ကို ဖွင့်လျက် ရေးသား စီရင်တော် မူလေသည်။

**ဓမ္မပဒကျမ်းသည်**

လောကုတ် လောကီ နှစ်လီသော အကျိုးစီးပွားကို အမှန် ဖြစ်စေနိုင်ခြင်းကြောင့် ကမ္ဘာ့နိုင်ငံကြီးငယ်တို့က ပြန်ဆိုထုတ်ဝေ

ကြရသော ကမ္ဘာကျော် ကျမ်းထူး ကျမ်းမြတ်ကြီးတဆူ ဖြစ်ပေသည်၊ တရုပ်ပြည်တွင် အေဒီ ၃ ရာစုအစောပိုင်းကပင် အကြိမ်ကြိမ် ပြန်ဆိုရိုက်နှိပ်ခဲ့ပြီးဖြစ်သည်။

အာသောကမင်းသည် နိဂြောဓ သာမဏေထံမှ "ဓမ္မပဒ" အပ္ပမာဒဝဂ်လာဂါထာများကို ကြားနာရသဖြင့် ဗုဒ္ဓဘာသာဝင်အဖြစ်သို့ရောက်ရှိခဲ့ပြီး ထူးမြတ်သော သာသနာပြုမင်းတပါး ဖြစ်လာသည်။

## ဓမ္မပဒကျမ်းသည်

ဝဂ္ဂ=ဝဂ်=တရားအစု၊ ဟူ၍ တူညီရာ ရွေးချယ်စုပေါင်းပြီး အကောင်းနှင့်အဆိုး၊ အယူမှားနှင့်အယူမှန်၊ အပြစ်နှင့်အကျိုးတို့ကို ကွဲပြားသိသာရန် ခွဲခြားဖော်ပြထားသည်။

## ဓမ္မပဒကျမ်းသည်

ဝဂ္ဂ (ဝဂ်) တရားအစုပေါင်း ၂၆ စုကို ယမကဝဂ် (တရားစုံအစုံ)၊ အပ္ပမာဒဝဂ် (မမေ့မလျော့ခြင်း တရားအစု) စိတ္တဝဂ် (စိတ်တရားအစု)၊ ပုပ္ဖဝဂ် (ပန်းဥပမာတရားအစု)၊ ဗာလဝဂ် (လူမိုက်တရားအစု) ပဏ္ဍိတဝဂ် (ပညာရှိတရားအစု) အရဟန္တဝဂ် (ရဟန္တာတရားအစု) သဟဿဝဂ် (တထောင်တရားအစု) ပါပဝဂ် (မကောင်းမှုတရားအစု၊) ဒဏ္ဍဝဂ် (ဒဏ်တရားအစု) ဇရာဝဂ် (အိုခြင်းတရားစု)၊ စသည် စသည်ဖြင့် တရားစုပေါင်း ၂၆ စုကို ဂါထာတော်ပေါင်း ၄၂၄ ဂါထာ၊ ဝတ္ထုဇာတ်ကြောင်းပေါင်း ၃၀၅ ပုဒ်ဖြင့် အတိတ်ဝတ္ထု၊ ပစ္စုပ္ပန်ဝတ္ထုများ ပါ ခွဲခြား၍ ထားပေသည်။

**ဓမ္မပဒကျမ်းသည်**

**လောကီအကျိုးစီးပွားအတွက်။** ။ကိုယ်ကျင့်တရားကောင်းမွန်စေမှု၊

ထကြွလုံ့လရှိစေမှု၊

မိမိကိုယ်ကို အားကိုးစေမှု၊

စိတ်ဓာတ်ကြံ့ခိုင်စေမှု၊

အကျင့်စာရိတ္တကောင်းမွန်စေမှု၊

အတွေးအခေါ် တိုးတက်ကောင်းမွန်စေမှု၊

သည်းခံနိုင်မှု ခွင့်လွှတ်နိုင်မှုတို့ကို လမ်းညွှန်ချက်များ ပေးထားပေသည်။

**လောကုတ္တရာ အကျိုးစီးပွား။** အတွက်လည်း သဒ္ဓါသီလ ဝိရိယတို့ကို အရင်းစိုက်ရုံဖြင့် ရဟန္တာအဖြစ် ဆိုက်ရောက်သူများ မဂ်ဆိုက် ဖိုလ်ဆိုက် ပုဂ္ဂိုလ်ပေါင်းများစွာတို့၏ အကြောင်းများ နှင့်တကွ၊ ဘုရားရှင်ကိုယ်တိုင် ညွှန်ပြချက်များပါရှိ၍ နိဗ္ဗာန် တိုင် ပေါက်ရောက်နိုင်သော ကျမ်းတဆူ ဖြစ်ပေသည်။

**သောကကင်းဝေး။** ။စိတ်ဆင်းရဲမှု တွေ့ကြုံ လာသော အခါ ဤကျမ်းကို ဖတ်ရှုပါလျှင် ကေန်မုချ စိုးရိမ်ကင်းပျောက် ချမ်းသာရောက်စေမည်ဖြစ်ပါသည်။

ဤသို့ ထူးခြားသော ဓမ္မပဒ ဝတ္ထုတော်ကြီးကို မကျဉ်းလွန်း မကျယ်လွန်း အတိုဆုံးလည်း မချုံး၊ အဓိပ္ပါယ်လိုရင်းလည်းမပျက်စေဘဲ၊ အိမ်တိုင်း၊ကျောင်း တိုင်း၊ လူကြီး လူငယ် မရွေး ဖတ်ရှုနိုင်ရန် အဖိုးနည်း ဝန်ပါ ဆက်လက် ပြုစု ထုတ်ဝေ သွားမည် ဖြစ်ပါ ကြောင်း။ ။

# ၃။ စိတ္တဝဂ် (စိတ်တရားစုများ)

## စိတ္တဝဂ်တွင်

**လောကုတ္တရာရေးအရ**

၁။ တပ်မက်တွယ်တာသောတဏှာကို ပယ်ရှားခြင်း။

၂။ ယင်းတဏှာကိုပယ်ရှားနိုင်ရန်အတွက် ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏ မတည်မြဲခြင်း(အနိစ္စသဘော)။ မတင့်တယ်ခြင်း(အသုဘသဘော)။ မြေအိုးအလား မခိုင်မာခြင်း။

တံလျှပ်ပမာ အကောင်အထည် အနှစ်မရှိခြင်းစသည်ဖြင့် ရှုမြင်သုံးသပ်ထားပါသည်။

ထိုတဏှာကို မျက်စိ၊နားစသော ဣန္ဒြေများ စောင့်စည်းထိန်းသိမ်းခြင်း ဗောဇ္ဈင်တရား၊ မဂ္ဂင်ရှစ်ပါးကို ပွားများခြင်း၊ စိတ်တခုကိုနိုင်အောင် ထိန်းရုံနှင့် လိုရာခရီးအပြီးတိုင် ရောက်နိုင်ပုံတို့ဖြစ်သည်။

**လောကီရေးရာ ဟူရာ၌**

၁။ စိတ်ကိုထိန်းသိမ်းခြင်း၊ စိတ်ဓာတ်ကြံ့ခိုင်စွာထားခြင်း၊ တက်ကြွလုံ့လရှိခြင်း၊ အပေါင်းအသင်း လိမ္မာခြင်း၊

ကိုယ်ချင်းစာနာခြင်း၊ ရန်ညှိုးမထားခြင်း၊ မိမိကိုယ်ကို သာ အားကိုးခြင်း၊ ကိုယ်ကျင့်တရား ကောင်းမွန်ခြင်း စသည့်လူမှုရေး၊ ကြီးပွားရေး လမ်းညွှန်ချက်များ ပါ ရှိပါသည်။

၂။ စိတ်သည် အာရုံ အမျိုးမျိုးကို လိုက် ပါ တတ် သည့် အလျောက် အပြောင်းအလဲမြန်သည်။ ထို့ကြောင့် စိတ်ကို ချုပ်တည်းနိုင်မှသာလျှင် ချမ်းသာသုခရနိုင် ကြောင်း ဥပမာများ၊ အတိတ်ဇာတ်ကြောင်းများဖြင့် ဖော်ပြထားပါသည်။

ဤစိတ္တဝဂ်တွင် ဂါထာပေါင်း(၁၁)ဂါထာ-ဝတ္ထုဇာတ်ကြောင်း ၉-ပုဒ် ပါရှိပါသည်။

## ၃။ စိတ္တဝဂ်

# ၁။ စိတ်တခုနိုင်တရားပိုင်

## (အရှင်မေဃိယ မထေရ်ဝတ္ထု)

မြားသမားသည် မြားကိုဖြောင့်အောင် ပြုသကဲ့သို့ ကောက်ကျစ်သော စိတ်ကို-ပညာရှိသည် သမထ ဝိပဿနာဖြင့် ဖြောင့်အောင်ပြု၏။

**တဖျပ်ဖျပ်တုန် ကာမဂုဏ်**

ရေ၌ပေါက်ဖွား ငါးစသည်တို့ကို ရေမှထုတ်၍ ကုန်း၌တင်ထားသော်၊ တဖျပ်ဖျပ်တုန်လှုပ်၍ နေသကဲ့သို့၊ ကိလေသာကာမဂုဏ်တို့၌သာ ပျော်မွေ့တတ်သော "စိတ်" ကို ကုန်းတည်း ဟူသော "ဘာဝနာ" သို့ တင်ထားသည် ရှိသော်၊ တဖျပ်ဖျပ် တုန်လှုပ်၍ နေလေ၏။

(ဖန္ဒနံ စပလံ စိတ္တံ) အစခံသော ဓမ္မဒေသနာကို စာလိယတောင်၌ သီတင်းသုံး စံနေတော်မူစဉ် အရှင်မေဃိယမထေရ်အား အကြောင်းပြု၍ ဟောကြားတော်မူ၏။

### ဝတ္ထုကြောင်းကား ဤသို့တည်း

မြတ်စွာဘုရားသခင်၊ ဝါတော် နှစ်ဆယ်မပြည့်မီ ကာလ၊ ပထမဗောဓိ၌ ဘုရားသခင်၏ အလုပ်အကျွေးသည် မေဃိယမထေရ်ဖြစ်ပေ၏။

တနေ့သ၌ မေဃိယမထေရ်သည် ဇန္တုဂါမရွာသို့ ဆွမ်းခံဝင်ရင်း ကိမိကာဠာယန မြစ်ကမ်းသို့ သွား၍ ဆွမ်းဘုဉ်းပေးပြီး

သော် အညောင်းအညာပြေလမ်းလျှောက်သောကာလ၊သာယာသော သရက် ဥယျာဉ်တောကို တွေ့မြင်၍-

“ငါသည် မြတ်စွာဘုရားထံ ခွင့်တောင်း၍ ခွင့်ပြုခဲ့လျှင် ဤသရက် ဥယျာဉ်တော၌ ကမ္မဋ္ဌာန်းစီးဖြန်းရန်လာမည်”ဟု အကြံဖြစ်၏။

ထိုအကြံအတိုင်း မြတ်စွာဘုရားထံ ခွင့်တောင်းလျှင်

“ချစ်သားမေဃိယ၊ ငါ့အားလုပ်ကျွေးမည့် ရဟန်းမရောက်လာသေးသမျှ ခေတ္တငံ့လင့်လေဦးလော့”ဟု မိန့်တော်မူ၏။

အရှင်မေဃိယသည် ထပ်မံခွင့်တောင်း လျှောက်ထားပြန်၏။

ထိုအခါ မြတ်စွာဘုရားက

“ချစ်သားမေဃိယ။ ။ကမ္မဋ္ဌာန်းတရားကို ပွားများအားထုတ်လိုသော ချစ်သားအား ငါဘုရားသည် အဘယ်သို့လျှင် ဟန့်တားလိုအံ့နည်း သင်၏ဆန္ဒပင်”ဟု မိန့်တော်မူသဖြင့် မေဃိယမထေရ်သည် သရက်ဥယျာဉ်သို့ဝင်၍ တရားကိုအားထုတ်၏။

ထိုအခါ မေဃိယမထေရ်အား သုံးပါးကုန်သော အကုသိုလ်ဝိတက်တို့သည် နှိပ်စက်လွှမ်းမိုးကုန်၏။

၁။ ကာမဂုဏ်နှင့်စပ်သော (တဏှာလျှင် အကြောင်းရင်းရှိသော)ကာမဝိတက်လည်းတပါး။

၂။ သတ္တဝါတို့အား သေကြေပျက်စီးခြင်းကို ရှေးရှုကြံသော(ဒေါသအကြောင်းရင်းရှိသော) ဗျာပါဒဝိတက်လည်းတပါး။

၃။ သတ္တဝါတို့ကို ညှဉ်းပန်းခြင်းနှင့်စပ်သော ဝိဟိံသဝိတက်လည်းတပါး။ ဤသုံးပါးတို့ပင်တည်း။

ထိုအခါ မေဃိယမထေရ်က “ငါသည် သဒ္ဓါတရားဖြင့် သာသနာ့ဘောင်သို့ဝင်ရောက်၍ ရဟန်းပြုပါသော်လည်း အကုသိုလ်ဝိတက်တို့သည် ထက်ကြပ်လိုက်ကုန်သည်”ဟု ကမ္မဋ္ဌာန်းကို မစီးဖြန်းနိုင်ဘဲ မြတ်စွာဘုရားထံ ပြန်လာပြီး သင့်တင့်သော အရပ်၌ နေ၏။

ထိုအခါ မြတ်စွာဘုရားက

“မေဃိယ။ ။အသင်သည် ဝန်လေးသောအမှုကိုပြုအပ်၏။ ငါဘုရားသည် တပါးတည်းသာဖြစ်ခဲ့၏။ ငါ့အားအလုပ်အကျွေးဖြစ်သော ရဟန်းတပါး မရောက်လာသေးသမျှ ကာလအထိ စောင့်ပါဦးဟု တောင်းပန်သည့်တိုင် ငါဘုရားကို တပါးတည်း စွန့်ပစ်ထားခဲ့သဖြင့် ဤသို့ ဝိပရိတ်စိတ်သို့ ဖြစ်ခဲ့၏။

ချစ်သားမေဃိယ။ ။ဤစိတ်သည်ကား လျင်စွာသောဖြစ်ခြင်း၊ ချုပ်ခြင်းရှိ၏။ ထိုစိတ်ကို မိမိအလိုသို့ လိုက်စေခြင်းငှာ သင့်လျော်လျောက်ပတ်ပေ၏”ဟု

(၃၃)　**ဖန္ဒနံ စပလံ စိတ္တံ၊ ဒုရက္ခံ ဒုန္နိဝါရယံ။**
**ဥဇုံ ကရောတိ မေဓာဝီ၊ ဥသုကာရောဝ တေဇနံ။**

(၃၄)　**ဝါရိဇောဝ ထလေ ခိတ္တော၊ ဩကမောက တဥဗ္ဘတော။**
**ပရိဖန္ဒတိဒံ စိတ္တံ၊ မာရဓေယျံ ပဟာတဝေ။　　။**

(၃၃) ရူပါရုံစသည်တို့၌ တုန်လှုပ်ထသော လျှပ်ပေါ်လော်လီထသော၊ သမထဝိပဿနာ ဘာဝနာအာရုံ၌ တည်အောင် စောင့်ရှောက်နိုင်ခဲလှသော ဝိသဘာဂအာရုံသို့ ပြေးထွက်သည်ကို တားမြစ်ချုပ်တည်းနိုင်ခဲလှသော (စိတ်ကောက် စိတ်ကျစ်ကို) ပညာရှိ

သည်(သမထဝိပဿနာဖြင့်)ဖြောင့်အောင်ပြု၏။ ဥပမာအားဖြင့် မြားသမားသည် ကောက်သောမြားကို ဖြောင့်အောင်ပြုသကဲ့သို့ ပင်တည်း၊

(၃၄) ရေ၌ပေါက်ဖွားသော ငါးစသည်ကို မိမိတည်ရာရေမှထုတ်၍ ကုန်း၌တင်ထားသော် တဖျပ်ဖျပ်တုန်လှုပ်၍နေသကဲ့သို့ မာရ်နတ်၏ ကိလေသာနယ်ကိုစွန့်ပယ်ခြင်းငှါး စိတ်ကိုရေတည်းဟူသောကာမဂုဏ် အာရုံတို့မှထုတ်၍ ကုန်းတည်းဟူသော ဘာဝနာ၌ တင်ထားသော် တဖျပ်ဖျပ် တုန်လှုပ်၍နေလေ၏။

ဤဒေသနာတော်၏အဆုံး၌ မေဃိယမထေရ်သည် သောတာပတ္တိဖိုလ်၌ တည်လေ၏။ များစွာကုန်သောသူတို့သည် သောတာပန်အစရှိသည်တို့ ဖြစ်ကြကုန်၏။

**(ဓမ္မပဒ စိတ္တဝဂ် ရှေးဦးစွာသော မေဃိယ မထေရ်ဝတ္ထု ပြီး၏။)**

※ ※ ※ ※

၃-စိတ္တဝဂ်

## ၂။ စိတ်တခုထိန်း-အားလုံးငြိမ်း

(အညတရ-ရဟန်းဝတ္ထု)

(မာတိကာ မာတာဝတ္ထု)

သုံးတန်ချမ်းသာရောက်ဖို့ရာ၊
စိတ်သာနိုင်အောင်ထိန်း။
စိတ်သည် အလွန်နှိမ်နင်းနိုင်ခဲလှ၏။
ကာမဂုဏ် အာရုံတို့၌သာ ကြံစည်ကျက်စားလေ့ရှိ၏။
သတိဝီရိယဥဿာဟဖြင့် စိတ်ကိုနိုင်နင်းအောင် ဆုံးမနိုင်သောသူသည် လူနတ်နိဗ္ဗာန်၊ သုံးတန်သော ချမ်းသာကို ဆောင်နိုင်၏။

(ဒုန္နိဂ္ဂဟသာ လဟုနော) အစရှိသော ဂါထာတော်ကို မထင်ရှားသော ရဟန်းတပါးကို အကြောင်းပြု၍ ဇေတဝန်ကျောင်းတော်၌ ဟောတော်မူ၏။

**ဝတ္ထုကြောင်းကား ဤသို့တည်း**

ကောသလမင်းကြီး၏ နိုင်ငံတော်အတွင်း တောင်ခြေရင်း၌ မာတိကာအမည်ရှိသော ရွာကြီးတရွာ ရှိ၏။

ဤရွာကို အမှီပြု၍ ခြောက်ကျိပ်သော ရဟန်းတော်တို့သည် မြတ်စွာဘုရားထံမှ ကမ္မဋ္ဌာန်းများ သင်ယူပြီးသော် မာတိကာရွာသို့ ကြွရောက်ဆွမ်းခံကြ၏။

မာတိကာရွာသူကြီး၏ မိခင် မာတိကာ မာတာသည် ရဟန်းတော်တို့အား ဆွမ်းကွမ်းကိစ္စပြုစုပြီးသော် ဝါတွင်း သုံးလပတ်လုံး ဤအရပ်၌ သီတင်းသုံးတော်မူကြပါ၊ တပည့်တော်မသည် သရဏဂုံနှင့်တကွ ငါးပါးသော သီလတော်မြတ်တို့ကို ဆောက်တည်၍ ဥပုသ်စောင့် သုံးလိုပါသည်ဟု လျှောက်ကြား၏။

ရဟန်းတော်တို့ကလည်း ဤဒါယိကာမကြီးကို အမှီပြု၍ ဆွမ်းကွမ်းကိစ္စ မပင်ပန်းဘဲ တရားအားထုတ်နိုင်ကြပေမည်ဟု ဆင်ခြင်တော်မူပြီး ဒါယိကာမကြီး လှူဒါန်း ဆောက်လုပ်အပ်သော ကျောင်း၌ သီတင်းသုံးတော်မူ၏။

**ရဟန်းတို့၏ ကတိကဝတ်**

ရဟန်းတို့သည် အချင်းချင်းတိုင်ပင်၍ ငါတို့သည် တရားအလုပ်ကို မမေ့မလျော့သော နှလုံးဖြင့် ကျင့်သုံးဆောက်တည်နိုင်ရန် တပါးစီ၊ တပါးစီသာ ခွဲခြား၍ တရားထိုင်ကြအံ့၊မကျန်းမမာ အနာရောဂါ ရခဲ့သည်ရှိသော် ကျောင်း၌ရှိသော ကျောက်

စည်ကို ထိုးခတ်လျှင် ငါတို့အားလုံး ကျောင်းအလယ်၌ စုဝေးကြကုန်အံ့ဟု ကတိကဝတ်ထား၍ အသီးသီးကြွသွားခါ မမေ့မလျော့သောသတိဖြင့် အားထုတ်ကြကုန်၏။

တနေ့သောအခါ မာတိကာ မာတာသည် ရဟန်းတော်တို့ အလို့ငှာ၊ ပျားရည် သကာတင်လဲ အစရှိသည်တို့ကို အခြံအရံတို့အား ယူဆောင်စေ၍ ကျောင်းသို့လာလေလျှင် ရဟန်းတော်တို့ကို မမြင်သောကြောင့် မေး၏။ ကျောင်းစောင့်က တွေ့လိုလျှင် ကျောက်စည်ကိုထိုးပါက ကြွလာကြပါလိမ့်မည်ဟု ဆိုသဖြင့် ကျောက်စည်ကိုထိုး၏။ ရဟန်းတော်တို့ ကြွလာကြ၏။

**မာတိကာ အနာဂါမ်တည်ခြင်း**

တနေရာ တနေရာမှ တပါးစီကြွလာသည့်အဖြစ်ကို မြင်လျှင် မာတိကာ မာတာက အကြောင်းကိုမေး၏။ ရဟန်းတို့က တဦးချင်းနေရာခွဲခြား၍ ကမ္မဋ္ဌာန်းတရား အားထုတ်နေပါသည်ဟု ပြောကြ၏။ မာတိကာမာတာက ထိုတရားတို့ကို သိလိုပါသည်ဟု လျှောက်၏။

''ဒါယိကာမကြီး၊ မိမိ၏ ခန္ဓာကိုယ်အတ္တဘော၌ သုံးဆယ့်နှစ်ပါးကုန်သော ဒွတ္တိံသကာယတို့ကို သရဇ္ဈာယ်ခြင်း ပြုကြကုန်၏။ မိမိခန္ဓာကိုယ် အတ္တဘော၌ ကုန်ခြင်း၊ ပျက်ခြင်း၊ ခယဝယကို ထင်စေကြကုန်၏။''

''အရှင်ဘုရား၊ ထိုတရားတို့သည် အရှင်ဘုရားတို့သာ ကျင့်ရပါသလော၊ တပည့်တော်မတို့လည်း ကျင့်နိုင်ပါသလော''

''ဒါယိကာမကြီး၊ ဤတရားကိုတစုံတယောက်သောသူအား မတားမြစ် မပိတ်ပင်အပ်''ဟု မိန့်တော်မူသော်-

"သို့ဖြစ်လျှင် တပည့်တော်မအား ထိုတရားတို့၏ အသေးစိပ်ကို ပေးသနားတော်မူကြပါ"ဟု လျှောက်၏။ ရဟန်းတော်တို့ကလည်း အလုံးစုံကို သင်ကြားပေး၏။

ဒါယိကာမကြီးသည် မမေ့သောသတိ၊ မလျှော့သောလုံ့လဖြင့် ကျင့်ကြံအားထုတ်လေလျှင် ရဟန်းတို့၏ ရှေးဦးကပင် မဂ်သုံးပါး၊ ဖိုလ်သုံးပါးသို့ ရောက်၏။ မဂ်သို့ ရောက်သည်နှင့် တပြိုင်နက် ပဋိသမ္ဘိဒါလေးပါးနှင့် လောကီအဘိညာဉ်တို့ ရရှိလေ၏။

## မာတိကာမာတာ ထောက်ပံ့ခြင်း

ဒါယိကာမကြီးသည် မဂ်ဖိုလ်မှထ၍ ဒိဗ္ဗစက္ခုဖြင့် ဆင်ခြင်သည်ရှိသော် ငါ၏သားတော်တို့သည် လောဘ၊ ဒေါသတို့မကင်းသေး၊ ဈာန်ဝိပဿနာမျှသော်လည်း မရှိသေး၊ သားတော်တို့တွင် အဟာရသပ္ပါယ မရှိသည်အကြောင်းကို မြင်သဖြင့် အရသာရှိသော ဘောဇဉ်တို့ကို စီရင်ပြီး အလှူရေစက်သွန်းချပေးလှူ၏။ ရဟန်းတို့လည်း ဘုဉ်းပေး သုံးဆောင် တော် မူကြ၍ လျှောက်ပတ်သောအာဟာရကိုရကြသဖြင့် စိတ်တည်ကြည်သည်ဖြစ်၍ ဝိပဿနာကို ပွားပြီး မကြာမီပင် ပဋိသမ္ဘိဒါတို့နှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်ကြ၏။ ရဟန်းတော်တို့က ဆင်ခြင်သည်ရှိသော်

"ဒါယိကာမကြီး၏ လျှောက်ပတ်သော အဟာရကိုသာမရခဲ့လျှင် ငါတို့သည် မဂ်ဖိုလ်ကို ထိုးထွင်း၍သိခြင်းမဖြစ်နိုင်ရာ ဒါယိကာမကြီးသည် အံ့ဘွယ်ရှိပါပေတကား" ဟု ဂုဏ်ကျေးဇူးကို ချီးကျူးကြကုန်၏။

## မဂ်ဖိုလ်ပေါက်ရန် စိတ်အကြံ

ဝါကျွတ်လျှင် ရဟန်းတို့သည် မြတ်စွာဘုရားထံ သွားရောက်ဖူးမြှော်ကြ၏။ မြတ်စွာဘုရားအား မာတိကာမာတာ အမည်ရှိသော ဒါယိကာမကြီးသည် တပည့်တော်တို့၏ စိတ်အလိုကိုသိ၍ ဤသို့သော အာဟာရကိုရလျှင် ကောင်းလေစွဟု ကြံစည်စိတ်ကူးရုံနှင့်ထိုအာဟာရကို ပေးပို့ရောက်ရှိလာပါသည်ဟု ဂုဏ်ကျေးဇူးစကားကို ပြောဆိုလျှောက်ထားကြကုန်၏။

မထင်ရှားသော အညတရ ရဟန်းတပါးသည် ထိုမာတိကာမာတာ၏ ဂုဏ်သတင်းကိုကြား၍မြတ်စွာဘုရားအထံ ကမ္မဋ္ဌာန်းကိုသင်ယူပြီး မာတိကာရွာသို့ သွားရောက်၍ တရားအားထုတ်ရန်ခွင့်တောင်းပြီး ရွာသို့ရောက်၍ ကျောင်းသို့ဝင်၏။ မထင်ရှားသော ရဟန်း၏ ကြံစည်သမျှတို့တိုင်း ဒါယိကာမကြီးသည် ပြုပြင်စီရင်၍ ပေးပို့စေ၏။ အညတရ ရဟန်းသည် “အဲ့ဘွယ်ရှိစွတကား၊ ငါသည်ဒါယိကာမကြီးကိုတွေ့မြင်လို၏။ ခဲဘွယ်ဘောဇဉ်တို့နှင့်တကွ လာစေသတည်း”ဟု ကြံ၏။ ဒါယိကာမကြီးသည် “ယနေ့ ငါ၏သားသည် ငါ့ကိုတွေ့ရန်တောင့်တပေ၏”ဟု ဘောဇဉ်တို့ကိုယူ၍ ကျောင်းသို့သွားပြီး လှူ၏။

ရဟန်းသည် ဆွမ်းစားပြီးသော် “ဒါယိကာမကြီး အသင်သည် သူတပါးတို့စိတ်ကို သိလေသလော”ဟုမေး၏။ “ချစ်သား အဘယ်သို့မေးသနည်း”ဟု ဆို၏။ “ငါသည် ကြံစည်အောင့်မေ့တိုင်း အလုံးစုံအကုန်သိပေ၏။ ထို့ကြောင့် မေးခြင်းဖြစ်ပါသည်”ဟု ဆိုလျှင်–

“ချစ်သား သူတပါးတို့၏စိတ်ကို သိသောသူတို့မည်သည်ကား ဤသို့ပြုကြကုန်၏”ဟု ပြော၏။

"ဒါယိကာမကြီး တပါးသောသူကိုမမေး၊ အသင့်ကိုသာလျှင် မေးသည်"ဟု ပြောသော်လည်း ဒါယိကာမကြီးသည် သူတပါး၏စိတ်ကိုသိသည်ဟု မပြောမူဘဲ၊ "ချစ်သား သူတပါး၏စိတ်ကို သိသောသူတို့ မည်သည်ကား ဤသို့ပြုကြကုန်သတည်း" ဟု ဆို၏။

အညတရ ရဟန်းသည် ယခုမှခက်ချေပြီ၊ဒါယိကာမကြီးသည် ကြံစည်သမျှ အကုန်သိသည်သာဖြစ်၏။ ပုထုဇဉ်တို့ မည်သည် ကောင်းသည်ကိုလည်းကြံမိ၏၊မကောင်းသည်ကိုလည်း ကြံမိ၏။ အကယ်၍ မကောင်းသည်ကို ကြံမိငြားအံ့၊ ငါ့အား ခိုးထုပ်ခိုးထည်နှင့်မိသကဲ့သို့ ဖြစ်ချေတော့မည်၊ ငါဤအရပ်မှထွက်ပြေးမှ ဖြစ်တော့မည်ဟုကြံ၍ ဒါယိကာမကြီးထံ ခွင့်ပန်ပြီး မြတ်စွာဘုရားအထံသို့ သွားလေ၏။

## တခုတည်းသော တရား

ထိုရဟန်းကို မြတ်စွာဘုရား မြင်၍ မေးတော်မူလျှင် "ထိုဒါယိကာမကြီးသည် ကြံစည်တိုင်းကို အကုန်သိ၏၊ ပုထုဇဉ်တို့ မည်သည် ကောင်းရာကြံမိသည်လည်းရှိ၏၊ မကောင်းရာ ကြံမိသည်လည်းရှိ၏၊ အကယ်၍ မကောင်းရာ ကြံမိသည် ရှိသော်၊ ခိုးထုပ်ခိုးထည်နှင့် မိသလို တပည့်တော်ကို အပြစ်တင် အပြောအဆို ခံရတော့မည်ဟု ဆင်ခြင်မိသောကြောင့် ပြန်လည်လာခဲ့ခြင်းဖြစ်ပါသည်"ဟု လျှောက်ထား၏။

"ချစ်သားရဟန်း၊ထိုအရပ်၌သာ နေသင့်သည်"ဟုမိန့်တော်မူ၏။

"ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ တပည့်တော် မနေနိုင်ပါ"ဟု မိန့်တော်မူ၏။

"ချစ်သားရဟန်း၊ ထိုသို့ဆိုလျှင် သင်သည် တခုတည်းသော တရားကိုသာ စောင့်ရှောက်နိုင်မည်လော"ဟု မေး၏။

"အရှင်ဘုရား၊ တခုတည်းသော တရားဟူသည် အဘယ်ပါနည်း"

"ချစ်သားရဟန်း၊ အသင်၏စိတ်ကိုသာလျှင် စောင့်ရှောက်လေလော့၊ ထိုစိတ်မည်သည်ကား စောင့်ရှောက်နိုင်ခဲ၏၊ သင်သည် မိမိစိတ်ကိုသာလျှင် နှိပ်ကွပ်ဆုံးမလေလော့၊ အခြားတပါးကို မကြံစည်လေနှင့် စိတ်မည်သည်ကား အလွန်နှိမ်နင်းနိုင်ခဲ၏" ဟု မိန့်တော်မူပြီး၊

(၃၅) ဒုန္နိဂ္ဂဟဿ လဟုနော။ ယတ္ထ ကာမနိပါတိနော။
စိတ္တဿ ဒမထော သာဓု၊ စိတ္တံ ဒန္တံ သုခါဝဟံ။ ။

(၃၅) နှိမ်နင်းနိုင်ခဲထသော လျင်မြန်စွာဖြစ်ခြင်း ချုပ်ခြင်းရှိထသော အလိုရှိရာကာမဂုဏ်အ.ရုံတို့၌ ကြံစည်လေ့ ရှိထသော စိတ်ကို သတိ ဝီရိယ ဥဿာဟဖြင့် နှိမ်နင်းဆုံးမ နိုင်သောသူအား လောကီ လောကုတ် မယုတ် ကျိုးကြောင်းကောင်းလှပေ၏။ ဆုံးမ၍ ယဉ်ကျေးပြီးသော စိတ်သည် လူနတ် နိဗ္ဗာန် သုံးဘန်သော အကျိုးဆက်ကို ဆောင်ရွက်ပေတတ်၏။

ဒေသနာတော်၏အဆုံး၌ ပရိတ်သတ်တို့သည် သောတာပန် စသည်ဖြစ်ကြကုန်၏။

## ရဟန္တာဖြစ်ခြင်း

ဘုရားသခင်သည် ဤသို့အဆုံးအမပေး၍ "ချစ်သားရဟန်း သွားချေလော့"ဟု လွှတ်၏။

ရဟန်းသည် တရားမှအပ တစုံတခု ကြံစည်အောက်မေ့ခြင်း မရှိတော့၊ ဒါယိကာမကြီးသည် ဒိဗ္ဗစက္ခုဖြင့် ကြည့်ရှုသည် ရှိသော် မထေရ်ကိုမြင်၍ ယခုငါ၏သားသည် ဆရာထူးဆရာမြတ် ၏အဆုံးအမကို ရရှိပြီး ပြန်ကြွ လာပြန် သည်ဟု သိမြင် ပြီး၍ အာဟာရတို့ကို စီစဉ်ပေးလေ၏။

ထိုရဟန်းသည် နှစ်ရက်သုံးရက်ဖြင့် အရဟတ္တဖိုလ်သို့ ရောက် ပြီးသော် မဂ်ဖိုလ်တည်း ဟူသော ချမ်းသာဖြင့် လွန်စေလျက် "အော် အံ့ဘွယ်ကောင်းလှ ပေသည်၊ ဒါယိကာမကြီးသည် ငါ၏ ထောက်တည်ရာ ဖြစ်ပေစွတကား၊ ဒါယိကာမကြီးကိုမှီ၍ ဘဝ မှ ထွက်မြောက်ရာသို့ ရောက်ရပေပြီ"ဟု ပြန်ဆင်ခြင်၏။

## ကိုးဆယ့်ကိုးဘဝ လင်ကိုသတ်ခဲ့ခြင်း

ထို့နောက် ဤဒါယိကာမကြီးသည် ဤဘဝ၌သာ ငါ၏ ထောက်တည်ရာဖြစ်လေသလော၊ ယခင်ဘဝများစွာက ဤသို့ ထောက်တည်ရာ ဖြစ်ခဲ့ဘူးလေသလောဟု ကိုးဆယ့်ကိုးဘဝကို အစဉ်အတိုင်း ပြန်ကြည့်သည် ရှိသော် ဒါယိကာမကြီးသည် ကိုးဆယ့်ကိုးဘဝပတ်လုံး ထိုမထေရ်၏ ဇနီးမယားဖြစ်၍ အခြား ယောကျ်ားတို့၌ တတ်မက်နှစ်သက်သောစိတ်ကြောင့် ထိုမထေရ် ကို ကိုးဆယ့်ကိုးဘဝတိုင်တိုင် သတ်ခဲ့သည်၏ အဖြစ်ကို မြင်လေ လျှင် ဤဒါယိကာမကြီးသည် ဤမျှ ကျေးဇူးမဲ့ပြုသောအပြစ် ကိုမြင်၍ ဝန်လေးစွတကားဟု ကြံဆင်ခြင်မိ၏။

### အသက်နှင့်လဲ၍ ကယ်ခဲ့ခြင်း

မာတိကာမာတာ ဒါယိကာမကြီးသည် ငါ၏ သားအား ရဟန်းကိစ္စပြီးဆုံးခြင်းသို့ ရောက်ပြီလောဟု ကြံဆင်ခြင်မိသော်

အရဟတ္တဖိုလ်သို့ ရောက်၍ ကိုးဆယ့်ကိုးဘဝသော ကာလကို ရှုမြင်သုံးသပ်ပြီး၊ ငါ့အား ဝန်လေးလှသည်ဟု အပြစ်ဘင်ချေပြီ၊ ငါသည် နောက်ထပ် အဘယ်သို့ ပြုသနည်းဟု မိမိ ကိုယ်ကို ကိုးဆယ့်ကိုးဘဝလွန်သည်အထိ ပြန်၍ ဆင်ခြင်ကြည့်ပြန်သော် ထိုကိုးဆယ့် ကိုးဘဝမှ အလွန် ခုနစ်ခု မြောက်သော ဘဝ၌ ထိုမထေရ်ကို အသက်မှချသတ်ရာ၌ မိမိအသက်ကို အသေခံသောအားဖြင့် အသက်ရှင်စေခဲ့ဘူးပေပြီ၊ ငါသည် ထိုစဉ်က ငါ၏သားအား ကျေးဇူးဥပကာရကို ပြုခဲ့ဘူးလေပြီဟု အိမ်၌ နေရင်းက ထိုမထေရ်အား ကိုးဆယ့်ကိုးဘဝကိုလွန်၍ ခုနစ် ဘဝ တိုင်အောင် ဆက်လက်ရှုပါဦးဟု ပြောကြား၏။

မထေရ်သည် ဒိဗ္ဗသောတနားဖြင့် မာတိကာမာတာ ဒါယိကာမကြီး ပြောကြားသောအသံကိုကြား၍ ရှုဆင်ခြင်သော် ထိုဘဝ၌ ဒါယိကာမကြီးသည် မိမိအတွက် အသက်ပေး၍ စတေးခံသွားကြောင်းကို မြင်တော်မူလျှင် ကျေးဇူးကြီးလှပါပေ၏တကားဟု ဝမ်းသာခြင်းစိတ်ရှိသည်ဖြစ်၍ ထိုကျောင်းမှပင်လျှင် ဒါယိကာမကြီးကို တရားဟော၍ ခန္ဓာကမ္မဇရုပ် အကြွင်းမရှိသော နိဗ္ဗာန်ဓာတ်ဖြင့် ပရိနိဗ္ဗာန်စံယူတော်မူလေ၏။

**(ဓမ္မပဒ စိတ္တဝဂ်၏ နှစ်ခုမြောက် အညတရ ရဟန်းဝတ္ထုပြီး၏)**

## ၃။ စိတ္တဝဂ်

## ၃။ သုံးတန်ချမ်းသာ ရောက်ဖို့ရာ စိတ်သာနိုင်အောင်ထိန်း

### (ငြီးငွေ့သော ရဟန်းတပါး ဝတ္ထု)

**စိတ်တခုတည်းကိုသာနိုင်အောင်ထိန်းပါ။**
**ဆင်းရဲဒုက္ခမှ ကင်းလွတ်ပါလိမ့်မည်။**

(သုဒ္ဒုဒ္ဒသံ) အစခံသောဒေသနာတော်ကို ဇေတဝန်ကျောင်းတော်တွင် သာသနာ၌ ငြီးငွေ့သောရဟန်းတပါးကို အကြောင်းပြု၍ ဟောတော်မူ၏။

**ဝတ္ထုကြောင်းကား ဤသို့တည်း၊**

သာဝတ္ထိပြည်မှ သဌေးသားတဦးသည် မိမိအိမ်သို့ ကြွလာတော်မူသော ဆရာမထေရ်ကို တပည့်တော်သည် ဆင်းရဲဒုက္ခမှ လွတ်ငြိမ်းလိုပါသည်။ ဆင်းရဲမှ လွတ်ငြိမ်းခြင်းတရားကို ဟောကြားတော်မူပါဟု လျှောက်၏။ မထေရ်က ဒါယကာ တကယ်ပင် ဆင်းရဲဒုက္ခမှ လွတ်လိုလျှင်

၁။ စာရေးတံချ၍ ပေးလှူလော့။
၂။ ဆယ့်ငါးရက်တကြိမ်တိုင်း ပေးလှူအပ်သော ပက္ခိကဘတ်ကိုပေးလှူလော့။
၃။ ဝါဆိုကျောင်းကို ပေးလှူလော့။
၄။ သင်္ကန်းအစရှိသော ပစ္စည်းတို့ကို ပေးလှူလော့။
၅။ မိမိ၏ ပစ္စည်းဥစ္စာတို့ကို သုံးပုံ ပုံ၍တပုံကို ရင်းနှီးရောင်းဝယ်လော့။

၆။ တပုံကို သားမယားတို့အား မွေးမြူလော့။
၇။ တပုံကို ဘုရားသာသနာတော်၌ အလှူဒါနပြုလော့ ဟုဆို၏။

သဋ္ဌေးသားသည် ထိုအတိုင်း အလုံစုံကိုပြုပြီးနောက် မထေရ်ကို အရှင်ဘုရား ယခုထက်ပိုလွန်၍ အဘယ်သို့ပြုရပါအံ့နည်းဟု လျှောက်၏။

ဒါယိကာ၊ သရဏဂုံသုံးပါးနှင့်တကွ ငါးပါးသီလကိုဆောက်တည်လော့ဟု မိန့်တော်မူ၏။ သဋ္ဌေးသားလည်း ထိုအတိုင်းပြုပြီးသော် ထိုထက်လွန်၍ ပြုလိုပါသည်ဟု လျှောက်ပြန်၏။

ဆယ်ပါးသောသီလကို စောင့်ထိန်းလော့ဟု ဆို၏။ သဋ္ဌေးသားလည်းစောင့်ထိန်းပြီးနောက် တဆင့်တဆင့်တက်၍ ကောင်းမှုကံကိုပြုသောကြောင့် အနုပုဗ္ဗသဋ္ဌေးသားဟု ခေါ်ကြ၏။ ထို့ထက်လွန်၍ ပြုလိုပါသည်ဟု လျှောက်သော်၊ ရဟန်းပြုလော့ဟု ဆို၍ ရဟန်းပြုပေး၏။

## ဝိနည်းဆရာနှင့် အဘိဓမ္မာဆရာ

ထိုသဋ္ဌေးသားကို ဝိနည်းဆောင်သောဆရာက ဝိနည်းတော်ကို သင်ကြား၏။ အဘိဓမ္မာကိုဆောင်သောဆရာက အဘိဓမ္မာပြဿနာကို ဟောပြတော်မူ၏။ မြတ်စွာဘုရား သာသနာတော်၌ ဤအမှုကို ပြုလော့၊ ဤအမှုကို မပြုရ၊ စသည်ပြောဆိုပေ၏။ ဝိနည်းဆရာက ဤအမှုသည်အပ်၏။ဤအမှုသည် မအပ်ဟုဆို၏။

သဋ္ဌေးသားက စဉ်းစားလာ၏။ ငါသည် ဆင်းရဲခြင်းကင်းလို၍ သာသနာတော်တွင်းသို့ ဝင်ခဲ့၏။ ဘုရားရှင်၏ သာသနာတွင်း၌ ခြေဆန့်လက်ဆန့်၍ မရလောက်အောင်ပင် ကျဉ်းကြပ်လှ

၏တကား၊ ငါ့အိမ်၌ ငါပြန်၍ နေမှ ဆင်းရဲမှုကို လွတ်ပေမည်။ ငါလူထွက်တော့အံ့ဟု ကြံစည်၏။

ဤသို့ စိတ်၏ ဖောက်ပြန်သည် အဖြစ်ကြောင့် ဝိပဿနာကမ္မဋ္ဌာန်းကိုလည်း မလုပ်နိုင်၊ တမှိုင်မှိုင်ငေး၍ တဖြည်းဖြည်း ပိန်ပြီးလာတော့၏။

ရှင်သာမဏေတို့က အရှင်ဘုရားကြီး မှိုင်၍သာနေသည်၊ ပိန်လှပြီဟုမေး၏။ မောင်ရှင်တို့ ငါလူထွက်လိုသောကြောင့် စိတ်မချမ်းသာ၍ ပိန်ရသည်ဟု ဆို၏။ ရှင်သာမဏေတို့မှတဆင့် ဆရာတို့ကြားလျှင် ထိုရဟန်းအား မြတ်စွာဘုရား ထံတော်သို့ ခေါ်ဆောင်၍ သွား၏။ ဘုရားသခင်က၊ ချစ်သား သင်မည်သို့ ဖြစ်သနည်းဟု မေး၏။ ထိုသင်္ဃေးသားရဟန်းက တပည့်တော်သည် ဆင်းရဲခြင်းမှ လွတ်ကင်းလို၍ သာသနာတော်တွင်းသို့ ဝင်ခဲ့ပါသည်။ အဘိဓမ္မာကို သင်ယူသည့်အခါ၌ရင်း၊ ဝိနည်းကို သင်ယူသည့်အခါ၌ရင်း၊ သာသနာတော်တွင်း၌ ကျဉ်းကြပ်လှသောကြောင့် မလှုပ်သာ မလွန့်သာ ဆင်းရဲဒုက္ခရောက်နေရပါ၍ လူထွက်ပြီး အိမ်သို့ပြန်ခါ လွတ်လွတ်လပ်လပ် ချမ်းချမ်း သာသာ နေလိုခြင်း ပြင်းပြလှပါသည်ဘုရားဟု လျှောက်ထား၏။

မြတ်စွာဘုရားက "ချစ်သား သင်တခုတည်းကိုသာ စောင့်ရှောက်နိုင်လျှင် ကျန်သောအရာအားလုံးကို စောင့်ရှောက်ရန် မလို"ဟု မိန့်တော်မူ၏။

"အရှင်ဘုရား၊ ထိုတခုတည်းသော စောင့်ရှောက်ရန်ဟူသည် အဘယ်ပါနည်း။"

ချစ်သား၊ သင်၏ စိတ်တခုတည်းကိုသာ စောင့်ရှောက်နိုင်ပါမည်လောဟု မေးတော်မူလျှင် စောင့်ရှောက်နိုင်ပါမည်ဘုရားဟု ဝန်ခံ၏။

ချစ်သားး သင်၏စိတ်ကိုသာလျှင် စောင့်ရှောက်လေလော့ ဆင်းရဲဒုက္ခမှ လွတ်ငြိမ်းပါလိမ့်မည်ဟု ဩဝါဒကိုပေး၍

(၃၆) သုဒုဒ္ဒသံ သုနိပုဏံ၊ ယတ္ထ ကာမနိပါတိနံ။
စိတ္တံ ရက္ခေထ မေဓာဝီ၊ စိတ္တံ ဂုတ္တံ သုခါဝဟံ။

(၃၆) အလွန်သိမ်မွေ့၍ မြင်နိုင်ခဲသော ကာမဂုဏ်အာရုံတို့၌ ကျက်စားလေ့ ရှိထသော ယုဘ်မာညစ်ညမ်းသော စိတ်ကို ပညာရှိသည် အဖန်တလဲလဲ အမြဲမပြတ် စောင့်ကြပ်ထိန်းသိမ်းရာ၏။
ထိုသို့ စောင့်ရှောက်လုံခြုံပြီးသောစိတ်သည် လူနတ်နိဗ္ဗာန်သုံးတန်သော ချမ်းသာကို ကောင်းစွာဆောင်ရွက်ပေတော်၏။

ဒေသနာတော်၏အဆုံး၌ သဌေးသားရဟန်းသည် သောတာပတ္တိဖိုလ်သို့ ရောက်လေ၏။

(ဓမ္မပဒ စိတ္တဝဂ် သုံးခုမြောက် အညတရ ရဟန်းဝတ္ထုပြီး၏)

✲ ✲ ✲ ✲

၃။ စိတ္တဝဂ်

## ကိလေသာမာရ် အောင်နိုင်ရန်

(သံဃာ့ရက္ခိတ မထေရ်၏ တူအရင်းဝတ္ထု)

မာရ်နတ် အနှောင်အဖွဲ့မှ လွတ်လိုလျှင် အကောင်အထည် မရှိသော "စိတ်" ကို စောင့်စည်း ချုပ်တည်းလော့၊

(ဒုရင်္ဂမံဧကေစာရံ)အစရှိသောဒေသနာတော်ကိုသံဃာ့ရက္ခိတ အမည်ရှိသော ရဟန်းကို အကြောင်းပြု၍ ဇေတဝန်ကျောင်း တော်၌ ဟောတော်မူ၏။

## ဝတ္ထုကြောင်းကား ဤသို့တည်း

သာဝတ္ထိပြည်၌ အမျိုးကောင်းသားတယောက်သည် ရဟန်းပြု၏။ သံဃာ့ရက္ခိတမထေရ်အမည်ရှိ၍ နှစ်ရက်၊ သုံးရက်ဖြင့်သာလျှင် အရဟတ္တဖိုလ်သို့ရောက်၏။

ထိုမထေရ်၏နှမငယ်သည် သားငယ်ကိုရ၍ မထေရ်ထံအပ်ပြီး ရဟန်းပြုစေ၏။ သံဃာ့ရက္ခိတဟူသော အမည်ပင်ရ၏။

ပဉ္စင်းငယ်သည် ရွာတရွာ၌ ဝါကပ်၍ ခုနစ်တောင်ရှိသော ပုဆိုးတထည်၊ ရှစ်တောင်ရှိသော ပုဆိုးတထည်၊ နှစ်ထည်သော ဝါဆိုသင်္ကန်း၊ကိုရ၍ရှစ်တောင်ရှိသောပုဆိုးသည် ငါ၏ ဥပဇ္ဈာယ်အတွက်ဟု ရည်ရွယ်၍ ဝါကျွတ်လျှင် မထေရ်ထံသို့ လာခဲ့၏။ ဆွမ်းခံကြွနေ၍ ကျောင်းသို့ဝင်ပြီး တံမြက်လှည်းခြင်း၊ ခြေဆေးရေကိုတည်ထား၍ အိပ်ရာနေရာခင်းထားခြင်းပြုပြီး စောင့်ကြိုနေ၏။ မထေရ်ကြွလာလျှင် ရှစ်တောင်ရှိသော သင်္ကန်းကို မထေရ်အားလှူ၏။ လှူပြီး ထန်းရွက်ယပ်တောင်ဖြင့် ယပ်ခတ်ပေးနေ၏။

ရဟန်းငယ်ကို မထေရ်က ငါ့ရှင်သံဃာ့ရက္ခိတ ငါ့တွင်ပြည့်စုံ၏။ သင်သာသုံးဆောင်လော့ဟု မိန့်၏။ အရှင်မြတ်သုံးဆောင်လျှင် တပည့်တော်အား ကြီးမြတ်သော အကျိုးဖြစ်ပါလိမ့်မည်ဟု အကြိမ်ကြိမ်လျှောက်ကြားသော်လည်း အလိုမရှိဟုပင် ညင်း၏။ ရဟန်းငယ်သည် မထေရ်ကိုယပ်ခတ်ရင်း စိတ်ကူးတို့သည် ပြေးလွှားလျက်ရှိ၏။

## စိတ်ကူးထဲ၌ အိမ်ထောင်သားမွေးပုံ

ယပ်ခပ်ယင်း မထေရ်ငယ်က စဉ်းစား၏၊ ငါသည် ဆရာ၏ တူအရင်း ဖြစ်၏၊ ငါလှူသည်မှ မယူသော် ရဟန်းဘောင်၌ အဘယ်အကျိုးရှိအံ့နည်း၊ ငါလူထွက်အံ့ဟု ကြံ၏။

လူ့ဘဝ ရောက်လျှင် ဘာလုပ်စားမည်နည်းဟု ဆက်၍ စဉ်းစား၏။

ရှစ်တောင်ရှိသောပုဆိုးကို ရောင်းမည်။ ဆိတ်မတကောင်ကို ဝယ်မည်။ ဆိတ်ဆိုသည်မှာ မြန်စွာပွားလွယ်၏။ ပွားတိုင်း ပွားတိုင်း ဆိတ်တို့ကို ရောင်းပြီး ငွေစုမည်။ နောက်မိန်းမယူမည်။ မိန်းမက သားတယောက်ဖွားမည်၊ ထိုသားကို လှည်းယာဉ်၌ ထိုင်စေပြီး သားအမိသားအဖသုံးယောက် ဦးရီးမထေရ်ကို ကန်တော့ရန်လာကြမည်။ လာခဲ့လျှင် ခရီးအကြား၌ ငါ၏သားကို ချီမည်ဟုပြောမည်၊ မယားက လှည်းကိုသာမောင်းပါ၊ ကျွန်မ သားကိုချီမည်ဟု ဆိုပြီး ကလေးကိုယူသော် ကလေးသည် လွတ်ကျပြီး လှည်းနင်းသွားလိမ့်မည်၊ ထိုအခါ ငါသည် ဒေါသထွက်ပြီး မယား၏ကျောကို လှည်းကြိမ်ဖြင့် ရိုက်လိုက်မည်ဟု စဉ်းစားရင်း ထန်းရွက် ယပ်နှင့် မထေရ်၏ ဦးခေါင်းကို ခတ်မိလေ၏။ မထေရ်က သံဃာ့ရက္ခိတရဟန်းငယ်စဉ်းစားသမျှ အကုန်သိမြင်၍

"ငါ့ရှင် သင့်မယားကို တကယ်မရိုက်နိုင်ဘဲနှင့် အိုမင်းလှသော ငါမထေရ်ကို အဘယ့်ကြောင့် ရိုက်ခတ်လေသနည်း" ဟု ဆို၏။

## ထွက်ပြေးရန် အကြံ

ရဟန်းငယ်လည်း ငါ့ဦးရီးဆရာသည် ငါကြံသည့်စိတ်ကို သိနေသည်ဟု ကြောက်လန့်၍ ထန်းရွက်ယပ်ကိုပစ်ချပြီးပြေးလေ၏

ရဟန်းနှင့် သာမဏေတို့က လိုက်၍ဖမ်းပြီး မြတ်စွာဘုရားထံ ပို့၏။ မြတ်စွာဘုရားက မေးလေလျှင် ဝါဆိုသင်္ကန်းရသည်မှ ဦးရီးဆရာ၏ဦးခေါင်းကို ယပ်ဖြင့်ပုတ်ခတ်မိသည်အထိ လျှောက်ထားပြီး ''တပည့်တော်လူထွက်လို၍ ဤသို့ပြေးပါသည်''ဟု လျှောက်၏။

''ချစ်သားရဟန်း ငါ၏သာသနာ၌ မိမိကိုယ်ကို သောတာပန်ဟူ၍၎င်း၊ သကဒါဂါမ်ဟူ၍၎င်း၊ အနာဂါမ်ဟူ၍၎င်း၊ ရဟန္တာ ဟူ၍၎င်း ဖြစ် အောင် အဘယ်ကြောင့် မစွမ်းနိုင်ပါသနည်း''ဟု မိန့်တော်မူ၏ပြီး

''ချစ်သားရဟန်း၊ ကြံစည်၍မပူပန်နှင့် စိတ်မည်သည်ကား အဝေး၌လည်းဖြစ်သောအာရုံကိုခံတတ်သောသဘောရှိ၏။ ရာဂ ဒေါသ၊ မောဟ တည်းဟူသော အနှောင်အဖွဲ့မှ လွတ်ခြင်းငှါ အပ်၏''ဟု မိန့်တော်မူ၏။

**(၃၇) ဒူရင်္ဂမံ ဧကစရံ အသရီရံ ဂုဟာသယံ။**
**ယေ စိတ္တံ သံယမေဿန္တိ မောက္ခန္တိ မာရဗန္ဓနာ။**

(၃၇) အဝေးအာရုံသို့ ပြေးသွားတတ်ထသော တဦးတည်း ကျက်စားလေ့ရှိထသော အကောင်အထည်မရှိကသော နှလုံးတည်းဟူသော လိုဏ်ဂူ၌တည်ရာရှိထသော စိတ်ကို စောင့်ရှောက်ချုပ်တည်းသိမ်းဆည်းနိုင်သူတို့သည် ကိလေသာမီးလျှံ ပြင်းထန်သော မာရ်နတ်၏ အနှောင်အဖွဲ့မှ လွတ်ကုန်လတံ့။

ထိုဒေသနာတော်၏အဆုံး၌၊ တူဖြစ်သော သံဃာရက္ခိတမထေရ်သည် သောတာပတ္တိဖိုလ်၌တည်၍ များစွာကုန်သော သူတို့သည် အကျွတ်တရားရကြလေကုန်၏။

**(ဓမ္မပဒစိတ္တဂ် လေးခုမြောက်၊ သံဃာရက္ခိတမထေရ်၏တူဝတ္ထုပြီး၏)**

## ၃။ စိတ္တဝဂ်

## ၅-ကိလေသာဘေး၊ ကင်းစင်ရေး

### (စိတ္တဟတ္ထမထေရ်ဝတ္ထု)

**ရာဂဒေါသကင်းပြီး ကုသိုလ် အကုသိုလ်ကို ပယ် ပြီး ထ သော ၊ မော ဟ တည်း ဟူသော အိပ်ပျော်ခြင်းမှ နိုးကြားခြင်း ရှိသော ပုဂ္ဂိုလ် အား ကိလေသာဘေးရန်သည် ကင်းစင်လေ၏။**

(အနဝဋ္ဌိတ စိတ္တဿ) အစရှိသော ဒေသနာတော်ကို ဇေတဝန်ကျောင်းတော်၌ စိတ္တဟတ္ထမထေရ်ကို အကြောင်းပြု၍ ဟောကြားတော်မူလေ၏။

### ဝတ္ထုအကြောင်းကား ဤသို့တည်း

သာဝတ္ထိပြည်မှ လူတယောက်သည် ပျောက်သောနွားကို ရှာယင်း တောသို့သွားရာမှ နွားတို့ကိုတွေ့၏၊ အချိန်ကမွန်းတည့် ပြီဖြစ်၍ ဆာလောင်လှသဖြင့် အနီးရှိသောကျောင်းသို့ ဝင်ပြီး လျှင် ရဟန်းတော်များအား ရှိခိုး၍နေ၏။

မြတ်စွာဘုရား သက်တော်ထင်ရှား ရှိစဉ်အခါက ရဟန်း တော်တို့တွင်များစွာသော ဆွမ်းနှင့် ဆွမ်းဟင်းများ ရကြ၏၊ ရဟန်းတို့က ကျန်သောထမင်းကို စားလော့ဟု ဆို၏၊ နွားရှင် ယောကျ်ားသည် ထမင်းဟင်းလျာတို့ကို စားပြီးနောက် အရှင် ဘုရားတို့ ယနေ့ဆွမ်းစားရှိ၍ ယနေ့ဆွမ်း ဆွမ်းဟင်းများ ရသလောဟုမေး၏၊ ရဟန်းတို့ကမဟုတ်ပေ၊ နေ့စဉ်ပင် ဤသို့ ဆွမ်း၊ ဆွမ်းဟင်းများရခဲ့၏ဟု မိန့်၏။

## ထွက်ချည်ဝင်ချည်စိတ်မတည်

နွားကျောင်းယောကျ်ားသည် ငါသည် ပင်ပင်ပန်းပန်း နေ့စဉ်အလုပ်လုပ်သော်လည်း ဤကဲ့သို့ စားဖွယ် သောက်ဖွယ် တို့ကို ကောင်းစွာမစားရ၊ ကောင်းကောင်းစားရအောင် ရဟန်း ပြုအံ့ဟုအကြံဖြစ်၍ ရဟန်းအဖြစ်ကိုတောင်းခံ၏၊ အခြားသော ရဟန်းတော်တို့အား ဝတ်ကြီးဝတ်ငယ်တို့ကိုပြုစုပေ၏၊ ရဟန်း ဘောင်တွင် အစားကောင်းစားရသဖြင့် ဝဝဖြိုးဖြိုးဖြစ်လာ၏၊ ရဟန်းဘဝတွင် ငြီးငွေ့လာပြန်၏၊ လူထွက်၏၊ လူ့ဘဝတွင် ပင်ပန်းပြီးအစားကောင်း မစားရပြန်သောအခါ ရဟန်းဝတ် ပြန်၏၊ ဤသို့ဖြင့် ခြောက်ကြိမ်တိုင်လူထွက်၏၊ ခြောက်ကြိမ် တိုင်ရဟန်းဝတ်ခဲ့၏၊ ရဟန်းတော်တို့က စိတ်အလိုကို လိုက်ပြီး လူထွက်လိုက်၊ ရဟန်းဝတ်လိုက်လုပ်နေသဖြင့် စိတ္တဟတ္ထမထေရ် ဟုခေါ်ကြကုန်၏။ ဤသူသာသနာ့ဘောင်သို့ ရောက်ခြင်းအား ဖြင့် ရဟန်းတို့အားဝတ်ကြီးဝတ်ငယ်လုပ်ကျွေးပြုစုသဖြင့်ရဟန်း တော်တို့၌ အကျိုးရှိသည်ဖြစ်၍ ရဟန်းဝတ်ခွင့်ပြုခြင်းဖြစ်ပေ၏။

## မယားအလှ တရားပြ

ဤသို့လူထွက်လိုက် ရဟန်းဝတ်လိုက်လုပ်နေယင်းပင် မယား ၌ကိုယ်ဝန်တည်လေ၏၊ တနေ့လယ်တောမှအပြန် အိမ်ခန်းသို့ အဝင်တွင် မိမိမယား အိပ်ပျော်နေသည်ကိုလှမ်း၍ ကြည့်မိ၏၊ မယားသည် ဗိုက်ကြီးတခွဲသားနှင့် အဝတ်ကျွတ်ကျွတ်အိပ်ပျော် ယင်း ပါးစပ်ကြီးကိုဟခါ ဟောက်၍ ပါးစပ်မှလည်း အရည် များစီးကျနေသည်ကိုမြင်လျှင် ထိုယောကျ်ား၌ ကြီးစွာသော သံဝေဂသည်ဖြစ်၏၊ မယားကိုဖူးဖူးရောင်သော သူကောင်ပုပ်

ကဲ့သို့မြင်၏၊ အနိစ္စ၊ ဒုက္ခတို့ကိုထင်မြင်လာ၏၊ ထို့ကြောင့်ပင် အိမ်၌ရှိသော သင်္ကန်းကိုအသာယူ၍ ရင်ဝယ်ပိုက်ခါ အိမ်မှ ဆင်းသွား၏။

အိမ်ရှေ့အိမ်၌နေသော ယောက္ခမသည် ထိုသင်္ကန်းကိုပိုက်၍ အိမ်မှဆင်းသွားသည်ကိုမြင်လျှင် သမီးအားနှိုး၍ပြော၏၊ သမီးက ''သွားပါစေ၊ နှစ်ရက်သုံးရက်ကြာပြန်လာမှာပါ''ဟု အေးအေးပင်ပြောလိုက်၏။

ထိုသူသည် ကျောင်းသို့သွားယင်း အနိစ္စ၊ ဒုက္ခရွတ်ဆိုလျက် သွားစဉ်ပင် အသုဘသညာထင်၍ သောတာပတ္တိဖိုလ်သို့ရောက်လေ၏။

ကျောင်းသို့ရောက်လျှင် ရဟန်းပြုခွင့်တောင်း၏။ ''သင်သည် အရှက်မရှိလှတကား ပြုမပေးနိုင်''ဟု ဆိုကြ၏။ ''ဤအကြိမ် ပြုပေးပါဦးလော့''ဟု တောင်းပန်၏။ ရဟန်းတို့သည် ထိုယောကျ်ား၏ ကျေးဇူးများလှသည်အဖြစ်ကြောင့် ရဟန်းဝတ်ပေးကြ၏၊ ထိုစိတ္တဟတ္ထရဟန်းသည်နှစ်ရက်သုံးရက်နှင့် သာလျှင် ပဋိသမ္ဘိဒါတို့နှင့်တကွ ရဟတ္တဖိုလ်သို့ရောက်လေ၏။

ရဟန်းတို့က စိတ္တဟတ္ထမထေရ်အား ''သင်သည် သည်တကြိမ် ရဟန်းဘောင်၌ကြာမြင့်လှချေတကား''ဟုဆိုကြ၏။ ''တပည့်တော်သည် ကိုယ်လက်နှီးနှော ရောယှက်ခြင်း၊ သံသဂ္ဂသည်ပြတ်ခဲ့ချေပြီ၊ ယခုတကြိမ် လူထွက်ရန် အကြောင်း မရှိတော့ပါ''ဟု လျှောက်၏။ ရဟန်းတို့သည် မြတ်စွာဘုရားအထံတော်သို့ ရောက်လျှင် စိတ္တဟတ္ထရဟန်းသည် ဤသို့သော စကားကို ဆိုပါသည် အရဟတ္တဖိုလ်ကိုဖြေပါသည် မဟုတ်မမှန်သည်ကို ဆိုပါသည်ဟု လျှောက်၏။

မြတ်စွာဘုရားက "ချစ်သားရဟန်းတို့ ငါ၏ သားတော် ဆိုသည့်အတိုင်း မှန်ပေ၏။

ငါ၏သားတော်တွင် မိမိ၏စိတ်သည် တစုံတခုတည်းသော အရာ၌ာနဲ့ ရပ်တည်ခြင်းမရှိသေးသောကာလ၊သူတော်ကောင်း တရားတို့ကို မသိသေးသောကာလ၌သာလျှင် အိမ်နှင့်ကျောင်း ကို မညောင်းမညာ၊ လူးလာတုံ့ခေါက် ပြန်လည်လျှောက်ခြင်း ကို ပြုပေ၏။ ဤယခုအခါ၌ ထိုအမျိုးကောင်း သားအား ကုသိုလ်ကောင်းမှုကိုရင်း၊အကုသိုလ်မကောင်းမှုကိုရင်း ပယ်အပ် လေပြီ"ဟု ဟောတော်မူပြီး၍၊

**(၃၇) အနဝဋ္ဌိတ စိတ္တဿ၊သဒ္ဓမ္မံ အဝိဇာနတော။**
**ပရိပ္လဝ ပသာဒဿ၊ ပညာ န ပရိပူရတိ။**

**(၃၉) အနဝဿုတ စိတ္တဿ၊ အနန္ဝာဟတ စေတသော။**
**ပုညပါပ ပဟီနဿ၊ နတ္ထိ ဇာဂရတော ဘယံ။**

(၃၈) မခိုင်တည်သောစိတ်ရှိထသော သူတော်ကောင်းတို့၏တရား ကို မသိမမြင်ထသော၊ မမြဲမမြံ ဖေါက်ပြန်ပျက်စီးလွယ်သော သဘောရှိထသောပုဂ္ဂိုလ်အား ဉာဏ်ပညာသည် မပြည့်လေ။

(၃၉) ရာဂဖြင့်မစွတ်စိုသောစိတ်ရှိထသော ဒေါသဖြင့် မရိုက်ခတ် သောစိတ်ရှိထသော ကုသိုလ်အကုသိုလ်ကိုပယ်အပ်ပြီးထသော မောဟတည်းဟူသော အိပ်ပျော်ခြင်းမှ နိုးကြားသောသူအား ကိလေသာဘေးရန်သည်မရှိ။

ဤသို့ဟောကြားတော်မူသည့်ဒေသနာတော်၏အဆုံး၌များ စွာသော လူအပေါင်းတို့အား အကျိုးရှိသည်ဖြစ်လေ၏။

**ဘုရားလောင်းပင်လျှင် တုန်လှုပ်သည့်ကိလေသာ**

နောက်တနေ့၌ ရဟန်းတို့သည် အချင်းချင်း ပြောဆိုကြ ကုန်၏၊ ငါ့ရှင်တို့ အရဟတ္တဖိုလ်သို့ရောက်ရမည့် ကုသိုလ်ကံ

အပြည့်အစုံရှိပါလျက် ကိလေသာ မှေ့နှောက်ချောက်ချားအပ်သည်ဖြစ်၍ ခုနစ်ကြိမ်ခုနစ်ခါတိုင်တိုင် ရဟန်းဖြစ်လိုက်၊ လူဖြစ်လိုက်ရှိရတုံသေး၏။ ကိလေသာတို့မည်သည် အလွန် ကြောက်စရာကောင်းလှ၏ ဟုပြောကြကုန်၏။

မြတ်စွာဘုရားသည် ချစ်သားရဟန်းတို့ အဘယ်စကားကို ပြောကြားကြသနည်းဟု မေးလျှင် ရဟန်းတို့က အကြောင်းစုံကို လျှောက်ထားသည့်အခါ၌ မြတ်စွာဘုရားက....

"ချစ်သားရဟန်းတို့။ကိလေသာဆိုသည်မှာ ဤအတိုင်းပင် အလွန်ကြောက်စရာကောင်းလှပေ၏။

ထိုကိလေသာတို့သည် ကိုင်တွယ်၍ရသော ရုပ်ဝတ္ထုသာဖြစ်ခဲ့ပါအံ့၊ ယင်းကိလေသာကို ထည့်သွင်းထားရန် နေရာသည် ဤလောကဓာတ်တိုက်ကြီး တခုလုံးပင်လျှင် အလွန် ကျဉ်းသေးသည်၏ အဖြစ်ကိုရင်း၊ ဗြဟ္မာ့ပြည်သည် နိမ့်သေးသည်၏အဖြစ်ကိုရင်း၊ ကိလေသာသည် ထားစရာ နေစရာ မရှိလောက်အောင်ဖြစ်ပေရာ၏။

ထိုကိလေသာမည်သည်ကား ငါကဲ့သို့ ပညာနှင့်ပြည့်စုံသော ယောကျ်ားအာဇာနည်ကိုသော်လည်း တုန်လှုပ်ချောက်ချားစေသေး၏၊ ကျန်သူတို့မှာကားအဘယ်ဆိုဘွယ်ရာ ရှိတော့အံ့နည်း" ငါကိုယ်တိုင်ပင်လျှင် ခြောက်ကြိမ်တိုင်တိုင် ရဟန်းပြုပြီးကာမှ လူထွက်ဘူးချေသည်"ဟု မိန့်တော်မူ၏။

ရဟန်းတို့က 'အရှင်မြတ်ဘုရား အဘယ်ဘဝ၌ပါသနည်း'ဟု လျှောက်ထားသော်၊ 'ချစ်သားတို့နာလိုကြမူ နာကြကုန်လော'ဟု အတိတ်ဝတ္ထုကို ဟောတော်မူ၏။

## ကုဒါလပဏ္ဍိတအတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုသည်ရှိသော် ကုဒါလပဏ္ဍိတ အမည်ရှိသော သူသည် သာသနာအပမှုဖြစ်သော ဗာဟိရက ရသေ့ပြု၍၊ ရှစ်လပတ်လုံး ဟိမဝန္တာ၌နေ၍ မိုးရွာသောအခါ အိမ်၌ကွမ်းစားတဝက်မျှ ရှိသော ပြောင်းလျင်မျိုးစေ့နှင့် ပေါက်တူးတုံးတလက်ကို မြင် ယောင်လာပြီး လူထွက်ခဲ့၏။ မိုးတွင်းကာလ မြေကိုပေါက်၍ ပြောင်းစေ့ကို စိုက်ပြီး မှည့်ရင့်သောကာလ၌နှုတ်၍ တကွမ်းစား မျှ မျိုးစေ့ချန်ပြီး ကျန်ပြောင်းများကို စားသောက်ရင်း ရဟန်း ပြုရန်တောသို့ထွက်ပြန်၏။ ဤသို့ပင်တောသို့ ရှစ်လကြာရဟန်းပြု နေပြီး၊ မိုးကျလျှင် လေးလမျှထွက်၍ စိုက်ပျိုးစားသောက်သည် မှာ ခြောက်နှစ်ကာလ ခြောက်ကြိမ်တိုင်မျှ ဖြစ်၏။ ခုနစ်ကြိမ် မြောက်ဖြစ်လာသောအခါ ပေါက်တူးနှင့် မျိုးစေ့ကို ကိုင်၍ စဉ်းစား၏၊ ဤပေါက်တူးတုံးနှင့် ဤမျိုးစေ့ကို သံယောဇဉ် တွယ်မိ၍ မကြာခဏ လူထွက်နေရသည်၊ ဤပေါက်တူးကို စွန့်ပစ် တော့အံ့ဟု ကုဒါလပဏ္ဍိတသည် ဂင်္ဂါမြစ်နားသို့သွား၍ ကျရာ အရပ်သို့ မြင်နေရလျှင် နှစ်မြော၍ ပြန်ကောက်မိနေဦးမည်၊ မမြင်အောင်ရေနက်ရာသို့ တအားလွှင့်ပစ်တော့မည်ဟု မျိုးစေ့ ထုပ်ကိုပေါက်တူးရိုးတွင်ချည်ပြီး မျက်စိကိုမှိတ်၍ ပေါက်တူးကို ဦးခေါင်းထက်၌ သုံးကြိမ်သုံးပတ် မွှေ့ရမ်းပြီး တအားလွှဲ၍ ပစ် လိုက်လေ၏။ မျက်စိဖွင့်၍ကြည့်လိုက်သောအခါ ပေါက်တူးကျ ရာအရပ်ကိုပင် မမြင်သည်ဖြစ်၍ ဝမ်းသာအားရ....

"အောင်ပြီ၊ အောင်ပြီ" ဟူ၍ ဟစ်ကြွေးလိုက်တော့ သတည်း။

## အောင်နိုင်သူနှစ်ဦး တွေ့ကြခြင်း

ဤသို့ ကုဒ္ဒါလပဏ္ဍိတ "အောင်ပြီ....အောင်ပြီ"ဟုဟစ်ကြွေး လိုက်သောခဏ၌ ဗာရာဏသီမင်းကြီးသည် ခိုးသားဓားပြတို့ကို နှိမ်နင်းပြီးပြန်အလာ သစ်ခက်တနန်းထိုး၍ နားနေခိုက် ဂင်္ဂါ မြစ်သို့ ရေဆင်းချိုးမည်ဟု ပြင်ဆင်နေစဉ် အတွင်း"အောင်ပြီ.... အောင်ပြီ"ဟုဟစ်ကြွေးနေသော အသံကြားရာအရပ်သို့သွား၍ ငါသည်စစ်ကိုနိုင်၍ "အောင်ပြီ.... အောင်ပြီ"ဟု ကြွေး ကြော်လာခဲ့သူဖြစ်သည်၊ ယခုသင်က "အောင်ပြီ"ဟု အော် ပြန်သည်။သင်ကဘာကိုအောင်၍ အော်သနည်းဟု မေး၏။

ကုဒ္ဒါလပဏ္ဍိတက

"အရှင်မင်းကြီးသည်အပြင်မှရန်ကိုအောင်ပါ၏၊ယခုအောင် ခဲ့သော်လည်း နောက်ထပ်တဖန်အောင်လိမ့်မည်မဟုတ်၊ ငါသည် ကား အဇ္ဈတ္တိကကိုယ်တွင်း၌ဖြစ်သော လောဘတည်းဟူလော ခိုးသူကိုအောင်အပ်ပေ၏။ ထိုလောဘတည်းဟူသော ခိုးသူသည် ငါ့ကိုတဖန် ပြန်၍ အောင်နိုင်ခြင်းကား စွမ်းလိမ့်မည်မဟုတ်၊ ငါသည်ငါ့အား အောင်နိုင်ခြင်းသဘောမရှိသော အောင်ခြင်း သည်သာ အလွန်အကြူးအထူးကောင်းသော အောင်ခြင်းပေ တည်းဟု"ဟောပြောသည့်ကာလ ထိုခဏ၌ပင်လျှင် ဂင်္ဂါမြစ် ကိုကြည့်၍ အာပေါကသိုဏ်းကိုဖြစ်စေ၍ စျာန်တရားကိုရပြီး၊ ကောင်းကင်၌ ထက်ဝယ်ဖွဲ့ခွေနေလေ၏။

## ခုနစ်ပြည်ထောင်မင်းများ တောထွက်ခြင်း

ဗာရာဏသီမင်းသည် ဤတရားကို ကြားနာရသည့် အခါ မျာ းစွာနှစ်သက်ခြင်းဖြစ်၍ ရဟန်းပြုလေ၏၊ နောက်ပါ အခြွေ အရံစစ်သည်တို့လည်း ရဟန်းပြုကြလေကုန်၏။

ဗာရာဏသီပြည် အနီးအပါးမှမင်းတို့သည် ဗာရာဏသီပြည်ကိုတိုက်ခိုက်ရန်လာကြရာ တိတ်ဆိတ်ငြိမ်သက်ခြင်းကို တွေ့ကြရသဖြင့် အကြောင်းကိုစုံစမ်းရာမှ ကုဒ္ဒါလပဏ္ဍိတရသေ့နှင့် တွေ့၍ရဟန်းပြုကြပြန်၏၊ ဤသို့လျှင် ခုနစ်ပါးသော ပြည့်ရှင်မင်းတို့ရသေ့ ရဟန်းပြုကြရာ ခုနစ်ယူဇနာမျှကျယ်ဝန်းသော ကျောင်းနေရာသည်ဖြစ်၏။

ဘုရားလောင်းရသေ့သည် စုတေ့သောအခါ ဗြဟ္မာ့ပြည်သို့လားရလေ၏။

မြတ်စွာဘုရားသခင်သည် ဤဓမ္မဒေသနာတော်ကို ဆောင်တော်မူ၍ ထိုစဉ်ကငါဘုရားသည် ကုဒ္ဒါလပဏ္ဍိတ ဖြစ်ဖူးသည်၊ ချစ်သားတို့ ကိလေသာသည် ဤသို့ဖြင့် အလွန်တရာ ဝန်လေးလှသည်သာတည်းဟူ၍ ဟောကြားတော်မူ၏။

**(ဓမ္မပဒစိတ္တဝဂ် ငါးခုမြောက်၊ စိတ္တဟတ္ထမထေရ်ဝတ္ထု ပြီး၏)**

✲ ✲ ✲ ✲

## ၃။ စိတ္တဝဂ်

## ၆။ မြေအိုးပမာ ဤခန္ဓာ

(ရဟန်းငါးရာတို့ အကြောင်း)

မြေအိုးပမာ ဤခန္ဓာ၊
မရှည်မကြာ ပျက်စီးမှာ၊
ကစ်ငြိတွယ်တာ မရှိရာ၊
ဝိပဿနာ အားထုတ်ခါ၊
ထိုးစစ်ဆင်ပါ ကိလေသာ။

(ကုမ္ဘဂ္ဂုပမံ) အစခံသော ဤဒေသနာတော်ကိုသာဝတ္ထိပြည် ကြီး၌ ဝိပဿနာ အား ထုတ် သည့် ရဟန်း အပေါင်းတို့ကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

## ဝတ္ထုကြောင်းကား ဤသို့တည်း

သာဝတ္ထိပြည်၌ငါးရာမျှလောက်သောရဟန်းတို့သည် ဘုရား သခင်ထံ၌ ကမ္မဋ္ဌာန်းတရားကို ယူပြီးသော် တရားအားထုတ်အံ့ သောငှာ တောသို့ဝင်ကြကုန်၏။

တော၌ရှိကြကုန်သောနတ်တို့သည် ငါတို့မှာ သားမယားနှင့် တကွ၊ သစ်ပင်ဗိမာန်ဖြင့် အထက်မှနေကြရသည်မှာ မသင့်ဟု မြေသို့သက်၍ နေကြကုန်၏။ ရဟန်းတော် တို့ သည် မြို့တွင်း၌ ဆွမ်းခံပြီး တောသို့ ပြန်ကြလာသောအခါ၊ ဤဒေသမှ နောက် တနေ့အတွက် ဆွမ်းပင့်ထား၍သာ ပြန်ကြလာသည်ဟု တနေ့ တညလုံး မြေ၌သာနေကြကုန်၏။ ရဟန်းတော်တို့သည် နောက် တနေ့ ဆွမ်းခံပြီး တောသို့ပြန်ဝင်လာ၍ ဆွမ်းစားပြီး တရားကို အားထုတ်၍နေကြသည်ကို မြင်ရလေလျှင်၊ ဤရဟန်းတော်တို့ သည် ဤအရပ်၌ ဝါဆိုကြလိမ့်မည်။ ငါတို့သည် သားမယားနှင့် တကွ မြေ၌ ကြာရှည် အဘယ်သို့ နေနိုင်အံ့နည်း၊ ရဟန်းတော်တို့ ဤအရပ်၌ မနေနိုင်အောင် ချောက်လှန့် နှင်ထုတ်ကြကုန်အံ့ဟု တိုင်ပင်ကြကုန်၏။

ညချမ်းအခါ ရဟန်းတော်တို့သည် နှာစေးချောင်းဆိုးခြင်း၊ မူးမော်ခြင်း ဝေဒနာအမျိုးမျိုးတို့ဖြစ်ကြ၏။အချို့မှာဦးခေါင်း ပြတ်ကြီးကို မြင်၍ လန့်ကြကုန်၏။ အချို့ ရဟန်းတော်တို့မှာ ဦးခေါင်းမရှိသော အပိုင်းပိုင်းပြတ်သည့် ခန္ဓာကိုယ်ကို မြင်ကြရ ကုန်၏၊နံနက်သို့ရောက်လျှင် ရဟန်းတော်တို့ စည်းဝေး၍ နတ်တို့

သည် ငါတို့အား ဤအရပ်၌ မနေစေလို၍ဖြစ်သည်ဟု ကျောင်းတော်သို့ ပြန်ကြကုန်၏။ မြတ်စွာဘုရားက 'ချစ်သားတို့ အဘယ့်ကြောင့် ပြန်လာကြကုန်သနည်း'ဟု မေးတော်မူ၏။ ရဟန်းတော်တို့က အကြောင်းစုံ လျှောက်ထားလေလျှင်၊ မြတ်စွာဘုရားသခင်က 'အသင်တို့သည် ဤအရပ်သို့သာ ပြန်၍သွားကြလော့'ဟု မိန့်တော်မူ၏။ ရဟန်းတို့ကတပည့်တော်တို့မသွားဝံ့ပါဟုလျှောက်၏။

**မေတ္တာသုတ် တန်ခိုးတော်**

မြတ်စွာဘုရားသခင်ကချစ်သားတို့သွားသာသွားကြကုန်လော့ ချစ်သားတို့အား ငါဘုရားသည် လက်နက်ကောင်းတခုကိုပေးလိုက်မည်၊ ဤလက်နက်ကိုယူသွားကြကုန်လော့ဟုမိန့်တော်မူပြီး၊

**ကရဏီယ မတ္တကုသလေန၊**

အစရှိသော မေတ္တာသုတ်ပရိတ်တော်ကို ဟောကြားတော်မူ၍ 'ချစ်သားရဟန်းတို့ ဤသုတ္တံဒေသနာဇတော်ကို တောအုပ်သို့ ဝင်သည်မှစ၍ ရွတ်ဖတ်သရဇ္ဈာယ်ပြီး ဝင်ကြကုန်လော့'ဟု မိန့်တော်မူပြီး၊

ရဟန်းတော်တို့သည် မြတ်စွာဘုရား အမိန့်တော်အတိုင်း မေတ္တာသုတ်တော်ကို စုပေါင်း ရွတ် ဆို ၍ သွား ကြ ကုန် သည် ရှိသော်၊ တောအုပ်ရှိ နတ်အားလုံးတို့သည် မေတ္တာဓာတ်ကိုရရှိကြပြီး ထိုရဟန်းတို့အား ခရီးဦးကြိုပြုကြကုန်၏။ သပိတ်သင်္ကန်းလှမ်းယူပါရစေဟုဆိုကြကုန်၏၊ ခြေဆုပ်လက်နယ်ပြုပါရစေဟု ပန်ကြားကြကုန်၏။

**ရဟန်းငါးရာတို့ ရဟန္တာဖြစ်ကြခြင်း**

မေတ္တာသုတ်တော်၏ အစွမ်းကြောင့် နတ်တို့၏ ကြည်ညိုချစ်ခင်နှစ်သက်ခြင်းကိုရရှိပြီး ချမ်းသာစွာ ဝိပဿနာတရားကို

အားထုတ်နိုင်၏၊ ပျက်စီးတတ်သော ခယဝယကိုထင်စေပြီး၊ ဤခန္ဓာကိုယ်သည် အမြဲမတည်သော သဘောကြောင့် မီးဖြင့်မဖုတ်ရသော အိုးစိမ်းနှင့်တူသည်ဟု ဝိပဿနာကို ပွားများကြကုန်၏။

မြတ်စွာဘုရား သခင်သည် ယူဇနာ တရာမျှ ဝေးသော သာဝတ္ထိပြည် ဂန္ဓကုဋိတိုက်မှ ရဟန်းတော်တို့အား ရှုကြည့်တော်မူပြီး ခြောက်သွယ်သော ရောင်ခြည်တို့ကိုလွှတ်လျက် ရဟန်းတော်များရှေ့၌ ပကတိကိုယ်တော်တိုင် ထင်ရှားတိတိ မြင်သိသော အဆင်းသဏ္ဌာန်တော်ဖြင့်

(၄၀) ကုမ္ဘူပမံ ကာယမိမံ ဝိဒိတွာ၊
နဂရူပမံ စိတ္တမိဒံ ဌပေတွာ။
ယောဓေထ မာရံ ပညာဝုဓေန၊
ဇိတဉ္စ ရက္ခေ အနိဝေသနော သိယာ။

(၄၀) ဤခန္ဓာကိုယ်ကား မြေအိုးကဲ့သို့ ခဏနှင့် ပျက်တတ်သည်ဟု ဉာဏ်ဖြင့်သိ၍ ရန်သူမဝင်နိုင်အောင်ကြံ့ခိုင်သော ခံတပ်မြို့ကြီးသဖွယ်ဖြစ်သော ဤဝိပဿနာစိတ်ကိုဖြစ်စေ၍ ပညာတည်းဟူသောလက်နက်ဖြင့် ကိလေသာမာရ်ရန်သူအပေါင်းကိုစစ်ထိုးကုန်ရာ၏။ အောင်၍ရအပ်သော ချမ်းသာပါတ်စသည်တို့ကိုလည်း အဖန်တလဲလဲ အမြဲမကွာ စောင့်ရှောက်ရာ၏။ ချမ်းသာ၌ သာယာတပ်ငြိခြင်းမရှိသည်လည်း ဖြစ်ရာ၏၊

ဒေသနာတော်အဆုံး၌ ငါးရာကုန်သော ရဟန်းတို့သည် ထိုင်တော်မူကြ ကုန်သော နေရာ၌ ပင်လျှင် ပဋိသမ္ဘိဒါတို့နှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်တော်မူကြကုန်ပြီး မြတ်စွာဘုရား၏ ကျောင်းတော်သို့ ကြွသွားကြကုန်၏။

**ဓမ္မပဒစိတ္တဝဂ်ခြောက်ခုမြောက်သော ရဟန်းငါးရာတို့၏ ဝတ္ထုပြီး၏။**

# ၃။ စိတ္တဝဂ်

## ၇။ အသုံးမကျ-၍ကာယ

(ပူတိဂတ္တတိဿမထေရ်ဝတ္ထု)

ထင်းတုံးပမာ ၍ခန္ဓာ
ဝိညာဉ်ကင်းကွာ-စွန့်ပစ်မှာ၊
တွယ်တာစရာ ဘယ်ရှိပါ၊
ရှုဆင်ခြင်ပါ-ဘာဝနာ။

(အစိရံ ဝတ ယံ ကာယော) အစရှိသော ဒေသနာတော်ကို သာဝတ္ထိပြည်၌ ပူတိဂတ္တတိဿမထေရ်အား အကြောင်းပြု၍ ဟောတော်မူ၏။

### ဝတ္ထုကြောင်းကား ဤသို့တည်း

သာဝတ္ထိ ပြည် မှ အ မျိုး ကောင်း သား တ ယောက် သည် သာသနာတော်၌ ရဟန်းပြုရာ တိဿမထေရ် အမည် တွင်၏၊ ကာလကြာလျှင် ထိုတိဿမထေရ်၌ မုန်ညင်းစေ့ အရွယ်မှ တစ တစ ဖီးဖူးသီး၊ ဥသျှစ်သီးပမာဏအထိ အဖုအကြိတ်တို့နှင့်တကွ တကိုယ်လုံး အနာတို့သည် အရိုးသို့တိုင် ပေါက်လေ ကုန်၏။ သက်န်းတို့တွင်သွေးပြည်တို့သည် အလိမ်းလိမ်း အကျံကျံ ရှိကြ၏။ အတူနေရဟန်းတို့သည် ရက်ရှည်ကြာလျှင်ပြုစုခြင်းငှာမစွမ်း နိုင်၍ စွန့်ခွာသွားကြလေ၏၊ တိဿမထေရ်သည် ပူတိဂတ္တတိဿ ဟူသောအမည်ဖြင့် တပါးတည်းသာခွေလျောင်း၍ ဝေဒနာကို ခံစားနေရရှာတော့သည်။

## ဂီလာန ရဟန်းကို ဘုရားရှင်ကိုယ်တိုင်ပြုစုခြင်း

မြတ်စွာဘုရားသခင်သည် နံနက် မိုးသောက် အရုဏ်ရောက်စ ခါသမယ၌ လောကကိုရွှေဉာဏ်တော် ကွန်ရက်ဖြင့် ကြည့်ရှုလေသည်ရှိသော်၊ တိဿမထေရ်၏ ဒုက္ခကိုမြင်တော်မူပြီး အရဟတ္တဖိုလ်၏ရောက်အံ့သော အကြောင်းကိုသိတော်မူသဖြင့် ကြွသွားပြီး ကိုယ်တော်တိုင်မီးတင်းကုပ်၌ ရေနွေးကိုကျို၍ ထိုရေနွေးဖြင့် တိဿမထေရ် အိပ်ရာ ညောင်စောင်းသို့ချဉ်းကပ်လေလျှင်အခြားသော ရဟန်းတော်တို့က မြင်ကြသည့်အခါ

"အရှင်မြတ်ဘုရား တပည့်တော်တို့ ပြုစုပါမည်၊ အရှင်ဘုရား စံတော်မူပါ"ဟု လျှောက်ထားကြ၏။

ဘုရားသခင်သည် ရဟန်းတို့အား သရက်ခေါက်ကိုခွာယူ၍ ပြုတ်စေပြီး သရက်ခေါက်ပြုတ်ရည်ဖြင့် တိဿမထေရ် ဝတ်ရုံသောသင်္ကန်းကို သွန်းလောင်း၍ ခွာယူစေ၏၊ ထိုသင်္ကန်းကို ရေနွေးဖြင့် ဖွပ်လျှော်ပြီး နေပူလှမ်းစေ၏။ တိဿမထေရ်ထံ၌ ရပ်တန့်တော်မူပြီး ကိုယ်ကိုရေနွေးဖြင့်သွန်းလောင်း၍ ပွတ်တိုက်ချိုးစေ၏၊ ဖွပ်လျှော်သောသင်္ကန်း ခြောက်သွေ့လျှင် လဲလှယ် ဝတ်ရုံပေးသောသင်္ကန်းကို တဖန် သရက်ခေါက်ပြုတ်ရည်ဖြင့် ဆွတ်ဖြန်း၍ခွါစေပြီး ဖွပ်လျှော်စေပြန်က ကိုယ်ကိုဖန်ရည်ဖြင့် ငြင်သာစွာဆေးစေပြန်၏၊ ဤသို့သင်္ကန်းကိုလဲလှယ်ဖွပ်လျှော်၍ ခန္ဓာကိုယ်ကို ဆေးကြောပေးသောအားဖြင့် တိဿမထေရ်မှာ စိတ်နှလုံးပေါ့ပါးသွားပြီး တည်ငြိမ်၍သက်သာရရှာ စိတ်နှလုံးကြည်ကြည်စွာဖြင့် ညောင်စောင်းထက်၌ မှိန်း၍နေ၏။

မြတ်စွာဘုရားသခင်သည် ခေါင်းရင်း၌ ရပ်တန့်၍

"ချစ်သားပူတိဂတ္တ၊ သင်၏သုံးဆယ့်နှစ်ပါးကုန်သော ကောဋ္ဌာသအစုတို့နှင့်အလျားတလံ အနံတထွာမျှ လောက်သာရှိသော ဤခန္ဓာကိုယ် အကောင် ပုပ် သည် ဝိဉာဏ် ကင်းမဲ့သွားလျှင် သင်၏ခန္ဓာမှာအသုံးမကျသော ထင်းဖွဲ့ကဲ့သို့မကြာမြင့်မီပင်လျှင် မြေပြင်ထက်၌ စွန့်ပစ်ခြင်းခံရတော့တကား" ဟု မိန့်တော်မူ၍

**(၄၁) အစိရံ ဝတ ယံ ကာယော၊ ပထဝိံ အဓိ သေဿတိ။
ဆုဒ္ဒေါ အပေတဝိညာဏော၊ နိရတ္ထံဝ ကလိင်္ဂရံ။**

(၄၁) ဤခန္ဓာကိုယ်အကောင်ပုပ်သည် ဇီဝိန်ချုပ်ခြင်းဝိဉာဏ်ကင်းသည့်အခါ အသုံးမကျသောထင်းဖွဲ့ကဲ့သို့ မကြာမြင့်မီ မြေပြင်ထက်၌ စွန့်ပစ်ခြင်း ခံရလတံ့သည်တကား။

ဒေသနာတော်၏အဆုံး၌ ပုတိဂတ္တတိဿမထေရ်သည် ပဋိသမ္ဘိဒါတို့နှင့်တကွ အရဟတ္တဖိုလ်ကိုရသော ခိဏာသဝ အစစ်ရဟန္တာဖြစ်၍ ထိုဓမ္မ၌ပင် ပရိနိဗ္ဗာန်စံယူလေ၏။ များစွာကုန်သောသူတို့သည် သောတာပန် အစရှိသည် ဖြစ်ကြကုန်၏။

မြတ်စွာဘုရားသခင်သည် ပုတိဂတ္တမထေရ်၏ ရုပ်အလောင်းကို သင်္ဂြိုဟ်စေပြီးကာလ ဓာတ်တော်တို့ကိုယူစေ၍ စေတီတည်စေတော်မူ၏။

## အတိတ်ကဇာတ်ကြောင်း

ရဟန်းတို့က လျှောက်ထားသဖြင့် မြတ်စွာဘုရားသခင်က ငါ၏သားတော်ပုတိဂတ္တမထေရ်သည် မိမိပြုအပ်သောဘဝကံ၏ စီမံခြင်းကိုသာခံရရှာသည်ဟု အတိတ်ဇာတ်ကြောင်းကို ဟောကြားတော်မူ၏။

ရှေးအခါကာလ ကဿပဘုရားသခင်လက်ထက် ငှက်မုဆိုး အတတ်ဖြင့်ငှက်အပေါင်းတို့ကို ဖမ်းဆီးသတ်ဖြတ်လျက်ရောင်းချ စားသောက်ခဲ့ဘူး၏၊ ရောင်း၍မကုန်သောငှက်တို့ကို နောက်နေ့ များဘွင်ရောင်းချနိုင်ရန်အလို့ငှါ အတောင်အရိုးတို့ကိုရိုက်ချိုး၍ ထားခဲ့၏။ ငှက်အပေါင်းတို့မှာ ပြင်းစွာသော ဝေဒနာနှင့် မသေ မရှင် ခံစားနေကြရ၏။

တနေ့တွင် ရဟန္တာမထေရ်မြတ်တပါး ဆွမ်းခံကြွလာသည် ကိုမြင်လျှင် ကြည်လင်သောသဒ္ဓါတရားဖြင့် အိမ်၌ကောင်းစွာ ချက်ပြုတ်၍ ထားအပ်သောဟင်းလျာတို့ကို သပိတ်တွင် လောင်း လှူ၍ ရိုသေစွာ ရှိခိုးပြီးသော်၊ ဤလောင်းလှူရသော ကောင်းမှု ကံကြောင့် အရှင်ဘုရားတို့ သိမြင်တော်မူအပ်သော တရားတော် ကို သိမြင်၍ ပြီးဆုံးခြင်းသို့ရောက်ရပါလို၏ အရှင်ဘုရား။

ဆု တောင်း လျှောက် ကြား လျှင် ရဟန္တာမထေရ်ကလည်း မချွတ်ကုံလုံပြည့်စုံစေသတည်းဟု အနုမောဒနာပြုတော်မူပြီး ကြွ သွားလေ၏။

ချစ်သားတို့ မုဆိုးဘဝက ငှက်တို့ကိုမသေမရှင်ရိုက်ချိုးနှိပ် စက်ခဲ့သည်၏ကံသည် ဘဝအတန်တန်ခံစားခဲ့ရပြီး ယခုဘဝ၌ ပင်လျှင် ထိုကံ၏အကျိုးဆက်ကြောင့် ကိုယ်လုံးပုပ်သိုးအရိုးကွဲဖျံ ခြင်း ဖြစ်ရလေသည်။

ရဟန္တာပုဂ္ဂိုလ်အား ကြည်ညိုသဒ္ဓါပေးလှူအပ်သော အကျိုး ဆက်ကံနှင့်တော်တအပ်သောတရားထူးကိုရရှိပြီး အရဟတ္တဖိုလ် သို့ရောက်ရလေသည်ဟု မိန့်ကြားတော် မူလေသတည်း။

**ဓမ္မပဒစိတ္တဝဂ်ခုနစ်ခုမြောက်သောပူတိဂတ္တတိဿမထေရ်**
**ဝတ္ထုပြီး၏။**

## ၃။ စိတ္တဝဂ်

## ၈။ အတွင်းစိတ်သာကြောက်စရာ

(နန္ဒဂေါပါလကဝတ္ထု)

ရန်သူသည် မိမိရန်သူတယောက်အား ဤဘဝ
တွင်သာ အကျိုးမဲ့မှုကို ပြုနိုင်ရာ၏။
မိမိ၏ အဇ္ဈတ္တသန္တာန်၌ရှိသော အကုသိုလ်
စိတ်သည် ကား — မိမိကိုယ်ကို၊ ဘဝသံသရာ
တလျှောက်လုံး ဆိုးယုတ်အောင်ပြုနိုင်လေ၏။

(ဒိသောဒိသံ) အစခံသောဤဂါထာကို ကောသလတိုင်း ဇနပုဒ်၌နန္ဒမည်သော နွားကျောင်းသားကို အကြောင်းပြု၍ ဟောတော်မူ၏။

### ဝတ္ထုကြောင်းကား ဤသို့တည်း

သာဝတ္ထိပြည် အနာထပိဏ်သဌေးကြီး၏ နွားပေါင်းများစွာကို ထိန်းသိမ်းရသော နန္ဒအမည်ရှိသော နွားထိန်းမှူးသည် များစွာချမ်းသာကြွယ်ဝ၏၊ တခါတရံ ငါးပါးကုန်သောနွားနို့အရသာတို့ကိုယူ၍ အနာထပိဏ်သဌေးကြီးမှတဆင့် မြတ်စွာဘုရားထံဆက်ကပ်ပြီး မိမိ၏အရပ်ဒေသသို့ ကြွလာတော်မူပါရန် အထပ်ထပ်လျှောက်ထား၏။

မြတ်စွာဘုရားသခင်သည် နန္ဒဂေါပါလက၏ ရင့်ကျက်ချိန်ကိုငံ့လင့်၍ အခြားဒေသသို့ဒေသစာရီကြွချီတော်မူပြီးနောက်မှ နန္ဒဂေါပါလကထံကြွရောက်ချိန်တန်သဖြင့် နန္ဒဂေါပါလက၏ အနီးသစ်ပင်ကြီး၏ခြေရင်းတွင် ရဟန်းပေါင်းများစွာခြံရံလျက်

သီတင်းသုံးတော်မူလေ၏၊နန္ဒဂေါပါလကသည် အထူးထူးသော ခဲဖွယ်ဘောဇဉ်တို့ဖြင့် ခုနစ်ရက်ပတ်လုံးကပ်လှူ၏၊ ခုနစ်ရက်စေ့လျှင် တရားအနုမောဒနာကို ပြုတော်မူရာ နန္ဒဂေါပါလကသည် သောတာပတ္တိဖိုလ်၌ တည်လေ၏။

မြတ်စွာဘုရားသခင်ပြန်လည်ကြွချီတော်မူရာသို့ နန္ဒဂေါပါလကသည်ခရီးအတန်ဝေးသည့်အထိသပိတ်တော်ကိုထမ်း၍လိုက်ပါပို့ဆောင်ရာ ဘုရားသခင်က နန္ဒဂေါပါလကအား ဒကာတော် ဤနေရာမှပြန်လေတော့ဆိုကာမှ ပြန်ခဲ့လေ၏။

လမ်းတွင် နန္ဒဂေါပါလကသည် မုဆိုးတယောက်စောင့်ကြို ပစ်ခတ်သော မြှားချက်ဖြင့် လမ်းပေါ်တွင်ပင်သေဆုံးရလေ၏၊ နောက်မှကြွလာသော ရဟန်းတော်တို့ နန္ဒ၏အလောင်းကို မြင်လေလျှင် မြတ်စွာဘုရားထံအမှီလိုက်၍ အကြောင်းကိုလျှောက်ထားလေ၏။

ဘုရားသခင်က

“ချစ်သားတို့။ နန္ဒဂေါပါလကသည်ဤခရီးလမ်းသို့မသွားသည့်တိုင် ဤနေ့ ဤရက် ဤအချိန်အခါတွင် သေရမည်မုချပင်ဖြစ်သည်၊ သေခြင်းမှလွတ်မြောက်ရန် အကြောင်းမရှိပါချေ။

ရန်သူတို့သည် နန္ဒဂေါပါလကအား ဤတဘဝတွင်သာ သတ်ဖြတ်ဖျက်ဆီးခြင်းပြုနိုင်လေရာ၏။ ကိုယ်တွင်းရန်သူဖြစ်သော မိစ္ဆာအကြံဖြင့်ဆောက်တည်အပ်သော အကုသိုလ်စိတ်သည် မိမိကိုယ်ကို ဘဝများစွာသံသရာ၌ယုတ်မာလေအောင်ပြုနိုင်၏။

နန္ဒဂေါပါလကသည် ဤမကောင်းယုတ်မာသောစိတ်မှ ပယ်ခွာကင်းလွတ်ခဲ့ပြီးဖြစ်ပေ၏”ဟူ၍ အောက်ပါ ဒေသနာတော်ကို ဟောကြားတော်မူလေ၏။

(၄၂) ဒိသော ဒိသံ ယံတံ ကယိရာ၊ဝေရီ ဝါ ပန ဝေရိနံ။
မိစ္ဆာ ပဏိဟိ တံစိတ္တံ၊ပါပိယော နံ တတော ကရေ။

(၄၂) ခိုးသူတယောက်သည် ခိုးသူတယောက်ကို တနည်းအားဖြင့် ရန်ငြိုးထားသောသူတယောက်သည် မိမိရန်ငြိုးထားသူအား ဤဘဝတွင်သာ အကျိုးမဲ့ကိုပြုနိုင်ရာ၏။ ထိုခိုးသူရန်သူတို့ထက် မိမိ၏ မကောင်းသော အတွင်းစိတ်သည် ဘဝပေါင်းများစွာ ယုတ်မာလေအောင် ပြုနိုင်လေသည်သာလျှင်တည်း။

ဒေသနာတော်၏အဆုံး၌ များစွာကုန်သော လူအပေါင်းတို့သည် သောတာပတ္တိဖိုလ်၌ တည်ကြလေကုန်၏။

(ဓမ္မပဒစိတ္တဝဂ်ရှစ်ခုမြောက်သော နန္ဒဂေါပါလကဝတ္ထုပြီး၏)

※ ※ ※ ※

၃။ စိတ္တဝဂ်

## ၉။ ကိုယ့်ကိုယ်တွင်းမှာချမ်းသာရှာ

(သောရေယျ သဌေးသားဝတ္ထု)

ချမ်းသာအစစ်ကို အမိသည်လည်း မပေးနိုင်၊ အဖသည်လည်း မပေးနိုင်၊ ဆွေမျိုးညာတကာတို့သည်လည်းမပေးနိုင်။

ကောင်းစွာဆောက်တည်အပ်သော မိမိစိတ်သည်သာလျှင် ချမ်းသာအစစ်ကိုပေးစွမ်းနိုင်၏။

(နတံ မာတာပိတာ ကယိရာ) အစဖြာသော ဓမ္မဒေသနာတော်ကို ဇေတဝန်ကျောင်းတော်၌ သောရေယျ သဌေးသားကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

## ဝတ္ထုကြောင်းကား ဤသို့တည်း

သောရေယျမြို့၌ သောရေယျသဌေးသားသည် သူငယ်ချင်းတယောက်နှင့်အတူ အခြံအရံများနှင့် လှည်းယာဉ်စီးလျက် ရေချိုးခြင်းငှာ မြို့မှထွက်လာ၏။

အရှင်မဟာကစ္စည်း၊မဟာထေရ်သည် သောရေယျမြို့တွင်းသို့ ဆွမ်းခံဝင်ရန် နှစ်ထပ်သင်္ကန်းကိုဝတ်ရုံ၍နေတော်မူခိုက် သဌေးသားသည် ရွှေအဆင်းကဲ့သို့ အဆင်းရှိသည်ကို မြင်၍ ဤမထေရ်သည် ငါ၏မယားဖြစ်လျှင်ကောင်းလေစွ၊ ငါ၏မယားသည် ဤမထေရ်၏ကိုယ်အဆင်းရှိလျှင် ကောင်းလေစွဟု စိတ်တွင်း၌ကြံစည်၍ ပြစ်မှားလိုက်၏၊ ထိုသို့ပြစ်မှားခိုက်တွင်ပင် သဌေးသား၏ယောကျ်ားအဖြစ်သည် ကွယ်ပျောက်၍ မိန်းမလိင်သည် ပေါ်ပေါက်လာ၏၊ သဌေးသားသည် အလန့်တကြား ရှက်ကြောက်လှ၍ လှည်းပေါ်မှ ထွက်ပြေးလေ၏၊ သဌေးသား၏ မိတ်ဆွေများသည် လိုက်လံ ရှာဖွေကြသော်လည်း မတွေ့၍ မိဖတို့ကိုအကြောင်းကြား၏၊ မိခင်ဖခင်တို့လည်း နေရာအနှံ့ ရှာဖွေကြသော်လည်း မတွေ့သည့်အဆုံး၌ သေသူတို့ပြုအပ်သော အလှူကို ပြုကြကုန်၏၊ ထိုသဌေးသားသည် မိန်းမ၏ အသွင်အပြင်အဝတ်အဆင်တို့ဖြင့် တက္ကသိုလ်ပြည်သို့ သွားသောလှည်းတွင် လက်စွပ်ကိုပေး၍စီးကာသွားပေ၏။

ထိုသူတို့သည် ဤမိန်းမချောမွေ့လှပခြင်းကို သိမြင်ကြပြီး ငါတို့၏ သဌေးသားနှင့် သင့်တော်ပေ၏ဟု သဌေးသားကိုပြသော် မြင်လျှင်မြင်ခြင်း ချစ်ခင်ခြင်းရှိသဖြင့် အိမ်ရှင်မယားအဖြစ်သိမ်းပိုက်လိုက်၏။

## ယောကျ်ားစင်စစ် မိန်းမဖြစ်

ဤသောရေယျသဌေးသားသည်ရှင်မဟာကစ္စည်းမထေရ်မြတ်ကို မကြံစည်အပ်သော အကြံဖြင့် ကြံစည်ပြစ်မှားမိခြင်းကြောင့် တဘဝတည်းမှာပင် မိန်းမအဖြစ်သို့ရောက်ရှိပြီး တက္ကသိုလ်ပြည်၌ လင်သားရ၍ ခလေးနှစ်ယောက်ပင် ဖွားမြင်ခဲ့သည်ဖြစ်၏။ ထိုသဌေးသားသည်သောရေယျမြို့၌ဇနီးမယားရှိခဲ့သည်ဖြစ်ရာ၊သားနှစ်ယောက်ပင်ရခဲ့၏။ သို့အားဖြင့် ယောကျ်ားဘဝတွင် သားနှစ်ယောက် မိန်းမဘဝတွင် သားနှစ်ယောက်ရခဲ့လေသတည်း။

တနေ့သောအခါ သောရေယျပြည်မှ သူငယ်ချင်းသည် တက္ကသိုလ်ပြည်သို့ရောက်လာ၏၊ထိုမိန်းမသည် သူငယ်ချင်းကိုမြင်သည်ရှိသော် အခေါ်လွှတ်စေ၍ အိမ်၌ပင် ပြုစုကျွေးမွေးပေ၏၊ သောရေယျပြည်သား သူငယ်ချင်းက ချစ်နှမ သင့်ကို ငါတို့မသိပါဘဲ အဘယ့်ကြောင့် ငါတို့ကို ကြီးကျယ်ခမ်းနားစွာ ပြုစု ကျွေးမွေးပေသနည်းဟုမေးသည်ရှိသော်၊ထိုမိန်းမက အသင်တို့ကို ငါသိပါသည်၊ သောရေယျမြို့က မဟုတ်ပါလောဟု မေး၏။ ထို့နောက်မိခင် ဖခင်နှင့် ဇနီးမယား သားနှစ်ယောက်တို့၏ အမည်ကို ဖေါ်ပြ၍ သူတို့ကျန်းမာစွာ ရှိပါသလောဟု မေး၏။ သူငယ်ချင်းက သူတို့ကို သင်သိသလောဟုမေးလျှင် ငါ၏မိဘသားမယားများဖြစ်ပေသည်ဟုဆိုသော်၊ ထိုသဌေးတွင်တဦးတည်းသော သားသာရှိသည်၊ငါတို့နှင့်အတူရေချိုးဆင်းစဉ်ပျောက်ကွယ်သွားသည်သာဖြစ်၏ဟု ဆို၏။ ထိုမိန်းမက တနေ့သောအခါ သင်နှင့်ငါရေချိုးဆင်းစဉ်အရှင်မဟာကစ္စည်းမထေရ်ကိုမြင်မိပါသလောဟုမေး၏၊ မြင်လိုက်ပါ၏ဟုပြောလျှင်၊ ကျွန်ုပ်သည်ထိုမထေရ်ကိုငါ၏မယားဖြစ်လေသော်ကောင်းလေစွဟုစိတ်တွင်း၌ပြစ်မှားမိသောတခဏ၌

ပုရိသလိင်ကွယ်ပျောက်၍ဣတ္ထိယလိင်ပေါ်ပေါက်လာသဖြင့်ရှက်လွန်းလှ၍ ဤအရပ်သို့ ထွက်ပြေးလာခဲ့ရပါသည်ဟု ပြောပြ၏။

**တောင်းပန်ဝန်ချ ပြစ်လွတ်ရ**

သူငယ်ချင်းသဌေးသားလည်း များစွာအံ့ဩဝမ်းနည်းခြင်းဖြစ်လျက် အသင်သည်ဝန်လေးသောအမှုကိုပြုမိသည်၊ ထိုစဉ်ကငါ့ကို သင်အဘယ့်ကြောင့် မပြောကြားသနည်း၊ အရှင်မြတ်ကိုဝန်ချတောင်းပန်ပါ၏လော'ဟု မေး၏၊ ဝန်ချတောင်းပန်ခြင်းမပြုရသေးပါဟုဆို၏၊ အရှင်မဟာကစ္စည်းမထေရ်သည် ဤမြို့တော်၌ သီတင်းသုံးတော်မူသည်ကို သင်သိပါသလောဟုမေး၏၊ သိပါသည်၊ထိုမထေရ်ကို ဆွမ်းလုပ်ကျွေး၍ ဝန်ချတောင်းပန်လိုပါသည် စီစဉ်ပေးပါဟုဆို၏၊ သူငယ်ချင်း သဌေးသားလည်း စီစဉ်ပေး၍ အရှင်မဟာကစ္စည်းကိုဆွမ်းလုပ်ကျွေးပြီး သူငယ်ချင်းသဌေးသားက'အရှင်မြတ်ဘုရား၊ တပည့်တော်၏သူငယ်ချင်း ဤမိန်းမသည် တကြိမ်သောကာလက အရှင်မြတ်အား ဤသို့သောစိတ်အကြံဖြင့် ပြစ်မှားမိလေသဖြင့် မိန်းမဘဝသို့ ကူးပြောင်း၍သွားရပါသည်၊ဤသို့ပြစ်မှားမိသည်ကို သည်းခံခွင့်လွှတ်တော်မူပါဘုရား'ဟု လျှောက်ထားသည့်ကာလ မထေရ်မြတ်က 'ထလော့၊ငါသည်းခံ၏'ဟု ဆိုသည်နှင့်တပြိုင်နက် ဣတ္ထိလိင်သည်ကွယ်ပျောက်၍ ပုရိသလိင်သည် တမဟုတ်ခြင်း ပေါ်ပေါက်လာပြီး ယောကျ်ားအဖြစ်ကို ပြန်၍ရရှိခဲ့သတည်း၊ မထေရ်မြတ်လည်းဆွမ်းအနုမောဒနာပြုတော်မူပြီး ကြွသွားတော်မူ၏။

**တရားသံဝေရခဲ့ပေ။**

သူငယ်ချင်းနှစ်ယောက်သည် တက္ကသိုလ်ပြည်သား သဌေးသားကို အကြောင်းစုံဖွင့်ဟပြောပြကြ၏၊ တက္ကသိုလ်ပြည်သား

သငွေးသားက ငါနှင့်ရသော သားနှစ်ယောက်ကို ငါ့အထံ၌သာ ထားခဲ့ပါလော့ သင်ပြန်လိုသော် ပြန်နိုင်ပါ၏ဟု ခွင့်ပြု၏။

သောရေယျ သငွေးသားက ဤသို့ တိုင်ပင်၏၊ ငါသည် မကောင်းမှုစိတ်အကြံဖြင့် ဤအတ္တဘော ဤခန္ဓာကိုယ်တခုတည်း (ယောကျ်ား အဖြစ်နှင့် သား နှစ်ယောက်)၊ (မိန်းမ အဖြစ်နှင့် သားနှစ်ယောက်ဖြင့်) ခန္ဓာကိုယ်၏ ဖေါက်ပြန်မှုသည် ဖြစ်ခဲ့၍ ငါသည် အိမ်၌နေ၍ အဘယ် အကျိုးရှိအံ့နည်း၊ အရှင်မဟာကစ္စည်းထံ၌ ရဟန်း ပြုပါတော့အံ့ဟု အရှင်မဟာကစ္စည်းထံ ရဟန်းပြုလေ၏၊ ထိုရဟန်းအား သောရေယျမထေရ်အမည်သည် ဖြစ်၏။

## မဂ်ဖိုလ်မြင်လျှင် မခံမင်

ထိုအရှင်မြတ်၏ အံ့ဘွယ်သောအကြောင်းစကားကို လူတို့ ကြားသိသည်ရှိသော်၊အရှင်ဘုရားမှန်ပေသလောဟုမေးလျှောက်၏၊ မှန်ပေ၏ဟု ဆိုသော် ယောကျ်ားဘဝ၌ ဖြစ်သော သားနှစ်ယောက်၊ မိန်းမဘဝ၌ ဖြစ်သော သားနှစ်ယောက် တို့တွင် အဘယ်သားတို့ကိုချစ်ပါသနည်းဟုမေးသော်၊ဝမ်း၌လွယ်သော သားနှစ်ယောက်ကို ပိုချစ်ပါသည်ဟု ပြော၏။ လူအပေါင်းတို့သည် အထူးအဆန်း ထိုအကြောင်းကိုသာ မေး၍ နေကြသည် ရှိသော်ရှက်လွန်းလှ၍လူသူမနီးတပါးတည်းသာနေလေတော့၏။

သောရေယျမထေရ်သည် တပါးတည်းနေတော်မူရာမှ မိမိ၏ ခန္ဓာကိုယ်၌ ခယဝယကမ္မဋ္ဌာန်းကိုအားထုတ်လေလျှင် ပဋိသမ္ဘိဒါတို့နှင့်တကွ အရဟတ္တဖိုလ်သို့ရောက်လေ၏။

ထိုနောက်၌ လူတို့သည် သောရေယျမထေရ်အား အဘယ် သားကိုပို၍ ချစ်ပါသနည်းဟုမေးသည်ရှိသော်၊ ငါ့အားတစုံတခု

သော ဝတ္ထုအာရုံ၌ ခုံမင်နှစ်သက် စုံမက်ချစ်ခင်ခြင်းမရှိပြီဟု ပြောဆိုလေလျှင် ပုဟန်းတို့က သောရေမယျထေရ်သည် ရှေ့စကား နောက်စကားမညီ၊ မဟုတ်မမှန်သောစကားကို ပြောဆိုဘိသည်ဟု မြတ်စွာဘုရားကိုလျှောက်ထား၏။ မြတ်စွာဘုရားက 'ချစ်သားတို့ ငါ၏သားတော်သည်ကောင်းစွာဆောက်တည်အပ်သောစိတ်ဖြင့် မဂ်ကိုမြင်အပ်သောကာလမှစ၍ ဝတ္ထုအာရုံ ခုံမင်စွဲလန်းခြင်းမရှိသည်မှန်ပေ၏၊ဤမဂ်တည်းဟူသော စည်းစိမ်ချမ်းသာကို အမိသည်လည်း မပေးနိုင်၊ အဖသည်လည်း မပေးနိုင်၊ အဆွေအမျိုးတို့လည်းမပေးနိုင်၊သတ္တဝါတို့၏ကိုယ်တွင်းသဏ္ဍာန်၌ ကောင်းစွာဖြစ်စေအပ်သော စိတ်သည်သာလျှင် ပေးလေသတည်း'ဟု မိန့်တော်မူပြီး

**(၄၃)။ ။န တံ မာတာ ပိတာ ကယိရာ၊အညေဝါပိစ ဉာတကာ။**

**သမ္မာ ပဏိဟိတံ စိတ္တံ၊ သေယျသော နံ တတော ကရေ။**

(၄၃) ထိုလူနတ်နိဗ္ဗာန်သုံးတန်သော ချမ်းသာကိုအမိသည်လည်းမပေးနိုင်၊အဖသည်လည်းမပေးနိုင်၊ ဆွေမျိုးဉာတကာတို့သည်လည်းမပေးနိုင်ကုန်။

ကောင်းစွာ ဆောက်တည် အပ်သော စိတ်သည်သာလျှင် ထိုမိဘ ဆွေမျိုးတို့ထက် ထိုပုဂ္ဂိုလ်ကို တဆင့်ထက် တဆင့် မြင့်သထက်မြင့်အောင်ပြုနိုင်၏။

ဟူသော ဂါထာတော်၏အဆုံး၌ များစွာကုန်သောသူတို့သည် သောတာပတ္တိ စသည်တို့သို့ ရောက်လေကုန်၏။

**(စိတ္တဝဂ် ကိုးခုမြောက်ဖြစ်သော သောရေယျပြည်သားသဌေးသားဝတ္ထုပြီး၏)**

**စိတ္တဝဂ်ပြီး၏**

# ၄။ ပုပ္ဖဝဂ် (ပန်းဥပမာ တရားစု)

## ဤပုပ္ဖဝဂ်တွင်

မြတ်စွာဘုရားသခင် ဟောကြားတော်မူသည့် ဒေသနာတို့၌ ပန်းဖြင့် ဥပမာထား၍ ဟောကြားတော်မူခဲ့သည့် ဂါထာအစုစုကို တစုတည်း တခဝေးတည်း တကဏ္ဍအဖြစ် စီစဉ်ထားခြင်းပင်ဖြစ်ပါသည်။

ပုပ္ဖဝဂ်တွင် ဂါထာပေါင်း (၁၆) ဂါထာ- ဝတ္ထုဇာတ်ကြောင်း (၁၂)ပုဒ် ပါရှိပါသည်။

ယင်းတို့အနက် ဝိဋူဍဘမင်းသား ဇာတ်လမ်းရှည်ကြီးတွင် အတိတ် ဇာတ်ကြောင်းများအဖြစ် (၁) ကောသဝ ရသေ့ အကြောင်း၊ (၂) ထင်းခွေသည်မိန်းမအကြောင်း၊ (၃) သာကီဝင်မင်းသားတို့ ရှေးအကြောင်း ၃-ပုဒ် ပါဝင်ပါသည်။

ဝိဋူဍဘမင်းသားအကြောင်း၌ ကောသလမင်းကြီး သံဃာတော်တထောင် ဆွမ်း လုပ်ကျွေးရာတွင် သံဃာတော် တို့အား အကျွမ်းမဝင်ခြင်း ၉-ပါးနှင့်၊ အကျွမ်းဝင်ခြင်း ၉-ပါးတို့ကို ဟောကြားတော်မူခြင်း၊ ကောသလမင်းကြီးက မြတ်စွာဘုရားနှင့် အကျွမ်းဝင်လိုသဖြင့် သာကီဝင်မင်းသမီးနှင့် အမျိုးဆက်လို

ရာမှ သာကီဝင်မင်းတို့ ပျက်စီးရာအကြောင်း ဖြစ်ပေါ်လာပုံ၊ ဗန္ဓုလနှင့်မလ္လိကာတို့၏ ဇာတ်လမ်းနှင့် ပသေနဒီ ကောသလမင်းကြီး နတ်ရွာစံခြင်း၊ သာကီဝင်မင်းတို့ ပျက်စီးခြင်းအထိ ရှည်လျားစွာ ဖော်ပြထားပါသည်။

မစ္ဆရိယကောသိယသဌေးဇာတ်တွင်လည်း ဣလ္လိသအတိတ်ဇာတ်ကို ထည့်သွင်း ဟောကြားတော်မူပေသည်။

ဝိသာခါ ဝတ္ထုကြောင်းတွင်လည်း ဝိသာခါ ငယ်စဉ်မှစ၍ မင်္ဂလာ အခန်းအနားများအကြောင်း၊ မိဂါရ သဌေးကြီးအား ကျွတ်တန်း ဝင်စေခြင်းနှင့် ပုဗ္ဗါရုံကျောင်းတော်ကြီး ဆောက်လုပ်လှူဒါန်းခြင်းအပြင်၊ ကျောင်းအမကြီး ဝိသာခါ၏ ရှေးဆုတောင်းအတိတ်ဇာတ်ပါ ဟောကြားတော်မူသည်။

သိရိဂုတ္တ သူကြွယ်ဝတ္ထုတွင်လည်း မီးကျီးခဲအဘွင်းမှ ပဒုမ္မာကြာများ ပေါက်ရောက်ဖူးကြောင်း အတိတ်ဇာတ်လည်း ပါရှိပေသည်။

ဤပုပ္ဖဝဂ်တွင် ဗုဒ္ဓခေတ် ၄၅ ဝါအတွင်း၌ ထင်ရှားလှသော ဝိဋူဋဘဇာတ်၊ ဗန္ဓုလစစ်သူကြီးနှင့် ဝိသာခါကျောင်းအမကြီးတို့၏ တကယ့်ဖြစ်ရပ်ဇာတ်လမ်းများကို စိတ်ဝင်စားစွာ ဖတ်ရှုနိုင်ကြမည်ဖြစ်ပါသည်။

## ၄။ ပုပ္ဖဝဂ်

## ၁။ ဝေဖန်ရွေးချယ် ပန်းကောင်းနွယ်

(မြေကြီးအကြောင်းနှင့် ရဟန်းငါးရာဝတ္ထု)

**ပန်းး၌ ကျွမ်းကျင်သော ပန်းသည်သည် ပန်းကောင်းများကိုသာ စိစစ်ရွေးချယ်သကဲ့သို့ လောကုတ္တရာ တရားကို လေ့လာဆည်းပူး၍နေသောသေက္ခပုဂ္ဂိုလ်သည်ကောင်းစွာ ဟောကြားအပ်သော ဓမ္မပဒ (တရားအစု) ကို စိစစ်ရွေးချယ်ပေလိမ့်မည်။**

(ကောဋ္ဌာခံ ပထဝိ ဝိခဲ့စသာဃတိ)အစရှိသော ဒေသနာတော်ကို သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ မြေကြီးအကြောင်း ကောင်းမကောင်းကို ပြောကြားနေကြသော ရဟန်းများကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

### ဝတ္ထုကြောင်းကား ဤသို့တည်း

ရဟန်းငါးရာတို့သည် မြတ်စွာဘုရားနှင့်အတူ တောရွာများသို့ ဒေသစာရီ လှည့်လည်ပြန်လာကြပြီး ဇေတဝန်ကျောင်းတော်သို့ ရောက်သည့် ညချမ်းအခါဝယ်၊ စည်းဝေး ဇရပ်၌ စုဝေးပြီး ရောက်ခဲ့သော အရပ်ဒေသတို့၌ လမ်းခရီး အကြောင်း၊ ရှိနှင့် ပေါ်များသည့်အကြောင်း၊ မြေနိမ့်မြေနက်အကြောင်း စသည်ဖြင့် ရောက်တက်ရာရာကို ပြောဆိုကြကုန်၏။ မြတ်စွာဘုရားကြွရောက်လာလျှင် ဘယ်အကြောင်းကို ပြောဆိုကြသနည်းဟု မေးမြန်းသည်ကာလ၊ ရောက်ရှိခဲ့သော နေရာဌာနတို့မှ မြေနှင့်စပ်ဆိုင်သော စကားကို ပြောကြားနေပါသည်ဟု လျှောက်ထားသော အခါ၊ မြတ်စွာဘုရားသခင်က၊

"ချစ်သားတို့ ဤမြေသည် အပဥ္စဖြစ်သော မြေကြီးမည်ပေ၏။ အသင်တို့ အတွင်းအဇ္ဈတ္တသဏ္ဌာန်ဖြစ်သော မြေကြီး၌သာ ပရိကံပြုခြင်းကို သင့်လျော် လျောက်ပတ်၏"ဟု မိန့်တော်မူပြီး၊

၄၄။ ကော ဣမံ ပထဝိံ ဝိစေဿတိ၊
ယမလောကဉ္စ ဣမံ သဒေဝကံ။
ကော ဓမ္မပဒံ သုဒေသိတံ၊
ကုသလော ပုပ္ဖမိဝ ပစေဿတိ။

၄၅။ ။သေခေါ ပထဝိံ ဝိစေဿတိ၊
ယမလောကဉ္စ ဣမံ သဒေဝကံ။
သေခေါ ဓမ္မပဒံ သုဒေသိတံ၊
ကုသလော ပုပ္ဖမိဝ ပစေဿတိ။

(၄၄) အဘယ်သူသည် ဤအတ္တဘောဟူသော မြေကြီးကို မိမိ၏ ပညာဉာဏ်ဖြင့် ဝေဖန် ရွေးချယ်နိုင်ပါအံ့နည်း၊ အပါယ်ဘုံကိုရင်း။ နတ် ဗြဟ္မာဘုံနှင့် တကွသော ဤလူ့ဘုံကိုရင်း။ အဘယ်သူသည် မိမိ၏ ပညာဉာဏ်ဖြင့် ဝေဖန် ရွေးချယ်နိုင်ပါအံ့နည်း။ ပန်း၌ကျွမ်းကျင်သောသူသည် ပန်းများကို ကောင်းစွာ ရွေး ချယ် သကဲ့သို့ ကောင်းစွာ ဟော ကြား တော်မူသော (ဓမ္မပဒ) တရားအစုကို အဘယ်သူသည် ရွေးချယ်နိုင်ပါအံ့နည်း။

(၄၅) အရိယာသေက္ခပုဂ္ဂိုလ်တို့သည် ဤအတ္တဘောတည်းဟူသော မြေကြီးကို မိမိ၏ ပညာဉာဏ်ဖြင့် ဝေဖန်ရွေးချယ်လတံ့။ အပါယ် ဘုံကိုရင်း။ နတ် ဗြဟ္မာ ဘုံ နှင့် တကွသော ဤလူ့ဘုံကိုရင်း၊ မိမိ၏ ပညာဉာဏ်ဖြင့် ဝေဖန်ရွေးချယ်လတံ့။ အကြောင်းအရာ လိမ္မာသော ပန်းသည်သည် ပန်းများကို မကောင်းရာပယ်။ ကောင်းရာ သွယ်။ ရွေးချယ်ဘိသကဲ့သို့ ကောင်းစွာ ဟော ကြား တော် မူ အပ် သော (ဓမ္မပဒ) တရားအစုကို သေက္ခပုဂ္ဂိုလ်သည်ရွေးချယ်လတံ့။

ဒေသနာတော်၏ အဆုံး၌ ငါးရာကုန်သော ရဟန်းတို့သည် ပဋိသမ္ဘိဒါတို့နှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်ကုန်၏။

**(ဓမ္မပဒ ပုပ္ဖဝဂ်၊ ပဌမဝတ္ထု ရဟန်းငါးရာအကြောင်းပြီး၏။)**

## ၄။ ပုပ္ဖဝဂ်

## ၂။ မာရ်နတ်၏ပန်း ပယ်ဖြတ်လှမ်း

(တံလှပ်ကမ္မဋ္ဌာန်းကိုရှုသော မထေရ်ဝတ္ထု)

ဤကိုယ်ခန္ဓာကြီးသည် ရေမြှုပ်ပမာ ခဏသာလျှင် ပျက်စီးသွင်သို့၊ တံလှပ်အတူ ယူ၍မရ အထင်မျှ သာ ဥပမာကို ကောင်းစွာဆင်ခြင် သိမြင်ပါက (မာရ်နတ်မင်း၏)ပန်းကုံးအသွင်အထင်ရောက်ရ ဝဋ်ဒုက္ခတို့ကို ပယ်ဖြတ်ခြင်းဖြင့် သေမင်း၏ မမြင်ရာ နိဗ္ဗာန်သို့ ရောက်ရပေရာ၏။

(ဖေဏူပမံ) အစခံသော ဒေသနာကို ရဟန်းတပါးအား အကြောင်းပြု၍ ဟောတော်၏။

### ဝတ္ထုကြောင်းကား ဤသို့တည်း

မထင်ရှားသောရဟန်းတပါးသည်ဘုရားသခင်ထံမှကမ္မဋ္ဌာန်းကို ယူပြီး တောသို့ဝင်၍ ဝိရိယကြီးစွာဖြင့် အားထုတ်ပါသော်လည်း အရဟတ္တဖိုလ်သို့ မရောက်နိုင်ဘဲ ရှိ၍ မြတ်စွာဘုရားထံ သွားရောက် လျှောက်ထားဦးမည်ဟု လာခဲ့လေ၏။

လမ်းခရီး၌ နေပူပြင်းပြင်းတွင် အဝေးမှ တံလှပ်ကို မြင်ရသဖြင့် ထိုတံလှပ်ကိုအာရုံပြု၍ သွားသည်ရှိသော် အနီးသို့ရောက်သောအခါ တံလှပ်သည် ပျောက်ကွယ်၍ သွား၏။ ထိုတံလှပ်ဖြင့် တရားသဘောကို ထင်မြင်လာ၏။ တံလှပ်သည် အဝေးမှ မြင်ရသော်လည်း အနီးသို့ရောက်လျှင် ပျောက်ပျက်တတ်သော သဘောရှိ၏။ ဤခန္ဓာကိုယ် အတ္တဘောသည်လည်း ဖြစ်ပျက်တတ်သောသဘောကြောင့် တံလှပ်နှင့်တူပေ၏ဟု တရားသဘောသည် ဖြစ်၏။

ခရီးသွားစဉ် ပင်ပန်း၍ ရေချိုးလိုသောကြောင့် အစိရဝတီ မြစ်ဆိပ်၌ ထိုင်ပြီးသော်၊ မြစ်ကမ်းနားသစ်ပင်ကို ပြင်းစွာသော ရေအဟုန်သည် တိုက်ခတ်ပြီး၊ ရေမြှုပ်တို့သည် ရေပေါ်တွင် တက်ဆူပွက်ထပြီးကာလ၊ ပျက်စီးသည်တို့ကိုမြင်၍ ဤခန္ဓာကိုယ် အတ္တဘောသည် ဖြစ်ပြီး၍ ပျက်တတ်သော သဘောရှိသော ရေမြှုပ်နှင့်တူလှပေ၏ဟု အာရုံတွင်ပေါ်၏။

မြတ်စွာဘုရားသခင်သည် ဂန္ဓကုဋိတိုက်၌ သီတင်းသုံးတော်မူစဉ် ထိုအညတရ ရဟန်းကို မြင်တော်မူ၍ ကိုယ်ရောင်တော်ဖြင့် ရှေ့၌ ထင်ရှားဖြစ်ပေါ်စေပြီးနောက်၊

၄၆။ ။ဖေဏူပမံ ကာယမိမံ ဝိဒိတွာ၊
ပရီစိဓမ္မံ အဘိ သမ္ဗုဓာနော။
ဆေတွာန မာရဿ ပပုပ္ဖကာနိ၊
အဒဿနံ မစ္စုရာဇဿ ဂစ္ဆေ။

(၄၆) ဤခန္ဓာကိုယ်အား ရေမြှုပ်ပမာ မကြာမတင် ပျက်တတ်သည်ဟု တံလှပ်ပမာ အထင်မျှသာ ဖြစ်၏ဟု ကောင်းစွာ သိသောသူအား မာရ်နတ်မင်း၏ ပန်းတို့ဖြင့် တန်းဆာဆင်အပ်သည်ဟုဆိုကုန်သော ဝဋ်ဒုက္ခတို့ကို ဖြတ်တောက်၍ ရှင်သေမင်း၏ မမြင်ရာအမှန်။ ပြည်နိဗ္ဗာန်သို့ ရောက်ပေရာ၏။

ဒေသနာတော်၏ အဆုံး၌ မထေရ်သည် ပဋိသမ္ဘိဒါတို့နှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်၍ ဘုရားကိုယ်တော်မြတ်၏ ရွှေအဆင်းကဲ့သို့သော ကိုယ်တော်ကို ချီးမွမ်း ထောမနာ ရှိခိုးလျက် သာလျှင် လာခဲ့ပေသတည်း။

**(ဓမ္မပဒ ပုပ္ဖဝဂ် နှစ်ခုမြောက် တံလှပ်ကမ္မဋ္ဌာန်းကို ရှုသော မထေရ်ဝတ္ထုပြီး၏)**

## ဤ-ဝိဋဋူဘ ဝတ္ထုတွင်

အကြောင်းကြောင်း ကြုံကြိုက်သဖြင့် သိသင့် သိအပ်သော (ဗုဒ္ဓ၏မျက်မှောက်တွင်ဖြစ်ပျက်ခဲ့သမျှ) ဗဟုသုတအရာ တိုးပွားရာ တိုးပွားကြောင်း ဇာတ်ကြောင်းတို့ကို မကျဉ်းလွန်း မကျယ်လွန်းစေဘဲ ဖော်ပြထားရာတွင်-

၁။ ပသေနဒီကောသလမင်းကြီးနှင့်သူငယ်ချင်းသုံးယောက်။

၂။ ဗန္ဓုလနှင့် လိစ္ဆဝီတို့၏ ရန်စ၊

၃။ အကျွမ်းဝင်ခြင်း ၉-ပါး၊ အကျွမ်းမဝင်ခြင်း ၉-ပါး။

၄။ ကောသဝရသေ့ အတိတ်ဇာတ်။

၅။ ကောသလမင်းက သာကီဝင်မင်းသမီး တောင်းရာမှအစ ဝိဋဋူဘဖွားပြီးသာကီဝင်မင်းတို့အပေါ် ရန်ငြိုးထားပုံ။

၆။ ဗန္ဓုလ စစ်သူကြီးနှင့် မလ္လိကာတို့ ဇာတ်လမ်း၊ ဗန္ဓုလ စစ်သူကြီး လုပ်ကြံခံရပုံ၊ မလ္လိကာ၏ ကြံ့ခိုင်သော စိတ်ဓာတ်။

၇။ ဝါသဘခတ္တိယာအား ကျွန်မျိုးဟူ၍ အရာနိမ့်ချသဖြင့် မြတ်စွာဘုရားက ပြဟ္မဒတ်နှင့် ထင်းခွေမိန်းမ အတိတ်ဇာတ်ကို ဟောတော်မူပုံ။

၈။ သစ္စာစကား၏ အကျိုးအာနိသင်။

၉။ ကောသလမင်း၏ မကောင်းလှသော ဇာတ်သိမ်း။

၁၀။ ဝိဋဋူဘ လက်စားချေခြင်း။

၁၁။ ဝိဋဋူဘတို့၏ ဆိုးရွားသော ဇာတ်သိမ်းအထိ ဖော်ပြထားပါသည်။ ရှုတော်မူကြပါကုန်။

၄။ ပုပ္ဖဝဂ်

# ၃။ ပန်းမြိုင်လယ်၊ ပျော်ဘွယ်ထင်မိမှား

(ဝိဋူဋဘ ဝတ္ထု)

အိပ်မောကျခါ၊နေရှာလေငြား၊ ထိုရွာအား
လျှင်၊ ကြီးစွာသွန်စီး၊ ရေလျှင်ကြီးသည်၊
ကောကျြားမိန်းမ၊ အိမ်မှစ၍၊ ခပင်းဥဿုံ၊ လုံးစုံ
တိုက်စားဝါးမျိုသွားသို့။

ပန်းမြိုင်လယ်တွင်၊ ပျော်ဘွယ်ထင်မှား၊ ပန်း
အများကို၊ ခုံမင်တွယ်တာ၊ ကြိုက်ရာဆွတ်ရူး၊
လွန်ပျော်မြူးခါ၊ ကာမချမ်းသာ၊အာသာမပျယ်၊
ရွေးချယ်ခံစား ပျော်ပါးနေခိုက်၊ သေမင်းမိုက်
သည်၊ တိုက်ဖျက်ယူဆောင်သွားလေ၏။

(ပုပ္ဖာနိ ဟေဝ ပစိနန္တံ) အစခံသော ဒေသနာကို သာဝတ္ထိ
ရွှေနိုင်ငံ၌ စမ္ပာယ်တော်မူစဉ် ရေလွှမ်းမိုး၍ သေဆုံးခဲ့ကြကုန်
သော ဝိဋူဋဘတို့ကို အကြောင်းပြု၍ ဟောကြားတော်မူ
လေသည်။

## ဝတ္ထုကြောင်းကား ဤသို့တည်း

တက္ကသိုလ်ပြည် ဒိသာပါမောက္ခဆရာကြီး၏ကျောင်းတော်၌
အတတ်ပညာတို့ကို သင်ကြားကြကုန်သော အတိုင်းတိုင်း
အပြည်ပြည်မှ ပညာတော်သင်များအနက် သာဝတ္ထိပြည် မဟာ
ကောသလမင်းကြီး၏သားတော် ပသေနဒီကောသလမင်းသား၊
ဝေသာလီပြည် လိစ္ဆဝီမင်းသား၏သားတော် မဟာလိမင်းသား၊

ကုသိနာရုံပြည် မလ္လာမင်း၏သားတော် ဗန္ဓုလ ဤသုံးဦးကား အလွန်ချစ်ကြည်ကြကုန်၏။ စားအတူ၊ သွားအတူ၊ အိပ်အတူ၊ တပူးတွဲတွဲနှင့် ပညာစုံ၍ ရွှေဘုံရွှေနန်းသို့ပြန်ကြမည်ဖြစ်ရာ သုံးဦးသား တဦးအကြောင်းရှိက တဦးကကူညီစောင့်ရှောက်ရန် ကတိကဝတ်ထား၍ ခွဲခွာကြလေ၏။

(၁) **ပသေနဒီမင်းသားသည်** သာဝတ္ထိပြည်သို့ အရောက် ခမည်းတော် မဟာကောသလမင်းကြီး ရှေ့တော်၌ သင်ကြားအပ်သောပညာတို့ကိုပြလေသည်ရှိသော်၊ ခမည်းတော်က အားရဝမ်းသာ အတတ်ပညာစုံသော သားတော်အားအဘိသိက်သွန်း၍ တိုင်းပြည်ကိုအပ်နှင်းတော်မူသဖြင့် ပသေနဒီကောသလမင်း ဟု အမည်ရင်း ထင်ရှားစွာဖြင့် မင်းအဖြစ်ကိုရောက်၏။

(၂) **ဝေသာလီပြည်မှ လိစ္ဆဝီမင်းသားမဟာလိသည်** တိုင်းပြည်သို့ရောက်သော် ကြီးကျယ်စွာသော အားထုတ်ခြင်းဖြင့် အတတ်ပညာကိုပြလေရာ မဟာလိမင်းသားမှာ မျက်စိများ ကွဲပျက်၍သွားတော့သည်၊ လိစ္ဆဝီမင်းတို့က မျက်စိမမြင်သော မဟာလိအား အခွန်တသိန်းထွက်သော တံခါးတခုကိုပေး၍ လိစ္ဆဝီမင်းသားတို့အား ပညာသင်ကြားပေးစေ၏။

(၃) **မလ္လာမင်းသား၏သား ဗန္ဓုလမင်းသားသည်** တိုင်းပြည်သို့ပြန်ရောက်သော်၊ မလ္လာမင်းတို့က အတောင်ခြောက်ဆယ်စီရှိသော ဝါးအစီးခြောက်ဆယ်ကိုအလယ်၌ သံတိုင်တချောင်းထား၍စိုက်ထူပြီး သံလျက်ဖြင့်ခုတ်ပိုင်းစေ၏၊ ဗန္ဓုလမင်းသားသည် အတောင်ရှစ်ဆယ်မျှ မြင့်အောင်ခုန်တက်ပြီးမှ ဝါးအစီးကို သံလျက်ဖြင့်ပိုင်းလိုက်ရာ သံလျက်နှင့်သံ ခတ်မိသောအသံကို

ကြားလေသဖြင့် အကျိုးအကြောင်းကိုမေးလျှင် အလယ်၌ သံချောင်းတချောင်းစိုက်ထားကြောင်း သိရသည့်အခါ၊ မလ္လာမင်းတို့က မိမိ၏အရှက်ကိုခွဲသည်ဟု အရှက်ကြီးစွာ ငိုကြွေးလျက် ငါ့အား အဘယ်သို့သော ဆွေမျိုး တစုံတယောက်ကမျှ ဤအကြောင်းကို မပြောကြား၊ အကယ်၍ပြောကြားခဲ့လျှင် အသံမထွက်အောင်ခုတ်ပိုင်းနိုင်၏ဟု အဆွေအမျိုးတို့ကို စိတ်နာခါ အဆွေခင်ပွန်းဖြစ်သော ပသေနဒီကောသလမင်း၏စံရာသာဝတ္ထိသို့ ထွက်ခွာသွားလေ၏။ ပသေနဒီကောသလ မင်းကြီးသည် ကျောင်းနေဘက်သူငယ်ချင်း ဗန္ဓုလမင်းသားကို ဝမ်းမြောက်ဝမ်းသာ ခရီးဦးကြိုပြုလျက် စစ်သူကြီးအရာ၌ ခန့်ထားလေသတည်း။

## သံဃာတထောင် ဆွမ်းကျွေးခြင်း

သာဝတ္ထိ ပြည်၌ မြတ်စွာဘုရားနှင့် တကွ သံဃာတော်အပေါင်းတို့သည် အနာထပိဏ်သဌေး၏ အိမ်၌ လည်းကောင်း၊ ဝိသာခါကျောင်းအမကြီး နေအိမ်၌လည်းကောင်း၊ သုပ္ပဝါသာ၏အိမ်၌လည်းကောင်း ဝင်ထွက်သွားလာ ဆွမ်းစားခြင်းအမှုပြုကြသည်ကိုမြင်သဖြင့် အားကျပြီး မိမိ၏ နန်းတော်သို့လည်း သံဃာတထောင် နေ့စဉ်ဆွမ်းစားကြွပါရန် ပင့်လျှောက်လေ၏။ မြတ်စွာဘုရားသခင်က ညီတော်အာနန္ဒာကိုတာဝန်ပေး၍ ပသေနဒီကောသလမင်း၏နန်းတော်သို့ နေ့စဉ် ဆွမ်းစားကြွစေ၏။

ပသေနဒီကောသလမင်းသည် ခုနစ်ရက်တိုင်တိုင် သံဃာတထောင်တို့အား ကိုယ်တိုင်ကိုယ်ကျ ဆွမ်းလုပ်ကျွေး၏။ ခုနစ်ရက်ကကျော်သော် အမှုကိစ္စများပြား၍ ဆွမ်းကွမ်း ကိစ္စကို

မဆောင်ရွက်နိုင်ဘဲရှိလေ၏။ မင်းချင်းတို့အားလွှဲအပ်ထားသော်လည်း မင်းကြီးကွယ်ရာတွင်ဝတ်ကြေဝတ်ကုန်သာ ဆောင်ရွက်ကြသဖြင့်လည်း သံဃာတော်များသည် တစတစဖယ်ခွာ၍သွားကြလေရာ နောက်ဆုံးတွင် ရှင်အာနန္ဒာ တပါးသာ ကျန်ခဲ့တော့သည်။

မင်းကြီးလည်း ထိုအခါမှသတိရ၍ မြတ်စွာဘုရားသခင်အား သံဃာတော်များသည် မိမိ၏နန်းတော်၌ အကျွမ်းတဝင်မရှိဘဲ အနာတပိဏ်၊ ဝိသာခါတို့ နေအိမ်၌သာ ကြွသွားကြကြောင်း လျှောက်ထားလေလျှင်၊ မြတ်စွာဘုရားသခင်က ရဟန်းတို့အား အပြစ်တင်တော်မမူဘဲ။

“တကာတော်မင်းကြီး ငါ၏တပည့်သာဝကတို့ကား အသင်မင်းကြီးနှင့် အကျွမ်းတဝင်မရှိလှသည်၏ အဖြစ်ကြောင့် မကြွရောက်ခြင်းဖြစ်ပေလိမ့်မည်”

ဟုမိန့်တော်မူပြီးသော် အကျွမ်းမဝင်ခြင်းကိုးပါးနှင့်အကျွမ်းဝင်ခြင်းကိုးပါးတို့ကို ရဟန်းတို့အားဟောကြားဆုံးမတော်မူ၏။

## အကျွမ်းမဝင်ခြင်း ကိုးပါး

**ရဟန်းတို့။** ။ အင်္ဂါကိုးပါးနှင့်မပြည့်စုံသောအိမ်သို့မကြွာခဏမသွားအပ်၊ အကျွမ်းတဝင်မရှိအပ်၊ ထိုသို့အကျွမ်းမဝင်ခြင်းကိုးပါးဟူသည်ကား

(၁) နှစ်လိုခြင်းဖြင့် ခရီးဦးမကြိုဆိုခြင်း။

(၂) နှစ်သက်ခြင်းဖြင့် ရိုသေစွာရှိမခိုးခြင်း။

(၃) နှစ်သက်ခြင်းဖြင့် နေရာကိုမပေးခြင်း။

(၄) ကြွလာသည့်အခါ လှူဒါန်းရမည်ကိုမလိုလား၍အထင်အရှား ရှိသော ဝတ္တု ပစ္စည်း တို့ကို လျှို ဝှက် ဖွက်ထားခြင်း။

(၅) များများ လှူအပ်သည့် ပစ္စည်းကို နည်း နည်း သာ လှူခြင်း။

(၆) ပေးလှူရာတွင် မရိုမသေပေးလှူခြင်း။

(၇) မွန်မွန် မြတ်မြတ် လှူအပ်သည်ကို ယုတ်ညံ့သော ပစ္စည်းဖြင့်ပေးလှူခြင်း။

(၈) ရဟန်းတော်များရှေ့၌ ရိုသေကောင်းမွန်စွာ မနေထိုင်ခြင်း။

(၉) တရားနာသည့်အခါ၌ တရားဟောသည့် ပုဂ္ဂိုလ်အားမြတ်နိုးမှုကိုမပြခြင်း။

ဤအကျွမ်းမဝင်ခြင်း အင်္ဂါကိုးပါးရှိသော ဒါယိကာ၏အိမ်သို့အဖန်တလဲလဲသွားရောက်ခြင်းကို မပြုအပ်။

## အကျွမ်းဝင်ခြင်းကိုးပါး

**ရဟန်းတို့။** ။ အကျွမ်းဝင်ခြင်းကိုးပါးဟူသည်ကား၊

(၁) ဝမ်းမြောက်ဝမ်းသာခရီးဦးကြိုဆိုပြုကြခြင်း။

(၂) ရိုသေစွာရှိခိုးကြခြင်း။

(၃) ရိုသေစွာနေရာပေးကြခြင်း။

(၄) ထိုဒါယိကာသည် အထင်အရှားရှိသော လှူဘွယ်ပစ္စည်းကို လျှို့ဝှက်၍မထားကုန်။

(၅) များစွာလှူအပ်သည်ကို များစွာပေးလှူကုန်၏။

(၆) မွန်မွန်မြတ်မြတ် လှူအပ်သည်ကိုလည်း မွန်မွန် မြတ်မြတ်ပေးလှူကုန်၏။

(၇) ရှိသေကောင်းမွန်စွာပေးလှူကုန်၏။ မရှိ မသေ မပေးလှူကုန်။

(၈) ရှိသေကောင်းမွန်စွာထိုင်နေကုန်၏။

(၉) တရားနာသည်ရှိသော် တရားဟောပုဂ္ဂိုလ်အား မြတ်နိုးကုန်၏။

ဤကိုးပါးကုန်သောအင်္ဂါတို့နှင့် ပြည့်စုံသည့် ဒါယိကာ၏ အိမ်သို့ အဖန်တလဲလဲသွားခြင်းငှာ သင့်လျော်လျောက်ပတ်၏။

ဤသို့ဟောကြားတော်မူပြီး 'ဒကာတော်မင်းကြီးငါ၏တပည့်သာဝကတို့သည်၊ ဒကာတော်မင်းကြီးအထံ၌ အကျွမ်းဝင်ခြင်း မရကုန်သောကြောင့် မကြွလာကြကုန်သည် ဖြစ်ပေလတံ့။

ဒကာတော်မင်းကြီး။ ရှေးပညာရှိတို့သည်အကျွမ်းမဝင်သောနေရာ၌ ရှိသေကောင်းမွန်စွာ လုပ်ကျွေးပြုစုပါသော်လည်း သေခါနီးမျှလောက်သော ရောဂါဝေဒနာသို့ ရောက်သောကာလ အကျွမ်းဝင်သောဌာနသို့သာ သွားကြ ကုန် လေ သတည်း" ဟု မိန့်တော်မူ၏။

မင်းကြီး 'ကအရှင်ဘုရားအဘယ်အခါ၌ဤသို့ဖြစ်ပါနည်း' ဟု မေးလျှောက်လေသော်၊ မြတ်စွာဘုရားသည် အတိတ် ဇာတ်ကို ဟောတော်မူ၏

## ကောသဝရသေ့အတိတ်ဇာတ်

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုသည်ရှိသော် ကောသဝ အမည်ရှိသော မင်းသည် နောက်ပါ အခြံအရံ ငါးရာနှင့် ရသေ့ရဟန်း ပြုခါ ဟိမဝန္တာ တောင်ခြေ၌နေကြ၏။ ကောသဝရသေ့တွင် ကပ္ပကအမည်ရှိသော အတွင်းနေ တပည့်ရင်းတဦးရှိ၏၊ ထိုကပ္ပကရသေ့သည် ကောသဝ ရသေ့မင်းအဖြစ်ရှိစဉ်ကလည်း အတွင်းနေ တပည့်ဖြစ်ခဲ့၏။

မိုးရာသီရောက်လျှင် ရသေ့တို့သည် ချည်ဆားအလို့ငှာ ဗာရာဏသီသို့ကြွ၍ မြို့တွင်း၌ ဆွမ်းခံကြွလျှင် ဗြဟ္မဒတ် မင်းကြီးသည် ကြည်ညိုလှသဖြင့် ကောသဝနှင့် ရသေ့ အပေါင်းတို့အား မိုးလေးလကာလပတ်လုံး မင်း၏ ဥယျာဉ်၌ နေပါရန် ကောသဝ ရသေ့အား ပင့်ညာဉ် တောင်းလျက် နံနက်တကြိမ်၊ ညချမ်းတကြိမ် ရသေ့အထံ သွားရောက် ဆည်းကပ်လေ၏။

ရသေ့အပေါင်းတို့သည် ဆိတ်ငြိမ်ခြင်းကိုသာ အလိုရှိသဖြင့် ဆင်၊ မြင်း၊ ရထားသံတို့ကို မခံနိုင်၍ ဆရာကောသဝထံ ခွင့်ပန်၍ မနီးမဝေးအရပ်၌ ပြောင်းရွှေ့ နေထိုင်ကြကုန်၏။ ကပ္ပက ဟူသော အတွင်းနေ တပည့်တဦးသာ ကျန်ခဲ့၏။ ထိုအတွင်းနေ တပည့်ပင်လျှင် ကြာသော်သည်းမခံနိုင်၍ ဆရာရသေ့ထံ ခွင့်ပန်ပြီး၊ ရသေ့အပေါင်းတို့နှင့်ပူးပေါင်းခါနေ၏။ ကောသဝရသေ့ကား ဗြဟ္မဒတ် မင်းကြီးထံ လေးလနေပါမည် ဟူသော ဂတိကြောင့်သာ သည်းခံ၍ နေရပါသော်လည်း အဖော်အပေါင်း တပည့်တို့နှင့် ကင်းကွာ၍ နေရသောကြောင့် မစားမသောက်နိုင်ရာမှရောဂါဝေဒနာ ကပ်ရောက်လေ၏။ မင်းကြီးက သမား

တော်များနှင့်ကုသသော်လည်း ရောဂါသည် မသက်သာဖြစ်လေ၏။ မင်းကြီးလည်း များစွာစိတ်မကောင်းဖြစ်ရ၏။

ကေသဝရသေ့က "တကာတော်မင်းကြီးသည်ငါ၏ချမ်းသာခြပ်းကို မြင်လိုသလော"ဟု မေး၏။ မင်းကြီးက "အရှင်မြတ်၏ရောဂါမှ ချမ်းသာမည်ဆိုပါက၊ ယခုပင် ဆောင်ရွက်ပါအံ့" ဟုဆို၏။ ကေသဝရသေ့က "သို့ဖြစ်လျှင်၊ ငါ့အား ငါ၏တပည့်များထံသို့ ပို့ဆောင်ပေးပါလော့"ဟု ဆို၏။

မင်းကြီးလည်း နာရဒ အမတ်အမှူးရှိသော အမတ်လေးယောက်နှင့် ကေသဝရသေ့အား ညောင်စောင်းထက်၌အိပ်စေပြီးလျှင် ကပ္ပကရသေ့ရှိရာသို့ ပို့စေ၏။ကျန်တပည့်တို့လည်း ဆရာကြွလာသောသတင်းစကား ကြားသိ၍ စုဝေးရောက်လာကြ၏။ တပည့်တို့ပြုစုခြင်းဖြင့် ကေသဝရသေ့သည် နှစ်ရက်သုံးရက်နှင့်ကျန်းမာလေ၏။

နာရဒအမတ်က ကေသဝရသေ့အား "အရှင်မြတ် အဘယ့်ကြောင့် ဘုရင်မင်းမြတ်၏ပြုစုဆည်းကပ်ကိုးကွယ်မှုကိုငြင်းပယ်၍တောအရပ်၌ ပျော်မွေ့ရပါသနည်း" ဟု လျှောက် ထား ၏။ ကေသဝရသေ့က "တောအရပ်၏ ဆိတ်ငြိမ်ခြင်း၊ စိမ်းလန်းစိုပြေ၍ နှစ်လိုဘွယ်ရှိခြင်း၊ အတွင်းနေတပည့် ကပ္ပက၏သာယာပြေပြစ်သော စကားတို့သည်လည်း နှစ်လိုဘွယ်ရှိ၏"ဟုဆိုတော်မူ၏။

နာရဒမတ်က ထပ်၍လျှောက်၏၊ "အရှင်ရသေ့မြတ် ဘုရင်မင်းမြတ်ဆက်ကပ်သောမွှေးကြိုင်သင်းပျံ့ ရသာဓာတ်အပြည့်အဝရှိသော ဘောဇဉ်တို့ကိုစွန့်ပယ်လျက်၊ ယခုတောအရပ်၌ ဆားမျှ

မခတ်သော ကြမ်းတမ်းသော မြက်သီး ဆန် အစရှိသည်တို့နှင့် အဘယ်ကြောင့် ပျော်မွေ့နေပါသနည်း"ဟုမေးလျှောက်ပြန်၏။

ကေသဝရသေ့က"အမတ်ကြီး နာရဒ အကြင်သို့သောခဲဘွယ် ဘောဇဉ်တို့သည် အာဟာရဓာတ်မျှ ပြည့်ဝသည်ဖြစ်စေ၊ မပြည့်ဝသည်ဖြစ်စေ၊ ပေါများသည်ဖြစ်စေ၊ နည်းပါးသည် ဖြစ်စေ၊ ချစ်ခင်နှစ်သက်အပ်သောသူတို့နှင့် ကောင်းစွာ စားသောက်ရခြင်းသည် လွန်ကဲသော အရသာပင်ဖြစ်၏"ဟု ဖြေတော်မူ၏။

နာရဒ. အမတ်ကြီးသည် တိုင်းပြည်သို့ပြန်၍ မင်းကြီးအား အကြောင်းစုံကို လျှောက်ထား၏။

ဤသို့ဟောတော်မူပြီးနောက် မြတ်စွာဘုရားသခင်က....

"တကာတော်ပသေနဒီကောသလမင်းကြီး၊ထိုအခါဗြဟ္မဒတ်မင်းကြီးသည် ယခုငါ၏သားတော် ရှင်မောဂ္ဂလန် ဖြစ်လာ၏။ နာရဒအမတ်သည် သားတော်သာရိပုတ္တရာဖြစ်လာ၏၊ အတွင်းနေတပည့် ကပ္ပကရသေ့သည် ယခုအခါ အာနန္ဒာဖြစ်လာ၏၊ ကေသဝရသေ့သည်ငါဘုရားပင်တည်း"ဟုဇာတ်တော်ကိုပေါင်းပြီးနောက်

ဤသို့ပင် ရှေးပညာရှိတို့သည် ဒုက္ခဝေဒနာရောဂါကိုခံစားရသောအခါတိုင်အောင် ချစ်ကျွမ်းဝင်သော အရပ်ဌာနသို့သွားကြလေကုန်သည်၊ ငါ၏သားတော် ရဟန်းတို့သည် သင်မင်းကြီးနှင့် ချစ်ကျွမ်းဝင်ခြင်းမရှိ၍သာ ဖြစ်လိမ့်မည်ဟု မိန့်တော်မူ၏။

## ကောသလမင်းကြီးကဆွေမျိုးတော်လိုခြင်း

ပသေနဒီကောသလမင်းကြီးသည် ဤသို့ကြံ၏၊ သံဃာတော်များနှင့်ရင်း၊ မြတ်စွာဘုရားသခင်နှင့်ရင်း ရင်းနှီးချစ်ကျွမ်းဝင်မှု

ရရှိရန် မြတ်စွာဘုရား၏ အနွယ်တော်ဖြစ်သော သာကီဝင်မင်းသမီးတပါးပါးကို ငါ၏နန်းတော်၌ထားရသော် မြတ်စွာဘုရားနှင့် ဆွေမျိုးတော်စပ်သည်ဟု သံဃာတော်အပေါင်းသည် ငါ့ထံသို့ရင်းရင်းနှီးနှီးလာကြပေလတံ့ဟု ကြံစည်ပြီး သာကီဝင်မင်းတို့ထံ သတို့သမီးငယ်တယောက်ပို့ရန် သံဝဏ်လွှာ စေလိုက်လေ၏။

တမန်တို့ သဝဏ်ဆက်လေလျှင် သာကီဝင်မင်း မဟာနာမသည် မှူးမတ်တို့နှင့်တိုင်ပင်၏၊ သာကီဝင်သမီးကညာ ဆက်သရန်တောင်းလာ၍ မပေးလျှင်လည်း၊ ရန်စစ်ပွားနိုင်သည်၊ ပေးရမည်ကလည်း၊ သာကီဝင်တို့သည် အခြားအမျိုးတပါးနှင့် ဆက်ဆံမှုအစဉ်အလာမရှိစကောင်းခဲ့၊ သို့ဖြစ်၍ ငါ၏ကျွန်မမှ ဝါသဘခတ္တိယာအမည်ရှိ သမီးတယောက်ဖွားမြင်ခဲ့သည်။ ထိုဝါသဘခတ္တိယာကို မဟာနာမမင်း၏သမီးဟုဆို၍ဆက်သအံ့ဟုကြံ၍ သမီးကညာ ဆက်မည့်အကြောင်း တမန်တို့အား ပြန်ကြားလိုက်၏။

ပသေနဒီကောသလမင်းကြီးက မင်းတို့မည်သည် ပရိယာယ်များလှသည်၊ မဟာနာမမင်းကြီးနှင့် လက်ဆုံပွဲတော်တည်သည်ကို မြင်မှ ဆောင်ယူခဲ့ဟုမှာကြား၏။ တမန်အမတ်တို့ လျှောက်ထားလျှင် မဟာနာမမင်းသည် အတူတကွ ပွဲတော်တည်ဟန်ပြု၍ပြ၏။ တမန်တို့လည်းကြေနပ်ကြ၏၊ ပသေနဒီ ကောသလမင်းသည် မြတ်နိုးလှသည်ဖြစ်၍ မိဘုရားအရာ၌ထား၏။

## ဝိဋဋူဘ၏ ရန်ငြိုးအစ

ဝါသဘခတ္တိယာ မိဘုရားသည် မကြာမီပင် ရွှေအဆင်းနှင့်တူသောသားကို ဖွားမြင်၏၊ ပသေနဒီကောသလမင်းကြီးသည်

များစွာမြတ်နိုးရှိလှ၍ ဘိုးတော်မဟာနာမထံ နာမည်တော်ပေးရန် လျှောက်ထားစေ၏။ စေလွှတ်သောအမတ်မှာ နားလေးသူဖြစ်၏၊ ဝလ္လဘာဟူသောအမည်ကို ဝိဋ္ဋူဘဟု နားကြားလွဲပြီး ပသေနဒီကောသလမင်းအား လျှောက်ထား၏၊ မင်းကြီးလည်း ရှေးသာကီဝင်တို့ အဆက်အနွယ်ဟုယူဆကာ ဝိဋ္ဋူဘ ဟူ၍ပင် အမည်ပေးလေ၏၊ ငယ်စဉ်ကပင် စစ်သူကြီးအရာ၌ထားလေ၏။

၁၆ နှစ်သား အရွယ်ရောက်လျှင် မယ်တော်၏ ဆွေတော်မျိုးတော်တို့ကိုဖူးမြော်ရန်သွားအံ့ဟုမယ်တော်ထံ ခွင့်တောင်း၏။ မယ်တော်ကမသွားရန် ဖျောင်းဖျ ပြောဆိုသော်လည်း မရ၍ ခွင့်ပြုလိုက်ရ၏၊ သာကီဝင်မင်းတို့ထံ ဝိဋ္ဋူဘအားအမျိုးအနွယ်ကို ပြောမပြပါရန် ကြိုတင်တောင်းပန်စာရေးလိုက်၏၊ သာကီဝင်တို့လည်း၊ ၁၆ နှစ်သားအောက် ငယ်သောသူတို့ကို ရှောင်ရှား၍နေစေ၏။

ဝိဋ္ဋူဘသည် အခြေအရံများစွာနှင့် ရောက်လာ၏၊ သာကီဝင်မင်းတို့သည် မင်းကွန်း၌ စုဝေး၍ အပူဇော်ခံကြ၏၊ ဝိဋ္ဋူဘသည် မိမိကသာရှိခိုးရပြီး မိမိကိုရှိခိုးသူ တစုံတယောက်မျှ မရှိသလောဟုမေး၏၊ သင်၏ညီတော်တို့သည်ဇနပုဒ်သို့ ရောက်ကုန်ကြသည်ဟု ပြောဆို၍ ဝိဋ္ဋူဘမင်းသားအား ကြီးကျယ်စွာ ပူဇော်ကြ၏။ ဝိဋ္ဋူဘလည်း နှစ်ရက်သုံးရက်နေ၍ ကြီးစွာသော အခြံအရံဖြင့် ကပိလဝတ်ပြည်မှ ထွက်ခဲ့၏။

ဝိဋ္ဋူဘတို့ပြန်သွားပြီးနောက်မင်းကွန်းကိုဆေးကြောသော ကျွန်မသည် ဝိဋ္ဋူဘထိုင်ရာပျဉ်ချပ်ကိုနို့ရေဖြင့် ဆေးကြောရင်း "ကျွန်မ၏သား ထိုင်သွားသည့်နေရာ" ဟု ရေရွတ်ဆဲရေး၏။

မင်းချင်းတယောက်သည် မင်းကွန်း၌မိမိလက်နက်မေ့ကျန်ခဲ့၍ ပြန်လာရာ ကျွန်မ၏ ဆဲရေးမှုကိုကြား၍အကျိုးအကြောင်းကိုမေးရာ ဝါသဘခတ္တိယာသည်သာကီဝင်မဟုတ်၊ကျွန်မ၏သမီးဟု ပြောလေ၏၊ ထိုမင်းချင်းပြန်ရောက်သော်သတင်းထူးအဖြစ်ပြောကြားရင်း တဆင့်တဆင့် ဝိဋ္ဋူဘနားသို့ ပေါက်လေ၏၊ ဝိဋ္ဋူဘသည် အံကိုကြိတ်၍ သာကီဝင်တို့သည် ငါ၏ထိုင်ရာပျဉ်ချပ်ကိုနို့ရည်ဖြင့်ဆေးသည်ရှိစေဦး၊ ငါမင်းဖြစ်မှသာကီဝင်တို့၏ လည်ချောင်းသွေးဖြင့် ငါထိုင်ရာပျဉ်ချပ်ကို ဆေးကြောမည်ဟု အံခဲ၍ထား၏။

သာဝတ္ထိပြည်သို့ရောက်လျှင် အမတ်တို့လျှောက်ထားသဖြင့် ပသေနဒီကောသလမင်းသည် အမျက်ထွက်၍ ဝါသဘခတ္တိယာမိဖုရားနှင့် သားတော်ဝိဋ္ဋူဘတို့အား ပေးအပ်သောအဆောင်အယောင်တို့ကို ရုပ်သိမ်း၍ ကျွန်မိန်းမတို့ရအပ်သော စည်းစိမ်ကိုသာပေးထား၏။

**အဘအမျိုးသာ ပဓာန**

နှစ်ရက်သုံးရက်ရှိလျှင် မြတ်စွာဘုရားသခင်သည် နန်းတော်သို့ကြွသွားမိုက် ပသေနဒီကောသလမင်းသည် ရှိသေစွာရှိခိုး၍ "အရှင်ဘုရား သာကီဝင်မင်းတို့သည် ကျွန်မ၏ သမီးဖြစ်သော ဝါသဘခတ္တိယာအား သာကီဝင်မင်းသမီးဟု လိမ်လည်ဆက်သကြောင်းသိရ၍ အရာအထူးမှ နှုတ်သိမ်းလိုက်ကြောင်း" ကို လျှောက်ထား၏။

မြတ်စွာဘုရားသခင်က "သာကီဝင်တို့သည် ဤမျှမပြုမူအပ်ကြောင်း၊ သို့သော် ဝါသဘခတ္တိယာ ဝိဋ္ဋူဘ တို့ကိုလည်း

မနှုတ်ပယ်သင့်ကြောင်း၊ ဝါသဘခတ္တိယာသည် ခတ္တိယစစ်စစ်ဖြစ်သော သင်မင်းကြီး၏နန်းတော်၌ အဘိသိက်သွန်းခံရပြီးဖြစ်၏၊ ဝိဋ္ဋူဘသည်လည်း ခတ္တိယစစ် စစ်မင်းမျိုးဖြစ်သော သင်မင်းကြီး၏ သားအစစ်ဖြစ်၏၊ အဘ၏အမျိုးအနွယ်သာ ပမာဏ မဟုတ်တုံလော"ဟု အတိတ်ကိုဆောင်တော်မူ၏။

## ထင်းခွေသည်မိန်းမ အတိတ်ဝတ္ထု

ရှေးသရောအခါ ဗာရာဏသီ ပြည် ဗြဟ္မဒတ်မင်းသည် ဥယျာဉ်ကစားထွက်တော်မူရာ ထင်းခွေသည်မိန်းမပျိုတယောက်၏ သာယာသော သီချင်းသံကိုတပ်မက်၍ ထင်းခွေသည်မိန်းမပျိုနှင့် မေတ္တာနှောင်ဖွဲ့ ပေါင်းဖေါ်ခြင်းအမှုကိုပြု၏၊ ထင်းခွေသည်မိန်းမတွင် ပဋိသန္ဓေစွဲသည်ကို သိသောအခါ ဗြဟ္မဒတ်မင်းသည် မိမိလက်ဝတ်တော်ရတနာကို ချွတ်၍ သမီးမိန်းကလေးမွေးလျှင် လက်ဝတ်တော်ရတနာကို ထုခွဲရောင်းချ စားသောက်လေ၊ သားယောကျ်ားလေးမွေးဖွားလျှင် လက်စွပ်နှင့်တကွငါ့ထံသို့ဆောင်ယူခဲ့ ချေဟု မှာထား၍ တိုင်းပြည်သို့ပြန်သွား၏။

## သစ္စာ၏အကျိုးအာနိသင်

သားယောကျ်ားဖွားမြင်၍ ပြေးလွှားကစားနိုင်သောအရွယ်သို့ရောက်လျှင် နန်းတော်သို့ဝင်၍ ဘုရင်အား သားတော် မွေးကြောင်းလျှောက်၏၊ ဘုရင်က ငါ၏သား မဟုတ်ဟုငြင်း၏။ လက်ဝတ်တော်ရတနာကိုပြ၏၊ ငါ၏လက်ဝတ်ရတနာမဟုတ်ဟုငြင်းပြန်၏။

ထင်းခွေသည်မိန်းကလေးက အရှင်မြတ် ကျွန်ုပ်တွင်သစ္စာပြုခြင်းသာ အားထားရာရှိပါတော့သည်ဟုဆို၍=

"ဤသူငယ်သည် အရှင်မင်းမြတ်ကိုစွဲ၍ မွေးဖွားသော သားဖြစ်ပါက ကောင်းကင်၌တည်နေစေသား၊ အရှင်မင်းမြတ်ကိုစွဲ၍ မွေးဖွားသော သားမဟုတ်ပါက မြေသက်၌ကျ၍ ၎သေပါစေသား"

ဟု သစ္စာပြုပြီး သူငယ်၏ခြေတို့ကို ဆွဲကိုင်၍ အထက်ကောင်းကင်ရောက်အောင် ပင့်မြှောက်လွှင့်ပစ်လိုက်၏။ ထိုသူငယ်ကား ဘုရားလောင်းဖြစ်၍ ကောင်းကင်၌ ထက်ဝယ်ဖွဲ့ခွေနေပြီး ခမည်းတော်ဘုရင်အား တရားဟော၏။ မင်းကြီးဘုရားလောင်း၏ တရားစကားကို ကြားနာရ၍ ချစ်သားလာလှည့်ဟု လက်ကိုဖြန့်တော်မူ၏၊ ဘုရားလောင်းသည် မင်းကြီးရင်၌ ဆင်းသက်တည်နေ၏။

မင်းကြီးသည် ထင်းခွေမိန်းမအား မိဖုရားကြီးအရာ၌ထား၍ သားတော်အား အိမ်ရှေ့အရာပေး၏၊ ဘုရားလောင်းမင်းသားသည် ခမည်းတော် ကွယ်လွန်သောအခါ ကဋ္ဌဝါဟနမင်းအမည်ဖြင့် ဗာရာဏသီပြည်တွင် တန်ခိုးကြီးသော မင်းဖြစ်လာ၏။ ဟု ဟောတော်မူပြီး=

"တကာတော်မင်းကြီး ထိုစဉ်က ထင်းခွေသည်မိန်းမသည် ယခုအခါမယ်တော်မာယာမိဖုရားကြီးဖြစ်လာသည်၊ ခမည်းတော်ဗြဟ္မဒတ်မင်းကြီးသည် ယခုအခါ သုဒ္ဓေါဒနမင်းကြီးဖြစ်လာသည်၊ ကဋ္ဌဝါဟနမင်းသည် ယခုအခါ ငါဘုရားဖြစ်လာသည်"

ဟု အနုသန္ဓေစပ်တော်မူ၏။

ပသေနဒီကောသလမင်းလည်း မြတ်စွာဘုရား၏တရားတော်ကို နာကြားရပြီး ဝါသဘခတ္တိယာနှင့် ဝိဋ္ဋူဘမင်းသားတို့ကို မူလအတိုင်းပြန်၍ ချီးမြှောက်လေ၏။

## ဗန္ဓုလ နှင့် မလ္လိကာ

စစ်သူကြီးဗန္ဓုလသည် မလ္လိကာနှင့် အိမ်ထောင်ကျခဲ့၏၊ နှစ်ဦးစလုံးသည် မြတ်စွာဘုရားသခင်နှင့်လည်းကောင်း၊ မဟာသာဝကကြီးများနှင့်လည်းချစ်ကျွမ်းဝင်ကြ၏။

အိမ်ထောင်ကျ၍ နှစ်ပေါင်းအတော် ကြာသည့်တိုင်အောင် သားသမီးတစ်ယောက်မျှ မထွန်းကား၍ ဗန္ဓုလစစ်သူကြီးက မကျေမနပ်ဖြစ်ခါ မိဘအိမ်သို့ နှင်ထုတ်လိုက်၏၊ မလ္လိကာသည် မိဘအိမ်သို့အပြန် မြတ်စွာဘုရားသခင်အား ဝင်ရောက်ဖူးမြော်ရာမှ စကားစပ်မိ၍ မိဘအိမ်ပြန်ရမည့်အကြောင်းစုံကို လျှောက်လေလျှင် မြတ်စွာဘုရားက မလ္လိကာအား ဤအကြောင်းဖြင့်မူ မိဘအိမ်သို့ မပြန်လေလင့်။ သင့်အိမ်သို့သာ ပြန်သွားချေဟု မိန့်တော်မူ၏။

ဗန္ဓုလလည်း မလ္လိကာပြန်ရောက်လာလျှင် မြတ်စွာဘုရားသခင်သည် အကြောင်းရှိ၍သာ မိန့်တန်ရာ၏ဟု ချစ်နှမချမ်းသာစွာနေလော့ဟု ပြန်လည် လက်ခံ လိုက်၏၊ မကြာမြင့်မီပင်လျှင် မလ္လိကာ၌ကိုယ်ဝန်တည်၏၊ ကြီးစွာသော ချင်ခြင်းလည်းဖြစ်၏။

ထိုချင်ခြင်းကား ဝေသာလီပြည် လိစ္ဆဝီမင်းတို့၏ မင်္ဂလာကန်တော်တွင် ရေချိုးလိုသော ချင်ခြင်းဖြစ်သတည်း။လိစ္ဆဝီမင်းတို့၏ မင်္ဂလာကန်တော်ကား သံကွန်ချာတို့ဖြင့်အုပ်ဆိုင်း၍ ငှက်များပင် မဝင်နိုင်အောင် ကြီးစွာသော အစောင့်အရှောက်ဖြင့်

ကာရုံထား၏၊ ဗန္ဓုလက ချစ်နှမ မစိုးရိမ်လင့်ဆန္ဒပြည့်ဝရစေမည်ဟု ရထားကိုပြင်၍ ဗိုလ်ခြေတထောင် တင်ရချရသော လေးကိုဆောင်ပြီး မလ္လိကာကို ရထားပေါ်သို့တက်စေ၍ ဝေသာလီပြည်သို့ ရှေ့ရှုမောင်းနှင်ခဲ့လေသည်။

ဝေသာလီပြည် မြို့တံခါးကို ဝင်လေလျှင် မဟာလိမင်းသည် ရထား၏ ဘီးသံကိုကြားရုံဖြင့် ဗန္ဓုလ၏ရထားဟုသိ၏၊ လိစ္ဆဝီမင်းတို့ဘေးဖြစ်အံ့မည်ကိုတွေးမိ၏၊ ဗန္ဓုလသည် အဟုန်ပြင်းစွာဖြင့် ရထားကို နှင်သက်၍ မင်္ဂလာရေကန်ရှိ အစောင့်တို့ကိုသန်လျက်ဖြင့်ပုတ်ခတ် ကြောက်လန့်ထွက်ပြေးစေပြီး သံကွန်ချာကိုသန်လျက်ဖြင့် ပိုင်းဖြတ်၍ မလ္လိကာကို ရေချိုးစေ၏၊ မိမိကိုယ်တိုင်လည်းချိုး၏၊ မလ္လိကာ၏ ချင်ခြင်းသည်လည်း ပြေပျောက်၏၊ ပြန်လည်၍ လှည်းကိုနှင်ကာ ဝေသာလီ မြို့တံခါးမှထွက်ခွာသွား၏။

အစောင့်တို့၏လျှောက်ထားချက်အရ လိစ္ဆဝီမင်းတို့ သိလေလျှင် ရထားငါးရာကိုပြင်၍ လိစ္ဆဝီမင်း ငါးရာတို့သည် အပြင်းလိုက်ကြ၏၊ မဟာလိ လိစ္ဆဝီမင်းက အသင်တို့မလိုက်ကြကုန်လင့်၊ အသင်တို့၏ အသက်အန္တရာယ် ဖြစ်လတံ့ဟု တား၏၊ လိစ္ဆဝီမင်းသားတို့က ဆရာအရှင် အကျွန်ုပ်တို့မလိုက်၍မဖြစ်ပါ၊ လိုက်ရပါမည်ဟုလျှောက်၏၊ သို့ဖြစ်လျှင် ဗန္ဓုလ၏ ရထားဘီးသည် ပုံတောင်းအထိနစ်သည်ကိုမြင်လျှင် ပြန်၍ လှည့်ခဲ့ကြကုန်လော့၊ ဤမျှမဟုတ်လျှင် သင်တို့၏ ရထားဦးတွင် အပေါက်ထင်သော အခါမူ မုချသာပြန်ခဲ့လေလော့၊ ဤသို့မှမဟုတ်ပြန်လျှင် သင်တို့တွင် အသက်ဘေးကျရောက်လတံ့ဟု မှာကြားလိုက်၏။

ဗန္ဓုလသည် လိစ္ဆဝီတို့ ရထားငါးရာဖြင့် လိုက်လာသည်ကို သိသောအခါ မလ္လိကာအား ရထားငါးရာတို့ တစီးတည်း ထင်အောင် ဖြောင့်တန်းသောအခါ ငါ့အားပြောကြားဘိဟု မှာ၍ ရထားမောင်းမြဲ မောင်း၏၊ မလ္လိကာသည် လိစ္ဆဝီတို့ ရထားငါးရာတစီးတည်း မြင်သောအချိန်တွင် ဗန္ဓုလအား ပြော ကြ၏၊ဗန္ဓုလသည် မလ္လိကာအားရထားကြိုးကိုကိုင်စေ၍ ဗိုလ်ခြေ တတောင်တင်ရသောလေးကို ကြိုးတပ်ပြီး လေးကြိုးကိုခတ်လိုက် သောအခါ ကြီးစွာသောအသံကြီးသည် မိုးချုန်းသကဲ့သို့ မြည် ဟီး၏၊ ဗန္ဓုလသည် မြှားတစင်းကိုလွှတ်၏၊ လိစ္ဆဝီတို့၏ ရထား ငါးရာတွင် အပေါက်တို့သည်ထင်ကုန်၏၊ လိစ္ဆဝီတို့က လိုက်မြဲ လိုက်၏၊ ဒုတိယမြှားကိုလွှတ်လေလျှင် လိစ္ဆဝီမင်းသား ငါးရာ တို့ကို မြှားသည်အဟုန်ပြင်းစွာဖြင့် ထိုးဖေါက်၍ထွက်သွား၏။

လိစ္ဆဝီမင်းတို့ကားဗန္ဓုလရပ်လော့ဟုဆို၏၊ ဗန္ဓုလက သေပြီး သူတို့နှင့် ငါစစ်ခင်းရန်မရှိဟုဆို၏၊ အဘယ်သူတို့သည် သေပြီး သူများဖြစ်ကြသနည်းဟုမေးလျှင် သင်တို့ငါးရာလုံးသည် သေ ပြီးသူများဖြစ်ကြ၏၊ မယုံလျှင် သင်တို့ဖွဲ့နှောင် တုပ်ချည်ထား သော ခါးဝတ်တို့ကို ဖြေလွှတ်၍ ကြည့်လော့ဟုဆို၏၊ နှစ်ဦး သုံးဦးသော လိစ္ဆဝီတို့သည် တုပ်ချည်ထားသည့် ခါးဝတ်တို့ကို ချွတ်၍ကြည့်သည်နှင့် တပြိုင်နက် သွေးတို့သည် ပန်းထွက်ခါ လဲကျသေဆုံးကြကုန်၏။

ဗန္ဓုလသည် ကျန်သောမင်းသားတို့အားသင်တို့သည်လှည့်၍ ပြန်ကြပြီး သင်တို့၏ သားမယားဆွေမျိုးတို့အား မှာကြားစရာ ရှိသည်တို့ကိုမှာကြားပြီး ကိုယ်ဝတ်တို့ကိုဖြေချွတ်၍ သေကြကုန်

လော့ဟု မှာလိုက်၏၊ လိစ္ဆဝီမင်းသားတို့ ပြန်လည်၍ ထွက်သွားပြီးနောက် ငါးရာစလုံးပင် သေဆုံးကြကုန်၏။

## ဗန္ဓုလအား ကောင်းချီးပေးခြင်း

ဤသို့ဖြင့် မလ္လိကာသည် တကြိမ်လျှင် နှစ်ယောက်ကျဖြင့် သားတို့ကို တဆယ့်ခြောက်ကြိမ်တိုင် မွေးဖွား၏၊ သုံးကျိပ်နှစ်ယောက်သော သားတို့ကို မွေးပြီး အတတ်ပညာများ သင်ကြားပြည့်စုံသည့်ကာလ အရာအထူးပေး၍ အိမ်ထောင်ပြုကြစေ၏၊ သားတယောက် တယောက်လျှင် အခြံအရံ တထောင်စီရှိ၏၊ ဗန္ဓုလနှင့် သုံးကျိပ်နှစ်ယောက်သော သားတို့ ညီလာခံဝင်လျှင် နန်းယင်ပြင်သည်ပြည့်၏။

သာဝတ္ထိပြည်၌ တရားဆုံးဖြတ်မှုတို့သည် အဂတိလိုက်စား၍ လွဲမှားစွာစီရင်ဆုံးဖြတ်သဖြင့် ပြည်သူတို့ မခံမရပ်နိုင် ဖြစ်ခါ ဟစ်အော်ကြွေးကြော်ကြ၏။ ဗန္ဓုလသည် ထိုအမှုတို့ကို တရားသဖြင့် ပြန်လည်စီစစ်၍ ဆုံးဖြတ်ပေးသောအခါ ပြည်သူတို့သည် ဗန္ဓုလအား ကောင်းချီးကြွေးကြော်ကြကုန်၏။ ပသေနဒီကောသလမင်းကြီးသည် ထိုအသံတို့အား အဘယ်နည်းဟု မေးလျှင် ဗန္ဓုလအား ပြည်သူတို့၏ ကောင်းချီးပေးသံဟု သိရ၍ များစွာနှစ်သက်ဝမ်းမြောက်၏။

## ဗန္ဓုလအား လုပ်ကြံကြခြင်း

ဗန္ဓုလ နှင့် မလ္လိကာ တို့သည် သား သုံး ကျိပ် နှစ် ယောက်၊ ချွေးမ သုံးကျိပ်နှစ်ယောက်၊ အခြွေအရံများစွာနှင့် ပြည်သူတို့၏ ကြည်ညိုထောက်ခံမှုဖြင့် များစွာ ပျော်ရွှင်သော အိမ်ထောင်စု

ကြီးဖြစ်နေကြသလောက် တံစိုးလက်ဆောင် မစားကြရသော မှူးမတ်တို့သည် အချက်ကောင်းကိုချောင်း၍နေကြ၏၊ မှူးမတ်တို့သည် ဗန္ဓုလနှင့် သားများတို့၏ အန္တရာယ်ကို ပသေနဒီကောသလမင်းကြီးအား တစတစလျှောက်ထားမှ မင်းကြီးသည် ဗန္ဓုလနှင့်သားများ၏အန္တရာယ်ကို ကြောက်ရွံ့လာပြီး တိုင်းပြည်ကို လုယူနိုင်သည့်အင်အားအဖြစ်မြင်၍ ဥပါယ်တမည်ကြံစီတော့၏။ မင်းချင်းစစ်သည်တို့အား တိုင်းစွန်တိုင်းဖျား အရပ်သို့လွှတ်၍ လုယက်တိုက်ခိုက်ကြစေ၏။ ထို့နောက် ဗန္ဓုလနှင့် သားတို့အား တိုင်းစွန်ပြည်ဖျားသို့ ထိုရန်ကိုနှိမ်နင်းရန် စေလွှတ်၏။

မလ္လိကာသည် ဤကိစ္စမှ ဖြစ်ရိုးဖြစ်စဉ်မဟုတ်၊ တိုင်းစွန်ပြည်ဖျား ခိုးသားဒမြထကြသည်မှာ ဗန္ဓုလစစ်သူကြီးကိုယ်တိုင်နှိမ်နင်းရန်အကြောင်းမဟုတ်ဟု ကြိုတင်ရိပ်စားမိ၏၊ ဗန္ဓုလစစ်သူကြီးအား အကြောင်းကိုပြောပြသော် ပသေနဒီကောသလမင်းကြီးသည် မိမိအား လိုလေသေးမရှိအောင် ခြီးပင့်ထားသော ကျေးဇူးရှင်လည်းဖြစ်သည်၊ ကျောင်းတော်တွင် အတူနေဘက်ဖြစ်၍ ဤသို့မကောင်းမကြံတန်ရာ မင်းမိန့်ဖြစ်၍လည်းငြင်းပယ်ကောင်းသော အရာမဟုတ်ဟုဆိုကာ သားသုံးကျိပ်နှစ်ယောက်နှင့်အတူ စစ်ချီထွက်လေ၏။

ခင်ပွန်းနှင့်သားများစစ်ထွက်၍သွားသည်နှင့် မလ္လိကာသည် အဂ္ဂသာဝကဖြစ်ကြကုန်သော ရှင်သာရိပုတ္တရာ၊ ရှင်မောဂ္ဂလန် အရှင်မြတ်နှစ်ပါးနှင့် တပည့်သား သံဃာငါးရာတို့အား ပင့်၍ ဆွမ်းလုပ်ကျွေး၏၊ ဆွမ်းစားနေစဉ်ပင် ခရီးဝေးမှရောက်လာသော မြင်းသည်ကျော် တဦးသည် မလ္လိကာအား စာချွေကို ဆက်သ၏၊ ထိုစာချွေတွင် ယနေ့နံနက်ပင် ဗန္ဓုလစစ်သူကြီးနှင့်

သားသုံးကျိပ်နှစ်ယောက် လုပ်ကြံသတ်ဖြတ်ခံရကြောင်း ပါရှိ၏၊ မလ္လိကာသည် စာကိုဖတ်ပြီး စာခွေကိုရင်၌သိမ်းထားကာ တစုံတယောက်သောသူကိုမျှမပြောကြား၊ အိန္ဒြေမပျက်စေဘဲ ဆွမ်းအလှူကို ကြည်ညို၍သာနေ၏။

ထိုစဥ်တွင် ဆွမ်းကပ်လှူပြီး၍ ထောပတ်ကပ်လှူရန် ယူခဲ့ရာ ထောပတ်အိုးသည် မထေရ်တို့ရှေ့တွင်ကျ၍ ကွဲလေ၏၊ ရှင်သာရိပုတ္တရာ မထေရ်မြတ်က–

"ဒါယိကာမ အနိစ္စသဘောသည် သဘောအားလျော်စွာ ပျက်စီးရသည်သာတည်း၊ ကြံစည်စိုးရိမ်ပူပန်ခြင်းကိုမပြုအပ်" ဟု ဆုံးမတော်မူလေ၏။

မလ္လိကာသည်....မိမိရင်ခွင်ထဲမှ ကမ္ဗည်းစာကို ဆွဲယူထုတ်ငင်ပြီး ရှင်သာရိပုတ္တရာအား လျှောက်ထားသည်မှာ–

"အရှင်ဘုရား ။ ။ သုံးကျိပ်နှစ်ယောက်သောသားနှင့်တကွ ဖခင်ဖြစ်သော ဗန္ဓုလစစ်သူကြီးတို့လုပ်ကြံခံရကြောင်း၊ ကမ္ဗည်းစာကိုမကြာမီကပင် လာ၍ ပို့ပါသည်၊ တပည့်တော်မသည် ဤသို့ကြားသိရသည်တိုင်အောင် သောကပူဆွေး ငိုကြွေးခြင်းမရှိပါ၊ ဤထောပတ်အိုးကွဲရာ၌ အဘယ်မှာ စိုးရိမ်ခြင်းဖြစ်ပါအံ့နည်း" ဟု လျှောက်ကြား၏။

ရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးသည် တရားစကားဟောကြားတော်မူပြီးသော် နေရာမှထ၍ကျောင်းတော်ကြွသွားတော်မူ၏။

## ပသေနဒီကောသလမင်းကြီး ဆုပေးခြင်း

မလ္လိကာသည် သုံး ကျိပ် နှစ် ယောက် သော ချွေး မ တို့ ကို ခေါ်၍–

"ချစ်သမီးတို့ သင့်ချစ်လင်တို့သည် အပြစ်မရှိပါဘဲလျက် ရှေးသံသရာကပြုခဲ့သော ကံ၏အကျိုး၊ ကံစီမံရာကိုသာ ခံကြရသော သတ္တဝါများဖြစ်ကြသည့် အားလျော်စွာ မငြင်းသာဘဲ ခံစားရ၍သွားကြရလေပြီ၊ ဤခရီးတွင် ဤလိုဖြစ်မည်ကို မသွားမီကပင်ခန့်မှန်းမိသော်လည်း မင်းကြီး၏ ကျေးဇူးသစ္စာတော်ကို စောင့်သိ၍ သွားကြခြင်းဖြစ်သည်။ ဟိုဒီအကြောင်း သောင်းပြောင်းထွေလာ တွေးတောခါဖြင့် ကျေးဇူးတော်ရှင် ပသေနဒီကောသလမင်းအပေါ်၌လည်းဂိုးချော စကားယုံမှားလေခြင်းဟု ပြစ်မှားခြင်းမပြုကြပါကုန်လင့်၊ ကံစီမံရာခံကြရသည့် အဖြစ်ကို နှလုံးသွင်း၍ သောကကိုသိမ်း၊ မီးကိုငြိမ်းကြကုန်လော့" ဟု ဆုံးမစကားပြောကြားလေ၏။

မလ္လိကာ၏ဆုံးမစကားကို အထောက်တော်များထံမှတဆင့် ကြားသိရသောမင်းကြီးသည် ဗန္ဓုလစစ်သူကြီးနှင့် သားများ၏ အပြစ်မရှိသောအဖြစ်ကိုသိရှိပြီး ကြီးစွာသံဝေဂရခါ မင်းကြီးကိုယ်တိုင် မလ္လိကာ၏နေအိမ်သို့သွား၍ မလ္လိကာနှင့်ချွေးမတို့အား နှစ်သိမ့်စေပြီး မလ္လိကာအား (လိုအပ်သောဆု)ကိုတောင်းယူရန် ပေးခဲ့၏။

မလ္လိကာက ကျွန်တော်မ လိုသောဆုမှာ ကျွန်တော်မနှင့်တကွ သုံးကျိပ်နှစ်ယောက်သော ချွေးမတို့ကို မိဘရပ်ထံပြန်ရန် အခွင့်သာ ပေးသနားပါဟုတောင်း၏၊ မင်းကြီးကခွင့်ပြု၏၊ ချွေးမတို့ကို ယင်းတို့၏ မိဘများနေအိမ်သို့ ပို့ပြီး မလ္လိကာသည် ကုသိနာရုံရှိ မိခင်ဘခင်ထံသို့ပြန်ခဲ့လေ၏။

## ပသေနဒီကောသလမင်းကြီး၏ နောက်ဆုံးအချိန်

မင်းကြီးသည် များစွာနောင်တရ၍ ဗန္ဓုလစစ်သူကြီး၏ တူဖြစ်သော ဒီဃကာရာယနအား စစ်သူကြီးအရာပေး၏၊ ငါ၏ ဦးရီးကို သတ်သောမင်းကြီးဟု ကြိတ်၍ကြံနေသူဖြစ်၏၊မင်းကြီးလည်း မင်း၏ စည်းစိမ်ကို ကောင်းစွာ မခံစားနိုင် သောက သာရောက်နေရ၏။

မြတ်စွာဘုရားသခင်သည် သာကီဝင်မင်းတို့ရွာနိဂုံးတွင် သီတင်းသုံးနေသည်ဖြစ်ရာ ပသေနဒီကောသလမင်းသည် မြတ်စွာဘုရား သီတင်းသုံးရာ မနီးမဝေး၌ သစ်ခက်တဲနန်းဆောက်၍ မြတ်စွာဘုရားထံ ဝင်တော်မူခြင်းငှာ မင်းမြောက်တန်ဆာတို့ကို စစ်သူကြီး ဒီဃကာရာယနအား ပေးအပ်၍ ဝင်တော်မူ၏။ စစ်သူကြီးလည်း အချက်ရခိုက်တွင် မင်းမြောက်တန်ဆာများနှင့်တကွ စစ်သည်အားလုံးကိုရုပ်သိမ်း၍တယောက်သော အလုပ်အကျွေးမိန်းမကိုသာ ထားပြီး၊ သာဝတ္ထိပြည်သို့ပြန်ကာ ဝိဋူဍဘအား မင်းအဖြစ်တင်မြှောက်ကြလေ၏။

မင်းကြီးလည်း မြတ်စွာဘုရားကိုဖူးမြော်၍ ပြန်အလာအလုပ်အကျွေး မိန်းမတယောက်ကိုသာတွေ့၍ မေးမြန်းအကြောင်းစုံသိလေလျှင် တူတော်ဖြစ်သော အဇာတသတ်မင်း၏ အကူအညီယူ၍ပြန်လည်တိုက်ယူရန်၊ အလုပ်အကျွေးမိန်းမနှင့်အတူရာဇဂြိုဟ်သို့သွားလေ၏၊ ညည့်မိုးချုပ်၍ မြို့ပြင်ဇရပ်၌ တည်းခိုနေစဉ်၊ ခရီးက ကြမ်းတမ်း နေပူတွင် လှန်းခဲ့ပြီး၊ ညချမ်းအခါ အေးမြသောဒဏ်ခံရပြန်သောအခါ မီးခဲကို ရေလောင်းလိုက်သကဲ့သို့ ခန္ဓာကိုယ်ကပြောင်းကပြန်ဖြစ်ကာဝေဒနာခံစားရပြီးထိုညဉ့်တွင် စုတေသေလွန်လေ၏။

အဇာတသတ်မင်းလည်း နံနက်လင်းမှသိရလေလျှင် ဦးရိုးတော်၏အလောင်းကိုကြီးကျယ်စွာ သင်္ဂြိုဟ်ခြင်းပြု၏။

## မြတ်စွာဘုရားနှင့်ဝိဋဋူဘ

ဝိဋဋူသည်ဘ မင်းဖြစ်လေသော်၊ သာ ကီ ဝင် တို့ အ ပေါ် လက်စားချေရန်ဦးစွာကြံ၍ သာကီဝင်တို့ အားလုံးကိုသတ်ရန် သာဝတ္ထိပြည်မှ စစ်သည်အလုံးအရင်းနှင့် ချီတက်ခဲ့၏။

မြတ်စွာဘုရားသည် ဆွေတော်မျိုးတော်အပေါင်းတို့၏ ပျက်စီးမည့်ဘေးကိုစောင့်ရှောက်ရန်ကြံတော်မူ၍၊ နံနက်အခါ ဆွမ်းခံကြွ၊ နေ့အခါ ဂန္ဓကုဋိတိုက်တွင် လျောင်းစက်တော်မူပြီး ညနေချမ်းအခါ ကောင်းကင်ခရီးဖြင့် ကပိလဝတ်ပြည်၏အနီး အရိပ်ကျဲကျဲရှိသော သစ်ပင်ရင်း၌ သီတင်း သုံးတော်မူ၏။ တဖက်တွင်ကား ဝိဋဋူဘပိုင်သော သာဝတ္ထိပြည်ဘက်တွင် ခက်လက်ဝေဆာအေးမြသာယာသော ညောင်ပင်ကြီးရှိ၏။

## ဆွေမျိုးတို့၏အရိပ်

ဝိဋဋူဘမင်းသည် ချီတက်ခဲ့ရာ မြတ်စွာဘုရားကို မြင်လျှင် ရှိသေစွာရှိခိုးပြီး ပူပြင်းလှသော ညနေစောင်းတွင် အရိပ်ကျဲသော သစ်ပင်၌ သီတင်းသုံးတော်မမူဘဲ မြေလှသောညောင်ပင်အောက်တွင် သီတင်းသုံးတော်မူပါဟု လျှောက်ထား၏။

မြတ်စွာဘုရားသခင်က တကာတော်မင်းကြီး ရှိပါစေတော့ ဆွေမျိုးတို့၏ အရိပ်သည်ကား အလွန်ပင် အေးလှပါသည်ဟု မိန့်တော်မူ၏။

ဝိဋ္ဋဋ္ဍူဘလည်း မြတ်စွာဘုရား သခင်သည် ဆွေတော်မျိုးတော်တို့အား စောင့်ရှောက်တော်မူရန် ကြွလာတော်မူပေသည်ဟုသိ၍၊ စစ်ကိုပြန်လည် ရုပ်သိမ်းခဲ့လေ၏။

မြတ်စွာဘုရားလည်း ကောင်းကင်ခရီးဖြင့်ဇေတဝန်ကျောင်းတော်သို့ ပြန်ကြွခဲ့၏။

## သာကီဝင်မင်းတို့ပျက်စီးခြင်း

ဝိဋ္ဋဋ္ဍူဘသည်ဒုတိယအကြိမ် ကြိုးစားပြန်၏၊ မြတ်စွာဘုရားသခင်နှင့် ထိုနည်းအတိုင်းတွေ့၍ ပြန်ခဲ့ပြန်၏၊ တတိယအကြိမ်တွင်လည်း ထိုနည်းအတိုင်းပင် ဆွေမျိုးတော်တို့ကို ကယ်တင်ပြန်၏။

လေးကြိမ်မြောက်တွင်မူ၊ ဝိဋ္ဋဋ္ဍူဘသည်စစ်သည်အင်အားနှင့်ထွက်ပြန်သည်၊ မြတ်စွာဘုရားသခင်သည် သာကီဝင်မင်းတို့၏ရှေးအတိတ်ကံကြောင့် ပျက်စီးအံ့သည့်ဘေးကို တားမြစ်၍ မရနိုင်သည်ကိုသိသဖြင့် ဆိတ်ဆိတ်နေတော်မူ၏။

စစ်သည်တော်တို့သည် ကပိလဝတ်ပြည်တွင်းသို့ ချဉ်းနင်းဝင်ရောက်သည့်ကာလ သာကီဝင်မင်းတို့သည်သူတပါး၏အသက်ကို သတ်ဖြတ်ခြင်းမပြုသော သစ္စာရှိရကားဝိဋ္ဋဋ္ဍူဘ၏စစ်သည်တော်တို့ကို လေးမြှားတို့ဖြင့် စစ်သည်တို့၏အကြားအကြား၌မြှားတို့ကို ကျရောက်စေလျက်ပစ်လွှတ်ကြကုန်၏၊ ဝိဋ္ဋဋ္ဍူဘသည်သာကီဝင်မင်းတို့ သူတပါး အသက်ကို မသတ်ဟု ဆိုကြပြီးယခု ငါ၏စစ်သည်တို့ကို မြှားဖြင့် ပစ်ခွင်းတိုက်ခိုက်သည်ဟုဆို၏၊ မှူးမတ်တို့က သာကီဝင်တို့၏မြှားသည် စစ်သည်တို့၏အကြားအကြား၌သာ ဖြတ်သန်း သွားလာကြကုန်၏၊ တစုံ

တယောက်သောစစ်သည်မျှထိခိုက်ဒဏ်ရာရခြင်းမရှိကြပါဟုဆို၏၊ ဝိဋူဋူဘက ငါ၏ဘိုးတော် မဟာနာမမင်းကြီးအနီးတွင် ရှိနေကြသော သာကီဝင်တို့မှအပ၊ ကြွင်းသောသူတို့ကို သာကီဝင်ဟုတ်မဟုတ်မေး၍ သာကီဝင်မှန်သမျှ သတ်ကြ ကုန်လော့ဟု စစ်သည်တို့ကို အမိန့်ပေးလိုက်၏။ စစ်သည်တို့သည် လိုက်လံသတ်ဖြတ်ကြကုန်၏။

သာကီဝင်တို့မည်သည်မှာမုသားစကားကိုမဆိုကြကုန်သာကီဝင်ဟုတ်မဟုတ်မေးမြန်းလျှင် မုသား စကားကိုမသုံးအသက်ကိုအသေခံသွားကြ၏၊ ဝိဋူဋူဘမင်းသည် နို့စို့မျှပင်မချန်၊သွေးချောင်းစီးအောင် သတ်လျှက်၊ သာကီဝင်တို့၏ လည်ချောင်းသွေးဖြင့် ပျဉ်ချပ်တို့ကိုဆေး၏၊ ဤသို့ဖြင့်ပင် သာကီဝင်အဆက်အနွယ်တို့သည် ဝိဋူဋူဘမင်း၏ ဘေးဖြင့် အဆက်ပြတ်ခြင်းသို့ရောက်၏။ ကြွင်းသော သာကီဝင်အချို့ကား မြက်ကိုလက်တွင်ဆုပ်၍ မြက်သာကီဝင်၊ ကျူပင်ကို ကိုင်၍ ကျူသာကီဝင်ဟုဆိုသဖြင့် လွတ်ကြသည်လည်းရှိ၏။

## မဟာနာမမင်းကြီး နဂါးပြည်ဥဒ္ဒစံခြင်း

ဝိဋူဋူဘမင်းသည် ဘိုးတော်မဟာနာမမင်းကြီးကို ဆောင်ယူလျှက်၊ သာဝတ္ထိပြည်သို့ ပြန်လာခဲ့၏၊ လမ်းခရီးတွင် ဘိုးတော်နှင့်အတူ နံနက်စာစားအံ့ဟုပြင်ဆင်စေ၏၊ မဟာနာမ မင်းကြီးသည် မင်းမျိုးတို့မည်သည် ကျွန်မ၏သားနှင့် အတူတကွပွဲတော်တည်ရိုးမရှိ၊ အသက်ကိုပင် အသေခံမည် အကယ်၍အတူတကွပွဲတော်မတည်ဟု ဆိုငြားအံ့၊ အမျက်ထွက်၍ငါ့ကိုသတ်အံ့တည်းသူတပါးအသတ်ကို ငါမခံပြီဟုကြံ၍၊ ပွဲတော်မတည်မီ မြစ်အ

တွင်း၌ ရေမိုးသန့်စင်အံ့ဟုဆိုပြီး မြစ်အတွင်းသို့ ရေချိုးဟန်ဆင်းပြီးလျှင်၊ ဆံတို့ကိုဖြန့်ချလျှက် ဆံအဖျား၌ အထုံးအထုံးပြုပြီးသော်ရေနက်ရာအရပ်သို့ရောက်လျှင်ဆံပင်အတွင်းသို့ခြေနှစ်ချောင်းကိုသွင်းလျက်၊ ရေထဲသို့ ငုံ့လျှိုးလေသည်။

မဟာနာမမင်း၏ ဘုန်းတန်ခိုးကြောင့်၊ နဂါးမင်းသည်၊ နဂါးပြည်သို့ ပင့်ဆောင်လေ၏။

## ဝိဋ္ဋူဘနှင့်စစ်သားများသေဆုံးခြင်း

ဝိဋ္ဋူဘမင်းလည်း ငါ၏ဘိုးတော်လာလတံ့ဟုစောင့်ဆိုင်းနေ၏၊ အချိန်တန်၍မလာသော် ရှာဖွေ၏၊ မတွေ့သော် ဆက်လက်ထွက်ခွာ၏။

အစိရဝတီ မြစ်ကမ်းသို့ရောက်လျှင် ညဉ့်နက်သည်ဖြစ်၍၊ မြစ်ကမ်းသဲကုန်းပြင်၌ အိပ်ကြကုန်၏၊ ညဉ့်အချိန်တွင် မိုးကြီးသည်းထန်စွာ ရွာသွန်းပြီး မြစ်ရေသည်အထက်အညာမှ အဟုန်ပြင်းစွာစီးဆင်းရာသို့ ဝိဋ္ဋူဘနှင့်တကွ စစ်သည်တို့သည် မျောပါ၍သမုဒ္ဒရာသို့၊ကျရောက်သေဆုံးကုန်၏။ရှေးကုသိုလ်ရှိသောသူများကားမြစ်ကမ်းထက်၌အိပ်ကြ၍ အသက်ချမ်းသာရကြ၏။

## သာကီဝင်တို့၏ရှေးအတိတ်

သာကီဝင်တို့သည်၊ ဤသို့သွေးချောင်းစီးအောင် မျိုးပြုတ်အောင် သေဆုံးကြခြင်းသည် မသင့်လျော်ချေကား၊ ဝိဋ္ဋူဘသည် ဤမျှလောက်ဖြင့်အခဲမကျေ၊ သာကီဝင် တမျိုးလုံးပြုတ်အောင် လက်စား ချေခြင်းသည်လည်း မသင့်ချေတကားဟုပြောကြားသည်ကို မြတ်စွာဘုရားသခင် သိတော်မူသည့်ကာလ မြတ်စွာဘုရားသခင်က။

ဤသာကီဝင်မင်းတို့သည်၊ ရှေးဘဝ၌ တစုတပေါင်းတည်း ပြု၍ မြစ်အတွင်း၌ ဆေးခတ်၍ ငါးတို့ကို သေစေခဲ့ခြင်း အတိတ်ကံကြောင့် ဤသို့ဖြစ်ရသည်ဟု ဟောတော်မူ၏။

နောက်တနေ့တွင် ရဟန်းတို့သည် ဝိဋူဍဘတို့ သေဆုံးကြခြင်းနှင့်စပ်လျဉ်း၍၊ ပြောကြားသည်ကို မြတ်စွာ ဘုရားသခင် သိတော်မူလေလျှင်။

(၄၇) ပုပ္ဖါနိဟေဝ ပစိနန္တံ၊ ဗျာသတ္တ မနသံ နရံ။
သုတ္တံ ဂါမံ မဟောဃောဝ၊ မစ္စု အာဒါယ ဂစ္ဆတိ။

(၄၇) အိပ်ပျော်၍နေသောရွာကြီးအား ရေအလျှဉ်ကြီးသည် တိုက်ဖျက် ယူဆောင်သွားသကဲ့သို့ ပန်းတည်းဟူသော ကာမဂုဏ်အာရုံတို့ကို ဆွတ်ခူးရွေးချယ် တွယ်တာကပ်ငြိသည့်စိတ် ရှိသောသူအား သေမင်းသည် တိုက်ဖျက် ယူဆောင်သွားလေ၏။

ဟူ၍ ဟောကြားတော်မူသော ဒေသနာတော်၏ အဆုံး၌ များစွာကုန်သောသူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကုန်၏။

(ဓမ္မပဒ ပုပ္ဖဝဂ်သုံးခုမြောက်ဝိဋူဍဘဇာတ်ပြီး၏)

၄။ ပုပ္ဖဝဂ်

## ၄။ ကာမပန်းကုံး၊ ရွေးချယ်သုံး မဆုံးမိပင်၊ သေမင်းငင်

(ပတိပူဇိကာ ဝတ္ထု)

ဝေဆာပွင့်လန်း၊ ပန်းနှင့်တူစွာ၊
ကာမချမ်းသာ၊ တွယ်ရာကပ်ငြိ၊
စိတ်ရှိတိုင်းကြွ၊ မရောင့်ရဲမီ၊
ပျော်ဆဲကာလ၊ ထိုခဏတွင်၊
သေမင်းရှင်သည်၊ ဆွဲငင်ခေါ်ဆောင်
သွား၏တည်း။

(ပုပ္ဖနိဟေဝ) စသည့် ဒေသနာဂါထာတော်ကို သာဝတ္ထိ ပြည်၌ ပတိပူဇိကာအား အကြောင်းပြု၍ ဟောကြားတော်မူ၏။

### ဝတ္ထုကြောင်းကား ဤသို့တည်း

မိန်းမငယ်တဦးသည် ငယ်စဉ်ကစ၍ ဒါနအမှု သီလအမှုပြု၏၊ အသက်တွက်စစ်၊ တဆယ့်ခြောက်နှစ်သို့ ရောက်လျှင် မိဘတို့က အိမ်ထောင် ချထား၍ သားလေးယောက် မိခင်ဖြစ်သည့်တိုင် အောင် အလှူအတန်းပြုလေတိုင်း "ဤလှူဒါန်းပြုစုရသော ကောင်းမှုကြောင့် ဤဘဝမှစုတေခဲ့လျှင် အတိတ်ဘဝက ကြင်ခဲ့ ကြရသည့် ကျွန်မ၏အရှင်သခင်၊ မာ လာ ဘာ ရီ နတ် သား နှင့် ပြန်လည်ပေါင်းရပါလို၏"ဟု ဆုလောင်းလေ့ရှိ၏၊ ဤသို့အတိတ် ဘဝက အရှင်လင်ကိုသာ အစဉ်မပြတ် တောင်းတ ဆုတောင်း လေ့ရှိသောကြောင့် ရဟန်းတော်တို့က (ပတိပူဇိကာ) ဟူသော အမည်ကိုပေးကြ၏။

ထိုဒါယိကာမသည် ထကြွလုံ့လဝီရိယ ရှိ၏၊ အမြဲမပြတ် ဆွမ်းစားဇရပ်ကို ရှင်းလင်းသုတ်သင်သိမ်းဆည်း၏၊သံဃာတော် တို့အတွက်၊ သောက်ရေ၊ သုံးရေ တို့ကို တည်ထား၏၊ ထိုင်ရန် နေရာတို့ကိုခင်းထား၏၊ အခြားသူတို့ လာရောက်လှူဒါန်းသည် တို့ကို ခွဲခြမ်းဝေဖန်၍ပေးလှူ၏၊ ပတိပူဇိကာသည် အစဉ်သဖြင့် ကုသိုလ်စိတ်ဖြင့်သာ လှုပ်ရှားသွားလာ လုပ်ကိုင်နေ၏။

တနေ့တွင် ရဟန်းသံဃာတို့ ဆွမ်းခံအပြီး ဆွမ်းစားဇရပ်သို့ ကြွလာကြရာ၌ ခါတိုင်းကဲ့သို့ သုတ်သင် ရှင်းလင်း ထားသည် လည်းမရှိ၊ ပတိပူဇိကာ ဒါယိကာမကိုလည်း မတွေ့မြင်သဖြင့် မေးမြန်းကြည့်ရာ ယမန်နေ့ညကပင် ရုတ်တရက်သောရောဂါ ကြောင့် ကွယ်လွန်အနိစ္စရောက်ကြောင်း သိရှိရသဖြင့် ပုထုဇဉ် ရဟန်းအများမှာ ပတိပူဇိကာ၏ ကျေးဇူးတရားတို့ကို ဆင်ခြင် အောက်မေ့၍ မျက်ရည်မဆည်နိုင်ဖြစ်ကြရ၏၊ ရဟန္တာပုဂ္ဂိုလ် တို့အဘို့ကား ဓမ္မသံဝေဂဖြစ်ကြရ၏။

## ပတိပူဇိကာ၏ လားရာဂတိ

ရဟန်းတို့သည်လည်း ဆွမ်းစားပြီးသော် ကျောင်းတော်သို့ သွားရောက်ပြီး မြတ်စွာဘုရားအား ပတိပူဇိကာ သေလွန် ကြောင်းကို လျှောက်ထား၍ ယခုအခါ ဘယ်အရပ်မှာ ဖြစ်ပါ လေသနည်းဟု မေးလျှောက်၏၊ ထိုဥပသိကာမသည် ဆုတောင်း ပြည့်၍ မိမိအရှင်ခင်ပွန်းလင်ထံမှောက်သို့ ပြန်ရောက်၏ဟု မိန့် တော်မူလျှင် "ရှင်တော်ဘုရား ပတိပူဇိကာသည် မိမိခင်ပွန်း လင်၏ အိမ်၌ ယခုမရှိပါဘုရား"ဟု လျှောက်ကြား၏။

"ရဟန်းတို့။ ။ ပတိပူဇိကာသည် ယခုဘ၀ မျက်မှောက်ရှိ ခင်ပွန်းလင်ကို တောင့်တသည်မဟုတ်"ဟု ပတိပူဇိကာ၏ ရှေး အတိတ်ကို မိန့်ကြားတော်မူ၏။

ရဟန်းတို့။ ။ ပတိပူဇိကာသည် လူ့ပြည်ဘ၀သို့ တာဝတိံသာမှ စုတေရောက်ရှိလာခဲ့ခြင်း ဖြစ်သည်။ တာဝတိံသာပြည်၌ မာလာဘာရီနတ်သားသည် နတ်သမီးတထောင်ခြံရံလျက် ပန်း ဥယျာဉ်သို့ ဆင်းသက်၍ လာရာတွင် နတ်သမီးငါးရာတို့သည် မာလာဘာရီ နတ်သားအတွက် တန်ဆာဆင်ရန် ပန်းများကို ခူးနေကြခိုက်၊ တယောက်သောနတ်သမီးသည် ပန်းခူးနေရင်း နတ်ဘဝမှစုတေ၍ သာဝတ္ထိပြည် သူဌေးမတဦး၏ ဝမ်းဝယ် ပဋိ သန္ဓေတည်နေခဲ့သည်။ လူ့ဘ၀သို့ရောက်၊ လူလားမြောက်သည် မှစ၍ ဇာတိဿရဉာဏ်ဖြင့် ပြန်လှန်ထင်ထင် သိမြင်ခဲ့သဖြင့်၊ ခင်ပွန်းလောင်း မာလာဘာရီနှင့် ပြန်လည်ပေါင်းဆုံနိုင်စေခြင်း အကျိုးငှာ အစဉ်မပြတ် ဒါနသီလတို့ကိုသာ ပွားများပြီး ဒါန စိတ်၊ သီလစိတ်၊ ကုသိုလ်စိတ်တို့ကိုသာ မွမ်းထုံလျက်ရှိသဖြင့် ပတိပူဇိကာခြေလှမ်းတိုင်း၊ လှမ်းတိုင်းသည် ကုသိုလ်စိတ်မွမ်းထုံး ၍ လှမ်းသည်၏အဖြစ်ကြောင့် ခြေတလှမ်းတလှမ်းလျှင် ငါးဆယ် ခြောက်ပါးကုန်သော ကုသိုလ်တို့သည် ရရှိနေခြင်းဟုဆိုခြင်းပင် ဖြစ်သည်။ ကုသိုလ်ပြုတိုင်း၊ မပြတ်မလပ်ပင်လျှင် မာလာဘာရီ ခင်ပွန်းဟောင်းထံ ပြန်လည်ရောက်ရှိ ရပါလို၏ဟူ၍ပင် အစဉ် မပြတ်သော ဇောစိတ်ဖြင့် ဆုတောင်းကာ ထိုဇောစိတ်ဖြင့်ပင် ကွယ်လွန်သောအခါ၌ တာဝတိံသာနတ်ပြည် မာလာဘာရီ နတ်သားထံ၌ အိပ်သောယောကျ်ား နိုးသောလားသို့ လျှပ် တပျက်ပင်ပြန်လည် ရောက်ရှိသွားလေ၏။

ပတိပူဇိကာသည် နတ်သမီးဘ၀ ပြန်လည်ရောက်ရှိသည့် အခါ နတ်သမီး ငါးရာတို့သည် မာလာဘာရီ နတ်သားကို ပန်းကုန်းတို့ဖြင့် တန်ဆာဆင်ပေးလျက်ပင် ရှိနေကြသေးသည်။

မာလာဘာရီနတ်သားသည် လူ့ပြည်မှတဖန်စုတိ၍ ပြန်လာ ခဲ့သော ထိုနတ်သမီးကိုမြင်လျှင်၊

"အသင်ကိုစောစော ကာလကငါမမြင်၊ အဘယ်သို့ သွား နေသနည်း"

"အရှင်။ ။ကျွန်တော်မသည်၊ နတ်ဘ၀မှစုတိ၍ သွားခဲ့ ပါသည်"

"အသင်နတ်သမီး အဘယ်သို့ပြောသနည်း"

"မှန်ပါ၊ နတ်ဘ၀မှ စုတိပြောင်းကြွ သေလွန်ရကြောင်းကို ပြောပါသည်"

"သို့ဖြစ်လျှင် အဘယ်ဘ၀၌တည်သနည်း"

"လူ့ဘ၀၌တည်ပါသည်"

"ထိုလူ့ဘ၀၌ အဘယ်မျှကြာသနည်း"

"လူ့ဘ၀တွင် သာ၀တ္ထိပြည်၌ သားလေးယောက်တတို့ဖွား မြင်ပြီးသည့်တိုင်၊ ဒါနသီလ ကုသိုလ်အစုစုတို့ကို အစဉ်မပြတ် ပြု၍ အရှင်ထံပြန်ရောက်ရှိစေရန် ဆုပန်၍ လူ့ဘ၀မှ စုတေသည် နှင့် အရှင်ထံ၌ဖြစ်လာရပါသည်"

"လူတို့၏သက်တန်းသည် အဘယ်မျှ ရှည်ကြာသနည်း"

"နှစ်တရာမျှလောက်ရှိပါသည်"

"နှစ်တရာချလောက်ပင်လား"

"မှန်ပါ၊ ဤမျှလောက်သာ အသက်ရှည်ကြပါသည်"

"သို့နှစ်တရာမျှလောက်သာ သက်တန်းရှိခဲ့လျှင် လူဘို့သည် မိမိတို့ရသောဘဝကို ထိုမျှလောက် တိုတောင်းသော ကာလအတွင်း၌ မမေ့မလျော့သော သတိတရားဖြင့် ဒါနသီလဘာဝနာများကြိုးစားအားထုတ်ကြပါကုန်၏လော"

"မှန်လှပါ လူတို့သည် နှစ်တရာမျှလောက်သော အသက်ကို ရှည်လျှားလှပြီဟုထင်မှတ်၍ စားခါ၊ သောက်ခါ၊ ပျော်ပါးခါဖြင့် ဇာတိ၊ ဇရာ၊ မရဏဘေးကို တွေး၍မကြောက်၊မေ့လျော့ပျော်ပါး၊ နှစ်အသချေ်မရေတွက်နိုင်အောင် နေရမည်ကဲ့သို့ မအိုမသေနေရမည်ကဲ့သို့ မေ့မေ့ လျော့လျော့ ပေါ့ပေါ့ တန်တန် နေကြပါကုန်သည်"

ထိုစကားကြားလျှင် မာလာဘာရီနတ်သားသည် ကြီးစွာသော သံဝေဂဖြစ်၍ ပြင်းပြစွာ ထိတ်လန့်သောအားဖြင့်

"အို....လူတို့သည်ကား အနှစ်တရာမျှလောက် အသက်ကို ရှည်လျှားလှပြီထင်မှတ်၍ မေ့မေ့လျော့လျော့ပေါ့ပေါ့တန်တန် နေခဲ့ကြသည်ဖြစ်ဘိမူ အဘယ်ကာလ၌ ဆင်းရဲဒုက္ခအပေါင်းတို့မှ လွတ်မြောက်နိုင်ပါအံ့နည်း"ဟူ၍ ဆိုလေ၏။

ဤသို့လျှင် မြတ်စွာဘုရား ဟောကြားတော်မူစဉ် ခဏ၌ ရဟန်းအပေါင်းတို့သည်

"ဘုန်းတော်ကြီးလှစွာသော မြတ်စွာဘုရား။ ။သတ္တဝါတို့၏ အသက်သည် အလွန်တိုတောင်း နည်းပါးလှချေ၏တကား၊ ပတိပူဇိကာသည် ယမန်နေ့နံနက်ကပင် တပည့်တော်တို့ကို လုပ်ကျွေးပြုစုပြီး ညချမ်းအခါ ဖြစ်ပေါ်လာသော ဝေဒနာကြောင့် စုတိပြောင်းရွှေ့ သေလွန်ရချေပြီတကား"ဟု လျှောက်ထားသောကာလ–

မြတ်စွာဘုရားသခင်က ''မှန်လှပါပေ၏ ချစ်သားတို့၊ သတ္တဝါတို့၏ အသက်မည်သည်ကား အလွန်ပင် တိုတောင်းလှ၏၊ ဤသို့ တိုတောင်းလှသော သက်တန်းရှိသောကြောင့် လူသတ္တဝါတို့သည် ဝတ္ထုအာရုံ၊ ကာမဂုဏ်တို့၌၊ မရောင့်ရဲ၊ မတင်းတိမ်သေးမီပင်လျှင် ကိုးဆယ့်ရှစ်ဖြာ များစွာသော စစ်သည်ဗိုလ်ပါရှိသော သေမင်းမိုက်သည် အတင်းဖမ်းယူ၍ သွားတော့သည်သာတည်း'' ဟု မိန့်တော်မူပြီး၍၊

**(၄၈) ပုပ္ဖါနိ ဟေဝ ပစိနန္တံ၊ ဗျာသတ္တမနသံ နရံ။**
**အတိတ္တညေဝ ကာမေသု၊ အန္တကော ကုရုတေ ဝသံ။**

(၄၈) ပန်းတို့အလား၊ ကာမဂုဏ်ချမ်းသာတို့ကို ဆွတ်ခူး ရွေးချယ် တွယ်တာ ကပ်ငြိသောစိတ် ရှိသောသူအား၊ ကာမဂုဏ်တို့၌ မရောင့်ရဲမီပင် အဆုံးစီရင် သေမင်းရှင်သည် စိတ်ထင်တိုင်းသာ ပြုလေရာ၏။

ထိုဒေသနာတော်၏အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ်သို့ ရောက်ကြလေကုန်၏။

**(ဓမ္မပဒ ပုပ္ဖဝဂ် လေးခုမြောက် ပတိပူဇိကာဝတ္ထု ပြီး၏)**

၄။ ပုပ္ဖဝဂ်

## ၅။ ပျားပိတုန်းနှယ်ကျင့်ကြံရှယ်

(မစ္ဆရိယကောသိယသဌေးဝတ္ထုနှင့် ဇူလ္လိသဇာတ်)

**ပျားပိတုန်းသည် ပန်းပွင့်နှင့် အဆင်း အနံ့တို့ကို မပျက်စီးစေပဲ ဝတ်ရည်ကို ယူဘိသကဲ့သို့ ရဟန်းသူမြတ်တို့သည် သဒ္ဓါတရားကို မထိခိုက်စေပဲ၊ ပစ္စည်းဥစ္စာကို မထိခိုက်စေပဲ၊ ပစ္စည်းလေးပါးတို့ ခံယူရာ၏။**

(ယထာပိ ဘမရော ပုပ္ဖံ) အစခံသော သုတ္တန်ဒေသနာတော်ကို သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ မစ္ဆရိယကောသိယသဌေးကို အကြောင်းပြု၍ ဟောတော်မူ၏။ (ဝတ္ထုကြောင်းကား ရာဇဂြိုဟ်ပြည်၌ဖြစ်၏)

### ဝတ္ထုကြောင်းကားဤသို့တည်း

မြတ်စွာဘုရားသခင်သည် သာဝတ္ထိပြည်၌ သီတင်းသုံးတော်မူသောအခိုက်၊ တနေ့သော မိုးသောက်ယံတွင် မဟာကရုဏာသမာပတ်မှ ထတော်မူ၍ ကျွတ်ထိုက်သောဝေနေယျသတ္တဝါတို့ကိုကြည့်ရှုတော်မူသည်ရှိသော်-

ရာဇဂြိုဟ်ပြည်ကြီး၏မနီးမဝေးသာဝတ္ထိပြည်မှခရီးလေးဆယ့်ငါး ယူဇနာမျှဝေးကွာသော သက္ကာရနိဂုံးရွာ၌ မစ္ဆရိယကောသိယသဲဌေးနှင့်တကွ ခင်ပွန်းမယားပါသောတပတ္တိဖိုလ်၌တည်၍ ကျွတ်တန်းဝင်မည်ကို မြင်တော်မူလေ၏။

## မစားရက်မသောက်ရက်သော သူဌေးကြီး

ထိုသူဌေးကြီးသည် ကုဋေရှစ်ဆယ်မျှ ချမ်းသာသည်ဖြစ်၏၊ သို့ပါသော်လည်း မိမိကိုယ်တိုင်ကလည်း မစားရက်မသောက်ရက် သူတပါးကိုလည်း မပေးရက်မကမ်းရက် နှမြောတွန့်တိုလျက် သူပိုင် ငွေကြေးတို့ကို ဆံချည်တစ မျှမလျှော့ပါး အောင် စောင့်ရှောက်၍နေသူဖြစ်၏။

မြတ်စွာဘုရားသခင်သည် ထိုသူဌေးလင်မယားကို ရှုမြင်တော်မူသောနေ့၌ ထိုသူဌေးသည် ဘုရင်မင်းမြတ်ထံ ခစားဝင်ရန် အသွား လမ်းခရီး၌ မုန့်အိုးကင်းကပ်ကို ကျေးရွာသားတို့ စားနေသည်ကိုမြင်ရသဖြင့် ထိုမုန့်အိုးကင်းကပ်ကို စားလိုသော အာသာပြင်းပြစွာဖြစ်သတည်း။ အပြန်ခရီးတွင်လည်း ထိုသို့ပင် တွေ့မြင်ရပြန်ရာ ထပ်မံ၍ တားမနိုင်ဆီးမရအာသာဆန္ဒတိုးတက် ဖြစ်ပေါ်ကာ အိမ်သို့ပြန်ခဲ့လေသတည်း။

အိမ်သို့ရောက်လျှင် "ငါစားချင်တာက မုန့်အိုးကင်းတချပ် နှစ်ချပ်၊ ငါစားချင်သည်ဆို၍ အိမ်မှာလုပ်ကိုင်လျှင် တအိမ်လုံး ဝိုင်းစားကြတာနှင့် ငါ့ပစ္စည်းဥစ္စာများ လျှော့ပါးကုန်ခမ်းချေတော့မည်"ဟုစားချင်သောအာသာတွင် ငွေကုန်မှာစိုးလှသဖြင့် ဇနီးမယားကိုပင် မပြောကြားပဲ ကြိတ်မှိတ်၍သာ မှိုင်တွေးငေးမော၍နေလေ၏။

ဇနီးဖြစ်သူက နန်းတော်မှ အပြန်တွင် လင်ဖြစ်သူ မျက်နှာမကောင်းလှ၍ အကြောင်းထူး တစုံတရာချည့်းကပ်၍ မေးမြန်းပါသော်လည်း ဖြေရမှာခက်ခက်၊ မိမိမယားပင်လျှင်တွယ်ကပ်၍ စားမှာ စိုးရိမ်သည့်အချက်ကြောင့် ဘာမှမဖြစ်ပါဟုသာ လို

ရာကို ဖွင့်မပြောပဲ နေလေရာတွင် သဌေးကတော်ခမြာ ပိုမို၍ စိုးရိမ်လာပြီး မရမက တဖွဖွ မေးလေတော့မှ မုန့်အိုး ကင်းကပ် စားချင်သည့်ဖြစ်အင်နှင့် ကိုယ်တယောက်သာ စား ချင် တာ ကြောင့် သူတပါးကိုပါကျွေးရမှာစိုး၍ မျိုသိပ်ခါနေရကြောင်း ကိုသိရလေလျှင် သဌေးကတော်က

"အရှင်။ ။ထိုအတွက်တော့ စိုးရိမ်တော်မမူပါလင့်အရှင် တယောက်စာအတွက် မည်သူမျှ မသိအောင် ဘုံခုနစ်ဆင့်တွင် တက်၍ မုန့်အိုးကင်းကပ်လုပ်ပေးပါမည် အရှင်တယောက်သာ စားပါလေလော့" ဆိုသည့်ကာလ သဌေးကြီးက

"အို....ရှင်မ၊ မုန့်ညက်တို့ကိုပြုရာ၌ ဆန်ကောင်း ဆန်မွန်ကို မပြုလင့်၊ ဆန်ကျိုးဆန်ကွဲ တို့ကိုလည်းကောင်း၊ အနည်းငယ် မျှသာဖြစ်သော နို့ရည်၊ ထောပတ်၊ ပျား တင်လဲတို့နှင့်တကွ ခုံလောက်ငယ်အိုးကင်းငယ်တို့ကိုယူ၍ဘုံခုနစ်ဆင့်ကိုတိတ်တဆိတ် ယူဆောင်ခဲ့လော့"ဟု ဆို၏။

သဌေးမလည်း ထိုအစီအစဉ်အတိုင်း ဆောင်ရွက်ပြီးသော် အောက်ဆုံးဘုံဆင့်မှစ၍တံခါးမင်းတုံးတို့ကိုထိုးပြီးသော် အထက် ဆုံးဘုံ၌ ပြတင်းတံခါးကိုဖွင့်ပြီး မုန့်လုပ်ရန် ပြင်ဆင်လေ၏။

## ရှင်မောဂ္ဂလာန်မုန့်အလှူခံခြင်း

မြတ်စွာဘုရားသခင်သည် နံနက်စောစောကပင်လျှင် အရှင် မောဂ္ဂလာန်ကိုခေါ်တော်မူ၍ထိုသဌေးကြီး၏ မုန့်လုပ်ရာအရပ်သို့ သွားပြီး လောဘတဏှာ ကင်းကွာလေအောင် ကြည့်ရှုဆုံးမ၍၊ သဌေး လင်မယားနှင့်တကွ မုန့်၊ နို့ရည်၊ ထောပတ်၊ တင်လဲ၊ ပျားရည်တို့ကိုယူစေပြီး၊ မိမိ၏ အစွမ်းဖြင့် ဇေတဝန် ကျောင်း

တော်သို့ ခေါ်ဆောင်ခဲ့လေလော့ ငါဘုရားသည် ယနေ့အဖို့ ဆွမ်းခံကြွတော်မမူဘဲ သံဃာတော် ငါးရာနှင့်တကွ မစ္ဆရိယ ကောသိယသံဌေးကြီး၏ မုန့်တို့ဖြင့်သာလျှင် ဆွမ်းဘုဉ်းပေးခြင်း ပြုအံ့ဟု မိန့်တော်မူ၏။

အရှင်မောဂ္ဂလာန်မထေရ်သည် တန်ခိုးတော်၏ အစွမ်းဖြင့် သက်န်းကိုကောင်းစွာ ဝတ်ရုံတော်မူလျက် မစ္ဆရိယသဌေး၏ ဘုံခုနစ်ဆင့်သောလေသာ ပြတင်းကောင်းကင်အပြင်၌ ရပ်တော်မူ၏။

မစ္ဆရိယသူဌေးသည် အရှင်မောဂ္ဂလန် ဆွမ်းခံရပ်သည်ကို မြင်လျှင် ထိုခေတ်ကာလသမယကသမထ ဈာန်ပျံရဟန်းသမဏ အမြောက်အမြားရှိသော ခေတ်ဖြစ်၍ သာမန် သကုဏသမဏ ငှက်ရဟန်းဟုအထင်ရှိပြီး လူရအံ့သောငှာ များစွာတုန်လှုပ်လျက် ကန်တော့ဆွမ်းလိုက်လေ၏။ အရှင်မောဂ္ဂလာန်သည်ကောင်းကင် အပြင် လေသာပြတင်းဝ၌ပင် စင်္ကြံန် တုံ့ခေါက်လျှောက်၍ နေတော်မူ၏၊ သဌေးလည်း စင်္ကြံန်လျှောက်ရုံမကကောင်းကင်၌ ပလ္လင်ဖွဲ့ခွေနေသော်လည်း မရလှတ့်ဟုဆို၏၊ အရှင်မောဂ္ဂလာန် လည်း ပြတင်းတံခါးကောင်းကင်၌ ပလ္လင်ဖွဲ့ခွေ နေတော်မူ၏။ သဌေးလည်း ပြတင်းတံခါးခုံ၌ ရပ်သည့်တိုင်အောင် ဤမုန့်ကို ရလိမ့်မည်မဟုတ်ဟုဆို၏။ရှင်မောဂ္ဂလာန်သည် ပြတင်းတံခါးခုံ၌ ရပ်တော်မူ၏၊ သဌေးကအရှင်ရဟန်း အခိုးအငွေ့လွှတ်သည့်တိုင် အောင်တစုံတခုမျှ ရမည်မဟုတ်ဟုဆို၏။ အရှင်မောဂ္ဂလာန်သည် တန်ခိုးတော်ဖြင့် အခိုးအငွေ့တို့ကို လွှတ်တော်မူသော်သဌေးသည် မျက်စိကျိန်းစပ် ဘုံခုနစ်ထပ်သော အခန်းတွင် အခိုးနှင့်အနွေ့ဖြစ်

လေသဖြင့် ဘုံပြသာဒ်ကိုမီးလောင်မည် စိုးရိမ်စွာဖြင့် ဤရဟန်း
သည် တစုံတခုမျှမရလျှင် သွားမည့်ဟန်မရှိဟု တွေးတောပြီး
"ရှင်မ ဤရဟန်းကို အလွန်အလွန် သေးငယ်စွာသော
မုန့်တခုကိုလုပ်၍ပေးပြီး လွှတ်လိုက်ပါတော့"ဟုဆို၏။

## မုန့်များပွားများလာခြင်း

သဌေးကတော်သည် အနည်းငယ်သောမုန့်ညက်ကိုအိုးကင်း
ခွက်၌ ထည့်၍လုပ်၏၊ ကြီးစွာသောမုန့်ကြီးဖြစ်၍ အိုးကင်းခွက်
တပြင်လုံးပြည့်လေ၏၊ သဌေးက သင်သည် မုန့်ညက်ကိုများစွာ
ထည့်၍လုပ်သည်ဟု အပြစ်တင်ပြီး မိမိကိုယ်တိုင် ယောက်မကို
ကိုင်၍ ယောက်မအဖျားတွင် မုန့်ညက်တစက် တင်ရုံမျှထည့်၍
လုပ်၏။ မုန့်သည်ပို၍ကြီးလာ၏၊ ဤမုန့်ကို မလှူရက်၍ နောက်
တခုလုပ်ပြန်၏၊ မုန့်သည် ပို၍ပို၍ကြီးလာ၏ သို့ဖြင့်သည်းမခံ
နိုင်သောကြောင့် နောက်ဆုံးတွင် "ရှင်မ ဤရဟန်းအား မုန့်တခု
ကိုပေးလိုက်ပါလော့" ဟုဆို၏။ သဌေးကတော်သည် မုန့်တခု
ကိုယူ၏၊ ခြင်းထဲတွင်ရှိသောမုန့်အားလုံးတို့သည် ကပ်၍ပါလာ
၏။ သို့ဖြစ်၍ သဌေးနှင့် သဌေးကတော်နှစ်ယောက်စလုံးသည်
အားလုံးကပ်နေသောမုန့်တို့ကိုတဖက်စွန်းဆီမှကိုင်၍ နှစ်ယောက်
သားခြေကန်ပြီးဆွဲကြ၏။ ချွေးဒီးဒီးကျသည့်တိုင်အောင် ဆွဲ၍မရ
မောပန်းလှသော် သဌေးလည်းမုန့်စားလိုသော အာသာဆန္ဒပင်
ကုန်ခမ်း၍ မောပန်းလှသည်နှင့် "ရှင်မ ဤမုန့် အားလုံးကို
ခြင်းတောင်းနှင့်တကွ ရဟန်းအား ပေးလှူလိုက်ပါလော့" ဟု
ဆို၏၊ သူဌေးကတော်သည် ရှင်မောဂ္ဂလာန်ထံ ခြင်းတောင်းကို
ကပ်လှူရန်ချဉ်းကပ်၏။

## တန်ခိုးတော်ဖြင့် ဇေတဝန်ကျောင်းတော်သို့ ရောက်ကြခြင်း

အရှင်မောဂ္ဂလာန်သည် သဌေးခင်ပွန်း နှစ်ယောက်စလုံးအား ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးအထူးကို ဟောကြားတော်မူပြီး အလှူဒါန၏အကျိုးကို ထင်ရှားစွာဟောပြတော်မူ၏။

သဌေးကြီးသည် တရားတော်၌ လွန်စွာကြည်ညိုခြင်းဖြစ်၍ "အရှင်မြတ်ဘုရား။ ။ဤပလ္လင်၌တက်၍ မုန့်ကို သုံးဆောင်တော်မူပါ"ဟု မြတ်သောနေရာကို ပေး၍ပင့်ဆောင်၏။

အရှင်မောဂ္ဂလာန် မထေရ်မြတ်က၊ သဌေးကြီး၊ "မြတ်စွာဘုရားသခင်သည်၊ မုန့်တို့ကို ဘုဉ်းပေးသုံးဆောင်တော်မူမည်ဖြစ်၍ ရဟန်းငါးရာနှင့်တကွ ကျောင်းတော်၌ သီတင်းသုံးနေတော်မူ၏။ အသင်တို့သည် ကြည်ညိုသဒ္ဓါလှူဒါန်းလိုပါမူ၊ မုန့်တို့နှင့်တကွ နို့ ရည်၊ တင်လဲ၊ သကာ၊ ပျားတို့ကိုယူခဲ့လော့၊ မြတ်စွာဘုရားထံ ငါပို့ဆောင်ပေးမည်"ဟု မိန့်တော်မူ၏။

"မြတ်စွာဘုရားသည် အဘယ်၌ သီတင်းသုံးပါသနည်း"

"ဤအရပ်မှ လေးဆယ့်ငါးယူဇနာ ဝေးသော ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူ၏။"

"အရှင်ဘုရား။ ။ ဤမျှဝေးသော အရပ်သို့ ဆွမ်းစားချိန်မီရန်အဘယ်သို့ ရောက်နိုင်ပါအံ့နည်း"

"သဌေးကြီး ။ အသင်တို့အလိုရှိလျှင် ငါ၏တန်ခိုး အစွမ်းဖြင့် ရောက်အောင် ဆောင်ယူအံ့"ဟု မိန့်တော်မူလျှင် သဌေးကြီးကလည်း ကောင်းလှပါပြီအရှင်ဘုရားဟု ဝန်ခံ၏။

အရှင်မောဂ္ဂလာန်မထေရ်သည် အဓိဋ္ဌာန်ပြုသည်နှင့် တပြိုင်နက်၊ ဇေတဝန်ကျောင်းတော်တံခါးဝသို့ သဌေးကြီးနှင့် သဌေးကတော်တို့ပါ ရောက်ကြကုန်၏။

## သဒ္ဒေးကြီး လင်မယား သောတာပန်တည်ခြင်း

သဒ္ဒေးကြီးလင်မယားတို့သည် မြတ်စွာဘုရားသခင်ထံ ချဉ်းကပ်၍ လျှောက်ကြား၏၊ မြတ်စွာဘုရားသခင်သည် ဆွမ်းစားဇရပ်သို့ သံဃာတော်တို့နှင့်အတူ ကြွ၍ထိုင်နေတော်မူ၏၊ သဒ္ဒေးကြီးကလည်း ဘုရားနှင့်တကွ သံဃာတော်တို့ကို သပိတ်တော်၌ မုန့်ကိုထည့်၍လှူ၏၊ မြတ်စွာဘုရားနှင့် သံဃာတော်တို့သည် မျှလောက်ရုံမျှ အလှူခံတော်မူ၏ ' သဒ္ဒေးသည် နို့ ရည်၊ ထောပတ်၊ ပျား၊ တင်လဲ၊ သကာစသည်တို့ကို မြတ်စွာဘုရားနှင့်တကွ သံဃာတော်ငါးရာသပိတ်သို့ ပေးလှူ လောင်းထည့်သော်လည်း မကုန်နိုင်သည့်အဖြစ်သို့ရောက်၏၊ ဆွမ်းစားဇရပ်ရှိ စားကြွင်းစားတို့အား ဆက်လက် ပေးလှူ၏၊ ကုန်ခမ်းခြင်းမရှိ၊ သူဌေးလင်မယားလည်း **အဝစားသည့်တိုင်** မကုန်နိုင် မခမ်းနိုင် ပိုလျှံ၍နေသဖြင့် မြတ်စွာဘုရားသို့ လျှောက်၏၊ မြတ်စွာဘုရားက ဇေတဝန်ကျောင်းအရံ တံခါးမုခ်ဝ၏ အနီးရှိ ချိုင့်ထဲသို့စွန့်ပစ်စေ၏။ သဒ္ဒေးကြီးနှင့် သဒ္ဒေးကတော်တို့ကို ဆွမ်းအနုမောဒနာပြုတော်မူသည်အဆုံး၌ သောတာပတ္တိဖိုလ်၌ တည်ကြလေ၏။ ထိုနေ့ကာလမှစ၍ သူဌေးလင်မယားတို့သည် မိမိတို့၏ ပစ္စည်းဥစ္စာတို့ကို သာသနာတော်၌ စွန့်ကြဲပေးလှူကြ၏။

## ရဟန်းတော်တို့ကျင့်ရန် ဟောကြားခြင်း

တနေ့ညချမ်းကာလ တရားသဘင်၌ စည်းဝေးကြကုန်သော ရဟန်းအပေါင်းတို့က ငါ့ရှင်တို့။ ။ အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်သည် မစ္ဆရိယသူဌေး၏ စီးပွားကို မပျက်စီးစေဘဲ

လောဘအညစ်အကြေး ကင်းပျောက်စေခါ မြတ်စွာဘုရားသခင်၏ မျက်မှောက်သို့ ပင့်ခေါ်ဆောင်ခဲ့ပြီး၊ ဝမ်းမြောက်ဝမ်းသာ အလှူနဒါနပြုကြ၍ သောတာပတ္တိဖိုလ်၌တည်စေသည်မှာ အံ့သြဘွယ်ရှိပေစွတကားဟု အရှင်မောဂ္ဂလာန် မထေရ်အား အထူးချီးမွမ်း၍နေကြလေ၏။

မြတ်စွာဘုရားသခင်သည် ဒိဗ္ဗသောတဓာတ်ဖြင့် ကြားတော်မူသောကြောင့် ရဟန်းတို့၏ တရားသဘင်သို့ ကြွတော်မူပြီး အောက်ပါ ဂါထာတော်ကို ဟောကြားတော်မူ၏။

၄၉။ ။ ယထာပိ ဘမရော ပုပ္ဖံ၊ ဝဏ္ဏ ဂန္ဓ မဟေဌယံ။
ပလေတိ ရသမာဒါယ၊ ဧဝံ ဂါမေ မုနီ စရေ။

(၄၉) ပျားပိတုန်းတို့သည် ပန်းပွင့်ကိုငင်း ပန်း၏အဆင်းနံ့တို့ကိုငင်း မပျက်စီးစေဘဲ ဝတ်ရည်ရသာကိုယူ၍ ပျံသွားဘိသို့ ထို့အတူ ရဟန်းသူမြတ်သည် ရွာ၌ ပန်းတည်း ဟူသော သဒ္ဓါတရားကို ငင်း၊ အဆင်းအနံ့တည်းဟူသော ဥစ္စာကိုငင်း မပျက်စီးစေဘဲ ပဋ္ဌည်းလေးပါးဟူသော အရသာကို ယူဆောင်၍ကျင့်ရာ၏။

ချစ်သားရဟန်းတို့ အမျိုးကို ဆုံးမယဉ်ကျေးစေသော ရဟန်းမည်သည်ကား၊ များစွာကုန်သော ပစ္စည်းဥစ္စာစည်းစိမ်ချမ်းသာကို မထိခိုက်စေပဲ သဒ္ဓါတရားကို မညစ်နွမ်းမပျက်စီးစေပဲ ပန်းအပေါင်း၏ ပွင့်ချပ်ဝတ်မှုံ အဆင်းအနံ့တို့ကို မပျက်စေပဲ ဝတ်ရည်အရသာကိုကောင်းစွာ စုတ်ယူသော ပျားပိုတုန်းကဲ့သို့ ငါ၏ သားတော်ဖြစ်သော မောဂ္ဂလာန်နှင့်အလားတူအောင် ချဉ်းကပ်လေလော့ဟု အရှင်မောဂ္ဂလာန် မထေရ်မြတ်ကို ချီးမွမ်းထောမနာတော်မူ၏။

ထို့ထက်ပင် မထေရ်၏ ဂုဏ်ကျေးဇူးကိုပြတော်မူခြင်းငှာ "ချစ်သားရဟန်းတို့ ရှင်မောဂ္ဂလာန်သည် ယခုအခါ၌သာ မစ္ဆရိယသဌေးကို ဆုံးမအပ်သည် မဟုတ်၊ ရှေးလွန်လေသော ကာလကလည်း ကံ ကံ၏အကျိုးနှင့်စပ်၍ သိစေခဲ့ဘူးသည် ဟူ၍ ဝတ္ထုကိုဟောတော်မူ၏။

## ဣလ္လိသ အတိတ်ဇာတ်

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ကုဋေရှစ်ဆယ်ကြွယ်ဝသော ဣလ္လိသသဌေး ကြီးတဦးရှိလေသည်၊ ထိုသဌေးကြီးသည် အလှူမကျွပ်ကို တည် ဆောက်၍ မပြတ်ပေးကမ်း လှူဒါန်း စွန့်ကြဲလေ့ရှိ၏၊ ထိုဒါန၏ အကျိုးကြောင့် သဌေးကြီး ၎င်းသလွန် ပြောင်းကြလေသော် တာဝတိံသာနတ်ပြည်၌ သိကြားမင်းအဖြစ် စည်းစိမ်ချမ်းသာ ခံစား၍နေရလေသည်။

ထိုသဌေး၏သားသည်လည်း ဣလ္လိသအမည်ဖြင့်ပင် ဖခင်၏ ကုဋေရှစ်ဆယ်မျှသော စည်းစိမ်ချမ်းသာတို့ကို ဆက်ခံရသော် လည်း နှမြောတွန့်တို၍ မိမိကိုယ်တိုင်လည်း မစားရက်၊ တပါးသူ အား မလှူရက်၊ ပစ္စည်းဥစ္စာလျော့ပါးမှာကို လွန်စွာစိုးရိမ်သူ ဖြစ်လေသည်၊ သို့ပါသော်လည်း မိမိနှစ်သက် သေရည်အရက်ကို မူ ခိုးမင်စွဲလန်း သောက်စားမူးရစ်၍ နေလေသည်။

ဖခင်ဖြစ်သော သိကြားနတ်မင်းသည် မိမိ၏ သိကြားမင်း စည်းစိမ်ရရှိခံစားရသည့် အကြောင်းခြင်းရာကို ပြန်လည်တွေး တောမိ၍ မိမိ၏ အလှူမကျွပ်ကို လှမ်းမြော် ကြည့်ရှုလေသော် သားဖြစ်သူ ဣလ္လိသသည် အလှူမကျွပ်တို့ကို ဖျက်ဆီးပစ်ရုံမျှမက

ဖုန်း တောင်း ယာ စ ကာ အလှူခံတို့ လာသည်ကိုပင် ရိုက်ပုတ်နှင်ထုတ်၍ မိဘတို့၏ အစဉ်အဆက်ကို ပယ်ဖျက် ဖြတ်တောက်သေသောက်ကြူးဘ၀သို့ ရောက်နေရသည်ကိုတွေ့မြင်ရ၏၊ မိမိ၏သားအား ကံကံ၏အကျိုးနှင့်ဆက်သည်ကို ဆုံးမသွန်သင်ပြီးကုသိုလ်ကောင်းမှုကံကို စိမ်ပြုစေခြင်းငှာ၊ ဆုံးမအံ့ဟု ကြံစည်၍လူ့ပြည်သို့ ဆင်းသက်ပြီးသော် သားဖြစ်သူ ဣလ္လိသနှင့် တဖုံတည်းတူအောင်ဖန်ဆင်း၏။

သားဖြစ်သူ ဣလ္လိသမှာ ခြေကလည်းခွင်သည် လက်ကလည်းကောက်သည်၊ မျက်စိကလည်းစွေသည်၊ ဤသို့ပင် အသွင်တူအောင်ဖန်ဆင်း၍ မင်းကြီးနန်းတော်သို့ဝင်ပြီးသော် အရှင်မင်းမြတ်၊ ကျွန်ုပ်သည် လူ့လောကကိုငြီးငွေ့၍ တောမှီရသေ့ပြုလိုသောဆန္ဒကြောင့် ကျွန်ုပ်၏ကုဋေရှစ်ဆယ် ပမာဏ များပြားလှသော ဥစ္စာတို့ကို သိမ်းယူတော်မူ၍ ကျွန်ုပ်အား တောအရပ်သို့ရသေ့ရဟန်းပြုရန်ထွက်ခွာတော်မူခွင့်ပြုပါ”ဟုလျှောက်ထား၏။

မင်းကြီးက “သဋ္ဌေးကြီး၊ ငါတွင်ပစ္စည်းဥစ္စာ လွန်စွာများလှသည် သင့်ဥစ္စာတို့ကို အလိုမရှိပါ”ဟု ဆို၏။

သို့ဖြစ်လျှင် ဤပစ္စည်းဥစ္စာတို့ကို အလှူကြီးလှူခွင့် ပေးပါဟု လျှောက်ထားလျှင် မင်းကြီးက ပေးလှူလော့ဟုခွင့်ပြု၏။

သိကြားမင်းလည်း မင်းကြီးကို ရှိခိုး၍ ပြန်လာပြီးသော် ဣလ္လိသ သဋ္ဌေးကြီးအိမ်သို့ သွား၏။ တစုံတယောက်မျှသော အိမ်သားတို့သည် ဣလ္လိသသဋ္ဌေးမဟုတ်ဟု မည်သူကမျှမထင်ကြ။

သိကြားမင်းသည် သဋ္ဌေးကတော်၏ အနီးသို့ချဉ်းကပ်၍ “ရှင်မ ငါသည် ပစ္စည်းဥစ္စာတို့ကို စွန့်ကြဲပေးကမ်း၊ လှူဒါန်း

လိုသည်”ဟု တိုင်ပင်သည့်ကာလ တခါမျှ မကြားဘူးသော စကားကြားရသဖြင့် သဒ္ဒေးကတော်မှာ အံ့ဩမိသော်လည်း၊ သေတင်းကုပ်တွင် တစုံတရာသံဝေဂရလာသည်ဟု ယုံမှတ်ယူဆ၍ “အရှင်အလိုတော်ရှိသည့်အတိုင်း လှူဒါန်းပေးကမ်းပါလော့”ဟု ဆိုသဖြင့် ရှိသမျှဘဏ္ဍာတို့ကို မောင်းစည်လှည့်၍ ကြွေးကြော် စေပြီး စွန့်ကြဲပေးကမ်းလေ၏။

ဇာလိယသဒ္ဒေးသည် သေတင်းကုပ်၌ သေယစ်မူးလျက်ရှိရာ ထိုအချင်းအရာအားလုံးကို မသိစွမ်းနိုင်အောင်ရှိလေ၏။

ရွာသားတယောက်သည် ဇာလိယသဒ္ဒေး၏ နွားတို့ကို ထို ရထား၌သာလျှင်တင်၍၊ ရတနာခုနစ်ပါးတို့ဖြင့် လှည်းကိုပြည့် စေလျက် မြို့မှထွက်လာရာ၊ဇာလိယသဒ္ဒေးသေသောက်ရာအရပ်၌ သဒ္ဒေးကို တွေ့လေလျှင် အားရဝမ်းသာ အရှင်သဒ္ဒေးကြီး အရှင်၏ကျေးဇူးဖြင့် ကျွန်ုပ်သည် အသက်ထက်ဆုံး ချမ်းသာ စွာနေရပေတော့မည်၊ အရှင်သဒ္ဒေးမင်း၏ကျေးဇူး ကြီးလှပါ ပေ၏၊ဤနွားတို့သည် အရှင်သဒ္ဒေးမင်း၏နွားတို့တည်း ဤလှည်း သည် အရှင်သဒ္ဒေးမင်း၏ လှည်းပင်တည်း၊ ဤရတနာတို့သည် အရှင်သဒ္ဒေး၏ရတနာတို့ပင်တည်းဟုပြောသည့်ကာလ ဇာလိယသ မှာ ပစ္စည်းဥစ္စာတို့ကိုသေချာစွာကြည့်၍ဤပစ္စည်းတို့သည်ငါ၏ ပစ္စည်းအမှန်ပင်ဖြစ်သည် ငါမပေးဘဲ သင်တို့ယူဆောင်လာသည် ကိုရာဇဝတ်သင့်စေအံ့၊ မင်းထံသို့လိုက်ခဲ့လော့ဟု လှည်းနွားတို့ကို အတင်းဆွဲလေသော် ရွာသားတို့က ရန်းကန်ပုတ်ခတ်တွန်းဖယ်၍ မြေ၌လဲကျလေ၏၊ ဇာလိယသသည် ထိုအချိန်၌ အမူးပြေပျောက်၍ ဖုတ်ဖက်ခါထပြီး အတင်းလိုက်၍ဆွဲလေ၏၊ ဇာလိယသဒ္ဒေး ၏ အခြားအခြားသောပစ္စည်းတို့ကိုသယ်ယူလာသူတို့ကို တွေ့လေ

လျှင် ဃောသကသည် အတင်းလိုက်၍ လုလေ၏၊ ထိုသူတို့က ဝိုင်းဝန်းရိုက်ပုတ်ကြသဖြင့်၊ နာကျင်သောဒဏ်ကိုမခံနိုင်ဘဲ မင်း ယင်ပြင်သို့ပြေးကာ မင်းကြီးထံလျှောက်ထား၏။

မင်းကြီးက သင်ကိုယ်တိုင်ပင်လာရောက်၍ အကျွန်ုပ်ပေးလှူ အံ့ဟု လျှောက်ထားပြီး မြို့တွင်း၌ စည်ကိုလည်စေ၍အလှူပေး သည် မဟုတ်ပါလောဟုမေး၏။

ဃောသကလည်း အကျွန်ုပ်၏ နှစ်မြောက်ခြင်းကို အရှင် မင်းကြီးသိပါသည်၊ တစုံတယောက်သောသူက အကျွန်ုပ်နှင့် တူစွာပြု၍ အကျွန်ုပ်အား နှိပ်စက်သည် ထင်ပါသည် ခေါ်ယူ စစ်ဆေးတော်မူပါဟု လျှောက်ထား၏၊ မင်းကြီးလည်း ဃောသက သသဌေး၏ အိမ်သို့ စေလွှတ်၍ခေါ်တော်မူ၏။

## ခွဲခြားမရဃောသက။

သိကြားမင်းသည်နန်းတွင်းသို့ ရောက်သော်ကျွန်ုပ်သည်သာ ဃောသကဟုဆို၏၊ မင်းကြီးနှင့်တကွမှူးမတ်တို့သည် နှစ်ယောက် သောသူတို့ကို မည်သူ ဃောသကအစစ်ဟု ခွဲခြားမရ၊ သဌေး ကတော်ပင်လျှင် ဤသူသာ ကျွန်တော်မ၏အရှင်လင် ဃောသက သဌေးပါဟု သိကြားမင်းအနီး၌ ထိုင်၍နေ၏။ ချွေရံသင်းပင်း တို့လည်း သိကြားမင်းအနီး၌သာ ထိုင်နေကြကုန်၏၊ ဃောသက အစစ်မှာ တဦးတည်းသာ ကိုးကွယ်ရာမရှိ ဖြစ်နေဘိတော့သည်။

ထိုနောက်တွင်မှ အကြံရ၍ အရှင်မင်းကြီး ကျွန်ုပ်သည် ဃောသကအစင်ပါတည်း ကျွန်ုပ်၏ဆံတို့ကို ရှင်းလင်း ပြုပြင် ပေးရသော သတ္တာသည်လျှင် ဃောသကအစစ်ကိုခွဲခြား၍သိနိုင်သူ

ဖြစ်ပါလိမ့်မည် အကျွန်ုပ်၏ ဦးခေါင်း၌မှည့်တလုံး ရှိသည်ကို ထိုဆတ္တာသည် ပြောပြ နိုင်ပါလိမ့်မည်ဟုလျှောက်၏။

မင်းကြီးသည်ဆတ္တာသည်ကိုခေါ်၍စစ်ဆေးစေ၏၊ သိကြား မင်းသည်လည်း ဦးခေါင်း၌မှည့်ကို တထေရာတည်း တူအောင် ဖန်ဆင်းထား၏၊ ဆတ္တာသည်က စစ်ဆေး ကြည့်ရှုပြီးနောက်၊ မင်းကြီးအား နှစ်ဦးစလုံးတွင် မှည့်သည်ဆင်တူရှိလေ၍ မည်သူသည် ဣလ္လိသအစစ်ဖြစ်ကြောင်း မဝေခွဲနိုင်ပါဟု လျှောက် ထား၏။

ကိုးကွယ်ရာမရမိမိ၏ ပျက်စီးရတော့မည့်ဘေးကို များစွာ ကြောက်လန့်၍ မင်းယင်ပြင်၌ပင်မေ့မြောခါသွားလေတော့၏။

## သိကြားမင်းကရှင်းပြခြင်း

ထိုအခါ၌ သိကြားမင်းသည် သိကြားအသွင်ကို ထင်လင်း စွာပြပြီး ဣလ္လိသ၏မျက်နှာကို ရေစင်ပက်ဖျန်းပြီးသတိရစေခါ မင်းကြီးအား ဤသေသောက်ကြူးသာလျှင် ဣလ္လိသ အစစ် ဖြစ်ပေသည်၊ ငါသည်ကား သိကြားမင်းတည်း ငါသည်ငါ၏ ပစ္စည်းများကို ပေးလှူသည်ဖြစ်၏၊ အကြောင်းမူကား ငါသည် ကွယ်လွန်သွားခဲ့သော ဣလ္လိသသဌေးကြီးတည်း လူ့ဘဝတွင် ဒါနအမှု ပြုသည်များကြောင့် စုတိသည့်အခါ သိကြားမင်း စည်းစိမ်ကို ရရှိခဲ့ခြင်းဖြစ်သည်၊ သားဖြစ်သူ ဣလ္လိသသည် မလှူရက်မတန်းရက်၊ ဖုန်းတောင်းရာစကာတို့ကိုပင် ရိုက်နှက်၍ လွှတ်ခါ အလှူမဏ္ဍပ်ကိုလည်း ဖျက်ဆီး၍ပစ်သည် ဤအကြောင်း ကြောင့် သတိသံဝေဂရစေရန် ဤသို့ ဆုံးမရခြင်း ဖြစ်သည်၊

ငါ့သားဇာလ္လိသည် ယနေ့မှစ၍ အလှူမကျုပ်ကိုပကတိအတိုင်း ပြုလုပ်၍ အလှူများပေးစေလို၏၊အကယ်၍မပေးကမ်းမလှူဒါန်း သည်ဖြစ်ခဲ့အံ့ အသင်၏ ပစ္စည်းဥစ္စာအသုံးစုံကို ကွယ်ပျောက် စေပြီး၊ ဝရဇိန်လက်နက်ဖြင့် ဦးခေါင်းကိုခွဲဖျက်၍ အသက်ကို ဆုံးစေအံ့ဟု ခြိမ်းခြောက်ပြောဆိုလေ၏။

ဇာလ္လိသ သဌေးသည် လှူဒါန်းပေးကမ်းပါမည်ဟု ဝန်ခံ၏ သိကြားမင်းသည် ကောင်းကင်၌ရပ်တည်ပြီးကာလ ဒါန၊ သီလ အကျိုးတရားတို့ကို ဟောကြားတော်မူပြီး မိမိစံရာတာဝတိံသာ သို့ ပြန်လေ၏။

ဇာလ္လိသသဌေးသည် ကြီးစွာသော သံဝေဂဖြင့် ဒါနနှင့် သီလအမှုတို့ကို ပြုလေသဖြင့်၊ စုတိသောအခါ နတ်ရွာသို့လား ရလေ၏။

မြတ်စွာဘုရားသခင်သည် ဤသို့ ဇာလ္လိသ သဌေး၏ အတိတ် ဇာတ်ကြောင်းကို ဟောကြားတော်မူပြီးနောက်။

**ဇာတ်တော်ပေါင်း**

"ချစ်သားရဟန်းတို့ ယခုအခါ မစ္ဆရိယကောသိယ သူဌေး သည် ထိုအခါက ဇာလ္လိသ သဌေးဖြစ်ခဲ့သည်၊ သိကြား နတ်မင်း သည် ငါ၏သားတော် ရှင်မောဂ္ဂလာန် ဖြစ်ခဲ့သည်၊ ဗြဟ္မဒတ် မင်းကြီးသည် ငါ၏ညီတော်အာနန္ဒာပင်တည်း။ ငါဘုရားသည် ပင် ထိုအခါက ဆတ္တာသည် ဖြစ်ခဲ့ဘူးသည်ဟု ဇာတ်တော်ကို ပေါင်းလေသတည်း။

(ဓမ္မပဒပုပ္ဖဝဂ် ငါးခုမြောက် မစ္ဆရိယကောသိယသဌေးဝတ္ထု ပြီး၏)

## ၄။ ပုပ္ဖဝဂ်

# ၆။ ကိုယ့်ကိုယ်ကိုသာ ဆင်ခြင်ပါ။

(ပါဝေယျက-အာဇီဝက ဝတ္ထု)

သူဆဲသည်ဟု မနာနှင့်
သူပြောသည်ကို စဉ်းစားမနေနှင့်
ကိုယ့်ကိုယ်ကိုသာ ဆင်ခြင်ပါ
ငါသည် ကောင်းမှုလုပ်ပြီးပြီလား၊
ကောင်းမှုမလုပ်ရသေးဘူးလား
ဟူ၍သာ ကြံစည်တွေးတောနေပါ။

(နပရေသံ) အစရှိသော ဤဒေသနာတော်ကို ပါဝေယျကမည်သော အာဇီဝကကို အကြောင်းပြု၍ သာဝတ္ထိပြည်၌ ဟောတော်မူ၏။

## ဝတ္ထုကြောင်းကား ဤသို့တည်း

မြတ်စွာဘုရားသခင်သည် သာဝတ္ထိပြည်၌ နေတော်မူစဉ် သာဝတ္ထိပြည်ရှိတဦးသော သူကြွယ်မသည် ပါဝေနေယျ အမည်ရသော အာဇီဝကကို သားအရာ၌ထားလျက် ပစ္စည်းဥစ္စာချီးမြှင့်စောင့်ရှောက်၍ထား၏၊ အိမ်နီးပါးခြင်းတို့သည် မြတ်စွာဘုရားသခင် ဟောကြားတော်မူသော တရားတော်တို့ကို နာကြားကြပြီး အိမ်သို့ပြန်ရောက်လျှင် မြတ်စွာဘုရား၏ ဂုဏ်တော်တို့ကိုလည်းကောင်း၊ တရားတော်၏ ဂုဏ်တော်တို့ကိုလည်းကောင်း၊

ချီးမွမ်းကြသည်ကို ထိုသူကြွယ်မသည် အဖန်တလဲလဲ ကြားရဖန်များသည်ရှိသော် မြတ်စွာဘုရား ကျောင်းတော်သို့ တရားနာရန် ဆန္ဒပြင်းပြလှသဖြင့် အာဇီဝကအား ပြောကြားသည်ကာလ မသွားရန်တားမြစ်၏၊ နေ့ရက်များစွာပြောကြားပါသော်လည်း အာဇီဝကသည် တားမြစ်၏၊ သို့ဖြစ်၍ မြတ်စွာဘုရားကို ဆွမ်းကျွေးပင့်၍ အိမ်၌သာလျှင် တရားတော်ကို နာကြားအံ့ဟုကြံ၍ ညချမ်းချိန်တွင် သားကိုခေါ်ပြီး နက်ဖြန်နံနက်အတွက် ဘုရားသခင်အား ဆွမ်းစားကြွပါရန်ပင့်ချေဟု စေခိုင်းလိုက်၏။

သားငယ်သည် မြတ်စွာဘုရားကျောင်းတော်သို့အသွားလမ်းခရီး၌ အာဇီဝကနှင့်တွေ့လေလျှင် မြတ်စွာဘုရားထံ ဆွမ်းစားပင့်ရန်သွားကြောင်းကို သိသောအခါ သားငယ်အား ဆွမ်းစားပင့်မသွားရန်တားမြစ်၏၊ ထိုသားက မိခင် စိတ်ဆိုးလိမ့်မည်၊ မသွားပဲမနေဝံ့ပါဟုဆိုလေလျှင် အာဇီဝကက ထိုသို့ဖြစ်လျှင် ဆွမ်းစားတော့ပင့်ချေ၊ ဘယ်အရပ်၊ ဘယ်ဌာနသို့ကြွပါဟု နေအိမ်ကိုမပြောလေနှင့် ထိုအတိုင်းသာပြန်ခဲ့လော့ဟုမှာကြားလိုက်၏။ သားလည်း အာဇီဝကမှာတိုင်း ဆွမ်းစားသာပင့်၍ ကြွရမည့်အရပ်ဌာနကို မလျှောက်ပဲ မေ့လျော့ဟန်ဖြင့် အမြန်ပြန်လာခဲ့၏။ လမ်းတွင် အာဇီဝကနှင့်တွေ့လေသော် ငါမှာလေတိုင်းနေရပ်ဌာနကို မပြောပဲပြန်ခဲ့သည် မဟုတ်လောဟု မေး၏။ သားကလည်း မပြောခဲ့ပါဟုဆိုလျှင် အာဇီဝကက ရှင်ကြီးဂေါတမအတွက် ချက်ထားသောဆွမ်းကို သင်နှင့်ငါနှစ်ယောက်သား စားကြရတော့မည်ဟုဆို၍ နောက်နေ့နံနက်၌ စောစောပင်လျှင် အိမ်သို့လာခဲ့၍ မိမိနေနေကျနေရာ အခန်းတွင်း၌ဝင်၍နေလေ၏။

အိမ်နီးချင်းတို့သည် သူကြွယ်မအား မြတ်စွာဘုရား သိတင်းသုံးရန်နေရာတို့ကို ကူညီခင်းကျင်း၍ ဝိုင်းဝန်းကူညီကြ၏။

မြတ်စွာဘုရားကိုယ်တော်သည် လောကသုံးပါးကိုပင် သိမြင်တော်မူသည်ဖြစ်၍ သပိတ်သင်္ကန်းကိုယူတော်မူပြီး သူကြွယ်မ၏ အိမ်တံခါးသို့ ဆိုက်ဆိုက်မြိုက်မြိုက်ကြွတော်မူ၏။

သူကြွယ်မသည် အိမ်မှထွက်၍ မြတ်စွာဘုရားကိုရိုသေမြတ်နိုး ရှိခိုးပြီး ဆွမ်းကပ်လှူခြင်း အမှုကိုပြုကာ မြတ်စွာဘုရားအား တရားတော်ကိုချီးမြှင့်ပါရန် ပန်ကြားလျှောက်ထား၏၊ မြတ်စွာဘုရားသည် တရားအနုမောဒနာဟောကြားသည်ကာလ သူကြွယ်မသည် နှစ်လိုဝမ်းသာ သာဓုခေါ်ရှာလေသည်။

မြတ်စွာဘုရား၊ တရားဟောကြားမှုသည့် အသံကို နားမခံနိုင်သော အာဇီဝကက ဤသူကြွယ်မသည် မြတ်စွာဘုရားတရားတော်၌ တည်လေ့သည်၊ ငါ့အားသဒ္ဓါကြည်ညိုခြင်း ရှိတော့မည် မဟုတ်ဟု ကြီးစွာသောစိုးရိမ်ခြင်းဖြင့် ပုန်းအောင်းနေရာမှထွက်၍ "ဟယ်သူယုတ်မကြီး ရှင်ကြီးဂေါတမအား ပူဇော်သက္ကာရပြုခြင်းဖြင့် အသင်သည် ပျက်စီးလေလော့"အစရှိသဖြင့် များစွာသော ဆဲရေးခြင်းတို့ပြုပြီး ဘုရားသခင်အားလည်း ဆဲရေးရေရွတ်လျက် ပြေးသွား၏။

ဒါယိကာမကြီးသည် အာဇီဝက၏ ဆဲရေး ရေရွတ်သော အကြောင်းကြောင့် တရားတော်တွင် စိတ်မဝင်၊ ရှက်လှသော အာရုံတို့သည် လွှမ်းမိုး၍နေသဖြင့် မြတ်စွာဘုရားသခင်က ဒါယိကာမကြီး မိမိနှင့် ဆန့်ကျင်ဘက်ဖြစ်သောသူ၏ ပြောဆိုဆဲရေးသော စကားကို တွေးတော၍ မနေအပ်၊ ဤသာမဇ္ဈေရစိတ်အား

ဖြင့် ပြောဆိုသော ဆဲရေးသောစကားတို့ကို နှလုံးမသွင်းပဲ၊ မိမိကိုယ်သာလျှင် ဆင်ခြင်ကြည့်ရှု၍၊ ငါသည်ကုသိုလ်ကောင်းမှုကို ပြုအပ်လေပြီလော ဟူ၍လည်းကောင်း၊ မပြုအပ်သေးဟူ၍လည်းကောင်းဆင်ခြင်ကြည့်ရှုနှလုံးသွင်းအပ်၏ဟု မိန့်တော်မူပြီး။

**၅၀။ ။န ပ ရေသံ ဝိလောမာနိ၊ န ပ ရေသံ ကတာကတံ။**
**အတ္တနောဝ ကဝေက္ခေယျ၊ ကတာနိ အကတာနိ စ။**

(၅၀) သူဘပါးတို့၏ ဖေါက်ပြန်မှုတို့ကိုငင်း၊ သူတပါးတို့၏ ပြုမှုမှုတို့ကိုငင်း၊ မရှုမဆင်ခြင်ရာ။ မိမိ၏ပြုမှု့ မပြုမှု့တို့ကိုသာ ရှုဆင်ခြင်ရာ၏။

အဓိပ္ပါယ်အကျယ်ကို ဆိုရသော်။ ။သူတပါးတို့၏ ဣသာမစ္ဆရိယမလိုသော စိတ်ထား၊ မကောင်းသော နှလုံးသားဖြင့် ဖရုသဝါစာ ယုတ်မာကြမ်းထော် မလျှော်သောစကား၊မလျှော်သောအပြုအမူတို့ကို မရှုမဆင်ချင်ရာ၊ တွေးတောကြံဆစိတ်နှလုံးညစ်ညူးခြင်းကိုမဖြစ်စေရ၊ အခြားသူတို့၏ ကုသိုလ် အကုသိုလ်ပြုသည်၊ မပြုသည်၊ ကောင်းမှု၊ မကောင်းမှု လုပ်သည် မလုပ်သည်တို့ကို တွေးတောဆင်ခြင်ခြင်းဖြင့် အချိန်မကုန်စေရ၊ မိမိသည်သာလျှင် ကုသိုလ်ကောင်းမှုကို ပြုမိသလား၊ ကုသိုလ်ကောင်းမှုကိုမပြုမိသလား၊ ကိုယ့်ကိုယ်ကိုသာ စစ်ဆေး၍တွေးတောဆင်ခြင်ရာသည်။

ဒေသနာတော်၏အဆုံး၌ ဥပါသိကာ သူကြွယ်မကြီးသည်သောတာပတ္တိဖိုလ်၌ တည်လေသတည်း။

(ပုပ္ဖဝဂ် ခြောက်ခုမြောက် အာဇီဝက ဝတ္ထုပြီး၏)

၄။ ပုဂ်ဂဂ်

# ကြိုက်ရာရွေးချယ် ပန်းနှစ်သွယ်

(ဆတ္ထ ပါဏိ ဥပသကာ ဝတ္ထု)

အရောင်တောက်ပ၊ အဆင်းလှလည်း
ရနံ့ကင်းငြား၊ ကျိုးမများသို့
ဗုဒ္ဓမြတ်စွာ၊ ကောင်းစွာဟောကြား
မြတ်တရားကို၊ လေးစားသမှု
မပြုကျင့်သူ၊ အလားတူပင်
ကျိုးမထင်တည့်။ ။
အရောင်အဆင်း၊ လှပခြင်းနှင့်
သင်းပျံ့မွှေးထုံ၊ ရနံ့စုံသည့်
ပန်းဂုဏ်တင့်တယ်၊ ကြည်ညိုဖွယ်ငြား
မြတ်တရားကို၊ မှတ်သားနာခံ
ကျင့်ကြံသူအား၊ အကျိုးများစွာ
နိဗ္ဗူတာထိ၊ လမ်းညွှန်ဘိ၏။ ။

(ယထာပိ ရုစိရံ ပုပ္ဖံ) အစခံသော သုတ္တန်ဒေသနာတော်ကို သာဝတ္ထိပြည်၌ ဆတ္ထပါဏိဥပသကာကို အကြောင်းပြု၍ ဟောတော်မူ၏။

## ဝတ္ထုကြောင်းကား ဤသို့တည်း

သာဝတ္ထိပြည်မှ ဆတ္ထပါဏိဥပသကာသည် ပိဋကတ်သုံးပုံကို အာဂုံဆောင်သော အနာဂါမ်ပုဂ္ဂိုလ်တည်း၊ တနေ့နံနက်စော

ဖြင့် ပြောဆိုသော ဆဲရေးသောစကားတို့ကို နှလုံးမသွင်းပဲ၊ မိမိကိုယ်သာလျှင် ဆင်ခြင်ကြည့်ရှု၍၊ ငါသည်ကုသိုလ်ကောင်းမှုကို ပြုအပ်လေပြီလော ဟူ၍လည်းကောင်း၊ မပြုအပ်သေးဟူ၍လည်း ကောင်းဆင်ခြင်ကြည့်ရှုနှလုံးသွင်းအပ်၏ဟု မိန့်တော်မူပြီး။

**၅၀။ ။န ပ ရေသံ ဝိလောမာနိ၊ န ပ ရေသံ ကတာကတံ။**
**အတ္တနောဝ ဝကေ္ခယျ၊ ကတာနိ အကတာနိစ။**

(၅၀) သူတပါးတို့၏ ဖေါက်ပြန်မှုတို့ကိုငင်း၊ သူတပါးတို့၏ ပြုမှုမှုတို့ကို ငင်း၊ မရှုမဆင်ခြင်ရာ။ မိမိ၏ပြုမှု မပြုမှုတို့ကိုသာ ရှုဆင်ခြင်ရာ၏။

အဓိပ္ပါယ်အကျယ်ကို ဆိုရသော်။ ။သူတပါးတို့၏ ဣသာ မစ္ဆရိယမလိုသော စိတ်ထား၊ မကောင်းသော နှလုံးသားဖြင့် ဖရုသဝါစာ ယုတ်မာကြမ်းထော် မလျော်သောစကား၊မလျော် သောအပြုအမူတို့ကို မရှုမဆင်ချင်ရာ၊ တွေးတောကြံဆစိတ်နှလုံး ညစ်ညူးခြင်းကိုမဖြစ်စေရ၊ အခြားသူတို့၏ ကုသိုလ် အကုသိုလ် ပြုသည်၊ မပြုသည်၊ ကောင်းမှု၊ မကောင်းမှု လုပ်သည် မလုပ် သည်တို့ကို တွေးတောဆင်ခြင်ခြင်းဖြင့် အချိန်မကုန်စေရ၊ မိမိ သည်သာလျှင် ကုသိုလ်ကောင်းမှုကို ပြုမိသလား၊ ကုသိုလ် ကောင်းမှုကိုမပြုမိသလား၊ ကိုယ့်ကိုယ်ကိုသာ စစ်ဆေး၍တွေး တောဆင်ခြင်ရာသည်။

ဒေသနာတော်၏အဆုံး၌ ဥပါသိကာ သူကြွယ်မကြီးသည် သောတာပတ္တိဖိုလ်၌ တည်လေသတည်း။

(ပုပ္ဖဝဂ် ခြောက်ခုမြောက် အာဇီဝက ဝတ္ထုပြီး၏)

## ၄။ ပုဂ်ဂဂ်

# ကြိုက်ရာရွေးချယ် ပန်းနှစ်သွယ်

## (ဆတ္တ ပါဏိ ဥပသကာ ဝတ္ထု)

အရောင်တောက်၊ အဆင်းလှလည်း
ရနံ့ကင်းငြား၊ ကျိုးမများသို့
ဗုဒ္ဓမြတ်စွာ၊ ကောင်းစွာဟောကြား
မြတ်တရားကို၊ လေးစားသမှု
မပြုကျင့်သူ၊ အလားတူပင်
ကျိုးမထင်တည့်။ ။
အရောင်အဆင်း၊ လှပခြင်းနှင့်
သင်းပျံ့မွှေးထုံ၊ ရနံ့စုံသည့်
ပန်းဂုဏ်တင့်တယ်၊ ကြည်ညိုဘွယ်ငြား
မြတ်တရားကို၊ မှတ်သားနာခံ
ကျင့်ကြံသူအား၊ အကျိုးများစွာ
နိဗ္ဗုတာထိ၊ လမ်းညွှန်ဘိ၏။ ။

(ယထာပိ ရုစိရံ ပုပ္ဖံ) အစခံသော သုတ္တန်ဒေသနာတော်ကို သာဝတ္ထိပြည်၌ ဆတ္တပါဏိဥပသကာကို အကြောင်းပြု၍ ဟောတော်မူ၏။

### ဝတ္ထုကြောင်းကား ဤသို့တည်း

သာဝတ္ထိပြည်မှ ဆတ္တပါဏိဥပသကာသည် ပိဋကတ်သုံးပုံကို အာဂုံဆောင်သော အနာဂါမ်ပုဂ္ဂိုလ်တည်း၊ တနေ့နံနက်စော

စေ၀တွင် ပကတိသော ဥပုသ်သုံးခြင်းရှိ၍ ဘုရားကိုယ်တော်မြတ်ကို ချဉ်းကပ်ပြီး တရားစကားနာကြားလျက် ထိုင်နေ၏။

ဘုရင်ကောသလမင်းသည် ဘုရားသခင်ထံ ဖူးမြော်ရန်လာသည်ကို ဥပသကာမြင်လေလျှင် ငါထ၍သွားရမည်လော၊ ထိုင်၍နေရမည်လောဟု စဉ်းစားကာ မင်းတကာတို့ထက်မြတ်သော ဘုရားသခင်ရှေ့၌ နေပါလျက် မရိုသေရာ ရောက်တော့မည်၊ ငါ့အား မင်းကြီးအမျက်ထွက်သော်လည်း ထွက်စေတော့ဟု ထိုင်၍ပင်နေ၏၊ မင်းကြီးလည်း ဆတ္တပါဏိဥပသကာကို ကြည့်၍ အမျက်ထွက်၏။

မြတ်စွာဘုရားသခင်သည် မင်းကြီးအမျက်ထွက်သည်ကို သိသဖြင့်။

"တကာတော်မင်းကြီး၊ ဤဆတ္တပါဏိဥပသကာသည် ပညာရှိ၏၊ တရားကိုသိ၏၊ ပိဋကတ်သုံးပုံအာဂုံဆောင်၏။"ဟု ဥပသကာ၏ဂုဏ်ကျေးဇူးကို ချီးကျူးမိန့်တော်မူ၏။

ပသေနဒီကောသလမင်းကြီးသည် ထိုခဏ၌ပင်စိတ်၌ နူးညံ့ခြင်းဖြစ်လေ၏။

## နန်းတွင်း၌ ပိဋကတ်သုံးပုံ သင်ကြားစေခြင်း

တနေ့၌ ကောသလမင်းကြီးသည် ဆတ္တပါဏိဥပသကာ ထီးကိုကိုင်လျက်၊ ဖိနပ်စီး မင်းလမ်းခရီး၌ သွားသည်ကို မြင်၍ ခေါ်စေ၏၊ ဆတ္တပါဏိဥပသကာသည် ထီးဖိနပ်တို့ကို သင့်ရာ၌ ထားခဲ့ပြီး မင်းကြီးထံ ရိုသေစွာဝင်၍ ခစား၏၊ ထိုအခါ မင်းကြီးက။

"အသင်သည် ထီးဖိုနပ်ကို အဘယ့်ကြောင့်ထားခဲ့သနည်း"

"အရှင်မင်းမြတ်ခေါ်တော်မူ၍ ထီးဖိနပ်တို့ကို ထားခဲ့ပြီး လာခဲ့ရပါသည်။"

"ယနေ့တော့ ငါပြည့်ရှင်မင်းဖြစ်ကြောင်း၊ သင်အသိအမှတ်ပြုပေသည်၊"

'အစဉ်အမြဲပင် အရှင်မင်းကြီးသည်ပြည့်ရှင်မင်းဖြစ်ကြောင်း အသိအမှတ်ပြုပါသည်"

"ဤသို့ဆိုလျှင် မြတ်စွာဘုရားရှေ့တော်၌ တွေ့စဉ်က ငါလာသည်ကိုမြင်လျက် အဘယ့်ကြောင့် သင်သည် ရှောင်ရှား၍ မပေးသနည်း"

"အရှင်မင်းကြီး၊ မင်းတကာတို့ထက် မြတ်သောဘုရားသခင်၏ ရှေ့တော်၌နေပါလျက် တနိုင်ငံကိုမျှသာ အစိုးရတော်မူသော မင်းကြီးလှာ၍ ထသွားလျှင် ဘုရားသခင်၌ အဂါရဝ ဖြစ်မည်ကိုစိုးသောကြောင့် မထမဖယ်ခြင်းပါ"ဟု လျှောက်၏။

"အချင်း ဥပသကာ၊ ဤစကားကိုထား၍ သင်သည် ငါ၏ နန်းတော်၌ မြတ်စွာဘုရားတရားတော်ကို ပို့ချပါလော့"

"အရှင်မင်းမြတ်၊ မစွမ်းနိုင်ပါ"

"အဘယ့်ကြောင့်နည်း"

"မင်း၏အိမ်၌ မကောင်းသူနှင့် ကောင်းသူပါ ရောထွေးယှက်ထင်အဝင်အထွက်များလှသဖြင့် ဝန်လေးလှပါသည်၊ရဟန်းတော်တို့နှင့်သာ သင့်လျော်ပါသည်"ဟု လျှောက်ထားသဖြင့် မင်းကြီးလည်း ကျေနပ်စွာ လက်ခံတော်မူ၏။

နောက်တနေ့တွင် မင်းကြီးသည် မြတ်စွာဘုရားသခင်အား မလ္လိကာမိဖုရားနှင့် ဝါသဘခတ္တိယာ မိဖုရားတို့ကို တရားတော်များ သင်ကြားပေးပါဟု လျှောက်ထား၏။ မြတ်စွာဘုရားသခင်က အရှင်အာနန္ဒာမထေရ်အား တာဝန်ပေး၏၊ အရှင်အာနန္ဒာမထေရ်သည် နန်းတော်သို့ ကြွသွားပြီး မိဖုရားနှစ်ပါးအား တရားတော်ကိုသင်ကြားပေး၏။

မလ္လိကာမိဖုရားသည် တရားတော်ကို ရိုသေကောင်းမွန်စွာ သင်ယူမှု၏။

ဝါသဘခတ္တိယာ မိဖုရားကား၊ ရိုသေ ကောင်းမွန်စွာ မသင်ယူချေ။

မြတ်စွာဘုရားသခင်သည် မိဖုရားနှစ်ပါးအကြောင်းကို မေးတော်မူ၍ သိတော်မူလျှင်။

"ချစ်သားအာနန္ဒာ၊ ငါဘုရားဟောကြားတော်မူအပ်သော တရားတော်တို့ကို ရိုသေကောင်းမွန်စွာ မနာခံ၊ မမှီဝဲသောသူအား အဆင်းသာရှိ၍ အနံ့မရှိသောပန်းကဲ့သို့ အကျိုးမရှိသည်ဖြစ်ပေ၏။

ရိုသေကောင်းမွန်စွာ တရားနာခြင်း စသည်ကို ပြုသောသူအား မြင့်မြတ်သော အကျိုးအာနိသင်ရှိသည်ဖြစ်ပေ၏"ဟု မိန့်တော်မူပြီး၊

၅၁။ ။ယထာပိ ရုစိရံ ပုပ္ဖံ၊ ဝဏ္ဏဝန္တံ အဂန္ဓကံ။
ဧဝံ သုဘာသိတာ ဝါစာ၊ အဖလာ ဟောတိ
အကုဗ္ဗတော။ ။

၅၂။ ။ယထာပိ ရုစိရံ ပုပ္ဖံ၊ ဝဏ္ဏဝန္တံ၊ သဂန္ဓကံ။
ဧဝံ သုဘာသိတာ ဝါစာ၊ သဖလာ ဟောတိ
ကုဗ္ဗတော။ ။

(၅၁) အရောင်ဖြင့် တင့်တယ်၍ အဆင်းလှသော အနံ့မရှိသည့် ကသစ်ပန်း၊ ခေါင်ရမ်းပန်းစသည်တို့ကဲ့သို့သောပန်းမျိုးတို့သည်အကျိုးမရှိသကဲ့သို့ ကောင်းစွာဟောကြားတော်မူအပ်သော ဘုရား၏စကားတော်တို့ကို ရိုသေကိုင်းညွတ်ခြင်းမပြုသောသူအား မင်္ဂ၏အကျိုး ဖိုလ်၏အကျိုး နိဗ္ဗာန်၏ အကျိုးရရန် မြော်ကိုးခြင်း မရှိနိုင်သည်ဖြစ်၏။

(၅၂) အရောင်ဖြင့်တင့်တယ်သော လှပသည့်အဆင်းရှိသော သင်းထုံမွှေးပျံ့ အနံ့နှင့်ပြည့်စုံသော စပယ်၊ စကား စသောပန်းများသည် မြင်သူစုံမက်နှစ်သက်မြတ်နိုး အကျိုးရှိသကဲ့သို့ ကောင်းစွာ ဟောကြားတော်မူအပ်သော ဘုရားစကားတော်ကို ရိုသေကိုင်းညွတ်ခြင်းပြုသောသူအား မင်္ဂ၏အကျိုး ဖိုလ်၏အကျိုး နိဗ္ဗာန်ကိုရရန် မြော်ကိုးနိုင်သည်သာဖြစ်၏။

ဟူ၍ နှစ်ဂါထာကို ဟောကြားတော်မူ၏။

(ဓမ္မပဒ ပုပ္ဖဝဂ် နှစ်ခုမြောက် ဆတ္တပါဏိဥပါသကာဝတ္ထု ပြီး၏)

❋ ❋ ❋ ❋

၄။ ပုပ္ဖဝဂ်

## ၈။ ဒါနပန်းကုံးပန်ဆင်သုံး

(မိဂါရမာတာဝိသာခါဝတ္ထု)

လိမ္မာသော ပန်းသည်သည် ပန်းစု, ပန်းငုံပန်း
အပုံတို့မှ များစွာသော ပန်းကုံးတို့ကို သီကုံးပြုလုပ်
သကဲ့သို့
မွေးပြီးတဖန် သေပြန်ကြရ ဆိုဘဝ၌ ကျင်လည်
ကျက်စား သတ္တဝါများသည်
မိမိဥစ္စာ ရတနာမှ သဒ္ဒါမခန်း ရှုဒါန်းသမျှ
ပန်းကုံးပြုသို့ ဒါနပန်းကုံး ပန်ဆင်သုံးလေ၊။

(ယထာပိ ပုပ္ဖရာသိမှာ) အစလာသော ဒေသနာတော်ကို သာဝတ္ထိပြည်ပုဗ္ဗါရုံကျောင်းတော်ကြီး၌ ကျောင်းအမကြီးဝိသာခါကို အကြောင်းပြု၍ ဟောတော်မူသည်။

### ဝတ္ထုကြောင်းကားဤသို့တည်း

ရာဇဂြိုဟ်ပြည် ဗိမ္ဗိသာရမင်းနှင့် သာဝတ္ထိပြည် ပသေနဒီကောသလမင်းတို့သည် အချင်းချင်းအတူတကွ နှမနှင့်လက်ထပ်ကြသော ယောက်ဖတော်များ ဖြစ်ကြ၍ နှစ်ပြည့်တပြည် ချွေလမ်း ငွေလမ်းပေါက်၍ နေကြ၏၊

ဗိမ္ဗိသာရမင်းကြီးနိုင်ငံတော်၌ဇောတိကသဌေး၊ ဇဋိလသဌေး၊ မေဏ္ဍကသဌေး၊ ပုဏ္ဏကသဌေး၊ ကာကဝလ္လိယ သဌေးဟူ၍ အလွန်အလွန်ကြွယ်ဝကြသောသဌေးကြီးငါးဦးရှိကြ၏။

မေဏ္ဍကသဌေးသည် ရာဇဂြိုဟ်ပြည် အင်္ဂတိုင်းဘဒ္ဒိယမြို့တွင် နေထိုင်၍မေဏ္ဍကသဌေးနှင့်တကွဆုထူးပန်ဆင်သူငါးဦးရှိကြ၏။

(၁) မေဏ္ဍကသဌေး၊
(၂) သဌေးကတော်စန္ဒပဒုမ၊
(၃) သားဓနဥ္စယ၊
(၄) ချွေးမ သုမနဒေဝီ၊
(၅) ကျွန်ပုဏ္ဏတို့ဖြစ်ကြ၏။

## ခုနစ်နှစ်သမီးသောတပန်

ဓနဥ္စယသဌေးနှင့် သုမနသဌေးကတော်တို့မှ ဘုန်းရှင်ကံရှင် ဝိသာခါသတို့သမီးကိုဖွားမြင်၏၊ ဝိသာခါ ခုနစ်နှစ်သမီးအရွယ် ရောက်လျှင် မြတ်စွာဘုရားသခင်သည် ဘဒ္ဒိယမြို့သို့ ဒေသစာရီ ကြွချီတော်မူလာ၏။

မေဏ္ဍကသဌေးက မြေးဖြစ်သူ ဝိသာခါကို မြတ်စွာဘုရား သခင်အား၊ ခရီးဦးကြိုပြုရန်ပြောကြား၏၊ ဘဝများစွာသံသရာ က ပါရမီဓာတ်ခံ နှီးဆော်ဖန်သည့်အလျောက် ဝိသာခါသတို့ သမီးသည် မြတ်စွာဘုရားသခင်၌ များစွာ ကြည်ညိုခြင်းဖြင့်၊ ဘုရားသခင်ထံ အဘိုးဖြစ်သူ မေဏ္ဍက သဌေးကြီးနှင့်အတူသွား ရောက်ဖူးမြော်၍ တရားတော်ကို နာကြားရသည်နှင့် သောတာ ပတ္တိဖိုလ်၌တည်လေ၏။

မေဏ္ဍက သဌေးကြီးလည်း သောတာပတ္တိဖိုလ် တည်သည့် အလျောက် ဘုရားအစရှိသော သံဃာတော်တို့အားလခွဲတိုင်တိုင် လုပ်ကျွေးလှူဒါန်းလေ၏၊ လခွဲသို့တိုင်လျှင် မြတ်စွာဘုရားသခင် လည်း ဘဒ္ဒိယမြို့မှကြွသွားတော်မူလေ၏။

## သာကေတမြို့သစ်အကြောင်း

ကောသလမင်းကြီးသည်မိမိ၏နိုင်ငံ၌ သဌေးကြီးတဦးမျှမရှိ ယောက်ဖတော် ဗိမ္ဗိသာရထံ သဌေးတယောက် ပေးပါဟု တောင်း၏။

ဗိမ္ဗိသာရမင်းက ဇောတိကအစရှိသောသဌေးတို့တွင် များစွာသော အခြံအရံပစ္စည်းဥစ္စာတို့ ရှိကြသည်ဖြစ်၍ သင်၏နိုင်ငံသို့ ပြောင်းရွှေ့ရန်မှာ မလွယ်ကူပါဟုဆို၏၊ သဌေးတယောက်မှ မရှိလျှင်ငါမပြန်ဟုဆိုပြန်၏ဗိမ္ဗိသာရမင်းသည် မှူးမတ်တို့နှင့် တိုင်ပင်ပြန်၏။ မေဏ္ဍကသဌေး၏သား ဓနဉ္စယကသည်း အရှင်မင်းမြတ်လိုက်စေလိုသည်ရှိသော် လိုက်ပါအံ့ဟုဝန်ခံ၏၊ ပစ္စည်းဥစ္စာဘဏ္ဍာကျေါကျတို့ကို ရွှေ့ပြောင်းရန် ပြင်ဆင်ပြီးသော်ပသေနဒီကောသလမင်းနှင့်အတူလိုက်၏။ လမ်းခရီးတွင် ညဦးအချိန်ရောက်၍ ချေမ်းသာယာသော နေရာတခုတွင် စခမ်းချနေရာ ဓနဉ္စယသဌေးက ဤနေရာသည် မင်းကြီး၏ပိုင်ဆိုင်ရာ ဖြစ်လေသလောဟုမေး၏၊ဟုတ်ကြောင်းပြောလျှင် သာဝတ္ထိနှင့် မည်မျှဝေးကွာပါသနည်းဟုမေး၏၊ ခုနစ်ယူဇနာမျှယောက် ဝေးကွာကြောင်းပြော၏။

ဓနဉ္စယ သဌေးက အရှင်မင်းကြီးသည် ခွင့်ပြု ခဲ့ပါလျှင်၊ ဤမြေချမ်းသာသော အရပ်၌ မြို့သစ်တည်၍ နေလိုပါသည်၊ အကျွန်ုပ်တွင် အခြံအရံအလုပ်အကျွေးဖြစ်သော လူပရိသတ်မှာ အလွန်အင်အားကြီးကျယ်များပြားပါသည်၊ အရှင်၏မြို့တွင်း၌ နေရာကျဉ်းမြောင်းသည် ဖြစ်ပါသည်ဟု တောင်းပန်လျှောက်

ထား၏၊ မင်းကြီးက ကောင်းလှပါပြီဟုခွင့်ပြု၍ ထိုအရပ်၌ပင် မြို့သစ်ကိုတည်ထောင်ပေးပြီး သာဝတ္ထိပြည်သို့ ပြန်ကြလေ၏၊ ထိုမြို့ကို သာကေတမြို့သစ်ဟူ၍ ခေါ်ဝေါ်သမုတ်ကြ၏။

**သဌေးသားပုဏ္ဏဝဍ္ဎနဧ၏ဖူးစာရှင်**

သာဝတ္ထိပြည်မှ မိဂါဒသဌေးကြီးသည် သားဖြစ်သူပုဏ္ဏဝဍ္ဎန သတို့သားအရွယ် ရောက်လာသဖြင့် အိမ်ထောင် ချထားရန် တိုင်ပင်၏၊ သတို့သားကအိမ်ထောင်ပြုရန် အတန်တန် ငြင်းဆို သည်ရှိသော် ဘခင်သဌေးကြီးက ငါ့သား သင်အိမ်ထောင်မပြု သည်ရှိသော် ငါတို့တွင် အမွေဆက်ခံသူ ကင်းပြတ်တော့မည် ဖြစ်သည်ဟုဆို၏၊ ထိုအခါ သဌေးသားက ဘခင် ကောင်းခြင်း ငါးဖြာဖြင့်ပြည့်စုံသော သတို့သမီးကိုရလျှင်အိမ်ထောင်ပြုအံ့ဟု ဆို၏၊ ဘခင်သဌေးကြီးက ကောင်းခြင်းငါးဖြာ ဟူသည်ကား အဘယ်နည်းဟုမေးလျှင် သဌေးသားက (၁) ဆံပင်၏ကောင်း ခြင်း၊ (၂)အသား၏ကောင်းခြင်း၊ (၃) အရိုး၏ကောင်းခြင်း (၄) အရေ၏ကောင်းခြင်း၊ (၅) အရွယ်၏ ကောင်းခြင်းတို့ ဖြစ်ပါသည်။

ထိုငါးပါးတို့တွင်

၁။ ။ဆံပင်၏ ကောင်းခြင်းဆိုသည်မှာ။ ။ဆံပင်သည် ဥဒေါင်းမြီးကိုစည်းနှောင်၍ထားသကဲ့သို့ ညီညွတ်ခြင်း၊ ဆံပင်၏ အရောင်အဆင်း သန့်ရှင်းတောက်ပလျက် မည်းနက်ခြင်း၊ ထွေး ယှက် လိမ်ကောက်မရှိခြင်း၊ ပကတိအားဖြင့် ရန့်သင်းပျံ့ခြင်း၊ ဆံပင်ကိုဖြေ၍ ချသည်ရှိသော် ဆံပင်သည် ခြေဖနောင့်အထိ ရှည်လျား၍ ဆံပင်သည် မြေသို့မထိဘဲ သားလိုးခေါးကဲ့သို့ ကော့ ညွတ်၍တက်ခြင်းတို့သည် ဆံပင်ကောင်းခြင်းများဖြစ်ပါသည်။

၂။ ။အသား၏ကောင်းခြင်းဆိုသည်မှာ။ ။နှုတ်ခမ်းသည် ဆေးမဆိုးဘဲ နီမြန်းသောနှုတ်ခမ်းရှိခြင်း၊ အထက်အောက် နှုတ်ခမ်းတို့သည် ကောင်းစွာစေ့စပ်သည်ဖြစ်၍ ထိရှနေခြင်း၊ လက်ဖဝါးခြေဖဝါးသည် ချိပ်ရည်ဖြင့်တင်သကဲ့သို့ နီမြန်း၍နေခြင်းတို့သည်ကား အသား၏ကောင်းခြင်းများ ဖြစ်ပါသည်။

၃ ။အရိုး၏ ကောင်းခြင်း ဆိုသည်မှာ။ ။သွားတို့သည် မခေါမပေါ်၊ မစိတ်မကျဲ ပုလဲကို စီထားသကဲ့သို့ရှိခြင်း၊ အနိမ့်အမြင့်မရှိ ပကတိညီညွတ်ခြင်း၊ အရိုးအဆစ်တို့သည် မခေါမထပြေပြစ်ချောမွေ့ခြင်းတို့သည် အရိုး၏ကောင်းခြင်း ဖြစ်ပါသည်။

၄။ ။အရေ၏ ကောင်းခြင်းဆိုသည်မှာ။ ။မည်းသောညိုသောအဆင်းရှိသော အမျိုးသမီးတွင် မည်းသည်ညိုသည်ဖြစ်စေ၊ မတွန့်မလိပ်သောကိုယ်ရေရှိခြင်း၊ ချောမော ပြေပြစ်ခြင်း ကြာညိုပွင့်နှင့်တူသောအဆင်းရှိခြင်း၊ ဝါသော အဆင်းရှိသောမိန်းမအား မဟာလှေကားပွင့်အဆင်းကဲ့သို့ ဝင်းဝင်းတောက်ပခြင်းတို့သည် အရေ၏ကောင်းခြင်းဖြစ်ပါသည်။

၅။ ။အရွယ်၏ ကောင်းခြင်းဆိုသည်မှာ။ ။သားဆယ်ယောက်ပင် ဖွားမြင်သော်လည်း သားတကြိမ်သာ ဖွားသူကဲ့သို့ အရေအဆင်းယုတ်လျော့ပျက်စီးခြင်း မရှိခြင်းတို့သည် အရွယ်၏ကောင်းခြင်းများပင်ဖြစ်ပါသည်ဟု ရှင်းလင်းပြောပြ၏။

မိဂါရသဌေးနှင့် သဌေးကတော်တို့သည် သား၏လိုအင်ဆန္ဒအတိုင်း ကောင်းခြင်းငါးဖြာနှင့် ပြည့်စုံသော သတို့သမီးကို ရှာဖွေစေရာ ရိက္ခာဥစ္စာတို့နှင့်တကွ အဘိုးတသိန်း ထိုက်သောရွှေပန်းခိုင်ကို သတို့သမီးဆင်မြန်းရန် ပေးအပ်၍ ရှာဖွေစေ၏။

ပုဏ္ဏားရှစ်ယောက်တို့သည် မြို့ကြီးပြကြီးများသို့ လှည့်လည်ရှာဖွေပါသော်လည်း ကောင်းခြင်းငါးဖြာနှင့် ပြည့်စုံသော သတို့သမီးငယ်ကို ရှာဖွေ၍ မရခဲ့ပေ။

## ဝိသာခါနှင့် နက္ခတ်ပွဲသဘင်

ပုဏ္ဏားရှစ်ယောက်တို့သည် သာကေတမြို့သို့ဆိုက်ရောက်သည် ရှိသော်ဝိဝဋ္ဋနက္ခတ်ပွဲသဘင်နှင့်ကြုံကြိုက်နေ၏၊ ထိုနက္ခတ်ပွဲသဘင်နေ့သို့ရောက်လျှင် အမျိုးသမီးတို့သည်အခြံအရံနှင့်တကွခြေလျှင်ခရီးဖြင့် မြစ်ကမ်းဆိပ်သို့သွားကြ၏၊ မင်းပုဏ္ဏား သူကြွယ်တို့၏သားတို့သည်လည်း အမျိုးတူသော အမျိုးသမီးတို့ကို စိစစ်ရွေးချယ်၍ ပန်းကုံးဖြင့် ပစ်ချရွေးကောက်ရန် စောင့်စား၍နေကြ၏၊ ပုဏ္ဏားတို့သည် မြစ်ကမ်းမှ ဇရပ်တခုတွင် တည်းခိုနေကြ၏။

ထိုအချိန်တွင် ဝိသာခါ သဌေးသမီးသည် တဆယ့်ငါးနှစ်၊ တဆယ့်ခြောက်နှစ်အရွယ်သို့ ရောက်နေပြီဖြစ်၍ အခြံအရံငါးရာချဖြင့် ရေချိုးဆိပ်သို့ဆင်းခဲ့၏၊ ဇရပ်အနီးသို့ရောက်လျှင် မိုးကြီးသည်းထန်စွာရွာချလိုက်ရာ အခြံအရံငါးရာတို့သည် မိုးလွတ်ရန်အပြေးအလွှားလာကြ၍ ဇရပ်တွင်ခိုဝင်ကြ၏။ ဝိသာခါ သတို့သမီးသည် မိုးသည်းထန်စွာရွာသော်လည်း ပြေးလွှားခြင်းမပြု၊ ပကတိ ခြေလှမ်းဖြင့်သာ လာသည်ကို ပုဏ္ဏားတို့ မြင်ကြ၏။ ဝိသာခါ၏ အဝတ်တန်ဆာတို့သည် စိုရွှဲကုန်၏။

ပုဏ္ဏားတို့သည် ဝိသာခါသတို့သမီးကို မြင်လျှင် လေးပါးသော ကောင်းခြင်းတို့ဖြင့် ပြည့်စုံပေ၏၊ သွား၏ကောင်းခြင်းကို သိမြင်ရန် စကားစကိုရှာကြံပြောဆိုကြ၏၊ ဤအမျိုးသမီးသည် ဤအတိုင်းသာဆိုလျှင် သူ၏လင်ယောကျ်ားအတွက် ပအုန်းရေ

မျှသောက်စရာကျန်မည်မဟုတ်ဟု ကဲ့ရဲ့ပြောဆိုသံကို ဝိသာခါ သတို့သမီးငယ် ကြားလေလျှင် အသင်တို့မည်သူ့ကို ရည်ရွယ် ပြောဆိုသနည်းဟုမေးလေလျှင် သွား၏ကောင်းခြင်းကိုမြင်ကြရ ၏၊ ဝိသာခါ၏အသံသည်အလွန်သာယာ၏၊ ပုဏ္ဏားတို့ကသင်၏ အဖေါ်တို့သည် အဖိုးတန်လှသော အဝတ်တို့ကို မိုးမစိုစေရန် အပြေးအလွှားမိုးခိုကြ၏၊ သင်သည်ကား အဖိုးတန် အဝတ် အထည်တို့ကိုမျှ မငဲ့ကွက်၊ ဇရပ်သို့လျင်မြန်စွာ လာခြင်းမရှိသည် ကို ရည်ရွယ်၍ သင့်ကိုပြောဆိုကြပါသည်ဟုဆို၏။

ဝိသာခါက အဖေတို့ ကျွန်တော်မသည် ထိုမိန်းမတို့ထက် ခွန်အားကြီး၏၊ လျင်မြန်စွာ ပြေးသွားနိုင်၏၊ သို့သော် ဤ လောက၌ လေးဦးကုန်သောသူတို့သည် လျင်မြန်စွာ သွားလာ ခြင်းဖြင့် မတင့်တယ်ဟု ဆိုပါသည်ဟု ပြောလျှင် ပုဏ္ဏားတို့က အကြောင်းစုံကိုရှင်းပြပါဟု တောင်းပန်၏။

## ပြေးသွား၍ မတင့်တယ်သူ လေးဦး

၁။ ။အဘိသိက်သွန်းအပ်ပြီးသော မင်းသည် မင်းမြောက် တန်ဆာကို ဝတ်စားဆင်ယင်ပြီးသော် ခါးတောင်းအောက်ပိုး ကျိုက်၍၊မင်းယင်ပြင်၌ လျင်မြန်စွာသွားသော် မတင့်တယ်ပါ၊ ရှုံ့ချခြင်းခံရတတ်ပါသည်။

၂။ ။မင်္ဂလာဆင်တော်သည်၊ တန်ဆာဆင်ယင်လျက် လျင် မြန်စွာသွားခြင်းသည် မတင့်တယ်ပါ။

၃။ ။ရဟန်းတော်အရှင်မြတ်တို့သည်လည်း၊ လျင်မြန်ပြေး လွှားသွားခြင်းငှာ မတင့်တယ်ပါ။

၄။ ။မိန်းမတို့သည် လျင်မြန်စွာ ပြေးလွှား သွားခြင်းမှာ မတင့်တယ်ပါ။

ကျွန်တော်မသည် လျင်မြန်ပြေးလွှားမသွားခြင်းမှာ အခြား အကြောင်းတခု ရှိပါသေးသည်၊ မိခင်ဘခင်တို့သည် မိမိတို့၏ သမီးငယ်ကို လှပတင့်တယ်ရှုချင်ဖွယ်ဖြစ်အောင် မွေးမြူကြ၏။ ပိုး၊ ယင်၊ ခြင်၊ မှက် မကိုက်ရအောင် စောင့်ရှောက်ခဲ့ကြ ကုန်၏၊ အနာဒဏ်ရာ အမာရွတ်မဖြစ်ပေါ်လေရအောင် စောင့်ရှောက် မွေးမြူခဲ့ကြရ၏၊ ဤသို့ မိဘတို့ဂရုတစိုက် မွေးမြူခဲ့ကြရပြီး လျင်မြန်စွာ ပြေးလွှားသွားခြင်းဖြင့် လဲပြိုခဲ့၍ ခြေလက်အင်္ဂါ ကျိုးပျက်ခဲ့ပါလျှင် ဆွေမျိုးမိဘတို့၏ စိတ်နှလုံး ညှိုးငယ်ပူပန်ရ ပေမည်၊ ဤအဝတ်တန်ဆာတို့ကို မိုးစိုသဖြင့် မကြာမီ ခြောက် သွေ့နိုင်ပေမည်၊ ဤသို့သော အကြောင်းကြောင့်လည်း လျင်မြန် စွာ ပြေးလွှားခိုဝင်ခြင်းမပြုသည်သာ ဖြစ်ပါသည်ဟု ရှင်းပြ၏။

ပုဏ္ဏားတို့လည်း သတို့သမီးငယ်ပြောဆိုသည်ကို စေ့စပ်စွာ ကြည့်ရှုကြပြီး သွား၏ကောင်းခြင်းကိုငင်း၊ အသံ၏သာယာခြင်း ကိုငင်း မြင်ရကြားရပြီး ဤသတို့သမီးငယ်သည် ကောင်းခြင်း ငါးဖြာနှင့်လည်း ပြည့်စုံ၏၊ ပညာဉာဏ်လည်း ကြီးမား၏ဟု အချင်းချင်းတိုင်ပင်၍ သတို့သမီးငယ်အား အဖိုးတသိန်းထိုက် သော ရွှေပန်းခိုင်ကို ပေးအပ်ဆောင်နှင်းကုန်၏။

## ခြိမ့်ခြိမ့် သဲသဲ မင်္ဂလာပွဲ

ဝိသာခါက ရွှေပန်းခိုင်ကိုမြင်လျှင် ဘခင်တို့သည် အဘယ်မြို့ ကနည်းဟုမေး၍၊ သာဝတ္ထိပြည်မှဖြစ်ကြောင်းသိလျှင် ဘခင်တို့ သဌေးမျိုးသည် အဘယ်အမည် ရှိပါသနည်းဟု မေးပြန်၏။

'မိဂါရ' သဌေးဖြစ်ပါသည်။ သဌေး၏ သားသည် အဘယ်သို့ အမည်ရှိပါသနည်း၊ 'ပုဏ္ဏဝဍ္ဎနသတို့သား' ဖြစ်ပါသည်ဟုပြော၍၊ ဝိသာခါလည်း မိမိတို့နှင့် ဇာတ်တူသော အမျိုးဖြစ်သည်ကို သိရသဖြင့် ရွှေပန်းခိုင်ကိုသိမ်းပိုက်ခံယူ 'ပန်ဆင်လိုက်၏။

ဘခင်ဖြစ်သော ဓနဉ္စယ သဌေးကြီးအား သတင်းစကား မှာကြားစေလွှတ်၍ ရထားကိုမှာကြား၏၊ သဌေးကြီးသည် ငါးရာသော ရထားတို့ကိုပို့လွှတ်လိုက်၏၊ ဝိသာခါသည် အခြံအရံတို့နှင့်တကွ ရထားကိုစီး၍ ပုဏ္ဏားတို့ကိုပါ ခေါ်ဆောင်သွား၏။

ဓနဉ္စယသဌေးကြီးသည် ပုဏ္ဏားတို့နှင့် မေးမြန်း ပြောဆိုပြီးသော် မိဂါရသဌေးသည် ကုဋေလေးဆယ်မျှသာ ကြွယ်ဝ၏၊ ထိုဥစ္စာတို့သည် ငါတို့နှင့်စာနာသော် တခြင်ရွှေးမျှလောက်သာ ရှိချေသည်၊ သို့သော် ငါတို့သမီးလက်ခံခဲ့သည်ကို ငါတို့သဘော တူသည်ဟုပြောဆိုပြီးသော် ပုဏ္ဏားတို့အားကြီးစွာဧည့်ဝတ်တို့ကို ပြုစေပြီး နှစ်ရက်သုံးရက်ကြာလျှင် ပြန်လွှတ်လိုက်၏။

သာဝတ္ထိပြည်သို့ ပုဏ္ဏားတို့ပြန်ရောက်လေလျှင် မိဂါရသဌေး သည် အကြောင်းစုံကိုသိရပြီး အလွန်ကြီးကျယ်မြင့်မြတ်လှသော သဌေးကြီး၏ သမီးကို ရသဖြင့် အလျင်အမြန် သွားရောက် ဆောင်ကျဉ်းရန်အတွက် ပသေနဒီကောသလမင်းကြီးထံ အခွင့် တောင်း၏။

ကောသလမင်းကြီးသည် အလွန်ကြီးကျယ်လှသော ဓနဉ္စယ သဌေးကို ဗိမ္ဗိသာရမင်းကြီးထံမှ တောင်းယူခဲ့ပြီး ငါ၏နယ်ပယ် အတွင်း၌ သာကေတမြို့သစ်တည်၍ ထားခဲ့၏၊ ဤကိစ္စတွင် ငါကိုယ်တိုင်လိုက်ပါ၍ ချီးမြှင့်ထောက်ပံ့အပ်၏ဟု မိန့်တော်မူ၏။

မိဂါရသဌေးသည် ဓနဉ္စယသဌေးကြီးထံသို့ သတင်းစကားပို့၏။

ငါတို့လာလျှင် ကောသလမင်းကြီးလည်း ကြွလာပါမည်၊ စစ်သည်ဗိုလ်ပါ အလွန်များပြားလှသဖြင့် ကျွေးမွေးပြုစုခြင်းငှာ ဖြစ်နိုင်ပါမည်လောဟု မှာကြား၏၊ ဓနဉ္စယသဌေးကြီးက

တကျိပ်သောမင်းတို့သည် စစ်သည်ဗိုလ်ပါများနှင့် လာလိုသော်လည်း လာစေ၊ ငါ့အား ခက်ခဲခြင်း မရှိစေပါဟု ပြန်ကြားလိုက်၏။

**မဟာလတာတန်းဆာစီရင်ပြုလုပ်ခြင်း**

ကောသလမင်းကြီးနှင့်တကွ မိဂါရသဌေးတို့လာမည်ဖြစ်၍၊ ဓနဉ္စယသဌေးကြီးသည် သမီးငယ် ဝိသာခါအားစီမံခန့်ခွဲစေ၏၊ ဝိသာခါ သတို့သမီးငယ်သည် ဘုရင်မင်းမြတ်နေရန်၊ အိမ်ရှေ့မင်းနေရန်၊ ယောက္ခမသဌေးကြီးနှင့် သဌေးကတော်တို့နေရန်၊ အစောင့်အရှောက်အခြံအရံတို့နေရန် စသည်တို့ကို သတ်မှတ်ပြင်ဆင်စေ၏၊ ထိုဌာနအသီးသီးတွင် လုပ်ကိုင်ဆောင်ရွက်ရန် လူများကို တာဝန်ချထားပေး၏၊ များစွာကုန်သောအခြွေအရံတို့သည် ထိုအစီအစဉ်ကို ကျွမ်းကျင်လိမ္မာလှသည်ဖြစ်၏၊ ပါရှိလာသော ဆင်၊ မြင်း၊ ရထား စသည်တို့ကို စောင့်ရှောက်ရန်လည်း မိမိအခြွေအရံများကို အဆင်သင့်ထားရှိ၏၊ သာဝတ္ထိပြည်မှ လာရောက်ကြရပြီး မင်္ဂလာပွဲလမ်းသဘင်ကိုမျှပင် မကြည့်ရ မရှုရ ငါတို့၏ ဆင်မြင်းရထားတို့ကိုသာ စောင့်ရှောက်နေရဘိသည်ဟု စိတ်နှလုံးမချမ်းမမြေ့ဖြစ်ကြမည်၊ ထိုသူတို့ လွတ်လပ်စွာပွဲလမ်းသဘင်များသို့သွားကြပါစေ၊ သင်တို့သည် ထိုဆင် မြင်း ရထားတို့ကိုတာဝန်ယူစောင့်ရှောက်ကြရမည်ဟု ကြိုတင်စီစဉ်ထား၏။

ထိုနေ့မှာပင်၊ ဝိသာခါသတို့သမီး၏ ဘခင် သဌေးကြီးက၊ ငါးရာသော ရှေ့ပန်းတိမ်သည်တို့ကိုခေါ်၍ ငါ၏သမီးဆင်ယင်ဘို့ရာ မဟာလ္လတာတန်ဆာကို ပြုလုပ်ကြကုန်လော့ဟု နိမြန်းသော ရွှေခင်နိက္ခ တထောင်ကိုဂှင်း၊ ငွေ-ပတ္တမြား-ပုလဲ-သန္တာ ဝရဇိန် စသည်တို့ကို ထုတ်ပေး၏၊ ကောသလ မင်းကြီးသည်၊ သာကေတမြို့သို့ရောက်၍ နှစ်ရက် သုံးရက်ကြာလျှင် ငါတို့သည် ပြန်ရကုန်အံ့။ ငါတို့၏ စစ်သည်ဗိုလ်ပါ အ ခြံ အ ရံ နှင့် တ ကွ သာဝတ္ထိ မြို့သူမြို့သားတို့ကိုပါ ခေါ်ဆောင်လာခဲ့သည်ဖြစ်၍ ကြာရှည်လေးမြင့်စွာနေခဲ့လျှင် ဓနဥ္စယသဌေးကြီးတွင် ဝန်လေးတော့အံ့ဟု ပြန်မည့်အကြောင်းကို ပြောကြား၏။ သဌေးကြီးက အရှင်မင်းကြီးယခုအခါ မိုးကျလာပါပြီလမ်းခရီးတွင်ရွှံ့နွံ ချောင်မြောင်းတို့ကာဆီးနေပါသည်၊ ပါရှိလာသော ပရိသတ်အတွက် အကျွန်ုပ်၏တာဝန်ကို စိုးရိမ်ကြောင့်ကြတော် မမူပါနှင့် ပြန်ကြွချိန်ကိုအကျွန်ုပ်လျှောက်ထားပါအံ့ဟု လျှောက်ထား၏၊

ထိုနေ့မှစ၍ သာကေတတမြို့လုံးသည်နက္ခတ်ပွဲသဘင်ကဲ့သို့နေ့စဉ်နေ့တိုင်းပျော်ပွဲရှင်ပွဲတို့ဖြင့် ကျင်းပ၏။ လူအပေါင်းတို့အားလည်း၊ ချီးမြှင့်ပေးကမ်းထောက်ပံ့၏၊ လူတိုင်း လူတိုင်းသည် သဌေးကြီးက ငါ့သို့သာလျှင် ဤသို့ရက်ရောချီးမြှင့် ထောက်ပံ့သည်ဟုထင်ကြရ၏။

သုံးလကြာသည့်တိုင်အောင် မဟာလ္လတာတန်ဆာသည် မပြီးသေး၊ လေးလကြာမှ ပြီးဆုံးခဲ့၏၊ ထိုမဟာလ္လတာတန်းဆာသည် အဘိုးငွေကိုးကုဋေထိုက်တန်၏၊ လက်ခပင်လျှင် အဘိုးတသိန်းပေးရ၏။

## မဟာလ္လတာ တန်ဆာ ရရှိခြင်း၏ အကျိုးဆက်

ဝိသာခါ သဋ္ဌေးသမီးသည် ကဿပဘုရားရှင် ပွင့်တော်မူသော အခါက နှစ်သောင်းမျှလောက်သော သံဃာတော်အရှင်မြတ်တို့အား၊ မိမိဥစ္စာဖြင့်သင်္ကန်းတို့ကိုလှူခဲ့ခြင်း၊ အကျိုးဆက်ကြောင့် ထိုမဟာလ္လတာ တန် ဆာ ကို ဆင် ယင် သုံး ဆောင် ရပေ၏။

## ပစ္စည်းဥစ္စာရတနာတို့ခွဲဝေပေးခြင်း

သမီးငယ်ဝတ်ဆင်ရန် တန် ဆာတို့ကို ပြုလုပ်ပေးပြီးနောက် သမီးငယ်အား ထပ်မံ၍ အသပြာလှည်းငါးရာ၊ ရွှေခွက်လှည်းငါးရာ၊ ငွေခွက်လှည်းငါးရာ၊ အဝတ်ပုဆိုး ပိုးချည်တို့ပြည့်သောလှည်းငါးရာ၊ ထောပတ်လှည်းငါးရာ၊ ဆီလှည်းငါးရာ၊ ထွန်သွား ထွန်တန်လှည်းငါးရာ စသည်ဖြင့် ပေးကမ်းဆောင်နှင်းလိုက်၏။

ထို့ပြင်ရထားတစီးလျှင်၊ တန်းဆာအပြည့်အစုံနှင့် ကျွန်မ သုံးယောက်သုံးယောက်တင်လျက် ရထားငါးရာဖြင့် အမျိုးသမီး တထောင့်ငါးရာ အခြွေအရံအလုပ်အကျွေးအဖြစ် ထည့်ပေးလိုက်၏။

ငါ၏သမီးအား နွားတို့ကို ပေးလိုက်ဦးမည်ဟုကြံ၍ အပြန့်အကျယ်အားဖြင့်တဥသဘ၊အရှည်အားဖြင့် သုံးဂါဝုတ်ရှိသော နွားများကိုပေးပြီး၊ တော်လောက်ပေပြီဟု ခြံတံခါးကို ပိတ်လိုက်၏။

သဋ္ဌေးသည် ဤမျှသောနွားတို့ ဖြင့် သင့် လောက် ပေ ပြီ ဟု ခြံတံခါးကိုပိတ်စေ၏၊ သို့သော် ဝိသာခါအမျိုးသမီး၏ ရှေး

ကောင်းမှုကံကြောင့်၊ ခြံတွင်းရှိ နွားလား ဥဿဘတို့သည်၎င်း၊ နို့စားနွားမတို့သည်၎င်း၊နွားပိုက်တို့သည်၎င်း၊ခြံတွင်းမှခုန်ထွက်၍လိုက်ကြသည်မှာခြောက်သောင်း၊ခြောက်သောင်းစီမျှလောက်ရှိ၏။

ဤအကျိုးဆက်သည်ကား ဝိသာခါသူဌေးသမီးသည်ကဿပ ဘုရားရှင်လက်ထက်တွင် ကိကီမင်းကြီး၏ သမီးတော် ခုနစ်ပါး အနက်၊ အငယ်ဆုံးသမီးတော်ဖြစ်ခဲ့ပြီး၊ သံဃာတော်များအား အကောင်းဆုံးသော နို့ဆွမ်းကို ပေးလှူခဲ့သည့် ကောင်းမှုကံကြောင့်ဖြစ်၏၊ သံဃာတော်များက သပိတ်ကိုပိတ်၍တန်ပါပြီဟု တားမြစ်သော်လည်း ဤအရသာကားချိုပါသည်၊ ဤအရသာ မြိန်ပါသည်၊ အလှူခံတော်မူပါဦး၊ ဘုဉ်းပေးတော် မူပါဦး စသည်ဖြင့်ထပ်ခါထပ်ခါ လှူဒါန်းပေးအပ်ခဲ့သည့် အကျိုးဆက်ကြောင့် နွားတို့သည် ဟန့်တား၍မရ ခုန်ထွက်၍လိုက်ကြခြင်း ဖြစ်ပေ၏။

**မြို့လုံးကျွတ်မျှသော အခြွေအရံများလိုက်ကြပုံ**

သူဌေးကတော်ကသမီးအတွက်အလုပ်အကျွေး ကျေးကျွန်တို့ကိုအဘယ်ကြောင့်မပေးသနည်းဟုမေးလျှင် ရှင်မငါ၏သမီးတွင် ချစ်ခင်သူမည်မျှများပြားကြောင်း သိစေခြင်းငှါ၊ ငါ၏သမီး ရထားပေါ်ရောက်မှ လိုက်လိုသူတို့ကို ငါ့သမီးနှင့် အတူတကွ လိုက်သွားကြဟု ပြောဆိုအပ်နှင်းလိုက်မည်ဟု ဆို၏။

**ချွေးမတို့လိုက်နာအပ်သောဩဝါဒ (၁၀) ခွန်း**

မနုဿသဌေးကြီးသည် ဝိသာခါသမီးကိုခေါ်၍ သမီးကိုဆုံးမ စကားပြောကြား၏၊ ထိုပြောစကားကို မိဂါရသဌေးကြီးသည် အခန်းတခုမှ နားထောင်၍နေ၏။

မနုဋ္ဌယသဌေးကြီးက အရွယ်မရောက် မကြီးမြောက်သေး ခင်ပင် ယောက္ခမအိမ်သို့ လိုက်ပါရတော့မည့်ချစ်သမီး၊ ချွေးမတို့ တွင် စောင့်စည်းအပ်သော ကျင့်ဝတ် (၁၀) ဖြာကိုငါ့သမီး အသေအချာ မှတ်သားရှိသွားလေလော့။

**သမီးချွေးမ လိုက်နာရမည့်စည်းကမ်း(၁၀)ချက်**

၁။ အတွင်းမီးကို အပြင်သို့ မထုတ်နှင့်၊

၂။ အပြင်မီးကို အတွင်းသို့မသွင်းနှင့်၊

၃။ ပေးသောသူအားသာလျှင်ပေးပါ၊

၄။ မပေးသောသူအား မပေးနှင့်၊ မပေးသော သူကိုလည်း ပေးသင့်၏၊

၅။ ပေးသော့သူကိုလည်းပေးသင့်၏၊

၆။ ချမ်းသာစွာနေပါ၊

၇။ ချမ်းသာစွာစားပါ၊

၈။ ချမ်းသာစွာအိပ်ပါ၊

၉။ မီးကိုလုပ်ကျွေးပါ၊

၁၀။ အိမ်တွင်းနတ်ကိုရိုသေပါ၊

ဤသို့ (၁၀) ပါးသော အဆုံးအမကိုပေး၍ နောက်တနေ့ နံနက်တွင် ကောသလ မင်းကြီးနှင့်တကွ စစ်သည် ဗိုလ်ပါတို့ကို စည်းဝေးစေ၍ သာဝတ္ထိပြည်မှ သဌေးကြီးရှစ်ဦးကို ပရိသတ် အသယ်သို့ပင့်ဖိတ်ပြီးလျှင်

သဌေးကြီးတို့၏နိုင်ငံသို့ ကျွန်ုပ်၏သမီးကို ထည့်လိုက်ရတော့ မည်မျက်ကွယ်တွင် ဖြစ်၍ သဌေးကြီးရှစ်ဦးတို့က ဖခင်အရာ ကျွန်ုပ်၏ကိုယ်စား သမီးကို အစစအရာရာ သွန်သင်ဆုံးမတော်ယူ ကြပါဟုအပ်နှံ၏။

ထို့နောက်အဖိုးကိုးကုဋေထိုက်တန်သောမဟာလတာတန်ဆာကို သမီးအား ဝတ်ဆင်စေ၍ ရေချိုးကသယ်မှုန့်ဘိုးငါးဆယ့်လေးကုဋေမျှသော ဥစ္စာတို့ကိုပေးအပ်ပြီး ရထားထက်သို့ တက်စေ၍ သာကေတမြို့တော်၏ တဆယ့်လေးရွာ၌ ရှိကြကုန်သောသူတို့တွင် ငါ၏ သမီးနောက်သို့ လိုက်ပါလိုပါက လိုက်ပါကြကုန်လော့ဟု စည်ကိုလည်စေ၏၊ ထိုစည်သံကြားလျှင် ရွာကြီးတဆယ့်လေးရွာ၌ ရှိသမျှ အကုန်လိုက်ပါကြလေ၏။

ဓနဉ္စယသဌေးကြီးသည် ပသေနဒီကောသလမင်းကြီးအားရင်း၊ မိဂါရသဌေးကြီးအားရင်း၊ နှုတ်ဆက်ပြီး သမီးကို ထည့်လိုက်ပြီး အနည်းငယ်ခရီးမျှအထိ လိုက်၍ပို့၏။

မိဂါရသဌေးသည် လမ်းခရီး၌ စစ်သည်တို့၏ နောက်ဆုံးမှ ရထားဖြင့်လိုက်စဉ် များပြားလှသောလူထုကြီးကိုမြင်၍ စုံစမ်းလေလျှင် ဝိသာခါသတို့သမီးအား လေးစားချစ်ခင်ကြသဖြင့် အလုပ်အကျွေးအဖြစ် လိုက်လာကြကြောင်းသိရလေလျှင် မိဂါရသဌေးမျက်လုံးပြူးသွားရ၏၊ ဤမျှများပြားသည်ကိုအဘယ်သို့ကျွေးမွေးနိုင်မည်နည်းဟု ထိုသူတို့အား ရိုက်နှက်၍တား၏။ မိဂါရသဌေးက ကျောက်အိုးတ်ခဲတို့ဖြင့် ပစ်ခတ်၍ထိုသူတို့ကိုပြေးစေပြီးကျန်သမျှသာ လိုက်ပါစေလော့ဟု အမိန့်ပေးလိုက်သည်။

သာဝတ္ထိပြည်တွင်းသို့အဝင်၌ ဝိသာခါသတို့သမီးကစဉ်းစားသည်မှာ မြို့တွင်းသို့ဝင်လေလျှင် ဖုံးကွယ်အပ်သော ရထားဖြင့်ပင် လှည့်လည်ရအံ့လော၊ လူအများမြင်သာအောင် ဟင်းလင်းဖြစ်သော ရထားဖြင့်ပင် သွားရအံ့လောဟု စဉ်းစားရာမှ ဟင်းလင်းဖြစ်သော ရထားဖြင့်သာ သွားသင့်ကြောင်း ဆုံးဖြတ်ပြီး

မြို့တွင်းသို့လှည့်လည်လေလျှင် ဝိသာခါသတို့သမီး၏ အလှဂုဏ်သတင်းသည်၎င်း၊ မဟာလတာ တန်ဆာ၏ မြင့်မြတ်သော ဂုဏ်သတင်းသည်၎င်း၊ တပြည်လုံးသို့ပျံ့နှံ့၏။

သာကေတပြည်သို့လိုက်ပါခဲ့ကြကုန်သော များစွာသော သူအပေါင်းတို့သည် ဓနဥ္စယသဌေးကြီးနှင့် ဝိသာခါသတို့သမီးတို့ကို လိုလေသေးမရှိအောင် ဧည့်ခံဝတ်ပြုခဲ့သည်တို့ကို နှစ်ထောင်းအားရ ကျေးဇူးတင်ရှိလှသည့်အလျောက် သာဝတ္ထိပြည်မိမိတို့၏ နေအိမ်တိုက်ခန်းများသို့ ပြန်လည်ရောက်ရှိ လာကြပြီးနောက် ဝိသာခါသတို့သမီးထံ လက်ဆောင်ပစ္စည်းများပို့ဆောင်လာကြကုန်၏၊ ဝိသာခါသတို့သမီးငယ်သည်လည်းရရှိသောလက်ဆောင်ပစ္စည်းများကို ဤမြို့ရှိ ဦးရီး၊ ဒေါ်ကြီး၊ အကို၊ ညီမ မည်သူ မည်ဝါထံ ဝိသာခါက လက်ဆောင်ပေးအပ်ပါသည်ဟု အတုန့်အလှယ်ပေးပို့စေခြင်းဖြင့် တမြို့လုံးသည် ဝိသာခါအပေါ်၌ ချစ်ခင်လေးမြတ်ခြင်း ဖြစ်ကြပေကုန်၏။

## အာဇာနည်မြင်းမ ဖွားမြင်ခြင်း

ဝိသာခါ အိမ်သို့ရောက်သည့်ညဉ့်၌ပင် အာဇာနည်မြင်းငယ်ကို ဖွားမြင်လေ၏၊ ဝိသာခါသည် အဖော်များကိုခေါ်ပြီးမီးရှူးမီးတိုင်များဖြင့် မြင်းစောင်းသို့သွား၍ မြင်းမကို ရေနွေးဖြင့်ပွတ်သပ်ဆေးကြောသုတ်သင်ပြီး ဆီဖြင့်လိမ်းကျံပေး၏။

## အစေလက တက္ကဒွန်းတို့နှင့် ဝိသာခါ

မိဂါရသဌေးသည် မြတ်စွာဘုရားသခင်ကို ကိုးကွယ်သည် မဟုတ်ပဲ အစေလက တက္ကဒွန်းတို့ကိုသာ ကိုးကွယ်သည်ဖြစ်ရာ

မဂ်လာဆွမ်းကျွေးလို၍ အစေလက တက္ကဒ္ဒန်းတို့ကို ဖိတ်ခေါ်ပြီး သမီးအား ရဟန္တာများ ကြွလာကြ၍ လာရောက် ဖူးမြော်ရန် ခေါ်စေ၏၊ ဝိသာခါလည်း ရဟန္တာဟူသောအသံကို ကြားရခါ မျှဖြင့် သဒ္ဓါသုံဖိတ်၊ ဝမ်းမြောက်စိတ်ဖြင့် အလျင်အမြန်လာ လေ၏။ အဝတ်ချည်းနီး ကိုယ်လုံးတီးဖြင့် ဟိရိဩတ္တပ္ပကင်းကုန် သော အစေလက တက္ကဒ္ဒန်းတို့ကို မြင်သည်ရှိသော် ရှုံရှာဘွယ်ရှိ လေစွ၊ ရှုံရှာဘွယ်ရှိလေစွဟုပြောဆို၍ မိမိအခန်းသို့ ပြန်သွား လေ၏၊ အစေလကတို့သည် သဌေးကြီးအား အခြား တပါး သော အမျိုးသမီးကိုမရနိုင်၍ ဂေါတမရဟန်းကြီး၏တပည့်မကို မှ ပေးစားရသလောဟု မြည်တွန်ကြ၏၊ မိဂါရ သဌေးက အရှင် ဘုရားတို့ သည်းခံတော်မူကြပါ။ အသက်အရွယ်ငယ်သေး၍ မသိ တတ်သေးသောကြောင့် ပြောဆိုခြင်းကို ခွင့်လွှတ် ကြပါဟု တောင်းပန်လျှောက်ထား၏။

## အစာဟောင်းကိုသာ စားနေသူ

မိဂါရသဌေးသည် ရွှေခွက်၌ ရေမပါသောနို့ထမင်းကို စား သောက်နေစဉ် ရဟန်းတော်တပါးသည် အိမ်ရှေ့၌ ဆွမ်းအလို့ ငှာရပ်တော်မူ၏၊ ဝိသာခါသည်ကြည့်နေ၏၊ သဌေးကြီးသည် ရဟန်းတော်အား မမြင်ဟန်ပြု၍စားနေ၏၊ ထိုအခါ ဝိသာခါက ရဟန်းတော်အား ရှိသေစွာလျှောက်ထား၏။

အရှင်ဘုရား ကန်တော့ဆွမ်းပါဘုရား၊ သည်းခံတော်မူပါ၊ တပည့်တော်မ၏ဖခင်သည် အစာဟောင်းကိုသာစားနေခြင်းဖြစ် ပါသည်ဟု လျှောက်ထားသံကြား၍ ရဟန်းတော် ကြွသွားလေ လျှင် မိဂါရသဌေးသည် မိမိ၏ရွှေခွက်မှနို့ထမင်းကို စက်ဆုပ်

ရှုံရှာစွာကြည့်ရှုသိမ်းစေပြီး ဝိသာခါအား အစာဟောင်း မစင်စားသူဟု အရိုအသေကင်းမဲ့စွာ ပြောကြားရလေသလားဟု မျှားစွာစိတ်ဆိုးပြီး အိမ်မှနှင်ထုတ်လေ၏။

**ဝိသာခါက ပြဿနာများကိုရှင်းပြခြင်း**

ဤသို့ ယောက္ခမက အိမ်ပေါ်မှနှင်ချသည့်အခါ ဝိသာခါက အိမ်ပေါ်မှမဆင်းနိုင်ပါ၊ ကျွန်တော်မ၏ ဖခင်သည် သဌေးကြီး ရှစ်ဦးထံအပ်နှံထားခဲ့သည်ဖြစ်၍ ထိုသဌေးကြီးရှစ်ဦး၏ အဆုံးအမကိုသာ နာခံပါမည်ဟုဆိုသဖြင့် မိဂါရက သဌေးကြီးရှစ်ဦးအားပင့်ဖိတ်စေပြီး တိုင်ကြား၏၊ မိမိချွေးမသည် မိမိအား အစာဟောင်းကိုစားနေသူဟု ညစ်ညမ်းစွာဖြင့်ဂါရဝကင်းမဲ့စွာပြောဆိုခြင်းကြောင့် အိမ်မှနှင်ထုတ်လိုပါသည်ဟုပြော၏၊ ထိုအခါ ဝိသာခါက၊

ကျွန်တော်မသည် ဤစကားပြောသည်မှာ မှန်ကန်ပါသည်၊ ဆိုလိုသည်မှာကျွန်တော်မ၏ ယောက္ခမလည်း ရှေးဘဝကပြုခဲ့ဘူးသော ကုသိုလ်တို့ကြောင့် ရရှိလာသော အတိတ်ကံမှ အစာဟောင်းကိုသာ စားသောက်ခြင်း ဖြစ်ကြောင်းကိုသာ ပြောဆိုခြင်း ဖြစ်ပါသည်ဟုဖြေ၏။

သဌေးကြီးရှစ်ဦးတို့က အရှင်သဌေးမင်း၊ ငါတို့သမီးတွင် အပြစ်မရှိပါ၊ ကောင်းမြတ်သောစကားကိုသာ ပြောဆိုခြင်းဖြစ်ပါသည်ဟု ဆိုကြ၏။

ဤစကားမှာမထင်ရှား၍ အပြစ်မရှိဆိုလျှင် ထားပါလော့၊ တနေ့ညတွင် ညဉ့်နက်သန်းကောင် ကျွန်မိန်းမ၊ကျွန်ယောကျ်ားတို့နှင့် အိမ်အနောက်မှ ဆင်း၍ သွားခြင်းမှာ အပြစ်မရှိပါသလော။

မှန်လှပါ၊ ထိုသို့သွားခြင်းမှာ မြင်းစောင်း၌ အာဇာနည်မြင်းမဖွားမြင်သဖြင့် ပြုစုစောင့်ရှောက်ပေးရန် အလို့ငှာ ဆင်းခြင်းသာဖြစ်ပါသည်ဟု ဖြေ၏။

သဌေးကြီးရှစ်ယောက်တို့က အရှင်သူဌေးမင်း အကျွန်ုပ်တို့၏ သမီးတွင် အပြစ်မရှိပါတကား၊ အစေခံကျွန်မတို့ပင်ပြုနိုင်ခဲ့သော အမှုကို ပြုပေသည်ဟု ချီးမွမ်းရမည်သာ မဟုတ်ပါလောဟု ဆိုကြ၏။

ထားပါဦးလော့၊ သာကေတတွင်ရှိစဉ်က ဓနဉ္စယသဌေးက သမီးငယ်အား အခန်းတွင်း၌ တိတ်တဆိတ် မှာကြားသော လျှို့ဝှက်စကား ဆယ်ခွန်းရှိပါသည်။ ထိုစကား၏လျှို့ဝှက်သော အဓိပ္ပါယ်များကို ရှင်းပြစေလိုသည်ဟု ဆိုပြန်၏။

ဖခင်တို့ ကျွန်တော်မ၏ ဖခင်မှာကြားသောသြဝါဒဆယ်ခွန်း၏ အဓိပ္ပါယ်တို့မှာ၊

၁။ **အတွင်းမီးကိုအပြင်သို့မထုတ်နှင့်** မှာကြားသောစကားမှာ အိမ်တွင်း၌ ယောက္ခမ၊ ချစ်လင်တို့၏ ကျေးဇူးမဲ့အပြစ်ဒေါသစကားကိုအပြင်၌မပြောဆိုပါနှင့်၊ ဤသို့ပြောဆိုခြင်းနှင့်တူသော ပူလောင်စေတတ်သောမီးသည် လောက၌မရှိဟု ဆိုလိုပါသည်။

၂။ **အပြင်မီးကို အတွင်းသို့ မသွင်းနှင့်** ဟူသောစကားမှာ အိမ်နီးချင်းတို့က ယောက္ခမ ချစ်လင်တို့အကြောင်း မကောင်းပြောဆိုသည်ရှိသော် ယောက္ခမ၊ ချစ်လင်တို့အားပြန်လည် ပြောကြားခြင်းဖြင့် အပြင်မှမီးကို အိမ်တွင်းသို့ ယူဆောင်လာသည်ထက် ပူလောင်သောမီးသည်မရှိဟု ဆိုလိုခြင်း ဖြစ်ပါသည်။

၃။ **ပေးသောသူအားသာလျှင်ပေးပါ**၊ဟု ဆုံးမလိုက်သည်မှာ မိမိဥစ္စာတို့ကိုလာ၍တောင်းဆိုသောအခါ၌၊ ပြန်၍ပေးမည့်သူကိုသာလျှင်ပေးသင့်သည်ဟု ဆိုလိုခြင်းဖြစ်ပါသည်။

၄။ **မပေးသောသူအားမပေးနှင့်** ဟူသော စကားမှာ မိမိပေးလိုက်သော ပစ္စည်းဥစ္စာကို မိမိအလိုရှိ၍ တောင်းဆိုသောကာလ၊ ပြန်၍ပေးခြင်းကိုမပြုသောသူတို့အား၊ မပေးနှင့်ဟုဆိုလိုခြင်းဖြစ်ပါသည်။

၅။ **ပေးသောသူကိုလည်းပေးသင့်၏၊မပေးသောသူကိုလည်းပေးသင့်၏** ဟူသောစကားမှာ ဆင်းရဲသော ဆွေမျိုးမိတ်သင်္ဂဟတို့ရောက်လာလျှင် ပြန်၍ ပေးနိုင်သည်ဖြစ်စေ၊ မပေးနိုင်သည်ဖြစ်စေ၊ အထိုက်အလျောက် ချီးမြှောက်ပေးကမ်းခြင်း ပြုအပ်၏ဟု ဆိုလိုခြင်းဖြစ်ပါသည်။

၆။ **ချမ်းသာစွာနေပါ** ဟု မှာကြားသော စကား မှာ ယောက္ခမချစ်လင်တို့ကိုမြင်လျှင် ထင်အပ်သောနေရာ၌ ထိုင်၍ နေခြင်းငှာ၊ မလျောက်ပတ်သည်ကို ရည်ညွှန်း၍ ဆုံးမခြင်းဖြစ်ပါသည်။

၇။ **ချမ်းသာစွာစားပါ** ဟူသော စကားမှာ ယောက္ခမ၊ မိဘအရှင်လင်တို့၏အရင်စားသောက်ခြင်းကိုမပြုဘဲ၊ထိုယောက္ခမ မိဘအရှင်လင်တို့ကိုစားသောက်ဖွယ်ပြင်ဆင်ပေးပြီး လုံလောက်အပ်သည် မလုံလောက်အပ်သည်ကို သိပြီးနောက်မှ စားသောက်ခြင်းကို ပြုအပ်သည်ဟု ဆိုလိုခြင်း ဖြစ်ပါသည်။

၈။ **ချမ်းသာစွာအိပ်ပါ** ဟူသောစကားမှာ ယောက္ခမမိဘ အရှင်လင်တို့၏အလျင် ရှေးဦးစွာအိပ်ယာဝင်ခြင်းမပြုဘဲ ထိုသူတို့ အား သင့်လျော်သော ဝတ်ကြီးဝတ်ငယ်ကို ပြုပြီး၍ မိမိသည် နောက်မှအိပ်ရမည်ကိုရည်ညွှန်း၍ ဆိုလိုခြင်း ဖြစ်ပါသည်။

၉။ **မီးကိုလုပ်ကျွေးပါ** ဟူသော စကားမှာ အရှင်လင်၏ မိခင်ဖခင်တို့ကို မီးပုံကြီးကဲ့သို့ရင်း၊ အဆိပ်ထန်သောနဂါးမင်း ကဲ့သို့ရင်း၊ ရိုသေခြင်း၊ ကြောက်ရွံ့ခြင်းတို့ဖြင့် ပြုစုကြည့်ရှုခြင်း ငှာ သင့်သည်ကို ရည်ညွှန်း၍ဆိုမခြင်းဖြစ်ပါသည်။

၁၀။ **အိမ်တွင်းနတ်ကိုရိုသေပါ** ဟူသောစကားမှာအရှင်လင် ၏ မိခင်ဘခင်ကိုရင်း၊ အရှင်လင်ကိုရင်း နတ်ကဲ့သို့ ရိုသေတုံ့ဝပ် ခြင်းကိုပြု၍ ပြုစုကြည့်ရှုခြင်းငှာ သင့်သည်ကိုရည်ညွှန်း၍ ဆိုမ ခြင်းဖြစ်ပါသည်။

ဝိသာခါ သတို့သမီးသည် ဘခင်၏မှာကြားသော ဩဝါဒ စကားတို့ကို အဓိပ္ပါယ်ရှင်းလင်းပြောပြလေသောအခါ၊ မိဂါရ သဌေးကြီးသည် နောက်ထပ်တစုံတရာ ပြောဆိုခြင်းမရှိတော့ပဲ မျက်နှာကို အောက်သို့ချ၍ ငါ၏ချွေးမကား ပညာရှိသော သိတတ်သောမိန်းမမြတ်ကလေးပင်ဖြစ်ပေသည်ဟူ၍နှလုံးပိုက်ခါ နေရှာမိတော့သည်။

သဌေးကြီးရှစ်ဦးတို့က မိဂါရသဌေးအား အရှင်သဌေးကြီး ကျွန်ုပ်တို့၏ သမီးတွင် နောက်ထပ် တင်ပြစရာ အပြစ်တစုံတရာ များရှိပါသေးသလားဟု မေးမြန်းသည်ရှိသော်၊ မိဂါရသဌေး ကြီးက မရှိတော့ပါဟုပြန်လည်ဖြေကြား၏။ ထိုအခါဝိသာခါက

သဌေးကြီးရှစ်ဦးအား၊ အရှင်သဌေးမင်းတို့ကို ကျွန်တော်မ၏ ဘခင်ကမိဘအရာထား၍သွန်သင်ဆုံးမသင့်သည်ကိုသွန်သင်ဆုံးမ ရန်နှင့် စောင့်ရှောက်ရန်တို့ကိုပါ သမီးအရာဖြင့် အပ်နှံထားခဲ့ ပါသည်၊ ယခုအခါ ကျွန်တော်မတွင် အပြစ် မရှိပါပဲလျက် ယောက္ခမသဌေးကြီးက အိမ်မှ နှင်ထုတ်ခဲ့ပြီဖြစ်၍ ကျွန်တော်မ၏ အပေါင်းအဖော်ကျွန်သင်းပင်းတို့နှင့်တကွ၊ ဤအိမ်မှထွက်ခွါ၍ မိဘထံပြန်လည်ခွင့်ပြုပါရန်တောင်းပန်၏။

## ဝိသာခါ၏တောင်းဆိုချက်ကို မိဂါရသဌေးကြီး လိုက်လျောရခြင်း

ဝိသာ၏စကားကိုကြားရလျှင် မိဂါရသဌေးကြီးသည် မိမိ၏ အပြစ်ကိုသိမြင်၍ ပြာပြာသလဲပင် ချစ်သမီး ငါသည်အကြောင်း စုံကို သဘောမပေါက်၍သာ ပြောမိပါသည် သည်းခံပါလော့ ငါတောင်းပန်ပါသည်ဟုဆို၏။

ထိုအခါ ဝိသာခါ သတို့သမီးငယ်ကဘခင်ကို ကျွန်တော် မသည် သည်းခံပါ၏ ခွင့်လွှတ်ပါ၏၊ သို့သော်ကျွန်တော်မသည် မြတ်စွာဘုရားသခင်၌ သက်ဝင်ယုံကြည်သည်ဖြစ်ပါ၍ မြတ်စွာ ဘုရားနှင့်တကွ ရဟန်းသံဃာတို့နှင့် ကင်း၍နေခြင်းငှါ မစွမ်း နိုင်ပါ၊ ကျွန်တော်မ၏ဆန္ဒအလျောက် ရဟန်းသံဃာတော်တို့ကို ပြုစုလုပ်ကျွေး ကိုးကွယ်ဆည်းကပ်ခြင်းအခွင့်ရရှိပါလျှင် ဤအိမ်၌ နေပါဦးမည်ဟု ပြောဆို၏။ မိဂါရသဌေးကြီးက ချစ်သမီး အသင်၏ဆန္ဒအတိုင်း အသင်၏ရဟန်းသံဃာတော်တို့ကို အိမ်သို့ ပင့်ဖိတ်၍ ပြုစုလုပ်ကျွေးရန် ငါခွင့်ပေး၏ဟုဆို၏။

## မိဂါရသဌေးကြီး သောတာပန်တည်ခြင်း

နောက်တနေ့တွင် မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်နှင့် တကွ သံဃာတော်တို့ကို အိမ်သို့ပင့်၏။ ဘုရားသခင်သည် မိဂါရ သဌေးအိမ်သို့ကြွသည်ဟု ကြားလျှင် အဝတ်မပါ၊ ဗလာကိုယ် ထည်း အချည်းနှီးသောကိုယ်ဖြင့်ရှိကြသော အစေလကတက္ကဒွန်း တို့သည် အိမ်ခြံတွင်း၌ လှည့်ပတ်၍ထိုင်နေကြ၏။

ဝိသာခါသည် မြတ်စွာဘုရားသခင်နှင့် သံဃာတော်များ အတွက် အလုံးစုံပြုပြင်စီရင်ပြီးလျှင် ငါ၏ယောက္ခမ ကြွလာ၍ မြတ်စွာဘုရားအား ကိုယ်တိုင်ကပ်လှူလော့ဟုစေလွှတ်၍ပြောဆို စေ၏။

အာဇီဝကတက္ကဒွန်းတို့က သဌေးကြီးရှင်ကြီးဂေါတမထံမသွား နှင့်ဟု တားမြစ်ကြကုန်၏၊ မိဂါရသဌေးကြီးကငါ၏ချွေးမသာ ကိုယ်တိုင် ကပ်လှူပါတော့ဟုပြန်ကြားလိုက်၏။

ဝိသာခါသည် ကိုယ်တိုင်ကပ်လှူပြီးသော် ယောက္ခမအား တရားနာရန် ကြွပါဟု စေလွှတ်၍ အကြောင်း ကြားပြန်၏၊ ထိုအခါ သဌေးကြီးက အာဇီဝကတို့အား အရှင်တို့၊ တရားကိုပင် မနာလိုသော်လည်းယခုတကြိမ်မသွားလျှင်သင့်လျော်မည်မဟုတ် ဟု ခွင့်တောင်း၏၊ အာဇီဝကတို့က သင်သွားလိုလျှင် ရှင်ကြီး ဂေါတမကို မမြင်စေခြင်းငှာ တင်းတိမ်ကာရံ၍ တင်းတိမ် အတွင်းမှပင် နေလေတော့ဟု တင်းတိမ်ကန့်လန့်ကာကို အလျှင် ကာ၍ ပြီးမှ သဌေးကြီးကိုလွှတ်၏။

မြတ်စွာဘုရားသခင်က သင်သည် တင်းတိမ်အပ၌ နေသည်ဖြစ်စေ၊ တိုက်နံရံခြားသောအရပ်၌ နေသည်ဖြစ်စေ၊ အခြားသော စကြဝဠာ၌နေသည်ဖြစ်စေ ငါ၏တရားကို မနာကြားဘဲ နေခြင်းငှါ မတတ်ကောင်းချေဟု အမြိုက်တရားကို ဟောကြားတော်မူ၏။

မိဂါရသဲဌေးကြီးသည် တင်းတိမ်၏ အပြင်မှပင် မြတ်စွာဘုရား၏ တရားတော်တို့ကို ကြားနာရလျှင် ဘုရားသခင်သည် မိမိကိုပင် စေ့စေ့ကြည့်ရှု ဟောတော်မူအပ်သည်ဟုပင်ထင်မြင်ပြီး၊ ကောင်းစွာနာယူသည်ရှိသော် သောတာပတ္တိဖိုလ်၌ တည်လျက် ကြီးစွာသောသဒ္ဓါတရားဖြင့် သရဏဂုံသုံးပါး၌၊ယုံမှားခြင်းကင်းစွာ မြတ်နိုးလှစွာဖြင့် တင်းတိမ်ကန့်လန့်ကာကို ပင့်ပြီးလျှင် ချွေးမဖြစ်သော ဝိသာခါ၏အထံသို့ သွားရောက်၍ ချွေးမ၏ သားမြတ်ကို ခံတွင်းဖြင့်ယူပြီးသောအခါ (သင်သည်ယနေ့မှစ၍ ငါ၏မိခင်ပေတည်း)ဟု မိခင်အရာ၌ထားလေတော့၏။

ထိုအခါမှစ၍ ဝိသာခါသည် မိဂါရမာတာ မိဂါရသဌေးကြီး၏အမေဟူ၍ အမည်တွင်သတည်း။

သဌေးမင်းသည် ချွေးမ၏ သားမြတ်ကို လွှတ်ပြီးသော် မြတ်စွာဘုရားသခင်၏ခြေတော်ရင်း၌ ဝပ်စင်းဦးချလျက် ခြေတော်တို့ကိုလက်တို့ဖြင့် ပွတ်သက်လျက် ခံတွင်းဖြင့်နမ်းရှုပြီးလျှင်

"ဘုန်းတော်ကြီးတော်မူသောမြတ်စွာဘုရား။ ။တပည့်တော်သည် မိဂါရပါတည်း၊ တပည့်တော်သည်၊ မိဂါရ ပါတည်း" ဟု သုံးကြိမ်တိုင်တိုင်လျှောက်ထားပြီးနောက်၊

"ရှေဘုန်းတော်အရှင်သခင်မြတ်၊ တပည့်တော်သည် ဤမျှ အသက်ရှည်သည်၏ကာလပတ်လုံး၊ ရတနာသုံးပါး၌ ဆည်းကပ် လှူဒါန်းအပ်သော ကောင်းမှုကံ အကျိုးအာနိသင်၏ ကြီးမား ခြင်းကို မသိခဲ့ပါ၊ ယခုအခါ၌ တပည့်တော်၏ ချွေးမကိုအမှီပြု၍ သိရပါပြီ၊ အလုံးစုံသောအပါယ်ဆင်းရဲမှ လွတ်မြောက်ရပါပြီ၊ တပည့်တော်၏ ချွေးမသည် တပည့်တော်၏ အကျိုးစီးပွားများ ပြားစေသော အလို့ငှာ ဤအိမ်သို့ ရောက် လာ ရပါ သည် ဟု လျှောက်ထား၏။

ဝိသာခါသည် နောက်တနေ့တွင် မြတ်စွာဘုရားနှင့် သံဃာ တော်တို့အား ဆွမ်းပင့်၍ ကပ်လှူပြန်၏၊ ထိုနေ့၌ ဝိသာခါ၏ ယောက္ခမ သဌေးကတော်သည် သောတာပတ္တိဖိုလ်သို့ရောက်လေ ၏။ ထိုအခါမှစ၍ မိဂါရသဌေးကြီး၏အိမ်သည် သာသနာတော် အလင်းရောင်ဖြင့် ထွန်းတောက်နေပေသတည်း။

## ချွေးမဝိသာခါအား ဂုဏ်ပြုခြင်း

မိဂါရသဌေးကြီးက စဉ်းစားသည်မှာ ငါ၏ချွေးမသည် ငါ့အတွက်အလွန်ကျေးဇူးများလှပေ၏၊ ချွေးမအား ကြည်ညို သော အထိမ်းအမှတ်ဖြင့် တစုံတခု ဂုဏ်ပြုရပေမည်။ လက်ရှိ မဟာလ္လတာ တန်ဆာသည် အလွန်အဖိုးထိုက်လေးလံသည်ဖြစ်၍ နေရာတိုင်းတွင် ဝတ်ဆင်၍သွားခြင်းငှါမသင့်၊ အမြဲမပြတ်ဝတ် ဆင်ရန်အတွက် 'ဃနမဋ္ဌက'အမည်ရှိသော အဘိုးတသိန်းထိုက် သည့် ရတနာများဖြင့် တန်ဆာတခုကိုပြုလုပ်စေပြီး မြတ်စွာ ဘုရားသခင်နှင့်တကွ သံဃာတော်များကို ပင့်ဖိတ်ဆွမ်းကျွေး၍

ဝိသာခါအား နံ့သာရည် တဆယ့်ခြောက်လုံးတို့ဖြင့် ရေချိုး စေပြီး ဘုရားသခင်ရှေ့၌ထား၍ ထိုတန်းဆာကို ဝတ်ဆင်စေပြီး မြတ်စွာဘုရားအား ရှိခိုးစေ၏၊ ဘုရားသခင်လည်း သာဓု အနု မောဒနာပြု၍ ကျောင်းတော်သို့ပြန်ကြွ၏။

## သားသမီးနှစ်ကျိပ်၊ မြေးလေးရာ၊ မြစ်-ရှစ်ထောင်

ထိုအခါမှစ၍ ဝိသာခါသည်လွတ်လပ်စွာပင် ဒါနအမှု၊ သီလ အမှုတို့ကိုပြုစုရင်း မြတ်စွာဘုရား သာသနာတော်၌ ထင်ရှားသူ တဦးဖြစ်လေ၏။

ဝိသာခါတွင် တကျိပ်သောသားတို့သည်ရင်း၊ တကျိပ်သော သမီးတို့သည်ရင်း ဖြစ်ထွန်းကြ၏။

တယောက်တယောက်သောသားတို့တွင်လည်း၊တကျိပ်သော သားတို့သည်ရင်း၊ တကျိပ်သော သမီးတို့သည်ရင်း ဖြစ်ထွန်း ကြ၏။

ထိုမြေးတို့တွင်လည်း တယောက်တယောက်တွင် တကျိပ်ကုန် သော သားတို့သည်ရင်း၊တကျိပ်တကျိပ်ကုန်သော သမီးတို့သည် ရင်း၊ ဖြစ်ထွန်းကြပြန်၏။

ဤသို့လျှင် ဝိသာခါတွင် သား,မြေး,မြစ် အစဉ်၏အစွမ်းဖြင့် ရှစ်ထောင်လေးရာ့နှစ်ဆယ်တို့သည် ဖြစ်ကုန်၏။

အသက် တရာ့နှစ်ဆယ် ရှည်၏။ သို့တိုင် ဆံတပင်မှ မဖြူဘဲ တဆယ့်ခြောက်နှစ်အရွယ်ကဲ့သို့ တည်၏။

သားသမီးမြေးမြစ် ခြံရံလျက်ကျောင်းသို့သွားကြသည့်အခါ အဘယ်သူသည် ဝိသာခါပါနည်းဟု မေးရလောက်အောင်ပင်

နုပျို၏။ ထိုင်နေ၊သွားနေ၊ ရပ်နေ၊အိပ်နေသော လေးဖြာသော ဣရိယာပုထ်တို့တွင် ရှုမြင်ရသူတို့သည် ဝိသာခါ'အား အစဉ်ချီးကျူး ကြရ၏။

ဝိသာခါသည် ဆင်ပြောင်ငါးစီး အား ကို ဆောင်နိုင်၏ဟု ကျော်ကြားသဖြင့် ပသေနဒီ ကောသလမင်းကြီးသည် ဆင်ကို လွှတ်၍ လက်တွေ့စမ်းကြည့်ရသည်အထိ အံ့သြလောက်သော ခွန်အားနှင့် ပြည့်စုံသည်သာ ဖြစ်၏။

## မဟာလ္လတာ

ဝိသာခါသည် သားသမီးနှစ်ကျိပ်၊ မြေးလေးရာ၊ မြစ်ရှစ် ထောင်တို့နှင့် အလွန်စည်ကားသိုက်မြိုက်စွာ နေရ၏၊ ထိုသား သမီးမြေးမြစ်တို့သည် အနာရောဂါမှကင်းကြ၏။တစုံတယောက် မျှ သေဘူးသည်မရှိ၊ ထိုအခါ သာဝတ္ထိပြည်အလုံး၌ ရှိကြသော သူအပေါင်းတို့သည် ဝိသာခါမည်သော မိဂါရမာတာသည်၊ အလွန်မင်္ဂလာရှိသည်ဟု အသိအမှတ်ပြုကြ၏၊ အလှူမင်္ဂလာတို့၌ ဝိသာခါကို ဦးစွာပင် ဘိတ်မံ၍ကျွေးမွေးကြ၏။

တနေ့တွင် အလှူတခုမှအပြန်၊ ဘု ရား ကျောင်း တော် သို့ ဝင် ဦး မည် ဟု သွား ရောက် သည် ရှိ ရာ၊ ဘု ရား ကျောင်း အဝင်တွင် အလှူအတွက်ဝတ်ဆင်လာသော မဟာလ္လတာတန် ဆာကို ဝတ်ဆင်လာခဲ့သည်ဖြစ်ရာ၊ ဦးခေါင်းမှစ၍ခြေနင်းအထိ တဆက်တည်း ပြုလုပ်ထားသော မဟာလ္လတာတန်ဆာနှင့် ဘုရား ကျောင်းတော်တို့ ဝင်ရန်မသင့်ဟု ယောက်္ခမသဌေးကြီး ဂုဏ်ပြု အပ်သော 'ဃနမဋ္ဌက' တန်းဆာကို လဲလှယ်၍ မဟာလ္လတာတန် ဆာကို အဖေါ်ကျွန်မအားပေးအပ်၏။

ထိုကျွန်မသည်သာလျှင် ဤမဟာလ္လတာတန်ဆာကိုဆောင်ယူနိုင်၏။ဆင်ပြောင် ငါးစီးအားမာန်ပင်ကြီး၏၊ ဝိသာခါသည် ဘုရားသခင်အား ဖူးမြော်ပြီးနောက် ပြုနေကျ ဝတ္တရားအတိုင်း ကျောင်းစဉ်သို့လှည့်လည်ပြီး သူနာရဟန်းတို့ကိုရင်း ရဟန်းငယ် သာမဏေတို့ကိုရင်း၊ ကြည့်ရှုပေးကမ်းလှူဒါန်း ချီးမြှင့်ပြီးသော် အခြားသောတံခါးတခုမှ အိမ်သို့ပြန်သွားလေ၏၊ ကျွန်မသည် လည်း သတိမေ့လျော့၍လာခဲ့ရာမှအိမ်သို့ရောက်လျှင် မဟာလ္လတာ တန်ဆာမေ့ခဲ့ကြောင်းကို ဝိသာခါအားပြောကြား၏။

အရှင် အာနန္ဒာမထေရ်သည် ကျောင်းသို့ ရောက်လာကြ သောသူတို့၏ ပစ္စည်းများမေ့ကျန်ခဲ့လျှင် သိမ်းဆည်းရသော တာဝန်ရှိ၏၊ အရှင်အာနန္ဒာသည် ထိုမဟာလ္လတာ တန်ဆာကို ဇရပ်၏နံရံ၌ ချိတ်ဆွဲထား၏။

ဝိသာခါသည်ရှင်အာနန္ဒာ သိမ်းဆည်းထားလေ့ရှိကြောင်းကို သိပြီးဖြစ်၍ ကျွန်မအားစေလွှတ်၏၊ ဤသို့လည်း မှာကြားလိုက်၏၊ အကယ်၍ အရှင်အာနန္ဒာယူဆောင်သိမ်းဆည်းပြီး ဖြစ်ပါက ပြန်၍မယူခဲ့လေနှင့်၊ အရှင်မြတ်အားသာလျှင် ထိုပစ္စည်းကိုလှူမည်ဟုဆို၏၊ ကျွန်မသည်သွားရောက်၍ရှာဖွေရာ အရှင်အာနန္ဒာ သိမ်းဆည်းထားပြီး ဖြစ်ကြောင်းတွေ့ရ၍ အရှင်အာနန္ဒာအား ဝိသာခါမှာကြားသည့်အတိုင်းလျှောက်ထားပြီး မယူဘဲပြန်ခဲ့၏။

ဝိသာခါသည် နောက်တနေ့တွင် ကျောင်းသို့သွားရောက်၍ မြတ်စွာဘုရားသခင်အား ယမန်နေ့က ကျောင်းတွင် တပည့် တော်မ၏ မဟာလ္လတာတန်ဆာမေ့ကျန်ခဲ့ကြောင်း၊အရှင်အာနန္ဒာ သိမ်းဆည်းထားခဲ့ရာ၊ အရှင်မြတ်တို့ လက်ဖြင့်ထိပြီးသော ထိုတန် ဆာကို တပည့်တော်မ မသုံးဆောင်တော့ပါ၊ သံဃာတော်များ

အတွက် အကျိုးရှိရာကို လှူဒါန်းလိုပါသည်၊ အဘယ်အရာကို လှူဒါန်းရန် သင့်မြတ်ပါမည်နည်းဟု လျှောက်ထား၏။ ဘုရားသခင်က ဝိသာခါ မြို့၏ အရှေ့မျက်နှာတံခါး၌ သံဃာတော်တို့ သီတင်းသုံးရန် ကျောင်းကို ဆောက်လုပ်သင့်၏ဟု မိန့်တော်မူ၏။

## မဟာလ္လတာတန်ဆာ ဝတ်ဆင်နိုင်သော မိန်းမသုံးဦး

ဝိသာခါသည် ထိုမဟာလ္လတာ တန်ဆာကို ယူစေပြီးသော်၊ ပန်းတိမ်တို့အား အဘိုးဖြတ်စေ၏။ အဘိုးအားဖြင့် ကိုးကုဋေ၊ လက်ခအားဖြင့် တသိန်းထိုက်၏ဟု ဆိုကြ၏။ တန်ဆာကို ယာဉ်၌ တင်ပြီးလျှင် လှည့်လည်ရောင်းချစေ၏။ တစုံတယောက်မျှ ဝယ်နိုင်သူမရှိ၊ ထို့ပြင် ဤမျှလေးလံသောတန်ဆာကို ဝတ်ဆင်နိုင်သူ သုံးဦးသာရှိ၏။ (၁) ဝိသာခါ ဒါယိကာမကြီး၊ (၂) မလ္လာမင်းသား၊ ဗန္ဓုလစစ်သူကြီး၏ဇနီး မလ္လိကာ။ (၃) ဗာရာဏသီသူဌေးကြီး၏သမီး၊ ဤသုံးဦးသာတည်း။

တစုံတယောက်မျှ ဝယ်ယူနိုင်သူ မရှိသောကြောင့်၊ ဝိသာခါသည် ကိုယ်တိုင်ပင် အဘိုးပေး၍ ဝယ်ယူပြီးသော် ကျောင်းဆောက်လုပ်ခြင်းငှာ စီရင်၏။

## ပုဗ္ဗာရုံကျောင်း ဆောက်လုပ်ခြင်း

ထိုနေ့တွင် ဘုရားသခင်သည် အနာထပိဏ်သူဌေးကြီးအိမ်၌ ဆွမ်းစားပြီး၊ ဘဒ္ဒိယမြို့မှ ဘဒ္ဒိယသူဌေးသားကို ကယ်ချွတ်ရန်အတွက် မြောက်မျက်နှာတံခါးသို့ ရှေ့ရှု ကြွသွားတော်မူလျှင် ဝိသာခါ ဒါယိကာမကြီးသိ၍ ဘုရားသခင် အခြားတပါးသို့

ဒေသစာရိကြွချီတော်မူမည်ကိုသိလေသဖြင့်၊ လျင်မြန်စွာလိုက်ပြီး "အရှင်မြတ်ဘုရား၊အရှင်မြတ်ဘုရားကြွသွားတော်မူလျှင် တပည့်တော်မ ကျောင်းဆောက်သည့်ကိစ္စ ပြုအပ်,မပြုအပ်၊ လျောက်ပတ်သည်,မလျောက်ပတ်သည်ကို စီစစ်တတ်သော အရှင်မြတ်တပါးကို တပည့်တော်မအား သနားကယ်မတော်မူပါ" ဟု လျှောက်ထား၏။ဘုရားသခင်က "ဝိသာခါ သင်နှစ်သက်သော ရဟန်းတပါး၏ သပိတ်ကို ယူလိုက်လေလော့"ဟု မိန့်တော်မူ၏။ ဝိသာခါသည် အရှင်မောဂ္ဂလာန် မထေရ်မြတ်၏ သပိတ်တော်ကို လှမ်းယူ၏၊ အရှင်မောဂ္ဂလာန်သည် ဘုရားသခင်ကို မော်၍ကြည့်၏၊ မြတ်စွာဘုရားက ချစ်သားမောဂ္ဂလာန် အသင်၏အခြံအရံဖြစ်ကုန်သော ရဟန်းငါးရာတို့နှင့်တကွ ကျောင်းသို့ပြန်၍ ဝိသာခါဒါယိကာမကြီးအား ကူညီဆောင်ရွက်ပေးလေလော့ဟု မိန့်တော်မူ၏။

တန်ခိုးအာနုဘော်ကြီးမြတ်တော်မူသော အရှင်မောဂ္ဂလာန်မထေရ်၏စီစဉ်မှုကြောင့် ဘုံခုနစ်ဆင့်ရှိသော ပြာသာဒ်ကျောင်းကြီးကိုဆောက်လုပ်၍ အထက်ဘုံဆင့်၌တိုက်ခန်းငါးရာ အောက်ဘုံဆင့်၌ တိုက်ခန်းငါးရာအားဖြင့် တိုက်ခန်းတထောင်ရှိ၏။

ရှစ်ပါယ်မျှလောက်သော မြေအကျယ်၌ ပြာသာဒ်ကျောင်းကြီး တဆောင်တည်းဖြင့်မတင့်တယ်ဟု ကျောင်းကြီးကိုဝန်းရံပြီး ပြာသာဒ်ငါးရာတို့ကိုလည်း၊ ကျောင်းငါးရာတို့ကိုလည်း၊ ဇရပ်ရှည်ငါးရာတို့ကိုလည်း ဆောက်လုပ်၏၊ပန်းဥယျာဉ်နှင့် အရိပ်အာဝါသအတွက် သစ်ပင်တို့ကိုစိုက်ပျိုးပြုစု၏၊ ပုဗ္ဗာရုံကျောင်းတော်ကြီးသည် ကိုးလနှင့်ပြီး၏။

ဘုရားသခင်သည် ကိုးလကြာမျှ ဒေသစာရီလှည့်လည်တော်မူပြီးနောက်၊ သာဝတ္ထိပြည်သို့ ပြန်ရောက်သည်ဟု ကြားလျှင် ဝိသာခါသည် မြတ်စွာဘုရားထံ ဖူးမြော်၍ တပည့်တော်မ၏ ကျောင်းကြီးပြီးစီးပြည့်စုံပါပြီ၊ ဝါတွင်းလေးလပတ်လုံး အရှင်မြတ်ကိုယ်တော်တိုင် ကြွရောက်သီတင်းသုံးတော်မူပါ၊ ကျောင်းပူဇော်ပွဲကြီးကို ပြုလုပ်လိုပါသည်ဟု လျှောက်ထား၏၊ ဘုရားသခင်လည်း ခွင့်ပြုတော်မူ၏။

လေးလပတ်လုံး ဘုရားအမှူးရှိသော သံဃာတော်တို့အား အလှူကြီးပေးလှူ၏၊ နောက်ဆုံးနေ့တွင် သင်္ကန်းလျာ၊ ပုဆိုးတို့ကို ပေးလှူ၏၊ ဝါအငယ်ဆုံးဖြစ်သော သံဃာ့နဝက ရဟန်းသည်ပင် လျှင် အဘိုးတသိန်းထိုက်သော သင်္ကန်းလျာကိုရ၏၊ ရဟန်းတို့၏ သပိတ်တွင်ဆေးများကိုလည်း အပြည့်ပေးလှူ၏။

ဤသို့ပေးလှူခြင်းတွင် မြေကို ကိုးကုဋေပေးရ၏၊ ကျောင်းဆောက်ရာတွင် ကိုးကုဋေကုန်ကျ၏၊ ကျောင်းပူဇော်ပွဲတွင် ကိုးကုဋေကုန်ကျ၏၊ စုစုပေါင်း နှစ်ဆယ့်ခုနစ်ကုဋေ ကုန်သော အသပြာတို့ကိုလှူဒါန်း၏။

မိန်းမသားဘဝ မိစ္ဆာဒိဋ္ဌိအိမ်၌နေပြီး ဤမျှစွန့်ကြဲလှူဒါန်းခြင်းသည် ဝိသာခါမှတပါး အခြားမိန်းမ တစုံတယောက်မှ မရှိချေ။

## ဝိသာခါ၏ သီချင်းသံ

ဝိသာခါသည် ကျောင်းပူဇော်ခြင်း၏ နောက်ဆုံးည၌ ဝမ်းမြောက်လွန်းလှသဖြင့် သားသမီး မြေးအပေါင်း ခြံရံလျက် သီချင်းငါးပိုဒ်ကိုသီဆို၍ ကျောင်းများသို့ လှည့်လည်၏။

ထိုသီချင်းငါးဂါထာမှာကား-

၁။ ။ဘယ် သော ခါ များ၊ ဘုရားမြတ်စွာ၊ သံဃာကိန်းအောင်း၊ တိုက်ကျောင်းပြာသာဒ်၊ မှန်အမြတ်ကို၊ ဆတ် ဆတ် ကြည် ဖြူ၊ ပေးလှူနိုင်ရန်၊ အဖန်ဖန်ပင်၊ ကြံစည်ခဲ့ရာ၊ ယနေ့မှာကား၊ ဆန္ဒပြည့်ဝ၊ လှူဒါန်းရပြီ၊ ဝမ်းမြောက်လေစွ၊ ဝမ်းမြောက်လှ။

၂။ ။ဘယ် သော ခါ များ၊ ကျောင်း အ သုံး ဆောင်၊ ညောင်စောင်းအင်းပျဉ်၊ ဘုံလျှိုခေါင်းအုံး၊ကျောင်းသုံးပစ္စည်း၊ အသီးသီးကို

နှစ်လိုကြည်ဖြူ၊ ပေးလှူနိုင်ရန်၊ အဖန်ဖန်ပင်၊ ကြံစည်ခဲ့ရာ၊ ယနေ့မှာကား၊ ဆန္ဒပြည့်ဝ၊ လှူဒါန်းရပြီ၊ ဝမ်းမြောက်လေစွ၊ ဝမ်းမြောက်လှ။

၃။ ။ဘယ်သောခါများ၊ ၊အမဲ့သားငါး၊ ရော ထား ချက်ပြုတ်၊ နံ့သာကြိုင်မွှေး၊ သလေးထမင်း၊ ဆွမ်းဟင်းစီမံ၊

ပေးလှူရန်ကို၊ အဖန်ဖန်ပင်၊ ကြံစည်ခဲ့ရာ၊ ယနေ့မှာကား၊ ဆန္ဒပြည့်ဝ၊လှူဒါန်းရပြီ၊ ဝမ်းမြောက်လေစွ၊ ဝမ်းမြောက်လှ။

၄။ ။ဘယ်သောခါများ၊ ကာသိကရာဇ်၊ တိုင်းဖြစ်ပုဆိုး၊ အမျိုးမျိုးနှင့်၊ အဖိုးထိုက်လှ၊ ပြည်ခေါမမှ၊ နူးညံ့လှစွာ၊ သင်္ကန်းလျာကို၊

ပေးလှူနိုင်ရန်၊ အဖန်ဖန်ပင်၊ ကြံစည်ခဲ့ရာ၊ယနေ့မှာကား၊ ဆန္ဒပြည့်ဝ၊ လှူဒါန်းရသည်၊ ဝမ်းမြောက်လေစွ၊ ဝမ်းမြောက်လှ။

၅။　။ဘယ်သောခါမျှား၊ ပျှား ရည် လူး သည့်၊ ဆီဦး ထောပတ်၊ ဆေးအမြတ်ကို

ပေးအပ်ကြည်ဖြူ၊ လှူဒါန်းနိုင်ရေး၊ ဖန်ဖန်တွေး ခါ၊ ကြံခဲ့ပါသည်၊ ယနေ့မှာကား၊ ဆန္ဒပြည့်ဝ လှူဒါန်းရပြီ၊ ဝမ်းမြောက်လေစွ၊ ဝမ်းမြောက်လှ။

## ရဟန်းအပေါင်းတို့ လျှောက်ထားခြင်း

ဝိသာခါ၏ သီချင်းသံကိုကြားလေလျှင် ရဟန်းအပေါင်းတို့ သည် တခါစဘူးမျှ မကြုံဘူး၊ မကြားဘူးကြသဖြင့် တအံ့တသြ ဖြစ်ခါ ဘုရားသခင်ထံ မေးလျှောက်ကြကုန်၏။

ဘုရားသခင်က၊ ချစ်သားရဟန်းတို့ ငါ၏ သမီးတော် ဝိသာခါသည် သီချင်းသီဆိုသည်မဟုတ်၊ ဘဝပေါင်းများစွာ တောင့်တလာခဲ့သော ဆုတောင်းပတ္တနာသည် ပြီးဆုံးခြင်းသို့ ရောက်လေ၍ ဝမ်းမြောက်ရွှင်လန်း၊ ဥဒါန်းကျူးရင့်၍ လှည့် လည်ခြင်းသာ ဖြစ်ပေသည်ဟုမိန့်တော်မူ၏။ ရဟန်းတို့ကအဘယ် အခါ၌ ဤဆုကို တောင်းခဲ့ပါသနည်းဟု မေးလျှောက်သည် ရှိသော် ဘုရားသခင်သည် အတိတ်ကို ဆောင်တော်မူ၏။

## ဝိသာခါ၏ ရှေးဆုတောင်း

ဤဘဒ္ဒကမ္ဘာမှ သင်္ချာအရေအတွက် အထက်ကပ်တသိန်း မြောက်၏အထက်၌ ပဒုမုတ္တရဘုရားလက်ထက်တွင် တဦးသော အမျိုးသမီးသည် ဘုရားသခင်နှင့် အကျွမ်းဝင်သည်ကို မြင်လေ လျှင် မြတ်စွာဘုရားထံ ဤဒါယိကာမသည် ကမ္ဘာတသိန်း

ကာလ၌ ဘုရားသခင်၏ မြတ်သောအလုပ်အကျွေးဖြစ်ရပါလို၏ ဟုတောင့်တဆုပန်၊ ပါရမီသန်ခဲ့သဖြင့် ဤသို့ ဥပါသိကာမ အလုပ်အကျွေးမြတ်ဘဝကို ရခဲ့သည်ဟုမိန့်တော်မူလျှင် တပည့် တော်မ ယခုဘဝတွင် ဤဆုကိုပန်ဆင်ပါက ရနိုင်ပါ၏လောဟု ခမေးလျှောက်ပြန်၏၊ ဘုရားသခင်က ရနိုင်ပေ၏ဟုမိန့်တော်မူလျှင် ဘုရားသခင်နှင့်တကွ တသိန်းသော သံဃာတော်တို့ကို ခုနစ်ရက် ပတ်လုံး ဆွမ်းအလှူကို လှူဒါန်းပြီး နောက်ဆုံးနေ့၌ သင်္ကန်းလျာ တို့ကို လှူဒါန်းပြီးသော် တောင့်တအပ်သောဆုကို ဘုရားသခင် ထံ၌တောင်း၏။

ပဒုမုတ္တရာဘုရားသခင်က ဒါယိကာမ ဤကမ္ဘာမှ ကမ္ဘာ တသိန်းတွင် ဂေါတမမည်သော ငါ၏ညီတော်ဘုရား၊ ပွင့်တော်မူ သည့်အခါ အသင်သည် ဂေါတမဘုရား၏အထံ၌ ရှစ်ပါးသော ဆုမြတ်ကိုရ၍ မိခင်၏အရာ၌ တည်ပြီးသောကာလ ပစ္စည်းလေး ပါးတို့ဖြင့် လှူဒါန်းလုပ်ကျွေးကြကုန်သော ဒါယိကာမတို့တွင် အထွဋ်အမြတ် ဖြစ်ပေလတံ့ဟု ဗျာဒိတ်ထားတော်မူ၏။

ထိုဒါယိကာမသည် ဘုရားသခင်၏ ဗျာဒိတ်တော် စကားကို နက်ဖြန်ခါ၌ပင် ရတော့မည်ကဲ့သို့ အောက်မေ့မှတ်ထင်၊ ဝမ်း မြောက်ရွှင်လန်းစွာဖြင့် အသက်ရှည်သမျှကာလပတ်လုံးကုသိုလ် ကောင်းမှုတို့ကိုပြုလုပ်၍ သေလွန်သည်ရှိသော် နတ်ပြည် လူ့ ပြည်တို့၌ ကျင်လည်ခံစား၍လာခဲ့ရာ-

ကဿပဘုရားရှင်လက်ထက်တော်တွင် ကိကီမင်းကြီး၏ သမီး တော်ခုနစ်ယောက်တို့တွင် အထွေးဆုံး သံဃဒါသီ အမည်ရှိ သော မင်းသမီးဖြစ်၍ ဒါနအစရှိသော ကုသိုလ်ကောင်းမှုတို့ကို ပြုလုပ်ပြီး ဆုတောင်းပတ္တနာ တောင်းခံပြန်၏။

နောင်လာလတံ့သော အနာဂတ်ဝယ် အရှင်မြတ် ကဲ့သို့သော ဘုရားရှင်၏မိခင်အရာ၌တည်ပြီးလျှင် ပစ္စည်းလေးပါးတို့နှင့် လှူဒါန်းလုပ်ကျွေးကြကုန်သော ဒါယိကာမတို့တွင် အထွဋ်ရှိအမြတ် ဖြစ်ရပါ၏ဟု ဆုပန်ခဲ့ပြန်၏။

ယခုဘဝ ဤခန္ဓာကိုယ်အတ္တဘော၏အဖြစ်၌ မေဏ္ဍကသူဌေး၏သား ဓနဉ္စယသူဌေး၏အဖြစ်ဖြင့် ငါဘုရား၏သာသနာတော်၌ များစွာကုန်သော ကုသိုလ်ကောင်းမှုတို့ကို ပြုစုအားထုတ်၏။

ချစ်သားရဟန်းတို့၊ ငါ၏သမီးတော် ဝိသာခါသည် သီချင်းသီဆိုသည်မဟုတ်၊ ဝမ်းမြောက် ရွှင်လန်းလှသဖြင့် ဥဒါန်းကို ကျူးရင့်ခြင်းသာဖြစ်ပေသည်။

ချစ်သားရဟန်းတို့ လိမ္မာလှစွာသော ပန်းသည်သည် များစွာသောပန်းတို့ကိုစုပုံ၍ ဆန်းကျယ်စွာသောပန်းကုံးကိုပြုသကဲ့သို့ ဝိသာခါသည်လည်း အထူးထူးအပြားပြား များစွာကုန်သော ကုသိုလ်ကောင်းမှုတို့ကိုပြုခြင်းငှာ စိတ်ညွတ်လေ၏ဟု

**၅၃။ ။ယထာပိ ပုပ္ဖရာသိမှာ၊ ကယိရာ မာလာဂုဏေ ဗဟူ။**
**ဧဝံ ဇာတေန မစ္စေန၊ ကတ္တဗ္ဗံ ကုသလံ ဗဟုံ။**

(၅၃) အပွင့်အငုံ နိုင်ရုံရောပြု ပန်းအစုမှာ လိမ္မာလှသောပန်းသည်သည် များစွာကုန်သော ပန်းကုံးတို့ကိုပြုသကဲ့သို့ ထို့အတူအမိဝမ်းဝယ် စွဲလန်းသန္ဓေတည်နေတတ်သော တွေ့ဝေ မိန်း မော နှ မြော ၍ သေတတ်သော သတ္တဝါသည် ပစ္စည်းဥစ္စာတည်းဟူသော ပန်းအစုမှ များစွာသော ကုသိုလ်ပန်းကုံးတို့ကို ပြုလုပ်အပ်၏။

ဤဒေသနာတော်၏ အဆုံး၌ များစွာကုန်သောသူတို့သည် သောတာပန်စသည်သို့ရောက်ကြကုန်၏။

(ဓမ္မပဒပုပ္ဖဝဂ်ရှစ်ခုမြောက် မိဂါရမာတာ၊ဝိသာခါဝတ္ထု ပြီး၏)

## ၄။ ပုပ္ဖဝဂ်

## ၉။ ဘယ်ပန်းသာလို့မွှေး

### (ရှင်အာနန္ဒာ၏ အမေးပုစ္ဆာဝတ္ထု)

ပန်းတို့၏ရနံ့သည် လေအောက်သို့သာ မွှေးနိုင်ပါ၏။

သီတင်းသီလ စောင့်တည်ကြပြား၊ သူတော်ကောင်းများ၏ ရနံ့သည်ကား ထက်အောက်တခွင် လေတင်လေညာ လေးမျက်နှာလုံး ကြိုင်လှိုင်ဖုံး၏။

(နပုပ္ဖဂန္ဓော ပဋိဝါတမေတိ) အစရှိသောဂါထာတော်ကို သာဝတ္ထိပြည်၌ ညီတော်အာနန္ဒာ၏ အမေးပုစ္ဆာကို အကြောင်းပြု၍ ဖြေဆိုဟောကြားတော်မူလေသည်။

### ဝတ္ထုကြောင်းကားဤသို့တည်း

ရှင်အာနန္ဒာ မထေရ်သည် ညချမ်းကာလ ဆိတ်ငြိမ်ရာသို့ ချဉ်းကပ်ကိန်းအောင်းတော်မူပြီး ကြံဆဆင်ခြင်သည်မှာမြတ်စွာဘုရားသခင်သည် အနံ့တကာတို့တွင် အနှစ်တည်းဟူသောအနံ့၊ အမြစ်တည်းဟူသောအနံ့၊အပွင့်တည်းဟူသောအနံ့ အားဖြင့်သုံးပါးကုန်သောအနှစ်၊အမြစ်၊အပွင့်တို့၏ အနံ့သည် မြတ်သောအနံ့တို့ ဖြစ်သည်ဟု ဟောကြားတော်မူသည်၊ထိုအနံ့တို့သည်လေအောက်သို့သာ အစဉ်ပျံ့နှံ့မွှေးကြိုင်စေနိုင်၏။ လေတင်လေညာ

ဖီလာထက်အောက်ပျံ့နှံ့ရောက်နိုင် ရနံ့လှိုင်သည့် မွှေးကြိုင်နံ့သာ ဘယ်အရာသည်ရှိလေပြီဟု ကြံဆတော်မူပြီး ဘု ရား သ ခင် ထံ လျှောက်ကြားမေးမြန်းလေ၏။

ဘုရားသခင်က ချစ်သားအာနန္ဒာ လေတင်လေညာ ထက်အောက်ဖီလာမွှေးကြိုင်သောရနံ့တို့သည် ရှိကုန်၏။ ထိုမွှေးထုံလှိုင်သော်နံ့သာဟူသည် ယောကျ်ားသည်ဇင်း၊ မိန်းမ သည် ဇင်း၊ မြတ်စွာဘုရားကိုဆည်းကပ်၏၊ တရားကိုဆည်းကပ်၏။ သံဃာတော်ကိုဆည်းကပ်၏။ သူတပါး၏အသက်ကို သတ်သောပါဏာတိပါတမှ ကြဉ်ရှောင်၏၊ သူ့ဥစ္စာကိုခိုးခြင်းမှကြဉ်ရှောင်၏၊ ကာမေသုမိစ္ဆာစာရမှကြဉ်ရှောင်၏၊ မုသားပြောဆိုခြင်းမှ ကြဉ်ရှောင်၏၊အရက်သေစာမှကြဉ်ရှောင်၏၊သီလရှိ၏။ကောင်းသောအကျင့်ရှိ၏။ လွတ်လွတ်စွန့်ကြဲခဲ့ခြမ်းဝေဖန်၍ လှူဒါန်းခြင်း၌မွေ့ပျော်၏။ ထိုသူတို့၏ ကောင်းသောသတင်း ကောင်းသောရနံ့တို့သည် လေတင်လေညာ ဖီလာထက်အောက် ပျံ့နှံ့ကုန်၏၊ တန်ခိုးကြီးသော နတ်များအပေါင်းတို့သည် ဂုဏ်ကျေးဇူးစကားဖြင့် များစွာချီးမွမ်းထောမနာကြ၏။ ဤချီးမွမ်း ထောမနာခံရသောရနံ့သည်အလုံးစုံ ပျံ့နှံ့ခြင်းသို့ရောက်သည်ဟုမိန့်တော်မူပြီး

(၅၄) န ပုပ္ဖဂန္ဓော ပဋိဝါတ မေတိ၊
န စန္ဒနံ တဂရံ မလ္လိကာ ဝါ။
သတဥ္စ ဂန္ဓော ပဋိဝါတ မေတိ၊
သဗ္ဗာ ဒိသာ သပ္ပုရိသော ပဝါယတိ။

(၅၅) စန္ဒနံ တဂရံ ဝါပိ၊
ဥပ္ပလံ အထ ဝဿိကီ။
ဧတေသံ ဂန္ဓဇာတာနံ၊
သီလဂန္ဓော အနုတ္တရော။ ။

(၅၄) စန္ဒကူး တောနံ့သည်ငှင်း၊ တောင်ဇလပ်– စပယ်ကြက်ရုံးပန်းတို့၏ အနံ့သည်ငှင်း လေညာသို့မသွား သူတော်ကောင်းတို့၏ဂုဏ်ရနံ့သည်ကား လေတင်လေညာသို့သွား၏။ အလုံးစုံသောအရပ်မျက်နှာသို့လည်းပျံ့နှံ့၍လှိုင်၏။

(၅၅) စန္ဒကူး တောင်ဇလပ် ကြာညို့မြတ်သေးပန်းတို့မှထွက်သောအနံ့ အပေါင်းတို့ထက် သီလ၏အနံ့သည်သာ လွန်ထူးမြတ်ပေ၏။

(ဓမ္မပဒ–ပုပ္ဖဝဂ် ကိုးခုမြောက် အာနန္ဒထေရ ပဥှာဝတ္ထုပြီး၏)

✲ ✲ ✲ ✲

## ၄။ ပုပ္ဖဝဂ်

## ၁၀။ သီလရနံ့နတ်ပြည်နှံ့

(အရှင်မဟာကဿပနှင့် သိကြားမင်း၏ ဆွမ်းအလှူ)

သီလနှင့်ပြည့်စုံသူတို့၏ ဂုဏ်သတင်းကား၊
နတ်ပြည်တိုင် ပျံ့နှံ့ကြိုင်၏။

(အပ္ပမတ္တော–အယံ–ဂန္ဓော) အစရှိသော ဒေသနာတော်ကို အရှင်မဟာ ကဿပမထေရ်မြတ်အားဆက်ကပ်သည့်ဆွမ်းအလှူကို အကြောင်းပြု၍ ဟောတော်မူပေသည်။

ဝတ္ထုကြောင်းကား ဤသို့တည်း

အရှင်မဟာ ကဿပမထေရ်မြတ်သည် နိရောဓသမာပတ်ဖြင့် ခုနစ်ရက်တိုင်တိုင် အားထုတ်ပြီးသော် ဆွမ်းခံခြင်းငှာ အိမ်စဉ် အတိုင်း ရာဇဂြိုဟ်မြို့တွင်းသို့ လှည့်လည်စဉ်ကာလသိကြားမင်း၏

အခြွေအရံဖြစ်သော နတ်သမီးငါးရာတို့သည် အရှင်မြတ်အား ဆွမ်းကပ်လှူရန် ရောက်လာကြပြီး၊ အရှင်မြတ်ဘုရား တပည့်တော်တို့၏ဆွမ်းအလှူကို သနားကြည်ဖြူ ခံယူတော်မူ၍တပည့်တော်မတို့အား ချီးမြှင့်တော်မူပါဟု လျှောက်ထားကြ၏။ ရှင်မဟာကဿပမထေရ်မြတ်က အသင်တို့ဖယ်ရှားကြကုန်၊ ငါသည် ဆင်းရဲသူတို့ကိုသာ ချီးမြှင့်ခြင်းပြုအံ့ဟု မိန့်တော်မူ၏၊ အရှင်ဘုရား၊ တပည့်တော်မတို့၏ သဒ္ဓါတရားကို ချီးမြှင့်တော်မူပါ၊ သဒ္ဓါတရားကို မဖျက်ဆီးပါလင့်ဟုအကြိမ်ကြိမ်အဖန်ဖန်တောင်းပန်လျှောက်ထား၏။ အရှင်မြတ်ကလည်း အကြိမ်ကြိမ်အဖန်ဖန်ပယ်တော်မူ၏ နတ်သမီးတို့သည် ဆွမ်းမလှူရလျှင်မပြန်ဟူသော စိတ်ထားဖြင့် ရှေ့မှကာဆီးကာ တောင်းပန်၍နေလေရာ၊ အရှင်မြတ်သည် လက်ဖျစ်ကိုတီးခတ်၍ ဖယ်ကြကုန်လော့ဟု မိန့်တော်မူ၏။ အရှင်မြတ်၏ လက်ဖျစ်တီးသံကြားလေလျှင် နတ်သမီးတို့သည် ကြောက်လန့်တကြားပြေးလွှားကြရာ၊ သိကြားမင်းထံမှောက်ရောက်၍ သွားကြ၏။

သိကြားမင်းက အသင်တို့ဘယ်အရပ်က ပြန်လာကြနည်းဟု မေးတော်မူလျှင် အရှင်မဟာကဿပမထေရ်မြတ်ထံဆွမ်းကပ်လှူရန်အသွား၊ မထေရ်မြတ်က အလှူခံတော်မမူပဲ ဆင်းရဲသူတို့အတွက်သာ ငါအလှူခံတော်မူမည်ဟု မိန့်ကြား တော်မူ၍၊ ပြန်လာခဲ့ရပါသည်ဟု လျှောက်ထားကြ၏။ သိကြားမင်းက အဘယ်အသွင်ဖြင့် သင်တို့သွားကြသနည်းဟုမေးလျှင်နတ်သမီးအသွင်ဖြင့်ပင် သွားကြလေကြောင်း ပြန်ပြောင်းသိရလေသော် သိကြားမင်းက သင်တို့သည် မထေရ်မြတ်၏ ဆန္ဒတော်ကို မသိကားဟု အပြစ်တင်တော်မူ၏။

## သိကြားမင်းနှင့် သုဇာတာတို့ ဆွမ်းအလှူ

သိကြားမင်းသည် မထေရ်မြတ်အား၊ ဆွမ်းအလှူကိုကပ်လှူတော်မူလိုသောကြောင့် သုဇာတာအားခေါ်ပြီး သူအိုလင်မယားသဏ္ဌာန်ဖန်ဆင်း၍ ဆင်းရဲပင်ပန်းစွာ ရက်ကန်း ယက်သည့်ဟန်ဖန်ဆင်း၍နေကြ၏။

အရှင်မြတ်သည် တဲအိုရှေ့သို့ ရောက်တော်မူလျှင် ပင်ပန်းဆင်းရဲစွာ လုပ်ကိုင်၍နေရဟန်ဖြင့် မမြင်ယောင်ဆောင်ကြ၏။

မထေရ်မြတ်သည် နံရိုးပြိုင်းပြိုင်း ခါးကိုင်းကိုင်းဖြင့် အလုပ်နှင့်လက်မပြတ်အောင် လုပ်ကိုင်နေရသော သူအိုလင်မယားထံမှ ဆံကျိုးဆံကွဲ ဖွဲနုထမင်းဟင်းရွက်ပြုတ်မျှရသည်ဖြစ်စေ၊ ခံယူသုံးဆောင်၍ ဤသူအိုလင်မယားတို့အား ချီးမြှင့်ခြင်းကို ပြုအံ့ဟု၊ အိမ်တံခါးဝသို့ကြွတော်မူကာ ရပ်တန့်တော်မူ၏။ သိကြားမင်းလင်မယားလည်း မထေရ်မြတ်ကြွလာလျှင်ရှိသမျှဆွမ်းကလေးနှင့်ဟင်းကလေးတို့ကိုအလှူခံတော်မူပါဟု လျှောက်ထားပြီးသပိတ်ကို လှမ်းယူလေလျှင် အရှင်မြတ်က ခွင့်ပြုတော်မူလိုက်၏၊ သိကြားမင်းသည် သုဇာတာအား သပိတ်ကို လှမ်းပေး၍ဆွမ်းနှင့်ဆွမ်းဟင်းလောင်းလှူဘိဟု ပြောဆိုလေသော်၊ သုဇာတာက သပိတ်ကိုလှမ်းယူခါ နတ်တို့၏ သုဇာဆွမ်းနှင့် ဟင်းလျာတို့ကို သပိတ်ပြည့်မျှထည့်ပြီးသော် ဆက်ကပ်၏။

အရှင်မဟာ ကဿပမထေရ်သည် ဆံကျိုးဆံကွဲဖွဲနုရောယှက်ဆွမ်းပျက်ပျက်နှင့် ဟင်းရွက်ပြုတ်သာ ရနိုင်ရာ၏ဟု အလှူခံခဲ့ရာတွင် သပိတ်ပြည့်မျှ မွှေးကြိုင်လှသည့်ဆွမ်းနှင့်ဟင်းလျာတို့ကို

မြင်တော်မူသောအခါ၊ ဤသူအိုလင်မယားကား ဆင်းရဲသားတို့ မဟုတ်တန်ရာ အဘယ်သူများ ဖြစ်လေသနည်းဟု ကြံဆင်ခြင်တော်မူလေလျှင် သိကြားမင်းတည်းဟု သိတော်မူသဖြင့်၊

အသင်သိကြားမင်း၊ အသင်သည်ကား သူဆင်းရဲတို့၏အခွင့်အရေးကို လုယက်ယူငင်သူပေတည်း၊ ငါ့အား ယနေ့အလှူဒါန ပေးလှူရသူ တစုံတယောက်သည် စစ်သူကြီး အ ရာ ကို ၎င်း၊ သဌေးကြီး၏ အရာကို၎င်း ရပေရာ၏၊ သင်သည်စည်းစိမ်ချမ်းသာခံစားကာ နေရပါလျက် ဆင်းရဲသူတို့၏ အခွင့်အရေးကို လုယက်ယူငင်ဘိသည်ဟု မိန့်တော်မူ၏။

ထိုအခါသိကြားမင်းက၊ အရှင်မြတ်ဘုရားတပည့်တော်ထက် ဆင်းရဲသောသူမရှိပါ၊ တပည့်တော်သည် နတ်တို့ကိုအစိုးရသော သိကြားမင်းဖြစ်သော်လည်း သာသနာပဖြစ်သောအခါကသာ ကုသိုလ်ကောင်းမှု ပြုစုအားထုတ်ခဲ့ရပါသည်၊ သာသနာတော်၌ ကုသိုလ်ကောင်းမှုပြုခဲ့ကြရသည့် စူဠရထ၊ မဟာရထ၊ အနေက ဝဏ္ဏ နတ်သားသုံးယောက်တို့သည် တပည့်တော်၏အနီး၌ ဖြစ်ကြပါကုန်သည်၊ ထိုနတ်သားသုံးယောက်တို့၏ ကိုယ်ရောင်သည် ကြီးကျယ်တောက်ပသော ကိုယ်ရောင်ရှိပါသည် တပည့်တော်၏ ကိုယ်မှထွက်သောကိုယ်ရောင်သည် ထိုနတ်သားတို့၏ကိုယ်ရောင်ကို မလွှမ်းမိုးနိုင်ပါ၊ ထိုနတ်သားတို့လာလျှင် တပည့်တော်သည် ပုန်းအောင်း၍ နေရပါသည်၊ ထို့ကြောင့် တပည့်တော်သည်၊ ဆင်းရဲသူအမှန်ပင် ဖြစ်ပါသည်ဘုရားဟု လျှောက်ထား၏။

မထေရ်မြတ်က သိကြားမင်း ဤနေ့မှစ၍ နောက်နောင်သောကာလ၌ ငါ့အား ဤသို့လှည့်ပတ်ပေးလှူခြင်းကို မပြုပါလင့်ဟု မိန့်တော်မူ၏။

အရှင်မြတ်ဘုရား၊ တပည့်တော်ဤသို့ လှည့်ပတ် ပေးလှူမိသည့်အတွက် ကုသိုလ်ကောင်းမှု၏ အဘို့ဘာဂကို ရနိုင်ပါမည်လောဟု မေးလျှောက်၏။

ဒါယကာသိကြားမင်း၊ ကောင်းမှုကုသိုလ်၏အဘို့ဘာဂကို ရနိုင်ပါ၏ဟု မိန့်တော်မူ၏။

ထိုအခါ သိကြားမင်းသည် မထေရ်အား ကောင်းသော ငါးပါးသောထိခြင်းဖြင့် ရှိခိုးပြီးနောက် သုဇာတာကိုခေါ်၍ ကောင်းကင်သို့ တက်ကြွပြီးသော် ယနေ့ လှူဒါန်းအပ်သော ဒါနသည် အံ့ဖွယ်ရှိစွတကား၊ ဒုတင်ပဋ္ဌိပတ်ကို မပြတ်ဆောင်တော်မူသောအရှင်မဟာကဿပအား လှူရသော ဒါနသည် အလွန်အကျူး ထူးမြတ်ပါပေတကားဟု ဥဒါန်း ဂါထာကို ကျူးရင့်တော်မူ၏။

မြတ်စွာဘုရားသခင်သည် သိကြားမင်း၏ ဥဒါန်းကျူးရင့်သောအသံကိုကြား၍ ရဟန်းတို့ကို ခေါ်တော်မူပြီးလျှင်၊ ချစ်သားတို့ နတ်တို့ကိုအစိုးရသော သိကြားမင်းသည် ဥဒါန်းကျူးရင့် လျက် ကောင်းကင်သို့ တက်သွားဘိသည်ဟု မိန့်တော်မူပြီး ချစ်သားတို့ ငါ၏သားတော်နှင့်တူသောအိမ်စဉ်မပြတ် ဆွမ်းရပ်ခံသော ပိဏ္ဍပါတိက ပုဂ္ဂိုလ်ကို နတ်တို့သည်၎င်း၊ လူတို့သည်၎င်း ချစ်မြတ်နိုးကုန်ကြ၏ဟု မိန့်တော်မူပြီး၍ ဥဒါန်းဂါထာ ကျူးရင့်ကိုတော်မူ၏။

မိမိကိုယ်ကို လုပ်ကျွေးမွေးမြူထသော အိမ်စဉ်မပြတ် ဆွမ်းခံလှည့်သည့် ကိလေသာမှ ငြိမ်းပြီးထသော အခါခါပ်သိမ်း၊ သတိမပြတ်ရှိထသော တာဒိဂုဏ်နှင့် ပြည့်စုံသော ရဟန်းအား၊ နတ်တို့သည်လည်းရှိသေချစ်မြတ်နိုးကြကုန်၏ဟု မိန့်တော်မူပြီး၊ အရှင်မဟာကဿပ၏ သီလတည်းဟူသော ရနံ့ကြောင့် သိကြားမင်းသည် ဆွမ်းအလှူကို ကြည်ဖြူလာရောက် လှူဒါန်းခြင်း ပြုသတည်းဟု မိန့်တော်မူ၍၊

**(၅၆) အပ္ပမတ္တော အယံ ဂန္ဓော၊ ယာ ယံ တဂရစန္ဒနီ၊ ယော စ သီလဝတံ ဂန္ဓော၊ ဝါတိ ဒေဝေသု ဥတ္တမော။**

(၅၆) တောင်ဇလပ်၊ စန္ဒကူးတို့၏အနံ့သည် သင်းတုံမွှေးပျံ့သော်လည်း အနည်းငယ်မျှသာတည်း သီလရှိသောသူတို့၏ အကြင်ရနံ့သည် ရှိ၏။ ထိုသီလတည်းဟူသောရနံ့သည် ထူးကဲ လွန်မြတ်သည်ဖြစ်၍ နတ်ပြည်သို့တိုင် ပျံ့နှံ့ကြိုင်လှိုင်စေ၏။

ဒေသနာတော်အဆုံး၌၊ များစွာကုန်သောသူတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ရောက်ကုန်၏။

(ဓမ္မပဒပုပ္ဖဝဂ်၊ ဆယ်ခုမြောက်အရှင်မဟာကဿပနှင့် သိကြားမင်း၏ဆွမ်းအလှူပြီး၏)

♠ ♠ ♠ ♠

၄။ ပုပ္ဖဝဂ်

## ၁၁။ မာရ်နတ်မျက်စိလည်ခြင်း

(ပရိနိဗ္ဗာန်ပြုမည့် ဂေါဓိကမထေရ်နှင့် မာရ်နတ်)

**သံသရာမှ လွတ်မြောက်ပြီးထသော သူတို့၏ သွားရာခရီးကိုမာန်နတ်သည်မသိချေ။**

(တေသံ သမ္ပန္နသီလာနံ) အစရှိသော သုတ္တဒေသနာဖြင့်၊ ဂေါဓိကမထေရ်နှင့် မာန်နတ်တို့ကိုအကြောင်းပြု၍ ဟောတော်မူ၏။

### ဝတ္ထုကြောင်းကားဤသို့တည်း

အရှင်ဂေါဓိကမထေရ်သည် ဣသိဂိလိတောင်၏နံပါး တခုသော ကျောက်ဖျာထက်၌ သီတင်းသုံးတော်မူလျက် လုံးလဝီရိယ ထန်ပြင်းစွာဖြင့် အားထုတ်တော်မူသဖြင့် ကေဂ္ဂတာသမာဓိဈာန် တရားသို့ရောက်စေတီး၊ တယောက်တည်း တည်းလျှောင်းအိပ်လျက် မထမလှုန်မပြန်နိုင်သော ရောဂါဝေဒနာကြောင့် ရအပ်သောဈာန်မှ ယုတ်လေ၏၊ ခြောက်ကြိမ်တိုင်တိုင်ပင် ကြိုးစားသော်လည်း၊ဈာန်မှယုတ်သဖြင့် ဤသို့သာလျှင် ဝေဒနာကြောင့် အားထုတ်နေဆဲ ဈာန်မှယုတ်ခဲ့သော် လားရာဂတိ ချွတ်လွဲ၍ မမြဲသည့် အနိစ္စသံသရာတွင် ဖန်ခါခါ လှည့်လေနေရဦးမည်ဟု ဆင်ခြင်အောင့်မေ့လျက် ခုနစ်ကြိမ်မြောက်ဈာန်သို့ရောက်သည့်အခါ မိမိ၏ကိုယ်ကိုမိမိသည်သတ်၍ သေတော့အံ့ဟု ဆံရိပ်ဒါး

ငယ်ကို ယူဆောင်၍ ခုနစ်ကြိမ်မြောက် အားထုတ်အံ့သောငှာ ကြိုးစား၏။

## မာရ်နတ်သားက ဘုရားကို လှည့်စားခြင်း

ထိုဂေါဓိကမထေရ်မြတ်၏ စိတ်အကြံကို မာရ်နတ်ကသိ၍ ဤသို့အားထုတ်ပြီးသည်နောက် မိမိ၏အသက်၌ ငဲ့ကွက်တွယ်တာခြင်းမရှိပဲဝိပဿနာထင်ထင်သိမြင်ပြီးအရဟတ္တဖိုလ်သို့ရောက်မည်ကိုသိပြီး၍ ငါသည် ထိုရဟန်းကိုတားမြစ်က ထိုရဟန်းသည် နာခံမည်မဟုတ်ပေ၊ မြတ်စွာဘုရားတားမြစ်မှသာ နာခံပေအံ့ဟု ကြံ၍၊ မထင်မရှားသော သူတဦး အသွင်ဖန်ဆင်းပြီးလျှင်

လုံးလကြီးမား ကြက်သရေတော် တန်ခိုးတော်ဖြင့် တောက်ပသော အလုံးစုံသောရန်တို့ကိုအောင်မြင်ပြီးထသောမျက်စိအမြင်ရှုတော်မူထသော အရှင်ဘုရား၏ခြေတော်စုံကိုတပည့်တော်သည် လက်အုပ်ချီမိုး ရှိခိုးပါ၏ဘုရား။

လုံးလရှိတော်မူသောမြတ်စွာဘုရား၊ အရှင်ဘုရား၏ တပည့်ဂေါဓိကသည် သေဘေးဖြင့် နှိပ်စက်အပ်သည်ဖြစ်၍ သေခြင်းကို တောင့်တနေ၏၊ စေ့ဆော်နေ၏၊ မြတ်သောအရောင်ကိုဆောင်တော်မူသောမြတ်စွာဘုရား၊ ထိုအားထုတ်မှုကို တားမြစ်ပိတ်ပင်ပါလော့။

သတ္တဝါအပေါင်းတို့သည် ထင်ရှားတော်မူသော မြတ်စွာဘုရား အရှင်ဘုရား၏သာသနာတော်၌ မွေ့လျော်သော တပည့်သာဝကသည် သေက္ခသာဖြစ်လျက် အရဟတ္တဖိုလ်သို့မရောက်ပဲ သေလွန်အောင်ပြုခြင်းသည် အဘယ်သို့ သင့်လျော်နိုင်ပါမည်နည်းဟု လျှောက်ကြား၏။

မာရ်နတ်သားသည် ဘုရားသခင်အား လျှောက်ထားစဉ်တွင် အရှင်ဂေါဓိကသည် လက်နက်ကိုကိုင်စွဲဆောင်ယူ၍ ပရိနိဗ္ဗာန်ပြုလေပြီဖြစ်၏၊ သို့ဖြစ်၍ ဘုရားသခင်က၊

"နတ်ယုတ်မိစ္ဆာ ပါပိမာ ပညာရှိတို့သည် တဏှာ ရာဂ၊ ကိလေသာထွေးယှက်သည့် မိမိ၏အသက်ကို တာရှည်မနေလေကုန်၊ တဏှာကိုအမြစ်နှင့်တကွ ပယ်ရှားဖြုတ်တောက်ပြီးသည်ဖြစ်၍ ငါ၏သားတော် ဂေါဓိကသည် ပရိနိဗ္ဗာန်ပြုလေပြီ" ဟု မိန့်တော်မူ၏၊ ထိုနောက် ဘုရားသခင်သည် ရဟန်းတို့နှင့်တကွ ဂေါဓိက မထေရ်ထံကြွလာတော်မူခဲ့၏။

မာရ်နတ်မိုက်လည်း ဂေါဓိကမထေရ်အဘယ်အရပ်၌ ပဋိသန္ဓေနေသည်ကိုရှာဖွေရန် အခိုးအငွေ့သဏ္ဍာန်၊ အမိုက်မှောင်သဏ္ဍာန်ဖန်ဆင်း၍ ရှာဖွေလေ၏။

ဘုရားသခင်က အခိုးအငွေ့ သဏ္ဍာန် ဖန်ဆင်းထားသော မာရ်နတ်သားအား ရဟန်းတို့ကိုပြတော်မူ၏။

မာရ်နတ်သားသည် ဂေါဓိကမထေရ်သန္ဓေတည်ရာ ဌာနကို ရှာဖွေခြင်းငှာမစွမ်းနိုင်သဖြင့် ဘုရားသခင်ထံတဖန်လာရောက်ပြီး သတို့သားငယ် အသွင်ဖန်ဆင်း၍ စောင်းကိုပိုက်ခါ ဝင်လာခစားပြီးနောက်....

"အရှင်ဘုရား၊ ဂေါဓိကမထေရ်ကို နေရာအနှံ့ ရှာဖွေသော်လည်းမတွေ့ရှိပါ၊ အဘယ်အရပ်၌ ပဋိသန္ဓေတည်နေပါသနည်း" ဟု မေးလျှောက်၏။

ဘုရားသခင်က "ဟယ် မာရ်နတ်ယုတ်မာ၊ ငါ၏ သားတော် ဂေါဓိကမထေရ်သည် ပညာရှိ၏၊ ပညာဖြင့်ပြည့်စုံ၏၊ ဈာန်ရပြီး ဖြစ်၍ အစဉ်မပြတ်ဈာန်၌ မွေ့ပျော်၏၊ ကြာရှည်စွာသော

နေ့ညဥ့်တို့ ဝတ်လုံး၊ လုံးလဝီရိယတို့ဖြင့် အားထုတ်၍၊ မိမိ၏ အသက်ကိုမငဲ့ညှာ၊ ဤသို့လုံးလရှိသောဂေါဓိကသည်သေမင်း၏ ရန်ကိုတွန်းလှန်အောင်မြင်ရာ နိဗ္ဗာန်ပြည်မြတ်သို့ ချဉ်းကပ်လွတ်မြောက်လေပြီ” ဟု မိန့်တော်မူလေလျှင် မာရ်နတ်သားသည် များစွာသောကရောက်ရှိ၍ပြီး ဂျိုင်းကြားတွင် ညှပ်၍ပိုက်ထားသော စောင်းပင်လျှင် လွတ်ကျခါ ထိုနေရာ၌ပင် ကွယ်လေ၏။ ထိုအခါ ဘုရားသခင်က

၅၇။ ။တေသံ သမ္ပန္နသီလာနံ၊ အပ္ပမာဒ ဝိဟာရိနံ။
သမ္မဒညာ ဝိမုတ္တာနံ၊ မာရော မဂ္ဂံ န ဝိန္ဒတိ။

(၅၇) သီလနှင့်ပြည့်စုံထသော မမေ့မလျော့နေလေ့ရှိသော မဂ်ဉာဏ် ဖိုလ်ဉာဏ်နှင့်ပြည့်စုံ၍ သံသရာမှလွတ်မြောက်ပြီးထသော သူတို့၏ သွားရာလမ်းကို မာရ်နတ်သည်မသိပေး

ထို ဒေသနာ၏ အ ဆုံး ၌ များ စွာ ကုန် သော သူ တို့ သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်ကုန်၏။

(ဓမ္မပဒပုပ္ဖဝဂ် တဆယ့်တခုမြောက်၊ ဂေါဓိကမထေရ် နှင့် မာရ်နတ်တို့ဝတ္ထုပြီး၏)

၄။ ပုပ္ဖဝဂ်

# ၁၂။ မိုးကျီးတွင်းမှကြာပဒုံ

## (သီရိဂုတ္တသူကြွယ် နှင့် ဂရဟဒိန္န သူကြွယ်ဘို့ဝတ္ထု)

ကြာပဒုံသည် အမှိုက်ပုံတွင်းမှာပင်
ပေါက်နေသည့်တိုင်၊ စိတ်နှလုံးမွေ့
လျော်ဘွယ်ရာ၊ ထုံသင်းသော ရနံ့
ရှိမြဲရှိ၏။

(ယထာသင်္ကာရဓာနသ္မိံ) အစရှိသော ဒေသနာတော်ကို နိဂဏ္ဌတက္ကဒ္ဒန်းတို့၏တကာ ဂရဟဒိန္နသူကြွယ်ကိုအကြောင်းပြု၍ ဇေတဝန်ကျောင်းတော်၌ ဟောတော်မူ၏။

### ဝတ္ထုကြောင်းကား ဤသို့တည်း

သာဝတ္ထိပြည်ကြီး၌ မြတ်စွာဘုရား သီတင်းသုံးတော်မူသော ကာလ....၊

သာဝတ္ထိပြည်မှ သီရိဂုတ္တ သူကြွယ်နှင့် ဂရဟဒိန္န သူကြွယ် တို့သည် များစွာရင်းနှီးချစ်ကျွမ်းဝင်လျက် တိုင်ပင်ဖေါ်တိုင်ပင် ဖက်ဖြစ်ကြလေ၏။

သီရိဂုတ္တ သူကြွယ် သည် မြတ်စွာ ဘုရား ၏ တပည့်သား ဥပါသကာဖြစ်၏။

ဂရဟဒိန္နသူကြွယ်ကား၊ နိဂဏ္ဌတက္ကဒ္ဒန်းတို့ကို ကိုးကွယ်သူ ဖြစ်၏။

နိဂဏ္ဌတက္ကဒ္ဒန်းတို့က ဂရဟဒိန္နအား
''သင်၏ သူငယ်ချင်း သီရိဂုတ္တသည် ရဟန်းဂေါတမကို ကိုးကွယ်ခြင်းဖြင့် ဘာအကျိုးထူးတရား ရမည်နည်း၊ ငါတို့ကို

ကိုးကွယ်ဆည်းကပ်ရန် သင်မပြောပဲနေ၍သာ သူ့ခမြာလမ်းလွဲနေရသည်၊သင်က မိတ်ဆွေကောင်းတို့ဝတ်တရားဖြင့် ငါတို့အား ကိုးကွယ်ရန် တိုက်တွန်းပါလော့''ဟု မကြာခဏ ပြောဆိုလေသည်။

တက္ကဒွန်းဆရာတို့၏စကားအရ သီရိဂုတ္တအား ရှင်ဂေါတမကို မကိုးကွယ်ပဲ ငါတို့ဆရာ နိဂဏ္ဍာတို့ကိုသာ ကိုးကွယ်ရန်မကြာခဏ ဆွယ်တရား‌ဟော၏၊ သီရိဂုတ္တသည် ဘာမျှပြန်မပြောပဲ ဆိတ်ဆိတ်သာနေ၏၊ ဤသို့သာ မကြာခဏတိုက်တွန်းပြောရဖန်များလေသော် သီရိဂုတ္တက

''သင်တို့၏ဆရာ နိဂဏ္ဍာတို့သည် ဘယ်တရားများကို သိပါသနည်း''ဟု မေး၏။

''ငါ၏ဆရာတို့သည် အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန် ကာလသုံးပါးလုံးကိုသိ၏၊ ထို့မျှမက ကိစ္စအဝဝတို့ကိုအလုံးစုံပင် ကြိုတင်သိမြင်၏''ဟု ဆို၏။

သီရိဂုတ္တက ထိုသို့ဆိုလျှင် နက်ဖြန်ပင်လျှင် သင့်ဆရာတို့ကို ပင့်၍ပေးပါလော့ ဆွမ်းကျွေးလိုသည်ဟု ပြော၏။

ဂရဟဒိန္နလည်း အားရဝမ်းသာ နိဂဏ္ဍာတို့ကို ပြောကြား၏၊ နိဂဏ္ဍာတို့က ဂရဟဒိန္နနှင့်သီရိဂုတ္တ သူကြွယ်နှစ်ယောက်သာရလျှင် ငါတို့တွင် အဘယ်ဆိုဘွယ်ရာရှိတော့အံ့နည်းဟု ဝမ်းမြောက်ကြကုန်၏။

## အလုံးစုံကို သိမသိ စမ်းသပ်ခြင်း

သီရိဂုတ္တ၏အိမ်သည် အလွန်လျှင် ကြီးကျယ်လှ၏၊ အိမ်နှစ်လုံး၏အကြား၌ နှစ်ဘက်အလျားရှည်စွာသော တွင်းကိုတူး၍

မစင်ဘင်ပုပ်ညှံတို့ဖြင့်ပြည့်စေ၏၊ တွင်းနှုတ်ခမ်း အတွင်းဘက်၌ သစ်ငုတ်တို့ဖြင့်ရိုက်စေပြီး ကြိုးသေးသေးဖြင့်ခက်၍ ထိုကြိုးဖြင့် ခြေထောက်ကိုငြိစေပြီး ဦးခေါင်းဇောက်ထိုးကျစေရန် စီစဉ်၏၊ ထိုအပေါ်မှအဝတ်ဖြူတို့ကို ခင်း၍ထား၏။

ကြီးစွာသော စဉ့်အိုးကြီးတို့ကို ဆေးကြောပြီး အတွင်း၌ ဘာမျှမထည့်ပဲ ငှက်ပျောရွက်ဖြင့်ဖုံး၍စီးကာ အပေါ်မှအဝတ်ဖြူနှင့် မျက်နှာဝဲကိုစီး၍ထား၏။

ဂရဟာဒိန္နသူကြွယ်လည်း နံနက်စောစောပင်ပြုပြင်စီရင်ပြီးအပ်သည်တို့ကို ကြည့်ရန်လာ၏၊ သိရိဂုတ္တလည်း ဤကား ယာဂုအိုး၊ ဤကား ထောပတ်အိုး၊ ဤကား ဆွမ်းအိုးစသည်ဖြင့် ညွှန်ပြ၏၊ဤတွင်နေရာတို့ကို ခင်း၍ထားသည်ဟုပြ၏၊ဂရဟာဒိန္နလည်း ကောင်းလှသည်ဟုပြန်သွားပြီး နိဂဏ္ဍာတို့အားပင့်၏ ငါးရာကုန်သော နိဂဏ္ဍာတို့ကြွလာလေလျှင် သိရိဂုတ္တသည် ထိခြင်း ငါးပါးဖြင့်ရှိခိုး၍ (စိတ်တွင်းမှ) (အသင်တို့သည် အတိတ်အနာဂတ်နှင့် အလုံးစုံသောကိစ္စတို့ကို သိမြင်နိုင်သည်မှန်ပါက ဤအိမ်တွင်းသို့ ကြွလာတော်မမူပါနှင့် ဤအိမ်၌ အရှင်တို့အတွက် ဆွမ်းဟူ၍ တစုံတရာမျှမရှိပါ၊ မစင်ဘင်ပုပ် အတွင်း၌ ကျရောက်ခြင်းဖြစ်လတံ့)ဟု ဆုတောင်း၏။

နိဂဏ္ဍာတို့သည် ကြွလာသည်ကြရှိသော် အိမ်ရှိ လူများက အဝတ်ဖြူတို့ကိုမစင်တို့ လိမ်းကျံခြင်းမရှိရန် ဖယ်သူကဖယ်၍ "အရှင်တို့၊ ကျွန်ုပ်တို့သည် နေရာကိုပြင်ဆင်ပါကုန်အံ့၊ ဤအရပ်တွင်ရပ်တန့်တော်မူပါ"ဟု တွင်းဝတွင်တန်းစီ၍ ရပ်စေပြီးစုံလင့်လောက်မှတစုတဝေးတည်း ကြွတော်မူပါဟု ဆို၏၊ နိဂဏ္ဍာတို့သည် တစုတဝေးတည်းထိုင်ရန်သွားကြသော် အားလုံးတို့သည်

မစင်တွင်းသို့ကျလေကုန်၏။ အိမ်ရှိလူများက၊ ရှေ့နောက်အစဉ် ဝင်လျက် ရေ့ကတက္ကဒွန်းတို့ကျလျှင် နောက်ကျန်သူများ ထွက်ပြေးမည်စိုး၍ တစုတဝေးတည်းကျစေရန် စီမံခြင်းဖြစ်သတည်း။

သီရိဂုတ္တသူကြွယ်လည်း ဝင်းတံခါးကိုပိတ်ထားစေ၍ မစင်တွင်းမှ တက်၍တက်၍လာသော နိဂဏ္ဌတို့အား 'သင်တို့သည် အတိတ်အနာဂတ်၊ ပစ္စုပ္ပန်တို့ကို သိသည်ဟု ဆိုသည်၊ ယခု အဘယ်ကြောင့်မသိသနည်း''ဟု ပြောဆိုကြိမ်းမောင်း၍ တုတ်တို့ဖြင့် ရိုက်နှက်၏။

အိမ်တံခါးတခုကိုဖွင့်ပေးလိုက်ရာ၊ နိဂဏ္ဌတို့သည် ထိုတံခါးမှ အလုအယက် ထွက်ပြေးလေလျှင် လမ်းပေါ်၌ တခရော်ရည် အစရှိသော ချော်ပြစ်သောအရာတို့ လောင်းထားသည်ဖြစ်၍၊ တဗိုင်းဗိုင်းလဲကျကြလေ၏။

## မင်းကြီးထံတိုင်ကြားခြင်း

ဂရဟဒိန္နသူကြွယ်သည် ဤသို့ပြုမူခြင်းကို များစွာ အမျက်ထွက်၍ မင်းနေအိမ်သို့သွားရောက်ပြီး ''ကျွန်ုပ်ကိုးကွယ်ရာအရှင် နိဂဏ္ဌတို့ကို ဤသို့ပြုမူပါသည်၊ သီရိဂုတ္တသူကြွယ်အား အပြစ်ဒဏ်ထားတော်မူပါ''ဟု လျှောက်ထား၏။

မင်းကြီးလည်း သီရိဂုတ္တသူကြွယ်ကို ဆင့်ခေါ် စစ်ဆေး၏၊ သီရိဂုတ္တသူကြွယ်က

''အရှင်မင်းကြီး ကျွန်ုပ်၏ အလွန်အကျွမ်းဝင်သောမိတ်ဆွေဖြစ်သည့် ဂရဟဒိန္နသူကြွယ်သည် အကျွန်ုပ်အားရှင်ကြီးဂေါတမကို ကိုးကွယ်၍အဘယ်အကျိုးရှိအံ့နည်း၊ နိဂဏ္ဌတို့သည်

အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်နှင့်တကွ အလုံးစုံကိုသိစွမ်းနိုင်ခြင်း ရှိမရှိ၊ စူးစမ်းလို၍ ဤသို့ ပြုပြင်စီရင်ပါသည်၊ ကြွလာခိုက်တွင်လည်း၊ ဤသို့ပင်စိတ်တွင်းမှ လျှောက်ထားခဲ့ပါသေးသည်”ဟု ဖြေကြား၏၊ မင်းကြီးက ဂရဟာဒိန္နအား

“သင်သည် ဤသို့ပြောဆို ကတိပြုခဲ့သလော”ဟု မေး၏။ “မှန်ပါ၏”ဟု ဝန်ခံလျှင် မင်းကြီးက သင်သည် ဤမျှမသိမလိမ္မာ ပညာနည်းသောသူတို့အား၊ ငါ၏ဆရာတို့သည် အလုံးစုံကို အကုန်သိမြင်နိုင်၏ဟု အဘယ့်ကြောင့်ပြောဆိုဘိသနည်း၊ မင်းဒဏ်သည် သင့်အားသာ သင့်ထိုက်သတည်းဟု အသပြာ တထောင်ကို မင်းဒဏ်အဖြစ်ဂရဟာဒိန္နအားသာ ပေးဆောင်စေ၏။

## မီးကျီးခဲတွင်းမှ ပဒုမာကြာပွင့်ကြီး

သူကြွယ်နှစ်ဦးသည် တဦးနှင့်တဦးစကားမပြောဘဲနေကြ၏။ ဂရဟာဒိန္နကားအကြံနှင့် နေသူဖြစ်၍ သိရိဂုတ္တထံသွား၍ ဆွေမျိုးသားချင်းများပင် ငြင်းခုန်ခိုက်ရန်ဖြစ်တတ်သေးသည် အဘယ့်ကြောင့် စကားမပြောပဲနေရဘိသနည်းဟု စတင်ကာ ရင်းနှီးချစ်ခင်မှုကိုပြု၏၊ နှစ်ဦးစလုံးပင် ပြန်လည် ရင်း နှီး သွားပြီးနောက် ဂရဟာဒိန္နကသင်တို့၏ ဂေါတမမြတ်စွာဘုရားကို ဆွမ်းလုပ်ကျွေးလိုပါသည်ပင့်ပေးပါ”ဟု ဆို၏၊ ဆိုတိုင်းပင် ပင့်၍ပေး၏။

မြတ်စွာဘုရားသခင်သည် ဆင်ခြင်တော်မူသည်ရှိသော် အိမ်နှင့်လုံးအကြား၌ ကြီးစွာသော တွင်းကြီးတူးပြီး၊ လှည်းအစီးရှစ်ဆယ်တိုက် ရှားသားထင်းတို့ဖြင့် ရှားမီးကျီးတွင်း၌ကျစေရန် စီစဉ်ကြောင်း မြင်တော်မူ၏။

ဤပွဲတွင် ရှစ်သောင်းလေးထောင်ကုန်သောသတ္တဝါတို့အား သစ္စာလေးပါးတရားကို သိမြင်ပြီးအကျွတ်တရားရကုန်လတံ့ဟု မြင်တော်မူ၍ ကြွသွားခြင်းငှာ အပ်၏ဟု လက်ခံတော်မူ၏။

ဆွမ်းကျွေးနေ့တွင် များစွာသော သူတို့သည် လာရောက်ကြကုန်၏၊ မိစ္ဆာဒိဋ္ဌိတို့ အလုံးအရင်းနှင့် လာရောက်ခြင်းမှာ၊ ရဟန်းဂေါတမ၏ ပျက်စီးခြင်းကို ကြည့်ရှုအံ့ဟူ၍ လာကြ၏၊ သမ္မာဒိဋ္ဌိတို့ကားယနေ့ငါတို့၏ မြတ်စွာဘုရားသခင်သည် ကြီးကျယ်မြင့်မြတ်သောတရားတော်ကိုဟောကြားအံ့သည်ဟုလာကြ၏။ ဂရဟဒိန္နသူကြွယ်သည် မြတ်စွာဘုရားကိုဆီးကြို၍ဆို၏၊ မီးကျီးတွင်းသို့ပင့်ဆောင်၏၊ မြတ်စွာဘုရားသည် မီးကျီးတွင်း၌ ခြေတော်ကိုဆန့်တန်းကာမျှနှင့်ပင်မီးကျီးစုကို ဖောက်ခွဲပြီး၊ လှည်းဘီးမျှ ပမာဏရှိသော ပဒုမာကြာပွင့်တို့သည် ထ၍ပေါက်ကုန်၏။

မြတ်စွာဘုရားသည် ပဒုမာကြာတို့ကိုနင်း၍ ကြွတော်မူလျက် ခင်းအပ်သောနေရာတွင် ထိုင်တော်မူ၏၊ ရဟန်းတို့သည်လည်း ထိုအတူသာလျှင်ကြွ၍ သီတင်းသုံးတော်မူကုန်၏။ ဂရဟဒိန္နလည်း များစွာအံ့သြကာ တကိုယ်လုံးမီးမြိုက်သကဲ့သို့ ပြင်းစွာပူလောင်၏၊ သီရိဂုတ္တထံသို့သွားပြီး၊

"အဆွေတော်ငါ့ကိုကယ်ပါဦး၊ ဘုရားသခင်နှင့်တကွသံဃာတော်ငါးရာကိုလှူဒါန်းရန် ဆွမ်းခဲဘွယ်တစုံတရာမျှ စီစဉ်ထားသည်မရှိပါ၊ အရှက်တကွဲဖြစ်ပေတော့မည်" ဟု ဆို၏၊ သီရိဂုတ္တသူကြွယ်က

"အဆွေတော်သည်ငါ့အား၊ လက်ညှိုးညွှန်၍ ဤသည်ကား ဆွမ်းတည်း၊ ဤသည်ကားထောပတ်၊ ဤသည်ကားနို့ စသည် ဖြင့်စဉ့်အိုးကြီးများကို လက်ညှိုးညွှန်၍ ပြခဲ့သည်မ ဟုတ် ပါ လော" ဟု မေး၏။

"လက်ညှိုးညွှန်ပြခဲ့သည်ကားမှန်ပါသည်၊ ဤအိုးကြီးတို့ အ တွင်း၌ ဘာမျှမရှိပါ" ဟုဆို၏။

သိရိဂုတ္တက "အဆွေ သင်ညွှန်ခဲ့သောအိုးတို့ကို ဖွင့်၍ကြည့် လေလော့" ဟုဆို၏၊ ဂရဟဒိန္နလည်း မယုံမရဲဖြင့်ဘာမျှမရှိသော အိုးတို့ကိုဖွင့်ကြည့်ရာ အစဉ်အတိုင်း ဆွမ်းခဲဘွယ်တို့သည် ပြည့် လျှက်ရှိသည်ကိုတွေ့ရ၏။

ဂရဟဒိန္နလည်း ဝမ်းမြောက်ရွှင်လန်း ပီတိလျှမ်း၍ မြတ်စွာ ဘုရားသခင်နှင့်တကွ သံဃာတော်တို့ကို သဒ္ဓါကြည်ညိုစွာ ပြုစု လုပ်ကျွေး၏။

ဆွမ်းကိစ္စပြီးသော်မြတ်စွာဘုရားသခင်သည် အနုမောဒနာပြု လို၍ နှစ်ဂါထာကိုဟောတော်မူ၏။

(၃၈) ယထာ သင်္ကာရဓာနသ္မိံ၊ ဥဇ္ဈိတသ္မိံ မဟာပထေ။
ပဒုမံ တတ္ထ ဇာယေထ၊ သုစိဂန္ဓံ မနောရမံ။

(၃၉) ဧဝံ သင်္ကာရ ဘူတေသု၊ အန္ဓဘူတေ ပုထုဇ္ဇနေ။
အတိရောစတိ ပညာယ၊ သမ္မာသမ္ဗုဒ္ဓသာဝကော။

(၃၈-၃၉) လမ်းမ၌ စွန့်ပစ်ထားအပ်သော တံမြက်ချေးနှိုက်ပုံရာ အရပ်၌ ပေါက်၍လာသော ပဒုမာကြာပန်းသည် သင်းပျံ့မွှေးကြိုင်လှပ တင့်တယ်သကဲ့သို့ တံမြက်ချေးမှိုက်နှင့်တူသောသူတို့နှင့် သူနိုက်သူ ကန်းပုထုဇဉ်တို့အလယ်၌ (ပေါ်ပေါက်၍လာသော) ဘုရား ရှင်၏ တပည့်သားသည် ပညာဖြင့်လွန်စွာတင့်တယ်၏။

ဒေသနာတော်၏အဆုံး၌ ရှစ်သောင်းလေးထောင်ကုန်သော သတ္တဝါတို့သည် အကျွတ်တရားရကြလေ၏၊ ဂရဟာဒိန္နနှင့်သီရိဂုတ္တသူကြွယ်တို့သည် သောတာပတ္တိဖိုလ်သို့ ရောက်ကြကုန်၏ ။ ပစ္စည်းဥစ္စာတို့ကို သာသနာတော်၌သျှူဒါန်းကြကုန်၏။

ညချမ်းအခါ၌ တရားသဘင်၌ ရဟန်းတို့ ပြောဆိုသည်ကို မြတ်စွာဘုရားသခင်က "ရဟန်းတို့ ဘုရားအဖြစ်သို့ရောက်တော်မူသဖြင့် ရှားမီးခဲမှပဒုမာကြာတို့ ပေါက်သည်မှာ အံ့ဘွယ်ရာမဟုတ်လှသေး၊ မရင့်ကျက်သေးသောကာလ၊ အလောင်းတော်ဘဝမှာပင် ရှားမီးခဲအတွင်းမှ ပဒုမာကြာ ပေါက်ခဲ့ဘူးခဲ့သေးသည်"ဟု မိန့်တော်မူ၏။

ရဟန်းတော်တို့က "ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ တပည့်တော်တို့အား မိန့်ကြားတော်မူပါ"ဟု တောင်းပန်အပ်သဖြင့် မြတ်စွာဘုရားသခင်သည်အတိတ်ကိုဆောင်တော်မူလေ၏။

## မီးကျီခဲထဲမှပဒုမာကြာအတိတ်ဝတ္ထု

လွန်လေပြီးသောအခါဗာရာဏသီပြည်၌ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းတော်သည် ဗာရာဏသီပြည်၌ သဌေးမျိုးဖြစ်၍ နတ်သား၏အသွင် တင့်တယ်လှစွာ မိဘဆက်နွယ် ပေါကြွယ်လှသော သဌေးသားအဖြစ် အသက်တဆယ့်ခြောက်နှစ်ဘွင် ပညာစုံလင် ဂုဏ်အင်ကြီးမား၊ မိဘနှစ်ပါးကွယ်လွန်လေရာ သဌေးအရာကိုရသဖြင့် မြို့တံခါး လေးမျက်နှာတို့၌ အလှူမဏ္ဍပ်တခုစီအားဖြင့် ခြောက်ခုသော အလှူမဏ္ဍပ်တို့ဖြင့်

အစဉ်မပြတ်လှူဒါန်း၍ သီလကိုလည်း စင်ကြယ်စွာ ဆောက်တည်၍နေလေ၏။

တနေ့သောအခါ ဘုရားလောင်းသဌေးသားအတွက် အလှန်ကောင်းမွန်လှသော ခဲဘွယ်ဘောဇဉ်တို့ကို တည်ခင်းသည့်အခိုက် ခုနစ်ရက်ပတ်လုံး နိရောဓသမာပတ်မှ ထလာတော်မူသော ပစ္စေကဗုဒ္ဓအရှင်မြတ်သည် မည်သည့်ဒေသသို့ ဆွမ်းခံကြွရမည်နည်းဟု ကြံဆင်ခြင်တော်မူရာ ဗာရာဏသီ သဌေး၏ အိမ်ကို မြင်တော်မူ၍ သင်္ကန်းကိုရုံတော်မူပြီး ကောင်းကင်ခရီးဖြင့် ကြွသွားတော်မူ၏။

အလောင်းတော်သဌေးလည်း ပစ္စေကဗုဒ္ဓါကို မြင်တော်မူလျှင် သဒ္ဓါကြည်ညိုစွာ စားအံ့ဆဲဆဲ ထမင်းပွဲမှထ၍ အနီးရှိသူတဦးအား အရှင်မြတ်၏သပိတ်တော်ကို ယူစေ၏။

ထိုခဏ၌ မာရ်နတ်သည် ဘုရားလောင်းသဌေး၏ အလှူကို ပျက်စီးစေရန်လည်းကောင်း၊ နိရောဓသမာပတ်မှ ခုနစ်ရက်တိုင်တိုင် ဆွမ်းမဘုဉ်းပေးခဲ့ရသော ပစ္စေကဗုဒ္ဓါ အရှင်မြတ်သည် ရှစ်ရက်မျှဆွမ်းမဘုန်းပေးရလျှင် ပျက်စီးစေရန်ရည်ရွယ်၍လည်းကောင်း၊ ပစ္စေကဗုဒ္ဓါရပ်တော်မူရာ နေရာအကြားနှင့် သဌေး၏ အိမ်အကြားတွင်ကြီးစွာသော တွင်းကြီးကိုဖန်ဆင်း၍ ငရဲမီးတမျှ ပူလောင်လှသော မီးကျီးခဲများဖြင့်ပြည့်စေခါ မာရ်နတ်သည် ကောင်းကင်၌ရပ်၍ကြည့်၏၊ ပစ္စေကဗုဒ္ဓါ၏ သပိတ်ကိုယူရန် ဆင်းလာသူလည်း ထိုမီးကျီးခဲ ခြားနေသည်ကို မြင်တွေ့ရသဖြင့် ကြောက်လန့်စွာပြေးလာပြီး သဌေးအား ပြောကြား၏။

သင်္ချေးလည်း ဤအကြံသည် မာရ်နတ်၏ အကြံသာဖြစ်လိမ့်မည်၊ ငါ၏အလှူကိုဖျက်ဆီးလို၍ ဤသို့ပြုခြင်းဖြစ်တန်ရာသည် သင်သို့သော မာရ်နတ်အရာအထောင်ပင်ဖြစ်စေ ဖျက်စေကာမူ ငါ၏စိတ်နှလုံးကိုတုန်လှုပ်စေမည်မဟုတ်၊ သင်နှင့်ငါတို့၏ ခွန်အားသတ္တိအဘယ်သူက ကြီးမြတ်သည်ကို သိရအံ့ဟု မာရ်နတ်အားကြုံးဝါးပြီးနောက် ပစ္စေကဗုဒ္ဓါအရှင်မြတ်အား တဖက်ကမ်းမှလှမ်း၍ လျှောက်ထားသည်မှာ။

"အရှင်မြတ်ဘုရား၊ ဤမီးကျီးတွင်းသို့ ဇောက်ထိုးမိုးမြှော်ကျလျှင်မူလည်း ကျပါစေတော့ မသူတော်တို့ကဲ့သို့ အလှူကိုမပေးခြင်း၊ သီလကို မစောင့်ခြင်းအမှုကို တပည့်တော် မပြုပါအံ့၊ တပည့်တော် အတွက် ချက်ပြုတ်ထားသမျှကို သဒ္ဓါကြည်ဖြူအသက်ကိုစွန့်၍ပေးလှူသည်ဟု တပည့်တော်အပေါ်ကရုဏာရှေ့ထား၍ အလှူခံတော်မူပါဘုရား"

ဟု လျှောက်ထားပြီး ဘုရားလောင်းသည် ဆွမ်းခွက်ကိုကိုင်လျက် မီးကျီးခဲများပေါ်သို့နင်း၍ ပစ္စေကဗုဒ္ဓါထံ ဆွမ်းလောင်းလှူရန်သွားလေ၏။

ထိုခဏ၌ မီးကျီးတွင်မှ ပွင့်ချပ်တရာဖြင့် တန်ဆာဆင်အပ်သော ကြာပဒုမာသည်ပေါ်လာ၍ ဘုရားလောင်းခြေအောက်၌ခံ၏၊ ဝတ်ဆံဝတ်မှုန်တို့သည် တက်လာပြီး ဘုရားလောင်း၏ဦးထိပ်၌တည်သဖြင့် ကိုယ်အလုံးသည်ရွှေမှုန့်ဖြင့် ကြဲသကဲ့သို့ရှိ၏၊ ဘုရားလောင်းသည် ပစ္စေကဗုဒ္ဓါ၏ သပိတ်သို့လောင်းလှူ၏၊ အရှင်ပစ္စေကဗုဒ္ဓါသည် ဆွမ်းကိုခံယူလျက် အနုမောဒနာပြုပြီး သပိတ်ကိုကောင်းကင်သို့ပစ်လွှတ်လိုက်၍ လူတို့ကြည့်ရှုနေစဉ်မှာပင် ကောင်းကင်သို့တက်၍ ဟိမဝန္တာသို့ ကြွသွားတော်မူ၏။

မာရ်နတ်သားသည် စစ်ရှုံး၍ နှလုံးမသာ ပြန်သွားရရှာလေ၏။

ဘုရားလောင်းသည် ပဒုမာကြာပွင့်အလယ်၌ရပ်လျက် ဒါန၊ သီလတို့၏ အကျိုးတရားကို ဟောကြားပြီး အသက်ထက်ဆုံး ကုသိုလ်ကောင်းမှုတို့ကို ပြု၍နေ၏။

"ချစ်သားတို့ ယခုအခါဘုရားအဖြစ်သို့ရောက်သောငါ့အား မီးကျီးခဲအစုမှ ကြာပဒုမာပန်း ပွင့်လန်း၍ခံလာသည်မှာ မဆန်းပေ၊ နှစ်ဥဿလ အလောင်းတော်ဘဝကပင် ဤသို့ထူးထူးဆန်းဆန်း ပဒုမ္မာကြာပန်း ပေါ်ပေါက်လာရဘူးပေ၏"ဟု ဇာတ်တော်ကိုပေါင်းပေ၏။

(ဓမ္မပဒ ပုပ္ဖဝဂ် တဆယ့်နှစ်ခုမြောက် ဂရဟဒိန္နသုတ္တြယ် ဝတ္ထု ပြီး၏။)

ပုပ္ဖဝဂ်ပြီး၏

# ၅။ ဗာလဝဂ်

## ဤဗါလဝဂ်တွင်

ကောသလမင်းကြီးသည် ပြသာဒ်မယ်ကိုစွဲလန်းမိ၍ သူမ၏ ခင်ပွန်းလင်ကိုသတ်ဖြတ်စီရင် ကြံစည်ရာမှအစပြု၍ ဒု-သ-န သော သဲ ဌေး သား လေး ယောက် ၏ ဇာတ်ကြောင်းကိုရင်း၊ ဒု-သ-န-သော စကားကြီးလေးခွန်း၏ အဓိပ္ပါယ်ကို မြန်မာ သက်သက်ဖြင့် သိလွယ်မှတ်လွယ်စေရန်ဖော်ပြထားခြင်းနှင့်ပညာ ရှိသော မလ္လိကာမိဖုရားကြီး၏ အတိတ်ဘဝ၊ ဓမ္မဒိန္နာမိဖုရား အဖြစ် အတိတ်ဇာတ်ကြောင်းတို့ပါ ဖေါ်ပြထားပါသည်။

အရှင်မဟာကဿပကြီး၏တပည့်ကောင်းနှင့် တပည့်ဆိုးနှစ်ဦး အကြောင်းအပြင် ဘုရားလောင်းသိင်္ဂီလင်္ကာနှင့် မျောက်မိုက်တို့ အတိတ်ဇာတ်လမ်းကိုရင်း၊ သူခိုးနှစ်ယောက်၏ စိတ်ထားခြား နားချက်၊ ဟန်ဆောင်ကောင်းသော အရှင်ဥဒါယီမထေရ်၏ အကြောင်းနှင့် မလှူရက်မစားရက်ပဲ သူတပါးအလှူကိုပင်ပိတ် ပင်ခဲ့သော အာနန္ဒာသဌေးကြီး၏ ဇာတ်ကြောင်းမှာလည်း စိတ် ဝင်စားဖွယ်ရာကောင်းလှပါသည်။

တောင်းရမ်းစားသောက်ရသော သုပ္ပဗုဒ္ဓလူနူနှင့် ယင်း၏ အတိတ် ဝတ္ထု ကိုရင်း၊ အဆိပ်ကို ကိုင်မိသော လယ်ထွန် ယောကျ်ား၏အကြောင်းသည်ရင်း သခ်ိန်းစာ ရယူနိုင်စရာများ ဖြစ်ပါသည်။

စေတနာထက်သန်လှသော သုမနပန်းသည်၏ ဆန်းကြယ်လှ သောအလှူတော်ကိုရင်း၊ လှလွန်း၍ ရဟန်းပြုရာမှဝိရိယစွမ်းအား ဖြင့်ရဟန္တာမ ဖြစ်ခဲ့သော ဥပ္ပလဝဏ်ထေရီမနှင့်မိုက်လှစွာသော နန္ဒလုလင်အကြောင်းသည်ရင်း၊

အတိတ်ဇာတ်ကြောင်းတွင် ရဟန်းတရားအားထုတ်ပါလျက် ဝစီဘေဒနှုတ်၏ မစောင့်စည်းမှုကြောင့် ဘုရားရှင်လက်ထက်တွင် မစင်ကိုခုံမင်စွာစား၍ ဝတ်လစ်စလစ်နေရရှာသော ဇမ္ဗုကအာ ဇီဝကသို့ ဘုရားရှင်ကယ်တော်မူ၍ ရဟန္တာ ဖြစ်သွားရသော အကြောင်းများသည်ရင်း

ရှေးဆုတောင်းကောင်းလှသော စိတ္တသူကြွယ်၏ ဆန်းကြယ် သောအဖြစ်တို့သည်ရင်း၊

အရှင်သာရိပုတ္တရာ မထေရ်မြတ်ထံ ဆုပန်၍ ချက်ချင်းပင် ခုနစ်နှစ်သားအရွယ်နှင့် ရဟန္တာဖြစ်သော တိဿမထေရ်တို့၏ ဝတ္ထုစသည်တို့ကို စိတ်ဝင်စားစွာ ဖတ်ရှုနိုင်ပါသည်။

၅။ ဗာလဝဂ်

# ၁။ အိပ်မပျော်သောည

(ကောသလမင်းကြီးနှင့် အညတြယောကျ်ားဝတ္ထု)

- အိပ်မပျော်သော ညဉ့်သည်ရှည်လျားလှ၏။
- ခရီးပန်းသူအား ယူဇနာခရီးသည် ရှည်ဝေးလှ၏၊
- သူတော်ကောင်းတရား မသိကြသော မိုက်မဲတွေဝေသူများအဖို့ သံသရာရှည်ဝေးလှ၏။

(ဒီဃာ ဇာဂရတော ရတ္တိံ) အစရှိသော ဓမ္မဒေသနာတော်ကို ပသေနဒီကောသလမင်းကြီးနှင့် အညတြယောကျ်ားတဦးကို အကြောင်းပြု၍ ဇေတဝန်ကျောင်းတော်၌ ဟောတော်မူ၏။

## ဝတ္ထုကြောင်းကား ဤသို့တည်း

သာဝတ္ထိပြည်ဘုရင် ပသေနဒီကောသလမင်းကြီးသည် ပုဏ္ဏရိက မည်သော ဘော်ငွေဖြူအဆင်းရှိသည့် ဆင်ဖြူကို အခွံဘွယ်များစွာတန်ဆာတို့ဖြင့် ဆင်ယင်၍မြို့ကို လကျ်ာရစ် လှည့်ကာ မင်းပွဲသဘင်ကိုပြု၏။ မင်း၏အသရေတင့်တယ်လှ၍ မကြည့်မိသူ မရှိအောင်ပင် ဒါနမျိုးဆက်ကောင်းလှ၏။

## ဘုံခုနစ်ဆင့်မှ ပြာသာဒ်မယ်

ထိုစဉ်တွင် မထင်ရှားသော ယောကျ်ားတယောက်၏ ဇနီးမယားသည် ဘုံခုနစ်ဆင့်ရှိသော ပြာသာဒ်၏လေသာ ပြတင်းတံခါးမှ မင်းခမ်းမင်းနားကို ထွက်၍ကြည့်၏။ မင်းကြီးသည်

ဘုံခုနစ်ဆင့်ပြာသာဒ်၏ ပြတင်းပေါက်ကို လှမ်း၍ကြည့်မိသော အခါ ပြာသာဒ်မယ်ကိုမြင်၏။ ထိုမိန်းမသည် မင်းကြီးကြည့်သည် ကိုသိ၍ တိုက်ခန်းတွင်းသို့ပြန်ဝင်သွား၏။ မင်းကြီး၏ စိတ်တွင် တိမ်တိုက်ကြားသို့ဝင်သွားသော လမင်းကြီးပမာ ထင်မှတ်ခါ ဣန္ဒြေတော်ယွင်းပျက်လှသဖြင့် ဆင်ထက်မှကျတော့မည်ပင် ဖြစ်လေ၏။ ချက်ခြင်းပင်နန်းတော်သို့ပြန်ဝင်၏။ အမတ် တယောက်အား ထိုမိန်းမတွင် ခင်ပွန်းလင်ရှိမရှိ စုံစမ်းစေ၏။ အမတ်လည်း စုံစမ်း၍ ကာမပိုင်လင်ရှိကြောင်း လျှောက်ထား၏။

## သူ့မယားလိုချင် သူ့လင်ရာထူးအပ်

မင်းကြီးသည် ထိုမိန်းမ၏ ကာမပိုင်လင်ကို ရှေ့တော်သို့ ခေါ်တော်မူ၏။ ငါ၏အတွက်မင်းကြီးသည်ခေါ်ရန် အကြောင်း တစုံတရာမရှိ၊ ငါ၏မိန်းမအတွက်သာဖြစ်ရမည်ဟု စဉ်းစားမိ၏။ ရှေ့တော်ရောက်လျှင် မင်းကြီးကငါ့ထံပါး၌ ခစားလုပ်ကျွေးလော့ဟု မင်းခယောကျ်ားရာထူးကိုပေး၏။ ထိုယောကျ်ားက ကျွန်ုပ်သည်အလိုဆန္ဒမရှိပါ အပြင်မှာလုပ်ကိုင်ပြီး အိမ်မှာနေ၍ပင် အရှင့်အား အခွန်ဘဏ္ဍာဆက်သွင်းပါရစေဟု လျှောက်၏။ ဘုရင်က အခွန်ဘဏ္ဍာကိုငါမလို။ ငါ့ထံ၌သာ ခစားလော့ဟု ရာထူးနှင့်တကွ လက်နက်ကိုပါအပ်၏။

မင်းကြီးက မကြာမီကာလ ထိုယောကျ်ားအား အပြစ်ရှာ၍ သတ်ပြီး သူ့မယားကိုသိမ်းပိုက်နိုင်ရန်အကြံဖြင့် ရာထူးပေးအပ်ခြင်းဖြစ်၏။

## ကုမုဒြာကြာနှင့် အရဏဝတီမြေညက်

ထိုယောကျ်ားသည် မင်းကြီးအကြံကို ရိပ်စားမိ၍ မမေ့မလျော့သောသတိဖြင့်အမှုတော်ထမ်း၏။မင်းကြီးသည်ပြာသာဒ်မယ်အပေါ် စွဲလမ်းသော ကာမဂုဏ်စိတ်တို့ ပြင်းပြလာ၏။ ထိုယောကျ်ားအပေါ်အပြစ်ရှာ၍မရသောအခါ မဖြစ်ရာကိုကြံဖန်၍ခိုင်းပြီး သတ်အံ့ဟုကြံပြန်၏။

"အချင်းယောကျ်ား၊ ဤသာဝတ္ထိမှ တယူဇနာခန့်ဝေးသော အရပ်၌ မြစ်တခုရှိ၏။ ထိုမြစ်မှ ကုမုဒြာကြာတို့နှင့် အရဏဝတီမြေညက်ကို ယူဆောင်ချေလော့ ညချမ်းအခါ ငါရေသုံးသပ်တော်မူချိန်မှ မဆက်သနိုင်သော် မင်းဒဏ်သင့်စေအံ့" ဟု စေခိုင်း၏။

ထိုယောကျ်ားသည် မင်းအာဏာကိုမလွန်ဆန်သာ ကုမုဒြာကြာနှင့် အရဏဝတီ မြေညက်ဆိုသည်မှာ နဂါးပြည်၌သာရှိသည်၊ အဘယ်သို့ရနိုင်ပါအံ့နည်းဟု သေဘေးကို ကြောက်ရွံ့သဖြင့် အိမ်သို့အမြန်ပြေးပြီး မယားအား ထမင်းကျက်ပြီလားဟု မေး၏။ မကျက်သေးပါ၊ မီးဖိုပေါ်၌ပင် ရှိပါသေးသည်ဟု ဆိုသောအခါ ကျက်အောင်မစောင့်နိုင်၊ ခြင်းတောင်းတခု၌ ထမင်းတို့ကိုခူး၍ သိပ်နှိပ်ပြီး ရသမျှဟင်းကိုယူဆောင်ခါ တယူဇနာခရီးသို့ အပြေးအလွှားသွား၏။ လမ်း၌ထမင်း သည် ကျက်ခြင်းဖြစ်၏။

## ထမင်းတနပ် အလှူတော်

မြစ်ကမ်းတခုသို့ရောက်သော် ထိုယောကျ်ားသည် ထမင်းစားအံ့ဟု ထမင်းဦးကိုကောင်းစွာဖယ်ရှား၍ ကျန်ထမင်းကို စား

သောက်နေစဉ် ခရီးသွား ယောကျ်ားတဦး ရောက်လာသဖြင့် အဆွေတော် ကျွန်ုပ်တွင် စားကြွင်းမဟုတ်သော ထမင်းဦးရှိပါသည်၊ စားပါလော့ဟု စေတနာထက်သန်စွာ ကျွေးမွေးပေ၏။ ခရီးသွားယောကျ်ားလည်း ဆာလောင်ချိန်ရောက်၍ အားရဝမ်းသာ စားသောက်ပြီး ခရီးဆက်၏။

မင်းခယောကျ်ားလည်း စားလက်စထမင်းကြွင်းကိုလက်ဖြင့်ဆုပ်၍ မြစ်အတွင်းသို့ ပစ်ချ၍ ငါးတို့အစာ အဖြစ် ပေးလှူ၏။ ထိုနောက် မြစ်ကမ်းပါး၌ ကျယ်လောင်သော အသံဖြင့် ဟစ်ကြွေး၏။

"မြစ်အရပ်၌စောင့်ရှောက်ကြကုန်သောနတ်အပေါင်းတို့နှင့် တကွ နဂါး ဂဠုန်အစရှိသည်တို့သည် ကျွန်ုပ်၏စကားကိုကြားသိကြပါစေသတည်း။ သာဝတ္ထိပြည့်ရှင်ဘုရင် ပသေနဒီကောသလမင်းကြီးသည် ငါ့အားအပြစ်ပေးလိုသဖြင့် ကုမုဒြာကြာနှင့် အရုဏဝတီမြေညက်ကို ဆောင်ယူဆက်ရမည် စေခိုင်းတော်မူပါသည်။ ငါသည် ခရီးသွားယောကျ်ားချွေ့သည် အာဂန္တုအားထမင်းအလှူကိုပေးခဲ့ပါ၏။ ရေ၌နေသော ငါးတို့အားလည်း ထမင်းဟင်းများဖြင့် စွန့်ကြဲလှူဒါန်းခဲ့ပါ၏။ ဤသို့ လှူဒါန်းရသောအကျိုးအာနိသင်တို့သည် အရာအထောင်မျှရှိခဲ့ပါ၏။ ထိုအကျိုးအာနိသင်တို့၏အဘို့ကို အမျှပေးဝေပါကုန်၏။ အားလုံးသော ပုဂ္ဂိုလ်တို့သည် အမျှရ၍ ချမ်းသာကြပါစေသတည်း။ ငါ၏အသက်အန္တရာယ်ကိုပြုအံ့သောကုမုဒြာကြာနှင့်အရုဏဝတီမြေညက်တို့ကိုဆောင်ယူ၍ ပေးသနားပါကုန်လော"ဟူ၍ သုံးကြိမ်တိုင်တိုင်ကြွေးကြော်၏။

ဤအသံကို မြစ်၌စောင့်သော နဂါးမင်းကြားလျှင် လူအို အသွင်ဖန်ဆင်း၍ အကျိုးအကြောင်းကိုမေး၏။ သင်၏ကုသိုလ် အဖို့ဘာဂကို ငါ့အားပေးဝေပါလော့ဟုပြောဆို၏။ သုံးကြိမ် တိုင်အမျှပေးဝေပြီး သာဓုခေါ်ပြီးနောက်ကမုဒြာကြာပန်းများ နှင့် အရဏာဝတီမြေညက်တို့ကို ပေးအပ်လိုက်၏။

## ဆပ်မံ၍ အကောက်ကြံပြန်ခြင်း

မင်းကြီးသည် ဤသို့ကြံမိ၏။ လူတို့တွင် မဖြစ်နိုင်သောကိစ္စ ဟူသည်ဖြစ်တတ်ရာ၏။ အကယ်၍ ထိုယောကျ်ားသည် ငါစေ ခိုင်းသမျှ ဆောင်ယူလာနိုင်ခဲ့သော် ငါ၏အကြံ ပျက်အံ့ရာသည် သို့ဖြစ်၍ ထိုသူ့ပြန်ခင် မြို့တံခါးကိုပိတ်ထားစေ၍ မြို့တံခါးတွင် ခပ်နိုပ်သော မင်းတံဆိပ်တို့ကိုပါယူဆောင်သိမ်းဆည်း၍ထား၏။

ထိုယောကျ်ားသည်အချိန်မီရောက်လာ၏။မြို့တံခါးပိတ်ထား သည်ကိုတွေ့၍ သေမည့်ဘေးကိုကြောက်သဖြင့် တံခါးမှူးအား အတန်တန်တောင်းပန်၏။တောင်းပန်၍မရသည်အဆုံးတံခါးခုံ၏ အထက်၌ မြေညက်တို့ကိုပုံ၍ ထိုအထက်၌ ကြာပန်းတို့ကို ဆွဲ ထားပြီး–

"မြို့အတွင်းရှိ လူအပေါင်းတို့....ငါသည် မင်းကြီးစေခိုင်း သည့်အတိုင်း အချိန်မီရောက်လာသည်ကို သင်တို့သိကြရန်သက် သေပြုပါ၏။မင်းကြီးသည်ငါ့အား အကြောင်းမရှိဘဲဖျက်ဆီးရန် ကြံနေ၏"ဟု သုံးကြိမ်တိုင်ဟစ်ကြွေး၏။

ထိုနောက် အဘယ်သို့ သွားရပါမည်နည်းဟု စဉ်းစား၏။ ရဟန်းတော်တို့၏ကျောင်းသည်ငြိမ်းချမ်း၏ဟု ကျောင်းတော်သို့ သွားခါငြိမ်းချမ်းစွာအိပ်လေ၏။

## အိပ်မပျော်သောသူတယောက်

ပသေနဒီကောသလမင်းသည်ကား ထိုပြာသာဒ်မယ် မိန်းမငယ်ကို တွယ်တာစွဲလန်း၍ ကာမဂုဏ်တို့ဖြင့် ပူလောင်နေသဖြင့် အိပ်၍မရ၊ မနက်မိုးလင်းလျှင် ထိုယောကျ်ားအား သတ်၍ မိန်းမငယ်အား နန်းတော်သို့ လျင်မြန်စွာ ဆောင်ယူသိမ်းပိုက်ရန်သာ အကြံအမျိုးမျိုးထုတ်၍ တညလုံးလုံးအိပ်မပျော်နိုင်အောင် ရှိလေ၏။

## ငရဲသား လေးယောက်အသံ

အိပ်မပျော်သော မင်းကြီးသည် ညဥ့်သန်းကောင်ရောက်လေလျှင် ကြီးစွာသောအသံနက်ကြီးဖြင့် အော်ဟစ်သည့် ငရဲသား လေးယောက်၏အသံကို ကြားရသဖြင့် ပြင်းစွာ ကြောက်လန့်တုန်လှုပ်၍သွား၏။ ထိုအသံကိုကြားရသဖြင့် ငါ၏အသက်အန္တရာယ်ပင်လော၊ တောင်ညာစံမိဘုရားကြီး၏အန္တရာယ်ပင်လောဟု တွေးတောစိုးရိမ်ရင်း ညဥ့်သုံးယံပတ်လုံးမျက်စိမှိတ်၍အိပ်မပျော် အာရုံကျင်း၍ မိုးလင်းရန်ကိုအချိန်ကြာမြင့်စွာမိုးလင်းခဲလှချည့် ညဥ့်ကြာရှည်လှချည့်ဟု စောင့်စားရင်းသာနေရှာ၏။

## ပုဏ္ဏားလိမ်ပုဏ္ဏားညာများ

နံနက်မိုးသောက်လျှင်ချက်ခြင်းပင် ပုဏ္ဏားတော်တို့ကိုခေါ်ပြီး ညဥ့်ကကြားရသော အသံအကြောင်းကိုပြောပြ၍ အကျိုးအပြစ်ကိုမေးလေလျှင် ပုဏ္ဏားတော်များမှာဖြေကြားရန်မတတ်နိုင်သဖြင့်

"အရှင်မင်းကြီး၏ အသက်အန္တရာယ်အတွက်ဖြစ်နေပါသည်၊ သဗ္ဗသတအမည်ရှိသော ယာဇ်ပူဇော်သမှုကိုပြုရမည်၊ ဆင်တရာ မြင်းတရာ၊ နွားလားဥဿဘတရာ၊ နို့ညှစ်နွားမတရာ၊ ဆိတ်ကုလားတရာ၊ ဆိတ်မြန်မာတရာ၊ မြင်းတရာ၊ အာဇာနည်မြင်းတရာ၊ကြက်တရာ၊ ဝက်တရာသမီးကညာအပျိုတရာ၊လူပျိုလုလင်တရာတို့ကိုသတ်၍ပူဇော်ပါမူ အလုံးစုံသော ဘေးတို့ပျောက်၍ အရှင်မင်းမြတ်၏ အသက်တော် ရာကျော်ရှည်ပြီးဘုန်းတန်းခိုးတိုးတက်ပါမည်"ဟု လျှောက်ထားကြ၏။

မင်းကြီးလည်း များစွာစိုးရိမ်ခြင်းဖြင့် ပုဏ္ဏားတို့ဆိုတိုင်းဖမ်းဆီးစေ၏၊မင်းချင်းတို့လည်း လိုအပ်သော ပမာဏထက်ပို၍ ဖမ်းဆီးကြသဖြင့် ဆွေမျိုးမိဘအပေါင်းတို့၏ အော်ဟစ်ငိုယိုကြသောအသံကား သောင်းသောင်းညံမျှတည်း။

## မလ္လိကာမိဖုရား၏ဉာဏ်

ထိုအသံတို့ကို မလ္လိကာမိဖုရားကြီးကြား၍ အကြောင်းစုံကိုသိရလျှင် "အရှင်မင်းမြတ် သတ္တဝါတို့ကို သတ်ဖြတ်ပြီး တဦးသောပုဂ္ဂိုလ်၏အသက်ကိုရှင်စေနိုင်သည်ဆိုခြင်း မှာမကြားဘူးပါ ပုဏ္ဏားတို့၏စကားကို မနာယူပါနှင့်၊ လောကသုံးပါးကိုသိတော်မူ မြင်တော်မူသော မြတ်စွာဘုရားရှိရာ ဇေတ ဝန် ကျောင်းတော်သို့သွားရောက်လျှောက်ထားကြပါစို့" ဟု မင်းကြီးအား ပြောလေလျှင် ထိုအခါမှ မင်းကြီးလည်း သတိရ၍ မလ္လိကာမိဖုရားနှင့်တကွ ကျောင်းတော်သို့ အလျင်အမြန် သွားရောက်ကြလေ၏။

## ဘုရားသခင်ဖြေတော်မူခြင်း

မြတ်စွာဘုရားရှေ့သို့ရောက်လျှင် မလ္လိကာ မိဖုရားက အကြောင်းစုံကိုလျှောက်ထား၏။ တကာတော်မင်းကြီး။ ကြားအပ်သောအသံကား အဘယ်သို့နည်းဟုမေးတော်မူ၏။ မင်းကြီးက (ဒု-သ-န-သော)အသံကြီးလေးသံကြားရပါကြောင်းလျှောက်ထားလေလျှင်၊ ဘုရားသခင်က အသင်မင်းကြီး မကြောက်မရွံ့ပါလင့်၊ အသင်မင်းကြီးတွင် အန္တရာယ်မရှိ၊ မကောင်းမှုပြုသူတို့သည် မိမိတို့ခံစားရသောဒုက္ခကို သိးခံခြင်းငှာ မစွမ်းနိုင်သဖြင့် ပြောကြားလိုသောကြောင့် ရွတ်ဆိုသော အသံပေတည်း ဟုမိန့်တော်မူပြီး အတိတ်ဇာတ်ကို ဟောကြားတော်မူ၏။

## သဌေးသားလေးယောက်အတိတ်ဝတ္ထု

လူတို့ အနှစ်နှစ်သောင်း အသက်ရှည်ကြသော ကဿပဘုရားရှင်လက်ထက်တွင် ဗာရာဏသီပြည်သို့ဒေသစာရီလှည့်လည်တော်မူစဉ် လူတို့တိုင်ပင်ညီညွတ်၍ အာဂန္တုကဒါနကို ပြုကြကုန်၏။

ဗာရာဏသီပြည်၌ ကုဋေလေးဆယ်စီ ကြွယ်ဝသော သဌေးသားလေးယောက်တို့သည် အရက်ကောင်းကိုသောက် အစားကောင်းကိုစား၍ လှည့်လည်သွားလာမည် ပျော်ရွှင်၍အသက်ရှည်မည်ဟုဆို၏။ တယောက်က အဝတ်ကောင်းအစားကောင်းကို ဝတ်စားကြမည်ဆို၏။ တစုံတယောက်ကမျှ ကဿပဘုရားရှင်ထံအလှူပေးမည်ဟုမဆိုကြ။တယောက်သောသဌေးသားကမူ "မိန်းမဆိုလျှင် ငွေနှင့်မျှားလျှင် အလိုရှိသောမိန်းမကိုရနိုင်၏။

လင်ရှိသောမရှိသော အလိုရှိသောမိန်းမကိုရှာဖွေ၍ ပျော်ပါးကြကုန်အံ့ဆို၏။ ထိုသူ၏စကားကို အားလုံး သဘောတူကြကာ သူတပါး၏ သားမယားကိုပါမရှောင် ငွေကိုဖြုန်းကာ ပျော်ပါးကြကုန်၏။

## ငရဲသားတို့ဘဝ

ထိုသဌေးသားလေးယောက်တို့ သေလွန်ကြသော် သူတပါးသားမယားကိုပြစ်မှားသောကံကြောင့် အဝီစိငရဲကြီး၌ ကျ၍ တံဆူသောဘုရားရှင်၏ အကြားပတ်လုံးခံကြရ၏။ ထိုအဝီစိငရဲကြီးက သေလွန်ခဲ့ပြန်သော် ကံကြွင်းအဖြစ် ထပ်မံခံရသည်မှာ ယူဇနာ ခြောက်ဆယ်ရှိသော လောဟကုမ္ဘီ ငရဲအိုးထဲ၌ဖြစ်၍ အနှစ်သုံးသောင်းမျှ ငရဲအိုး၏အောက်ခြေသို့သွားရ၏။ နောက်အနှစ်နှစ်သောင်းကြာမှ ငရဲအိုးအဝသို့ ပြန် ရောက် လာ ခိုက်၊ စကားတခွန်း ဂါထာတပုဒ်ကို ပြောဆိုလိုသော်လည်းငရဲအိုးအဝတွင် ကြာရှည်မနေရ၊ စကားတခွန်းပြောရုံဖြင့် ပြန်၍နစ်သွားရပြန်၏။ ထိုငရဲသားတို့ စကားအစတခွန်းစီ၏အသံကို မင်းကြီးကြားရခြင်းဖြစ်၏။

## ဒု-သ-န-သော အဓိပ္ပါယ်

မြတ်စွာဘုရားသခင်ကငရဲအိုး၌နစ်မြုပ်သွားရသောသတ္တဝါတို့၏ စကားအဓိပ္ပါယ်ကို အပြည့်အစုံ ဖော်ပြလိုသောကြောင့် "တကာတော် မင်းကြီး ဦးစွာကြားရသော အသံသည် အဘယ်နည်း" ဟုမေးတော်မူ၏။

"ဘုန်းတော်ကြီးတော်မူသောမြတ်စွာဘုရား (ဒု)ဟူ၍ ကြား ရပါသည်ဘုရား" မြတ်စွာဘုရားသခင်က (ဒုဇ္ဇီဝိတ မဇီဝိမှ) အစရှိသောဂါထာတော်တို့ကို ထုတ်ဖော်တော်မူရာတွင်=

(ဒု) ဒုဇ္ဇီဝိတံ ငရဲမီးတွင် ပြင်းစွာခံစား၍ မကောင်းသော အသက်ရှည်ခြင်းဖြင့် အသက်ရှည်၍ နေကြရကုန်ပြီ။ ငါတို့၏ စည်းစိမ်ချမ်းသာ ထင်ရှားရှိစဉ်ကာလက၊ မပေးမလှူမိကြကုန်၊ မိမိ၏ကျွန်းကြီးသဖွယ်ဖြစ်သော ပုညကြိယာကုသိုလ်စုကို မပြုမိ ကြလေကုန်ဟု ပြောဆိုခြင်းဖြစ်၏။ သို့သော်ပထမသဌေးသား သည် ပြောလိုရင်းစကားကို မပြောနိုင် (ဒု) တလုံးတည်းသာ ပြောနိုင်ပြီး ငရဲ၌နစ်ရပြန်၏။

(သ) သဋ္ဌိဝဿသဟဿာနိအစရှိသောဂါထာတော်ကိုဟော ဖော်မြွက်ကြားတော်မူရာ၌ သဋ္ဌိဝဿသဟဿာနိအနှစ်ခြောက် သောင်းသို့ပြည့်ပါပြီ လောဟကုမ္ဘီ ငရဲ သံရည်ပူထဲ၌ နစ်ချည် ပေါ်ချည်ခံစားရသည်မှာဘယ်အခါ၌အဆုံးသတ်ပါမည်နည်း။ ဟုပြောလိုရင်းတွင် (သ) ဟူသောစကားတလုံးတည်းအောင်ဘစ် ရုံမျှဖြင့် ဒုတိယသဌေးသားသည် ငရဲတွင်းသို့ပြန်လည်နစ်ရပြန် လေ၏။

(န) နတ္ထိအန္တော အစရှိသော ဂါထာတော်ကို ဟောဖော် တော်မူရာတွင် နတ္ထိအန္တော အဆုံးကို မမြင်ရပါကလား၊ အို.... ငယ်သူငယ်ချင်းတို့ သဌေးသားဘဝ ပြုခဲ့ကြသော ပရဒါရကံ၊ သူတပါးသားမယား ပြစ်မှားကျူးကျော်ပျော်ချင်တိုင်းပျော်ခဲ့ ကြသော မကောင်းမှုဒုက္ခဒုက္ခခံနေရသည်မှ ငါ့အားရင်း၊ သင် တို့အားရင်း၊ ဘယ်အခါတွင် ပြီးဆုံးလိမ့်မည်ဟု မတင်မြင်နိုင်

ပါတကား ဟုဆိုရင်း စကားတွင် အစတလုံး (နှ) တလုံးသာ ပြောနိုင်ရှာပြီး ငရဲအိုးတွင်းပြန်လည် နစ်ဆင်း၍သွားရပြန်၏။

မြတ်စွာဘုရားသခင်သည် တတိယစကားဂါထာအပြည့်အစုံကိုဟောဖော်ပြတော်မူပြီးနောက်၊

"တကာတော်မင်းကြီး လေးကြိမ်မြောက်၌ ကြားအပ်သော စတုတ္ထအသံကို လျှောက်ထားလေဦးလော့"ဟု မိန့်ကြားတော်မူသဖြင့်

"ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား ထိုနောက် (သော) ဟူသောစကားသံကြီးကိုကြားရပြန်ပါသည်ဘုရား"

မြတ်စွာဘုရားသခင်သည်(သောဟံနူန) အစပြုသောဂါထာတော်ကို ဟောဖော်မိန့်ကြားတော်မူရာတွင်

(သော) သောဟံ၊ မကောင်းမှုများ မိုက်မှားပြုမိသော ငါသည် ဤငရဲမှလွတ်ပြီး အကယ်၍ လူ့ဘဝကိုရခဲ့သည်ရှိသော် ဒါနသီလစသည် ပေါင်းစု ကောင်းမှုဟူသမျှကို နေ့ညမစဲ အားထုတ်၍ နေပါတော့မည်ဟုဆို၏။

"တကာတော်မင်းမြတ်၊ ညဉ့်နက်သန်းကောင်ယံကြားရသော အသံသည် မင်းကြီးအတွက် အန္တရာယ်တစုံတရာသည်မရှိ၊ ထိုလေးယောက်သောသူတို့၏ ပြောလိုသောစကား၏ အစတလုံးစီသာဖြစ်ပေသတည်း"ဟု မိန့်တော်မူ၏။

## ပြာသာဒ်မယ်၏ လင်ယောကျ်ား

မင်းကြီးသည် ကြီးစွာသော သံဝေဂဖြစ်၏၊ သူတပါး၏ မယားကိုစွဲလန်းမိ၍ တညလုံးအိပ်ပျော်ခြင်းကိုမရခဲ့၊ ယခုနေ့မှစ၍ သူတပါး၏မယားကိုပြစ်မှားတပ်သွတ်ခြင်း မဖြစ်တော့အံ့ဟုကြံပြီးလျှင်-

"ဘုန်းတော်အလွန်တရာ ကြီးမြတ်တော်မူသော မြတ်စွာဘုရား၊ တကာတော်သည်ယနေ့၌ ညဉ့်၏ ရှည်လျားခြင်းကိုသိရပါသည်ဘုရား"ဟု လျှောက်ထား၏။

ထိုတရားသဘင်တွင်ရောက်နေသော ပြာသာဒ်မယ်၏ လင်ယောကျ်ားမင်းခစားသည် မင်း၏လျှောက်ထားသောစကားကိုကြားလျှင်-

"ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ ယမန်နေ့က တပည့်တော်ကိုယ်တိုင် ယူဇနာမျှလောက်သော ခရီးကို သွားရောက်ရသည်ဖြစ်၍ ယူဇနာမျှသောခရီး၏ ရှည်ဝေးခြင်းကို သိရပါသည်ဘုရား"ဟု လျှောက်ထား၏။

မြတ်စွာဘုရားသခင်သည် နှစ်ဦးနှစ်ယောက်သော သူတို့၏ စကားကိုနှိုးနှော၍တော်မူပြီး ဒီဃာဇာဂရတော အစရှိသော ဂါထာတော်ကို ဟောကြားတော်မူ၏။

**(၆၀) ဒီဃာ ဇာဂရတော ရတ္တိ၊**
**ဒီဃံ သန္တဿ ယောဇနံ၊**
**ဒီဃော ဗာလာန သံသာရော၊**
**သဒ္ဓမ္မံ အဝိဇာနတံ။**

(၆၀) အိပ်၍မပျော်သောသူအား ညဉ့်သည်ရှည်လျားသည်ဟုထင်၏။ ပင်ပန်းနွမ်းနယ်နေသူအား တယူဇနာခရီးသည် ရှည်ဝေးသည်ဟုထင်၏။
သူတော်ကောင်းတရားကို မသိမမြင်နိုင်သော သူမိုက်တို့အား သံသရာသည်ရှည်ဝေးလှသည်ဖြစ်ပေ၏။

ဒေသနာတော်၏အဆုံး၌ ပြာသာဒ်မယ်၏ ယောကျ်ား မင်းခစားသည် သောတာပန်၌ တည်လေ၏။

ကောသလမင်းကြီးလည်း နန်းတော်သို့ ပြန်သွား၍ ယစ်ပူဇော်ရန် ချုပ်နှောင်၍ထားသူများနှင့် သတ္တဝါတို့ကို လွှတ်စေ၏။ လွှတ်မြောက်ကြ ကုန်သော ယောကျ်ား မိန်းမတို့သည် မလ္လိကာမိဖုရားကြီးအား ဆုတောင်းပတ္ထနာပြုကြကုန်၏။ မြို့ရွာအလုံး မလ္လိကာမိဖုရားကြီး၏ ဂုဏ်သတင်းသာ ပြောဆိုနေကြကုန်၏။

ညချမ်းအခါတရားသဘင်၌ ရဟန်းတော်များကပါ မိဖုရားကြီး၏ ပညာရှိသည်အဖြစ်ကို ချီးမွမ်းထောပနာ စကားပြောကြားနေကြရာ ရဟန်းတို့လျှောက်ကြားသဖြင့် "ချစ်သားတို့ မလ္လိကာမိဖုရားသည် ယခုဘဝ၌သာ သတ္တဝါတို့၏ အသက်ပေါင်းများစွာကယ်ခဲ့သည်မဟုတ်၊ ရှေးဘဝကလည်းကယ်ဆယ်ခဲ့ဘူးပြီဟု အတိတ်ဇာတ်ကို ဟောကြားတော်မူ၏။

## မလ္လိကာ၏ အတိတ် ဓမ္မဒိန္နာဝတ္ထု

ရှေးအခါက ဗာရာဏသီမင်း၏ သားတော် တပါးသည် ညောင်ပင်ကြီးတခုတွင် ဆုတောင်း၏။ ဖခင်၏ အရိုက်အရာကို ခံယူ၍ မင်းဖြစ်အောင် စောင်မတော်မူပါ၊ အကယ်၍မင်းအဖြစ်ကိုရလျှင် တရာ့တပါးသော မင်းနှင့်တကွ မိဖုရားတို့၏ လည်ချောင်းသွေးဖြင့် ပူဇော်ခြင်းပြုပါအံ့ဟု ဆုတောင်းခဲ့၏၊ ဖခင်အရိုက်အရာလွှဲသောအခါ မင်းအဖြစ်ကိုရသဖြင့် စစ်သည်ဗိုလ်ပါတို့နှင့် အခြားမင်းတပါးစီကို မိမိအလိုသို့လိုက်ပါစေပြီး အခြားမင်းတပါးကိုဖမ်းစေခဲ့၏ ။ဤသို့ဖမ်း၍မင်းမိဖုရားဟူရာ့တပါးပြည့်သောအခါ တိုင်းပြည်သို့ ခေါ်ဆောင်လာပြီးအဖျော်ရည်တွင် အဆိပ်ဆေးကိုထည့်၍ တိုက်ကျွေးအံ့ဟု စီစဉ်ခဲ့၏။

ယင်းတို့အနက် အငယ်ဆုံးသော ဥဂ္ဂသေနမင်း၏ မိဖုရား ဓမ္မဒိန္နာမှာ ကိုယ်ဝန်အရင့်အမာရှိ၍ ချန်ထားခဲ့၏။

## သိကြားမင် လက်မြှောက်ရခြင်း

ဤမင်းကြီးသည် သူ့ကုသိုလ်နှင့်သူ မင်းဖြစ်ရသည်ကို ငါ စောင့်မရှဲ့ဟုထင်ပြီး တရော့တပါးအစုံကုန်သော မင်းနှင့်မိဖုရား လည်းချောင်းသွေးတို့ဖြင့် ငါ့အားပူဇော်ပေတော့မည်၊ ဇမ္ဗူဒိပ် ကျွန်းတွင် မင်းဆက်ပြတ်ရုံမက ငါ၏ဗိမာန်ညောင်ပင်ရင်းသည် လည်း စက်ဆုပ်ဖွယ်ဖြစ်ပေတော့မည်၊ ငါသည် မတားမြစ်နိုင်၊ တားမြစ်နိုင်သူကိုရှာအံ့ဟု မိမိထက် တန်ခိုးကြီးသောနတ်များထံ သွားရောက်တောင်းပန်၏။ အဆင့်ဆင့်မြင့်သော တန်ခိုးကြီး သည့် နတ်များမတတ်နိုင်သောအခါ သိကြားမင်းအထိ ရောက် သွား၏။ သိကြားမင်းလည်း ထိုသို့တားမြစ်ခြင်းငှာ ငါလည်း မတတ်နိုင်ဟုဆို၏။

သို့သော် သိကြားမင်းသည် ညောင်ပင်စောင့်နတ်အား အကြံတခုပေးလိုက်၏။ ထိုအကြံအတိုင်း ညောင်ပင်စောင့် နတ် မင်းသည် ပြုလုပ်၏။

## ဓမ္မဒိန္နာ မိဖုရား၏ တရား

ညောင်ပင်စောင့်နတ်သည် ဗာရာဏသီမင်း၏မျက်မှောက်၌ နီမြန်းသောအဝတ်ကိုဝတ်၍ ညောင်ပင်မှထွက်ကြွသွား၏။မင်း လည်းနတ်ကိုတောင်းပန်၏၊ နတ်မင်းကသင်သည် စကားမတည် တပါးသော မိဖုရားကိုချန်ထားခဲ့သည်၊ သင်စကားမတည်၍ အပူဇော်မခံလိုဟုဆို၏။ မင်းသည် ဥဂ္ဂသေနမင်း၏ မဟေသီ ဓမ္မဒိန္နာကို ခေါ်ဆောင်စေ၏။

ဓမ္မဒိန္နာ မိဖုရားရောက်လာလျှင် တရားတပါးသော မင်းတို့ထက်·အငယ်ဆုံးဖြစ်၍ အစွန်ဆုံးတွင်ထိုင်နေသော မိမိ၏ခင်ပွန်း ဥဂ္ဂသေနမင်းကို ရိုသေစွာရှိခိုး၍နေ၏။ ထိုအခါ ဗာရာဏသီမင်းသည် အမျက်ထွက်၍-

''ငါသည်၊ မင်းအပေါင်းတို့၏ အကြီးအမှူးဖြစ်လျက်ငါ့ကို ရှိခိုးခြင်း မပြုရာသလော''ဟုမေး၏။ ဓမ္မဒိန္နာက

''အရှင်မင်းကြီး၊ အရှင်မင်းကြီးသည် ကျွန်တော်မတို့အား ဖမ်းဆီးထားသူဖြစ်၏။ ကျွန်တော်မ၏လင် ဥဂ္ဂသေနမင်းကား ကျွန်တော်အား အခြံအရံနှင့်တကွ စည်းစိမ်ချမ်းသာကို ပေးသူဖြစ်၏။ ကျွန်တော်မအား ချီးမြှင့်သော အရှင်သခင်ကို ရှိမခိုးပဲ စည်းစိမ်ချမ်းသာကိုပျက်စီးအောင် ဖျက်ဆီးသော်အရှင်မင်းမြတ်ကို အဘယ်သို့ရှိခိုးနိုင်ပါအံ့နည်း''ဟု တင်လျှောက်၏။

သြောင်ပင်စောင့်နတ်လည်း လူအပေါင်းတို့ကို မြင်အောင်ပြ၍ ''ချစ်နှမ သင်ပြောကြားသော စကားတို့သည် ဖြောင့်မှန်လှပေ၏''ဟု ချီးမွမ်း၍ ဓမ္မဒိန္နာကို ပန်းဆုပ်တို့ဖြင့် နတ်မင်းက ကြဲဖြန့်ပူဇော်၏။

ဗာရာဏသီမင်းက

''ငါ့အား ရှိမခိုးလိုမူရှိစေဦး၊ ငါ့အား မင်း၏စည်းစိမ် ချမ်းသာကိုပြု၍ ပေးပေသော ဤသြောင်ပင်စောင့်နတ်အားအဘယ့်ကြောင့် ရှိခိုးခြင်းမပြုသနည်း''ဟု မေးပြန်၏။

ဓမ္မဒိန္နာက-

''အရှင်မင်းမြတ်၊ အရှင်မင်းမြတ်ရှေးကုသိုလ်ကြောင့် မင်းဖြစ်သည်၊ နတ်ကပေး၍ ရသည်မဟုတ်ပါ''ဟု လျှောက်လေလျှင် သြောင်ပင်စောင့်နတ်က ယခင်နည်းတူပင် ''ဟုတ်မှန်လှ

ပေ၏ ချစ်နှမ''ဟု ဆိုခါ ပန်းများဖြင့် ကြဲဖြန့်တော်မူပြန်၏။ တဖန် ဓမ္မဒိန္နာမိဖုရားက

''အရှင်မင်းမြတ်သည် နတ်၏အာနုဘော်ဖြင့် တရာ့တပါး သောမင်းတို့ကို ဖမ်းဆီးနိုင်ခဲ့သည်ဟု ထင်၏။ အရှင်မင်းမြတ် ချီးမွမ်းတော်မူတိုင်း သြောင်ပင်စောင့်နတ်သည် တန်ခိုးအာနု ဘော် ကြီးမားတော်မူသည်မှန်ပါက သြောင်ပင်၏ အထက် လက်ဝဲနံပါးကို မီးလောင်ခဲ့သည်ကို အာနုဘော်ဖြင့် အဘယ့် ကြောင့် မငြိမ်းစေနိုင်ခဲ့သနည်း'' ဟု လျှောက်ပြန်၏။

နတ်မင်းလည်း ''မှန်လှပေ၏ချစ်နှမ''ဟု ပန်းဆုပ်တို့ဖြင့် ပူဇော်ပြန်၏။

## သိုးတကောင် သတ်မိ၍

ထိုသို့ ပြောဆိုနေစဉ်အတွင်း ဓမ္မဒိန္နာမိဖုရားသည် ငိုလည်း ငိုကြွေး၏။ ရယ်လည်းရယ်၏။

ဗာရာဏသီမင်းက အံ့အားသင့်၍ ''သင်စိတ်ဖေါက်ပြန်သွား ပြီလား''ဟု မေး၏။

''အရှင်မင်းမြတ်၊ ကျွန်တော်မကဲ့သို့ သတိ–ပညာရှိသူတို့မှာ မရူးသွပ်နိုင်ပါ''

''အဘယ့်ကြောင့် ငိုလည်းငို–ရယ်လည်း ရယ်ပူဘိသနည်း''

''အရှင်မင်းမြတ်နာတော်မူလော့၊ ကျွန်တော်မသည် ရှေး ဘဝက ခင်ပွန်းလင်၏ မိတ်ဆွေဧည့်သည် အာဂန္တုရောက်လာ၍ ပူစုအံ့သောငှာ အသားဟင်း တို့ကို ဝယ် ခိုင်း လိုက် ၏၊ မရ သောအခါ အိမ်၌ရှိသော သိုးမ၏ ဦးခေါင်းကို ဖြတ်၍ချက်

ပြုတ်၏။ ထိုသည့်ကံကြောင့် ငရဲ၌ ခံစားရပြီးမှတဖန် သိုးမ၏ အမွေးအရေအတွက်အားဖြင့် ဦးခေါင်းဦးဆက်ပြုတ်ခဲ့၏။ ဤမျှ များပြားသော မင်းအပေါင်း တို့ကို သတ်၍ ပူဇော်ခြင်းဖြင့် အဘယ်ကာလမှ ဤငရဲမှ လွတ်ပါလိမ့်မည်နည်းဟုကြံဆ၍ အရှင် မင်းမြတ်အတွက် စိုးရိမ်ပြီး ငိုကြွေးမိခြင်းဖြစ်ပါသည်။

ပြုံးရယ်မိသည်မှာတား ကျွန်တော်မသည် ထိုဝဋ်ဆင်းရဲမှ လွတ်မြောက်ပြီဖြစ်၍ ဝမ်းသာသောကြောင့် ရယ်ပါသည်''ဟု လျှောက်ကြား၏။

နတ်မင်းလည်း ရှေးနည်းအတိုင်းပင် ချီးမွမ်း ထောပနာ ပြုပြန်၏။

ဗာရာဏသီ ပြည့်ရှင်မင်းလည်း သတိသံဝေဂ ရ၍ အလုံးစုံ သော မင်းမိဖုရားတို့ကိုလွှတ်စေပြီး မိမိစံရာ တိုင်းပြည်များသို့ ပြန်ကြစေ၏။

**ဇာတ်တော်ပေါင်းခြင်း**

မြတ်စွာဘုရားအခင်သည် မလ္လိကာမိဖုရား၏ အတိတ်ဇာတ်ကို ဟောကြားတော်မူပြီး ချစ်သားတို့ မလ္လိကာမိဖုရားသည် ယခု အချိန်၌သာ မိမိ၏ပညာဖြင့် လူအပေါင်းအား ဇီဝိတဒါနကို ပေးလှူသည်မဟုတ်၊ ရှေးအခါကလည်း ပေးဘူးပြီ၊ ထိုစဉ်က ဗာရာဏသီမင်းသည် ပသေနဒီကောသလမင်းကြီးဖြစ်၍ ဓမ္မဒိန္နာ မိဖုရားသည် ယခု မလ္လိကာမိဖုရား ဖြစ်၍ လာ၏။ ထိုအခါက ညောင်ပင်စောင့်နတ်သည် ယခုငါဘုရားဖြစ်သာ၏ဟူ၍ ဇာတ် တော်ပေါင်း၏။

**(ဗာလဝဂ်အစဖြစ်သော ပသေနဒီကောသလမင်းကြီးနှင့် အညတြယောကျ်ားဝတ္ထု ဤတွင်ပြီး၏)**

၄။ ဗာလဂဂ်

## ၂။ လူမိုက်ကိုမရှောင်ပါ

(ရှင်မဟာကဿပမထေရ်ကြီး၏တပည့်ငယ်)

**မိမိထက် သာသူကိုရင်း၊ တန်းတူကိုရင်း ရှာ၍ မတွေ့လျှင် တယောက်တည်းသာ နေထိုင်ရာ၏၊ သူမိုက်နှင့် အဆွေခင်ပွန်း မဖွဲ့ရာ။**

(စရေ့နာဝိ ဂစ္ဆေယျ)ဤသို့စသည် ဓမ္မဒေသနာတော်ကို ကဿပမထေရ်မြတ်၏ အတူနေတပည့်တဦးကို အကြောင်းပြု၍ သာဝတ္ထိပြည်၌ ဟောတော်မူ၏။ (ဝတ္ထုကြောင်းကား ရာဇဂြိုဟ်ပြည်၌ဖြစ်၏)

### ဝတ္ထုကြောင်းကားဤသို့တည်း

အရှင်မဟာ ကဿပမထေရ်မြတ်သည် ရာဇဂြိုဟ်ပြည် ပိပ္ပလိလိုဏ်ဂူ၌ အတူနေတပည့်နှစ်ယောက်နှင့် သီတင်းသုံးတော်မူ၏၊ တဦးသောတပည့်ကား ကောင်းစွာ ဝတ်ကြီးဝတ်ငယ်ကိုပြု၏။ နောက်တဦးကား တစုံတခုမျှ မပြုလုပ်သည့်ပြင် ထိုတပည့်ငယ် ပြုလုပ်ထားသမျှ မိမိပြုလုပ်သကဲ့သို့ လျှောက်ထားလေ့ရှိ၏။

ထိုအခါ ဝတ်ကြီးဝတ်ငယ်ပြုရသော တပည့်က တပည့်ငယ် အိပ်နေစဉ် ရေနွေးကိုပူစေပြီး ချိုးရေအလို့ငှာ ရေချိုးခမ်း၌ သွင်း၍ မမြင်သာအောင် ဝှက်၍ထား၏၊ မီးဖိုပေါ်၌ကား၊ ရေအနည်းငယ်မျှနှင့်ပွက်ပွက်ထအောင်မီးထိုး၍ထား၏၊ ထိုတပည့်

အိပ်ရာမှနိုးလာသော် အငွေ့ထောင်းထောင်းထနေသော ရေနွေးအိုးကိုမြင်သဖြင့် အရှင်မြတ်အား ရေသုံးသပ်တော်မူရန်ရေချိုးခမ်းသို့ကြွတော်မူပါဟု လျှောက်ထားပို့ဆောင်ပြီး ရေနွေးကိုခပ်အံ့သောငှာ မီးဖိုသို့သွားလျှင်ရေအနည်းငယ်သာတွေ့ရသဖြင့် ရေမရှိဲမီးဖိုပေါ်တည်ထားသည်၏ အဖြစ်ကို ကြိမ်းမောင်းရေရွတ်လျက် ရေအိုးကိုဆွဲ၍ မြစ်ဆိပ်သို့သွားလေ၏။

ဝတ်ကြီးဝတ်ငယ်နှင့် ပြည့်စုံသော ရဟန်းသည် ဝှက်ထားသောရေနွေးကို ရေချိုးခမ်းသို့ယူဆောင်လာပြီးထား၏၊ မထေရ်က ကြုံဆင်ခြင်တော်မူလေလျှင် ထိုရဟန်းငယ် လှည့်ပတ်မှုကို မြင်တော်မူလေ၏။

ညချမ်းအခါထိုရဟန်းငယ် မိမိအထံလာလေလျှင် မိမိမပြုပဲပြုပါသည်ဟုပြောဆိုခြင်းမှာ ရဟန်းတို့နှင့်မအပ်၊ ရဟန်းမည်သည်ကား လိမ်လည် လှည့်ပတ်ခြင်းငှာ မအပ်ဟု ဆုံးမတော်မူ၏။

နောက်တနေ့တွင်ဆွမ်းခံကြွလေသော်၊ မနေ့ညကဆုံးမသည်ကို စိတ်ကောက်၍ဆွမ်းခံမလိုက်ဘဲနေလေ၏၊ အရှင်မဟာကဿပသည်လည်း အခြားရဟန်းငယ်နှင့်အတူ တခုသောအရပ်သို့ ကြွတော်မူ၏။

မထေရ်မရှိလျှင် ထိုရဟန်းငယ်သည် မထေရ်၏ဆွေမျိုးအိမ်သို့သွားရောက်ပြီး မထေရ်သည် ကိုယ်လက် မအီမသာ ဖြစ်၍ဤသို့သောအစားအစာတို့ကို ပေးလှူလိုက်ပါလော့ဟု ဆို၏။ အမျိုးတို့ကပေးလှူလိုက်၏၊ ရဟန်းငယ်လည်းလမ်းတွင်ပင်စား၍ပစ်၏။

အရှင်ကဿပမထေရ်　ကြွတော်မူရာအရပ်၌　နူးညံ့သော သက်နှင်းလျာကိုရတော်မူ၍　အတူပါ ရဟန်းငယ်အား　သနား တော်မူသဖြင့်၊　ထိုအဝတ်ကိုဖွတ်ဆိုးဝတ်ရုံ၏။ နောက်တနေ့တွင် အရှင်ကဿပမထေရ်သည်　အမျိုး၏အိမ်သို့ ကြွတော်မူလေလျှင် ယမန်နေ့က ရဟန်းငယ်ကြွလာပြီး အရှင်ဘုရား　ကိုယ်လက်မအီ မသာရှိ၍ဤမည်သောအစားအစာမှာကြားလိုက်သဖြင့်ထိုရဟန်း ငယ်နှင့်ပေးလှူလိုက်ပါသည်ကို　ရပါသလောဟုမေးလျှောက်၏။ မထေရ်က ဆိတ်ဆိတ်နတော်မူ၏။

ညချမ်းသို့ရောက်လျှင်　ရဟန်းငယ်အား ဤသို့တောင်းယူ၍ စားသောက်ခြင်းအမှုကို　သင်ပြုလေသည်၊　ဤသို့ပြုခြင်းသည် ရဟန်းတို့နှင့်မသင့်လျော်ကိုယ်နှုတ်တို့ဖြင့်တောင်းယူစားသောက် ခြင်းငှာ မအပ်ဟုပြောဆိုဆုံးမတော်မူ၏။

ထိုရဟန်းငယ်သည် မထေရ်အား　အမျက်ထွက်၍ ရန်ငြိုး ဖွဲ့၏။　နောက်တနေ့၌ မထေရ်ရွာတွင်းသို့ကြွသည့်အခါ ကျောင်း အသုံးအဆောင်အိုးခွက်တို့ကို ရိုက်ခွဲပြီးသစ်ရွက်မိုးကျောင်းကိုမီး ရှို့လိုက်၏။ မီးမလောင်သောအရာဝတ္ထုတို့ကို စိစိညက်ညက်ကျေ အောင်ထုရိုက်ပြီးထွက်ပြေး၍　မကြာမီပင်သေလွန်ပြီး　အဝီစိငရဲ သို့ကျလေ၏။

တပါးသောရဟန်းသည် ရာဇဂြိုဟ်မှသာဝတ္ထိပြည်သို့မြတ်စွာ ဘုရားအားဖူးမြော်ရန်　ရောက်လာ၏၊ ဘုရားသခင်က　''သား တော်မဟာကဿပကျန်းခံ့သာ၍　မာပါ၏လော''ဟု မေးတော် မူရာ''ကျန်းခံ့ပါ၏၊ မထေရ်မြတ်၏အတူနေတပည့်တယောက်က ပြောဆိုဆုံးမသည်ကိုအမျက်ထွက်၍သစ်ရွက်မိုးသောကျောင်းကို မီးတိုက်ထွက်ပြေးပါသည်''ဟု　လျှောက်ကြား၏။

မြတ်စွာဘုရားကိုယ်တော်မြတ်က

'ချစ်သားရဟန်း။ ။ထိုရဲဟန်းသည်ယခုမှသာ အမျက်ထွက်ဘူးသည်မဟုတ်၊ ယခုမှသာနေရာဗိမ္မာန်ကိုဖျက်ဆီးသည်မဟုတ်၊ ရှေးကလည်း အမျက်ထွက်၍ ဖျက်ဆီးခဲ့ဘူးလေသည်'' ဟု မိန့်တော်မူ၍ အတိတ်ကိုဆောင်တော်မူ၏။

**ရဟန်းငယ်၏အတိတ်ဝတ္ထု**

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ သိင်္ဂီလငှက်မျိုးဖြစ်သောငှက်တကောင်သည် လုံခြုံကောင်းမွန်သောအသိုက်ကို ပြုလုပ်၍နေ၏။ တနေ့တွင် မိုးကြီးသည်းထန်စွာ ရွာလေရာ ရွှဲရွှဲစိုနေသော မျောက်တကောင်သည် လေတိုက် ခိုက်သောကြောင့် ခိုက်ခိုက်တုန်လျက် သိင်္ဂီလငှက်၏ အသိုက်အနီးသို့ ရောက်လာ၏။ ထိုမျောက်ကိုမြင်၍

"အိုမျောက်။ ။သင်၏ဦးခေါင်းခြေလက်တို့သည် လူကဲ့သို့ ဖြစ်ပါလျက်အဘယ့်ကြောင့် မိုးလုံလေလုံအိမ်ကလေးမျှ မရှိပါသနည်း'' ဟု မေးလေ၏။

ထိုအခါမျောက်က

"ငါ၏ကိုယ်အင်္ဂါတို့သည် လူကဲ့သို့ဖြစ်သော်လည်း ငါ့တွင် လူကဲ့သို့ ပညာမရှိသောကြောင့် လေလုံမိုးလုံ သိုက် ရိပ် မြုံ ကို မဆောက်နိုင်ပါ'' ဟု ဆို၏။

ထိုအခါ သိင်္ဂီလငှက်က ထိုမျောက်ကို ကဲ့ရဲ့ရှုံ့ချလိုက်သဖြင့်

"ဖွဲ့ပုံ၌စိုက်ထားသောသစ်ငုတ်ကဲ့သို့ မခိုင်မချည်မတည်ကြည်သောစိတ်ရှိသည့် အဆွေခင်ပွန်းကို ပြစ်မှား ဖျက်ဆီးလေ့ရှိထသော လုံ့လမကူအပျင်းထူသောစိတ်ရှိသည့် စူးစမ်းဆင်ခြင်ထင်မြင်တတ်သောဉာဏ်ပညာမရှိသည့် မမြဲမမြန် ဖောက်ပြန်

ပျက်စီးသောအကျင့်ရှိသောသူအား ကိုယ်စိတ်နှစ်ဖြာ ချမ်းသာသုခကို တခါတရံတခါမျှမရနိုင်ပေရာ။

အို၊ မျောက် သင်သည် ကြည့်ရှုစီစဉ် ဆင်ခြင်တတ်သောပညာကိုဖြစ်စေရန် လုံ့လပြုပါလော့၊ ဒုဿီလ၏အဖြစ်မျောက်တို့၏အလေ့အကျင့်မှထွက်မြောက်ပါစေလော့၊ လေမိုးမလာလုံခြုံစွာသော သိုက်မြုံနေရာကို ပြုပါလေလော့'' ဟုဆိုးမ၏။

**ငှက်သိုက်ကိုဆွဲငင်ဖျက်**

မျောက်သည် သိင်္ဂီလငှက်ပြောဆိုဆုံးမသော စကားကိုကြားလျှင် အမျက်ထွက်ခါ သိင်္ဂီလငှက်၏ အသိုက်ကို ဆွဲယူဖျက်ဆီးလေသဖြင့် အသိုက်ကိုစွန့်ခါ ထွက်ပြေးရရှာလေ၏။ ထိုမျောက်သည် ကျောင်းကိုမီးရှို့ဖျက်ဆီးသော ရဟန်းငယ်ဖြစ်၏။

''ချစ်သားတို့။ ။ ဤကဲ့သို့သောသူမိုက်နှင့် ပေါင်းသင်းဆက်ဆံ၍နေရခြင်းထက် တယောက်ထည်းနေရခြင်းကမြတ်သေးသည်'' ဟု မိန့်တော်မူပြီး

(၆၁) **စရဉ္စေ နာဓိဂစ္ဆေယျ၊ သေယျံ သဒိသမတ္တနော**
**ဧကစရိယံ ဒဠှံ ကယိရာ၊ နတ္ထိ ဗာလေ**
**သဟာယတာ။**

(၆၁) တရားကိုကျင့်သောသူသည် မိမိထက်မြင့်မြတ်သော သူကိုငှင်
မိမိနှင့်ညီမျှသောသူကိုငှင်း အကယ်၍မရခဲ့ငြားအံ့ အဖော်မမှီး
တယောက်ထည်းကျင့်ခြင်းကိုမြဲမြံစွာပြုရာ၏။ လူမိုက်၌မိတ်ဆွေ
မရှိ။

**(ဓမ္မပဒဗာလဝဂ် နှစ်ခုမြောက်အရှင်မဟာကဿပ၏**
**တပည့် ရဟန်းငယ်ဝတ္ထုပြီး၏)**

## ၅။ ဗာလဝဂ်

# ၃။ ကိုယ်ပိုင်ဥစ္စာ ဘယ်မှာရှိနတ္ထိ

## (အာနန္ဒာသဌေးကြီး ဝတ္ထု)

ငါ့သား၊ ငါ့သမီး၊ ငါ့ဇနီး၊ ငါ့ဥစ္စာ၊ ခံမင်စွာသော ဥာဏ်မရှိသည့် လူမိုက်သည် သားသမီး ပစ္စည်းဥစ္စာလျှော့ပါးမှာကို ကြောက်လန့်စိုးရိမ် ပူပန်ရသော်လည်း သေဘေးနှင့်တွေ့သောအခါ မိမိခန္ဓာကိုယ်ကို မျှယူငင်မသွားနိုင်ရှာ၊ ဥစ္စာ ပစ္စည်း သားသမီးကိုအဘယ်သို့ ယူငင်နိုင်ပါအံ့နည်း။

(ပုတ္တာမတ္တိ) အစရှိသော ဂါထာတော်အစဉ်ဖြင့် အာနန္ဒာ အမည်ရှိသဌေးကိုအကြောင်းပြု၍သာဝတ္ထိပြည်၌ဟောတော်မူ၏၊

### ဝတ္ထုကြောင်းကားဤသို့တည်း

သာဝတ္ထိပြည်၌ အာနန္ဒာအမည်ရှိသဌေးသည် မပေးမကမ်း၊ မလှူဒါန်းလို၊ အလှန်ဝန်တိုလျှိုဝှက်သော သဘောရှိပေ၏၊ မိမိ၏သား "မူလသိရိ"ကို တနေ့သုံးကြိမ်ဆုံးမသြဝါဒပေး၏။

"ချစ်သား ကုဋေလေးဆယ်ချမ်းသာသည်ကို မေ့ထားလိုက်ပါ၊ ကိုယ့်လက်ဝယ်ရောက်ရှိပြီး ပစ္စည်းကို ဘယ်သူ့ကိုမှ မပေးမကမ်းလေနှင့် ဝင်ငွေကိုသာ တိုးပွားအောင်ရှာပါ၊ တပြားတပြားသုံးပါများလျှင် မကြာခင် ကုန်ခမ်းတတ်သည်" ဟူ၍ ဆုံးမ၏၊ ဆွေမျိုးများနှင့်အခြားသူများ လှူဒါန်းသည်ကိုလည်း ရှုံ့ချကန့်ကွက်ပြောဆိုလေ့ရှိ၏။

နောက်ထပ် တိုးပွားလာသော ရွှေအိုးကြီးငါးလုံးကို သားဖြစ်သူအားပင် မပြောကြားဘဲ သက်တမ်းစေ့နေခါ တွန့်တိုသောစိတ်ဖြင့်သာလျှင် သေဆုံး၍သွားလေ၏၊ မင်းကြီးက မူလဘိရိကို သဌေးအရာ၌ထားလေ၏။

ဒွန်းစဏ္ဍားဘဝ

သာဝတ္ထိပြည်မြို့တံခါးအနီး တထောင်ခန့်လောက် နေကြသော အခစားလုပ်သော ဒွန်းစဏ္ဍားရွာ၌ ပဋိသန္ဓေတည်လေ၏၊ အာနန္ဒာသဌေး ပဋိသန္ဓေနေသည့်အချိန်မှစ၍ စုပေါင်းလုပ်ကြသော ဒွန်းစဏ္ဍား တထောင်တို့သည် လာဘ်တိတ်၍ သွားကြကုန်၏၊ အကြီးအမှူးပြုသူက ဘယ်သူ့ကြောင့်ဖြစ်သည်ကို သိရအောင် ငါးရာစီ ၂-စုခွဲ၍လုပ်စေရာအာနန္ဒာသဌေးပဋိသန္ဓေနေသော အစုသာလျှင် လာဘ်တိတ်ပြန်၏။

ဤသို့ဖြင့် ၂၅၀-စီ ခွဲ၍ခွဲ၍ အခစားလုပ်ရှာဖွေသမှုပြုကြရင်း၊ အာနန္ဒာသဌေး ပဋိသန္ဓေနေသော မိဘတို့သာကျန်တော့လေရာ မိခင်ဖြစ်သော ကိုယ်ဝန်အရင့်အမာနှင့် ဒွန်းစဏ္ဍားမကိုလင်လုပ်သူက သူယုတ်မာမဟု နှင်ထုတ်လိုက်၏။

မိခင်သည် ကိုယ်ဝန်ကိုလွယ်၍ တယောက်စာပင် မရနိုင်လောက်အောင် ဆင်းရဲပင်ပန်းစွာဖြင့် သားကိုဖွားမြင်ရရှာ၏။ မွေးလာသောသားမှာလည်း မဲမဲ ကြုတ်ကြုတ် အရုပ်ဆိုးကာခန္ဓာစွေစောင်း မြင်မကောင်းသော သားဖြစ်လေ၏။ မိခင်တို့မေတ္တာကား၊ သားကိုမစွန့်ပစ်နိုင်၊ သားကိုချီ၍ တောင်းစားသောနေ့မှာ တစွန်းတယောက်မမှမရ၊ သားကိုထားခဲ့ပြီးတောင်းရမ်းမှရရှာ၏။ မလှူရက်မတန်းရက် တွန့်တိုခဲ့မှုသည် ဤမျှအထိအဖြစ်ဆိုးပါ၏။

## သားကိုခွဲခွာလိုက်ရခြင်း

သားငယ်ကိုယ်တိုင် တောင်းရမ်းစားသောက်နိုင်ချိန် ရောက်သောအခါ ခွက်ငယ်တခုကိုပေး၍ ကိုယ်တိုင် တောင်းရမ်းစားသောက်လေလော့ဟု စေလွှတ်လိုက်၏။

လှည့်လည်တောင်းရမ်းရင်းက မိမိနေခဲ့ဘူးသော အိမ်ရှေ့သို့ ရောက်လျှင် ဘဝဟောင်းကို သိစွမ်းနိုင်သော ဇာတိဿရဉာဏ် ပေါ်လာ၍ အိမ်တွင်းသို့ဝင်သွား၏၊ စတုတ္ထတံခါးမုခ် ရောက်သည့်တိုင် ဘယ်သူမှမသိ၊စတုတ္ထတံခါးမုခ်တွင်မူလသီရိသဌေး၏ သားငယ်သည် သူတောင်းစားသူငယ်ကိုမြင်လျှင်ကြောက်လန့်၍ ငိုကြွေး၏၊ အစေခံအရှောက်တို့က မောင်းမဲရိုက်ပုတ်၍ အမှိုက်ပုံ၌ပစ်ထားလိုက်၏။

## ဘုရားသခင်နှင့် တွေ့ခြင်း

မြတ်စွာဘုရားသခင်သည် နောက်ပါ အရှင်အာနန္ဒာနှင့်သာ ဆွမ်းခံကြွတော်မူရာ၊ ထိုအရပ်သို့ရောက်လျှင် အာနန္ဒာမထေရ်ကို ကြည့်တော်မူ၏၊ အရှင်အာနန္ဒာက အကြောင်းအသို့ပါနည်းဟု မေးလျှောက်လျှင် မူလသီရိသဌေးကို ခေါ်တော်မူစေ၏၊ ဘုရားသခင်ရပ်တန့်တော်မူသည်ကိုမြင်၍ လူအပေါင်းတို့စုဝေးရောက်ရှိလာကြ၏။

မူလသီရိသဌေးရောက်လျှင် ဘုရားသခင်က ဤသူငယ်ကို သင်သိပါ၏လောဟုမေး၏၊ မသိပါဟုလျှောက်လျှင် သင်၏ဖခင် အာနန္ဒာသဌေးကြီးဖြစ်သည်ဟု မိန့်တော်မူ၏၊ မူလသီရိက မယုံကြည်၍ သင့်ဖခင်မြှုပ်နှံခဲ့သော ရွှေအိုးကြီးငါးလုံးကို သင့်အား ပြောကြားခဲ့ပါသလောဟု မေးတော်မူပြန်၏၊ မပြောကြားခဲ့လျှင် ဤသူငယ်ကို ကောင်းစွာမေးဘိလော့ဟု မိန့်တော်မူ၏။

သူငယ်ကို ကောင်းစွာပြုစုကျွေးမွေးပြီး မေးမြန်း၍ တူးဖေါ်သော် ရွှေအိုးကြီးငါးလုံးကိုရရှိသဖြင့် မူလသီရိသည် မြတ်စွာဘုရားသခင်အား ယုံကြည်မြတ်နိုးလှသဖြင့် သရဏဂုံကိုခံယူဆောက်တည်လေ၏။

ဘုရားသခင်က မူလသီရိသဋ္ဌေးအား ဟောကြားတော်မူလိုသဖြင့်=

(၆၂) ပုတ္တာ မတ္ထိ ဓနံမတ္ထိ၊
ဣတိ ဗာလော ဝိဟညတိ၊
အတ္တာဟ အတ္တနော နတ္ထိ၊
ကုတော ပုတ္တာ ကုတော ဓနံ၊

(၆၂) ငါ့အား သားသမီးတို့ရှိ၏။ ပစ္စည်းဥစ္စာတို့လည်းရှိ၏။ ဤသို့ အနိစ္စတရားကိုမမြင်နိုင်သောလူမိုက်သည် မိမိ၏ သားနှင့်သမီး ပစ္စည်းဥစ္စာလျော့ပါးပျက်စီးမှာကို စိုးရိမ်စွာပူပန်ရ၏။ ဤသို့ ပူပန်သော်လည်း သေလွန်သောအခါ မိမိကိုယ်ခန္ဓာမျှသည်း မပိုင်နိုင်ရှာသဖြင့် သားသမီးနှင့်ပစ္စည်းဥစ္စာကို ဘယ်လို့ဘယ်ပုံ မိမိပိုင်နိုင်ပါအံ့နည်း။

ဤဒေသနာတော်၏အဆုံးတွင် ရှစ်သောင်းလေးထောင်ကုန်သောသူတို့သည် အကျွတ်တရားကိုရကြကုန်၏။

(ဓမ္မပဒ ဗာလဝဂ် သုံးခုမြောက်အာနန္ဒာသဋ္ဌေးကြီးဝတ္ထုပြီး၏)

✲ ✲ ✲ ✲

## ၅။ ဗာလဝဂ်

# ၄။ အမြင်မတူသော သူခိုးနှစ်ယောက်

(ခိုးသူနှစ်ယောက်ဝတ္ထု)

ကိုယ် ကိုယ်ကိုမိုက်မှန်းသိလျှင်၊ ပညာရှိဖြစ်ရ
သေး၏။
ကိုယ့်ကိုယ်ကို ပညာရှိဟုထင်နေသော သူကို
ကား လူမိုက်စစ်စစ်ဖြစ်သည်ဟု ဆိုအပ်ပေ၏။

(ယောဗာလော)အစရှိသော ဒေသနာတော်ကို ဇေတဝန်ကျောင်းတော်၌ သူခိုးနှစ်ဦးတို့ကို အကြောင်းပြု၍ ဟောတော်မူ၏။

## ဝတ္ထုကြောင်းကား ဤသို့တည်း

ယင်းဝတ္ထုပြည်မှခါးပိုက်နှိုက်သူခိုးနှစ်ယောက်တို့သည် လူစည်ကားရာ ဇေတဝန်ကျောင်းတော်သို့သွား၍ တရားနာကြသူတို့အထဲတွင် ရောနှော၍နေကြရာ တဦးသောသူခိုးက အလစ်ကိုချောင်းကာ တရားနာသူတဦး၏ ပုဆိုးအစွန်၌ ငါးပဲသော အသပြာကိုနှိုက်ယူရလေ၏၊ တယောက်သောခါးပိုက်နှိုက် ကားမြတ်စွာဘုရားတရားတော်ကို ကြားနာရင်းကြည်ညိုသဒ္ဓါပွားရင်းသောတာပတ္တိဖိုလ်သို့ရောက်လေ၏။

ငါးပဲရသောခါးပိုက်နှိုက်၏ အိမ်မှာ ဟင်းရံတွေစုံစုံနှင့် ချက်ပြုတ်၍စားကြ၏၊ တရားနာသော သူခိုးအိမ်မှာ မချက်ပြုတ်ရ

သဖြင့် ‘ပညာရှိကြီးအိမ်မှာထမင်းမှမချက်ရရှာ’’ ဟုပြက်ရယ်ပြောဆို၏။ တရားနာခဲ့သောသူခိုးက ဤသူသည် အလွန်မိုက်မဲလျက်သူ့ကိုသူ ပညာရှိ အောက်မေ့နေသည်ဟု စိတ်တွင်းကဖြစ်ပေါ်၍နေ၏။

မြတ်စွာဘုရားထံ တရားနာကြားရန် သွားရောက် ရင်း ထိုအကြောင်းကိုလျှောက်ထားရာ ဘုရားသခင်က

(၆၃) ယော ဗာလော မညတိ ဗာလျံ၊
ပဏ္ဍိတော ဝါပိ တေန သော၊
ဗာလော စ ပဏ္ဍိတမာနီ၊
သ ဝေ ဗာလောတိ ဝုစ္စတိ။

(၆၃) အကြင်သူမိုက်သည် မိမိမိုက်မိသည်၏ အဖြစ်ကိုသိမြင်၏ ထိုသိသောကြောင့် ထိုသူမိုက်သည်ပညာရှိသော်လည်းဖြစ်ရသေး၏။ လူမိုက်ဖြစ်လျက် ပညာရှိသည်ဟုထင်မှတ်သော ထိုသူကိုဘကယ်မိုက်မဲသောသူဟူ၍ဆိုအပ်၏။

(ဓမ္မပဒ ဗာလဝဂ် လေးခုမြောက် ခိုးသူနှစ်ယောက်ဝတ္ထု ပြီး၏)

## ၅။ ယောက်မသည်ဟင်းအရသာကိုမသိနိုင်

### (အရှင်ဥဒါယီမထေရ်ဝတ္ထု)

ယောက်မသည် ဟင်း၏အရသာကို မသိနိုင်သကဲ့သို့ လူမိုက်သည် ပညာရှိအနီးမှာ အသက်ထက်ဆုံးနေသည့်တိုင် တရားမြတ်ကိုမသိမမြင်နိုင်ပေ။

(ယာဝဇီဝမ္ပိ စေ ဗာလော) အစရှိသောဒေသနာတော်ကို ဇေတဝန်ကျောင်းတော်၌ အရှင်ဥဒါယီမထေရ်ကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

### ဝတ္ထုကြောင်းကားဤသို့တည်း

အရှင်ဥဒါယီမထေရ်သည် မဟာထေရ်တို့ မရှိသည့်အခါ၊ တရားဟောပလ္လင်ထက်တက်၍ ထိုင်နေလေ့ရှိ၏။ တနေ့တွင် အဝေးမှရောက်လာသောရဟန်းတို့က ပညာရှိသော မဟာထေရ်တပါးဖြစ်တန်ရာ၏ဟု တရားသဘောဆွေးနွေးရာ တလုံးတပါဒမှမဖြေနိုင် အာဂန္တုက ဧည့်သည်ရဟန်းတို့သည်မြတ်စွာဘုရားနှင့် တကျောင်းတည်းနေပါလျက် ခန္ဓာအာယတန ဓာတ်ကိုမျှလည်း မသိမထင်လေဟု ကဲ့ရဲ့ရှုံ့ချကြပြီး ဘုရားသခင်ထံ လျှောက်ကြားကြ၏။

မြတ်စွာဘုရားက အာဂန္တုရဟန်းတို့အား ဟောကြားတော်မူလိုသည်ဖြစ်၍

(၆၄) ယာဝ ဇီဝမ္ပိ စေ ဗာလော၊
ပဏ္ဍိတံ ပယိရုပါသတိ။
န သော ဓမ္မံ ဝိဇာနာတိ၊
ဒဗ္ဗီ သူပရသံ ယထာ။

(၆၄) အသက်ထက်ဆုံး ပညာသတိမရှိသောသူမိုက်သည် ပညာရှိ၏ အနီး၌နေသော်လည်း ထိုသူမိုက်သည် တရားတော်ကို မသိ မမြင်နိုင် အဘယ်သို့နည်းဟူမူကား ထမင်း ဟင်း မွှေသည့် ယောက်မသည် ဟင်း၏အရသာကို တစိုးတစိမျှမသိနိုင်သကဲ့ သို့တည်း ဟု ဟောတော်မူ၏။

(ဓမ္မပဒ-ဗာလဝဂ်ငါးခုမြောက် အရှင်ဥဒါယီ၏ ဝတ္ထုပြီး၏)

※ ※ ※ ※

## ၅။ ဗာလဝဂ်

## ၆။ လျှာသည်ဟင်းအရသာကိုချက်ချင်းသိ၏

### (ဘဒ္ဒဝဂ္ဂီသုံးကျိပ်ဝတ္ထု)

လျှာသည်ဟင်း၏အရသာကို ချက်ခြင်းသိနိုင်သကဲ့သို့၊

လိမ္မာသောသူသည် ပညာရှိ၏စကားကို ချက်ခြင်းသိနိုင်၏

(မုဟုတ္တမပိ) အစရှိသော ပါဠိဂါထာ ဒေသနာတော်ကိုဇေတဝန် ကျောင်းတော်၌ ဘဒ္ဒဝဂ္ဂီညီနောင်သုံးကျိပ်တို့ကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

## ဝတ္ထုကြောင်းကားဤသို့တည်း

သာဝတ္ထိပြည် ပသေနဒီကောသလမင်းကြီး၏သား အမေကွဲညီနောင်သုံးကျိပ်တို့သည် မိမိတို့မယားများကိုခေါ်၍လွတ်လွတ်လပ်လပ်တောအုပ်တခုအတွင်း ပျော်ပွဲစားထွက်ခဲ့ကြ၏၊ မယားမရှိသူကပြည့်တန်ဆာမတယောက်ကိုခေါ်လာခဲ့ရာ ပြည့်တန်ဆာမက ပစ္စည်းများကို ခိုးယူထွက်ပြေးသဖြင့် လိုက်၍ရှာကြရင်း၊ မြတ်စွာဘုရားသခင်နှင့် လမ်းမှာတွေ့ပြီးတရားစကားဟောကြားဆုံးမတော်မူသဖြင့် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်အသီးသီးဖြစ်ကြပြီး ရဟန်းဘဝကိုတောင်းဆိုကြ၏။ဘုရားသခင်ကမင်းသားတို့၏ ရှေးအကြောင်းကို ကြည့်ရှုတော်မူ၍ "ဧဟိဘိက္ခု"ခေါ်တော်မူလျှင်မင်းသားအားလုံးတို့သည် ဆံမုတ်ဆိတ်ကွယ်ပျောက်လျက် သပိတ်ပရိက္ခရာစုံလင်စွာ ပေါ်ပေါက်ရရှိကြပြီး ဝါတော်ခြောက်ဆယ်ရ မထေရ်ကြီးတို့ကဲ့သို့တချိန်တည်း ရဟန်းဖြစ်ကြ၏။

ထိုသုံးကျိပ်သောရဟန်းတို့သည် တဆယ့်သုံးပါးသော ဓုတင်တို့ကိုကျင့်သုံးဆောက်တည်ကြပြီး ကာလကြာမြင့်လျှင် ဘုရားသခင်ရှိရာ ဇေတဝန်ကျောင်းတော်သို့ ကြွလာဖူးမြော်သောအခါ ဘုရားကိုယ်တော်မြတ်က "အနမတဂ္ဂသုတ်" ကို ထုတ် ဖော်ဟောကြားရာမှ အရဟတ္တဖိုလ်သို့ ရောက်ကြ၍ ရဟန္တာဖြစ်ကြကုန်၏။

## ဥာဏ်ကောင်းရသည့်ရှေးကအကြောင်း

ရဟန်းတို့သည် ဤဘဒ္ဒဝဂ္ဂီ သုံးကျိပ်တို့သည် လျှင်မြန်ချက်ခြင်း ထိုးထွင်းသိမြင်ကြသည်မှာ အံ့ဘွယ်ရှိပေစွဟု ပြောကြားကြသည်ကို ဘုရားသခင် ကြားတော်မူလျှင် ချစ်သားတို့

ထိုဘဒ္ဒဝဂ္ဂီသုံးကျိပ်တို့သည် ရှေးအခါက သေသောက်ကျူး သုံးကျိပ်ဘဝတွင် မဟာတုဏ္ဍိလ အမည်ရှိသော ဝက်မင်း၏ တရားကိုကြားနာရ၍ ချက်ခြင်းပင် ငါးပါးသော သီလကို ဆောက်တည်ခဲ့ကြသောအကျိုးဆက်ကြောင့် ယခုအခါ တထိုင် တည်းမှာပင် အရဟတ္တဖိုလ်သို့ ရောက်ကုန်၏ဟု မိန့်တော်မူပြီး ဒေသနာတော်ဂါထာကို ဟောကြားတော်မူရာတွင်

**(၆၅) မုဟုတ္တ မပိ စေ ဝိညူ ပယိရုပါသတိ။ ခိပ္ပံ ဓမ္မံ ဝိဇာနာတိ၊ ဇိဝှာ သူပရသံ ယထာ။**

(၆၅) တခဏမျှပင် သိကြားလိမ္မာသောသူသည် မိမိထက် ပညာရှိ တို့ကို ဆည်းကပ်ခဲ့ပါအံ့လျှာသည် ဟင်း၏အရသာကိုချက်ခြင်း သိသကဲ့သို့ ထိုဆည်းကပ်အပ်သောလိမ္မာသောသူသည်တရား မြတ်ကိုလျင်မြန်စွာ အမှန်ဘည့်တည့်သိပေ၏။

ဟူ၍ဟောတော်မူသောအဆုံး၌ များစွာသောရဟန်းတို့သည် အရဟတ္တဖိုလ်သို့ ရောက်ကုန်ကြ၏။

**(ဓမ္မပဒဗာလဝဂ် ခြောက်ခုမြောက် ရဟန်းသုံးကျိပ်ဝတ္ထုပြီး၏)**

၅။ ဗာလဝဂ်

## ၇။ မိမိသည်ပင်မိမိရန်သူ၊

(သုပ္ပဗုဒ္ဓ လူနူ ဝတ္ထု)

**သတ္တဝါတို့သည် ခါးစပ်သော မကောင်းမှုတို့၏ အကျိုးအာနိသင်ကို ကျင်လည်ခံစားတတ်ကြရ၏။**

(စရန္တိ ဗာလာ ဒုမ္မေဓာ)၊ အစဖြာသော ဒေသနာတော်ကို ရာဇဂြိုဟ်ပြည်ဝေဠုဝန်မင်းကျောင်း၌ သုပ္ပဗုဒ္ဓလူနူကိုအကြောင်းပြု၍ ဟောကြားတော်မူသည်။

### ဝတ္ထုကြောင်းကားဤသို့တည်း

ရာဇဂြိုဟ်ပြည်ကြီး၌ အထီးကျန်တောင်းရမ်း စားသောက်နေရသော သုပ္ပဗုဒ္ဓအမည်ရသည့် လူနူတယောက်ရှိ၏။ တနေ့တွင် လှည့်လည်တောင်းရာ မျှတရုံလောက်ပင်မရသေး၍ ဆက်လက် လှည့်လည်ပြန်၏။

ဘုရားသခင် တရားဟောတော်မူရာ အရပ်၌ လူစုံ လူဝေးကို မြင်၍ တောင်းရမ်းရန်သွားရာမှ ဘုရားသခင်၏ တရားတော်ကို နာကြားလို၍ ပရိသတ်အစွန်အဖျားမှ တရားတော်ကို နာကြားလေ၏၊ သဗ္ဗညုသခင်ဘုရားရှင်သည် သုပ္ပဗုဒ္ဓလူနူကို မြင်တော်မူ၍ ရည်ညွှန်းတရားဟောကြားတော်မူလေရာ သောတာပတ္တိဖိုလ်၌တည်လေ၏။

ချက်ချင်းပင် မိမိရအပ်သောဘုရားကို မြတ်စွာဘုရားအား လျှောက်ကြားလိုပါသော်လည်း ပရိသတ်ထဲမတိုးရဲ၍ မြတ်စွာ ဘုရားကျောင်းတော်သို့ ပြန်ကြွသွားစဉ် ခပ်ဝေးဝေးမှ ခွာကာ နောက်မှအစဉ်လိုက်လေ၏။

## ဥစ္စာခုနစ်ဖြာကြွယ်ဝပါသော သုပ္ပဗုဒ္ဓ

သိကြားမင်းသည် သုပ္ပဗုဒ္ဓလူနူ၏အဖြစ်ကိုမြင်၍ စူးစမ်းအံ့ ဟုကြံပြီးလျှင် လူနူ၏သွားရာလမ်းခရီးရှေ့ ကောင်းကင်မှ ရပ် တည်လျက်၊

"အချင်းသုပ္ပဗုဒ္ဓ၊ သင်သည်ဆင်းရဲလှစွာ ဒုက္ခိတသတ္တဝါဖြစ်၍ သင့်အားငါသနားလှသည်၊ ချက်ချင်း ချမ်းသာကြွယ်ဝအောင် အပိုင်းအခြားမရှိသော ပစ္စည်းဥစ္စာ ရတနာတို့ကိုပေးမည်၊ သင် သည် ဘုရားကိုဘုရားမဟုတ်၊ တရားကိုတရားမဟုတ်၊ သံဃာကို သံဃာမဟုတ်၊ ဘုရားကိုအလိုမရှိ၊ တရားကိုအလိုမရှိ၊ သံဃာကို အလိုမရှိဟု ကြွေးကြော်လေလော့"ဟု ပြော၏။

သုပ္ပဗုဒ္ဓက "သင်အသူနည်း"ဟု မေးလျှင် "ငါသိကြား မင်း"ဟု ဖြေ၏။

"အသင်သိကြား၊ အလွန်မိုက်မဲလှစွာတကား၊ သင်သိကြား နှင့် ငါစကားမပြောလို၊ ငါ့အားဆင်းရဲလှစွာ ဒုက္ခိတသတ္တဝါဟု ဆို၏၊ ငါသည် ချမ်းသာခြင်းအတွက် အထွဋ်အထိပ်သို့ရောက် အောင် ကြွယ်ဝသည်ကို သင်မသိသလော"

ငါ့တွင်-

(၁) ရတနာသုံးပါး၌ မြတ်နိုးယုံကြည်သော "သဒ္ဓါ"ဟူသော ဥစ္စာ။

(၂) ဝါရိတ္တ၊ စာရိတ္တနှစ်ဖြာပြည့်ဝ "သီလ" ဟူသော ဥစ္စာ။

(၃) မကောင်းမှုပြုရန်ရှက်ကြောက်သော"ဟိရိ" ဟူသော ဥစ္စာ။

(၄) မကောင်းမှုကိုလန့်တတ်သော "ဩတ္တပ္ပ" ဟူသော ဥစ္စာ။

(၅) အကြားအမြင်များသည့် "သုတ" ဟူသော ဥစ္စာ။

(၆) အစွမ်းရှိသလောက် ချီးမြှောက် ပေးကမ်း စွန့်ကြဲလိုသည့် "စာဂ" ဟူသော ဥစ္စာ။

(၇) အမှန်ကိုသိတတ်သော "ပညာ"ဟူသော ဥစ္စာ။

ဤခုနစ်ဖြာသော ဥစ္စာတို့သည် သူတော်ကောင်းတို့တွင်သာ ပိုင်ဆိုင်နိုင်၏၊ အသင်သိကြားမင်း -ငါ့တွင် သူတော်ကောင်း ဥစ္စာခုနစ်ခုတို့သည် ထင်ရှားလက်မိရရှိထားပြီဖြစ်၏၊ ထိုသူတော်ကောင်းဥစ္စာ ခုနစ်ဖြာတို့ဖြင့် ငါသည် ချမ်းသာခြင်း အထွဋ်အထိပ်သို့ရောက်နေပြီကို သင်မသိသလော"ဟု မေး၏။

သုပ္ပဗုဒ္ဓလူနူ၏ တရားစကားကို ကြားရသောအခါ သိကြားမင်းသည် အလျင်အမြန် ရှေ့ကသွားနှင့်၍ ဘုရားသခင်အား အကြောင်းစုံလျှောက်ထားသောအခါ မြတ်စွာဘုရားက

"တကာတော်ကဲ့သို့သော သိကြားအရာအထောင်၊ အသောင်းအသိန်းပင်ဖြစ်သော်လည်း ဘုရားတရားသံဃာတို့၌ ယုံမှားအောင်ပြုခြင်းငှာ မစွမ်းနိုင်"ဟု မိန့်တော်မူ၏။

## ဘီလူးမက သတ်လိုက်ခြင်း

သုပ္ပဗုဒ္ဓလူနူသည်မြတ်စွာဘုရားသခင်ထံသို့သွားပြီး ပဋိသန္ထာရ စကားဝမ်းမြောက်စွာ လျှောက်ထားပြီး အထံတော်မှ တရွေ့ရွေ့ဖဲသွား၏။

မကြာမြင့်မီပင် သွားငယ်၏မိခင် နွားမတကောင်သည် သုပ္ပဗုဒ္ဓအား ဦးချိုဖြင့် ဝှေ့လေသဖြင့် သေရရှာလေ၏၊ထိုနွားမကား နွားမအစစ်မဟုတ် ဘီလူးမတည်း၊ ထိုဘီလူးမသည်-ပက္ကုသာတိမင်း၊ ဒါရုစိပရိဗိုဇ်၊ ကမ္ဗဒါမိက ခိုးသတ်ယောကျ်ား၊ ဤလေးဦးတို့ကို ဘဝတရာစီတွင် နွားမယောင်ဆောင်၍ သတ်ခဲ့သတည်း။

## ပြည့်တန်ဆာမ၏ ဆုတောင်း

ပက္ကုသာတိမင်း၊ ဒါရုစိပရိဗိုဇ်၊ တမ္ဗဒါမိက ခိုးသတ်ယောကျ်ား သုပ္ပဗုဒ္ဓလူနူ၊ ဤလေးယောက်တို့သည် တခုသောဘဝတွင် သဌေးသား သူငယ်ချင်းလေးယောက် ဖြစ်ခဲ့လေ၏၊ တနေ့တွင်ပြည့်တန်ဆာမတယောက်ကို အသပြာတထောင်ပေး၍ ခေါ်ယူ ပျော်ပါးကြပြီးနောက်၊ သူငယ်ချင်းလေးယောက်က အသပြာတထောင်မပေးရလေအောင် ပြည့်တန်ဆာမအားသတ်ပြီး သူ့တွင်ပါသော လက်ဝတ်လက်စားများကို ဖြုတ်ယူရန်

တိုင်ပင်ကြ၏။ ထိုတိုင်ပင်ခြင်းကို အခန်းတွင်းရှိ ပြည့်တန်ဆာမကြားလေသော် ငါကားပြေး၍ မလွတ်သာတော့ဟု ထိုသူတို့ မရောက်လာမီပင်။

"ဤရက်စက်ကြမ်းကြုတ်သောသူတို့သည် ငါ့အားအကယ်သတ်ခဲ့ပါက ငါသည် ဘီလူးမဖြစ်ပြီး ဖြစ်လေရာဘဝတိုင်း၌ ထိုသူတို့အား ပြန်၍ သတ် နိုင် သည် သာ ဖြစ် ရ ပါ လို ၏" ဟု ဆုတောင်းခဲ့၏။

ထိုအကျိုးဆက်ကြောင့် ထိုပုဂ္ဂိုလ်လေးဦးတို့ကို ဘီလူးမသည် သားသည်မိခင်နွားမယောင် ဆောင်၍သတ်ခဲ့သတည်း။

## သုပ္ပဗုဒ္ဓ တာဝတိံသာသို့ရောက်ခြင်း

ရဟန်းတို့က သုပ္ပဗုဒ္ဓဒါယကာ နွားမဝှေ့၍ သေလွန်ရကြောင်းကိုသိလျှင် မြတ်စွာဘုရားထံ ချဉ်းကပ်၍ ထိုဒါယကာသည် မည်သို့သောတရားအထူးကိုရပါသနည်း၊ အဘယ်ဂတိသို့ လားရောက်ရပါသနည်းဟု မေးလျှောက်ကြ၏။

ဘုရားသခင်က သုပ္ပဗုဒ္ဓသည် သောတာပတ္တိဖိုလ်သို့ ရောက်၍ ယခုသေလွန်ရာဝယ် တာဝတိံသာနတ်ပြည်၌ လားကပ်၍ဖြစ်သတည်းဟု မိန့်တော်မူ၏။

## ဝစီဘေဒ ထိတိုင်းရှ

"အရှင်မြတ်ဘုရား၊ ထိုဒါယကာသည် ဤမျှအထိဥပနိဿယနှင့်ပြည့်စုံပါလျက် အဘယ့်ကြောင့်ဆင်းရဲလှစွာ နူနာရောဂါသည်ဘဝ ရောက်ရပါသနည်း"ဟု မေးလျှောက်ပြန်လျှင်၊

"ချစ်သားရဟန်းတို့! ထိုဒါယကာသည် ရှေးလွန်လေသော အခါ ဤရာဇဂြိုဟ်ပြည်မှပင် ချမ်းသာလှသော သဌေးသား အဖြစ်၌ ဆွမ်းခံဝင်ကြွလာသော တဂ္ဂရသိခီ ပစ္စေကဗုဒ္ဓါ အရှင်မြတ်ကိုတွေ့ကြသည့်အခါ ဥစ္စာမာနကြောင့် ဤချုပ်ရိုးအစပ်စပ် ညစ်ညမ်းသော အဝတ်ဖြင့် တောင်း ရမ်း စား သောက် သော သူယုတ်မာကို တွေ့ရခြင်းသည်မကောင်း၊ ကုဋ္ဌနူနာရောဂါသည်နှင့် တူလှတော့သည်ဟု မြည်တမ်းဆဲရေးတံတွေးဖြင့် ထွေးခဲ့၏။

ဤမကောင်းမှုကံကြောင့် ငရဲသို့ကျရောက်ပြီး ကံကြွင်းသည် ယခုဘဝတိုင်အောင်လိုက်ပါလျက် တောင်းရမ်း စားသောက်ရသော လူနူ၏အဖြစ်သို့ ရောက်ရပေ၏ဟု ဓမ္မဒေသနာတော်ကို ဟောကြားတော်မူလိုသောကြောင့်၊

**(၆၆) စရန္တိ ဗာလာ ဒုမ္မေဓာ၊ အမိတ္တေနေဝ အတ္တနာ။**
**ကရောန္တာ ပါပကံ ကမ္မံ၊ ယံ ဟောတိ ကဋုကပ္ဖလံ။**

(၆၆) အကြင်ကံသည် စပ်ပူလောင်သော အကျိုးရှိသည်ဖြစ်၏၊ ယုတ်မာသော ထိုကံကိုပြုလုပ်သော ပညာမဲ့သည့် လူမိုက်တို့သည် မိမိသည်ပင် မိမိ၏ရန်သူဖြစ်၍ ဘဝထိုထိုကျင်လည်ကြရကုန်၏။

(ဓမ္မပဒ ဗာလဝဂ် ခုနစ်ခုမြောက် သုပ္ပဗုဒ္ဓလူနူဝတ္ထုပြီး၏)

※ ※ ※ ※

## ၅။ ဗာလဝဂ်

## ၈။ အဆိပ်ကိုင်မိသော လယ်ထွန်ယောက်ျား

**တစုံတခုသောအမှုကိုပြုပြီး၊ နောင်တတဖန်ပူပန်ရ၏။ ထိုကံ၏ဝိပါကကို ခံစားရ၏၊ ထိုမကောင်းမှုကို မပြုအပ်ပေ။**

(နတံ ကမ္မံ ကတံသာဓု) အစပြုသော ဒေသနာတော်ကို ဇေတဝန်ကျောင်းတော်၌ ဟောကြားတော်မူ၏။

### ဝတ္ထုကြောင်းကားဤသို့တည်း

သာဝတ္ထိပြည်ကြီး၏ မနီးမဝေးတွင် လယ်သမားတဦးလယ်ထွန်နေ၏၊ သူခိုးတို့သည် ရေထုတ်သောပြွန်မှ သာဝတ္ထိမြို့တွင်းသို့ဝင်၍ သဌေးတဦး၏အိမ်မှ ပစ္စည်းဥစ္စာရတနာများကိုဖေါက်ထွင်းခိုးယူပြီး ထိုရေပြွန်မှပင် မြို့ပြင်သို့ပြန်ထွက်ခဲ့၏၊ တယောက်သော သူခိုးက ရလာသည့် အသပြာတထောင်ထုပ်ကို ပုဆိုးအောက်ပေါင်ကြားတွင် ဝှက်၍ထား၏၊ လယ်သမား လယ်ထွန်ရာအနီးတွင်ထိုင်၍ ဝေစုခွဲယူကြပြီး ပေါင်ကြားတွင်ဝှက်၍ထားသော အသပြာတထောင်အိတ်ကို သတိမရထ၍သွားရာအသပြာထောင်အိတ်မှာ ကျ၍ကျန်ခဲ့၏။

### ဘုရားသခင် မြင်တော်မူခြင်း

မြတ်စွာဘုရားသခင်သည် မိုးသောက်ယံကာလ လောကကိုကြည့်ရှုလတ်သော် လယ်ထွန် ယောက်ျားကို မြင်တော်မူ၏၊ သောတာပတ္တိဖိုလ်ကို ရအံ့သော ဥပနိဿယျသည် ရှိ၏၊ သို့သော်

မကြာမီ ဘေးတွေ့ပေတော့အံ့၊ ထိုအရပ်သို့ ကြွသွားသင့်သည်ဟု မြင်တော်မူသည့်အလျောက် အာနန္ဒာမထေရ်နှင့်တကွ ကြွတော်မူ၏။

## သည်ဟာအဆိပ်

လယ်သမားသည် နံနက်စောစောပင် လယ်တောသို့ ရောက်နေ၏၊ ဘုရားသခင်ကိုမြင်တော်မူလျှင် ကြည်လင်ညွတ်လျှိုးရှိခိုးပြီးနောက် လယ်ကိုဆက်လက် ထွန်နေ၏၊ မြတ်စွာဘုရားသည် တစုံတရာမိန့်တော်မမူပဲ အသပြာတထောင်အိတ် ကျရာနေရာသို့ သွား၍ချစ်သားအာနန္ဒာ(ပြင်းစွာသောအဆိပ်ကိုမြင်၏လော)ဟု မေးတော်မူ၏၊ အရှင်အာနန္ဒာက၊ မြင်ပါ၏ဘုရားဟုလျှောက်၏၊ မြတ်စွာဘုရားလည်း ကြွသွားတော်မူ၏။

လယ်သမားသည် ဤနေရာ၌ အဆိပ်ပြင်းသော မြွေရှိသည်ငါ့မှာ နေ့ညမဟူ လယ်တောတွင် သွားလာနေရသူ ဖြစ်သည် ထိုမြွေကို ဖယ်ရှားအံ့ဟု ထိုနေရာသို့ လာရောက် ရှာဖွေသော် အသပြာတထောင်အိတ်ကိုတွေ့၏၊ လယ်သမားတွင် ဆင်ခြင်နိုင်သော ဥာဏ်မရှိသည်ဖြစ်၍ အားရဝမ်းသာ ငွေအိတ်ကိုကောက်ယူခါ မိမိလယ်ထွန်ရာအနီးတွင် မြေကိုယက်၍ ငွေထုပ်ကိုဝှက်ထားပြီး လယ်တွန်မြဲထွန်နေ၏။

## လယ်သမား သေဒဏ်ပေးခံရခြင်း

လူအပေါင်းတို့သည် နံနက်လင်း၍ ဥစ္စာရတနာများပျောက်ဆုံးသည်ကိုသိလျှင် ခြေရာခံ၍လိုက်ကြရင်း လယ်တောသို့ရောက်လာ၏၊ လယ်တောတွင် သူခိုးများခဝစုခွဲရာနေရာကိုတွေ့ကြပြီး

ဆက်လက်ခြေရာခံကြပြန်ရာ၊ လယ်သမား မြှုပ်ထားသော ငွေအိတ်ကို တူးဖော်ရရှိကြ၍ လယ်သမားအား ခိုးမှုဖြင့်စွဲဆို၏၊ လယ်သမားအား ခိုးမှုဖြင့်ပင် သေဒဏ်ပေးလိုက်၏။

လယ်သမားကို လက်ပြန်ကြိုးတုပ်ပြီးသော် ကြိမ်ဒဏ်ခတ်၍ သုသာန်သို့ထုတ်လေရာ လယ်ထွန်သမားသည် မြတ်စွာဘုရားကိုငင်း၊ ညီတော်အာနန္ဒာကိုငင်း၊ တမ်းတ၍သွား၏၊အာဏာသားတို့လည်း ထိုအကြောင်းကို မင်းကြီးကိုလျှောက်ကြားလေသော် ရှေ့တော်သို့ သွင်းစေ၍ မင်းကြီးကိုယ်တိုင် အကြောင်းစုံကိုမေး၏၊ လယ်သမားက ကျွန်တော်မျိုးသည် ခိုးသူမဟုတ်ပါ၊ လယ်အလုပ်ကိုကောင်းစွာ လုပ်ကိုင်သူသာ ဖြစ်ပါသည်၊ ထိုနေ့က လယ်ထွန်နေစဉ် မြတ်စွာဘုရားသခင်ကြွလာတော်မူပြီး ထိုနေရာသို့ရောက်သောအခါ အရှင်အာနန္ဒာအား ပြင်းစွာသောအဆိပ်ကို မြင်၏လောဟုမေးတော်မူပါသည်၊ အရှင်အာနန္ဒာက မြင်ပါ၏အရှင်ဘုရားဟု လျှောက်ထား၍ ဆက်လက် ကြွသွားတော်မူကြပါသည်၊ ကျွန်တော်မျိုးလည်း ဤနေရာဤအရပ်သို့နေ့ညမဟူ သွားလာနေရသူဖြစ်၍ အဆိပ်ထန်သော မြွေဆိုးကိုရည်ညွှန်းမိန့်ဆိုတော်မူသည်အထင်ရောက်၍ ထိုအဆိပ်ထန်သောမြွေကိုဖယ်ရှားရန်သွားသောအခါ ဤအသပြာ တထောင်အိတ်ကိုတွေ့ရှိရပါသည်။ အသပြာတထောင်အိတ်ကို မြင်သောအခါဘုရားသခင်ရည်မှတ်မိန့်ဆိုသော အဆိပ်ကိုသတိမရ၊ လောဘဇောဖုံးလွှမ်းသည်ဖြစ်၍ ငွေအိတ်ကိုကောက်ယူပြီး မိမိ လယ်ထွန်ရာအနီးတွင် မြေကို ယက်၍ ကွဲဝှက်ထားမိခဲ့ပါသည်၊ ယခုမင်းပြစ်မင်းဒဏ်၊ သေအံ့သော ဘေးရောက်သည့်အခါမှ ဘုရားသခင်နှင့် အရှင်အာနန္ဒာတို့ မိန့်ကြားသော သည်းထန်သည့်

အဆိပ်အစစ်အမှန်ဖြစ်ကြောင်း ဒိဋ္ဌထင်ထင် သိမြင်ရပါသောကြောင့် တမ်းတငိုကြွေးခြင်းဖြစ်ပါသည်ဟုဘုရင်မင်းမြတ်အား လျှောက်ထား၏။

## သေဘေးမှလွတ်၍ သောတာပတ္တိဖိုလ်သို့ရောက်ပုံ

ဘုရင်မင်းမြတ်သည် လယ်ထွန်သမားစကားကိုကြားရလျှင် သေဒဏ်ကိုခေတ္တဆိုင်းငံ့စေ၍ ညချမ်းအခါ လယ်သမားကိုခေါ်ပြီး ဘုရားကျောင်းတော်သို့သွား၍ လယ်သမား ပြောသည်တို့ကိုလျှောက်ထား၏၊ "ဘုရားသခင်က အော်-ဟုတ်ပေ၏တကာတော်မင်းကြီး၊ ငါဘုရားသည် ကြွသွားပြီး ဤစကားပြောကြားခဲ့ပေသည်ဟုမိန့်တော်မူပြီးလျှင် တရားတော်ကိုဟောကြားတော်မူလိုသောကြောင့်၊

(၆၇) န တံ ကမ္မံ ကတံ သာဓု၊ ယံ ကတွာ အနုတပ္ပတိ။
ယဿ အဿုမုခေါ ရောဒံ၊ ဝိပါကံ ပဋိသေဝတိ။

(၆၇) အကြင်သို့သောအမှုကို ပြုပြီးနောက်နောင်တတဖန် ပူပန်ရ၏။ မျက်ရည်စီးယိုငိုကြွေးရ၏။ ထိုသို့သောအမှုကံ၏ဝိပါကကိုခံစားရသောအမှုကို ပြုခြင်းသည်မကောင်း။ ဒေသနာတော်၏ အဆုံးတွင် လယ်ထွန်ယောကျ်ားသည် သောတာပတ္တိဖိုလ်သို့ရောက်လေ၏။

(ဓမ္မပဒ ဗာလဝဂ် ရှစ်ခုမြောက်သောလယ်ထွန်ယောကျ်ားဝတ္ထုပြီး၏)

## ၅။ ဗာလဝဂ်

# ၉။ အသက်ကိုရင်း၍ လှူဒါန်း

## (သုမနပန်းသည် ဝတ္ထု)

**ဘစုံတခုသောအမှုကိုပြုပြီး အောက်မေ့တိုင်း အောက်မေ့တိုင်း နှစ်သက်ဝမ်းသာရ၏၊ ထိုအမှုကို ပြုအပ်ပေ၏။**

(တဉ္စကမ္မံကတံသာဓု)အစခံသော သုတ္တန် ဒေသနာတော်ကို ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ ဟောတော်မူ၏။

### ဝတ္ထုကြောင်းကားဤသို့တည်း။

ရာဇဂြိုဟ်ပြည်မှ ဗိမ္ဗိသာရမင်းကိုနံနက်တိုင်း ရှစ်ကွမ်းစားမျှသောမလေးပန်းဆက်သရသော သုမနပန်းသည်သည် ဘုရင်မင်းမြတ်အတွက်ပန်းများကို ယူဆောင်လာစဉ် မြတ်စွာဘုရားသခင်သည် နောက်ပါ သံဃာတော်များနှင့် ရောင်ခြည်တော်ခြောက်သွယ်ကို ထွန်းလင်းစေလျက် ဆွမ်းခံကြွတော်မူလာသည်ကို လမ်းခရီးတွင် ဖူးမြင်ရ၏။

ပါရမီအဟုန် ပြီးပြည့်စုံသော သုမနပန်းသည်သည်ရှု၍မငြီးတင့်တယ်ပြီးသော မြတ်စွာဘုရား အသရေတော်ကို ဖူးမြော်ရလျှင်ပင် ကြည်လင်သဒ္ဓါ ပွားများခါနှင့်လှူဒါန်းရာအရာဝတ္ထုတို့ကိုကြံစည်ကြည့်ရှုပြီးလျှင် ငါ့တွင်ပါလာသော မုလေးပန်းတို့ဖြင့် ပူဇော်မည်ဟုကြံ၏။

တဖန်ပြန်၍စဉ်းစားကြည့်ပြန်သော် "ဘုရင်မင်းမြတ်ထံ ဆက်သွင်းနေကျဖြစ်သောပန်းတို့ဖြင့် ပန်းတော်ဆက် ပျက်ကွက်လျှင် ငါ့ကိုဖမ်းဆီး ထောင်ချသော်လည်းချရာ၏၊ ပြည်နှင်ဒဏ် သော်လည်းပေးရာ၏၊ သတ်သော်လည်း သတ်ရာ၏" ဟု စဉ်းစားမိပြန်၏။

သို့ပါသော်လည်း မြတ်စွာဘုရားသခင်အား ကြည်ညိုသောစိတ်ကလွှမ်းမိုးလျက် သဒ္ဓါတရား တားဆီးမရ၊ "ဤပန်းကို လှူသဖြင့် ဘုရင်က သတ်သော်လည်းသတ်စေ၊ ပေးသမျှဒဏ်ကို ငါခံတော့မည်၊ ဘုရားသခင်ထံ ငါ့အသက်ကိုလှူ၍ဤပန်းတို့ဖြင့် ပူဇော်အံ့" ဟု ယတိပြတ် ဆုံးဖြတ်ပြီးနောက် နှစ်သက် ဝမ်းသာ တက်ကြွသောသဒ္ဓါတရားဖြင့် မြတ်စွာဘုရားရှေ့တော်မှ ပန်းနှစ်ဆုပ်ကို အထက်သို့ကြဲမြှောက်၍ပူဇော်ရာ ပန်းတို့သည် ဘုရားသခင်၏ ဦးထိပ်၌ မျက်နှာကြက်ဗိတာန်ဖြစ်ကုန်၏။

နောက်ထပ်ပန်းနှစ်ဆုပ်တို့ကို ကြဲဖြန့်ပူဇော်ပြန်သော် ဘုရားသခင်၏ လက်ျာ နံပါးမှအောက်သို့ တွဲလျားကျ၍တည်၏၊ နောက်နှစ်ဆုပ် ကြဲဖြန့်ပြန်သော် ဘုရားသခင်၏ အနောက်၌ တွဲလျားကျတည်နေ၏၊ ထိုနောက် ပန်းနှစ်ဆုပ်တို့သည်လက်ဝဲနံပါး၌ တွဲလျားကျ၍တည်နေပြန်၏၊ ဤသို့ရှစ်ကွမ်းစားမျှသော ပန်းရှစ်ဆုပ်တို့သည် ပန်းကွန်ရက်ကဲ့သို့ဖုံးအုပ်ဝန်းရံလျက် အညှာရိုးတန်တို့သည် အတွင်း၌နေပြီး ပွင့်ချပ်တို့သည် အပြင်သို့ လှည့်လျက်တည်နေ၏။ ဘုရားသခင်၏ရှေ့တူရူ၌မူ တံခါး ကဲ့ သို့ ဟင်းလင်းပွင့်လျက်ဘုရားသခင်ကြွသွားတော်မူရာသို့ပန်းဆိုင်းတို့သည်လိုက်ပါသွားကြ၏၊ ရပ်တော်မူသော် ပန်းဆိုင်းတို့ရပ်၏။

မြတ်စွာဘုရား၏ကိုယ်တော်မှရောင်ခြည်တော် ခြောက်သွယ်တို့သည် ကွန့်မြူးလျက် အထူးပင်တင့်တယ်တော်မူလေ၏။

ရာဇဂြိုဟ်တမြို့လုံး အုတ်အော်သောင်းသောင်းဖြစ်၍ အိမ်မှထွက်၍လှူဒါန်းဘွယ်ရာတို့ကို လှူဒါန်းကြ၏၊ နောက်မှလိုက်လျက်ဖူးမြော်ကြကုန်၏၊ မြတ်စွာဘုရားသည် သုမနပန်းသည်၏ ဂုဏ်ကျေးဇူးထင်ရှားစေခြင်းငှာ သုံးဂါဝုတ်မျှရှိသောမြို့တွင်းလမ်းမကြီးသို့ကြွတော်မူ၏၊ သုမနပန်းသည်လည်း မိမိအလှူအတွက်ကြီးစွာသောပီတိဖြင့် မြတ်စွာဘုရားနှင့်အတူလိုက်ပြီးသော်၊ ပန်းမပါသောခြင်းကိုသာယူ၍ အိမ်သို့ပြန်လေ၏။

## မိန်းမသဘော စောကြောကြည့်သော်

သုမနပန်းသည်သည်အိမ်ပြန်ရောက်သော် ဘုရင်အား ဆက်သမည့်ပန်းတို့ကိုမမြင်၍ မယားဖြစ်သူကမေး၏၊ ''သင်မကြားဘိသလော ငါ၏ပန်းအလှူကြောင့် ရာဇဂြိုဟ်ပြည်တမြို့လုံးအုံးအုံးကျက်ကျက်ဖြစ်သည်မျှမကြားလေသလော၊ ငါသည် ပန်းတို့ကိုမြတ်စွာဘုရားအားလှူဒါန်းခဲ့ပြီး မဖြစ်စဘူး အံ့ဘွယ်သရဲဖြစ်လေသည်''ဟုမယားကိုအားရဝမ်းသာပြော၏၊မယားကထိုစကားကိုစိတ်မဝင်စား အထိတ်တလန့်ဖြင့် မင်းကြီးကိုပန်းမဆက်နိုင်လျှင်မည်သို့ဖြစ်မည်နည်းဟုမေး၏၊ ငါ့အားသတ်လိုလျှင် သတ်စေတော့ဟုဆုံးဖြတ်ပြီးမှလှူဒါန်းကြောင်းကိုပြောလေလျှင်မယားကခင်ပွန်းသုမနကို ဆဲဆိုရေရွတ်လျက် မင်းတို့မည်သည် အမျက်တကြိမ်ထွက်ရုံနှင့် ခြေလက်တို့ကိုဖြတ်တတ်၏၊ သင့်ကြောင့်ငါတို့အသေမခံနိုင် သင့်ကိုကွာရှင်း၍ ကင်းကင်းပင် နေတော့မည်ဟုဆိုကာ သားငယ်ကိုလက်ဆွဲ၍ နန်းထဲသို့ဝင်လေ၏။

မင်းအိမ်သို့ရောက်လျှင် ဘုရင်အားအကြောင်းစုံကိုလျှောက်ထားပြီး၊ ဤသို့ပင် မင်းကြီးအား ဆက်သအပ်သော ပန်းကို ဘုရားအား လှူဒါန်းသဖြင့် ခင်ပွန်းလင်ကြောင့် ကျွန်တော်မ ပါ၊ အသေမခံနိုင် အပြစ်ဒဏ် မခံလိုသည်ဖြစ်၍ သူ့ကိုစွန့်ပစ်ပြီးဤနန်းတော်သို့ လာခဲ့ပါသည် သူကျူးလွန်သော ပြစ်မှုသည် ကျွန်တော်မနှင့်မဆိုင်ကြောင်း လာရောက် လျှောက် ထား ပါသည်ဟုဆို၏။

## ဗိမ္ဗိသာရမင်းကြီးဘုရားရှင်ထံသွားခြင်း

ဗိမ္ဗိသာရမင်းကြီးသည် ထို မိန်းမ လျှောက် ထား သော စကားအာ လုံးကိုကြားနာရလျှင် နဂိုကပင် သောတာပတ္တိဖိုလ်တည်ပြီး ဘုရားသခင်၌ သဒ္ဓါတရား အားကြီးလှသောအရိယာသာဝကဖြစ်သဖြင့် ဤမိန်းမသည်မိုက်မဲတွေဝေလေစွဟုမိန်းမကို ပြန်စေပြီး မြတ်စွာဘုရား လှည့်လည်ရာအရပ်သို့ သွားရောက်၍ သဒ္ဓါကြည်ညိုစွာရှိခိုးပြီးသော် မြတ်စွာဘုရားနှင့်အတူလှည့်လည်လေ၏။

ဘုရားသခင်လည်းဗိမ္ဗိသာမင်းကြီး၏ဆန္ဒကိုသိတော်မူသည့်အလျောက်၊ နန်းတံခါးဝသို့ကြွသွားတော်မူပြီး၊ မင်းယင်ပြင်၌ သံဃာတော်အပေါင်းခြံရံ၍သီတင်းသုံးတော်မူ၏။ ဤသို့မြတ်စွာ ဘုရားထိုင်တော်မူသော် ပန်းဆိုင်းလေးခုတို့သည် ပန်းဗိ မာန် လေးခုတို့ဖြစ်ကုန်၏၊ လူအပေါင်းတို့သည် ဘုရားသခင်အား ခြံရံကြကုန်၏၊ဆွမ်းဘုဉ်းပေးပြီးသော်သာဓုအနုမောဒနပြုတော်မူပြီး ကျောင်းတော်သို့ကြွလေ၏၊ ဗိမ္ဗိသာရမင်းကြီးလည်း မြတ်စွာ ဘုရားကိုလိုက်၍ပို့ပြီး ပြန်လာ၏။

## ဆုကြီးရှစ်မျိုး ပေးအပ်ခြင်း

ဗိမ္ဗိသာရ မင်းကြီးသည် နန်းတော်သို့ရောက်လျှင် သုမန ပန်းသည်ကိုခေါ်တော်မူစေပြီး စစ်ဆေး၏၊ သုမန ပန်းသည်ကလည်း အရှင်မင်းမြတ်အား ဆက်သရန်ဖြစ်သော ပန်းတို့ကို ဘုရားသခင်အားလှူသော်အပြစ်ဒဏ်ခံရမည်ကိုသိပါ၏၊ သတ်လိုမူ သတ်စေတော့ဟု အသက်ကိုစွန့်၍ လှူမိပါသည်ဟု လျှောက်တင်၏။

ဘုရင်ကြီးက သုမနသင်သည် မြတ်သောယောကျ်ား ဖြစ်ပေ၏ဟု မိန့်တော်မူပြီး အဋ္ဌကဒါနတည်းဟူသော ရှစ်ခုစီရှိသော ဆင်၊ မြင်း၊ သမီးကညာ၊ ကျွန်မိန်းမ၊ ကျွန်ယောကျ်ား ရှစ်ခုစီသောတန်းဆာနှင့် အသပြာရှစ်ထောင် ရွာကြီး ရှစ်ရွာတို့ကို ပေးသနားတော်မူ၏။

## ဗျာဒိတ်တော်ရခြင်း

အရှင်အာနန္ဒာမထေရ်မြတ်သည် သုမနပန်းသည်၏ ခံစားရသောအကျိုးအာနိသင်ကို ကြံဆင်ခြင်တော်မူပြီး ဘုရားသခင် အားလျှောက်ထား၏၊ဘုရားသခင်ကသုမနပန်းသည်၏ဒါနသည် အသက်ကိုပင် စွန့်လွှတ်၍ လှူဒါန်းရသော စေတနာကြောင့် ဤမျှသော ကောင်းမှုကံမျှသာမက ကမ္ဘာတသိန်း တိုင်တိုင် အပါယ်သို့မလားမရောက်ဘဲ လူ့ရပ်နတ်ထံကျင်လည်ပြီး နောင်အခါ သုမနမည်သောပစ္စေကဗုဒ္ဓါဖြစ်ပေလတံ့ဟုမိန့်ကြားတော်မူ၏။

ညနေချမ်းအခါတွင် တရားသဘင်သို့ ရောက်လာကြသော ရဟန်းအပေါင်းတို့က သုမနပန်းသည်၏ အသက်ကို စွန့်လွှတ် လှူဒါန်းသောကောင်းမှုကံသည် အံ့ဘွယ်သရဲဖြစ်ရခြင်းကိုရင်း၊ ထိုခဏပင်သဗ္ဗညုကဟူသောဆုမြတ်ကိုရသည်ဟူ၍ရင်း ပြောကြား နေစဉ် မြတ်စွာဘုရားသခင် ကြွလာ၍ အဘယ်စကားကို ပြော ကြားဆွေးနွေးလေဘိသနည်းဟုမေးတော်မူသော်သုမနပန်းသည် အကြောင်း ပြောကြားကြပါကြောင်းကိုလျှောက်ထားလေလျှင် ဘုရားသခင်ကအနုသန္ဓေစပ်၍ တရားတော်မြတ်ကို ဟောကြား သည်မှာ။ ။

(၆၈) တဉ္စ ကမ္မံ ကတံ သာဓု၊ ယံ ကတွာ နာနုတပ္ပတိ။
ယဿ ပတီတော သုမနော၊ ဝိပါကံ ပဋိသေဝတိ။

(၆၈) အကြင်အမှုပြုပြီး နောက် နောင်တ တဖန်မပူပန်ရပေ၊ နှလုံးချမ်းမြေ့ ပီတိတို့ဖြင့် ပြည့်ဝလျက်၊ ဝမ်းမြောက်ခြင်းဖြင့် ထိုကံ၏ အကျိုးအာနိသင်ကို ခံစားရ၏၊ ထိုကောင်းမှု ကံသည်ကား ကောင်းလှပေ၏။

ဟူ၍ဟောတော်မူသောအဆုံး၌ ရှစ်သောင်း လေးထောင် မျှသောသတ္တဝါတို့ အကျွတ်တရားရကြကုန်၏။

(ဓမ္မပဒ ဗာလဝဂ် ကိုးခုမြောက် သုမန ပန်းသည်ဝတ္ထုပြီး၏)

✻ ✻ ✻ ✻

၅။ ဗာလဝဂ်

# ၁၀။ ဓားသွားပေါ်ကပျားသကာ

## (ဥပ္ပလဝဏ်ထေရ်ရီမဝတ္ထု)

> လူမိုက်တို့မည်သည် မကောင်းကျိုးကို မခံစားရသေးသမျှ ထိုမကောင်းမှုကိုပျားသကာကဲ့သို့ ထင်မှတ်ကြ၏၊ မကောင်းကျိုးနှင့်တွေ့သည့်အခါတွင် ဟစ်အော်ငိုကြွေးကာ ကြီးကျယ်စွာသော ဒုက္ခရတတ်၏။

(မဓုဝ မညတိ) အစရှိသောဒေသနာတော်ကို သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ ဥပ္ပလဝဏ်ထေရ်ရီမကိုအကြောင်းပြု၍ ဟောတော်မူ၏။

### ဝတ္ထုကြောင်းကားဤသို့တည်း

သာဝတ္ထိပြည် မှသဌေးသမီးသည် ကြာညိုပန်းနှင့် တူသောအဆင်းသဏ္ဌာန်ဖြင့် မျှားစွာလှပကြည်လင်သဖြင့် ဥပ္ပလဝဏ္ဏာဟူသောအမည်မှည့်ခေါ်ကြ၏။ ထိုသတို့သမီးသည်ကမ္ဘာတသိန်းထက်သောကာလ ပဒုမုတ္တရ ဘုရားရှင်လက်ထက်တွင် ထင်ပေါ်သောထေရ်ရီမကို အဂ္ဂသာဝိကာ ရာထူးကိုချီးကြူးပေး သနားသည်ကို တွေ့မြင်ရာမှအားကျ၍ အဂ္ဂသာဝိကာမဆုကို ပန် ဆင်ခဲ့သဖြင့်ဗျာဒိတ်တော်ရခဲ့သူဖြစ်သည်။

## မဝေလောက်သောအလှုကုန်

ဥပ္ပလဝဏ္ဏာ၏အဆင်းကြွန်အင်ကိုသိမြင်တော်မူကြကုန်သော မင်း၊ မှူးမတ် သဋ္ဌေးသူကြွယ်တို့၏ သားတို့သည်အတိုင်းတိုင်း အပြည်ပြည်မှလာရောက်စေ့စပ်တောင်းဆိုကြသည်။အားလုံး၏ ဆန္ဒကိုဖြည့်စွမ်းခြင်းငှါ မတတ်နိုင်သော သဋ္ဌေးကြီးကသမီးကို ရဟန်းပြုရန် တိုက်တွန်းတော့၏၊ ပါရမီဓါတ်ခံ ပြည့်စုံသူတဦး ဖြစ်၍ ဝမ်းမြောက်ဝမ်းသာရဟန်းပြုလေ၏။

## ရဟန္တာမ ဖြစ်ခြင်း

ဥပ္ပလဝဏ်သည် ရဟန်းဖြစ်ပြီး မကြာမြင့်မီပင် ထွန်းညှိအပ် သော ဆီမီးနိမိတ်ကိုယူ၍ တေဇောကသိုဏ်းဖြင့် စျာန်ကိုရ၍ ထိုစျာန်ကိုအခြေပြုပြီးသော် ပဋိသမ္ဘိဒါအဘိညာဉ်တို့နှင့် တကွ အရဟတ္တဖိုလ်သို့ရောက်လေ၏၊ ထိုနောက်တွင်သာဝတ္ထိပြည်အနီး အမိုက်တောသို့ဝင်ကြွ၍ ကေစာကျင့်ကာ ညောင်စောင်းကို တင်းတိမ်ကာရံ၍ သီတင်းသုံးတော်မူ၏။

## လူမိုက်နန္ဒလုလင်

တနေ့တွင် ထေရ်ရီမသည် မြို့တွင်းသို့ဆွမ်းခံကြွ၏၊ဥပ္ပလဝဏ္ဏာ ထေရ်ရီမဦးရီး၏သား နန္ဒလုလင်သည် ထေဂ်ရီမကို လူ့ဘဝ ကပင် စွဲလန်းချစ်ခင်ခဲ့သည့် အလျှောက် ဆွမ်းခံ သွားခိုက်တွင် ထေရ်ရီမ၏အိပ်ယာ ညောင်စောင်းအောက်၌ ပုန်းအောင်းနေ ပြီး ထေရ်ရီမ ပြန်အရောက်တွင် အတင်း ဗလက္ကာရ ပြုလေ၏၊

ထေရ်ရီမက တားမြစ်တန်တန်တောင်းပန်ပြောဆိုရင်းက ဖိစီးနှိပ်စက်၍ အလိုရှိအပ်သောအမှုကိုပြုပြီးမှ ထွက်ခွာ သွားလေ၏၊ ထိုခဏ၌ပင် မိုက်မဲလှစွာသော နန္ဒလုလင်ကို မြေကြီးသည်ဟက်တက်ကွဲပြီး မျိုလေရာ အဝီစိငရဲသို့တိုင်ကျလေ၏။

ဥပ္ပလဝဏ္ဏာထေရ်ရီမသည် ထိုအကြောင်းကို သီတင်းသုံးဖော် ရဟန်းမိန်းမတို့အားပြောကြား၏၊ ထိုမှတဆင့် ရဟန်းတို့အား အကြောင်းကြားကုန်၏၊ ရဟန်းတို့လည်း မြတ်စွာဘုရားအား လျှောက်ကြားကြ၏။

မြတ်စွာဘုရားက ထိုအကြောင်းနှင့် အနုသန္ဓေစပ်တော်မူ၍ ဒေသနာတော်ကို ကောင်းစွာ ဟောကြားတော်မူရာတွင်=

**(၆၉) ဓုဝံဝ မညတိ ဗာလော၊ ယာဝ ပါပံ န ပစ္စတိ။**
**ယဒါ စ ပစ္စတိ ပါပံ၊ ဗာလော ဒုက္ခံ နိဂစ္ဆတိ။**

(၆၉) မကောင်းမှုကံ၏ မကောင်းသောအကျိုးကို မခံစားရသေး သမျှကာလပတ်လုံး လူမိုက်တို့သည် မကောင်းမှုကိုပင် ပျားသကာထင်မှတ်နေကြ၏။

မကောင်းမှုကံ၏ အကျိုးပေးကို ခံစားရသောအခါတွင် ထိုလူမိုက်သည် ဟစ်အော်ငိုကြွေး ကြီးစွာသောဆင်းရဲသို့ရောက်ရ၏။

ဒေသနာတော်၏ အဆုံးတွင် များစွာသော သူတို့သည် သောတာပတ္တိဖိုလ်စသည်သို့ ရောက်ကုန်၏။

## ထိုကာလမှ စ၍

မြတ်စွာဘုရားသခင်သည် ပသေနဒီကောသလမင်းကြီးကို ခေါ်တော်မူ၍ တော၌နေကြသော ရဟန်းမိန်းမတို့အား ရာဂ

ဖြင့် တပ်ငြိသောသူတို့သည် မထေမဲ့မြင် ပြုကြ၏၊ ထိုအတွက် ရဟန်းမိန်းမ၏ နေရာကျောင်းသခ်မ်းသည် မြို့တွင်း၌ဖြစ်စေရာ၏ ဟု မိန့်တော်မူ၏၊ ကောသလမင်းကြီးလည်း ကောင်းပါပြီဟုဝန်ခံ၍ မြို့၏အတွင်းနံပါး၌သာလျှင် ဘိက္ခုနီမသံဃာတို့အတွက် ကျောင်းကိုဆောက်လုပ်စေ၏။

ထိုအခါကာလမှစ၍ ရဟန်းမိန်းမတို့သည်မြို့၏အတွင်း၌သာလျှင် နေကြကုန်၏။

(ဓမ္မပဒ ဗာလဝဂ် ဆယ်ခုမြောက် ဥပ္ပလဝဏ္ဏာထေရီရိမဝတ္ထု ပြီး၏)

# ၅။ ဗာလဝဂ်

## ၁၁။ တိတ္ထိချွတ်ခန်း

### (ဇမ္ဗုကအာဇီဝက ဝတ္ထု)

**သူမိုက်သည် လတိုင်းလတိုင်း ခေါင်းပါးစွာ**
**ကျင့်သော်လည်း၊ အရာမရောက်ပေ။**

(မာသေ မာသေ ကုသဂ္ဂေန) စသည့် ဓမ္မဒေသနာတော်ကို ဝေဠုဝန်ကျောင်းတော်၌ ဇမ္ဗုကအမည်ရှိ အာဇီဝကကို အကြောင်းပြု၍ဟောတော်မူ၏။

## ဝတ္ထုကြောင်းကားဤသို့တည်း
## (အတိတ်ဇာတ်ကြောင်း)

ကဿပဘုရားရှင်လက်ထက် သူကြွယ်တဦးသည် ကျောင်းဆောက်၍ မထေရ်တပါးကိုတင်ထားကိုးကွယ် ပစ္စည်းလေးပါး ဒါယကာအဖြစ် ချီးမြှင့်လုပ်ကျွေး၏၊ ထိုမထေရ်သည် သူကြွယ်အိမ်၌ အမြဲဆွမ်းဘုဉ်းပေး၏။

တနေ့တွင် ရဟန္တာဖြစ်ပြီးသော မထေရ်တပါး ဆွမ်းခံကြွလာရာသူကြွယ်သည်ထိုရဟန္တာ၏ အိန္ဒြေသိက္ခာတော်ကို မြင်ရရုံမျှနှင့်ကြည်ညိုလှသဖြင့်အိမ်သို့ပင့်၍ မွန်မြတ်လှစွာ ဆွမ်းကိုကပ်ပြီး၊ပုဆိုးပိုင်းကြီးကြီးကိုလှူ၏။ဤပုဆိုးဖျဉ်ကိုဖွတ်လျှော်၍ဝတ်ရုံသုံးဆောင်တော်မူပါ။ အရှင်ဘုရား၏ဆံပင်တို့သည်ရှည်နေပါပြီ၊ ဆတ္တာသည်ကိုခေါ်၍ငင်း အရှင်ဘုရားအတွက် အိပ်ရာနေရာကိုယူ၍ငင်း တပည့်တော်လာခဲ့ပါမည်၊ ကျောင်းနေမထေရ်နှင့်အတူကျောင်းသို့ကြွတော်မူပါဟုလျှောက်၏၊ကျောင်းနေမထေရ်သည် မနာလိုဝန်တိုစိတ်ပွား၍နေ၏။

ရဟန္တာမထေရ်သည် ပုဆိုးဖျဉ်ကိုဖွတ်လျှော်၍သုံးဆောင်၏၊ သူကြွယ်သည် ဆတ္တာသည်ကိုခေါ်၍ ဆံကိုရိတ်စေပြီး အိပ်ရာနေရာတို့ကိုကောင်းစွာခင်းပြီး ဤအိပ်ရာနေရာကို သုံးဆောင်တော်မူပါ၊ နက်ဖြန်နံနက်သံဃာနှစ်ပါးစလုံး အိမ်သို့ဆွမ်းစားအတူ ကြွတော်မူပါဟု လျှောက်ထားပြီးပြန်လေ၏။

### ရဟန္တာဟူ၍မသိဘဲဆဲရေးပြစ်မှားမိပုံ

ကျောင်းနေရဟန်းသည် ဒါယကာသူကြွယ်၏ သဒ္ဓါစိတ်ယိုဖိတ်သည်ကိုမရှုစိမ့်ပဲ၊ ဝန်တိုစိတ်ကိုမတားဆီးနိုင်ရှာပဲ ညချမ်း

အခါ ရဟန္တာ အရှင်မြတ်၏အထံသို့သွားပြီး ငါ့ရှင်ငြိမ့်သည် ရဟန်း၊ သင့်အတွက် သူကြွယ်၏အိမ်၌ ဆွမ်းကိုစား၍ရခြင်းထက် မစင်ဘင်ပုပ်ကိုစားရခြင်းကကောင်းသေး၏၊ သူကြွယ်၏သင်္ကန်း ကိုဝတ်ခြင်းထက် အဝတ်မပါဗလာချည်းနိုးနေရခြင်းကကောင်း သေး၏၊ ဆတ္တာသည်ဖြင့် ခေါင်းကိုရိတ်ခြင်းထက် ထန်းစေ့ညှပ် ဖြင့်ဆံတပင်ချင်း နှုတ်ပစ်ခြင်းက ကောင်းသေး၏၊ ဤညောင် စောင်း၌အိပ်ခြင်းထက် မြေကြီးပေါ်၌ အိပ်ခြင်းက ကောင်း သေး၏ဟု ဆဲရေးရေရွတ်၏။

## ရဟန်းတရားလမ်းပိတ်သွားခြင်း

ကျောင်းနေရဟန်းသည် နံနက်ဆွမ်းခံ သွားချိန်ရောက်လျှင် အာဂန္တုကရဟန်းကိုမတွေ့မမြင်၍အိပ်ပျော်နေဟန်ရှိသည်အထင် ရောက်၏၊ ကျော့က်စည်ထိုးလျှင် နိုးမည်စိုး၍ လက်သည်းဖြင့် ကျောက်စည်ကိုခတ်၍ သူကြွယ်အိမ်သို့သွား၏။

သူကြွယ်လည်းအာဂန္တုကရဟန်းပါမလာ၍ မေးလျှောက်ရာ ငါ့ကိုဘာမှမမေးပါနှင့် မနေ့က သင်ပြန်သွားကတည်းက အိပ် ခန်းထဲဝင်အိပ်ရာ ယခုနံနက် ငါတံမြက်လှဲ၊ သောက်ရေသုံးရေ ထည့်သည့်အသံကို ပြုသည့်တိုင်မနိုးခဲ့၊ ကျောက်စည် ခေါင်း လောင်းထိုးသည့်တိုင်လည်း မနိုးခဲ့ဟုပြော၏။

သူကြွယ်သည်ညာဏ်ပညာရှိ၏၊ ဤသို့ဖြစ်တန်ရာ၏ဟုသိသော် လည်းမိမိရဟန်းကို ဆွမ်းကပ်၍ဘုဉ်းပေးပြီးသောအခါသပိတ်ကို ကောင်းစွာဆေးပြီး ဆွမ်းဘောဇဉ်တို့ကိုအပြည့်ထည့်၍ "အရှင် ဘုရား တပည့်တော်၏အရှင်အတွက် ဤဆွမ်းကိုလှူဒါန်းပါ၏" ဟု

ကပ်လိုက်၏၊ ကျောင်းနေရဟန်းသည် လမ်းမှာပင် ဤဆွမ်းများကိုသွန်ခဲ့၏၊ ကျောင်းသို့ရောက်မှ အာဂန္တုရဟန်း အရပ်တပါးသို့ ကြွသွားကြောင်းသိ၏။

ကဿပ ဘုရားရှင်လက်ထက်သည် အနှစ်နှစ်သောင်း သက်တမ်းရှိ၏၊ ရဟန္တာပုဂ္ဂိုလ်အား ပြစ်မှားသောကြောင့် အနှစ်နှစ်သောင်းတိုင်တိုင်အားထုတ်သော်လည်း ရဟန်းတရားကို မရနိုင်ပဲ သေသည်ကာလ ငရဲကြီး၌ ခံရ၍ ဘုရား တဆူတဆူအကြားတွင် ကြီးစွာသောဒုက္ခဆင်းရဲကို အပြန်ပြန်အလှန်လှန်ခံစားခဲ့ရရာ ဂေါတမဘုရားရှင်လက်ထက်၌-ဇမ္ဗုက အမည်ဖြင့် ချမ်းသာသောအမျိုးအိမ်၌ဖြစ်လာ၏။

## ဇမ္ဗုက၏ဝိပါက

ထိုသူငယ်သည်အရွယ်ရောက်သည်မှစ၍ အိပ်ရာ၌အိပ်၍မရ၊ ထမင်းစသည်မစား၊ မိမိကိုယ်မှ အညစ်အကြေးကိုသာ စား၏။ ငယ်သေး၍ မသိမလိမ္မာဟုမိဘတို့ ထင်သော်လည်း အရွယ်ကြီးသည်တိုင်အောင် ဤသို့ပင်အညစ်အကြေးတို့ကိုသာ စားသဖြင့် မိဘတို့ကရှက်လှ၍ အာဇီဝကထံ ရဟန်းပြုပေးရန်အပ်၏။

အာဇီဝကတို့က ထိုရဟန်း၏ကိုယ်ကို ထန်းစစ်ညှပ်ဖြင့်တပင်စီနုတ်၏၊ ထိုနောက်မိဘတို့က နက်ဖန်ဆွမ်းအတွက် ပင့်ဘိတ်၍သွားကြ၏၊ နောက်တနေ့ဆွမ်းစားပင့်ခေါ်သော်မလိုက်၊ ငါနေခဲ့အံ့ဟုဆို၍နေခဲ့၏၊ အာဇီဝကတို့သွားသောအခါ မစင်တွင်းသို့ဆင်း၍ မစင်များကို အားပါးတရစား၏၊ ဤသို့ဖြင့် နှစ်ရက်

သုံးရက်ကြာ၊ နေ့တိုင်းပင် ရှာသို့မဝင်ဆွမ်းလည်းမစား ကြားရသောသတင်းမှန်မမှန်စုံစမ်းရန်စီစဉ်ပြီး ရွာတွင်းသို့ ကြွသွားဟန်ဆောင်၍ တပါးနှစ်ပါးတို့ကို ချန်ကာ ချောင်းကြည့်ရာမှမစင်ဘင်ပုပ်တို့ကို ပလုပ်ပလောင်း စားနေသည်ကို ဒိဋ္ဌလက်ငင်းသိမြင်ကြရသဖြင့်နှင်ထုတ်လိုက်လေတော့၏။

## လေကိုသာစားသောတရားရှင်

အဝတ်ကိုမဝတ်သော ဇမ္ဗုက အာဇီဝက အစေလကသည်လူအပေါင်းတို့ ကျင်ကြီးစွန့်ရန် ခင်းထားသော ကျောက်ဖျာပေါ်သို့သွား၍ ညဥ့်အခါ၌ လူတို့စွန့်အပ်သောမစင်တို့ကိုစားပြီးနေ့အခါ၌မူ လက်တဖက်ဖြင့် ကျောက်ဖျာအစွန်းကို ထောက်၍ခြေတဖက်ကိုပင့်မြှောက်၍ ဒူးဖြင့်ထောက်ပြီးမှ အထက်လေသို့ရှေးရှုခံတွင်းကိုဖွင့်၍ထား၏။ လူအပေါင်းတို့က အ ရှင် ဘု ရားအဘယ်ကြောင့်ဤသို့ခံတွင်းကိုဖွင့်၍ထားပါသနည်းဟုမေးသော်ငါသည်လေကိုသာစား၏၊ အခြားအာဟာရကို မစားဟုဆို၏။

အဘယ့်ကြောင့် ခြေတဖက်ကိုမြှောက်၍ ဒူးတဖက်ကိုထောင်ကာပင့်တင်ထားပါသနည်းဟု မေးသော်၊ ငါသည် ပြင်းထန်သောအကျင့်ကိုကျင့်၏၊ ငါ၏ ခြေနှစ်ချောင်းတို့ မြေကြီးနှင့်ထိသော် မြေကြီးသည်မခံနိုင်၍တုန်လှုပ်လတံ့၊ သတ္တဝါများကိုသနားသဖြင့်ငါသည် နေ့ညဥ့်တို့ကာလပတ်လုံး ဤသို့နေသည်ဟုဆို၏။

ယူဟုံမည်သည် အထူးအဆန်းဆိုလျှင်ကြိုက်၏၊ ပြောလျှင်ယုံလွယ်၏၊ ဇမ္ဗုကကဲ့သို့ ပြင်းထန်စွာကျင့်သောအကျင့်ကိုမမြင်

စဘူးကုန်ဟု တဆင့်စကားတဆင့်နားဖြင့် အင်္ဂတိုင်း၊မဂဓတိုင်းမှ သူများသည် လာရောက် ဆည်းကပ်ကြကုန်၏၊ ပူဇော်သက္ကာရတို့ကို ယူဆောင်လာကြကုန်၏၊ ဇမ္ဗုကသည်ငါကားလေကိုသာ စား၏၊ တပါးသော အစာကိုစားက အကျင့်ပျက်အံ့ဟုဆိုကာ ပယ်၏၊ လူတို့က အရှင်ဘုရားတပည့်တော်တို့ အကျိုးစီးပွားအတွက်သနားသဖြင့် သုံးဆောင်တော်မူပါဟုအတန်တန်တိုက်တွန်း လျှင်သမန်းမြက်ဖျားဖြင့် ထောပတ်တင်လဲကိုတို့၍ လျှာထက်၌ တင်၍၊ သွားကြကုန်လော့ ဤမျှဖြင့် သင်တို့အကျိုးစီးပွား များလောက်ပေပြီဟု လွှတ်လိုက်၏။

## မြတ်စွာဘုရား ဇမ္ဗုကထံကြွသွားခြင်း

မြတ်စွာဘုရားသခင်သည် နံနက်ချိန်ခါ လောကသုံးပါးကို ကြည့်ရှုတော်မူရာ ဇမ္ဗုကအာဇီဝကကို ဉာဏ်တော်တည်းဟူသော ကွန်ရက်တွင်ထင်လာ၍ ဆင်ခြင်တော် မူပြန်သည်ရှိသော် ထိုဇမ္ဗုကသည် ပဋိသမ္ဘိဒါတို့နှင့်တကွ အရဟတ္တဖိုလ်သို့ရောက်အံ့သော ဥပနိဿယ၏ ပြည့်စုံခြင်းကိုမြင်တော်မူသည့်အပြင် ဇမ္ဗုကကိုအကြောင်းပြု၍ ရှစ်သောင်းလေးထောင်ကုန်သော သတ္တဝါတို့ အကျွတ်တရားရပေလတံ့၊ ဤအမျိုးကောင်းသားကိုအမှီပြုပြီးကာလ၊ လူအပေါင်းတို့ချမ်းသာခြင်းသို့ ရောက်ပေလတံ့ဟု မြင်တော်မူ၏၊ ဘုရားသခင်သည် ရာဇဂြိုဟ်မြို့တွင်းသို့ ဆွမ်းခံကြွတော်မူရာမှ၊ ပဲကြွပြီး ရှင်အာနန္ဒာမထေရ်ကို ခေါ်တော်မူ၍ င တပါးတည်းပင် ဇမ္ဗုကအာဇီဝကထံသို့ ကြွတော်မူအံ့ဟုမိန့်တော်မူပြီး ညနေချမ်းအချိန်တွင် ကြွသွားတော်မူ၏။

နတ်အပေါင်းတို့သည် ကျင်ကြီးကျင်ငယ် စားဖတ်တို့ဖြင့် စက်ဆုပ်ဖွယ်အညစ်အကြေးများ အကြားတွင်နေသော ဇမ္ဗုကအာဇီဝကထံသို့ မြတ်စွာဘုရားကြွတော်မူသည်ကို သိလျှင် မိုးကိုရွာစေ၍ကျောက်ဖျာကိုစင်ကြယ် သန့်ရှင်းစေကြကုန်၏။

## ဇမ္ဗုကကို ချွတ်တော်မူခြင်း

ညချမ်းအခါတွင် ကြွတော်မူ၍ ဇမ္ဗုကထံတွင် တညဉ့်မျှ တည်းခိုရန်နေရာတောင်း၏၊ ဇမ္ဗုကသည် တည်းခိုရန် နေရာမရှိဟုဆို၏၊ မနီးမဝေးဖြစ်သော တောင်ဝန်းကိုမြင်တော်မူ၍ ဤတောင်ဝန်း၌ မည်သူနေသနည်းဟု မေး၏၊ မည်သူမှမနေဟုဆိုသောအခါ ဤနေရာ၌ငါ့အား ခွင့်ပေးလော့ဟုမိန့်၏၊ အသင်သည်သာ စီစစ်ကြည့်ရှု၍နေလေလော့ဟု ဆိုသောအခါ ဘုရားသခင်သည်တောင်ဝန်းသို့ကြွ၍ နိသီဒိုင်ကိုခင်းပြီး ထိုင်နေသီတင်းသုံးတော်မူ၏။

ည၏ပထမယာမ်၌ နတ်မင်းကြီး လေးပါးတို့သည် အရပ်လေးမျက်နှာကိုလင်းစေလျက် ဘုရားသခင်ထံပူဇော်ရန် ရောက်လာကြ၏။ ဇမ္ဗုကသည် အလင်းရောင်ကိုမြင်၏။

မဇ္ဈိမယာမ်တွင် သိကြားမင်းသည် လာ၏၊ ဇမ္ဗုကသည် သိကြားမင်း၏အလင်းရောင်ကိုမြင်၏၊ ပစ္ဆိမယာမ်၌ မဟာဗြဟ္မာမင်းသည် တောအုပ်အလုံးကို တပြိုင်နက်လင်းစေလျက် ဆည်းကပ်လာ၏၊ ဇမ္ဗုကသည်မြင်၏။

နံနက်မိုးသောက်သော် ဇမ္ဗုကသည် ညဉ့်က အလင်းရောင်သုံးကြိမ်မြင်ရသည်ကို စူးစမ်းလို၍ ဘုရားသခင်ထံသို့ လာပြီး

စကားနိုးနေ၍၊ ညဉ့်က အလင်းရောင်များ အကြောင်းကို မေး၍မြတ်စွာဘုရားက နတ်ကြီးလေးပါး ကြွလာခြင်းကိုရင်း၊ သိကြားမင်း ဗြဟ္မာမင်းတို့လာခြင်းကိုရင်း မိန့်ကြား၏။

ဇမ္ဗုက က၊ ငါသည်နှစ်ပေါင်းများစွာ လေကိုသာ စားပြီး ကျင့်ကြံအားထုတ်၏၊ ငါ့ထံသို့ တယောက်မျှသော နတ်သိကြား ဗြဟ္မာတို့ရောက်လာဘူးသည်မရှိဟု ဆိုလျှင် ဘုရား သခင် က ဇမ္ဗုက သင်သည် လူအပေါင်းတို့ကိုလှည့်ပတ်၍ရသလို ယခုသင် ငါဘုရားကိုလှည့်ပတ်လိုပြန်ပြီ၊ ဇမ္ဗုက သင်သည် ရှေးရှေး ဘဝများက မကောင်းမှုကံကြောင့် ယခုဘဝတွင် မစင်ဘင်ပုပ်ကို စားလျက် မြေ၌အိပ်ပြီး ထန်းဇစ်ညှပ်ဖြင့် ဆံကိုနုတ်ရခြင်းသို့ ရောက်ရ၏၊ ယခုဘဝမှာလည်း ယုတ်မာသောအမှုကိုပြုပြန်သည် ဟု မိန့်တော်မူ၏။

ဇမ္ဗုက က၊ ရဟန်းကြီးအဘယ်သို့သော မကောင်းမှုကို ပြုခဲ့သနည်းဟုမေးသဖြင့် ဘုရားသခင်က ရှေးကပြုဘူးသော မကောင်းမှုတို့ကိုဟောတော်မူသောအခါ ဇမ္ဗုကသည်ထိတ်လန့်တုန်လှုပ်ပြီး ရှက်ခြင်း၊ ကြောက်ခြင်းတည်းဟူသော ဟိရိဩတ္တပ္ပတရားဖြစ်ပေါ်လာပြီးလျှင် ဆောင့်ကြောင့်ထိုင်နေ၏။

## ဟေဘိက္ခု ရဟန်းဖြစ်ခြင်း

ဘုရားသခင်သည် ရေသနုပ်ကိုပစ်၍ပေးတော်မူလျှင် ဇမ္ဗုကသည် လျှင်မြန်စွာဝတ်၍ ရိုသေစွာရှိခိုး၏၊ မြတ်စွာဘုရားက ဒေသနာအစဉ်ကို ဟောတော်မူသည်၏အဆုံး၌ ပဋိသမ္ဘိဒါတို့နှင့်

တကွ အရဟတ္တဖိုလ်သို့ရောက်၍ မြတ်စွာဘုရားကို ကြည်လင် ညွတ်လျှိုး ရှိခိုးပြီးသော် ရှင်ရဟန်းအဖြစ်ကို တောင်းပန်၏။

ဇမ္ဗုကာ၏ဝဋ်ကြွေးသည် ကုန်ခါနီးတန်ခဲ့၏၊ သာသနာတော်၏အနှစ် နှစ်သောင်းတို့ကာလပတ်လုံး ရဟန်းတရားကို အားထုတ်ခဲ့သောအကျိုးတရားသို့ ရောက်လာပြီဖြစ်၏။

မြတ်စွာဘုရားသခင်သည် လက်ျာသက်တော်ကိုဆန့်တော်မူ၍ "ဧဟိဘိက္ခု"ဟု ခေါ်တော်မူသောခဏ၌ပင်လျှင် လူ၏အသွင် ကွယ်ပျောက်၍ ပရိက္ခရာ ရှစ်ပါး အပြည့်အစုံဖြင့် ဝါတော်ခြောက်ဆယ်ရမထေရ်ကြီးကဲ့သို့ အထူးမြောက်သည် ဖြစ်လေ၏။

## ဇမ္ဗုကာ၏ ဈာန်အဘိဥာဉ်

နောက်တနေ့တွင် အင်္ဂတိုင် မဂဓတိုင်းမှလူအပေါင်းတို့သည် ဇမ္ဗုကာထံ ပူဇော်ရန်လာကြကုန်၏၊ ဘုရားရှင်နှင့်ဇမ္ဗုကာကိုအတူတကွ တွေ့မြင်ရလျှင် မည်သူကမြတ်သနည်းဟု ယုံမှားသံသယဝင် လာကြသည်ကို ဘုရားသခင် သိမြင်တော်မူ၍ ဇမ္ဗုကာ သင်၏ ဒါယကာ ဒါယိကာမများ၏ ယုံမှားသံသယများကို ပယ်ရှင်းလေလော့ဟုမိန့်တော်မူ၏၊ ဇမ္ဗုကာသည် မြတ်စွာဘုရားကို ရှိခိုးပြီးသော် စတုတ္ထဈာန်ကိုဝင်စား၍ ဈာန်မှထပြီးသော် ထန်းပင်တဆင့်ခန့် ကောင်းကင်သို့ ပျံတက်၍ "ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ အရှင်မြတ်သည် ဆရာပါပေတည်း၊ တပည့်တော်သည် သာဝကပါတည်း"ဟု ကြားလျှောက်၍ အောက်သို့သက်ဆင်းပြီးကာလ ခြေတော်စုံကိုဦးတိုက်၏၊ ထိုနောက်ထန်းနှစ်ဆင့် ထန်းသုံးဆင့်ပွား၍ပွား၍ထန်းခုနစ်ဆင့်တိုင်အောင် ကောင်းကင်သို့တက်၍သက်၍ တပည့်သာဝကအဖြစ်ကိုသိစေ၏။

လူအပေါင်းတို့သည် ဘုရားသခင်၏ ဂုဏ်ကျေးဇူးတော်ကို အံ့သြချီးမွမ်းကြကုန်၏၊ မြတ်စွာဘုရားသခင်သည် လူအပေါင်းတို့အား ဤသို့မိန့်တော်မူ၏။

(၇၀) မာသေ မာသေ၊ ကုသဂ္ဂေန၊
ဗာလော ဘုဉ္ဇေယျ ဘောဇနံ။
န သော သင်္ခါတဓမ္မာနံ၊ ကာလံ အဂ္ဃတိ
သောဠသိံ။

(၇၀) သူမိုက်သည် လ တိုင်း လ တိုင်း သ မန်း မြက် ဖျား ဖြင့် သာ ဘောဇဉ်ကိုစား၍ကျင့်သော်သည်း ထိုလူမိုက်သည်အမှန်ဘုရားကို ထိုးသွင်းသိမြင်သော ပုဂ္ဂိုလ်တို့၏ နှစ်ရာ့ငါးဆယ်ခြောက်စိတ် စိတ်၍ တစိတ်မျှပင် အဖိုးမထိုက်ပေ။

ဒေသနာတော်၏အဆုံး၌ ရှစ်သောင်းလေးထောင်ကုန်သော သူတို့သည် အကျွတ်တရားရကြလေကုန်၏။

(ဓမ္မပဒ ဗာလဝဂ် တဆယ့်ခြောက်ခုသော ဇမ္ဗုကမထေရ်ဝတ္ထုပြီး၏)

## ၅။ ဗာလဝဂ်

# ၁၂။ မကောင်းမှုကံ ခါးစည်းခံ

## (မြေပြိုတ္တာ ဝတ္ထု)

**ညှစ်စနို့ရည်သည်၊ မချဉ်မသိုး အနိုးမလွှတ်သေးသကဲ့သို့ မကောင်းမှုကံသည် အနိုးမလွှတ်သေး၊ အနိုးလွှတ်သည့်အခါ၊ ပြာဖုံးသည့် မီးခဲကဲ့သို့ ဒုတိယ တတိယစသော ဘဝတို့၌ ဖိစီးလောင်ကျွမ်း၍ အစဉ်လိုက်လေ၏။**

(နဟိပါပံ ကတံ ကမ္မံ) အစရှိသော သုတ္တန်ဒေသနာတော်ကို ဝေဠုဝန်မင်းကျောင်း၌ အမှတ်မထင်သော မြေပြိုတ္တာကို အကြောင်းပြု၍ ဟောတော်မူ၏။

### ဝတ္ထုကြောင်းကား ဤသို့တည်း

အရှင်မောဂ္ဂလာန်မထေရ်နှင့်အတူ ဥ ရု ဝေ လ က ဿ ပ ရှင်တထောင်အဝင်အပါ အရှင်လက္ခဏမထေရ်တို့သည် ရာဇဂြိုဟ်ပြည်သို့ဆွမ်းခံရန် ဂိဇ္ဈကုဋ်တောင်မှကြွခဲ့ကြရာ အရှင်မောဂ္ဂလာန်သည် မြေပြိုတ္တာတကောင်၏ထူးဆန်းသော အခြင်းအရာကိုမြင်၍ ပြုံးတော်မူ၏၊ အရှင်လက္ခဏက ပြုံးရယ်သည့် အကြောင်း မေးသည့်အခါ မြတ်စွာဘုရားသခင် ရှေ့တော်ရောက်မှမေးပါ၊ ငါ ဖြေပါအံ့ဟုဆို၏၊

အရှင်နှစ်ပါးသည် ဆွမ်းခံကြွပြီးဘုရားသခင် ရှေ့သို့ရောက်ကြလေလျှင် အရှင်လက္ခဏသည် မူလစကားကိုဘုရားသခင် ရှေ့တော်တွင် မေးလေ၏၊ အရှင်မောဂ္ဂလာန်က ငါ့ရှင်လက္ခဏ ငါသည်အသွင်ထူးဆန်းသောမြေပြိုတ္တာတကောင်ကို တွေ့မြင်၍ပြုံး

ရယ်ခြင်းဖြစ်သည်၊ ထိုမြေပြိတ္တာသည်လူ၏ဦးခေါင်း၊မြွေ၏ကိုယ် ရှိ၏၊ ခန္ဓာကိုယ်သည် နှစ်ဆယ့်ငါးယူဇနာပမာဏရှိ၏၊ဦးခေါင်း မှထသော မီးလျှံသည် အမြီးသို့တိုင်၏၊ အမြီးမှထသော မီးလျှံ သည် နံပါးနှစ်ဘက်သို့သွား၏၊ နံပါးနှစ်ဘက်မှ ပြေးထွက်လာ သော မီးလျှံသည်အလယ်သို့သက်ကုန်၏ဟု ဖြေဆိုတော်မူ၏။

## မြတ်စွာဘုရား သက်သေတည်

ထိုအခါမြတ်စွာဘုရားက "ချစ်သားတို့ ငါ၏ သားတော် မောဂ္ဂလာန်ပြောဆိုသည်မှာအမှန်ပင်ဖြစ်၏၊ ငါဘုရားဖြစ်သော နေ့တွင်ပင် ထိုမြေပြိတ္တာကိုမြင်အပ်ပေ၏၊ သို့သော် အကြောင်း မဆိုက်သေးဘဲ ပြောခဲ့သည်ရှိသော် မယုံကြည်သော သူတို့တွင် အကျိုးစီးပွားမဲ့ရာသည်ဖြစ်၍ မဟောကြားဘဲနေသည်"ဟု မိန့် တော်မူသောကာလ ရဟန်းတို့က ထိုမြေပြိတ္တာသည် အဘယ်သို့ သော အကုသိုလ်ကို ကျူးလွန်မိ၍ ဤသို့ ဖြစ်ရပါသနည်းဟု လျှောက်ထားကြ၏။

## ကျောင်းကို မီးရှို့သူ

ချစ်သားရဟန်းတို့ ရှေးလွန်လေပြီးသောအခါ ဗာရာဏသီ ပြည်အနီးတွင် ဆွမ်းခံ လှည့်လည်တော်မူသော ပစ္စေကဗုဒ္ဓါ တပါးကိုလူအပေါင်းတို့ကြည်ညိုကြသဖြင့် သစ်ရွက်မိုးကျောင်း ကို ဆောက်လုပ်လှူဒါန်းကြ၏၊လူအပေါင်းတို့သည် ကျောင်းသို့ သွား၍ လှူဖွယ်တို့ကိုယူဆောင်ပူဇော်ကြ၏။

ထိုသို့လူအပေါင်းတို့ ပစ္စေကဗုဒ္ဓါ ကျောင်းတော်သို့ သွားရာ ခရီးတွင်ရှိသော လယ်ကိုဖြတ်၍ သွားကြရလေရာ လယ်သမား သည် လယ်များပျက်စီး၍ ဟစ်အော်တောင်းပန်၏၊ လူအပေါင်း တို့သည် နံနက်ညချမ်း ထိုခရီးလမ်းဖြင့် သွားမြဲသွားနေကြရာ

လယ်သမားသည် ဤကျောင်းရှိ၍ လယ်ပျက်ရသည်ဟု ပစ္စေကဗုဒ္ဓါ ဆွမ်းခံကြွတော်မူခိုက် ကျောင်းကိုမီးရှို့ပစ်လိုက်၏။ ပစ္စေကဗုဒ္ဓါအရှင်မြတ်သည်ကျောင်းမရှိသည်ကိုမြင်လျှင်အရပ်တပါးသို့ ကြွသွားလေ၏။

လူအပေါင်းတို့သည် ပစ္စေကဗုဒ္ဓါကို ဖူးမြင်ရန် လာကြရာ မီးလောင်ကျောင်းကို တွေ့မြင်ပြီး ပစ္စေကဗုဒ္ဓါ အရှင်မြတ်ကို မမြင်ရ၍မေးကြလေလျှင် လယ်သမားက ငါပင်ကျောင်းကိုမီးရှို့ပစ်သည်ဟု မထေမဲ့လေးစားပြောလေ၏၊ လူအပေါင်းတို့သည် ဒေါသထွက်၍ လယ်သမားအား ဝိုင်းဝန်းရိုက်နှက်ကြရာ ထိုနေရာ၌ သေလေ၏၊ လယ်သမားသည်အဝီစိငရဲကြီး၌ခံရပြီးနောက် ယခု ဂိဇ္ဈကုဋ်တောင်၌ မြွေပြိတ္တာဖြစ်ရလေသည်ဟု ဟောတော်မူပြီး အောက်ပါ တရားဒေသနာတော်ကို ဟောကြားတော်မူလေ၏။

**(၇၁)** ။**နဟိ ပါပံ ကတံ ကမ္မံ၊ သဇ္ဇု ခီရံဝ မုစ္စတိ၊ ဍဟန္တံ ဗာလမနွေတိ၊ ဘသ္မာစ္ဆန္နောဝ ပါဝကော**။

(၇၁) မကောင်းမှုကံသည် နို့ရည်နှင့်တူ၏။ နို့ရည်ညှစ်စဉ်၌မပုပ်မသိုး အခိုးမထွက်သေးသကဲ့သို့ အကုသိုလ်သည် ပြုလုပ်စအခါ၌ မကျိုးမပေးသေး။ အကျိုးပေးချိန်ဘန်သောအခါ ပြာဖုံးသော မီးခဲကဲ့သို့ လူမိုက်ကိုငရဲသို့ရောက်လျက် အကုသိုလ်ကံသည် အစဉ်တစိုက်လိုက်လေ၏။

ဒေသနာတော်၏ အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပတ္တိစသည် တည်ကြကုန်၏။

**(ဓမ္မပဒ ဗာလဝဂ်၊ တဆယ့်နှစ်ခုမြောက် မြွေပြိတ္တာ ပြီး၏)**

၅။ ဗာလဝဂ်

# ၁၃။ သံတူခြောက်သောင်း ဦးခေါင်း တူထု

## (ဦးခေါင်းတူထုခံပြိတ္တာဝတ္ထု)

**သူမိုက်သည်အတတ်ပညာကိုရင်း၊ ရာထူး'ဌာနန္တရကိုရင်း ရရှိလျှင်၊ မိုက်မဲတွေဝေစွာ မိမိ၏ အကျိုးစီးပွားမဲ့ကို သာပြုလေသတည်း။**

(ယာဝ ဒေဝ အနတ္ထာယ) အစရှိသည့်ဓမ္မဒေသနာတော်ကို ရာဇဂြိုဟ်ပြည်ဝေဠုဝန်မင်းကျောင်း၌ ဟောတော်မူ၏။

### ဝတ္ထုကြောင်းကားဤသို့တည်း

အရှင်မောဂ္ဂလာန်မထေရ်နှင့် အရှင်လက္ခဏမထေရ်တို့သည် ဂိဇ္ဈကုဋ်တောင်ယံမှ ရာဇဂြိုဟ်ပြည်သို့ ဆွမ်းခံအကြွတွင် အရှင်မောဂ္ဂလာန်မထေရ်ပြုံးတော်မူသည့် အကြောင်းရင်းကို အရှင်လက္ခဏက ဘုရားသခင်ရှေ့တော်မှောက်တွင် မေးလျှောက်သည့် အခါ

"ငါ့ရှင်လက္ခဏ ဂိဇ္ဈကုဋ်တောင်ယံမှ ဆွမ်းခံအကြွတွင်၊ သုံးဂါဝုတ်ပမာဏမျှရှိသော ခန္ဓာကိုယ်ဖြင့် ပြိတ္တာတကောင်ကို တွေ့မြင်ရပေသည်၊ ထိုပြိတ္တာအား အသျှံရဲရဲတောက်သော သံတူသံတုံး ခြောက်သောင်းမျှတို့သည် ဦးခေါင်းကို ရိုက်ခွဲကြကုန်၏၊ ဦးခေါင်းကြေမွသွားပြီး နောက်တဖန် ထိုဦးခေါင်းသည်ရှေးနည်းအတိုင်းပြန်ဖြစ်၍ ရှေးနည်းအတိုင်း သံတူ သံတုံးတို့သည်

ခွဲနှုက်ခြေမှုကြကုန်၏၊ ဤသို့မဖြစ်စဘူး ထူးကဲသော အချင်းအရာကိုမြင်၍ ငါပြုံးရယ်မိခြင်းဖြစ်၏''

ဟု မိန့်တော်မူသောကာလ ဘုရားသခင် ကိုယ်တော်မြတ်က ထိုပြိတ္တာကို ဘုရားဖြစ်စကာလကပင် မြင်တော်မူ၏ဟု မိန့်တော်မူ၏။

တရားနာကုန်သောရဟန်းတို့က အဘယ်သို့သော မကောင်းမှုကြောင့် ထိုသို့ ဖြစ်ရသည်ကို လျှောက်ကြကုန်သောအခါ မြတ်စွာဘုရားသည် အတိတ်ကိုဆောင်၍ ဟော ကြား တော်မူပေ၏။

## ကျောက်စရစ်ခဲပစ်ဝိဇ္ဇာ ငဆွံ့

ရှေးသရောအခါ ဗာရာဏသီပြည် မြို့တံခါးအနီး ညောင်ပင်ရင်း၌ နေထိုင်လေ့ရှိသော ငဆွံ့သည် ကျောက်စရစ်ခဲတို့ဖြင့် ညောင်ပင်မှအရွက်တို့ကိုဆင်ရုပ်မြင်းရုပ်ဖြစ်အောင်ပစ်၍ပေးခြင်းဖြင့်ခလေးတို့ထံမှအခကြေးငွေကိုရပြီး စားသောက်နေထိုင်၏၊

တနေ့တွင်ဘုရင်သည် ဥယျာဉ်ကစားရင်း ညောင်ပင်ရင်း၌ ဝင်၍နားလေရာ အရိပ်မရနေခြည်ခ၍ အပင်ပေါ်သို့ မော့ကြည့်မိရာမှ အရွက်တို့တွင် ဆင်ရုပ်မြင်းရုပ် အသွင်သဏ္ဍာန်တို့ဖြင့် ပေါက်ပြဲနေသည်ကို မြင်သဖြင့် ''ဤသို့ဖြစ်အောင် မည်သူပြုသနည်း''ဟု စစ်မေးတော်မူရာမှ ငဆွံ့ကိုခေါ်တော်မူပြီး

''အချင်းငဆွံ့ ငါ၏ပုရောဟိတ်ပုဏ္ဏားသည် စကားကိုမရပ်မနားပြောလွန်းလှသည် ထိုပုဏ္ဏား စကားပြောနေစဉ် ပါးစပ်ဟတိုင်းဟတိုင်း တကွမ်းစားမျှသော ဆိတ်ချေးတို့ဖြင့် ပစ်သွင်းနိုင်ပါမည်လော''ဟုမေး၏။

"စွမ်းနိုင်ပါသည်"ဟုဆိုသော်နန်းတော်သို့ခေါ်ပြီးတင်းတိမ်ကာ၍ အပေါက် ဖေါက်ပေးထား၏၊ ထိုတင်းတိမ်အတွင်းမှ စကားပြောတိုင်း ဆိတ်ချေးဖြင့်ပစ်သွင်းရာတကွမ်းစားမျှသော ဆိတ်ချေးတို့ကုန်၍ တင်းတိမ်ကိုလှုပ်ပြီး အချက်ပေး၏။ မင်းကြီးက "အသင်ပုဏ္ဏား ဆိတ်ချေး တကွမ်းစားမျှကုန်သည့်တိုင်အောင့်စကားမရပ်သေးပါတကား" ဟု ဆိုမှရပ်လေ၏၊ ထိုအခါမှ စ၍ပုဏ္ဏားသည်မင်းကြီးရှေ့တွင်စကားဟ၍မျှမပြောလေတော့။

## ဘုရားအလောင်းသတိပေးပုံ

မင်းကြီးလည်း အားရကြေနပ်၍ ဆွံ့ကိုသဗ္ဗဋ္ဌကမည်သော အလုံးစုံရှစ်ခု အရေအတွက်ရှိသောဆုကိုပေးပြီး မြို့၏လေးမျက်နှာမှ ရွာမြတ်လေးရွာကိုလည်းပေး၏။

ထိုအခါ ဘုရားအလောင်းအမတ်ပညာရှိက

"အရှင်မင်းကြီး အလေးပြုအပ်သော အတတ်ပညာပင်လျှင် အကြီးအကျယ် ချီးမွမ်းဘွယ် ကောင်းပါသည်၊ သို့သော် အရှင်မင်းကြီးသည် မစွမ်းမသန်သော ဆွံ့ကို ဆိတ်ချေး ပစ်ပေးခြင်းဖြင့်ရွာမြတ် လေးရွာကိုပင် ပေးအပ်ပေသတည်း" ဟု သတိပေးလျှောက်ထား၏။

## ဆွံ့ထံ တပည့်ခံသူ

ထိုသို့ဆွံ့သည် နေ့ချင်းညချင်း ကြီးပွားသည်ကိုမြင်သဖြင့် ယောကျ်ားတယောက်က ဆွံ့ထံလာ၍ အလုပ်အကျွေးပြု၏၊ ကြာရှည်လေးမြင့်စွာ ဝတ်ကြီးဝတ်ငယ် အသွယ်သွယ်ကို ပြုစု

လေရာဆွံ့သည်ကျောက်စရစ်ခဲပစ်အတတ်ကို သင်ကြားပေး၍ တတ်မြောက်သဖြင့် လက်တည့်စမ်းရန် ဆရာ့ထံခွင့်ပန်၏။

ဆရာဆွံ့ကသင်လက်တည့်စမ်း၍နွား တို့ကိုထိလျှင်နွားရှင်ကို တရာသောဒဏ်ပေးရ၏၊ လူကိုသတ်မိလျှင်တထောင်သောဒဏ်ကို ပေးရ၏၊ သင်လက်တည့်စမ်းခြင်းဖြင့် သင့်ကိုသင်မဖျက်ဆီးပါနှင့် စိုးပိုင်စောင့်ရှောက်သူ ကင်းသောသူကို စူးစမ်း၍ ကြည့်ရှုပါလော့ဟု ပြောဆိုမှာထား၍လွှတ်လိုက်၏။

**ပစ္စေကဗုဒ္ဓါကို စမ်းခြင်း**

တပည့်လည်း စိုးပိုင်သူ ကင်းရှင်းသည်ကိုရှာဖွေ၏၊ ထိုအခါ တွင် သုနေတ္တမည်သော ပစ္စေကဗုဒ္ဓါ အရှင်ဟပါးဆွမ်းခံကြွလာ သည်ကိုမြင်၍ ဤသူသည် ဆွေမျိုးမိဘ စောင့်ရှောက်သူ ကင်း သောသူဖြစ်သည်။ ဤသူကိုပစ်က ဒဏ် မရှိသည်ဖြစ်ပေမည်ဟု ကျောက်စရစ်ခဲဖြင့် ပစ္စေကဗုဒ္ဓါ၏ လက်ျာဘက် နားတွင်းကို ချိန်၍ပစ်၏၊ ထိုကျောက်စရစ်ခဲသည် လက်ဝဲနားတွင်းမှ ထွက်၍ သွား၏၊ အရှင်မြတ်သည် ကြီးစွာသောဝေဒနာဖြစ်၍ ဆွမ်းခံ ခြင်းငှာ မစွမ်းနိုင်တော့ပဲ ကောင်းကင်ခရီးဖြင့် သီတင်းသုံးရာ သစ်ရွက်မိုးကျောင်းသို့ ပြန်ကြွတော်မူ၍ ပရိနိဗ္ဗာန်စံတော်မူ၏၊ လူအပေါင်းတို့သည် ထိုသူမိုက်အား ဘမ်းဆီးရိုက်ပုတ်၍ သေ သည်၏ကာလအဝီစိငရဲကြီး၌ မြေကြီးတယူဇနာ တက်လာသည် အထိခံစားရပြီး ယခုသံတူခြောက်သောင်းဖြင့် ဦးခေါင်းကိုတူထု ခံနေရသော ပြိတ္တာဖြစ်လာ၍ ဤသို့ပင် ကြီးစွာသော ဒုက္ခကို ဆက်လက် ခံစားနေရခြင်းဖြစ်သည်ဟု ဟောတော်မူပြီးသည်၏ အဆုံး၌ အနုသန္ဓေစပ်တော်မူပြီး

(၇၂) ယာဝဒေဝ အနတ္ထာယ၊ ဉတ္တံ ဗာလဿ
ဇာယတိ။
ဟန္တိ ဗာလဿ သုက္ကံသံ မုဒ္ဓမဿ
ဝိပါတယံ။

(၇၂) သူမိုက်၏အတတ်ပညာရှိသောအဖြစ်သည် ကိုယ်၌ဆင်းရဲ ငရဲကျရောက်ရန်သာဖြစ်၏။ ထိုသူမိုက်၏ ဖြူစင်မှုကုသိုလ် အဖို့ကို ပယ်ဖျောက်တတ်သည် ဖြစ်၏။ ထိုသူမိုက်ဦးထိပ်ကို ကျေမွ ပြုန်းတီး ပျက်စီး၍ကျစေတတ်သည်ဖြစ်၏။

(ဓမ္မပဒ-ဗာလဝဂ် တဆယ့်ကိုးခုမြောက်၊ သဋ္ဌိ ကူဋ ပြိတ္တာ
ဝတ္ထု ပြီး၏)

※ ※ ※ ※

၅။ ဗာလဝဂ်

## ၁၄။ ရဟန်းကျင့်ဖွယ်နှင့် စိတ္တသူကြွယ်

(သုဓမ္မမထေရ်နှင့် စိတ္တသူကြွယ်ဝတ္ထု)

ရဟန်းမည်သည်=

ငါ၏ နေရာ၊ ငါ၏ကျောင်း၊
ငါ၏ ဒါယကာ၊ ငါ၏ ဒါယိကာမ
ဟူ၍ရှင်း–
ငါ့ကိုသာလျှင် ကိုးကွယ်ရာ၏။
ငါ့ကိုသာလျှင် လှူဒါန်းရာ၏။
ငါ့အလိုသာ လိုက်ရာ၏။
ငါ့အားသာလျှင် ပန်ကြားရာ၏၊
ဟူ၍ရှင်း၊
စိတ်မှာအမြဲစွဲ၍ထားလျှင်
အလိုဆိုးရမက်တို့သည်ရှင်း၊
မာနတရားတို့သည်ရှင်း
တနေ့တခြား တိုးပွားလေ၏။

(အသန္တံ ဘာဝန မိစ္ဆေယျ) စသည့် ဒေသနာတော်ကို ဇေတဝန်ကျောင်းတော်၌ သုဓမ္မ မထေရ်ကို အကြောင်းပြု၍ ဟောတော်မူ၏။

ဝတ္ထုကြောင်းကားဤသို့တည်း

မစ္ဆိကာသဏ္ဍမြို့၌နေသော စိတ္တသူကြွယ်သည် ပဉ္စဝဂ္ဂီငါးဦးတို့တွင်အကြုံးဝင်သောအရှင်မဟာနာမမထေရ်ဆွမ်းခံသည်ကိုမြင်လျှင် သဒ္ဓါပြင်မူယာ ဣရိယာပထ၌ ကြည်ညိုလှသဖြင့် သပိတ်တော်ကိုယူပြီးအိမ်သို့ပင့်၍ ဆွမ်းဘောဇဉ်တို့ဖြင့်ပြုစုလုပ်ကျွေး၏။

ဆွမ်းစားခြင်းကိစ္စအပြီး၌ တရားတော်ကိုနာကြားရ၍ သောတာပတ္တိဖိုလ်သို့ ရောက်၏၊ သဒ္ဓါတရား ထက်သန်လှ၍ အမွှေးကမည်သော မိမိဥယျာဉ်ကို သံဃာ့အရံပြုရန် မထေရ်၏ လက်၌ ရေစက်သွန်းချလှူဒါန်းလိုက်၏၊ ထိုခဏဝယ် ဘုရားသာသနာတော်တည်ပေပြီဟု မဟာပထဝီမြေကြီး ပြင်းစွာတုန်လှုပ်၏၊ စိတ္တသူကြွယ်သည့် ဥယျာဉ်တွင်း၌ ကျောင်းကို ဆောက်လုပ်၍ အရပ်လေးမျက်နှာမှကြွလာကြသော ရဟန်းသံဃာတို့အတွက် ဖွင့်ထားအပ်သော တံခါးသဖွယ်ဖြစ်ပေ၏၊ သုဓမ္မမထေရ်သည် ကျောင်းနေ ရဟန်းဖြစ်၏။

## အဂ္ဂသာဝကနှစ်ပါး ကြွလာခြင်း

စိတ္တသူကြွယ်၏ သတင်းစကားပျံ့နှံ့စွာ ကြားရသောကြောင့် အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန် သာဝကနှစ်ပါးတို့သည် စိတ္တသူကြွယ်အား ချီးမြှင့်ရန် မစ္ဆိကာသဏ္ဍမြို့သို့ ကြွလာသည်ကို စိတ္တသူကြွယ်ကြားလျှင် ယူဇနာဝက်ခရီးမှ ဆီးကြိုပြီး မိမိလှူဒါန်းသောကျောင်းသို့ပင့်၍ အာဂန္တုကဝတ်ကိုပြုပြီးသော အခါ "အရှင်ဘုရား တပည့်တော်အား တရားစကားအနည်းငယ်ချီးမြှင့်တော်မူပါ" ဟု လျှောက်ထား၏။

ထိုအခါ အရှင်သာရိပုတ္တရာမထေရ်မြတ်က

"ဒါယကာ ငါတို့သည် ခရီးရှည်လာခဲ့ရသဖြင့် ပင်ပန်းနွမ်းနယ်လျက်ရှိသည်၊ အနည်းငယ်မျှသော တရားတော်ကိုသာ နာဦးလော့"

ဟု မိန့်တော်မူပြီး အနည်းငယ်မျှသော တရားစကားကို ဟောကြားတော်မူ၏။ သူကြွယ်သည် တရားကို နာလျက်ပင် အနာဂါမိဖိုလ်သို့ရောက်လေ၏။

## သုဓမ္မာမထေရ်၏ အမျက်

တရားပြီးဆုံးသည်၌ စိတ္တသူကြွယ်သည် အဂ္ဂသာဝကမထေရ်နှစ်ပါးတို့ကို ရိုသေစွာရှိခိုးပြီး အရှင်မြတ်တို့နှင့်တကွ နောက်ပါ တထောင်မျှလောက် ကုန်သော သံဃာတော်တို့သည် တပည့်တော်၏အိမ်၌ ဆွမ်းကို အလှူခံတော်မူပါဟု ပင့်ဖိတ် လျှောက်ထား၏။

ထိုနောက် ကျောင်းနေဖြစ်သော သုဓမ္မမထေရ်ထံ နက်ဖြန်ဝယ် မထေရ်တို့နှင့်အတူတကွ တပည့်တော်၏အိမ်သို့ ကြွတော်မူပါဟု ပင့်လျှောက်၏။

သုဓမ္မမထေရ်သည် ငါ့အား နောက်မှပင့်သည်ဟု အမျက်ထွက်၍ ပင့်လျှောက်ခြင်းကိုပယ်၏၊ သူကြွယ်လည်း အတန်တန်တောင်းပန် လျှောက်ထား၏။ တားမြစ်သည်သာ ဖြစ်သောကြောင့် သူကြွယ်လည်း အိမ်သို့ပြန်သွား၏။

နောက်တနေ့ဝယ် သုဓမ္မမထေရ်က ကျောင်းဒါယကာသည် အဂ္ဂသာဝက မထေရ်တို့အတွက် အဘယ်သို့ စီရင်လေသနည်း– ကြည့်ရှုဦးအံ့ဟု နံနက်စောစောပင် သပိတ် သင်္ကန်းကို ယူ၍ သူကြွယ်၏အိမ်သို့ကြွသွား၏။ သူကြွယ်သည် မထေရ်အား ဤနေရာ၌ သီတင်းသုံးပါဟုလျှောက်၏၊ မထေရ်ကငါသည်ထိုင်နေခြင်းငှာလာသည်မဟုတ် ဆွမ်းခံခြင်းငှာ လှည့်လည်တော့အံ့ဟု ပြောဆိုပြီး သူကြွယ်အား အမျိုးအားဖြင့်ထိပါးပုတ်ခတ် ပြောဆိုလိုသောကြောင့် "ဒါယကာ သင်၏ အလှူဝတ္ထုတွင် နှမ်းမုန့် ကျွတ်မပါသေး"ဟု မိန့်၏။

စိတ္တသူကြွယ်က "အရှင်ဘုရားသည် အောက်ကလိအာ"ဟု မြည်သော ကျီးငှက်သို့ပင်ဖြစ်သည်"ဟု ပြောဆိုလျှင် သုဓမ္မ မထေရ်သည် အမျက်ထွက်၍ "သင်၏ကျောင်းကို အသင် သိမ်းဆည်းစောင့်ရှောက်လေလော့၊ ငါတရပ်တပါးသို့ သွားတော့အံ့"ဟု ပြောဆို၏။

စိတ္တသူကြွယ်သည်သုံးကြိမ်တိုင်အောင်တောင်းပန်၏။မထေရ်သည် သည်းမခံဘဲထွက်သွား၍ မြတ်စွာဘုရား အထံတော်တွင် စကားအလုံးစုံကိုပြန်၍လျှောက်ထား၏။

## အပြစ်တင်တော်မူခြင်း

မြတ်စွာဘုရားက "အသင်ရဟန်း သင်သည် ဒါယကာ၏ သဒ္ဓါကြည်ညို ရှိသော လေးမြတ်ခြင်းကို ကဲ့ရဲ့ရှုံ့ချ ဂရဟိတ သဘောကို ပြောဆိုဘိသည်"

ဟုအပြစ်တော်တင်၍ ပဋိသာရဏီယကံကိုပြုစေပြီး 'အသင်သည် ပြန်သွား၍ စိတ္တသူကြွယ်ကို သည်း ခံ စေ လော့" ဟု မိန့်တော်မူ၏။

သုဓမ္မမထေရ်သည် ပြန်သွား၍ စိတ္တသူကြွယ်အားသည်းခံရန် တောင်းပန်၏၊ စိတ္တသူကြွယ်က "တပည့်တော်သည်းမခံနိုင်"ဟု မျက်မှောင်ကြုတ်၍ နေသဖြင့် မြတ်စွာဘုရားသခင် အထံသို့ တဖန်ပြန်လာခဲ့ပြန်၏။

ဘုရားသခင်သည် မထေရ်ပြန်၍လာရမည့်အဖြစ်ကို သိတော်မူသော်လည်း ဤရဟန်းသည် မာန်မာနရှိ၏၊ ယူဇနာ သုံးဆယ် ၄ှိသောဤခရီးကို လူးလာတုန့်ခေါက် သွား ရောက် စေ ဦး ဟု နှလုံးသွင်းတော်မူ၍စေလွှတ်လိုက်ခြင်းဖြစ်၏။

တခေါက်တဖန် ပြန်လာသောအခါ မထေရ်သည် မာန်မာန ကင်းသောအဖြစ်ကိုရောက်၍သုဓမ္မာမထေရ်နှင့်လိုက်ရန် တမန်ကို ပေးသနားတော်မူ၍ "ဤတမန်နှင့်အဘူသွားလော့-ဒါယကာကို သီးခံပေဘိလော့" ဟု မိန့်တော်မူပြီး

"ချစ်သားရဟန်း၊ငါဘုရားသာသနာတော်၌ကောင်းစွာ ထမ်းရွက်သော ရဟန်းမည်သည်ကား ငါ၏နေရာကျောင်း၊ ငါ၏နေရာအရပ်ဒေသ၊ ငါ၏ဒါယကာ-ငါ၏ ဒါယိကာမ ဟူ၍ အလွန်အကဲ စွဲလန်းခြင်းမပြုအပ်၊ ဤသို့ ပြုလုပ်သော ရဟန်းအားအလိုဆိုးရမက်တို့သည်ငင်းမာန်မာနတို့သည်ငင်း လွန်စွာပွားများလေကုန်၏"

ဟူ၍ဟောကြားတော်မူလိုသောကြောင့်

**(၇၃) အသန္တံ ဘာဝနမိစ္ဆေယျ၊ ပုရေက္ခာရဉ္စ ဘိက္ခုသု။**
**အာဝါသေသု စ ဣဿရိယံ၊**
**ပူဇာ ပရကုလေသု စ။ ။**

**(၇၄) မမေဝ ကတ မညန္တု၊ ဂိဟီပဗ္ဗဇိတာ ဥဘော။**
**မမေဝါတိ ဝသာ အဿု၊ ကိစ္စာကိစ္စေသု ကိသ္မိစိ၊**
**ဣတိ ဗာလဿ သင်္ကပ္ပေါ၊ ဣစ္ဆာ မာနော စ**
**ဝဍ္ဎတိ။**

(၇၃) ပညာမျက်စိမရှိသောသူငိုက်သည် မိမိ၌မရှိသောချီးမွမ်းခြင်းကိုငင်း ရဟန်းတို့၌ ဦးစီးခေါင်းဆောင်အဖြစ်ကိုငင်း။ ကျောင်းအရိပ်အာဝါသတို့၌ ပိုင်ဆိုင်ခြင်းကိုငင်း မိဘမှတပါးအခြားသောဒါယကာ ဒါယိကာမတို့၌ ပူဇော်လှူဒါန်းခြင်းတို့ကိုငင်းအလိုရှိ၏။

(၇၄) ငါ့ကိုသာလျှင် ဝတ်ကြီးဝတ်ငယ်ပြု၏၊ ရှင်လူနှစ်ဦးစလုံးသည် ထင်မှတ်စေကုန်သတည်း၊ တစုံတခုသောကာလ၌အမှုကြီးငယ် ပြုဘွယ်တို့သည် ဖြစ်ပေါ်လာသည်ရှိသော် ငါ့အားသာလျှင် အလိုသို့လိုက်ကုန်သည်ဖြစ်စေသတည်း။ ငါ့အားသာလျှင်ပြန်ကြား၍ ပြုစေကုန်သတည်း။ ဤသို့ အကြင်လူမိုက်အား အကြံသည်၎င်း၊ အလိုသည်၎င်းဖြစ်၏၊ထိုသူမိုက်အားအလိုရမက်သည်၎င်း၊မာနတရားသည်၎င်း တနေ့တခြားတိုးပွားလေ၏။

ဒေသနာတော်၏ အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ်စသည်သို့ရောက်လေကုန်၏။

## သုဓမ္မမထေရ်ရဟန္တာဖြစ်ခြင်း

သုဓမ္မမထေရ်သည် ဆုံးမသြဝါဒကိုကြားနာ၍မြတ်စွာဘုရားကိုရှိခိုးပြီးသော် တဖန်ရဟန်းနှင့်တကွမစ္ဆိကာသဏ္ဍမြို့ သို့သွား၍ စိတ္တသူကြွယ် မျက်မှောက်ဝယ် အာပတ်ကို ကုစားပြီးသော် သည်းခံစေ၏။

စိတ္တသူကြွယ်ကလည်း ''အရှင်ဘုရား တပည့်တော် သည်းခံပါ၏၊ တပည့်တော်၌ အပြစ်ဒေါသရှိခဲ့ပါလျှင်လည်းသီးခံတော်မူပါ''ဟု ပြန်၍ကန်တော့ဝန်ချ၏။

သုဓမ္မထေရ်သည် မြတ်စွာဘုရား၏ အဆုံးအမ သြဝါဒ၌ တည်၍ နှစ်ရက်သုံးရက်ဖြင့် ပဋိသမ္ဘိဒါနှင့်တကွ အရဟတ္တဖိုလ်သို့ရောက်၏။

## စိတ္တသူကြွယ်မြတ်စွာဘုရားထံသို့

စိတ္တသူကြွယ်သည် စဉ်းစားမိ၏၊ ငါသည် မြတ်စွာဘုရားကို မဖူးမြင်ရဘဲလျက်နှင့် သောတာပတ္တိဖိုလ်၌၎င်း၊ အနာဂါမိဖိုလ်၌၎င်းတည်၏။ ငါကိုယ်တိုင် အဘုလထွတ်ထားဘုရားကိုယ်

တော်မြတ်အား ဖူးမြော်သင့်ပေသည်ဟုကြံ၍ ငါးရာသောလှည်းတို့တွင် နှမ်းဆန်တင်လဲ ထောပတ်ပျားသကာတို့ကိုပြည့်စေလျက်

"မြတ်စွာဘုရားကိုဖူးမြော်လိုသူတို့သည် အဘူတကွလိုက်လှည့်ကြကုန် ဆွမ်းထမင်းအစရှိသော အသုံးအဆောင်ဟူသမျှ ညှိုးငယ်ပင်ပန်းခြင်းမရှိစေရပါ"

ဟု ရဟန်းယောကျ်ား ရဟန်းမိန်းမ ဒါယကာ-ဒါယိကာမ အပေါင်းတို့အားအကြောင်းကြားစေ၏၊ ဘုရားရှင်ကိုဖူးမြင်ရန် လိုက်ပါကြွလာကြသော ရဟန်းပရိသတ် လူပရိသတ် တို့သည် သုံးထောင်မျှလောက်ပင်ရှိ၏။

## နတ်တို့က စောင့်ရှောက်ခြင်း

ယူဇနာသုံးဆယ်ရှိသောခရီးတွင် သုံးထောင်မျှလောက်သော လူထုပရိသတ်ကို ယာဂုထမင်းစသည်ဖြင့် ပိုလျှံပြည့်စုံအောင်ပြုစုခဲ၏။ နတ်တို့ကသည်း တယူဇနာ တယူဇနာရှိရာ အရပ်၌ သစ်ခက်တနန်းမဏ္ဍပ်တို့ကိုပြု၍ နတ်၌ဖြစ်သော ယာဂုခဲဘွယ် ထမင်း အဖျော်စသည်ဖြင့် လုပ်ကျွေးကြကုန်၏၊

ဤသို့ဖြင့် တနေ့တယူဇနာဖြင့် တလ ပြည့်မြောက်သဖြင့် သာဝတ္ထိပြည်သို့ရောက်၏၊ လှည်းငါးရာတို့၌ တင်ဆောင်ယူလာသော ပစ္စည်းဥစ္စာတို့သည် ပကတိ ပြည့်မြဲ အတိုင်းသာလျှင် ရှိကုန်၏။

## ယမိုက်ပြာဋိဟာဖြစ်ပေါ်ခြင်း

မြတ်စွာဘုရားသည် အာနန္ဒာ မထေရ်ကို ခေါ်တော်မူ၍ "ချစ်သားအာနန္ဒာ၊ ယနေ့သချမ်း၌ စိဘ္ဘာသုကြွယ်သည် လှည်း ငါးရာဖြင့် ငါဘုရားကို ဖူးမြော်ရောက်လာလတံ့" ဟု မိန့်တော်မူ၏။

"အရှင်မြတ်ဘုရား၊ တစုံတခုသော ယမိုက်ပြာဋိဟာသည်ဖြစ်ပါလတံ့လော"

"ချက်သားအာနန္ဒာ ဖြစ်ပေလတံ့"

"အရှင်မြတ်ဘုရား အဘယ်သို့ဖြစ်ပါလတံ့နည်း"

"စိတ္တသူကြွယ်သည် ငါဘုရားကိုရှိခိုးလာသော ရှစ်မင်းပယ်မျှလောက် ပမာဏရှိသောအရပ်၌ ဒူးဆစ်ဝန်းအထိမြုပ်လောက်သောနတ်၌ဖြစ်သောပန်းတို့ဖြင့်တခဲနက်ထည်းပန်းမိုးရွာလတံ့" ဟု မိန့်တော်မူ၏။

ထိုသို့ မြတ်စွာဘုရားမိန့်သောစကားကို အဆင့်ဆင့်ကြားသိကြသော မြို့သူမြို့သားအပေါင်းတို့သည် စိတ္တသူကြွယ်၏ကောင်းမှုဘုန်းကံကိုကြည့်ရှုရန် ပူဇာသက္ကာရကိုယူ၍ လမ်းခရီးနံပါးနှစ်ဘက်၌ တည်ကြကုန်၏။

ငါးရာကုန်သော ရဟန်းတို့သည် ရှေးဦးစွာ လာကြကုန်၏၊ စိတ္တသူကြွယ်သည် ငါးရာကုန်သော ဥပါသကာတို့ ခြံရံလျက်မြတ်စွာဘုရားသခင်ထံသွား၏။ ဘုရားရှင်၏ ရှေ့တည့်တည့်၌ရပ်နေသောသူတို့သည်ငင်း၊ ထိုင်နေသောသူတို့သည်ငင်း၊ ဖြတ်သန်းသွားလာသောသူတို့သည်ငင်း၊ မရှိကြကုန်၊ လမ်း၏နှစ်ဘက်တို့၌ မတုန်မလှုပ်သာတည်ကုန်၏။

### နတ်တို့က ပန်းမိုးရွာခြင်း

သုံးပါးသောမဂ်ဖိုလ်ရောက်ပြီးသော အရိယာသာကဝ စိတ္တသူကြွယ်သည် ကြည့်တိုင်း ကြည့်တိုင်းသော အရပ်သည် တုန်လှု ၏၊ [မြ]တ်စွာဘုရားထံချဉ်းကပ်၍ ခြောက်သွယ်သော ရောင်

ခြည်တော်ကွန်ရက်တို့၏ အတွင်းသို့ဝင်ပြီးသော် မြတ်စွာဘုရားသခင်၏ခြေဖမျက်တော်အစုံကိုလက်ဖြင့်ကိုင်ထိပြီး ရှိခိုးသောကာလတခဏ၌ပင် နတ်၌ဖြစ်သောပန်းမိုးသည်ရွာ၏။ ရဟန်းရှင်လူတို့အံ့ဩဘနန်းဖြစ်ကြကုန်၏။ ကောင်းချီး တထောင်တို့လည်းသည်ဖြစ်ကုန်၏။

စိတ္တသူကြွယ်သည် တလပတ်လုံးနေထိုင်ပြီးကြီးစွာသောအလှူကြီးကိုပေး၏။ နတ်လူတို့ ပို့ဆောင်လာသော ပဏ္ဏာကာရဖြင့်သာလျှင် အလှူသည်ပြည့်စုံ၏၊ ပါလာသောလှည်းတို့မှ တစုံတခုကို ယူရသည်မရှိ။

## လှည်းငါးရာနှင့် ရတနာအပြည့်

ထို့နောက် စိတ္တသူကြွယ်သည် မြတ်စွာဘုရားသခင်ကို ရှိခိုးလျက်၊ "ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ တပည့်တော်သည် အရှင်မြတ်တို့အား ပူဇော်ပေးလှူရန် ရည်သန်လျက်လာခဲ့ရာ လမ်းခရီး၌ တလခန့် ကြာပါသည်၊ ကျောင်းတော်သို့ရောက်၍ ချီးမြှောက်ပေးကမ်းလှူဒါန်းသည်မှာလည်း တလတာမျှကြာခဲ့ပါပြီ၊ သို့ပါသော်လည်း တပည့်တော် ဆောင်ယူလာသော ပစ္စည်းများမှာ အနည်းငယ်မျှ ထုတ်ယူလှူဒါန်း ပေးကမ်းခြင်းငှာမရပါ၊ နတ်လူတို့ထောက်ကူ ချီးမြှင့်အပ်သော ပစ္စည်းများဖြင့်သာ အလှူဒါနကို ပေးလှူ၍နေရပါသည်။ တနှစ်မျှကာလကြာအောင် စောင့်ဆိုင်း နေပါသော်လည်း တပည့်တော်၏ လှူဖွယ်ဝတ္ထု အစုစုတို့သည် လှူဒါန်းခွင့် ရနိုင်တော့မည် မဟုတ်ပါ၊ သို့ဖြစ်ပါ၍ တပည့်တော်၏ လှူဖွယ်ပစ္စည်းတို့ကို

လှည်းတို့မှခါချလျှော့ဒါန်း၍ ဌာနရပ်ထံပြန်သွားလိုပါပြီ၊ တပည့်တော်အား လှူဘွယ်ပစ္စည်းများ သိမ်းစရာနေရာ တခုကိုသာ ညွှန်ပြတော်မူပါလော့”ဟု လျှောက်ထား၏။

မြတ်စွာဘုရားကိုယ်တော်မြတ်က အာနန္ဒာမထေရ်အား နေရာလွတ်တခုကိုပြု၍ပေးလော့ဟု မိန့်တော်မူ၏၊ မြတ်စွာဘုရားသခင်သည် စိတ္တသူကြွယ်အား ကပ္ပိယမြေဖြစ်သောကြောင့် ခွင့်ပေးတော်မူ၏။ စိတ္တသူကြွယ်သည် လှည်းငါးရာမှလှူဘွယ်ပစ္စည်းတို့ကို အကုန်သွန်ချလှူဒါန်းခဲ့ပြီး မိမိနှင့် ပါလာသော သုံးထောင်မျှလောက်သော သူတို့နှင့် အတူတကွ လှည်းခွက်ချည်းသာလျှင် ပြန်ကြလေ၏။

ထိုအခါ နတ်လူအပေါင်းတို့သည် စိတ္တသူကြွယ်အား

“အရှင်-အရှင်သည် အချည်းနှီးသောလှည်းတို့ဖြင့် သွားအံ့သည်ကားမသင့်လျော်ပါ”ဟုဆို၍လှည်းငါးရာစလုံးတွင်ရတနာခုနစ်ပါးတို့ဖြင့် ပြည့်စေကုန်၏။ စိတ္တသူကြွယ်သည် ရအပ်သောလက်ဆောင်တို့ဖြင့်သာလျှင် လူများအပေါင်းကိုပြုစုလုပ်ကျွေး၍ သွား၏။

## သဒ္ဓါသီလအာစာရ

အရှင်အာနန္ဒာမထေရ်သည် မြတ်စွာဘုရားအား မေးလျှောက်၏။ “အရှင်မြတ်ဘုရား စိတ္တသူကြွယ်သည် လမ်းခရီး၌လည်းတလတိုင်တိုင် ကျွေးမွေးပေးကမ်းလှူဒါန်းနိုင်၏။ လှည်းငါးရာတို့ကို သွန်ချလှူဒါန်းခဲ့ပြီးပြန်သွားသည်ကို လှည်းငါးရာစလုံး၌ပင် ရတနာခုနစ်ပါးနှင့် ပြည့်ပြန်၏။ အရှင်မြတ်ဘုရား အရှင်မြတ်ထံမှောက်သို့ လာရောက်ဖူးမြော်သောအခါသာလျှင် ဤသို့လာဘ်လာဘ ပေါများရသလော”ဟု မေးလျှောက်၏။

"ချစ်သားအာနန္ဒာ ငါဘုရား၏အထံသို့ လာသော်ငင်း၊ တပါးအရပ်သို့သွားသော်ငင်း၊ ဤသူကြွယ်အား ဤသို့သော ပူဇော်သက္ကာရသည် ဖြစ်မည်သာတည်း"

"ချစ်သားအာနန္ဒာ။ ။ ဤဒါယကာသည် သဒ္ဓါ ကြည်ညို ရိုသေလေးမြတ်ခြင်းရှိ၏။ သတင်းသီလအာစာရ အကျင့်ဂုဏ်နှင့်လည်းပြည့်စုံ၏။ ဤသို့သဘောရှိသောပုဂ္ဂိုလ် သည် အကြင်အကြင်သို့သောအရပ်သို့ သွားရောက်၏၊ထိုထို ရောက်ရာအရပ်၌ လာဘသက္ကာရ စသည်ပြန့်ပြောများမြတ် သောပူဇော်ခြင်းရှိသည်သာတည်း"

ဟုပကိဏ္ဏကဝဂ်အလာဂါထာကိုဟောကြားတော်မူ၏။ဒေသနာ တော်၏အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပတ္တိ ဖိုလ်စသည်သို့ရောက်ကုန်၏။

## စိတ္တသူကြွယ်၏အတိတ်ဝတ္ထု

ဤသို့မြတ်စွာဘုရား ဟောကြားတော်မူ အပ် သည် ရှိသော် အာနန္ဒာမထေရ်သည် စိတ္တသူကြွယ်၏ ရှေး၌ ပြု ခဲ့ ဘူး သော ကောင်းမှုကိုမေးလျှောက်၏။ ထိုအခါ မြတ်စွာဘုရားသခင်သည် ဤသို့မိန့်တော်မူ၏။

"ချစ်သားအာနန္ဒာ- ဤစိတ္တသူကြွယ်သည် ပ ဒု မု တ္တ ရ မြတ်စွာဘုရားခြေတော်ရင်း၌ ပြုအပ်သော ဆုတောင်းကြောင့် ကမ္ဘာတသိန်းကာလပတ်လုံး နတ်လူတို့ဘဝ၌ ကျင်လည်ခဲ့ရ၏။ ကဿပဘုရားသခင်၏ လက်ထက်တော်၌ သားသမင်တို့ကို သတ်ဖြတ်အသက်မွေးသောမုဆိုး၏ အမျိုး၌ဖြစ်၍ အရွယ်ရောက်

လျှင် မိုးသည်းထန်စွာရွာသောနေ့၌ လှံ ကိုယူပြီးသားသမင်တို့ကို ရှာဖွေ၏။ တခုသောတောင်ဝှမ်း၌ ဦးခေါင်းနှင့်တကွ သင်္ကန်းရုံး၍ ထိုင်နေသောရဟန်းတပါးကိုမြင်၍ဤအရှင်သည်ရဟန်းတရားကို အားထုတ်၍ သီတင်းသုံးတော်မူသည်ဖြစ်ပေလိမ့်မည်၊ ထိုအရှင်မြတ်အတွက် လှူဒါန်းရအောင် ဆွမ်းကိုဆောင်ယူအံ့ဟု အိမ်သို့ အမြန်ပြေးပြီးသော် အိမ်မှသားငါးကိုရင်း၊ ထမင်းကိုရင်း ချက်စေ၏၊ ထိုစဉ် ဆွမ်းခံသွားသော်မူသောရဟန်းတပါးကိုမြင်ပြန်၍ ထိုအရှင်၏သပိတ်ကိုယူပြီး ခင်းထားအပ်သော နေရာ၌ သီတင်းသုံးစေတော်မူပြီး ဆွမ်းခဲဘွယ်ဘောဇဉ်တို့ကို စီရင်၍အရှင်အား လှူဒါန်း လုပ်ကျွေးလိုက်ပါကုန်လော့ဟု တပါးသော သူတို့ကို မှာထားပြီး ချက်ပြုတ်ပြီးသောဟင်းတို့ကို အထုပ်၌ ထည့်သွင်း ထုပ်ပိုးယူဆောင်လာခဲ့၏။

လမ်းခရီးအကြား၌ တွေ့မြင်သမျှ ပန်းတို့ကိုခူး၍ ထမင်းထုပ်၌ဖုံးအုပ်၏။ မထေရ်၏အထံသို့ရောက်သောအခါ မထေရ်အား ရှိခိုးတောင်းပန်၍ သပိတ်ကိုယူပြီး ဆွမ်းတို့ကိုထည့်သွင်း ဆည်းကပ်လှူဒါန်းပြီး ပန်းတို့ဖြင့်ပူဇော်ခြင်းကိုပြုခါ

"အရှင်ဘုရား တပည့်တော်သည် ပန်းပူဇော်ခြင်းနှင့် တကွ ဤဆွမ်းကိုရည်ညွှန်းပိုင်းဖြတ် ဆက်ကပ်လှူဒါန်းပါသည်၊ ဤသို့ ပြုရသော ကုသိုလ်ကံကြောင့် တဖန်ဘဝ ဖြစ်တိုင်း ဖြစ်တိုင်း သော၌ာန၌ လက်ဆောင် ပဏ္ဏာကာရ တထောင် မျှလောက် တို့သည် လာရောက်ပေးကမ်း၍ အကျွန်ုပ်၏စိတ်ကို နှစ်သက်ပါစေလော့ အဆင်းငါးပါးရှိသော မုလေး ပန်းတို့သည်လည်း ဖြိုးဖြိုးလိှုင်ခါ ရွာပါစေလော့"ဟု ဆုတောင်းပတ္တနာပြု၏။

ထိုသားမူဆိုးသည် အသက်ရှည်သမျှကာလပတ်လုံး ကုသိုလ်ကောင်းမှုကိုပြု၍ နောင်ဘဝဝယ် နတ်ပြည်၌ဖြစ်၏၊ ဖြစ်လေရာဒေသဝယ်သလုံးမြင်းခေါင်းကျ နှစ်မျှလောက်သောပန်းမိုးသည်ရွာ၏။

ဤယခုဘဝ၌လည်း ထိုစိတ္တသူကြွယ် ဖွားမြင်သောနေ့၌ရင်း၊ ငါ့ဘုရားထံလာသောအခါ၌ရင်း နတ်၌ဖြစ်သော ပန်းမိုးသည် တခဲနက်ဖြစ်၍ရွာ၏။

ချစ်သားအာနန္ဒာ ဤသို့သောအကျိုးဆက်သည် သားမုဆိုးဖြစ်စဉ်ကလှူဒါန်းခဲ့သောဒါန၏အကျိုးဆက်ပေတည်းဟုအတိတ်ဝတ္ထုကို ဟောတော်မူ၏။

(ဓမ္မပဒ ဗာလဝဂ်- တဆယ့်လေးခုမြောက် သုဓမ္မထေရ်နှင့် စိတ္တသူကြွယ်ဝတ္ထုပြီး၏)

## ၅။ ဗာလဝဂ်

# ၁၅။ လာဘ်လာဘကိုခင်မလား နိဗ္ဗာန်ဝင်မလား

## (တိဿသာမဏေဝတ္ထု)

'လာဘ်လာဘ ရကြောင်းနှင့် နိဗ္ဗာန်ရောက်ကြောင်းအကျင့်တို့သည် တပါးစီသာဖြစ်၏။ မြတ်စွာဘုရား၏တပည့် သာဝကသည် ပူဇော်သက္ကာရကို မနှစ်သက်ပေရာ၊ ဆိတ်ငြိမ်ရာဝယ် တကိုယ်တည်းကျင့်စဉ်တရားကို အမှန် ပွားများစေရာ၏။

(အညာဟိ လာဘူပနိသာ)အစဖြာသော ဒေသနာတော်ကို ဇေတဝန်ကျောင်းတော်၌ နဝဝါသီတိဿမထေရ်မြတ်ကို ရည်မှတ်၍ဟောတော်မူခဲ့သည်။ အဖြစ်အပျက်ကား ရာဇဂြိုဟ်ပြည်၌ ဖြစ်၏။

### ဝတ္ထုကြောင်းကား ဤသို့တည်း

အရှင်သာရိပုတ္တရာမထေရ်မြတ်၏ဘခင် ဝင်္ဂန္တပုဏ္ဏား ကြီး၏ ချစ်ပေါင်းသောမိတ်ဆွေ မဟာသေနပုဏ္ဏားကြီးသည် ရာဇဂြိုဟ်၌ နေ၏။ အရှင်သာရိပုတ္တရာသည် မဟာသေနပုဏ္ဏားကြီးကို အစဉ် သနားသဖြင့် ဆွမ်းခံကြွလျှင် ပုဏ္ဏားကြီး၏ အိမ်တံခါးဝ၌ ရပ်လေ့ရှိ၏။

မဟာသေနပုဏ္ဏားကြီးမှာ ပစ္စည်းကုန်ခန်းဆင်းရဲနွမ်းပါးလှသဖြင့် ငါ၏သား သာရိပုတ္တရာသည် ငါ့အိမ်တံခါးသို့ ဆွမ်းခံခြင်းငှာ ရပ်တော်မူမည်ဖြစ်ပေလိမ့်မည်၊ ငါ၏ ဆင်းရဲနွမ်းပါး

ခြင်းကို သိပေလိမ့်မည်မဟုတ်၊ လှူဒါန်း ပေးကမ်းစရာလည်း တစုံတရာမရှိဟု ပုန်းအောင်း၍သာနေ၏။ မထေရ်သည်နေ့စဉ်ပင် အိမ်တံခါး၀၌ ရပ်တော်မူသည်သာဖြစ်၏။ တစုံတခု လှူဘွယ် ရလျှင် လှူမည်ဟု ကြံသော်လည်း လှူဘွယ်တစုံတခုကိုမှ မရ ရှာပေ။

## မြတ်သောဒါနလှူလိုက်ရ

တနေ့တွင်အိမ်တအိမ်မှပုဏ္ဏားကြီးတို့ကို ပင့်ဖိတ်ရွတ်ဖတ်ရာမှ ထုထဲသောပုဆိုးပိုင်းနှင့် နို့ထမင်း တခွက်ကိုရ၍ ဤဆွမ်းကို ငါသည် ရှင်သာရိပုတ္တရာမထေရ်အား ပေးလှူအံ့ဟု မထေရ်ကို စောင့်မျှော်ပြီးနေလေ၏။

အရှင်သာရိပုတ္တရာမထေရ်သည် ထိုခဏ၌ ဈာန်သမာပတ်ကို ၀င်စား၍ သမာပတ်မှ ထတော်မူသည်ရှိသော် ပုဏ္ဏားကြီးကို မြင်တော်မူ၏။ ဒုကုဋ်ကိုရုံတော်မူပြီး သပိတ်ကို ယူတော်မူ၍ ပုဏ္ဏားကြီး၏ အိမ်တံခါး၀၌ ရပ်တော်မူ၏။

မဟာသေနပုဏ္ဏားကြီးသည် ကြည်ရွှင်နှစ်သက် ဦးထိပ်တွင် လက်ယှက်တင်၍ ရှိခိုးခြင်းဖြင့် အိမ်တွင်း၌ ပင့်သွင်း နေထိုင်စေပြီးသော် နို့ထမင်းခွက်ကိုယူပြီးမထေရ်၏သပိတ်၌ထည့်လောင်း လှူဒါန်း၏။ မထေရ်သည်လည်း ထက်၀က်မျှသာ ခံယူလျက် သပိတ်ကိုပိတ်တော်မူ၏။ ထိုအခါ ပုဏ္ဏားကြီးက

"အရှင်ဘုရား ဤနို့ထမင်းသည် တယောက်စာ သောက် လောက်ရုံမျှဖြစ်ပါသည်၊ အကျွန်ုပ်အား တမလွန် အတွက်သာ ချီးမြှင့်ခြင်းကိုပြုတော်မမူပါလင့်"ဟု လျှောက်ထား၍ အကုန်ပင်

သပိတ်သို့သွန်လောင်း၏။ မထေရ်လည်းထိုနေရာ၌ပင် ဘုဉ်းပေး သုံးဆောင်၏။ ဘုဉ်းပေးပြီးနောက် ပုဆိုးကိုပေးလှူ၍ရိုသေစွာ ရှိခိုးပြီး

"အရှင်ဘုရား ဤသို့လှူဒါန်းအပ်သော ကုသိုလ်စေတနာကြောင့် အရှင်မြတ်တို့ သိစေအပ်သော တရားထူးကို ထင်ရှားသိရှိ အပြီးအဆုံးသို့ရောက်သည်ဖြစ်ရပါလို၏"

ဟု ဆုတောင်း လျှောက်ထား၏။ အရှင်မြတ် ကလည်း "ဆုတောင်းတိုင်း ပြည့်စုံစေလော့" ဟုအနုမောဒနပြုပြီးနေရာမှ ထ၍ အစဉ်အတိုင်းအားဖြင့် လှည့်လည်၍ ဇေတဝန် ကျောင်းတော်သို့ ကြွတော်မူ၏။

## ဆင်းရဲစဉ်ခါလှူဒါန်းရာ လွန်စွာဝမ်းမြောက်ရ။

ဆင်းရဲငြိုငြင်ပင်ပမ်းသောကာလ၌ ခက်ခက်ခဲခဲ ရှာကြံလှူဒါန်းရသောဒါနသည် လှူဒါန်းသော ဒါယိကာအား လွန်စွာနှစ်သက်ခြင်းကို ဖြစ်စေ၏။မဟာသေနပုဏ္ဏားကြီးလည်းထိုအလှူဒါနကို ပေးလှူပြီးနောက်၊ ကြည်ညို နှစ်သက် ဝမ်းမြောက်ခြင်းပီတိဖြင့် အရှင်သာရိပုတ္တရာမထေရ်၌ အလွန်အကဲသော ချစ်ခင်ခြင်းသည်ဖြစ်လေ၏၊ ဤသို့ပင် မိမိဒါနကိုဝမ်းမြောက်၍ မထေရ်၌ ချစ်ခင်ခြင်းဖြင့်သာလျှင် အသက်အတိုင်း အတာအရ သေလွန်ခဲ့၏။

## လူပြန်ဖြစ်ရ မဟာသေန

မဟာသေန ပုဏ္ဏားကြီးသည် မထေရ်၌ ချစ်ခင်ခြင်းဖြင့်သာလျှင် သေလွန်ခြင်းကို ပြုခဲ့၍ သာဝတ္ထိပြည်ဝယ် မဟာသာရိပုတ္တရာအမျိုးအိမ်၌ ပဋိသန္ဓေတည်နေလေ၏။

ပဋိသန္ဓေတည်နေသော သူငယ်၏မိခင်သည်ရှင်သာရိပုတ္တရာမထေရ်အမှူးရှိသောရဟန်းတော်တို့ကိုပင့်၍ အိမ်၌ရေမရောသော နို့ဆွမ်းကိုပေးလှူပြီးမိမိ ည်လည်း ဖန်ရည်စွန်းသောအဝတ်ကို ဝတ်ဆင်၍ ရဟန်းသံဃာတော်တို့ နေရာအဆုံး၌ ထိုင်နေပြီး ရဟန်းတို့ဘုဉ်းပေးသုံးဆောင်၍ ကြွင်းကျန်သော နို့ထမင်းကို ရွှေခွက်ဖြင့် စားသုံးလိုသော ချဉ်ခြင်းသည်ဖြစ်၏၊ ကိုယ်ဝန်ဆောင်မိန်းမ၏ ဆွေမျိုးညာတိတို့သည် ရှင်သာရိပုတ္တရာမထေရ်မြတ်ကိုပင့်၍ ရဟန်းငါးရာနှင့်တကွ ရေမရောသော နို့ဆွမ်းကို ကပ်ပြီး ရဟန်းတို့အကျန်ကို စားစေခြင်းဖြင့် ချဉ်ခြင်းကို ပြေစေ၏ ။

## အံ့ဘွယ်ဒါနကျိုးဆက်ရ

သားဖွားမင်္ဂလာပြုသောနေ့၌ အရှင်သာရိပုတ္တရာမထေရ်ကို ပင့်၏။ သူငယ်ကို နံနက်စောစောက ရေချိုးပြီး တန်ဆာဆင်၍ ကြက်သရေရှိသောအိပ်ယာဝယ် အဘိုးတသိန်းထိုက်သော ကမ္ဗလာ၏ အထက်၌ထား၏။ ထိုသူငယ်ကလေးသည် အရှင်သာရိပုတ္တရာမထေရ်ကို စိမ်းစိမ်းကြည့်၍သာနေ၏။

သီလဆောက်တည်ရန်သူငယ်ကို ချီမ၍ ယူလေလျှင် သူငယ်သည် ထိုကမ္ဗလာကို လက်ချောင်းငယ်ဖြင့် ရစ်ပတ်၍ယူ၏။ ကမ္ဗလာကပ်ငြိ၍ ပါလာသည်မှတ်ထင်သောကြောင့် ကမ္ဗလာကို ဆွဲဖယ်၏။ သူငယ်သည်ပြင်းစွာငိုကြွေး၏။ ဆွေမျိုးတို့က မငိုကြွေးပါစေကုန်လင့်ဟု ကမ္ဗလာနှင့်အဘူ သူငယ်ကို ဆောင်ယူကုန်၏၊ သူငယ်သည် မထေရ်ကို ရှိခိုးသောကာလ ကမ္ဗလာကို လက်ဖြင့်ဆွဲငင်၍ မထေရ်၏ခြေတော်ရင်း၌ကျစေ၏၊ ဆွေမျိုး

တို့က သားငယ်သည်လှူဒါန်းအပ်သည်ရှိသော်လှူဒါန်းအပ်သည်ပင်ရှိပါစေလော့ဟု လျှောက်ကြား၍ အဘိုးတသိန်းထိုက်သောကမ္ဗလာဖြင့်ပူဇော်လှူဒါန်းခြင်းကိုပြု၏၊ မထေရ်ကဤသူငယ်၏အမည်ကိုမည်သို့ပေးမည်နည်းဟုမေးလျှင် အရှင်မြတ်နှင့်တူသော(တိဿ) ဟူသောအမည်သည် ဖြစ်ပါလိမ့်မည်ဟု လျှောက်၏၊ (အရှင်သာရိပုတ္တရာမထေရ်၏ ငယ်စဉ်အမည်သည် ဥပတိဿဖြစ်၏)

သူငယ်၏ မိခင်လည်း အမည်မှည့်မင်္ဂလာ ပြုသောအခါ၊ ထမင်းကျွေးမင်္ဂလာပြုသောအခါ နားထွင်းမင်္ဂလာပြုသောအခါ ပုဆိုးဖွဲ့မင်္ဂလာပြုသောအခါဦးစွန်းဖွဲ့မင်္ဂလာပြုသောအခါ ဤသို့မင်္ဂလာပြုတိုင်း အရှင်သာရိပုတ္တရာ အမှူးရှိသော သံဃာတော်ငါးရာတို့အား ရေမရောသော နို့ထမင်းကိုသာ ပေးလှူကုန်၏။

## တိဿ၏သာမဏေဘဝ

သူငယ် ခုနစ်နှစ်အရွယ် ရောက်လေလျှင် မိခင်အား သာရိပုတ္တရာမထေရ်မြတ်ထံရဟန်းပြုလိုပါသည်ဟုခွင့်တောင်းပန်ကြား၏။ မိခင်က သား၏အလိုဆန္ဒကို ဘယ်အခါမှ မဖျက်ဆီးပါဟု နှလုံးသွင်းရင်းရှိသဖြင့် မထေရ်ကိုပင့်ပြီး ဆွမ်းကို ကပ်လှူ၍ ဤသူငယ်သည် အရှင်မြတ်ထံ၌ ရဟန်းဝတ်လိုပါကြောင်း ခွင့်တောင်းပါ၏။ ညနေချမ်းကာလ ကျောင်းသို့ တပည့်တော်မတို့ လာခဲ့ပါအံ့ဟု လျှောက်ကြားပြီး ညနေချမ်းတွင် သူငယ် ကို ကျောင်းသို့ခေါ်ဆောင်၍ မထေရ်မြတ်ထံအပ်နှံ၏၊ မထေရ်သည် တိဿသူငယ်အား (တစပဉ္စက)ကမ္မဋ္ဌာန်းကို ဟောကြားတော်

မူပြီးရှင်သာမဏေပြုပေးတော်မူ၏။သူငယ်၏မိခင် ဘခင်တို့သည် မိမိတို့၏သားအားရှင်ရဟန်းအဖြစ်ပူဇော်သက္ကာကိုပြုလျက်၊ခုနစ်ရက်ပတ်လုံးကျောင်း၌သာလျှင်နေပြီးဘုရားအမှူးရှိသောသံဃာတော်တို့အား နို့ထမင်းကိုသာလျှင် ပေးလှူကုန်၏။ ရဟန်းတို့သည် ငါတို့နေ့တိုင်းနေ့တိုင်း ရေမရောသော နို့ထမင်းကိုသာ သုံးဆောင်၍ နေရပေသည်ဟူသော စကားပင် ဖြစ်ကြကုန်၏။ ခုနစ်ရက်မြောက်လျှင်မိဘတို့သည် အိမ်သို့ ပြန်သွားကြကုန်၏။

## ဒါနမျိုးဆက်ရှင်သန်လျက်

ရှစ်ရက်မြောက်သောနေ့၌ သာမဏေသည် ရဟန်းတို့နှင့် အတူတကွ ဆွမ်းခံကြွ၏၊ သာဝတ္ထိပြည်မှ ဒါယကာ ဒါယကာမတို့သည် ယနေ့ မောင်ရှင်သာမဏေ ဆွမ်းခံကြွမည်ဟု ထိုသာမဏေအား လှူဒါန်းရန် ငါးရာသောပုဆိုးတို့ဖြင့်ခေါင်းချုပ်၍ငါးရာသောဆွမ်းတို့ကိုစီရင်ပြီးလမ်းခရီး၌ဆီးကြို၍ပေးလှူကြကုန်၏။ နောက်တနေ့တွင်မူ ကျောင်း၏ဥပစာသို့လာရောက်၍ ပေးလှူကြကုန်၏၊ ဤသို့ဖြင့်နှစ်ရက်မျှဖြင့်ပင်တထောင်မျှလောက်သောပုဆိုးနှင့် တထောင်မျှလောက်သောဆွမ်းတို့ကိုရ၍ သံဃာတော်တို့အားပေးလှူ၏။

ဤလာဘ်လာဘကို ရခြင်းသည်ကား မဟာသေနပုဏ္ဏားဘဝကထူထဲကောင်းမွန်သော ပုဆိုးကိုလှူဒါန်းရခြင်း၏အကျိုးဆက်တည်း။

ဤအကြောင်းကြောင့်ပင် ရဟန်းတို့က တိဿသာမဏေကို (ပိဏ္ဍပါတ ဒါယကတိဿ) ဟူသောအမည်ကိုပြုကြကုန်၏။

## ကမ္ဗလာသင်္ကန်းတထောင်လှူခြင်း

တနေ့တွင် သာမဏေသည် နံနက်စောစော၌ကျောင်းများသို့ လှည့်လည်ရာ ချမ်းအေးလှသဖြင့် မီးတင်းကုပ်၌ မီးလှုံနေကြသောရဟန်းတို့ကိုမြင်သဖြင့် အရှင်ဘုရားတို့မီးလှုံခြင်းထက် ကမ္ဗလာကိုခြုံခြင်းဖြင့် အအေးဒဏ်ကို ကာကွယ်နိုင်ပါသည်ဟုဆို၏၊ ရဟန်းတို့က ငါတို့တွင် ရှေးဘုန်းရှေးကံ မရှိသဖြင့် ကမ္ဗလာသင်္ကန်းကိုမရနိုင်ကြပါဟုဆို၏၊ သို့ဖြစ်လျှင် ကမ္ဗလာ သင်္ကန်းကို အလိုရှိကြသော ပုဂ္ဂိုလ်များ အကျွန်ုပ်နှင့်အတူ လိုက်ခဲ့ကြဟု ခေါ်၏။ ခုနစ်နှစ်သား သာမဏေငယ်ကိုမှီ၍ တထောင်မျှလောက်သောရဟန်းတို့သည်ထွက်ကြကုန်၏။ ထိုသာမဏေ၏ စိတ်၌ ဤမျှများပြားသောကမ္ဗလာသင်္ကန်းများကို ရမှ ရနိုင်ပါ့မလားဟု စိုးစဉ်းမျှစိုးရိမ်ခြင်းမရှိဘဲ ရဟန်းတော်တို့ကိုပင့်ဆောင်ပြီးမြို့သို့ ကြွတော်မူ၏။

ထိုသာမဏေငယ်သည် မြို့တွင်းသို့ မရောက်မီပင်လျှင် ငါးရာကုန်သောသင်္ကန်းတို့ကိုရပေ၏။ မြို့တွင်း၌ အချို့သောသူတို့သည်ကမ္ဗလာတို့ကိုနေရာရွှေ့ပြောင်း၍ထားကြ၏၊ ကမ္ဗလာငါးရာကိုဖြန့်ခင်း၍ ထိုင်နေသော ကုန်သည် တယောက်အား သာမဏေ တပါးသည် ကမ္ဗလာငါးရာကို ဆောင်ယူ၍ လာနေသည်၊သင်၏ကမ္ဗလာတို့ကိုသိမ်းဆည်းလျှို့ဝှက်၍ထားလော့ဟု ပြော၏။

"ထိုသာမဏေက လှူဒါန်းသည်ကိုသာယူသလော မလှူဘဲနှင့်ယူသလော"ဟု မေး၏။

"ပေးလှူလျှင်သာယူသည်၊ မပေးလှူလျှင် မယူပါ" ဟု ပြော၏။

"သို့ဖြစ်လျှင် ငါပေးလှူလိုမှပေးလှူမည်၊ မပေးလှူလိုသော် မပေးလှူဘဲနေမည်၊ သိမ်းဆည်းရန်မလို"ဟုဆိုသည်။

## ထူးမြတ်သောစေတနာ

ထိုယောကျ်ားက ကမ္ဗလာတို့ကို ဖုံးလွှမ်းရန်ပြောသည်၊ ဖုံးလွှမ်းထား၍အပြစ်မရှိ၊ ဤကမ္ဗလာများအနက် အဖိုးတသိန်းထိုက်သော ကမ္ဗလာနှစ်ထည်ရှိ၏၊ ထိုကမ္ဗလာ နှစ်ထည်ကို ဖုံးလွှမ်းအပ်၏ဟု ကမ္ဗလာအထပ်ထဲတွင် ဝှက်၍ထား၏၊ သာမဏေသည် ရဟန်းတထောင်နှင့်တကွ ထိုအရပ်သို့ရောက်လာ၏၊

ကုန်သည်သည် သာမဏေကိုမြင်လျှင် သားတည်းဟူသော ချစ်ခြင်းဖြင့် ပီတိလွှမ်းသွား၏၊ ကမ္ဗလာကိုမဆိုထားဘိ၊ သာမဏေအလိုရှိလျှင် နှလုံးသည်းပွတ်ကိုပင်ပေးလှူလိုသောဆန္ဒ ပေါ်ပေါက်သည်ဖြစ်၍အဘိုးတသိန်းထိုက်သော ကမ္ဗလာနှစ်ထည်ကို ထုတ်၍ သာမဏေ၏ခြေရင်း၌ချထားကာ

"အရှင်ဘုရား အရှင်သာမဏေ မျက်မှောက် ပြုအပ်သော တရားအတိုင်း သိမြင်ရပါလို၏"ဟုဆုတောင်း၍ပေးလှူလိုက်၏။

သာမဏေကလည်း "အသင်ဆုတောင်းတိုင်းပြည့်စေလော့" ဟု အနုမောဒနာပြုပေ၏။

မြို့တွင်း၌လည်း ငါးရာကုန်သောကမ္ဗလာတို့ကိုရ၏၊ ဤသို့လျှင်တနေ့တည်း၌ ကမ္ဗလာ တထောင်ရသဖြင့် (ကမ္ဗလာဒါယကာ တိဿထေရ်)ဟူသောအမည်ကိုပေးကြပြန်၏။ (သားဖွားမင်္ဂလာနေ့က ကမ္ဗလာလှူအပ်သော ဒါန၏ အကျိုးဆက်ပင်တည်း)။

# ဝနဝါသီတိဿ

ဇေတဝန်ကျောင်းတော်၌သာမဏေတိဿ၏ ဆွေမျိုးတို့သည် မပြတ်မလပ်လာကြ၏၊ သာမဏေ တိဿသည် ကြံဆင်ခြင်၏၊ ဤသို့သာနေ့တိုင်း ဧည့်ခံစကားပြောနေရသော် မိမိ၏ တည်ရာ တရားကိုရှာချိန်မရတော့၊ ဘုရားအထံ၌ ကမ္မဋ္ဌာန်း တရားကို သင်ယူပြီး တောသို့ဝင်၍နေရမူ ကောင်းလေစွဟု စိတ်ကူးမိ၏။ ဤအကြံကိုလျှောက်ထား ကမ္မဋ္ဌာန်း တရားသင်ယူ ဥပဇ္ဈာယ် ဆရာအားရှိခိုးပြီးသော် ကျောင်းမှထွက်ခွာ၏၊ ဤအရပ်နှင့် နီးသော် ဆွေမျိုးများလာ၍ပင့်ကြဦးမည်ဟုသာဝတ္ထိမှယူဇနာ တရာ့နှစ်ဆယ်ကွာသော အရပ်သို့ သွား၏၊ သူအိုယောကျ်ား တယောက်ကိုတွေ့၍ ဤရွာ၌ တစုံတခုသော တောကျောင်း ရှိပါသလောဟုမေး၏။ထိုယောကျ်ားသည်သာမဏေကိုမြင်လျှင် ချစ်ခင်ခြင်းဖြစ်၍ နေရာကိုလက်မညွှန်ပြမူဘဲကိုယ်တိုင်ကိုယ်ကျ တောတွင်းသို့ရောက်သည့်တိုင် လိုက်ပြပေ၏။

တောကျောင်းသို့ရောက်ပြီးသော် ဒါယကာ ယောကျ်ားက အရှင်ဘုရား၏အမည် မည်သို့ရှိပါသနည်း၊ နက်ဖြန်ရွာသို့ဆွမ်းခံ ကြွတော်မူပါဟု မေးမြန်းလျှောက်ထားပြီး ရွာသို့ရောက်လျှင် နဝဝါသီ-တိဿမထေရ်မည်သော ခုနစ်နှစ်ရွယ် ရှင်တပါးသည် တောကျောင်းသို့ ရောက်တော်မူ၏။ လှူဒါန်းရန် ထမင်းယာဂု စသည်စီရင်ကြလော့ဟု နှိုးဆော်၏။

(သာမဏေခုနစ်နှစ်သားအရွယ်ကပင် ဘွဲ့အမည် လေးချီး ဖြစ်၏)

## ရဟန္တာဖြစ်ခြင်း

နောက်နေ့ဆွမ်းခံဝင်၏၊ ဖူးတွေ့ရသူ အပေါင်းတို့က ကြည်ညိုကြ၏။ လှူဒါန်းသမျှလည်း "သုခိတာဟောထ၊ ဒုက္ခာမုစ္စထ"ဟူ၍သာဆုပေး၏။ ဆွမ်းကိုတပါးစာမျှရုံသာ ခံယူ၏၊ လူအပေါင်းတို့မထေရ်ထံဝပ်စင်း၍ ဥပုသ်သီလစောင့်ထိန်းလိုကြပါသည် ဝါတွင်းသုံးလဤအရပ်၌သီတင်းသုံးပါရန်ပင့်လျှောက်ကြ၏။ မထေရ်လည်း ပဋိညာဉ်ပေး၏။ မထေရ်သည် သုံးလအတွင်း၌ပင် ပဋိသမ္ဘိဒါမဂ်နှင့်တကွ အရဟတ္တဖိုလ်သို့ရောက်၏။

## အဂ္ဂသာဝကနှစ်ပါးကြွလာခြင်း

ဝါသကျွတ်ခြင်းသို့ ရောက်လျှင် အရှင်သာရိပုတ္တရာမထေရ်သည် တိဿသာမဏေထံသို့သွားရန် ဘုရားထံ ခွင့်တောင်း၏။ အရှင်မောဂ္ဂလာန်ပါ လိုက်ပါမည်ဆို၍ အဂ္ဂသာဝက နှစ်ပါးအခြွေအရံ ရဟန်းတထောင်တို့နှင့် ယူဇနာတရာ့နှစ်ဆယ်ခရီးသို့ကြွကြ၏။ ရွာသို့ရောက်၍ ဒါယကာယောကျ်ားအား တောရကျောင်းလမ်းကိုမေးလျှင်၊ ထိုယောကျ်ားက အဂ္ဂသာဝကနှစ်ပါးကိုမှတ်မိသဲဖြင့်ရွာသူရွာသားတို့အားညောင်စောင်းအင်းပျဉ်ဆီမီးစသည့်တို့ ယူဆောင်ခဲ့ကြရန် နှိုးဆော်ပြီး တောကျောင်းသို့ကိုယ်တိုင်လိုက်ပို့၏။ လူအပေါင်းတို့လည်း အလျှင်အမြန်စီစဉ်ယူဆောင်၍ လိုက်ပါလာကြ၏။

တိဿမထေရ်လည်း အရှင်မြတ်တို့ကြွလာလျှင်မထေရ်ကြီး၏သပိတ်သင်္ကန်းတို့ကို ဆီးကြိုယူငင်ပြီး သိမ်းဆည်း စဉ်ခင်းလျှင်ညဉ့်အခါမှောင်တို့သည် ဖုံးလွှမ်း၍လာ၏။

ရှင်သာရိပုတ္တရာက ဒါယကာတို့ ပြန်ကြလေတော့ ညဉ့်အမှောင်ရောက်ပြီဟုမိန့်၏၊ ဒါယကာတို့က တရားမနာဘဲ မပြန်ကြပါဟုဆို၍ ဆီမီးတို့ကိုထွန်းညှိစေပြီး ရှင်တိဿအား တရားဟောကြားရန်မိန့်တော်မူ၏။ ထိုအခါ ရောက်လာကြကုန်သော ဒါယကာဒါယိယာမတို့ကတပြိုက်နက်ထ၍ 'အရှင်ဘုရား အရှင်တိဿသည် (သုခိတာဟောထနှင့်ဒုက္ခာမုဠ္ဌထ) တရားနှစ်ပုဒ်သာ သိပါသည် အခြားတရားများကိုသိမည်မဟုတ်ပါ၊ တပည့်တော်တို့အား တရားဟောကြားတတ်သောပုဂ္ဂိုလ်တပါးပါးကိုတရားဟောကြားစေတော်မူပါ''ဟု လျှောက်၏။

## ဆန်းကြယ်စွာဟောတော်မူခြင်း

ထိုအခါဥပဇ္ဈာယ်ဆရာဖြစ်သော အရှင်သာရိပုတ္တရာက''ငါ့ရှင်သာမဏေ (သုခိတာဟောထ) ဆိုသည်မှာအဘယ်ကို ဆိုလိုသည်(ဒုက္ခာမုဠ္ဌထ)မှာ အဘယ်ကိုဆိုလိုသည်ကိုငါတို့အားဟောကြားဦးလော့''ဟု မိန့်တော်မူ၏။

သာမဏေလည်းဝန်ခံ၍တရားဟောကြားရာ နေသို့ရာတက်၍ နိကာယ်ငါးရပ်မှ အကျိုးကိုရင်း၊ အကြောင်းကိုရင်း တခဲနက်ရွာသောမိုးကြီးကဲ့သို့ သွန်ကြဲဟော၍ ခန္ဓာအာယနဓာတ် ဗောဓိပက္ခိယဘုရားတို့ကိုဝေဖန်လျက် အရဟတ္တဖိုလ်ကို အထွတ်တပ်၍ ဟောကြားတော်မူရာ ပရိသတ်မှာ ဆိတ်ငြိမ်စွာနာယူနေကြ၏။

ထိုအရှင်သာရိပုတ္တရာက ''သရဘညဝတ်''ကို ရွတ်စေရာသရဘည ၁ ကိုရွတ်နေခါပင် အရှဏ်ကျင်း၍အသင်းသို့ ရောက်၏။

## အမြင်နှစ်မျိုးနှင့် နှစ်စုကွဲခြင်း

တရားဆုံးသော် သာမဏေ၏ ဒါယကာ ဒါယိကာမတို့ နှစ်စုကွဲကြလေကုန်၏။ တစုကား ငါတို့ ဤမျှဂုဏ်ကျေးဇူးရှိသောအရှင်ကိုလုပ်ကျွေးသမှုပြုကြရကုန်၏ဟုဝမ်းသာကြ၏။ ကျန်တစုကား ဤသို့သောသူကို မတွေ့ဘူး မကြုံဘူးပါ ဤမျှလောက်ကာလပတ်လုံး မိဘအရာ၌တည်၍ လုပ်ကျွေးကုန်သောလူတို့အား တရားတပုဒ်မျှမဟောကြားခဲ့သည်မှာ ရက်စက်လှ၏ဟု အမျက်ထွက်ကြကုန်၏။

## မြတ်စွာဘုရားကြွတော်မူခြင်း

ထိုနေ့မိုးသောက်သောအခါမြတ်စွာဘုရားသခင်လောကသုံးပါးကိုကြည့်တော်မူလျှင် နရဝါသိတိဿသာမဏေ၏ဒါယကာဒါယိကာမတို့နှစ်ဖို့နှစ်စု ကွဲနေကြ၏၊ အမျက်ထွက်သူတို့သည် ငရဲသို့ ကျရောက်ဘို့ရာရှိသည်၊ ငါဘုရားကြွသွားခြင်းငှာ အပ်၏၊ သာမဏေအား မေတ္တာသက်ဝင်စေပြီး ' ဆင်းရဲ အ ပေါင်း မှ လွတ်ကင်းကြကုန်လတံ့ဟု ဆင်ခြင်တော်မူ၏။

လူအပေါင်းတို့သည်ရွာသို့ပြန်၍ဆွမ်းအလို့ငှာ စီရင်၍နေရခြင်းကျင်းကြ၏။ ရဟန်းတော်တို့လည်း ဆွမ်းခံချိန်တန်၍ကြွတော်မူ၏။ တိဿသာမဏေက တပည့်တော် နောက်မှ ကြွခဲ့ပါမည်ဆို၏။

ဘုရားသခင်သည် ဇေတဝန်ကျောင်းတော်၌ပင် သက်နိုးကိုရုံတော်မူ၍ သပိတ်တော်ကိုယူတော်မူပြီးသောအခါ တခုသောစိတ္တလက္ခဏဖြင့် ကြွသွားတော်မူပြီး သံဃာတော်တို့ ရှေ့တည့်

တည့်၌ရပ်တော်မူပြီး ကိုယ်တော်ကိုထင်ရှားပြတော်မူ၏၊ မြတ်စွာဘုရားကိုယ်တော်တိုင် ကြွတော်မူလာသည်ဟု လူထုအပေါင်းတို့ အုတ်အုတ်ကျက်ကျက်ဖြစ်ကြပြီး ရှင်လန်းနှစ်သက် တက်ကြွကြကုန်၏။ ဆွမ်း,ယာဂုတို့ကပ်လှူတော်မူကြ၏။ တိဿ သာမဏေသည် ဘုရားအမှူးရှိသော သံဃာတော်တို့ ဆွမ်းစားခြင်း ကိစ္စမပြီးမီကြွလာ၏။

## အနုမောဒနာ

မြတ်စွာဘုရားသည် ဆွမ်းအနုမောဒနာကို ပြုတော်မူလျက်-

"ဒါယကာ၊ ဒါယိကာမအပေါင်းတို့၊ သင်တို့သည် သာမဏေကိုအမှီပြုပြီး ရှင်သာရိပုတ္တရာ ရှင်မောဂ္ဂလာန်စသော ရှင်ကဿပအနုရုဒ္ဓါဟူသော အသီတိသာဝက တို့ကို ဖူးမြော်ရကုန်၏။ အသင်တို့သည် ထူးမြတ်သော ပုဂ္ဂိုလ်ကို ရအပ်လေပြီ"။

ဟူ၍ မိန့်တော်မူသောစကားကို လူအပေါင်းတို့ကြားသိရလေလျှင် အားရဝမ်းသာ ဖြစ်ကြရပေ၏။ အမျက် ထွက်ကြသော အချို့ဒါယကာတို့လည်း ရှေးကထက်နှစ်ဆတိုး၍ ကြည်ညိုမြတ်နိုးကြကုန်၏။ အနုမောဒနာအဆုံး၌ များစွာသော သူတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်ကြကုန်၏။

## မျက်ရည် သမုဒ္ဒရာ

မြတ်စွာဘုရားသည် တိဿသာမဏေနှင့်အတူ ကြွသွားတော်မူရင်း လမ်းခရီး အရပ်ဒေသတို့ကို မေးတော်မူ၏၊ သာမဏေ၏နေရာဌာနသို့ရောက်ပြီး တောင်ထိပ်သို့ ကြွ သွား တော် မူ ပြီး တောင်ထိပ်မှ သမုဒ္ဒရာကိုမြင်သရသဖြင့်

"ချစ်သားတိဿ၊ ထိုသမုဒ္ဒရာကို မြင်ရသောကာလ သင်၏ စိတ်၌ အဘယ်သို့ဖြစ်ပေါ်ဘိသနည်း"

"မှန်လှပါ၊ ဘဝသံသရာမှကျင်လည်ခဲ့ရစဉ် ကိုယ်စိတ်နှစ်ဖြာ စိုးရိမ်ပူဆွေး ငိုကြွေးခဲ့ရသော မျက်ရည်တို့သည် ဤသမုဒ္ဒရာ လေးစင်းမျှမက ပါတကားဟု ထင်မြင် အောက်မေ့မိပါသည် အရှင်မြတ်ဘုရား"

"သာဓု-သာဓု-ချစ်သားတိဿ"

"ချစ်သား၊ တိဿ၊ အသင်သည်ဘယ်မှာ နေသနည်း"

"ဤတောင်ဝှမ်း၌သာ နေပါသည်ဘုရား"

"အဘယ်သို့သော အောက်မေ့ကြံစည်ခြင်းဖြစ်သနည်း"

"အရှင်မြတ်ဘုရား၊ ဤတောင်ဝှမ်း၌နေသော်ငါသည် သံသရာတလျှောက်ဝယ် သေလွန်ခြင်းကြောင့် စွန့်ပစ်ရသော ငါ၏ ခန္ဓာကိုယ်အပုပ်ကောင်သည် ဤတောင်ဝှမ်း၌ပင် ရေတွက်ပိုင်း ခြားနိုင်ခြင်းမရှိဟု အောက်မေ့ကြံစည်မိပါသည်ဘုရား"

"ချစ်သားတိဿ၊ အသင်အောက်မေ့ကြံစည်တိုင်း ဟုတ်မှန် လှပေ၏"

ဟုမိန့်တော်မူ၍ ဒုကနိပါတ်၊ ဥပသာလက ပဏ္ဏာသကြီး ဇာတ်၌ဟောကြားတော်မူသော (စတုသု သမုဒ္ဒေသု) ဂါထာ တော်နှင့် (ဥပသာလက နာမာနိ) အစရှိသော ဂါထာတော် နှစ်ပါဒ်တို့ကိုဆောင်၍ ဟောတော်မူပြန်၏။

ထိုနောက် မြတ်စွာဘုရားက

"ချစ်သားတိဿ၊ဤတောအုပ်၌နေသောသားသတ္တဝါတို့၏ အသံကိုကြားသဖြင့် သင်၌ကြောက်ရွံ့ခြင်းဖြစ်သလော"

"အရှင်မြတ်ဘုရား၊ ကြောက်ရွံ့ခြင်းမရှိပါ၊ဤအသံကိုကြားသောအခါ တောတည်းဟူ၍သိပြီး မွေ့လျော်ခြင်းဖြစ်မိပါသည် ဘုရား"ဟု ဂါထာခြောက်ဆယ်ခန့်မျှဖြင့် "နဝဝဏ္ဏ"မည်သော တော၏ဂုဏ်ကျေးဇူးတို့ကို ရွတ်ဆို၏။

"ချစ်သားတိဿ"

"ဘုန်းတော်ကြီးတော်မူသော အရှင်မြတ်ဘုရား"

"ငါတို့သည်ပြန်သွားတော့အံ့၊ သင်သည် ငါတို့နှင့် အတူလိုက်အံ့လော၊ နေခဲ့အံ့လော"

"တပည့်တော်၏ ဥပဇ္ဈာယ်ဆရာ အမိန့်တော် အတိုင်းပါဘုရား"

မြတ်စွာဘုရားသခင်သည် ရဟန်းသံဃာ အပေါင်းနှင့်တကွ ပြန်လည် ကြွသွားတော်မူ၏၊ အရှင်သာရိပုတ္တရာ မထေရ်သည် တပည့်တိဿ သာမဏေ ဤအရပ်၌ပင် နေရစ်လိုသည်ကို သိတော်မူသဖြင့်၊

"ငါ့ရှင်တိဿ၊ ပြန်လည်နေလိုသော ဆန္ဒရှိမူကား ပြန်လေလော့"ဟု မိန့်တော်မူ၏။

တိဿသာမဏေလည်းမြတ်စွာဘုရားသခင်သို့ရှင်း၊ ရဟန်းသံအပေါင်းကိုရှင်း ရှိခိုးပြီးသော် မိမိနေရာတောခမ်းဝါသို့ ပြန်လည်နေရစ်ခဲ့သတည်း။

## သာမဏေကျော်-မည်ခေါ်တွင်ရ၊ ရှင်တိဿ

မြတ်စွာဘုရားသခင်သည် ဇေတဝန်ကျောင်းတော်သို့ရောက်သောအခါ၊ တရားသဘင်၌ သံဃာတော်တို့ သည်၊

“ငြော်.... အံ့ဘွယ်ရှိစွ တကား၊ နဝဝါသီတိဿသာမဏေ သည် ဤအရပ်၌နေသောအခါ များစွာသော လာဘ်လာဘတို့ သည် အလိုရှိတိုင်းရပေ၏။ဤပူဇော်သက္ကာရ လာဘ်လာဘတို့ကို စွန့်ပြီးတောသို့ဝင်၍ သစ် သီး သစ်ရွက် ဖြင့် ချက်ပြုတ်အပ်သော အာဟာရဖြင့်ရောင့်ရဲမျှတ နေနိုင်ပေသည်။သာမဏေသည်ပြုနိုင် ခဲသော အမှုကိုပြုလေစွတကား”ဟု ပြောဆိုချီးမွမ်း၍နေကြ၏။

မြတ်စွာဘုရားကြွလာသောအခါ အဘယ်စကားများ ပြော ဆိုနေကြသနည်းဟုမေးတော်မူလျှင် သာမဏေကျော်မည်ခေါ် တွင်ရ ရှင်တိဿအကြောင်းပြောဆိုနေကြပါသည်ဟု လျှောက် ထားလေသောအခါ မြတ်စွာဘုရားသခင်က တ ရား တော် ကို ဟောကြားလိုသောကြောင့်

**(၇၅) အညာ ဟိ လာဘူပနိသာ၊ အညာနိဗ္ဗာနဂါမိနီ။**
**ဧဝမေတံ အဘိညာယ၊ ဘိက္ခု ဗုဒ္ဓဿ သာဝကော။**
**သက္ကာရံ နာဘိနန္ဒေယျ၊ ဝိဝေက မနု ဗြူဟယေ။**

(၇၅) လာဘ်လာဘကိုရလိုကြောင်းအကျင့်သည်သာတပါးတည်း။ နိဗ္ဗာန် သို့ရောက်ကြောင်းအကျင့်သည်ကားတပါးသည်သာတည်း။ ထိုအကျင့်တရား နှစ်ပါးကို ထူးသောဉာဏ်ဖြင့်သိ၍။ ဘုရားရှင်၏ တပည့်သာဝကဖြစ်သော ရဟန်းမြတ်သည်၊ပူဇော်သက္ကာရ လာဘ် လာဘကို မနှစ်သက်ပေရာ။ ဆိတ်ငြိမ်လေရာ တောတောင်သာ၌ အဖော်မမှီး တကိုယ်တည်းနေခြင်း ကျင့်စဉ်ကိုသာ အမှန်ပွားစေ ရာ၏။

(ဓမ္မပဒ ဗာလဝဂ်တဆယ့်ငါးခုမြောက်ဖြစ်သော
တိဿသာမဏေဝတ္ထုပြီး၏။)

(ဗာလဝဂ်ပြီး၏။)

# ၆။ ပဏ္ဍိတ ဝဂ်

## ၆။ ဤပဏ္ဍိတဝဂ်တွင်

ပဏ္ဍိတဝဂ်အရှင်ရာဓမထေရ်ဝတ္ထုတွင် အရှင်သာရိပုတ္တရာ၏ အတိတ်ဝတ္ထုဖြစ်သော အလီနစိတ္တဆင်မင်းဝတ္ထုကိုရင်း၊

အဿဇိပုနဗ္ဗသုကတို့အား ဆုံးမတော်မူခြင်း အကြောင်းကိုရင်း၊ ဖွားဖက်တော် ဆန္နမထေရ်ရဟန္တာဖြစ်အောင်ဆုံးမတော်မူကြသော အကြောင်းကိုရင်း၊ မဟာကပ္ပိန မထေရ်၏ ဇာတ်ကြောင်းတွင် မဟာကပ္ပိနမင်းကြီးနှင့် အနောဇာဒေဝီတို့၏ ထူးခြားဆန်းကြယ်လှသော အကြောင်းသည်ရင်း၊

ခုနစ်နှစ်သား ပဏ္ဍိတ သာမဏေသည် ရှင်ပြုပြီး ရှစ်ရက်မြောက်၌ ရဟန္တာဖြစ်သည့် ထူးခြားသော ဇာတ်ကြောင်းနှင့် အတိတ်ဘဝ မဟာဒုတ်ဝတ္ထုတို့သည်ရင်း၊ သည်းခံတတ်သော ဘဒ္ဒိယမထေရ်နှင့် ရဟန်းတို့ကိုမှန်းတီးရာမှ သာသနာတော်၌ ကြည်ညိုလာပြီး ထင်ရှားစွာ အကျိုးခံစားရသော ကာဏာသတို့သမီးနှင့် အတိတ်ဘဝဥစ္စာစောင့်ကြွက်မအကြောင်းတို့သည်ရင်း စားကြွင်းစားငါးရာတို့၏အကြောင်း ဓမ္မိကမထေရ်အကြောင်း တရားနာငါးရာတို့အကြောင်း အာဂန္တုက ရဟန်းတို့အကြောင်း စသည်တို့ကို စိတ်ဝင်စားစွာဖတ်ရှုနိုင်ပါသည်။

# ၆။ ပဏ္ဏာသတိယပဏ္ဏာသက်

## ၁။ အမုန်းမဖက်-အပြုံးမပျက်စေနှင့် (ရာဓမထေရ်ဝတ္ထု) နှင့် အလိနစိတ္တ အတိတ်ဇာတ်

အပြစ်ကို ဖော်ပြဆုံးမသဖြင့်
အမျက်ထွက်ခါ အမုန်းမဖက်နှင့်၊
အဆုံးအမ ဩဝါဒပေးသောသူအား
မြေ၌မြှုပ်ထား ရွှေအိုးများကို
ညွှန်ပြသကဲ့သို့ ထင်မှတ်ရာ၏။

(နိဓိနံဝ ပဝတ္တာရံ) အစခံသော ဒေသနာတော်မြတ်ကို ဇေတဝန်ကျောင်းတော်၌ အရှင်ရာဓမထေရ်ကို အကြောင်းပြု၍ ဟောတော်မူ၏။

### ဝတ္ထုကြောင်းကား ဤသို့တည်း

သာဝတ္ထိပြည်မှ ဆင်းရဲနွမ်းပါးလှသော ပုဏ္ဏားတယောက်သည် ရဟန်းဟော် အရှင်မြတ်တို့၏ ကျောင်းသို့ မှီခို၍ စားသောက်ပြီး ကျောင်းပရဝုဏ်အတွင်း မြက်ပင်တို့ကို သုတ်သင်ခြင်း၊ တံမြက်လှည်းခြင်း၊ သောက်ရေသုံးရေ ဖြည့်တင်းခြင်းဖြင့် ရဟန်းတော်တို့က ထမင်းရာဂုစသည်ထောက်ပံ့ချီးမြှင့်ကြကုန်၏၊ ရဟန်းအဖြစ်ကို တောင်းခံသောအခါ ငြင်းပယ်ကြသဖြင့် စိတ်ထိခိုက်ခါ ညှိုးငယ်ကြုံလှီခြင်းဖြစ်လေ၏။

## ကျေးဇူးသိတတ်သော အရှင်သာရိပုတ္တရာ

တနေ့တွင် ဘုရားသခင်သည်မိုးသောက်ယံနံနက်၊ လောကကို ကြည့်ရှုတော်မူရာ ထိုပုဏ္ဏားအိုကိုမြင်တော်မူ၍အရဟတ္တမဂ်ဖိုလ် သို့ လျင်မြန်စွာ ရောက်လတံ့ဟု သိတော်မူ၍၊ ညချမ်းအခါ ကျောင်းစဉ် လှည့်လည်ကြည့်ရှုဘိသကဲ့သို့လှည့်လည်ပြီးပုဏ္ဏား၏ အထံသို့ သွားရောက်ပြီး အသင်ပုဏ္ဏားကြီး အဘယ်အမှုကိုပြုစု ဆောင်ရွက်နေပါသနည်းဟု မေးတော်မူ၏။ "ဘုန်းတော် ကြီး တော်မူသောမြတ်စွာဘုရား-ရဟန်းတော်တို့၏ ဝတ်ကြီးဝတ်ငယ် အသွယ်သွယ်ကို ဆောင်ရွက်နေရပါသည်ဘုရား"ဟု လျှောက် ထား၏၊ မြတ်စွာဘုရားက "ထို ရ ဟန်း များ ထံ မှ တစုံတခု ထောက်ပံ့ချီးမြှင့်ခြင်းကိုရပါ၏လော"ဟု မေး တော် မူ သော် "မှန်လှပါ၊ အစာ အာဟာရ ချီးမြှင့်ခြင်းမျှကိုကား ရပါ၏၊ ရဟန်းပြု၍ချီးမြှင့်ခြင်းကိုမပြုကြပါ"ဟု လျှောက်ထား၏။

ထိုအကြောင်းကြောင့် မြတ်စွာဘုရားသည် ရဟန်းသံဃာ များကိုစည်းဝေးစေပြီး "ချစ်သားရဟန်းတို့ ဤပုဏ္ဏားကြီးပြုစု ခဲ့ဘူးသောကျေးဇူးဝိသေသကို အောက်မေ့ နှလုံးသွင်းမိသော သူရှိပါ၏လော"ဟု မေးတော်မူလျှင်

အရှင်သာရိပုတ္တရာမထေရ်မြတ်က-

"အရှင်မြတ်ဘုရား။ ။တပည့်တော် နှလုံးသွင်းမိပါသည်။ ရာဇဂြိုဟ်မြို့တွင်းသို့ ဆွမ်းခံစဉ်က ဤပုဏ္ဏားသည် တပည့်တော် အား တယောက်ချိမျှသောမိမိ၏ ထမင်းအာဟာရကို ပေးလှူခဲ့ ဘူးပါသည်၊ ဤလှူဒါန်းသော ကျေးဇူးကို အောက်မေ့ နှလုံးသွင်းမိပါသည်။"

"ချစ်သား သာရိပုတ္တရာ။ ။မိမိအားပြုဘူးသော ကျေးဇူးရှိသူကို ဆင်းရဲအပေါင်းမှ လွတ်မြောက်စေခြင်းငှာ မပြုအပ်ပါသလော"

"မှန်လှပါ။ ။တပည့်တော်ရဟန်းပြုပေးပါတော့မည်ဘုရား" ဟု ဝန်ခံ၍ ထိုပုဏ္ဏားကြီးကို ရဟန်းပြုပေးတော်မူ၏။

## ဆုံးမနာခံ-မဂ်ဖိုလ်စံ

ထိုရဟန်းကြီးသည် သံဃာတော်တို့၏အစွန်ဆုံးသောနေရာသို့ ရောက်၏၊ ယာဂုဆွမ်း စသည်ဖြင့် ပင်ပန်းနွမ်းနယ်၏၊ အရှင်သာရိပုတ္တရာသည် ထိုရဟန်းကြီးကိုခေါ်၍ ဒေသစာရီ လှည့်လည်၏။

အစဥ်မပြတ်လည်း ဤအမှုကားပြုအပ်၏၊ ဤအမှုကားမပြုအပ်ဟု အထပ်ထပ်သွန်သင်ဆုံးမတော်မူ၏။ ထိုရဟန်းကြီးသည် ပြောဆိုဆုံးမ နာခံလွယ်သော သုဗ္ဗစပုဂ္ဂိုလ်ဖြစ်၍ ရိုသေဘုပ်ဝပ်သဖြင့် ဩဝါဒကိုခံယူ၏၊ ထိုသို့ ဩဝါဒကို ခံယူသောကြောင့် ပြောဆိုဆုံးမတိုင်း ကျင့်အပ်သည်ရှိသော် နှစ်ရက်သုံးရက်မျှနှင့်ပင် အရဟတ္တဖိုလ်သို့ ရောက်လေ၏။

အရှင်သာရိပုတ္တရာသည် ရဟန်းကြီးကိုခေါ်သွားပြီး ဘုရားထံ၌ ရှိခိုးဦးချထိုင်နေ၏။ မြတ်စွာဘုရားက-

"အသင်၏တပည့် ရဟန်းကြီးသည် ပြောဆိုဆုံးမ၍ လွယ်ပါ၏လော"ဟု မေးတော်မူသော်=

"အလွန်ပင်ဆုံးမ၍လွယ်ပါသည် တစုံတခုသော အပြစ်ကိုပြ၍ နှိမ်နင်းရှုံချဆုံးမသော်လည်း အမျက်ဒေါသ မာနတက်ကြွခြင်း တရံတခါမျှ မရှိပါ"

"ဤသို့ ပြောဆို ဆုံးမလွယ်သော အတူနေ တပည့်တို့ကို ရလျှင် အဘယ်မျှလောက်သော တပည့်တို့ကို မွေးမြူ စောင့်ရှောက်နိုင်ပါမည်နည်း"

ဤကဲ့သို့ သဘောရှိသော တပည့်ပေါင်းများစွာကိုပင်ပြောဆိုဆုံးမသွန်သင်ခြင်းငှာ စွမ်းနိုင်ပါ၏ဘုရား" ဟု ပြန်လည်လျှောက်ထား၏။

## ကျေးဇူးသိလှ အလီနစိတ္တ

တနေ့သောအခါ တရားသဘင်ဝယ် အရှင်သာရိပုတ္တရာမထေရ်မြတ်၏ သူတထူးပြုဘူးသော ကျေးဇူးကိုသိတတ်လှသည့်အကြောင်းနှင့် အဆုံးအမခံသောတပည့်ကို ရရှိသည့်အကြောင်းကိုပြောဆိုနေကြ၏၊ မြတ်စွာဘုရားသခင်ကြွရောက်လာ၍ရဟန်းတို့စကားကိုကြားတော်မူလျှင်-

"ငါ၏သားတော် သာရိပုတ္တရာသည်ဤယခုအခါ၌သာသူပြုဘူးသော ကျေးဇူးကို သိတတ်သည် မဟုတ်သေး၊ ရှေးအခါကာလကလည်း ကျေးဇူးသိတတ်ခဲ့သည်သာတည်း"

ဟု မိန့်တော်မူပြီး၍ ဒုကနိပါတ်"အလီနစိတ္တ"အတိတ်ဇာတ်ကို ဟောကြားတော်မူ၏။

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြု၏၊ မနီးမဝေး၌လက်သမားများနေသော ရွာတရွာရှိ၏၊ ထိုရွာမှလှေဖြင့် မြစ်ညာသို့ ဆန်တက်သွားကြပြီး ကြီးစွာသော တောအုပ်သို့ဝင်၍ သစ်တို့ကို ခုတ်လှဲဖြတ်တောက်အချော

ကိုင်ပြီး အိမ်တဆောင်စာကို ထိုတောအုပ်၌ပင် ဘုံဟဆင့် ဘုံနှစ်ဆင့်စသည်ဖြင့် ပြုပြင်၍ သစ်တို့ကို အမှတ်သညာပြုပြီး မြစ်ကြောင်းမှ စုန်ဆင်းခါ မြို့သို့တက်ပြီး အိမ်ပုံစံအတိုင်း ပြောပြရောင်းချ၍ အသင့်ဆောက်လုပ်ပေးကြကုန်၏။

ရသောအသပြာကိုယူ၍ တောအုပ်သို့တဖန် သွားရောက်ပြီး အိမ်အဆောက်အဦတို့ကိုပြုပြင်စီရင်ကြပြန်၏၊ တော၌ သစ်ခက်တဲအိမ်တို့ဖြင့် နေကုန်ပြီး အိမ်တို့ကို ပြုပြင်စီရင်နေစဉ် ထိုလက်သမားတို့၏ မနီးမဝေး၌ ဆင်တကောင်သည် ရှားသစ်ငုတ်ကို နင်းမိပြီး ခြေကိုထိုးဖေါက်ခါ သစ်ငုတ်တန်းလန်းဖြင့် ခြေသည် ဖူးရောင်၍ သွေးပြည်တို့သည် မှည့်ကုန်၏၊ · မခံမရပ်နိုင်အောင် ဝေဒနာပြင်းထန်လှသဖြင့် အသံက်မှချမ်းသာခြင်းငှာ ခြေသုံးချောင်းဖြင့် သွားရောက်၍ လက်သမားတို့မနီးမဝေး၌ အိပ်၏၊ လက်သမားတို့သည် ဖူးဖူးရောင်သောအနာကိုမြင်၍ ခြေ၌စူးဝင်သော ရှားသက်ငုတ်ကိုကြိုးဖြင့်ချည်၍ ဆွဲနှုတ်ပေးပြီး သွေးပြည်တို့ကိုညှစ်ခါ ရေနွေးဖြင့်ဆေးကြော၍ ဆေးများကိုထည့်ပေး၏၊ နေ့စဉ်ပင် ဂရုတစိုက် ကုသပေးကြ၏၊ မကြာမြင့်မီပင် ဆင်၏အနာသည် ပျောက်ကင်းလေ၏။

ထိုဆင်က ဤလက်သမား တို့ကို အကြောင်းပြုပြီး ငါ၏အသက်ချမ်းသာရာ ရပေသည်၊ တုန့်ပြန်ကျေးဇူးဆပ်ရပေလိမ့်မည်ဟုကြံဆင်ခြင်ပြီး လက်သမားတို့နှင့်အတူတကွ သစ်ပင်တို့ကိုဆွဲဆောင်ပေး၏၊ သစ်လုံးတို့ကိုလှိမ့်၍ပေး၏၊ ခိုင်းစေသမျှ လုပ်ပေး၏၊ လက်သမားတို့ကလည်း ဆင်အားထမင်းကိုကျွေးကြ၏။ ဂရုတစိုက် ပြုစုစောင့်ရှောက်ကြ၏။

## ဆင်ဖြူတော်ကလေး လက်ဆောင်ပေး

ဆင်ကြီးသည် အိုမင်းမစွမ်းရှိလာ၏၊ အလုပ်ကို ပိုမိုကူညီနိုင်ရန် မိမိ၏သားဖြစ်သောတကိုယ်လုံးဖွေးဖွေးဖြူသည့် အာဇာနည်ဆင်ငယ်ကလေးကို တောသို့ဝင်၍ ဆောင်ယူခဲ့ပြီးလက်သမားတို့အား ပေးအပ်ရင်း "အသင်တို့သည် ငါ့အသက်ကို ကယ်ဆယ်ခဲ့၏၊ ငါသည် အိုမင်းမစွမ်းရှိလေပြီ၊ ဤဆင်ငယ်သည် ငါ၏သားတည်း၊ သင်တို့၏အမှုကိစ္စကို ဆောင်ရွက်ရန် သင်တို့အားပေးအပ်ပါ၏ဟု ပြောပြီး တဖန် သားငယ်အား အကျိုးအကြောင်း ပြောပြဆုံးမ၍ လက်သမားတို့၏ အမှုကိစ္စကို ကျေပြွန်အောင် ဆောင်ရွက်ရန်မှာကြားပြီး တောသို့ဝင်သွားလေ၏။

ဆင်ငယ်သည်အမှုကိစ္စတို့ကို မချွတ်ယွင်းအောင်ဆောင်ရွက်ပေး၏။ အမှုကိစ္စပြီးလျှင် မြစ်တွင်း၌ လက်သမားတို့၏ သားငယ်တို့နှင့်ရေချိုးရင်း ကစားပျော်မြူးကြ၏။

အာဇာနည်ဖြစ်ကုန်သော ဆင်မြင်းတို့သည် ရေ၌ကျင်ကြီးကျင်ငယ်မစွန့်ကြချေ၊ ဤဆင်အာဇာနည်သည်လည်းကုန်း၌သာကျင်ကြီးကျင်ငယ် စွန့်ခြင်းကိုပြု၏။

## ကြောက်လန့်တကြားဆင်အများ

တနေ့တွင် မိုးကြီးသည်းထန်စွာရွာ၍ မြစ်ရေလျှံပြီး အာဇာနည်ဆင်၏ ဆင်ချေးခြောက်သည် ရေဖြင့် မျောပါသွားခါဗာရာဏသီမြစ်ဆိပ်ခြုံတခု၌ငြိ၍နေ၏၊ ပြည့်ရှင်မင်းကြီး၏ ဆင်ထိန်းတို့သည် ဆင်ငါးရာကို ရေချိုးရန် မြစ်ဆိပ်သို့ ချ၏၊

ဆင်ငါးရာစလုံးသည်အာဇာနည်ဆင်၏ချေးအနံ့ကိုရ၍တကောင်သောဆင်မှ မြစ်သို့မဆင်းဝံ့ဘဲ ထွက်ပြေးရန်သာကြိုးစားကြ၏။ ဆင်ထိန်းတို့သည် ဘေးရန်ရှိပြီဟုချေ၍အနှံ့အစပ်ရှာဖွေကြသောအခါ အာဇာနည်ဆင်၏ ချေးကိုမြင်၍ ဗာရာဏသီမင်းအားထိုအကြောင်းကိုလျှောက်ထား၏။

## အသပြာခြောက်သိန်းကျော်

မင်းကြီးလည်း ဆင်ဖြူကိုရှာအံ့သောငှာ ဖေါင်တို့ဖြင့် ရေညာသို့ ဆန်တက်၍ လက်သမားတို့နေရာသို့ရောက်၏၊ အာဇာနည်ဆင်ငယ်သည်စည်တီးသံ ခရာမှုတ်သံကြားသဖြင့်မြစ်တွင်း၌ကစားနေစဉ် ကုန်းသို့တက်လာပြီး လက်သမားတို့ အလယ်၌နေ၏၊ မင်းကြီးလည်း လက်သမားတို့ထံသွား၍ ဆင်ဖြူတော်ကလေးကိုအလိုရှိကြောင်းပြောကြားလေလျှင် လက်သမားတို့ကလည်း ဆက်သကြကုန်၏။ ဆင်ငယ်သည် ဖမ်းယူရန် မခံသဖြင့်အမတ်ပုဏ္ဏားတို့အားမေးလေလျှင်

"အရှင်မင်းမြတ် လက်သမားတို့အား ကျွေးမွေးခ ပေး၍ဆောင်ယူစေလိုပါသည်"ဟုလျှောက်ထားကြ၏။မင်းကြီးလည်းဆင်ခြေလေးဘက် နှာမောင်းအမြီးတို့၌ အသပြာ တသိန်းစီထားစေ၏၊ ဆင်ငယ်သည် ဤမျှနှင့်မလိုက်လိုသေးလက်သမားတို့နှင့်တကွ သားမယား သားသမီးတို့အား အဝတ်ပုဆိုး အစုံအစုံပေးလေမှ ဆင်ငယ်သည် လက်သမားတို့အားဋ်း၊ သားမယားတို့အားဋ်း ကစားဖော်သူငယ်ချင်းတို့အားအသေအချာကြည့်ရှုပြီး မင်းကြီးနှင့် လိုက်သွားလေ၏။

## ဆင်မင်းအဖြစ်ချီးမြှင့်ခြင်း

မြို့သို့ရောက်သော် တမြို့လုံးကိုင်း၊ ဆင်တင်းကုတ်ကိုင်း၊ ကြီးစွာသောတန်ဆာဆင်စေပြီး မြို့သို့လှည့်လည်၍ ဆင်တင်းကုတ်တွင်ဘိသိတ်သွန်းလောင်းပြီး မင်းကြီး၏ အဆွေခင်ပွန်းအရာ၌ထား၏၊ တိုင်းပြည်တဝက်ကို ဆင်ဖြူအားပေးအပ်ပြီး မိမိနှင့်အညီအမျှသော အစောင့်အရှောက် အခြွေအရံများထားပေး၏၊ အာဇာနည် ဆင်မင်း၏ သတင်းကြောင့် ဇမ္ဗူဒိပ်တကျွန်းလုံး ဗာရာဏသီမင်းအား ပြတ်ဝပ်ခညောင်းကြကုန်၏။ ဗာရာဏသီမင်းသည် ဇမ္ဗူဒိပ်ကျွန်း၏ မင်းအဖြစ်သို့ ရောက်လေ၏။

## ကောသလမင်းနှင့်စစ်ခင်းပွဲ

ဤသို့ဖြင့်ကာလကြာမြင့်သော် ဗာရာဏသီမင်းသည်နတ်ရွာစံလေ၏၊ ဆင်မင်းသိလျှင် နှလုံးကြေကွဲရင်ကွဲနာကျမည်ကြောင့် ဆင်မင်းကို အသိမပေးဘဲထား၏။ မင်းမိဖုရားတွင် ကိုယ်ဝန်အရင့်အမာနှင့်ကျန်ခဲ့၏။ မင်းမရှိသည်ကိုသိသော် ကောသလမင်းသည်စစ်ခင်းရန် စကားဆို၏။ ကိုယ်ဝန်မှာ မွေးဖွားရန်ခုနစ်ရက်မျှသာလိုသဖြင့် စစ်ခင်းရန် ခုနစ်ရက်ဆိုင်းငံ့ပြီး သားရတနာဖွားမြင်က စစ်ခင်းပါမည်၊ သမီးရတနာ ဖွားမြင်က တိုင်းပြည်ကိုအပ်ပါမည်ဟု ကောသလမင်းကြီးထံတမန်လွှတ်၏။ ကောသလမင်းကြီးလည်း ကောင်းပြီဟုဝန်ခံ၏။

ခုနစ်ရက်မြောက်လျှင် သားရတနာ ဖွားမြင်၍ တမြို့လုံးဝမ်းမြောက်ကြ၏၊ တွန့်တို ဆုတ်နစ်သောစိတ်ကို ချီးမြှင့်ရန်ဖွားသောကြောင့် "အလီနစိတ္တ"ဟု အမည်ပေးကြကုန်၏။

မင်းသားဖွားမြင်သောနေ့မှစ၍ ကောသလမင်းနှင့်စစ်ထိုးကြ၏။ စစ်သည်အပေါင်းတို့သည် မင်းမရှိဘဲ ဦးစီးကင်းမဲ့ ဖြစ်သောကြောင့် စိတ်ဓာတ်ကျကြကုန်၏၊ စစ်ရှုံးမည့်အချိန်သို့ရောက်၏။

အမတ်တို့သည် အခြေအနေကို မိဖုရားအား တင်ပြကြပြီး "မဂ်လာဆင်တော်သည် မင်းကြီးနတ်ရွာစံသည့် အဖြစ်ကိုရင်း၊ သားတော်ဖွားမြင်ခြင်းနှင့် ကောသလမင်းနှင့် စစ်ခင်း သည့် အကြောင်းတစုံတရာမျှ မသိသေးပါ၊ မင်္ဂလာ ဆင်တော်သည် တိုင်းပြည်တဝက်ကို ပိုင်သော မင်းဖြစ်ပါသည်။ အသိပေးမှ သင့်လျော်ပါမည်"ဟု လျှောက်ထားကြ၏။

မိဖုရားလည်း ကောင်းပါပြီဟုဝန်ခံ၍ အမတ်အပေါင်း ခြံရံကာ ဆင်တင်းကုတ်သို့ သွားရောက်ပြီးသော် ဘုရားအလောင်း "အလီနစိတ္တ" မင်းသားငယ်ကို ဆင်တော်၏ခြေရင်း၌အိပ်စေ၍

"အရှင်ဆင်မင်း၊ အရှင်ဆင်မင်း၏ မိတ်ဆွေဖြစ်သော မင်းကြီးသည် နတ်ရွာစံလွန်တော် မူခဲ့ပါပြီ၊ အရှင် ဆင်မင်းသည် နှလုံးပူဆွေးမည်ကိုစိုးရိမ်သဖြင့် အကြောင်းမကြားဘဲ ထားခဲ့ပါသည်၊ အရှင်ဆင်မင်း၏ ခြေရင်း၌ရှိသောဤသူငယ်သည် အရှင့်မိတ်ဆွေ၏ ရင်နှစ်သည်းချာ သားရတနာပါတည်း၊ ယခုအခါ တိုင်းနီးပြည်ခြား ကောသလမင်းတရားသည် တိုင်းပြည်ထိပါး စစ်ကစားခဲ့ရာ အရှင့်သားငယ်၏စစ်သည်တို့မှာ စစ်မြေပြင်တွင် ပြိုင်ဆိုင်တိုက်ခိုက်ပါသော်လည်း ဆုတ်နစ်လျက် နေရပါသည်၊ အရှင်ဆင်မင်း မကယ်ပါလျှင် ဤသားငယ်သည် ရန်သူ့လက်ဝယ်အသက်သေဆုံး တိုင်းပြည်လည်း လုံးလုံးပျက်စီးရပါတော့မည်၊ အရှင်သည် ဤသူငယ်ကိုသဘ်ပါလော့၊ သို့တည်းမဟုတ်

အရှင့်သားဖြစ်သော ဤသူငယ်ကိုရန်သူ့လက်မှဆွဲငင်ယူဆောင်၍ ပေးပါလော့”ဟု ပြောဆို၏။

ဆင်မင်းသည်စကားစုံကိုကြားရသောအခါ ဘုရားလောင်းကို နှာမောင်းဖြင့်ပင့်မြှောက်ပြီးကာလ ဦးကင်းထက်၌ တင်ထားပြီး သည်းစွာငိုကြွေး၏၊ ဘုရားလောင်းကို မိဖုရားလက် သို့ နှာမောင်းဖြင့်ပြန်၍ပေးအပ်ပြီး ဆင်တင်းကုပ်မှထွက်၏။

ထိုအခါမှ အမတ်တို့သည် ဆင်တော်ကို တန်ဆာဆင်လျက် မြို့တံခါးကိုဖွင့်ပြီး မှူးမတ်စစ်သည်ခြံရံခါ ထွက်ကြကုန်၏။ ဆင်တော်သည် မြို့တံခါးအပြင် ရောက်သည်နှင့် ကြိုးကြာသံကဲ့သို့ အော်ဟစ်ပြီး ရန်သူစစ်သည်များကို ထိတ်လန့် ထွက်ပြေးစေ၏၊ စစ်သည်များအလယ်၌ရှိသော ကောသလမင်းကြီး၏ ဦးစွန်းကို ဆွဲယူလာပြီး မြို့တွင်းသို့ဝင်၍ ဘုရားလောင်းခြေရင်း၌ ဝပ်စင်းစေ၏၊ ကောသလမင်းကို သတ်ဖြတ်လိုသူ အပေါင်းအား ဆင်မင်းကတားမြစ်၏။ ကောသလမင်းအားဆုံးမ၍ အသက်ဘေးမှ ချမ်းသာစေပြီး ပြန်လွှတ်လိုက်၏။

ထိုအခါမှစ၍ ဇမ္ဗူဒိပ် ကျွန်း၏ မင်းအဖြစ်သည် ဘုရားလောင်းလက်သို့ရောက်၏၊ ဘုရားလောင်းသည် ခုနစ်နှစ်အရွယ်သို့ရောက်လျှင် ဘိသိက်သွန်းခါ “အလီနစိတ္တ”မင်း ဟူသော အမည်ဖြင့် အသက်ထက်ဆုံးမင်းပြု၍ နတ်ပြည်သို့လားရလေ၏။

မြတ်စွာဘုရားသခင်သည် ဤသို့အတိတ်ဇာတ်ကို ဟောတော်မူ၍-

ချစ်သားရဟန်းတို့၊ ဗာရာဏသီ စစ်သည်အပေါင်းသည် "အလီနစိတ္တ" မင်းသားကိုအမှီရသဖြင့် ရွှင်လန်းဝမ်းသာဖြစ်ကြ၏၊ မိမိနိုင်ငံဖြင့်သာ မရောင့်ရဲဘဲ သူတပါးတိုင်းပြည်ကိုလိုချင်သဖြင့် စစ်ချီလာသော ကောသလမင်းအား အရှင်လတ်လတ်အသက်ကိုမသတ်ဘဲ ဆင်မင်းကို ဖမ်းစေဘိသကဲ့သို့-.

ထို့အတူ-ယော ဂ လေး တန် ကုန် ငြိမ်း မှန် သော နိဗ္ဗာန်ပြည်မြတ်သို့ရောက်ခြင်းငှာ ကောင်းသော အကျိုးပေးခြင်းလက္ခဏာရှိသော တရားတော်များကို နှေးညမသွေ့ ပွားများစေသော အမှီကောင်းနှင့် ပြည့်စုံသော မဆုတ်မနစ် အားထုတ် အပ်သော ရဟန်းပုဂ္ဂိုလ်သည် အလုံးစုံသော သံယောဇဉ်တို့၏ ကုန်ရာဖြစ်သော အရဟတ္တဖိုလ်သို့ရောက်ပေရာ၏။

ဟူ၍ ဟောကြားတော်မူပေ၏။

**အလီနစိတ္တ ဇာတ်တော်ပေါင်းခြင်း**

ဤသို့ အထက်ပါဒေသနာတော်ကို ဟောကြားတော်မူပြီးနောက် ဇာတ်တော်ကို ပေါင်းတော်မူရာ "**အလီနစိတ္တ**" မင်းသား၏မယ်တော်သည် ယခုအခါ ငါဘုရား၏ မယ်တော် မဟာမာယာဒေဝီမိဖုရားကြီးဖြစ်လာ၏၊ ထိုအခါ ဗြဟ္မဒတ်မင်းသည် ခမည်းတော် သုဒ္ဓေါဒနမင်းကြီးဖြစ်လာ၏၊ ကောသလမင်းသည် ရှင်မောဂ္ဂလာန်ဖြစ်လာ၏၊ အလီနစိတ္တမင်းသားသည် ငါဘုရားပင်တည်း၊ ထိုအခါက ကျေးဇူးသိတတ်သော ဆင်ကြီးသည် ငါ့သားတော် သာရိပုတ္တရာဖြစ်လာသည်ဟု ဇာတ်တော်ကို ပေါင်းတော်မူသည်။

ထိုနောက် အနုသန္ဓေကိုစပ်တော်မူ၍ တရားတော်ကို ဟော ကြားရာတွင်-

(၇၆) နိဓီနံဝ ပဝတ္တာရံ၊ ယံ ပဿေ ဝဇ္ဇဒဿိနံ။
နိဂ္ဂယှဝါဒိံ မေဓာဝိံ၊ တာဒိသံ ပဏ္ဍိတံ ဘဇေ။
တာဒိသံ ဘဇမာနဿ၊ သေယျော ဟောတိ
နပါပိယော။

(၇၆) အပြစ်ကိုဖော်ပြတတ်ပေသော မသင့်သော မိမိ၏ပြုကျင့်မှုကို ရှုံ့ချ၍ ဆိုဘတ်ပေသောပညာရှိကို မြေ၌ မြှုပ်ထားအပ်သော ရွှေအိုးများကို ညွှန်ပြသူကဲ့သို့ ရှုမှတ်ထိုက်သောကြောင့် ဤသို့သော ပညာရှိကိုမှီဝဲရာ၏။ ထိုသို့သဘောရှိသော ပညာရှိကို မြတ်နိုးစုံမက်နှစ်သက် မပြတ်ဆည်းကပ်သောသူအား အကျိုး အမြတ်ရှိသည်ဖြစ်၏။ ယုတ်မာသည်မဖြစ်။

ဒေသနာတော်၏ အဆုံး၌ များစွာ ကုန်သော သူတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်လေကုန်၏။

(မှတ်ချက်) ရာဓမထေရ်ဝတ္ထု၌ အလီနစိတ္တမင်းသား ဝတ္ထု ကို ဓမ္မပဒအဋ္ဌကထာတွင် အ ရှင် သာ ရိ ပု တ္တ ရာ မထေရ်ကို အကြောင်းပြု၍ ဟောတော်မူသည်ဟု လာရှိ၏၊ ဒုကနိပါတ် အလီနစိတ္တဇာတ် နိပါယအဋ္ဌကထာမှုကား စွန့်လွှတ်သောဝီရိယ ရှိသော အညတြရဟန်းတပါးကိုအကြောင်းပြု၍ ဟောတော်မူ သည်ဟု လာရှိ၏။

(ဓမ္မပဒပဏ္ဍိတဝဂ် ရှေးဦးစွာသော ရာဓမထေရ် ဝတ္ထုပြီး၏)

၆။ ပဏ္ဍိတဝဂ်

## ၂။ ဆုံးမသူကို မြတ်နိုးရာ၏

### (အဿဇိ ပုနဗ္ဗသုကတို့ဝတ္ထု)

ဆုံးမသူကိုသူယုတ်မာတို့သည် မမြတ်နိုးတတ်။
သူတော်ကောင်းတို့သည်သာ မြတ်နိုးတတ်ကုန်၏။

(ဩဝဒေယျ) စသည့်ဒေသနာတော်ကို မြတ်စွာဘုရားသည် ကိဋာဂိရိဇနပုဒ်၌ နေကြသော အဿဇိပုနဗ္ဗသုက ရဟန်းတို့ကို ရည်မှန်း၍ ဇေတဝန် ကျောင်းတော်၌ ဟောကြားတော်မူ၏။

### ဝတ္ထုကြောင်းကားဤသို့တည်း

အရှင်သာရိပုတ္တရာမထေရ်၏ အတူနေတပည့် ဖြစ်ကုန်သော အဿဇိပုနဗ္ဗသုက ရဟန်းတို့သည် အခြံအရံ ငါးရာကုန်သော ရဟန်းတို့နှင့် ကိဋာဂိရိ၌နေထိုင်ကြပြီး ကိုယ်တိုင်ပန်းပင်စိုက်၏၊ သူတပါးကိုစိုက်ပျိုးစေ၏၊ မပြုကျင့်ထိုက်သောအကျင့်ကိုပြုကျင့်လျက် အရှက်မရှိသောအလဇ္ဇီတို့သာဖြစ်ကြ၏။ ဒါယကာတို့၏ သဒ္ဓါတရားကို ဖျက်ဆီးခြင်းဖြင့်နေထိုင်လျက် သီလဝန္တသံဃာတော်များမှကင်းဆိတ်အောင်ပြုကြ၏။

မြတ်စွာဘုရားသခင်သည် သိတော်မူ၍ ထိုရဟန်းတို့အား ပဗ္ဗာဇနီယကံဖြင့်နှင်ထုတ်ခြင်းအလို့ငှာ အဂ္ဂသာဝကနှစ်ပါးနှင့် တကွ အခြံအရံတို့ကို ခေါ်တော်မူ၍ စကားကို မလိုက်နာသော

ရဟန်းတို့အား ပဗ္ဗာဇနီယကံကိုပြုကြကုန်လော့၊ စကားကိုလိုက်နာသော ရဟန်းတို့ကိုသာလျှင် ပြောဆို ဆုံးမကြကုန်လော့ဟု မိန့်ကြားတော်မူပြီး အနုသန္ဓေစပ်တော်မူလိုသဖြင့်

(၇၇) **ဩဝဒေယျာ နုသာသေယျ၊**
**အသဗ္ဘာ စ နိဝါရယေ။**
**သတံ ဟိ သော ပိယော ဟောတိ။**
**အသတံ ဟောတိ အပ္ပိယော။**

(၇၇) အမှုရောက်လျှင် မျက်မှောက်၌သာဆုံးမရာ၏၊ အမှုမရောက်မီ မျက်ကွယ်၌ ဆုံးမရာ၏။မကောင်းကံမှလည်းတားမြစ်ရာ၏ ထိုဆုံးမသူကိုသူတော်ကောင်းတို့သည် မြတ်နိုး အပ်ကုန်သည် ဖြစ်၏။ သူယုတ်မာတို့သာမချစ်တတ်မမြတ်နိုးတတ်သည်ဖြစ်၏။

အရှင်သာရိပုတ္တရာ အရှင်မဟာမောဂ္ဂလာန်တို့သည်ကိဋာဂိရိဇနပုဒ်သို့ကြွရောက်၍မြတ်စွာဘုရား ပေးသနားတော်မူအပ်သော နည်းဖြင့်ဆုံးမကြ၏။ များစွာသော ရဟန်းတို့သည်ဩဝါဒကို လိုက်နာကြကုန်၏။ အချို့သော ရဟန်းတို့သည် လူထွက်ကြကုန်၏၊ အချို့သော ရဟန်းတို့သည် ပဗ္ဗာဇနိယကံသို့ ရောက်ကုန်၏။

(ဓမ္မပဒ ပဏ္ဏိတဝဂ်၌နှစ်ခုမြောက်ဖြစ်သော အဿဇိ-ပုနဗ္ဗသုက ရဟန်းတို့ဝတ္ထု ပြီး၏။)

## ၆။ ပဏ္ဏာသတဝဂ်

# ၃။ ကလျာဏမိတ္တ ဆည်းကပ်ကြ

## (ဆန္နမထေရ်ဝတ္ထု)

**မကောင်းမိတ်ဆွေ ရှောင်ခွာလေ၊**
**ကလျာဏမိတ္တ ဆည်းကပ်ကြ။**

(နဘဇေ ပါပကေ မိတ္တေ) ဒေသနာဂါထာတော်ကို ဖွားဘက်တော် အရှင်ဆန္နမထေရ်ကို အကြောင်းပြု၍ ဇေတဝန်ကျောင်းတော်၌ ဟောကြားတော်မူသည်။

### ဝတ္ထုကြောင်းကား ဤသို့တည်း

မြင်းမြီးဆွဲမောင်ဆန်ဟု အသိများနေသော ဖွားဘက်တော် ဆန္နအမတ်သည် မြတ်စွာဘုရား အတုလသမ္ဗုဒ္ဓ ဖြစ်သည့်အခါ ရဟန်းဝတ်၍ ဇေတဝန်ကျောင်း၌ နေလေ၏၊ ဆန္နအမတ်သည် ဆန္နမထေရ် ဖြစ်လာလေသည်၊ ရဟန်းတရားကို အားမထုတ်မူဘဲ အရှင်သာရိပုတ္တရာ အရှင်မောဂ္ဂလာန်တို့ အပေါ်တွင်မျက်သိမှန်းထား ဒေါသပွားကာ အရှင်မြတ် တောထွက်စဉ်အခါက မည်သူတပါးတယောက်မျှ ဘုရားဖြစ်မည်မထင်ကြ၊ ယခုဘုရားဖြစ်ခါမှ အဂ္ဂသာဝကတွေအဖြစ်နှင့်ထောင်လွှားကြသည်စသည်ဖြင့် ပြောဆိုရေရွတ်လေ့ရှိ၏။

မြတ်စွာဘုရားကြားသိတော်မူ၍ ဆန္နမထေရ်ကို ခေါ်ယူဆုံးမ၏၊ ခဏသာနေပြီးဤနည်းဖြင့်ပင် ပြစ်တင်မောင်းမဲပြန်၏။ ဤသို့သုံးကြိမ်မြောက်သောအခါ မြတ်စွာဘုရားသခင်က

"အသင်ဆန္န-ဤအဂ္ဂသာဝကနှစ်ဦးသည်ကားအသင့်အတွက် ကောင်းကျိုးချမ်းသာကိုဆောင်မည့် ကောင်းမြတ်သောအဆွေ ခင်ပွန်းတို့ဖြစ်ပေသည်၊ ကလျာဏမိတ္တကောင်းမြတ်သောအဆွေ ခင်ပွန်းတို့ကို ဆည်းကပ်မှီဝဲ အမြဲပေါင်းဖော်လေလော့"ဟု မိန့် တော်မူပြီး အောက်ပါဂါထာတော်ကို ဟောဖော်တော်မူ၏။

(၇၈) န ဘဇေ ပါပကေ မိတ္တေ၊
န ဘဇေ ပုရိသာ ဓမေ။
ဘဇေထ မိတ္တေ ကလျာဏေ၊
ဘဇေထ ပုရိသုတ္တမေ။ ။

(၇၈) မကောင်းမှုပြုဘတ်သော အဆွေခင်ပွန်းတို့ကိုမဆည်းကပ်ရာ၊ မကောင်းမှုသို့ ဆွဲငင်တတ်သော ယောကျ်ားယုတ်တို့ကိုမမှီဝဲ မဆည်းကပ်ရာ။ကလျာဏမိတ္တကောင်းမြတ်သောအဆွေခင်ပွန်း တို့ကို အမြဲမှီဝဲဆည်းကပ်ရာ၏။ ကောင်းရာသို့ ညွှန်လတ် ယောကျ်ားမြတ်တို့ကို အမြဲမှီဝဲဆည်းကပ်ရာ၏။

ဆန္နမထေရ်သည် ဤသို့အဆုံးအမဩဝါဒဖြင့် အကြိမ်ကြိမ် ဆုံးမသော်လည်း ငြူစူစောင်းမြောင်းမြဲပင် ရှိသဖြင့် မြတ်စွာ ဘုရားပင်လက်လျှော့ခါ ငါဘုရားပရိနိဗ္ဗာန်စံမှသာ အကျင့် သီလကိုပြုစွမ်းပေလတံ့ဟု မိန့်တော်မူ၍ ဆန္နမထေရ် ပြောဆို သမျှသည်းခံ၍သာ ဥပက္ခာထား၍နေပေ၏။

## ရဟန္တာဘဝ

မြတ်စွာဘုရားသခင် ပရိနိဗ္ဗာန် စံဝင်တော်မူခါနီး၌ အရှင် အာနန္ဒာမထေရ်က ဆန္နမထေရ်ကို တပည့်တော်တို့ အဘယ်သို့ ပြုကျင့်ရပါမည်နည်းဟု လျှောက်ကြားလျှင် ငါဘုရားမရှိသည့်

နောက် ဆန္နမထေရ်ကို ဗြဟ္မဒဏ် ထားကြကုန်လော့၊ ဗြဟ္မဒဏ် ဟူသည် ဆန္နမထေရ်ပြောဆို ပြုလုပ်သော စကားတို့ကို တစုံ တယောက်သောရဟန်းမျှ တားမြစ်ဆုံးမခြင်းမပြုရဟု မိန့်တော် မူ၏။

ဘုရားပရိနိဗ္ဗာန်စံဝင်ပြီးနောက် ရဟန်းသံဃာတို့၏ အလယ် တွင် မြတ်စွာဘုရားမိန့်ကြားချက်ကို အရှင်အာနန္ဒာ မထေရ်က ပြန်ကြားမိန့်ဆိုသောအခါ အရှင်ဆန္န မထေရ်သည် ငါ့အား သံဃာ့ဘောင်က ပယ်ရှောင်-ထားလေပြီဟု သည်းစွာသော သောကဖြင့် သံဃာများအလယ်တွင် သုံးကြိမ်တိုင်အောင်မေ့ လဲသွားပြီးနောက် သံဃာတို့အားရှိခိုးလျက် အရှင်မြတ်တို့တပည့် တော်အား ငဲ့ညှာသနားတော်မူပါဟု အထပ်ထပ် လျှောက်ထား တောင်းပန်ကာ ရဟန်းကျင့်ဝတ်နှင့်အညီ ကြိုးစား အားထုတ် သည်ရှိသော် မကြာမြင့်မီပင် ပဋိသမ္ဘိဒါလေးပါးနှင့်တကွ အရ ဟတ္တဖိုလ်သို့ရောက်၍ ရဟန္တာဖြစ်လေသတည်း။

**(ဓမ္မပဒ ပဏ္ဏိတဝဂ် သုံးခုမြောက် ဆန္နမထေရ် ဝတ္ထု ပြီး၏)**

၆။ ပဏ္ဏတ္တိဝဂ်

# ၄။ ပညာရှိဟူသည်ကား

## (မဟာကပ္ပိနမထေရ်ဝတ္ထု)

(ဓမ္မပီတိ သုခံသေတိ) အစရှိသော ဤဒေသနာတော်ကို ဇေတဝန်ကျောင်းတော်၌ ကပ္ပိနမထေရ်ကို အကြောင်းပြု၍ ဟောတော်မူ၏။

### ဝတ္ထုကြောင်းကားဤသို့တည်း

အတိတ်ဇာတ်ကြောင်းသည်ကား ပဒုမုတ္တရဘုရားရှင်လက်ထက် ကပ္ပိနမထေရ်အလောင်းသည် ဆုတောင်း ပတ္ထနာလျက် သံသရာ၌ ကျင်လည်ရာတွင် ဗာရာဏသီ ပြည်မှ မနီး မဝေး ရက်ကန်းသည်ရွာ၌ အကြီးအမှူး ဖြစ်လေ၏။ အရှင်ပစ္စေကဗုဒ္ဓါတထောင်တို့သည် ဟိမဝန္တာတော၌ ရှစ်လသီတင်းသုံး၍ မိုးလေးလတွင် မြို့ရွာဇနပုဒ်တို့၌ နေလေ့ရှိကြ၏။

တကြိမ်သောအခါတွင် ဗာရာဏသီပြည်အနီး၌ ရှင်ပစ္စေကဗုဒ္ဓါတို့ ကောင်းကင်ခရီးမှ သက်ဆင်းတော်မူပြီး ကျောင်းဆောက်လုပ်ရန် အဘို့ လက်သမားတို့ကို ပြည့်ရှင်မင်းထံ တောင်းခံကြရန် ရှစ်ပါးသော ပစ္စေကဗုဒ္ဓါတို့ကို စေလွှတ်၏။ မင်းကြီးသည် ထိုအခါ၌ လယ်ထွန်မင်္ဂလာပွဲဆဲ ဖြစ်၍ ယနေ့လည်း မအားပါ၊ နက်ဖြန်လည်း မအားပါ၊ သုံးရက်မြောက်ကြာမှ စီစဉ်ပေးနိုင်ပါမည်ဟု လျှောက်ကြား၍ နန်းတော်သို့ ဝင်သွားလေ၏။

## ရက်ကန်းသည်တို့ အလှူတော်ကြီး

ပစ္စေကဗုဒ္ဓါအရှင်တို့သည် အရပ်တပါးသို့ သွားတော့အံ့ဟု ပြန်ကြွတော်မူစဉ် ရက်ကန်းသည် အကြီးအမှူး၏ ဇနီးသည် ဗာရာဏသီမြို့ကြီးသို့အသွားပစ္စေကဗုဒ္ဓါတို့ကိုဖူးမြင်ရ၍ကြည်ညို သဒ္ဓါစိတ်ဖြင့် ဦးချပြီးသော် အကြောင်းစုံကို မေးမြန်းလျှောက် ထားရာမှ အရှင်မြတ်တို့က မူလအစမှ အကုန်ပြန်ကြား ပြောဆို သဖြင့် ထိုမိန်းမသည်-

"အရှင်ဘုရားတို့-နက်ဖြန်အာရုံတက်တွင် တပည့်တော်မတို့ ရွာ၌ ဆွမ်းကိုခံယူတော်မူပါ"ဟု လျှောက်ထား၏။

"တပည့်တော်မတို့၏ ရွာ၌ ရက်ကန်းသည် တထောင်မျှ လောက် နေထိုင်ကြပါသည်၊ တပါးလျှင်တဦးကျအရှင်တို့အား ကောင်းမွန်စွာဆွမ်းကို လှူဒါန်းပါအံ့- တပည့်တော်မဖိတ်ကြား သော ဆွမ်းကို သည်းခံတော်မူပါလော့၊ အရှင်မြတ်တို့ သီတင်း သုံးရန် ကျောင်းနေရာများကိုလည်း ပြုပါအံ့"ဟု လျှောက်ထား ပြန်သဖြင့် ပစ္စေကဗုဒ္ဓါအရှင်တို့သည် သည်းခံတော်မူကုန်၏။

ထိုအမျိုးသမီးသည် ရွာ၌ဆော်ဩ၏၊ တအိမ်တပါးကျယာဂု ဆွမ်းစသည်တို့ လှူဒါန်းကြရန် ကြွေးကြော်၍ နံနက်အရုဏ်တွင် ရွာအလယ်၌ ကြီးစွာသော မဏ္ဍာပ်ဖြင့် ဆွမ်းအလှူတော်ကို သောင်းသောင်းဖျဖျ လှူဒါန်းကြ၏။ ရွာရှိမိန်းမတို့သည် ပစ္စေက ဗုဒ္ဓါအရှင်မြတ်အား သုံးလပတ်လုံး ဤအရပ်၌ သီတင်းသုံးရန် ပန်ကြားလျှောက်ထားပြီးနောက် တအိမ် တယောက်ကျသော ယောကျ်ားတို့သည် အရှင်မြတ်တို့အဘွက် ကျောင်းကို ဆောက် ကြကုန်လော့-ဟု ထိုမိန်းမသည် ဟစ်အော်ကြွေးကြော်၏။

ရှာ သူ ရှာ သား တို့ သည် တ ထောင် သော ကျောင်း တို့ ကို ဆောက်လုပ်ကြ ပြီးသော် မိမိဆောက်လုပ်သော ကျောင်း၌ သီတင်းသုံးသော အရှင်မြတ်ကိုအသီးသီး ပြုစု လုပ်ကျွေးကြ၏။ ဝါတွင်းသုံးလပတ်လုံး သီတင်းသုံး၍ ဝါမှထမြောက်ကုန်သော အရှင်ပစ္စေကဗုဒ္ဓါတို့အတွက် သင်္ကန်းလျာတို့ကို ရက်လုပ်ပြီး အသပြာတထောင်မျှလောက် ထိုက်တန်သော သင်္ကန်းကို ပေး လှူစေ၏။ ဝါကျွတ်သည်ရှိသော် ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့သည် အနုမောဒနာကိုပြု၍ ကြွသွားကြကုန်၏။

## တာဝတိံသာမှ ဂဏနတ်သားနတ်သမီးများ

ထိုသူအပေါင်းတို့သည် တာဝတိံသာနတ်ပြည်၌ ဂဏနတ် သားတို့အဖြစ် အပေါင်းအစုလိုက်ဖြစ်ကြကုန်ပြီး နတ်၏စည်းစိမ် ချမ်းသာတို့ကို ခံစားကြရကုန်၏။

## ကဿပဘုရားရှင်လက်ထက်တွင်

ကဿပ ဘုရားရှင်လက်ထက်တွင် ဂဏ နတ်သားတို့ ဘဝမှ အပေါင်းအစုအလိုက်စုတေကြကုန်ပြန်၏၊ အကြီးအမှူးဖြစ်သော ရက်ကန်းသည်သည် အကြီးအမှူး သူကြွယ်၏သားဖြစ်၏၊ ရက် ကန်းသည်၏ခင်ပွန်းအကြီးအမှူးမယားဟောင်းသည်အကြီးအမှူး သူကြွယ်၏သမီးဖြစ်လေ၏။

တနေ့တွင် ထိုသူကြွယ်မျိုး အစုအပေါင်းတို့သည် တရား တော်ကိုနာကြားရန် ကျောင်းတော်သို့အသွား မိုးကြီးသည်း ထန်စွာရွာသည်၌ ခိုလှုံရန်မရှိသဖြင့် သတိတရားရပြီ အကြီးအမှူး သူကြွယ်ခေါင်းဆောင်က အတွက်တပ်သောကျောင်းတထောင်

အရံရှိသော ကြီးစွာသောပရိဝုဏ်ကိုပြုလုပ်၍ လှူဒါန်းကြကုန်၏။ နှစ်သောင်းမျှလောက်ကုန်သော သံဃာတော်တို့အား ခုနစ်ရက်ပတ်လုံးအလှူဒါနကိုပေးလှူပြီးနောက် သင်္ကန်းအလှူကို လှူဒါန်းရန်စီမံကြပြန်၏၊ အကြီးအမှူးဖြစ်သော သူကြွယ်၏မယားသည် မိမိဉာဏ်ဖြင့် ကောင်းစွာစီရင်လျက်အနောဇာပန်းအဆင်းရှိသော အဖိုးတထောင်ထိုက်သော ပုဆိုးနှင့်တကွ အနောဇာပန်းတောင်းကို ကောင်းစွာယူခဲ့၏။ အနုမောဒနာပြုသော ကာလ၌ ကဿပမြတ်စွာဘုရားသခင်ကို အနောဇာပန်းတို့ဖြင့်ပူဇော်လှူဒါန်း၍ သင်္ကန်းလျာပုဆိုးကို ခြေတော်ရင်း၌ထားပြီးလျှင်

သုံးလောကထွတ်ထားအရှင်မြတ်ဘုရား၊

တပည့်တော်လှူဒါန်းအပ်သော ဤကောင်းမှုကံကြောင့် ဖြစ်တိုင်းဌာနဘုံဘဝ၌ တပည့်တော်မအား အနောဇာပန်းအဆင်းရှိသည်သာ ဖြစ်သော ခန္ဓာကိုယ်သည် ဖြစ်ပါစေသတည်း။ အမည်သည်လည်း အနောဇာအမည်သာတွင်ပါစေသတည်း။

ဟုဆုတောင်း၏၊ ကဿပဘုရားရှင်လည်း ဤသို့ တောင့်တတိုင်းဖြစ်စေသတည်းဟု အနုမောဒနာပြုတော်မူ၏။

**မဟာကပ္ပိနမင်းကြီးနှင့်အနောဇာဒေဝီ**

ထိုအလုံးစုံသော သူကြွယ်တို့သည် အစုအပေါင်း လိုက် ပင်ထိုဘဝမှပြောင်းကြွေသလွန်ကြလျှင် နတ်ပြည်၌ ဖြစ်ကြကုန်၏။

ဂေါတမဘုရားရှင် ပွင့်တော်မူချိန်၌ နတ်ပြည်မှ စုတိလာခဲ့ကြပြီး၊ အကြီးအမှူးဖြစ်သော သူကြွယ်သည် ကုက္ကုဋဝတီမည်သောပြည်၌ မဟာကပ္ပိနအမည်ရသောမင်းအဖြစ် တန်ခိုးကြီးမားလှ၏၊ ကျန်သူကြွယ်တို့သည် အမတ် ဖြစ်ကြကုန်၏။

အကြီးအမှူးသူကြွယ်၏မယားသည် မဒ္ဒရာဇ်တိုင်း သာဂလမြို့ မင်းအမျိုး၌ဖြစ်၍ အနောဇာပန်းနှင့်တူသော အဆင်းရှိသော အနောဇာဟူသောအမည်ဖြင့်မဟာကပ္ပိနမင်းကြီးနှင့်ဆောင်နှင်း ထိမ်းမြားသဖြင့် အနောဇာဒေဝီမိဖုရားကြီး ဖြစ်လာ၏၊ ကြွင်း သောမိန်းမတို့သည်လည်းအမတ်၏အမျိုး၌ ဖြစ်ကြ၍ရှေးဘဝက ပေါင်းသင်းဆက်ဆံဘူးခဲ့သောအမတ်သားတို့နှင့်သာ ထိမ်းမြား ကြရ၏။

အလုံးစုံသော အမတ်တို့သည် မင်းကြီးနှင့် ထပ်တူထပ်မျှ စည်းစိမ်ချမ်းသာတို့ကိုခံစားကြရ၏၊ ထိုမင်းနှင့် အမတ်တို့သည် ပူးပေါင်းလှူဒါန်းအပ်သော ကောင်းမှုကြောင့် တူညီသော အကျိုးကိုခံစားကြရခြင်းဖြစ်၏။

## သူတော်ကောင်းတို့၏ဆန္ဒမွန်

မဟာကပ္ပိနမင်းကြီးတွင် မြင်းလျင်ငါးစီးရှိ၏၊ တစီး ကို မင်းကြီးစီးလျက် ကြွင်းသောလေးစီးကို လေးယောက်ကုန်သော မင်းချင်းယောကျ်ားတို့ကိုပေးလျက်ယူဇနာသုံးယူဇနာခရီးတို့ကို လှည့်လည်စေပြီး ဘုရားရတနာသည်ရင်း၊ တရားရတနာသည်ရင်း သံဃာရတနာသည်ရင်း ထင်ရှားပေါ်ပေါက်လျှင် ငါ့ ထံ သို့ သတင်းစကားယူဆောင်ခဲ့ကြကုန်ဟုစေလွှတ်၏။ သတင်းစကား တစုံတရာမျှ မရခဲ့ကြပါချေ။

## သုံးသိန်းအသပြာတန်သည့်သတင်း

တနေ့သောအခါ ကပ္ပိနမင်းကြီးသည် အဖော်အပေါင်း အမတ်တထောင်ဖြင့် မြင်းကိုယ်တိုင်စီး၍ ဥယျာဉ်တော်သို့ ထွက်

တော်မူရာ ပင်ပန်းနွမ်းနယ်လှသော လှည်းငါးရာတို့ မြို့သို့ဝင်သည်ကိုတွေ့၍ ဤလှည်းကုန်သည်တို့သည် ခရီးဝေးမှ လာကြကုန်သည်ဖြစ်လိမ့်မည်၊ ထိုသူတို့ထံမှကောင်းမြတ်သော သတင်းစကားရနိုင်အံ့ဟုကြံ၍ ထိုကုန်သည်တို့ကို ခေါ်စေတော်မူပြီး

"အသင်တို့ အဘယ်အရပ်မှ လာခဲ့ကြသနည်း"

"အရှင်မင်းမြတ်ဤပြည်မှ ယူဇနာ ၁၂၀ ဝေးသောသာဝတ္ထိမြို့ကြီးမှ လာခဲ့ကြပါသည်"

"သာဝတ္ထိပြည်၌ သတင်းထူးများ အကြောင်းထူး များဖြစ်ပေါ်ပါသလား"

"အရှင်မင်းမြတ်အကြောင်းထူးဝိသေသကားမရှိပါ၊သာဝတ္ထိပြည်၌ သစ္စာလေးပါးကို သိမြင်တော်မူသော မြတ်စွာဘုရားရှိပါသည်" ထိုခဏ၌ ကပ္ပိနမင်းကြီးသည် များ စွာ ကုန် သော ပီတိဖြင့်မိန်းမောလျက် တခဏမျှကြာမှ

"အမောင်တို့-အဘယ်ကို ပြောကြားလိုက်ကြသနည်း" ဟုထပ်မံမေးတော်မူရ၏။

"သာဝတ္ထိပြည်ကြီး၌ မြတ်စွာဘုရား ပွင့်တော်မူလျက် ရှိပါသည်"ဟု ထပ်မံလျှောက်ကြားလျှင် ဤသို့ပင်ပီတိဖြင့် မိန်းမော၍ လေးကြိမ်မြောက်တိုင် မေးတော်မူပြီးမှ သတိရကာ-

"အသင်တို့ထံမှ ...ဘုရား....ဟူသော သတင်းစကားကို ငါရသဖြင့် တသိန်းသော အသပြာကို ငါပူဇော်ပါ၏၊ အခြားသတင်းများရှိလျှင် ပြောကြားပါဦးလော့"ဟု မိန့်တော်မူ၏။

"အရှင်မြတ်ရှိပါသေး၏။ တရားရတနာ ဖြစ်ပါသည်"ဟုလျှောက်ထားပြန်လျှင် အထက်ကကဲ့သို့ပင် သုံးကြိမ်တိုင် မိန်းမောပြီးမှ လေးကြိမ်မြောက်၌ သတိရပြီး-

"အသင်တို့၏တရားရတနာအတွက် အသပြာတသိန်း ပူဇော်ပါ၏၊ အခြားသတင်းရှိလျှင် ပြောကြားဦးလော့"ဟုမိန့်တော်မူ၏၊ ကုန်သည်တို့က သံဃာ့ရတနာဟူသောစကားကိုပြောကြားပြန်သောအခါ အသပြာတသိန်းထပ်၍ ပူဇော်ပြန်၏။

ထို့နောက် မဟာကပ္ပိနမင်းကြီးသည် အမတ်တထောင်တို့နှင့်တိုင်ပင်၍ မြတ်စွာဘုရားခြေတော်ရင်းသို့ သွားရောက်ကြပြီး ရဟန်းပြုကြရန် ညီညွတ်ကြကုန်၏။

ထိုနောက် မင်းကြီးသည် ရွှေပြား၌စာရေး၍ ကုန်သည်တို့အား အနောဇာဒေဝီမိဖုရားထံ ဆက်သကြကုန်လော့၊ အသင်တို့အား အသပြာသုံးသိန်းပေးလိမ့်မည်၊ ဤသို့လည်း လျှောက်တင်ခဲ့ကြကုန်၊မင်းကြီးသည် နန်းစည်းစိမ်ကိုစွန့်လွှတ်၍ အနောဇာဒေဝီမိဖုရားကြီးအား လွှဲအပ်ခဲ့သည်။ အရှင်မတို့အလိုတော်ရှိတိုင်း စည်းစိမ်ကိုခံစားကြပါလော့၊ ထို့ပြင် နန်းစည်းစိမ်ကိုစွန့်လွှတ်လိုက်ခြင်း၏ အကြောင်းစုံကိုလည်း ပြောကြားလော့၊ ဟု မှာကြား၏။ အမတ်တို့လည်း မိမိတို့မယားခင်ပွန်းများထံ သတင်းစကားမှာကြားပေးပို့လိုက်ကြခါ အသီးသီးမြင်းများကိုစီးလျက် ထွက်သွားကြကုန်၏။

## မြတ်စွာဘုရား ကြိုဆိုတော်မူခြင်း

ဂေါတမဘုရားသခင်သည် မိုးသောက်ယံကာလ၌ လောကကို ရှုဆင်ခြင်သော် ကပ္ပိနမင်းကြီးသည် အမတ်တထောင်တို့ဖြင့် ငါဘုရားထံနက်ဖြန်၌ ထွက်လာလတံ့၊ ထိုမင်းကြီးနှင့် အမတ်

တထောင်တို့သည် ပဋိသမ္ဘိဒါတို့နှင့်တကွ အရဟတ္တဖိုလ်သို့ရောက်ကြလတံ့၊ ငါဘုရားသည် ခရီးဦးကြိုပြုခြင်းငှာ သင့်လျော်ပေသည်ဟု ဆင်ခြင်တော်မူ၍ နက်ဖြန်မိုးသောက် ရောက်သောနေ့၌ ကိုယ်တော်တိုင် သပိတ်သင်္ကန်းကိုယူ၍ ယူဇနာ ၁၂၀ ဝေးကွာသော လမ်းခရီးသို့ ကြွသွားတော်မူပြီး စန္ဒဘာဂါမြစ်ကမ်း၏ ညောင်ပင်ရင်း၌ ခြောက်သွယ်သော ရောင်ခြည်တော်တို့ကိုလွှတ်လျက် သီတင်းသုံးထိုင်နေတော်မူ၏။

## အဓိဋ္ဌာန်ဖြင့် မြစ်သုံးတန်ကူး

ကပ္ပိနမင်းကြီးသည် အစဉ်အတိုင်း ထွက်လာခဲ့ရာ အနက်တဂါဝုတ်နှင့် နှစ်ဂါဝုတ်မျှလောက်အကျယ်ရှိသော အပရစ္ဆမြစ်ကိုရောက်လျှင် အမတ်တထောင်နှင့်ကူးဖြတ်ရန် မလွယ်ကူသဖြင့်

ငါတို့သည် ရတနာသုံးပါးကိုရည်မှန်းလျက် ရဟန်းပြုခြင်းငှာလာခဲ့ကြ၏၊ ထိုရတနာသုံးပါး၏ အာနုဘော်ကြောင့် ဤမြစ်ရေသည် ရေအလျှင်ကဲ့သို့ မဖြစ်ပါစေသတည်းဟု အဓိဋ္ဌာန်ပြုလျက် မြင်းတထောင်နှင့် ရေပြင်သို့နင်းတက်သွားရာရေသည် ကျောက်ဖျာကဲ့သို့ဖြစ်၍ မြင်းတို့၏ ခွာအဖျားမျှသာလျှင် ရေစိုစွတ်ကုန်၏၊ ထိုနောက်တဖန် အနက်အားဖြင့်၎င်း အကျယ်အားဖြင့်၎င်း ယူဇနာဝက်မျှရှိသော နီလဝါဟနမြစ်သို့ ရောက်လျှင် တရားဂုဏ်တော်ကိုအဓိဋ္ဌာန်ပြု၍ ဖြတ်ကူး နိုင်ခဲ့ကြပြန်၏၊ ထို့နောက် အနက်အကျယ် တယူဇနာခန့်ရှိသော စန္ဒဘာဂါမြစ်သို့ ရောက်လျှင် သံဃာ့ဂုဏ်တော်ကို အဓိဋ္ဌာန်ပြု၍ ကူးမြောက်နိုင်ခဲ့ကြပြန်၏။

## ပေါဟိဘိက္ခု ရဟန်းဖြစ်ကြခြင်း

မြစ်သုံးတန်ကိုအခိုင်ခွာန်ဖြင့် လွန်မြောက်၍ ရှေ့ရှုသွားပြန်သော် မြတ်စွာဘုရား၏ ရောင်ခြည်တော်တို့ကို မြင်ကြကုန်၏၊ ပညောင်ပင်ကြီး၏ အကိုင်းအခက်အရွက်တို့သည် ရွှေရောင်ကဲ့သို့ ထိန်ထိန်တောက်နေ၏၊ ကပ္ပိနမင်းကြီးက ဤအရောင်တို့သည် နေ၏အရောင်လည်းမဟုတ်၊ လ၏ အရောင်လည်းမဟုတ်ဟု ကြံဆင်ခြင်ပြီး မြင်း၏ကျောကုန်းထက်မှ ဆင်းသက်ကြ၍ ဘုရားရောင်ခြည်တော်တို့၏ အတွင်းသို့ဝင်၍ ကြည်လင်မြတ်နိုးရှိခိုးဦးချကြ၏။

မြတ်စွာဘုရားသခင်သည် အစဉ်အတိုင်း တရားစကားကို ဟောကြားတော်မူ၏၊ မင်းကြီးနှင့် အမတ်တထောင်တို့သည် သောတာပတ္တိဖိုလ်၌တည်ကြကုန်ပြီး ရဟန်းအဖြစ်ကို လျှောက်ထားတောင်းပန်၏။ မြတ်စွာဘုရားသည် ဤသူတို့အတွက်သပိတ်သင်္ကန်းရောက်လာအံ့လောဟု ခြင်ဆင်တော်မူသော် ပစ္စေကဗုဒ္ဓါတို့အား သင်္ကန်းတထောင် လှူခဲ့ကြသည်ကိုရှင်း၊ ကဿပဘုရားရှင်လက်ထက်၌ နှစ်သောင်းသော သင်္ကန်းတို့ကို လှူခဲ့ဘူးသည်ကို မြင်တော်မူ၍ လက်ျာ လက်မောင်းတော်ကို ဆန့်တန်းတော်မူပြီး ဧဟိဘိက္ခု ခေါ်တော်မူသောခဏ၌ ရှစ်ပါးသော ပရိက္ခရာတို့ကို ဆောင်လွယ်လျက် အဝါ-ခြောက်ဆယ် မထေရ်ကြီးတို့ကဲ့သို့ အထမြောက်၍ ကောင်းကင်အထက်သို့ တက်ကြွတော်မူပြီးနောက် သက်ဆင်းလာခဲ့ကြပြီး မြတ်စွာဘုရားကိုရှိသေမြတ်နိုးလက်အုပ်မိုး၍ ရှိခိုးလျက်သာ တည်နေကြကုန်၏။

## အနော်ဇာဒေဝီနှင့် အမတ်ကတော်တထောင်

လှည်းကုန်သည်တို့သည် နန်းတော်သို့ရောက်၍ မင်းကြီးမှာကြားတိုင်းပြောဆိုကြရာအနော်ဇာဒေဝီလည်းဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာကြားခါမျှဖြင့် ပီတိဖြင့် မိန်းမော၍ သုံးကြိမ်တိုင်မေးမြန်းပြီး လေးကြိမ်မြောက်၌ ရတနာတပါးလျှင် သုံးသိန်းကျစီ သတင်းစကားအတွက် ပူဇော်၏၊ ကုန်သည်တို့သည် တသန်းနှစ်သိန်းမျှသော အသပြာကို ရကြကုန်၏။

အမတ်ကတော်တို့ကလည်း မိမိတို့ အရှင်သခင်များမှာကြားသော သတင်းစကားကို ကြားသိကြရပြီး အနော်ဇာဒေဝီနှင့် တိုင်ပင်ညီညွတ်၍ ရထားတထောင်ဖြင့် လိုက်ကြလေ၏၊ မြစ်သုံးတန်ကို အဓိဋ္ဌာန်ဖြင့် ကျော်ဖြတ်ကြပြီးသော် မြတ်စွာဘုရားကိုယ်တော်မြတ်မှ ရောင်ခြည်တော်တို့ကို ဖူးမြင်ရပြီး ဘုရားထံတော်မှောက်ရောက်၍ ကြည်လင်သဒ္ဓါ ဝတ်တွားကာ ဝန္ဒနာအမှုပြုကြ၏။ မြတ်စွာဘုရားသခင်အား မဟာကပ္ပိနမင်းကြီးကို ဖူးမြင်လိုကြောင်းလျှောက်ထား၏။ ဘုရားသခင်၏ တရားအစဉ်ကို ဟောကြားသည်ကိုနာကြားရလျှင် အနော်ဇာဒေဝီနှင့် အခြံအရံတထောင်တို့သည် သောတာပတ္တိဖိုလ်သို့ရောက်လေ၏၊ မဟာကပ္ပိနမထေရ်နှင့် ရဟန်းတထောင်တို့လည်း အနော်ဇာမိဖုရားအား ဟောကြားတော်မူသော တရားတော်တို့ကို နာကြားကြရသဖြင့် ပဋိသမ္ဘိဒါ လေးပါးနှင့်တကွ အရဟတ္တဖိုလ်သို့ရောက်လေ၏။ အရဟတ္တဖိုလ်သို့ရောက်ကြလေပြီးသော မိန်းမတို့အား မဟာကပ္ပိနမထေရ်အမှူးရှိသော ရဟန်းတို့ကို ပြတော်မူပေ၏။

အနော်ဇာဒေဝီတို့အား ရောက်စကပြတော်မမူသေးဘဲတရားဟောကြားပြီးမှ ပြတော်မူသည်မှာ ဦးပြည်းဖြစ်၍ ဖန်ရည်စွန်း

သော အဝတ်ကို ဝတ်ဆင်ထားကြသည့် မိမိတို့၏ အရှင်တို့အား တွေ့မြင်ရလျှင် စိတ်၏တည်ကြည်ခြင်း မဖြစ်နိုင်ကုန်ရာ၊ ထိုအခါ တရားဟောကြားသော်လည်း မဂ်ဖိုလ်သို့ရောက်ခြင်းငှာ မစွမ်းနိုင်ကုန်ပေရာ၊ ထို့ကြောင့် အရဟတ္တဖိုလ်သို့ ရောက်စေပြီးမှ ရဟန်းတို့ကိုပြတော်မူခြင်းဖြစ်၏။

အနောဇာဒေဝီနှင့် အမတ်ကတော်တို့လည်း မဟာကပ္ပိနမထေရ်နှင့် ရဟန်းတော်တို့အား ရှိသေစွာ ရှိခိုးကြပြီး မြတ်စွာဘုရားသခင်ထံ ရဟန်းအဖြစ် တောင်းပန်ကြရာ အသင်တို့သည် သာဝတ္ထိပြည်သို့သွားရောက်၍ ဘိက္ခုနီမကျောင်း၌ ရဟန်းပြုကြကုန်လော့ဟု မိန့်တော်မူ၏၊ ယူဇနာ တရာ့နှစ်ဆယ် ရှိသော သာဝတ္ထိပြည်သို့ ခြေလျင်သွားကြကုန်ပြီး ဘိက္ခုနီမကျောင်း၌ ရဟန်းပြု၍ အရဟတ္တဖိုလ်သို့ ရောက်ကြကုန်၏။

## အဟောသုခံ၊ အဟောသုခံ

ဇေတဝန် ကျောင်းတော်၌ မဟာကပ္ပိနမထေရ် သည် အဟောသုခံ၊ အဟောသုခံ "သြော်ချမ်းသာစွ၊ ချမ်းသာစွ" ဟု အစဉ်မပြတ် ဥဒါန်းကျူးရင့်နေလေ့ရှိ၏။ ရဟန်းတို့လျှောက်ထားသဲဖြင့် ဘုရားသခင်သည် မဟာကပ္ပိနမထေရ်ကို ခေါ်တော်မူစေပြီးလျှင် မေးမြန်းတော်မူပြီးနောက် ငါ၏ သားတော်သည် သေခြင်းကင်းရာ ချမ်းသာအမှန် ပြည်နိဗ္ဗာန်ကို ရည်သန်လျက် ဥဒါန်းကျူးရင့်ပေသည်ဟု မိန့်တော်မူပြီး တရားတော်ကိုဟောကြားလိုသောကြောင့်-

(၇၉) ဓမ္မပီတိ သုခံ သေတိ၊ ဝိပ္ပ သန္နေန စေတသာ။
အရိယပ္ပ ဝေဒိတေ ဓမ္မေ၊ သဒါ ရမတိ ပဏ္ဍိတော။

(၇၉) တရားအမြိုက်ရည်ကို သောက်ရသောသူသည် ကြည်လင်သောစိတ်နှင့် ချမ်းသာစွာနေ၍ အရိယာသူမြတ်တို့ ကောင်းစွာ သိမြင်အပ်သော တရားတော်၌ အခါခပ်သိမ်းမွေ့လျော်ပေ၏၊
(ဓမ္မပဒ ပဏ္ဍိတဝဂ် လေးခုမြောက် မဟာကပ္ပိနမထေရ်ဝတ္ထု ပြီး၏)

(၆) ပဏ္ဍိတဝဂ်

## ၅။ ကိုယ် အလုပ်ကိုယ်လုပ်

(ပဏ္ဍိတ သာမဏေ ဝတ္ထု)

နှင့်

(မဟာဒုတ် အတိတ်ဝတ္ထု)

လယ်သမားသည် မြောင်းသွယ် ရေသယ်ပြီး စိုက်ပျိုး၏။
မြားသမားသည် မီးဖြင့်မြားကိုဖြောင့်အောင်ပြု၏။
သစ်ခွဲသမားသည် သစ်တိုကိုခွဲ၏။
ပညာရှိသည် မိမိတို့ကိုယ်ကိုဆုံးမ၏။

(ဥဒကဉ္ဟိ နယန္တိ) အစရှိသော ဂါထာတော်ကို ဇေတဝန်ကျောင်းတော်၌ ပဏ္ဍိတသာမဏေကို ရည်ညွှန်း ဟောကြားတော်မူ၏။

## ဝတ္ထုကြောင်းကားဤသို့တည်း။
## (အတိတ်ဝတ္ထု)

ကဿပဘုရားရှင်သည် ရဟန္တာ ၂ သောင်းဖြင့် ဗာရာဏသီပြည်သို့ ကြွချီတော်မူ၍ မြို့နေသူတို့က တတ်အားသမျှ ဆွမ်းလုပ်ကျွေးကြ၏။ ဆွမ်းစားပြီးသောအခါ တရား အနုမောဒနာပြုတော်မူရာတွင်-

ဒါယကာ-ဒါယိကာမ အပေါင်းတို့၊

အချို့သောသူတို့သည် မိမိပစ္စည်းကိုသာပေးလှူလို၏၊ သူတပါးကို တိုက်တွန်းခြင်းမပြုကြ။

ထိုသူသည်ဖြစ်ရာဘဝ၌ စည်းစိမ်ချမ်းသာပြည့်စုံ၏၊ အခြွေအရံမရှိပေ။ အချို့သောသူတို့သည် သူတပါးကို ပေးလှူရန်တိုက်တွန်း၏။ မိမိပစ္စည်းကိုမူ မပေးလှူ၊ ထိုသူသည် ဖြစ်ရာဘဝ၌ စည်းစိမ် ချမ်းသာသည်မရ၊ အခြွေအရံကားပေါများ၏။

အချို့သောသူတို့သည်မိမိပစ္စည်းကိုလည်းမလှူဒါန်း၊ သူတပါးကိုလည်း တိုက်တွန်းခြင်းမပြု၊ ထိုသူသည်ဖြစ်ရာဘဝ၌ စည်းစိမ်ချမ်းသာလည်းမပြည့်စုံ၊အခြွေအရံလည်းမရှိ။

အချို့သော သူတို့သည် မိမိလည်း ပေးကမ်းလှူဒါန်း၏၊ သူတပါးကိုလည်း တိုက်တွန်း၏။

ထိုသူသည် ဖြစ်ရာဘဝ၌ စည်းစိမ် ချမ်းသာလည်း ပြည့်စုံ၏၊ အခြွေအရံလည်းပေါများ၏''

ဟု မိန့်မြွက်တော်မူ၏။

## သံဃာနှစ်သောင်းဆွမ်းလှူခြင်း

ဤသို့ပြောကြားသည်ကို ကြားနာရသော ပညာရှိသော ယောကျ်ားတယောက်သည် မြတ်စွာဘုရားထံချဉ်းကပ်၍ 'အလုံးစုံသောရဟန်းတို့နှင့်တကွ နက်ဖြန်ခါတပည့်တော်၏ဆွမ်းကိုခံယူတော်မူပါကုန်လော့''ဟု လျှောက်ထား၏။ ထိုယောကျ်ားသည် အခွင့်ကိုရလေလျှင် မြို့တွင်းသို့လှည့်၍ဆော်ဩ၏။ လူအပေါင်းတို့သည် ငါတို့ကားသံဃာဆယ်ပါး၊ငါတို့ကားနှစ်ဆယ်၊ ငါတို့ကားတရာ စသည်ဖြင့် စာရင်းပေးလှူကြရာ ထိုသူတို့သည် စာရင်းတို့ကို ရေးမှတ်ထား၏။

## မဟာဒုတ်ဘဝ

ဗာရာဏသီပြည်၌ မဟာဒုတ်သူဆင်းရဲသည်ရှိ၏။ ဆော်ဩသူသည် မဟာဒုတ်ကိုမြင်၍ ဆွမ်းကျွေးအလှူအတွက် တိုက်တွန်းနှိုးဆော်၏။ မဟာဒုတ် လင်မယားသည် ထမင်းကိုပင် မစားနိုင် ဆန်ကိုပြုတ်၍ စားရသောသူဖြစ်၏။ နက်ဖြန်အတွက် ပြုတ်စားရန် ဆန်တစေ့မှမရသေး။ သို့ဖြင့် သံဃာတော်တို့ကို ဆွမ်းကျွေးရန် မတတ်နိုင်ပါဟု ဆို၏။

ထိုယောကျ်ားကအချင်းမဟာဒုတ်၊ မရှိ၍မလှူလျှင် မလှူ၍မရှိသည်သာဖြစ်မြဲဖြစ်ပေအံ့၊ ယနေ့လက်ခစားဖြင့်ကြိုးစားပြီးလျှင်နက်ဖြန် သံဃာတပါးစာရနိုင်ကောင်းပါ၏ဟုနှိုးဆော်၏။ မဟာဒုတ်သည် ထိုသူ၏စကားကို သဘောလည်းပေါက် စေတနာလည်းရောက်သဖြင့် သံဃာတပါးကိုစာရင်းပေး၏။ သံဃာအများယူနေကြသည့်အကြားမှ တပါးတည်းယူသူမို့ အရေးမကြီးဟု စာရင်းမတင်ဘဲထားမိလေ၏။

### မဟာဒုတ်မယား စေတနာ

အိမ်သို့ရောက်လျှင် မဟာဒုတ်က သံဃာတပါး စာရင်းယူခဲ့ကြောင်းပြောပြလျှင် မယားက အားရဝမ်းသာပင် ရှေးဘဝက မလှူခဲ့၍ယခုဘဝဆင်းရဲရသည်၊ ငါတို့နှစ်ဦးစလုံး ယနေ့အခစား လုပ်၍ကြိုးစားရှာကြံကြမည်ဟု နှစ်ယောက်လမ်းခွဲခါ သံဃာတပါးတနပ်စာအတွက် ကြိုးစားရှာကြလေ၏။

မဟာဒုတ်သည် သဌေးတဦးထံသို့ရောက်လျှင် ထင်းခွဲရသော လက်ခစားအလုပ်ကိုရသဖြင့် အားရဝမ်းသာမရပ်မနားကြိုးစား ပျော်ရွှင်စွာလုပ်ကိုင်နေသည်ကိုမြင်သဖြင့် သဌေးကြီးက တအံ့တသြပင်–

"အမောင်လုလင် ယနေ့တွင်မှ ဝိသေသထူးခြား ကြိုးစား လှချည့်လား"

"မှန်ပါတယ်သဌေးမင်း–နက်ဖြန် သံဃာတော်တပါး ဆွမ်းပင့်လို့ထားသည်မို့ ဟင်းလျာများ ကောင်းကောင်းလောင်းလှူနိုင်ဘို့ အရေး ချွေးကို အရင်းပြုပြီး ကြိုးစား သမှု ပြု ရ ပါတယ်"

မဟာဒုတ်ပြောစကား သဌေးမင်းကြားလေလျှင် ကြည်ရွှင်သဒ္ဓါဝမ်းမြောက်စွာဖြင့် ထင်းပေါက်ခအတွက် သလေးဆန် တကွမ်းစားပေးပြီးမှ နောက်ထပ်တဖန် လေးကွမ်းစားမျှသော သလေးဆန်ကို ကြိုးစားမှုဆုအဖြစ် နှစ်သက်စွာပေးလေ၏။

## မဟာဒုတ်မယား

မဟာဒုတ်မယားသည်လည်း သံဃာတော်တပါးစာအတွက် ကြိုးစား၍ရှာမည်ဟုလာခဲ့ရာ သဌေးမ တဦး အိမ်၌ မောင်း ထောင်းဆန်ပြာ လက်ခစားအလုပ်ကိုရရှိလေရာတွင် ဝမ်းသာ အားရသီချင်းတကြော်ကြော်သီဆိုခါ ခြေရောလက်ပါ မနား တမ်းနှင့် လုပ်ကိုင်နေသည်ကို သဌေးမ မြင်လေလျှင်

“အသင်ဒီနေ့ အလုပ်ကိုကြိုးစားသီချင်းများပင်ဆိုခါအရှင် အခါများထက်အလုပ်တွင်ကျယ်၊ အဘယ်လိုများဖြစ်လို့လဲ”ဟု မေးမြန်းသည့်အခါ

“အရှင်မ ကျွန်တော်မတို့အိမ်မှာ နက်ဖြန်ခါ သံဃာတပါး ဆွမ်းပင့်လို့ထားတာမို့ အားရရွှင်ကြည် သီချင်းဆိုမိပါသည်၊ ကြိုးစားတာက လုပ်အားခပိုလို့ရရင်ဖြင့် ပိုလို့သာ လှူနိုင် မှာမို့ ကြိုးစားရတာပါအရှင်မ”

မဟာဒုတ်မယား ပြောစကားကို ကြည်ညိုနှစ်သက် သဒ္ဓါ တက်၍ ထောပတ်အိုးငယ်၊ နို့ဓမ်းအိုး၊ ချင်းငြုတ်ကြက်သွန်နှင့် ဆန်တကွမ်းစားကိုပေး၏။

ခင်ပွန်းမယားတို့အိမ်၌ဆုံမိကြလျှင် နှစ်ဦးသားရသမျှပေါင်း စပ်၍ကြည့်ကြခါ ဝမ်းသာအားရ ရှိကြလေ၏။ နောက်တနေ့ နံနက်စောစောအိပ်ရာမှထခါ မဟာဒုတ်အား ဟင်းရွက်ကိုဝယ် ခိုင်းလေရာ ဈေးမှာ မရ၍ မြစ်ကမ်းသို့သွားရောက်ပြီး သီချင်း တကြော်ကြော် နှင့်ဟင်းရွက်တို့ကိုဆွတ်ခူးနေသည့် မဟာဒုတ်ကို တံငါသည် မြင်လေလျှင်

“အိုမဟာဒုတ်သီချင်းသံသာသာနှင့်ဟင်းရွက်ရှာ ထွက်သည် မှာထူးလှပါဘိ”ဟု နှုတ်ခွန်းဆက်လေလျှင်

"ရဟန်းတပါးဆွမ်းပင့်၍ထားသည်မို့ ဟင်းရွက်ကို ဖွေရှာ ခူး၍နေပါသည်"ဟုဆိုလေလျှင်

"ရဟန်းတော်အရှင်တို့မှာ မွန်မြတ်သော ဘောဇဉ်ကိုသာ ဘုဉ်းပေးသုံးဆောင်ရာသည်၊ သင်၏ ဟင်းရွက်ကို အဘယ်မှာ နှစ်သက်ပါအံ့နည်း"

"အိုမိတ်ဆွေတံငါသည်၊ငါ့တွင် ဤမျှ တတ်နိုင်လှ၍ ရသမျှ နှင့် ကျွေးမွေးပြုစုရပါတော့သည်"ဟု ဆိုလေလျှင် တံငါသည် က ဤသို့ဆိုလျှင် ဤငါးတို့ကို အကြီး အငယ် အရွယ် အလိုက် ရွေးချယ်စုပုံ၍ ပေးလော့ သင့်အတွက် ငါကား ဟင်းစားကို ပေးပါမည်ဟုဆိုလျှင် မဟာဒုတ်သည်ဝမ်းသာအားရ ငါးများ ကို အရွယ်ကြီးငယ် ရွေးချယ်စုပုံ၍ပေးနေရာ သံဃာနှစ်သောင်း တမြို့လုံး လောင်းလှူကြမည့်နေ့မို့ ငါးတပုံကြီးမှာ တခဏနှင့် ကုန်သွားတော့၏။ ထိုအခါ တံငါသည်က သင့်အတွက်ပေးရန် ဟင်းစားပင် မကျန်သော်လည်း ပူပန်ခြင်းမရှိပါနှင့် ငါ့အိမ် အတွက် ငကြင်းလေးကောင် သဲမြေသောင်မှာ တူးမြှုပ်၍ထား ပါသည်၊ ဖော်ယူ၍သွားပါလော့ဟု မဟာဒုတ်အား ပေးလိုက် လေ၏။

## ကဿပဘုရားရှင် ရှုမြင်တော်မူခြင်း

ကဿပဘုရားသခင်သည် နံနက်ထကာလ လောကကို ကြည့် တော်မူရာ မဟာဒုတ်လင်မယား တပါးမျှသော ရဟန်းအတွက် ဆွမ်းချက်ရန် လုံးပမ်းနေသော်လည်း စာရင်းတွင် မတင်ထား သဖြင့် တပါးသောရဟန်းမှ ရအံ့သည် မမြင်သောကြောင့်

ထိုလင်မယားကို ကြင်နာသနား ဂရုဏာအားကြီးတော်မူသဖြင့် မဟာဒုတ်လင်မယားအား ချီးမြှင့်အံ့ဟု ဆင်ခြင်တော်မူလျက် ဂန္ဓကုဋိတိုက်သို့ ကြွဝင်သီတင်းသုံး၍ နေတော်မူ၏။

## ထမင်းချက်သော သိကြားမင်း

မဟာဒုတ်သည် ကြေင်းကိုဆွဲ အိမ်ထဲသို့အဝင် သိကြားမင်း စံရာ မြကျောက်ဖျာသည် တင်းမာပူလောင်သော အခြင်းအရာ ဖြစ်၏။ သိကြားမင်းကကြည့်ရှုသော် သံဃာတော်တပါး ဆွမ်း ကျွေးရန်အားခဲထားသော မဟာဒုတ် လင်မယားမှာ ဘုရား မြတ်စွာ၏ ချီးမြှင့်မှုကို ခံယူရရာသောအကြောင်း ထပ်လောင်း၍ သိရသဖြင့် ဆင်းရဲသား မိလက္ခုတွင် ယာဂုဆွမ်းနှင့် ဟင်းရွက် သာ ပေးလှူနိုင်ရာ၏၊ မြတ်စွာဘုရားအတွက် ငါကိုယ်တိုင်ဆင်း၍ ထမင်းဟင်းချက်မှတော်တော့မည်ဟု အခစားထမင်းချက်သမား အသွင် ဆင်ယင်လျက် မဟာဒုတ်အိမ်ရှေ့တွင် ရပ်တည်ခါ ငါသည်ကား လုံးဝဥဿုံ အရသာစုံအောင် ချက်ပြုတ်နိုင်သော သူတည်း၊ အခစားဖြင့်ထမင်းချက်ရန် ဤမြို့သို့ငါလာခဲ့ပါသည် ဟု ဆိုလေလျှင် မဟာဒုတ်က ရဟန်းတပါးစာအတွက် သင် ချက်ပြုတ်ပေးသည်ကို အလိုရှိပါ၏၊ သို့ပါသော်လည်း အခ ကြေးငွေပေးရန်ကား မတတ်နိုင်ပါဟုဆိုလေ၏၊ တပါးစာသော ရဟန်းအတွက်ဆိုပါလျှင် ခဏသာလျှင်ကြာပါမည်၊ အခကြေး ငွေမလိုပါ၊ ငါ့အားကုသိုလ်အဖို့သာ လိုပါသည်ဟု မီးဖိုသို့ ဝင်ခါ ချက်ပြုတ်၍နေရာမှ အချင်းမဟာဒုတ် သင်သွား၍ ရဟန်းတော်ကို ပင့်ပါချေလော့ဟု လွှတ်လိုက်၏။

## ရဟန်းတပါး မရခြင်း၌

မဟာဒုတ်လည်း စာရင်းကိုင်ထံ ရဟန်းတပါး တောင်းခံရန် သွားရာတွင် ယမန်နေ့က စာရင်းမသွင်းမိသဖြင့် ရဟန်းတော် တပါးမှရရန်မရှိ၊ သူ့တပါးအိမ်မှလည်း ထုတ်ဆောင်ပေးရန် လည်း မဖြစ်နိုင်ကြောင်း သိရသောအခါ မဟာဒုတ်ခမြာ ခဲလေ သမျှ သဲရေကျဖြင့် ဝမ်းနည်းလိုက်လှဲစွာ ငိုကြွေးလေ၏။

နှိုးဆော်သူစာရင်းကိုင်လည်းမကြံနိုင်တော့သဖြင့် မဟာဒုတ် အား မြတ်စွာဘုရားတပါးသာ ပင့်ဆောင်ရန် ကျန်တော့သည်၊ ဂန္ဓကုဋိတိုက်၌ စံနေတော်မူသည်ကို ရလိုရငြား သင်သွား၍ ပင့်ချေလော့ သင့်တွင် ကောင်းမှုကံရှိပါက သပိတ်တော် ရလတံ့ဟု ညွှန်ကြား၍ လွှတ်လိုက်၏။

မဟာဒုတ်လည်း ဘုရားကျောင်းတော် အဝသို့ ချဉ်းကပ်၍ သွားလေရာ ပြည့်ရှင်မင်းနှင့်တကွ မင်းသားများ၊ အမတ်များ၊ စစ်သူကြီးများသည် ဘုရားသခင်ကြွတော်မူလျှင် ပင့်ဆောင်ရန် အဆင်သင့် စောင့်မြှော်၍နေကြသည်ကို မြင်ရလေရာ၊ မဟာဒုတ် မှာ အနားသို့ မချဉ်းရဲ ချဉ်းရဲနှင့် ချဉ်းကပ်၍သွားလေ၏။

## သပိတ်တော်ကိုရခြင်း

ဖါထေးစုဘ်ညစ် ခါးအဝတ်နှင့် စစ်သူကြီးများ မင်းသား များကြားသို့ဝင်လာသော မဟာဒုတ်ကို ကျောင်းတွင်ကပ်နား၊ စားကြွင်းစားဟုအထင်မှားခါ ဆွမ်းစားချိန် မဟုတ်သေးဘဲလာ ရမည်လားဟုဆိုကြ၏။ မဟာဒုတ်က ဘုရားသခင်ကို ကြည်ညို

လွန်း၍ လာပါသည်ဟု ပြောခါ၊ ဂန္ဓကုဋ္ဌိတိုက် လှေခါးခုံ၌ ဦးခေါင်းကိုထားပြီး ငါးပါးသော ထိခြင်းဖြင့် ရှိခိုး၍ ဂန္ဓကုဋ္ဌိတိုက် တံခါးအပြင်မှ လျှောက်ကြား၏။ မဟာဒုတ် လျှောက်ထားသံကြားသဖြင့် မြတ်စွာဘုရားသခင်သည် ဂန္ဓကုဋ္ဌိတိုက် တံခါးကိုဖွင့်၍ သပိတ်တော်ကို မဟာဒုတ်လက်သို့ပေးအပ်တော်မူလိုက်၏။

## ဘုရင်မင်းမြတ် အကဲခတ်

မင်းနှင့်တကွသော မင်းသားများ အမတ် စစ်သူကြီးများသည် အံ့အားသင့်၍ နေကြကုန်၏။ ဘုရားကိုယ်တိုင်လက်တော်နှင့်ပေးသော သပိတ်ဖြစ်၍ အာဏာနှင့်ယူခြင်းငှာလည်းမစွမ်း၊ သို့ဖြင့် သပိတ်တော်ကို အဖိုးအခကြီးစွာ ပေး၍ ဝယ်ကြ၏။ မဟာဒုတ်ကလည်း မည်မျှပေးပေး မရောင်းဟု ဆိုသဖြင့် လက်လျှော့ခါ ပြန်သွားကြတော့၏။

ရှင်ဘုရင်က လက်မလျှော့၊ ဤသူဆင်းရဲ အိမ်တွင် ဟင်းကောင်း ကျွေးကောင်းရှိမည်မဟုတ်၊ ထိုအခါမှ ဘုရားသခင်ကို နန်းတော်သို့ပင့်ဆောင်အံ့ဟု နောက်မှအစဉ်လိုက်၏၊ မဟာဒုတ်အိမ်မှ သိကြားမင်းသည် လှူဘွယ်ဘောဇဉ်တို့ကို အသင့်ပြင်ထား၏၊ မြတ်စွာဘုရားနေရာတော်တို့ကို ခင်းထား၏။ မဟာဒုတ်အိမ်သည် တဲကုတ်မျှဖြစ်၏။ ဘုရား၏အရပ်တော်သည် တံခါးနှင့်မလွတ် သို့သော် ဘုန်းတော်ကြောင့် မြေသည်နိမ့်၍ အိမ်သည်မြင့်သွား၏။ မြတ်စွာဘုရား ပြန်ကြွတော်မူမှ မြေအိမ်တို့သည် ပကတိအတိုင်း ပြန်တည်၏။

ရှင်ဘုရင်သည် ဟင်းလျာညံ့လျှင် နန်းတော်သို့ ပင့်ဆောင်သွားရန်အကြံဖြင့် တစေ့တစောင်း အကဲခတ် ကြည့်သည်ကို သိကြားမင်းသိ၍ ခဲဘွယ်ဘောဇဉ်တို့ကို ဖွင့်လှစ်ပြပေ၏။ ထူးကဲသော ကြေင်းသားဟင်းရန့်တို့သည် တမြို့လုံးကိုကြိုင်လှိုင်ပျံ့နှံ့လေ၏။ ဘုရင်မင်းမြတ်လည်း တကြိမ်မှ မမြင်ဘူးသော ထူးကဲသောဘောဇဉ်ကိုတွေ့မြင်ရပြီး လက်လျှော့ခါ ပြန်သွားလေသတည်း။

## ရတနာမိုး ရွာသွန်းဖြိုး

မြတ်စွာဘုရား ဆွမ်းဘုဉ်းပေးတော်မူ၍ အနုမောဒနာပြုပြီးကြွတော်မူရာ သိကြားမင်းက အရိပ်အခြေပြ၍ မဟာဒုတ်သည် သပိတ်တော်ကိုထမ်းပြီး နောက်တော်မှ လိုက်၏။ သိကြားမင်းလည်း နောက်တော်မှ အနည်းငယ်လိုက်ပြီး ပြန်ဆုတ်လာ၍ မဟာဒုတ်၏အိမ်တံခါးဝမှရပ်လျက် ကောင်းကင်ကိုကြည့်ရှု၏။ ထိုခဏ၌ပင်လျှင် ရတနာခုနစ်ပါးမိုးသည်ရွာ၍ မဟာဒုတ်အိမ်၌ အိုးခွက်အားလုံးပြည့်စေပြီးတအိမ်လုံးပင်ပြည့်လျှံစေသဖြင့်လူနေရန်ပင်နေရာမရှိဖြစ်လေ၏။မဟာဒုတ်မယားသည်အိမ်ပြင်ထွက်၍ ရပ်နေ၏။ မဟာဒုတ်ပြန်လာလျှင် တအိမ်လုံးရတနာခုနစ်ပါးနှင့်ပြည့်နေ၍ ဒါနအကျိုး ပေးလေပြီဟု သိ၏၊ ချက်ချင်းပင် နန်းတော်သို့ သွားရောက်၍ လျှောက်ထား၏။ မင်းကြီးလည်း လှည်းတထောင်စေလွှတ်၍ နန်းတော်ယင်ပြင်ပေါ်၌ ပုံစေ၏။ ထန်းပင်ပမာဏမျှမြင့်၏၊ မြို့သူမြို့သားတို့သည် ဤမျှများပြားသော ရတနာတို့ကိုမမြင်ဘူးကြပေ၊ ထို့ကြောင့် မဟာဒုတ်အား သဌေးကြီးရာထူးကိုပေး၏။

ထိုနောက် ရှေးက သင်္ဃေးကြီးနေဘူးသော နေရာကိုပေး၍ တိုက်အိမ်ဆောက်စေ၏၊ မြေကြီးကိုတူးသောအခါ ရှေးကမြှုပ်ထားသောရွှေအိုးတို့ ပေါက်ကွဲ၍ထွက်၏၊ ဘုရင်က အသင်၏ ကောင်းမှုကြောင့်ရပေသည်ဟု မဟာဒုတ်ကိုပင်ပေး၏။ မဟာဒုတ်လည်းအသက်ထက်ဆုံးကောင်းမှုဒါနပြု၍ သေလျှင်နတ်ပြည်ရောက်၏။

## ပဏ္ဍိတသာမဏေဘဝ

ဂေါတမဘုရားပွင့်တော်မူလျှင် နတ်ပြည်မှစုတေ၍သာဝတ္ထိပြည်သင်္ဃေးသမီး၏ဝမ်း၌ဝင်စား၏။ သင်္ဃေးသမီးသည်ကိုယ်ဝန်တည်ပြီးနောက် အရှင်သာရိပုတ္တရာအားပင့်ပြီး ကြေင်းသားဟင်းဖြင့် သံဃာတော်ငါးရာကို ဆွမ်းကျွေးပြီး ဖန်ရည်စွမ်းအဝတ်ကိုဝတ်ရုံ၍ ရဟန်းတို့၏စားကြွင်းကြေင်းသားကိုစားလိုသောအာသာချင်ခြင်းဖြစ်ပေါ်၏။ သင်္ဃေးသမီး၏ မိခင်ဖခင်တို့လည်း သမီး၏ချင်ခြင်းအတိုင်း လိုက်လျောလှူဒါန်းပြုလုပ်ကြ၏။ အမည်ပေးအံ့သောအခါလည်း ရှင်သာရိပုတ္တရာကို ပင့်လျှောက်၏။ "ပဏ္ဍိတ" ဟုအမည်ပေး၏။

## ခုနစ်နှစ်သား သာမဏေ

ခုနစ်နှစ်သား ရှိသောအခါ ရှင်သာရိပုတ္တရာမထေရ်ထံတွင် ရဟန်းပြုပေးပါရန်ခွင့်တောင်း၏။ မိဘတို့က ရှင်သာရိပုတ္တရာထံအပ်နှံ၍ ရှင်သာမဏေအဖြစ်ကို ပြုပေး၏။ ဆွမ်းခံကြွရာတွင် သာမဏေအား သက်န်းသပိတ်တို့ကို ယူဆောင်နည်းတို့ကို သင်ကြားပေးနေ၏။

## စူးစမ်းလိုလှ ပဏ္ဍိတ

အရှင်သာရိပုတ္တရာသည် ပဏ္ဍိတသာမဏေအား ပရိက္ခရာကို ယူစေ၍ နေမြင့်မှဆွမ်းအလို့ငှာ ကြွလေ၏။ သာမဏေသည် လမ်းတွင်ရေသွယ်မြောင်းကိုမြင်၍ မေးလျှောက်၏။

"ငါ့ရှင်သာမဏေ ရေမြောင်းဟုခေါ်၏"

"ဤမြောင်းဖြင့် အဘယ်မှုပြုသနည်း"

"ဤမြောင်းမှရေကို လိုရာအရပ်တွင်ထုတ်ဆောင်၍ စိုက်မှု ပျိုးမှုပြုကြကုန်၏"

"အရှင်ဘုရား၊ ရေတွင်စိတ်ရှိပါကုန်သလော"

"ရေတွင်စိတ်မရှိပေငါ့ရှင်"

"စိတ်မရှိသောရေကို မိမိအလိုရှိရာသို့ ဆောင် ယူ နိုင် ပါ သလော"

"ဟုတ်ပေ၏ ငါ့ရှင်" ဟု မိန့်တော်မူ၏။

သာမဏေက ကြံဆင်ခြင်သည်မှာ

စိတ်မရှိသောရေကို လိုရာအရပ်သို့ပို့ဆောင်ပြီး
အလိုရှိရာအသုံးချနိုင်ခဲ့လျှင်-
စိတ်ရှိသောမိမိ၏စိတ်ကို မိမိအလိုသို့လိုက်ပါစေပြီး
တရားတော်ကို အားထုတ်ခြင်းငှာ အဘယ်ကြောင့်
မစွမ်းနိုင်ဘဲရှိရမည်နည်းဟု ကြံမိ၏။

ထိုနောက်သာမဏေသည် ရှေ့သို့သွားပြန်သော် မြားသမား သည်မြားတံကိုမီး၌ကင်ပြီး မျက်စိတဖက်မှိတ်ခါဖြောင့်မဖြောင့် ကြည့်ရှုနေသည်ကိုမြင်သဖြင့်

"အရှင်ဘုရား ဤသူတို့အဘယ်ကိုလုပ်ကိုင်နေကြပါသနည်း"

"မြားကိုပြုလုပ်သော မြားသမားများဖြစ်ကြပါသည်ငါ့ရှင်သာမဏေ"

"ထိုသူတို့ ယခုဘာလုပ်နေကြပါသနည်း"

"မီး၌ကင်၍ မြားတို့ကို ဖြောင့်အောင် လုပ်နေပါသည် ငါ့ရှင်"

"အရှင်ဘုရား ထိုမြား၌စိတ်ရှိပါကုန်သလောဘုရား"

"ငါ့ရှင်သာမဏေ၊ စိတ်မရှိပေ"ဟု မိန့်၏။

သာမဏေက ကြံဆင်ခြင်ပြန်သည်မှာ–

စိတ်မရှိသည့်ဝါးကိုယူပြီး မီး၌ကင်၍ ဖြောင့်မတ်အောင် ပြုနိုင်ငြားအံ့၊ စိတ်ရှိသော မိမိ၏စိတ်ကို မိမိ၏အလိုသို့ လိုက်ပါစေပြီး တရားတော်ကိုအားထုတ်ခြင်းငှာ အဘယ်ကြောင့် မစွမ်းနိုင်ဘဲရှိရမည်နည်း"ဟု ကြံမိ၏။

ရှေ့သို့ရောက်၍ကြပြန်သည်ရှိသော်သစ်ရွေသမားတို့သည် ရထားလှည်းဘီးအတွက် သစ်တို့ကို ရွေလျက် ရှိကုန်သည်ကို မြင်ရပြန်၏။

"အရှင်ဘုရား၊ ဤသူတို့သည်အဘယ်အလုပ်ကို လုပ်ကိုင်ကြပါသနည်း။

"ငါ့ရှင်သာမဏေ၊ သစ်ရွေသမားများ ဖြစ်ကြသည်"

"ထိုသူတို့ ယခုဘာလုပ်နေကြပါသနည်း"

"ထိုသူတို့ သစ်တို့ကိုယူပြီး ရွေ့နှောခဲ့စိတ်၍ မိမိ-အလိုရှိသော လှည်းဘီး စသည်တို့ ပြုလုပ်ကြပေသည်ငါ့ရှင်"

"အရှင်ဘုရား၊ ထိုသစ်တို့၌ စိတ်ရှိပါကုန်သလော"

"ငါ့ရှင်သာမဏေ၊ စိတ်မရှိပေ"ဟု မိန့်၏။

သာမဏေ ကြံဆင်ခြင်သည်မှာ-

စိတ်မရှိသော ထင်းသစ်တို့ကိုယူ၍ လှည်းဘီး၊စက်စသည်တို့ကို ပြုလုပ်ခြင်းငှာ စွမ်းနိုင်ငြားအံ့၊ စိတ်ရှိသော မိမိ၏စိတ်ကို မိမိအလိုသို့လိုက်ပါစေပြီး၊ တရားတော်ကိုအားထုတ်ခြင်းငှာအဘယ်ကြောင့် မစွမ်းနိုင်ဘဲရှိရမည်နည်းဟုကြံမိ၏။

သာမဏေသည် ဤအကြောင်းတို့ကို ကြံဆင်ခြင်မိသဖြင့် ဥပဇ္ဈာယ်ဆရာအားတောင်းပန်၍ ကျောင်းသို့ ပြန်လိုကြောင်းခွင့်တောင်း၏။ ဆရာလည်း သာမဏေလက်မှ သပိတ်သင်္ကန်းကိုလှမ်းယူ၍ ခွင့်ပြု၏။ သာမဏေက ဆက်လက်လျှောက်ထား၏။

"အရှင်မြတ်ဘုရား တပည့်တော်အတွက် ဆွမ်းကိုဆောင်ယူခဲ့ပါလျှင် ကြွင်းသားအရသာ ဆောင်ယူခဲ့ပါဘုရား"

"အဘယ်မှာရနိုင်ပါအံ့နည်း ငါ့ရှင်"

"ကောင်းမှုကုသိုလ်ကံကြောင့် ရနိုင်ပါအံ့ အရှင်ဘုရား"

ရှင်သာရိပုတ္တရာမထေရ်လည်း သာမဏေအား တိုက်ခန်းသော့ (သော့)ကို ပေးလိုက်၏။

## နတ်သိကြားတို့ အစောင့်အရှောက်

သာမဏေသည် ဆရာအရှင်၏ တိုက်ခန်းသို့ဝင်၍ မိမိ၏ခန္ဓာကိုယ်၌ ဉာဏ်ကိုသက်စေပြီး အတ္တဘောကို ဆင်ခြင်သုံးသပ်လျက်ထိုင်နေ၏။-

ထိုအခါ သိကြားမင်းစံရာ၌ ပူလောင်သော အခြင်းအရာ ဖြစ်၍ စူးစမ်းဆင်ခြင်သော် ပဏ္ဍိတသာမဏေ တိုက်ခန်းတွင်း၌ တရားဝင်နေသည့်အဖြစ်ကို သိမြင်၍ နတ်မင်းကြီးလေးယောက် အား ကျောင်း၏ လေးထောင့်တွင် စောင့်ရှောက်စေ၏။ နေ နတ်သား လနတ်သားတို့အားလည်း နေ့လ တို့ကို ဆွဲငင်ထား စေ၏။ ကိုယ်တိုင်လည်း စောင့်ရှောက်၏၊ သစ်ရွက်ကျသံမျှ မကြားရလေ။

သာမဏေ၏စိတ်သည် တည်ကြည်ခြင်းဖြစ်၏၊ ဖိုလ်သုံးပါး သို့ ဆိုက်ရောက်၏။

## ကြေင်းသား အဆက်

ရှင်သာရိပုတ္တရာသည် ဆွမ်းလှူနေကျ ဒါယိကာမ အိမ်သို့ ကြွ၏။ ထိုအိမ်၌ ကြေင်းသားဟင်းလျာရ၍ အရှင်သာရိပုတ္တရာကို ကပ်လှူရန်စောင့်နေ၏။ မြင်လျှင် အားရဝမ်းသာ ပင့်ဖိတ်၍ ကြေင်းသားဟင်းလျာဖြင့်လောင်းလှူ၏။ မထေရ်သည်ယူဆောင် သွားရန်ပြင်ဆင်၏။ အလှူရှင်တို့က အရှင်မြတ် ဤမှာဘုဉ်းပေး တော်မူပါ၊ ဆောင်ယူသွားဘို့ရာလည်း လောင်းလှူပါအံ့ဟု ဆွမ်းစားပြီးလျှင် ကြေင်းသား ဟင်းလျာကို သပိတ် အပြည့် လောင်းလှူလိုက်၏။

## မြတ်စွာဘုရား စောင့်ရှောက်တော်မူခြင်း

ပဏ္ဍိတသာမဏေ၏ အားထုတ်မှုကို မြတ်စွာဘုရား သိမြင် တော်မူပြီးဖြစ်၏၊ အရှင်သာရိပုတ္တရာ ကြေင်းသားဟင်း ဆောင် ယူလာသည်ကို မြင်တော်မူရာ သာမဏေအတွက် တရားပြီးဆုံး

ခြင်း အန္တရာယ်ဖြစ်လတံ့ဟု ဘုရားသခင်ကိုယ်တိုင် တံခါးမှုခ်၌ ရပ်တော်မူ၍ ပဋိသန္ဓာရစကား ပြောကြားတော်မူပြီး ပုစ္ဆာလေးရပ်ကို မေးတော်မူ၏။ ရှင်သာရိပုတ္တရာ ဖြေဆိုချိန်တွင် သာမဏေသည် ပဋိသမ္ဘိဒါတို့နှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်၏။

ခုနစ်နှစ်သားမျှသာရှိသော သူငယ်သည် သာမဏေပြု၍ ရှစ်ရက်မြောက်၌ အရဟတ္တဖိုလ်သို့ ရောက်၏။ မြတ်စွာဘုရားသခင်က သင်၏သာမဏေအား ဆွမ်းကိုပေးလော့ဟု မိန့်တော်မူ၏။ မထေရ်လည်း တိုက်ခန်းတံခါးကို ခေါက်တော်မူ၍ သာမဏေအား ဆွမ်းကိုစားစေ၏၊ အရှင်မြတ်၊ ပြီးပါပြီလောဟု မေးလျှောက်၏၊ ပြီးပေပြီဟုဆိုမှစား၏၊ သာမဏေဆွမ်းစားခြင်းကိစ္စပြီး၍ သပိတ်ကို ဆေးကြောသိမ်းဆည်းပြီးမှ လနတ်သားနေနတ်သားတို့သည် နေလတို့ကိုလွှတ်၏။ နတ်မင်းကြီးလေးပါးလည်း ပြန်လည်သွားကြ၏။ နေသည်မွန်းတည့်ချိန်မှ ချက်ချင်းလျှောကျစောင်းသွား၏။ ရဟန်းအများသည် တအံ့တသြဖြစ်ကြ၏။ မြတ်စွာဘုရားထံ လျှောက်ကြားကြသောအခါ မြတ်စွာဘုရားက အကျိုးအကြောင်းကိုရှင်းပြ၍နေနတ်သားလနတ်သားတို့သာမက သိကြားမင်းနှင့် ငါဘုရား ကိုယ်တော်တိုင် စောင့်ရှောက်တော်မူရသည်ဟု

သာမဏေသည် မြောင်းဖြင့် ရေယူသည်ကိုရင်း၊ မြားသမားတို့ မြားဖြောင့်နေသည်ကိုရင်း၊ သစ်ရွေသမားတို့ သစ်ရွေသည်ကိုရင်း၊ မြင်ခဲ့ရသောအာရုံတို့ကိုယူပြီး မိမိကိုယ်ကိုဆုံးမ၍ အရဟတ္တဖိုလ်ကိုရယူကုန်သည်ဖြစ်ပေ၏ဟု အနုသန္ဓေစပ်တော်မူပြီး

(၁၀) ဥဒကံဟိ နယန္တိ နေတ္တိကာ၊
ဥသုကာရာ နမယန္တိ တေဇနံ။
ဒါရုံ နမယန္တိ တစ္ဆကာ၊
အတ္တာနံ ဒမယန္တိ ပဏ္ဍိတာ။ ။

(၁၀) တောင်သူလယ်သမားတို့သည် ရေကို မြောင်းသွယ်၍ ယူသကဲ့သို့။ မြားသမားသည် မြားကောက်ကို မီးပြ၍ဖြောင့်ကြကုန်သကဲ့သို့၊ သစ်ခွေ သမားတို့သည် သစ်ကို ခွေသကဲ့သို့ ပညာရှိသည် မိမိကိုယ်ကို ဆုံးမကြကုန်၏။

(ဓမ္မပဒ ပဏ္ဍိတဝဂ် ငါးခုမြောက် ပဏ္ဍိတသာမဏေဝတ္ထုပြီး၏)

※ ※ ※ ※

၆။ ပဏ္ဍိတဝဂ်

## ၆။ ပညာရှိသည်မတုန်လှုပ်တတ်

(လကုဏ္ဍကဘဒ္ဒိယမထေရ်ဝတ္ထု)

ကျောက်တောင်သည် လေတိုက်၍မလှုပ်
ပညာရှိသည် ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်းတို့ကြောင့်
မတုန်လှုပ်။

(သေလောယထာ)အစဖြာသောဒေသနာတော်ကိုဇေတဝန်ကျောင်းတော်၌ လကုဏ္ဍကဘဒ္ဒိယမထေရ်ကို အကြောင်းပြု၍ ဟော ာတော်မူ၏။

## ဝတ္ထုကြောင်ကားဤသို့တည်း

ပုပ္ပုကုဏ္ဍကဘဒ္ဒိယမထေရ်ကိုရဟန်းရှောင်သာမဏေပါ၊ ဦးခေါင်းကိုကိုင်နှာခေါင်းနှာရွက်တို့ကိုဆွဲကာပျက်ရယ်ပြောင်လှောင်လေ့ရှိကြ၏။ နေ့စဉ်ပင်ထိုအမှုကိုပြုသော်လည်းမထေရ်သည်အမျက်လည်းမထွက် စိတ်ဖြင့်ပင်မပြစ်မှား သည်းခံတရားနှင့်ပြည့်၏။ တရားသဘင်၌ ရဟန်းတို့က ထို မထေရ် အ ကြောင်း ကို ပြောကြားနေကြရာ ဘုရားသခင်သိတော်မူလျှင်ရဟန္တာတို့သည် (တခဲနက်သော) ကျောက်ဆောင်နှင့်တူ၏၊ မတုန်မလှုပ်တတ်ဟု မိန့်ကြားတော်မူလို၍

(၈၁) သေလော ယထာ ဧကဃနော၊ ဝါတေန န သမီရတိ။
ဧဝံ နိန္ဒာ ပသံသာသု၊ န သမိဉ္ဇန္တိ ပဏ္ဍိတာ။

(၈၁) တခဲနက်သော ကျောက်တိုင် ကျောက်ဆောင်သည် လေတိုက်သော်လည်းမလှုပ်သကဲ့သို့ ပညာရှိသောသူတို့သည် ချီးမွမ်းခြင်း ကဲ့ရဲ့ခြင်း ကြောင့်မတုန်လှုပ်ကုန်။ ဟူ၍ဟောကြားတော်မူပေ၏။

(ဓမ္မပဒ ပဏ္ဍိတဝဂ် ခြောက်ခုမြောက် လကုဏ္ဍကဘဒ္ဒိယမထေရ် ဝတ္ထုပြီး၏)

# ၇။ ပညာရှိနှင့်တရားစကား။

## (ကာဏမာတာဝတ္ထု)

**ပညာရှိသောသူတို့သည်**
**တရားစကား ကြားနာရသဖြင့်**
**ကြည်လင်ကုန်၏။**

(ယထာပိ ရဟဒေါ) အစရှိသောဂါကို ဇေတဝန်ကျောင်းတော်၌ ကာဏမာတာဒါယိကာမကြီးကို အကြောင်းပြု၍ ဟောတော်မူ၏။

### ဝတ္ထုကြောင်းကား ဤသို့တည်း

သာဝတ္ထိပြည်မှ ရတနာသုံးပါး၌လွန်စွာကြည်ညို၍အရိယာသာဝိကာမဖြစ်သော ဥပါသိကာမကြီး၏ သမီးကာဏကို အကြောင်းပြု၍“ကာဏမာတာ”(ကာဏ၏အမေ)ဟု ခေါ်ကြ၏။ ကာဏအရွယ်ရောက်လျှင် တရွာသားတယောက်နှင့် အိမ်ထောင်ကျ၏။ မိခင်ကြီးထံအလည်အပတ် လာတတ်၏။ တကြိမ်တွင် ရက်ကြာသွားသဖြင့်လင်သားဖြစ်သူက ပြန်လာရန်လူလွှတ်ခေါ်၏။ သမီးဖြစ်သူကပြန်ရန်ခွင့်တောင်းသောအခါ

“ငါ့သမီးအပြန် သမက်ကလေးစားဘို့ မုန့်ကလေးလုပ်ပါရစေဦး”ဟု နောက်တနေ့တွင် မုန့်ကိုလုပ်၏။ မုန့်လုပ်နေစဉ် ရဟန်းကြီးတပါး ရောက်လာ၏။ စေတနာသန့်သူ ကာဏ၏အမေသည်ရဟန်းကြီးအားမုန့်ကိုလှူ၏။ရဟန်းကြီးကလမ်းတွင်

တွေ့သမျှရဟန်းတို့အား ပြောကြား၏။ ရဟန်းကြီးလေးပါး၏ သတင်းလွှင့်ချက်ဖြင့် ရောက်လာကြသော ရဟန်းများအားလှူဘွယ်ရှိလျက်မလှူဘဲမနေနိုင်သဖြင့်လှူရင်းပင်မုန့်တို့ကုန်လေ၏။ သမီးကိုရက်ဆိုင်းစေ၏။

သမက်က နောက်ထပ်လူလွှတ်ပြန်၏။ မုန့် လုပ် ပြန် ၏။ ရဟန်းကြီးလေးပါးရောက်လာ၏၊ သတင်းလွှင့်၍ ရဟန်းများ ကြွလာကြ၏။ ကာဏာ၏အမေကလောင်းလှူပြန်၏၊ ကုန်ပြန်၏။ ရက်ဆိုင်းရပြန်၏။ တတိယအကြိမ်တွင်မူ

"ကာဏာအမြန်ပြန်ခဲ့ပါ၊ငါမျှော်နေသည်၊ ဒီတခါမလာလျှင် တခြားမိန်းမကိုယူတော့မည်" ဟု တင်းမာစွာဆို၏။ အမေမုန့်လုပ်ပြန်၏။ ရဟန်းကြီးရောက်လာအလှူခံ၏။ ရဟန်းများကို ပြောကြား၏။ မလှူရ မနေနိုင်သော အမေက လှူပြန်၏။ သည်တကြိမ်တွင်မူ ကာဏာ၏လင်ယောကျ်ားသည် အခြားသော မိန်းမကိုယူလေပြီ။ကာဏာသည်များစွာစိတ်ထိခိုက်ရ၏။ ကြေကွဲဝမ်းနည်းရ၏။ စတုတ္ထအကြိမ်တွင်မူ ဘုရားသခင်က "ဒွတ္တိပတ္တသိက္ခာပုဒ်"ကို ရဟန်းတို့အား ပညတ်တော်မူ၏။

**အမြင်မှန်ရ၍ သောတာပန်ဘဝရောက်ခြင်း။**

သမီးကာဏာသည် ရဟန်းတို့ကြောင့် ငါ့အိမ်ထောင် ပြိုကွဲရသည်ဟုရဟန်းမြင်လျှင်စိတ်နာ၊ ရဟန်းမြင်လျှင်ဆဲဆိုရေရွတ်၏၊ ထိုအိမ်ရှေ့သို့ ရဟန်းများ ဖြတ်သန်းမသွားဝံ့အောင်ပင်ဖြစ်၏။

မြတ်စွာဘုရားသည် ထိုအကြောင်းကို သိတော်မူ၍ ကာဏာမာတာဥပါသိကာဒါယိကာမကြီးအိမ်သို့ကြွတော်မူ၏။ ကာဏာမာတာသည်ယာဂုဆွမ်းတို့ဖြင့်လုပ်ကျွေး၏။ ဆွမ်းစားခြင်းကိစ္စပြီးသော် သမီးကာဏာကို မေးတော်မူ၏။

“မြတ်စွာဘုရား။ ။ အရှင်မြတ်တို့ကို မြင်၍ မျက်မှောင်ကြုတ်ပြီး ပုန်းအောင်း၍ ငိုကြွေးနေပါသည်”

မြတ်စွာဘုရားသခင်သည် ကာဏကို ခေါ်စေ၏၊ ကာဏရောက်လျှင် မေးတော်မူ၏။ ကာဏကအကြောင်းစုံ ငိုကြွေး၍ လျှောက်၏။ ။

“ဒါယိကာမကြီး-ငါ၏သားတော်တို့သည် လှူအပ်သည်ကို ယူကုန်သလော၊ မပေးဘဲယူကုန်သလော”

“မြတ်စွာဘုရား။ ပေးလှူသည်ကိုသာ ယူပါသည်” ဟု လျှောက်၏။

“ငါ၏သားတော်တို့သည် ဆွမ်းအလို့ငှာ လှည့်လည်ရင်း အသင်၏ အိမ်တံခါးဝသို့ရောက်လာသည်ကို ပေးလှူသည်ဖြစ်အံ့၊ အဘယ်သို့ အပြစ်ရှိပါသနည်း”

“အရှင်မြတ်တို့မှာ အပြစ်မရှိပါဘုရား”

ထိုနောက် ဘုရားသခင်က ကာဏကို မေးတော်မူပြန်ရာ

“ရဟန်းတော်တို့မှာ အပြစ်မရှိပါ၊ တပည့်တော်မ မှာသာ အပြစ်ရှိပါသည်ဘုရား”

ဟု ဘုရားသခင်ကို ရှိခိုးဦးချပြီး သည်းခံစေ၏။ဘုရားသခင် တရားဟောကြားတော်မူသောအခါ ကာဏသည် သောတာပတ္တိဖိုလ်သို့ရောက်၏။

## ကောသလမင်းကြီးသမီးအဖြစ် ချီးမြှောက်ခြင်း

မြတ်စွာဘုရားသည် နေရာမှထ၍ မင်းယင်ပြင်သို့ကြွသွား၏။ ကောလသမင်းမြင်သော် မင်းယင်ပြင်သို့လာရောက်ပြီး ရိုသေစွာ ရှိခိုး၏။

"အရှင်မြတ်ဘုရား၊ အဘယ်သို့ကြွတော်မူပါသနည်း"

"တကာတော်မင်းကြီး၊ ကာဏမာတာဥပါသိကာမကြီး၏ အိမ်သို့ကြွခြင်းဖြစ်သည်"

"အဘယ်အကြောင်းကြောင့် ကြွပါသနည်းဘုရား"

ဘုရားသခင်သည် ကာဏာသတို့သမီး ရဟန်းတို့ကိုဆဲရေးသည့် အကြောင်းမှစ၍ အကြောင်းစုံမိန့်တော်မူ၏။

"ယခုအခါ မဆဲရေးအောင် ဆုံးမတော် မူအပ်ပါပြီလား ဘုရား"

"ဟုတ်ပေ၏တကာတော်၊ ရဟန်းတို့အားလည်း မဆဲရေး အောင် ဆုံးမတော်မူခဲ့သည်၊ လောကုတ္တရာဖြစ်သော သူကြွယ် တို့၏ ပစ္စည်းဥစ္စာ၏ အရှင်အဖြစ်လည်းပြုခဲ့၏"ဟု မိန့်တော်မူ၏။

မင်းကြီးကလည်း

"အရှင်ဘုရား၊ တပည့်တော်လည်း သူကြွယ်တို့၏ စည်းစိမ်ကို ထိုသမီးအား ချီးမြှောက်ပါအံ့"ဟု လျှောက်ထားပြီး ဘုရား သခင်အား ရှိသေစွာရှိခိုး၍ ဖဲခွာခဲ့ခါ၊ အမိုးအကာနှင့် ယာဉ် ထမ်းစင်ကိုစေလွှတ်၍ ကာဏာသတို့သမီးကိုခေါ်စေပြီး အလုံးစုံ တန်ဆာဆင်ယင်၍ သမီးကြီး၏အရာ၌ထားပြီး-

"ငါ၏သမီးတော်ကို ကျွေးမွေးနိုင်သူ ယူစေသတည်း"ဟု မိန့်တော်မူ၏။

ထိုအခါ မင်းကြီးကိုချစ်မြတ်နိုးသော ချမ်းသာကြွယ်ဝသည့် အမတ်တယောက်သည် သမီးအဖြစ်မွေးမြူပါမည်ဟု လျှောက် ထားပြီး အလုံးစုံသော စည်းစိမ်ချမ်းသာကို လွှဲအပ်ပေးပြီး "အလိုရှိတိုင်း ကောင်းမှုကိုပြုလေလော့"ဟု ဆို၏။

## အစဉ်မပြတ် လှူဒါန်းခြင်း

ထိုအချိန်မှစ၍ ကာဏာသတို့သမီးသည် အရပ်ခလေးမျက်နှာမှ ယောကျ်ားအစောင့်အရှောက်တို့ကိုထား၍ ရဟန်းယောကျ်ား၊ ရဟန်းမိန်းမ ဟူသမျှတို့ကို ပင့်ဖိတ်ပြီး ပေးလှူ၏။ ကာဏာသတို့သမီး မလှူတန်းဘူးသော ရဟန်းသည်မရှိ။

တနေ့သောတရားသဘင်၌ ရဟန်းတို့သည် ကာဏာသတို့သမီးနှင့် ရဟန်းတို့၏ ဖြစ်စဉ်ကိုရင်း၊ မြတ်စွာဘုရားကြွရောက်သုံးမ၍ သဒ္ဒါတရားထက်သန်ပြီး ကာဏာသတို့သမီး မလှူတန်းဘူးသော ရဟန်းသည်မရှိ၊ ဘုရားသခင်သည် အံ့ဘွယ် ကောင်းလှ၏ဟု ဂုဏ်ကျေးဇူးကို ချီးမွမ်းကြ၏။

မြတ်စွာဘုရားကြွတော်မူသည့်အခါ မေးမြန်းတော်မူ၍ ဤမည်သောစကားကို ပြောကြားပါသည်ဟု လျှောက်ထားလျှင်–

“ချစ်သားရဟန်းတို့။ ။ဤလေးယောက်ကုန်သော ရဟန်းကြီး တို့သည် ယခုဘဝ၌သာ ကာဏာသတို့သမီးကို စိတ်နှလုံး မသာယာအောင်ပြုသည်မဟုတ်၊ ရှေးကလည်းပြုခဲ့ဘူးပြီ၊ကာဏာသတို့သမီးသည် ယခုဘဝမှ ငါ့စကားကို လိုက်နာသည်မဟုတ်၊ ရှေးကလည်းလိုက်နာဘူးပြီ”ဟု မိန့်တော်မူရာ ရဟန်းတော်များ လျှောက်ထားသဖြင့် အတိတ်ဇာတ်ကို ဟောကြားတော်မူ၏။

## ကာဏာသတို့သမီး၏ အတိတ်ဇာတ်

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဘုရားအလောင်းသည် ကျောက်ဆစ်ပညာ၌ တဖက်ကမ်းခတ်တတ်မြောက်သူဖြစ်ခဲ့၏။ ကာသိကတိုင်း၏ ရွာတရွာတွင် အလွန်

ချမ်းသာကြွယ်ဝသော သဌေးကြီး၏ဇနီးသည် ကွယ်လွန်သော အခါ မြေ၌မြှုပ်ထားသော ကုဋေလေးဆယ်မျှ ရွှေငွေပစ္စည်းများကို စွဲလန်းပြီး ထိုနေရာ၌ ကြွက်မကြီးဖြစ်၍ နေ၏။

ထိုရွာသည် ပျက်စီး၍တောကြီးဖြစ်သွားသောအခါ ဘုရားလောင်းတော်သည်ရွာဟောင်းဖြစ်သောထိုနေရာ၌ကျောက်တို့ကို တူးဖော်ပြီးထုလုပ်လေ၏။ မကြာခဏ သွားလာနေသည်ကို ကြွက်မသည် မြင်၍ရင်းနှီးနေပြီး ထိုဥစ္စာတို့သည် ယခုအဖို့တိုင်းထားပါက ပျက်စီးလေတော့မည်၊ ငါသည်းစားရ၊ သူလည်းသုံးရအောင်ကြံစည်၍ တနေ့တွင် အသပြာကို ကိုက်ချီ၍ ဘုရားလောင်းကျောက်ဆစ်သမားထံသို့ ယူလာ၏။ ဘုရားလောင်းက-

"အဘယ်ကြောင့်အသပြာကို ကိုက်ချီ၍ယူလာပါသနည်း"

"အမောင် ထိုအသပြာကိုယူ၍ မိမိလည်း သုံးဆောင်ပါ၊ ငါ့ဘို့လည်း အသားအနည်းငယ်ဝယ်ခဲ့ပါ"ဟု ဆို၏။ ဘုရားလောင်းလည်း ငွေစဉ်အသပြာတပဲဘိုး အသားကိုဝယ်၍ ကြွက်မအားပေး၏။

## ဥစ္စာစောင့်ကြွက်မနှင့် ကြောင်လေးကောင်

တနေ့တွင် ကြွက်မကို ကြောင်တကောင်ဖမ်းမိ၏။ စားမည်ပြုသောအခါ

"အသင်ငါ့ကိုစားလျှင် တနေ့ထည်းသာစားရမည်၊ ငါ့ကိုလွှတ်လျှင် နေ့စဉ်အသားကို ပေးပါမည်"ဟု ဆို၏။ ထိုအခါ ကြောင်က

"ဂတိတည်ပါစေ"ဟု ဆို၍လွှတ်၏။ ကြွက်မသည်တဝက်ခွဲ၍ နေ့စဉ်ပေး၏။

နောက်ထပ် ကြောင်တကောင်ကဘမ်းမိပြန်၏။ ဤသို့ဆို၍ လွတ်၏။ နေ့စဉ်သုံးစုခွဲ၍စားရ၏၊ နောက်ထပ်ကြောင်တကောင် ဘမ်းမိပြန်၏။ လေးစုခွဲ၍စားရ၏။ ကြောင်လေးကောင် ဖြစ်လာ၏။ ငါးစုခွဲ၍စားရပြန်၏။ ကြွက်မမှာအာဟာရမဝသဖြင့် ပိန်လှီ၍လာ၏။

## ဘုရားလောင်းအကူအညီ

ဘုရားလောင်းသည် ကြွက်မ၏ ကြုံလှီသည့်အဖြစ်ကို မြင်၍ မေး၏။ ကြွက်မကအကြောင်းစုံပြန်ပြော၏။ ဘုရားလောင်းသည် ကျောက်ကို ဖလ်ရောင်တောက်အောင်ပွတ်၍ ဂူလိုဏ်ငယ်တခု ထုလုပ်၏။

"မိခင် ဤဂူလိုဏ်အတွင်းသို့ဝင်၍နေပြီး ကြောင်တို့လာလျှင် မခြိမ်းပြောလေလော့"ဟု မှာကြား၏။ ကြွက်မလည်း ဘုရားလောင်းဆိုတိုင်းဂူလိုဏ်အတွင်းဝင်နေပြီး အစာလာတောင်းသော ကြောင်ကိုမခြိမ်းပြော၏။ ကြောင်သည်ဂူလိုဏ်၏အဖြစ်ကိုမသိ ကြွက်မကိုခုတ်၏။ ပြင်းထန်စွာနာကျင်ပြီးပြေး၏၊ လမ်းတွင် သေ၏။

ကြောင်လေးကောင်စလုံး ဤနည်းဖြင့် သေ ကြ ကုန် ၏။ ကြွက်မသည်ဘေးရန်မရှိအေးချမ်းစွာနေရသဖြင့် ဘုရားလောင်းကို နှစ်သပြာသုံးသပြာမှစ၍ပစ္စည်းအကုန်ပေး၏။ ထိုနှစ်ဦးသည် အသက်ရှည်သမျှ ကာလပတ်လုံး ချစ်ခင်စွာနေကြကုန်၏။

မြတ်စွာဘုရားသည် ဇကနိပါတ်ဗဗ္ဗုကဇာတ်လာ ဂါထာ တော်ကိုအကျယ်ဟောကြားတော်မူပြီး ဇာတ်ပေါင်းလို၍

“ချစ်သားတို့။ ။ ယခုလေးယောက်ကုန်သော ရဟန်းကြီးတို့သည် ထိုအခါ၌ ကြောင်လေးကောင်ဖြစ်၏၊ ထိုအခါ ကြွက်မသည် ယခုအခါ ကာဏသတို့သမီးဖြစ်လာ၏၊ ကျောက်ဆစ်သမားသည် ယခုအခါ ငါဘုရားဖြစ်လာ၏” ဟု ဇာတ်တော်ကိုပေါင်း၏။

“ကာဏသဘို့သမီးသည် စိတ်နာ၍ ပျံ့လွင့်သောစိတ်ကို ငါဘုရား၏စကားဖြင့် မြေသောရေကဲ့သို့ ကြည်လင်သောစိတ်ရှိခဲ့ဘူးပြီ”ဟု မိန့်တော်မူ၍ အနုသဲနွှေစပ်တော်မူရာ

(၈၂) ယထာပိ ရဟဒေါ ဂမ္ဘီရော၊
ဝိပ္ပသန္နော အနာဝိလော။
ဧဝံ ဓမ္မာနိ သုတွာန၊ ဝိပ္ပသီဒန္တိ ပဏ္ဍိတာ။

(၈၂) နက်ရှိုင်းသောရေကန်သည်နောက်ကျုကင်းစင်ကြည်လင်သကဲ့သို့ ပညာရှိတို့သည် တရားတော်ကို ကြားနာရသဖြင့် ကြည်သင်ကုန်၏။

(ဓမ္မပဒ ပဏ္ဍိတဝဂ် ခုနစ်ခုမြောက် ကာဏမာတာဝတ္ထုပြီး၏)

# (၆) ပဏ္ဏိတဝဂ်

## ၈။ တည်ငြိမ်လေဘိပညာရှိ

(ငါးရာကုန်သောရဟန်း ငါးရာကုန်သောစားကြွင်းစားဝတ္ထု)

ပညာရှိတို့သည် ချမ်းသာသောအခါ၌ရင်း
ဆင်းရဲသောအခါ၌ရင်း၊
ဖောက်ပြန်ခြင်းကင်းကုန်၏။

(သဗ္ဗတ္ထဝေ သပ္ပုရိသာစဇန္တိ) အစရှိသည့် ဂါထာတော်ကို ဇေတဝန်ကျောင်းတော်၌ ငါးရာကုန်သောရဟန်းနှင့် စားကြွင်း စားငါးရာတို့ကိုအကြောင်းပြု၍ ဟောတော်မူ၏။

### ဝတ္ထုကြောင်းကား ဤသို့တည်း

ဝေရဉ္စပြည်သို့ ဘုရားသခင်နှင့် သံဃာတော်ငါးရာ ကြွလာကြရာ ဝေရဉ္စပုဏ္ဏားကြီး ပင့်လျှောက်အပ်သည်ဖြစ်၍ ဝါကပ်တော်မူ၏။ မာရ်နတ်၏လှည့်ပတ်မှုကြောင့်ပင့်လျှောက်သူပုဏ္ဏားကြီးသည် ဘုရားနှင့်တကွ သံဃာတော်များကို မေ့လျော့နေ၏။ ဝေရဉ္စပြည်၌ အငတ်ဘေးကြီးဆိုက်နေ၏၊ ရဟန်းအပေါင်းတို့သည် ဆွမ်းခံ၍မျှမရပေ၊ ဥတ္တရာပထတိုင်းမှ မိုးခိုကြသော မြင်းကုန်သည်တို့ထံမှ တကွမ်းစား နှစ်ကွမ်းစား မျှသော မုယောဆန်တို့ဖြင့်ရောင့်ရဲကြရကုန်၏။ဆွမ်းမရ၍ ပင်ပန်းနွမ်းနေကြသောရဟန်းတို့ကိုမြင်လျှင် အရှင်မောဂ္ဂလာန်က မဟာပထဝီမြေကြီးအဘွင်း မြေလွှာကိုသုံးဆောင်ရန် တန်ခိုးတော်ဖြင့်

ပယ်လှန်ရန်ကိုင်၊ မြောက်ကျွန်းသို့ကောင်းကင်ခရီးဖြင့်ဆွမ်းခံကြွရန်ငင်း လျှောက်ထား တောင်းပန်သည်ကို ဘုရားသခင်က ပယ်ရှားတော်မူ၏။ ရဟန်းတော်တို့သည်းအာဟာရကိုဘပ်မက်ခြင်းအလိုဆိုးကို သည်းခံ၍ ငြိမ်သက်စွာပင် သီတင်းသုံးကြကုန်၏။

## စားကြွင်းစားငါးရာ

ဝါကျွတ်လျှင် ဝေရဥ္စပုဏ္ဏားကြီးသည် ဝါတွင်းသုံးလစာကို တနေ့တည်းဖြင့် လှူဒါန်းလုပ်ကျွေး၏၊ သုရဏကို သီလကို တည်စေ၍ ထိုရွာမှဒေသစာရီထွက်ကြရင်း သာဝတ္ထိပြည်သို့ပြန်လည်ရောက်ရှိ၏။ သာဝတ္ထိပြည် ဒါယကာ ဒါယိကာမ အပေါင်းတို့သည် လှူဒါန်းလုပ်ကျွေးကြကုန်၏။

ထိုအခါ ငါးရာကုန်သော စားကြွင်းစားတို့သည် သံဃာတော်တို့ကိုမှီ၍ ကျောင်း၌နေကြပြီး ကောင်းမြတ်သော ခဲဘွယ်ဘောဇဉ်စားကြွင်းတို့ကို စားသောက်၍အိပ်၏၊ အိပ်ပြီးမြစ်ကမ်း၌ ကစားကြ၊ခုန်ကြ၊ အော်ဟစ်ကြ ဆူညံကြပြီး မပြုအပ်သောအရာတို့ကိုပြု၏။

တရားသဘင်၌ ထိုရဟန်းတို့က စားကြွင်းစားတို့သည် ဝေရဥ္စပြည်၌ ငတ်မွတ်စဉ်အခါက ငြိမ်သက်စွာ နေကြ၏၊ မဖေါက်ပြန်ကြကုန်၊ ယခုပေါပေါကြွယ်ကြွယ်စားရသောအခါ ဖေါက်ပြန်ပျက်စီးကြကုန်သည်၊ ရဟန်းတော်တို့သည် ဝေရဥ္စရပြည်၌လည်း ငြိမ်သက်တည်ကြည်ကြကုန်၏၊ ယခုလည်းငြိမ်သက်တည်ကြည်ကြကုန်၏ဟု ပြောဆိုနေကြ၏။

မြတ်စွာဘုရားကြွလာ၍ အဘယ်အကြောင်းကို ပြောဆိုလေသနည်းဟု မေးတော်မူရာ ပြောဆိုကြသော အကြောင်းရင်းကို လျှောက်ထားကြသဖြင့် ရဟန်းတို့ တောင်းပန်အပ်သည် ဖြစ်၍ အတိတ်ဇာတ်ကို ဟောတော်မူ၏။

## စားကြွင်းစားတို့ အတိတ်ဇာတ်

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းတွင် ပညာရှိသော ဘုရားလောင်းအမတ်သည်ရှိ၏။ တနေ့သ၌ ဗြဟ္မဒတ်မင်းသည် ပြည်စွန်အဖျားပစ္စန္တရာဇ်တွင် ထကြွသည်ကို သိန္ဓောမြင်းငါးရာနှင့် သွားရောက် နှိမ်နင်း၍ ပြန်လာပြီး ဗာရာဏသီပြည်သို့ပြန်အရောက်တွင် ပင်ပန်းလာခဲ့သော သိန္ဓောမြင်းငါးရာတို့ကို မုဒရက်သီးဖြင့်လုပ်သော အရက်အဖျော်ရည်တို့ကိုတိုက်ကျွေးစေ၏။ သိန္ဓောမြင်းတို့သည် မုဒရက်ယမကာတို့ကို သောက်ပြီး မြင်းတင်းကုပ်သို့သွားသို့ ငြိမ်သက်စွာပင် နေကြ၏။ မုဒရက်သီးဖတ်တို့ကျန်နေ၍ အဘယ်သို့ပြုရမည်နည်းဟုမင်းကိုလျှောက်သော် မင်းကြီးက ရေနှစ်ဆရော၍ ဖျော်နယ်ပြီး သင်ပန်းလျှော်ဖြင့်ရက်သော ပိတ်ဖြင့်စစ်၍ ရိက္ခာများသယ်ရသည့် မြည်းတို့ကိုတိုက်ကျွေးစေ၏။ မြည်းတို့သည် အဖတ်ဖြင့်ရောနယ်သောရေကိုသောက်ပြီး မူးလျက် မင်းယင်ပြင်၌ ပြေးလွှားမြူးတူးကြကုန်၏။ မင်းကြီးသည် လေသာကို ဖွင့်၍ မင်းယင်ပြင်ကိုကြည့်ပြီး အနီးရှိသော ဘုရားအလောင်းအမတ်အား

"အဆွေအမတ်ကြီး၊ မြည်းတို့အားယုတ်နည်းသော အရသာရှိသော သင်ပန်းလျှော်ဖြင့်ရက်သည့်အဝတ်ဖြင့်စစ်သော မုဒရက်

ဖျော်ရေကိုသောက်၍ ယစ်မူးနေကြ၏။ သိန္ဓောမြင်းတို့အား မှန်မြတ်လှသော ဤမုဒရက်ဖျော်ရည်ကိုသောက်၍ ယစ်မူးခြင်း မဖြစ် အဘယ်သို့နည်း''ဟု မေးတော်မူ၏။

''လူကို အစိုးရတော်မူသော မင်းမြတ်၊ မြည်းတို့သည်အမျိုးဇာတ်ယုတ်ကုန်သည်ဖြစ်၍ ယုတ်သောဇာတ်၏ အကျင့်ကြောင့် အရသာနည်းသော မုဒရက်ဖျော်ရည်ကို သောက်ပြီး မူးကြကုန်သည်၊ မြတ်သောအမျိုး၌ဖြစ်၍ ဝန်ကိုဆောင်တတ်သော သတ္တိနှင့်ပြည့်စုံသော သိန္ဓောမြင်းတို့ သည်ကား မုဒရက်ဖျော်ရည်ရေဦးကို သောက်ရသော်လည်း မမူးပေ''ဟု ဖြေဆို၏။

## ဇာတ်တော်ပေါင်း

မြတ်စွာဘုရားသည်ဇာတ်တော်ကိုပေါင်းတော်မူ၏။ထိုအခါက မြည်ငါးရာတို့သည် ယခု စားကြွင်းစားဖြစ်၏၊ သိန္ဓောမြင်းငါးရာတို့သည် ယခု ရဟန်းငါးရာဖြစ်လာ၏၊ ဗြဟ္မဒတ်မင်းကြီးသည် ယခုအခါ အာနန္ဒာဖြစ်လာ၏။ ပညာရှိအမတ်သည် ယခု ငါဘုရားဖြစ်လာ၏ဟု ဒုကနိပါတ်၌ ဤဝါလောဒကဇာတ်ကို အကျယ်ဟောတော်မူ၏။

''ချစ်သားရဟန်းတို့။ ။ပညာရှိတို့သည် ချမ်းသာသော အခါ၌၎င်း၊ ဆင်းရဲသောအခါများ၌၎င်း ဖေါက်ပြန်ခြင်းကင်းကုန်၏''ဟု မိန့်တော်မူ၍-

(၈၃) သဗ္ဗတ္ထ ဝေ သပ္ပုရိသာ စဇန္တိ၊
နကာမ ကာမာ လပယန္တိ သန္တော။
သုခေန ဖုဋ္ဌာ အထဝါ ဒုခေန၊
န ဥစ္စာဝစံ ပဏ္ဍိတာ ဒဿယန္တိ။

(၈၃) စင်စစ်အားဖြင့် သူတော်ကောင်းတို့သည် အခါရာသိမ်း၌ ဆန္ဒရာဂကိုတပ်မက် ခြင်းမရှိ စွန့်လွှတ်ကြကုန်၏။သူတော်ကောင်း တို့သည် ကာမဂုဏ်ကိုတောင့်တသဖြင့် မြွက်ဆိုခြင်းမပြု။ ပညာ ရှိတို့သည် ချမ်းသာခြင်းနှင့် တွေ့ထိသော်၎င်း။ ဆင်းရဲခြင်းနှင့် တွေ့ထိသော်၎င်း။ ဖေါက်ပြန်ခြင်းကို မပြုကြကုန်။

ဒေသနာတော်၏အဆုံး၌ များစွာသောသူတို့သည်သောတာ ပတ္တိဖိုလ်စသည် ရောက်ကုန်၏။

(ဓမ္မပဒ ပဏ္ဍိတဝဂ် ရှစ်ခုမြောက် ငါးရာကုန်သော ရဟန်းများ ဝတ္ထုပြီး၏)

※ ※ ※ ※

၆။ ပဏ္ဍိတဝဂ်

## ၉။ ပညာရှိတို့၏ သဘောထား

(ဓမ္မိကမထေရ်ဝတ္ထု)

ပညာရှိဟူသည်– မိမိအတွက်၎င်း၊ သူတပါး
အတွက်၎င်း၊ သားသမီး၊ ပစ္စည်း ဥစ္စာ
တိုင်းနိုင်ငံကိုမတွယ်တာ။
မတရားရသော စည်းစိမ်ကို အလိုမရှိ၊ သီလ
ပညာနှင့်ပြည့်စုံ၍၊ တရားကိုသာကျင့်ပေရာ။

(န အတ္တဟေတု) အစပြုသည့် ဤဂါထာကို ဇေတဝန် ကျောင်းတော်၌ ဓမ္မိကမထေရ်ကို အကြောင်းပြု၍ ဟောတော် မူသည်။

## ဝတ္ထုကြောင်းကားဤသို့တည်း

သာဝတ္ထိပြည်မှ ဥပါသကာတယောက်သည် တရားနှင့်အညီ လူ့ဘောင်၌နေသည်၊ ထိုဥပါသကာသည် ရဟန်းပြုလိုသဖြင့် ဇနီးအား ကြည်သာစွာ ခွင့်တောင်းရာ ဇနီးက ရှိရင်းစွဲ သန္ဓေ ဖွားမြင်အောင် စောင့်တော်မူပါဟု တောင်းပန်၏၊ သား ယောကျ်ားလေး ဖွားမြင်ပြီးသော် ရဟန်းပြုခွင့် တောင်းပြန်၏၊ သားငယ် ဤအရွယ်ရောက်ပါမှ ရဟန်းပြုတော်မူပါဟု တောင်း ပန်ပြန်၏၊ သားငယ်သည် ဇနီးပြောသော အရွယ်သို့ရောက်လျှင် ရဟန်းပြုလေ၏၊ ထိုမထေရ်သည် ကမ္မဋ္ဌာန်းကို သင်ယူလျက် ဝီရိယအားသွန်သဖြင့် မကြာမြင့်မီ ရဟန်းကိစ္စ ပြီးဆုံးလေ၏။

ထိုကာလဝယ် သာဝတ္ထိပြည်သို့သွား၍ သားငယ်ကို တရား ဟော၏။ သားငယ်လည်း ရဟန်းပြု၏။ မကြာမြင့်မီပင် အရဟတ္တဖိုလ်သို့ရောက်၏။ မယားဟောင်းသည်လည်း လင်နှင့် သားပင် သာသနာ့ဘောင်၌ရောက်လေပြီ၊ ငါတယောက်ထည်း လူ့ဘောင်မှာနေ၍အဘယ်အကျိုးရှိအံ့နည်းဟု ရဟန်းပြုပြန်၏။ မကြာမြင့်မီပင် အရဟတ္တဖိုလ်၌တည်လေ၏။

တရားသဘင်၌ ရဟန်းတို့သည် ဓမ္မိကမထေရ်အကြောင်းကို ပြောနေကြ၏။ မြတ်စွာဘုရားသခင်ကြွလာတော်မူ၍ထိုစကားကို ဆက်ခါ မိန့်ကြားတော်မူသည်မှာ ပညာရှိသည် မိမိအတွက်ငင်း၊ သူတပါးအတွက်ငင်း၊ စည်းစိမ်ချမ်းသာကို အလိုမရှိအပ်၊ တရား နှင့်လျော်စွာ တရားတည်းဟူသော ထွက်မြောက်ခြင်းဖြင့်သာ ပြည့်စုံစေရာ၏ဟု အနုသန္ဓေကိုစပ်တော်မူ၍—

(၈၄) န အတ္တဟေတု န ပရဿဟေတု၊
န ပုတ္တမိစ္ဆေ န ဓနံ န ရဋ္ဌံ၊
နဣစ္ဆေယျ အဓမ္မေန သမိဒ္ဓိမတ္တနော၊
သ သီလဝါ ပညဝါ ဓမ္မိကော သိယာ။ ။

(၈၄) ပညာရှိသောသူသည် မိမိ၏အကြောင်းကြောင့် မကောင်းမှုကို မပြု။ သူတပါး၏အကြောင်းကြောင့် မကောင်းမှုကိုမပြု။ သား သမီးတို့ကိုအလိုမရှိ၊ ပစ္စည်းဥစ္စာတို့ကိုအလိုမရှိ၊ တိုင်းပြည်ကို အလိုမရှိ၊ မတရားသောနည်းဖြင့် ပြည့်စုံကြွယ်ဝခြင်းကိုအလိုမရှိ။

ထိုပညာရှိသည်သီလရှိသည်ရင်း၊ ပညာရှိသည်ရင်း၊ တရား ကျင့်သည်ရင်းဖြစ်ရာ၏။

ဒေသနာတော်၏အဆုံး၌ များစွာကုန်သောသူတို့ သောတာ ပတ္တိဖိုလ်စသည်တို့သို့ ရောက်ကုန်၏။

(ဓမ္မပဒ ပဏ္ဍိတဝဂ် ကိုးခုမြောက် ဓမ္မိကမထေရ်ဝတ္ထုပြီး၏)

## ၁၀။ သံသရာမှာအနှစ်တော့ နိဗ္ဗာန်သို့ကား နည်းပါးလှ။

### တရားနာပုဂ္ဂိုလ်တို့ဝတ္ထု

**လူတို့တွင် နိဗ္ဗာန်တဘက်ကမ်းသို့ ကူးမြောက်နိုင်ကြသူကား အလွန်နည်း၏။ ထိုမှတပါးသောသူတို့သည် သံသရာ၌မှာဘက်ကမ်း၌သာ ပြေးလွှားနေကြကုန်၏။**

(အပ္ပကာတေ မနုဿေသု) အစပြုသည့် ဂါထာတော်ကိုဇေတဝန်ကျောင်းတော်၌ ငါးရာသောဓမ္မသဝနတို့ကို အကြောင်းပြု၍ ဟောတော်မူ၏။

### ဝတ္ထုကြောင်းကား၍သို့တည်း

သာဝတ္ထိပြည်ရှိ လမ်းတလမ်းမှလူတို့သည် တိုင်ပင်ညီညွတ်၍ အသင်းဖွဲ့ခါ အလှူဒါနပြုကြပြီး ညအခါ၌ တရားတော်ကို နာယူကြ၏၊ အချို့မှာမူ ညဉ့်သုံးယံပတ်လုံး မနာနိုင်ကြဘဲ အိမ်ကဇနီးကိုသတိရပြီး ပြန်သွားကြ၏၊ အချို့မှာ ငိုက်ရင်းအိပ်ပျော်နေကြ၏။ အချို့ကမာနစိတ်၊ ဒေါသ စိတ် တို့ဖြင့် စိတ်တို့သည်ပြေးလွှားနေကြ၏၊တရားတော်ကို ကောင်းစွာနာယူနိုင်သူနည်းပါးလှ၏။

နောက်တနေ့နံနက် တရားသဘင်၌ ထိုအ ကြောင်း ကိုပင် ရဟန်းတော်များပြောကြား၍နေကြရာ ဘုရားသခင်ကြွလာစဉ် သိမြင်တော်မူသဖြင့်

"ချစ်သားတို့။ ။သတ္တဝါတို့သည် များ သော အား ဖြင့် ဘဝကိုမှီကုန်၏။ဘဝ၌ကပ်ငြိစွဲလန်း၍သာနေကြကုန်၏၊ ဘဝ၏ တဖက်ကမ်းဖြစ်သော နိဗ္ဗာန်လမ်းသို့သွားရောက်နိုင်သောသူကား အနည်းငယ်မျှသာရှိသည်"ဟု အနုသန္ဓေကို စပ်တော်မူ၍

(၈၅) အပ္ပကာ တေ မနုဿေသု၊
ယေ ဇနာ ပါရဂါမိနော။
အထာယံ ဣတရာ ပဇာ၊ တီရမေဝါ နုဓာဝတိ။

(၈၆) ယေ စ ခေါ သမ္မဒက္ခာတေ၊
ဓမ္မေ ဓမ္မာနုဝတ္တိနော။
တေ ဇနာ ပါရမေဿန္တိ၊ မစ္စုဓေယျံ သုဒုတ္တရံ။

(၈၅) အကြင်သူတို့သည်ထိုတဖက်ကမ်း (နိဗ္ဗာန်ကျွန်း) သို့အနည်းငယ် မျှသာရောက်နိုင်ကြ၏။ ဤသူတို့မှ တပါးသောသူတို့သည် ဤမှာ ဘက်ကမ်း (သံသရာစခန်း) တွင်သာ ပြေးလွှားနေကြကုန်၏။

(၅၆) အကြင်သူတို့သည် ကောင်းစွာ ဟောကြားအပ်သော တရား တော်၌ တရားအားလျော်စွာကျင့်ဆောင်ကုန်သည် ဖြစ်ကုန်၏၊ ထိုသူတို့သည် လွန်မြောက်နိုင်ခဲသော သေမင်းတို့ထံမှလွန် မြောက် ၍ နိဗ္ဗာန်စခမ်း ဟိုမှာဘက်ကမ်းသို့ရောက်ကုန်လတံ့။

ဒေသနာတော်၏အဆုံး၌ များစွာကုန်သောလူတို့သည်သော တာပတ္တိစသည်တို့သို့ ရောက်ကြကုန်၏။

(ဓမ္မပဒ ပဏ္ဍိတဝဂ် ဆယ်ခုမြောက် ဓမ္မသ်ဝန ဝတ္ထုပြီး၏)

၆။ ပဏ္ဍိတဝဂ်

## ၁၁။ ပညာရှိတို့၏နောက်ဆုံးစခန်း

(အာဂန္တု ရဟန်းငါးရာဝတ္ထု)

ပညာရှိသည် ဒုစရိုက်ကိုပယ်၊ သုစရိုက်ကိုပွား၊ ဆိတ်ငြိမ်ရာဝယ် ကျင့်စဉ်တရား၌ တကိုယ်တည်းသာ ပျော်မွေ့ရာ၏။ စိတ်ညစ်ညူးစေတတ်သော အကြောင်းတို့မှ မိမိကိုယ်ကို ဖြူစင်စေရာ၏။

အကြင်ပုဂ္ဂိုလ်တို့၏စိတ်သည်အရဟတ္တမဂ်ဉာဏ်ပွင့်ရာ တရားတို့၌ ပွားများဆောက်တည်၏။ စွဲလန်းခြင်း ချုပ်ရာကိုနိဗ္ဗာန်၌မွေ့လျော်ကုန်၏၊ထိုပုဂ္ဂိုလ်တို့သည်ဤလောက၌ပင်ပရိနိဗ္ဗာန်သို့ဝင်ကြကုန်၏။

(ကဏှံ ဓမ္မံ ဝိပ္ပဟာယ) အစရှိသော ဒေသနာတော်ကိုဇေတဝန်ကျောင်းတော်၌ ဘုရားရှင်ကို ဖူးမြော်ရန် ကြွလာကြကုန်သောအာဂန္တုကရဟန်းတို့အား အကြောင်းပြု၍ ဟောကြားတော်မူ၏။

ကောသလတိုင်း၌ သီတင်းသုံးတော်မူသော အခါ ဘုရားသခင်ကိုဖူးမြင်အံ့ဟု ဇေတဝန်ကျောင်းတော်သို့လာရောက်ကြ၍ရှိသေဝပ်လျှိုးရှိခိုးကြပြီးသော် လျောက်ပတ်သောအရပ်၌ ထိုင်နေကြကုန်၏၊ ဘုရားသခင်သည် ထိုရဟန်းတို့၏ စရိုက်ဆန့်ကျင်ဘက်ကို မှတ်တော်မူပြီး၊ တရားတော်ကို ဟောကြားတော် မူလိုသောကြောင့်

(၈၇) ကဏှံ ဓမ္မံ ဝိပ္ပဟာယ၊<br>
သုက္ကံ ဘာဝေထ ပဏ္ဍိတော။<br>
ဩကာ အနောက မာဂမ္မ၊<br>
ဝိဝေကေ ယတ္ထ ဒူရမံ။ ။

(၈၈) တတြာ-ဘိရတိ မိစ္ဆေယျ၊
ဟိတွာကာမေ အကိဉ္စနော။
ပရိယောဒပေယျ အတ္တာနံ၊
စိတ္တ ကလေသေဟိ ပဏ္ဍိတော။ ။
(၈၉) ယေသံ သမ္ဗောဓိယင်္ဂေသု၊
သမ္မာစိတ္တံ သုဘာဝိတံ။
အာဒါန ပဋိနိဿဂ္ဂေ၊ အနုပါဒါယ ယေ ရတာ၊
ခီဏာသဝါ ဇုတိမန္တော၊
တေ လောကေ ပရိနိဗ္ဗုတာ၊ ။

(၈၇) ပညာရှိသည် မည်းနက်သောဒုစရိုက်တရားကိုပယ်စွန့်၍တဏှာဟု ဆိုအပ်သော အာလယမှ ထွက်မြောက်၍ တဏှာကင်းရာ နိဗ္ဗာန်ကိုအာရုံပြု၍ဖြူစင်သော သုစရိုက်တရားကိုပွားများရာ၏။ အကြင်တယောက်ထည်းနေ၍ကျင့်ခြင်း၌မွေ့လျော်နိုင်ခဲ၏။
(၈၈) ကာမဂုဏ်တို့ကို စွန့်လွှတ်၍ စိုးစဉ်းမျှ အကြောင်း မရှိသည် ဖြစ်၍ ထိုဆိတ်ငြိမ်ရာဝယ် အလွန်မွေ့လျော်ခြင်းကိုအလိုရှိရာ၏၊ ပညာရှိသည် စိတ်ကိုညစ်ညူးစေတတ်သော တရားတို့မှ မိမိကိုယ်ကို ဖြူစင်စေရာ၏။
(၈၉) အကြင်ပုဂ္ဂိုလ်တို့အား ကောင်းသော ဗောဓိပက္ခိယ တရားတို့၌ နည်းအသင့်ဖြင့် ကောင်းစွာပွားများဆောက်တည်၏၊ ထိုပုဂ္ဂိုလ်တို့သည် မစွဲလန်းမူ၍ အစွဲအလန်းကင်းရာနိဗ္ဗာန်၌ မွေ့လျော်သည်ဖြစ်ကုန်၏၊ ဤလောက၌ပင် ပရိနိဗ္ဗာန်သို့ဝင်ကြကုန်၏။

ဒေသနာတော်၏ အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကုန်၏။

(ဓမ္မပဒ ပဏ္ဍိတဝဂ် တဆယ့်တစ်ခုမြောက်ဖြစ်သော အာဂန္တုကရဟန်းငါးရာဝတ္ထုပြီး၏)

☆ ပဏ္ဍိတဝဂ်-ဤတွင်ပြီး၏ ☆

# နိဂုံး။

စေတနာလျှင်ရှေ့သွားရှိ၍ ပြုစုအပ်သော ဤခေတ်မီဓမ္မပဒ ဝတ္ထုတော်ကြီး (ဒုတိယတွဲ)ကို ၁၃၄၀ ပြည့် ပြာသိုလဆန်း တရက်နေ့တွင် လုံးဝအောင်မြင်ပြီးစီးပါသည်။

လုံ့လပြုခါ အားထုတ်ခဲ့ရပါသော မိမိ၏ ပင်ပန်းမှုတို့ကို ဓမ္မဒါနအဖြစ်လှူဒါန်းလိုပါသဖြင့် စာမူခကိုအလှူဒါနအဖြစ်လှူဒါန်းရပါသဖြင့် ထုတ်ဝေသူတို့က ပြုစုသူ၏ ဆန္ဒကို လိုက်လျော၍ ခေတ်ကာလ ထုတ်လုပ်မှုစရိတ်များအရ စာမျက်နှာ ၃၅၀ ခန့် (၂၃ပေါင်)၁၅ကျပ်တန်စာအုပ်ကို ၁၀ိ/-နှုန်းဖြင့်သာ ရောင်းချဖြန့်ဝေပေးသဖြင့် အထူးပင် ကျေးဇူးတင်ရှိပါသည်။

ကျန်ရှိသောအတွဲများကိုလည်း၊ဤသို့ပင် ဓမ္မဒါနနှုန်းဖြင့်ပင် ရောင်းချပေးမည်ဖြစ်ပါကြောင်း။

## တတိယတွဲတွင်

အရဟန္တဝဂ် (ရဟန္တာတရားစု)။ သဟဿဝဂ် (တထောင်တရားစု) ပါပဝဂ်(မကောင်းမှုတရားစု)၊ ဒဏ္ဍဝဂ်(ဒဏ်တရားစု) ဇရာဝဂ် (အိုခြင်း တရားစု)၊ အတ္တဝဂ် (မိမိကိုယ် တရားစု) လောကဝဂ် (လောကတရားစု)အထိ ဂါထာတော်ပေါင်း ၁၀၄ ဂါထာဖြင့် ဝတ္ထုဇာတ်လမ်းပေါင်း ၈၈ ပုဒ် ပါရှိမည် ဖြစ်ပါသည်။ (အတိတ်ဇာတ်လမ်း ဝတ္ထုများ စာရင်းတွင် မပါဝင်သေးပါ။)

## ထိုဝတ္ထုတော်တို့အနက်

ဇီဝက၏ အထုပ္ပတ္တိဇာတ်လမ်းရှည်ကြီး၊ ရှင်မဟာကဿပ၏ ရှေးဆုတောင်းနှင့်အတိတ်ဇာတ်၊ရှင်အနုရုဒ္ဓါ သက်န်းချုပ်သော ဝတ္ထု၊ ရှင်မဟာကစ္စာယန ဝတ္ထု၊ ဗေလဋ္ဌသီသမထေရ် ဝတ္ထု၊ သည်းခံသော ရှင်သာရိပုတ္တရာဝတ္ထု၊ ခုနစ်နှစ်သားနှင့် ရဟန္တာ ဖြစ်သောတိဿမထေရ်၏တပည့်သာမဏေဝတ္ထု၊ ခုနစ်နှစ်သားနှင့် ရဟန္တာဖြစ်သော အရှင်ရေဝတစံရာ ရှားတောသို့ ဘုရားသခင် ကိုယ်တိုင်ကြွရောက်သောဝတ္ထုနှင့် အရှင်သီဝလိ၏အတိတ်ဇာတ်၊ ပြည့်တန်ဆာမမာယာကြောင့် ရဟန္တာဖြစ်သော ရဟန်းတပါး ဝတ္ထု၊ တမ္ဗဒါဌိက လူသတ်ကြီး အကြောင်း၊ ဗာဟိယဒါရု စိယ၏အတိတ်ဝတ္ထုနှင့် နွားငှေ့၍ ပရိနိဗ္ဗာန်စံခြင်းအကြောင်း၊ သူခိုးကိုချစ်မိသော သဋ္ဌေးသမီးသည် ဝါဒတထောင်တတ်သော ပရိဗိုဇ်မအဖြစ်မှ ရဟန္တာမအဖြစ်သို့ရောက်ရသောဝတ္ထု၊ အရှင် သာရိပုတ္တရာ၏ ဦးရီး တူတော်နှင့် အဖေါ် ပုဏ္ဏားတို့ ဝတ္ထု၊ အာယုဝဍ္ဍနသတို့သားဝတ္ထု၊ မီးပုံကြီးအတွင်းမှ မွေးဖွားသော ခုနစ်နှစ်သား သံကိစ္စသာမဏေ၏ တန်ခိုးတော် အမျိုးမျိုး၊ ပဋ္ဌာစာရီထေရ်၏ ဝတ္ထုရှည်ကြီး၊လာဇာနတ်သမီးဝတ္ထုရှည်ကြီး၊ အနာထပိဏ်သဋ္ဌေးကြီး ပစ္စည်းကုန်ခန်း ဆင်းရဲပြီးဆန်ကွဲထမင်း ပင် လှူရသောဇာတ်လမ်း၊ ကုက္ကုဋမိတ္တမုဆိုး၏ ဆန်းကြယ်သော ဝတ္ထုနှင့် အတိတ်ဇာတ်၊ ကောကခွေးမုဆိုးဝတ္ထု၊ သံယောဇန ဝတ္ထုနှင့် အတိတ်ဇာတ်လမ်းများ၊သုပ္ပဗုဒ္ဓမင်းကြီး၏ဇာတ်သိမ်း၊ ကောဏ္ဍဒါနမထေရ်ဝတ္ထု၊ အရှင်မဟာမောဂ္ဂလာန်နှင့် ခိုးသား ငါးရာအတိတ်ဇာတ်၊ ဒေဝဓမ္မတရားကို ဘီလူးအားဟောကြား

သည့်အတိတ်ဇာတ်၊ သန္တတိ အမတ်ကြီးဇာတ်၊ သုခသာမဏေ ဝတ္ထုရှည်ကြီး၊ အရက်သောက်မိသော ဝိသာခါ၏ အဖော်များ၊ သီရိမာပြည့်တန်ဆာမဝတ္ထု၊ဇနပဒကလျာဏီ (ရူပနန္ဒာမထေရ်မ) ဝတ္ထု၊ မလ္လိကာမိဖုရား၏အတိတ်ဝတ္ထု၊ မဟာဇနသဋ္ဌေးသား ဝတ္ထု၊ ဗောဓိမင်းသားဝတ္ထုနှင့် အတိတ်ဇာတ်၊ ကုမာရကဿပ မယ်တော်ဝတ္ထုနှင့် အတိတ်ဇာတ် ဝတ္ထုရှည်ကြီး၊ အဘယ မင်းသားဝတ္ထု၊ အင်္ဂုလိမာလဇာတ်လမ်းရှည်ကြီး၊ ယက္ကန်းသည် မလေးဝတ္ထု၊ စိဥ္စမာနဝတ္ထုနှင့် အတိတ်မဟာပဒုမဝတ္ထု၊ အသုဒိသဒါန အနာထပိဏ်သဋ္ဌေးသား၏ဝတ္ထု စသည်နှင့် မှတ်စရာ ဖတ်စရာအကြောင်းအရာပေါင်းများစွာ ပါရှိပါသည်။

ဤမျှစုံလင်သော်လည်း ဈေးနှုန်းမှာ အထူးနှုန်း ၁၀/-ကျပ် သာ ဖြစ်ပါသည်။

ဓမ္မပဒ ဂါထာတော် ၄၂၄ ဂါထာနှင့် အဖွင့်ဝတ္ထုများ အစအဆုံး အပြည့်အစုံကို ၅ တွဲနှင့်အပြီး ထုတ်ဝေမည်ဖြစ်ပါ၍ ၅ တွဲစလုံးကို အထူးနှုန်း တဆယ်ကျပ်ဖြင့် ရောင်းချမည် ဖြစ်ပါကြောင်း။

# ဂါထာတော်များကို-ပြင်ဆင်ပါရန်

ဓမ္မပဒ ဂါထာတော် မူရင်းများကို အကွဲအပြားမရှိ၊ "ဆဋ္ဌမူ"နှင့် တညီတည်းသာ ရရှိမည်ဖြစ်ရာ၊ ဤစာအုပ်တွင် မူကွဲနှင့် အမှားအယွင်းများကို သန့်စင်စေရန် အတွက် မိမိလက်ဝယ်ရောက်ရှိ ဝယ်ယူပြီးသော စာအုပ်တွင် အောက်ပါပြင်ဆင်ချက်များကို ဦးစွာပြင်ဆင်ကြပါရန် အထူးမေတ္တာရပ်ခံအပ်ပါသည်။

| စာမျက်နှာ | ဂါထာ အမှတ် | စာကြောင်း | မူရင်း | ပြင်ဆင်ပါရန် ဆဋ္ဌမူ |
|---|---|---|---|---|
| ၁၃ | ၃၄ | ၃ | ပရိပ္ဖန္နတိ | ပရိပ္ဖန္ဒတိ |
| ။ | ။ | ။ | မာရဇေယျံ | မာရဓေယျံ |
| ၂၉ | ၃၇ | ၁ | ကေစာရံ | ကေစရံ |
| ။ | ။ | ၂ | သံယုမေဿန္တိ | သံသမိဿန္တိ |
| ၄၀ | ၄၀ | ၁ | ဝိဒိတွာ | ဝိဒိတွာ |
| ။ | ။ | ၂ | နဂရူပမံ | နဂရူပမံ |
| ။ | ။ | ။ | ဌပေတွာ | ဌပေတွာ |
| ၅၆ | ၄၄ | ၄ | ဝိစေဿတိ | ပစေဿတိ |
| ။ | ၄၅ | ၄ | ဝိစေဿတိ | ပစေဿတိ |
| ၅၈ | ၄၆ | ၂ | ပရီဓိဓမ္မံ | မရီစိဓမ္မံ |
| ။ | ။ | ၃ | မရဿ | မာရဿ |
| ။ | ။ | ၄ | အနဿနံ | အဒဿနံ |

| စာမျက်နှာ | ဂါထာအမှတ် | စာကြောင်း | ရှိရင်း | ပြင်ဆင်ပါရန် ဆန္ဒမှု |
|---|---|---|---|---|
| ၁၁၀ | ၅၀ | ၁ | ဝိလောမာနိ | ဝိလောမာနိ |
| ၁၁၅ | ၅၁ | ၂ | အပ္ဗလာ | အဖလာ |
| ။ | ၅၂ | ၁ | ယထာဓိ | ယထာပိ |
| ။ | ။ | ။ | သုဂန္ဓကံ | သဂန္ဓကံ |
| ။ | ။ | ၂ | သုတာသိတွာ | သုဘာသိတာ |
| ။ | ။ | ။ | သပ္ဗလာ | သဖလာ |
| ၁၅၂ | ၅၄ | ၂ | တဂရံ | တဂရ |
| ။ | ။ | ။ | မလ္လိတာ | မလ္လိကာ |
| ၁၅၈ | ၅၆ | ၂ | ဝါဟိဒေဝေသု | ဝါတိ ဒေဝေ သု |
| ၁၆၂ | ၇၅ | ၁ | ဝိဟာရိနံ | ဝိဟာရိနံ |
| ၁၆၉ | ၅၈ | ၂ | သုစိဂန္တံ | သုစိဂန္ဓံ |
| ၁၉၇ | ၆၁ | ၂ | ကေစရိယံ | ကေစရိယံ |
| ၂၀၁ | ၆၂ | ၃ | အတ္တာဟ | အတ္တာဟိ |
| ၂၀၅ | ၆၄ | ၂ | ပယိရူပါသတိ | ပယိရုပါသတိ |
| ၂၀၇ | ၆၅ | ၁ | မဝိ | မပိ |
| ၂၁၇ | ၆၇ | ၂ | အဿုံမုခေါ | အဿုမုခေါ |
| ၂၂၃ | ၆၈ | ၂ | ပတိတော | ပီတော |
| ၂၂၆ | ၆၉ | ၁ | ဓုံမဝါ | မဓုံဝါ |
| ၂၄၉ | ၇၃ | ၃ | ပရကုသလေသုစ | ပရကုလေသုစ |
| ။ | ၇၄ | ၂ | ကိသ္မိစိ | ကိသ္မိစိ |

နိုင်ငံတော်ကို မြတ်နိုးသူတိုင်း စစ်ပညာကို စလေ့လာ သင်ထားသင့်

စန်းသပိန် ၏

## မြန်မာ့သွေး မြန်မာ့ဓား မြန်မာ့စစ်ပညာ

ကိုဖတ်ဖြစ်အောင်ဖတ်ပါ။ တအုပ် ၅၀ ကျပ်။

မဝယ်နိုင်သေးလျှင် စာကြည့်တိုက်မှာ ငှားဖတ်ပြီး
မှတ်စုထုတ်ယူထားပါ။
မြန်မာ့စစ်ပညာသည် ယနေ့အထိ ကမ္ဘာနှင့် ရင်ဘောင်တန်း
ခေတ်မီ နေသေးကြောင်း ကမ္ဘာ့စစ် ပါရဂူကြီးများ၏
အဆိုအမိန့်များနှင့် နှိုင်းယှဉ်ဖော်ပြထားသည်။
စာကြည့်တိုက်တိုင်းတွင် မုချမသွေ ရှိထိုက်ပါသည်။

ဦးကြီးပု ၏

## ချက်နည်းပြုတ်နည်း ၅၀၀

တကယ်နာမည်ကြီးတဲ့စာအုပ်၊ မင်္ဂလာဆောင်လက်ဖွဲ့ဖို့။ နိုင်ငံခြား
လက်ဆောင်ပေးဖို့ အလုအယက်ဝယ်နေကြလို့
ဒုတိယ အကြိမ် ပြန်ရိုက်ရတာပါ။
တအုပ် ၂၀ ကျပ်

ထိပ်တင်ထွန်း ၏

## ၁၄ ရက်အတွင်း အရပ်ရှည်နည်း

ပြန်လည်ထွက်လာပြန်ပြီ တအုပ် ၄ ကျပ်။

မယုံ ရှိပါနဲ့ လွယ်လွယ်ကလေးနဲ့ တကယ် အရပ်ရှည်ကြလို့
အုပ်ရေ သုံးသောင်းကျော် ကုန်ခဲ့တဲ့စာအုပ်
ယခု ဖြည့်စွက်ချက်များနှင့် ထွက်လာပြီ။ အမြန်ဝယ်ပါ။
ဆန်းညွန့်ဦး၊ အမှတ် ၁၃၃၊ ဗိုလ်ချုပ်လမ်း၊ ရန်ကုန်မြို့။